www.burmeseclassic.com

ဝင်းနိုင်ဦး (မြန်မာပြန်)

နှင့်

လုကောရီ



BURMESE CLASSIC

# The Little Drummer Girl

John Le Carre

www.burmeseclassic.com

www.burmeseclassic.com

ပဌမ ဂုဏ်ံ အယံ ဝန္ဒာမိ

ဝင်းနိုင်ဦး (မြန်မာပြန်) - မှော်ဆက်နှင့် လူကေရီ

အဖုံးခွင့်ပြုချက်အမှတ် - ၁၃၂၁/ ၂၀၀၄ (၁၂)

စာမူခွင့်ပြုချက်အမှတ် - ၁၀၂/ ၂၀၀၄ (၁)

ထုတ်ဝေခြင်း - ဒုတိယအကြိမ်၊
၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီလ။

အုပ်ရေ - ၅၀၀

တန်ဖိုး - ၁၅၀၀ ကျပ်

အဖုံးနှင့်အတွင်းပုံနှိပ်သူ - ဒေါ်မြင့်မြင့်တင်
(မြင့်သိဂီပုံနှိပ်တိုက်)
အမှတ် (၂၀၈)၊ လမ်း -၃၀၊
ပန်းဘဲတန်း၊ ရန်ကုန်မြို့။

ထုတ်ဝေသူ - ဦးလှနိုင် (မြိုတ်စာပေ)
အမှတ် ၆၆၊ ဗိုလ်ဥတ္တမလမ်း၊
ကြည့်မြင်တိုင်၊ ရန်ကုန်။

ဖြန့်ချိရေး - မြိုတ်စာပေ၊ (ဖုန်း-၇၀၄၄၉၀)
အမှတ်-၁၉၀၊ ၃၀ လမ်း၊ ရန်ကုန်။

စီစဉ်သူ - ကိုလှနိုင် (မြိုတ်)

အထက်မြန်မာပြည် - နဂါးစာပေ၊ (မန္တလေး)
ဖြန့်ချိရေး ထွန်းဦးစာပေ (မန္တလေး)

# မှော်ဆက် နှင့် လူကေရီ

ဝင်းနိုင်ဦး (ရေနံ)

မြိုတ်စာပေ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

### (ကြိုတင်ပြင်ဆင်မှု)

ဗုံးပေါက်ကွဲမှုသည် ရည်မှန်းထားသည်ထက် နေ့တစ်ဝက်တာမျှ နောက်ကျပြီး တနင်္လာနေ့ နံနက်ရှစ်နာရီနှစ်ဆယ့်ခြောက်မိနစ်တွင် ဖြစ်ပွားခဲ့သည်။ သေဆုံးခဲ့ရသူများ၏ လက်ပတ်နာရီများမှာ အချိန်အတိအကျကိုပြနေပါသည်။ လွန်ခဲ့သောကာလများအတွင်းကလည်း အစ္စရေးလက်နက်ထုတ်လုပ်ရေး အရာရှိတစ်ဦးမှာကားတွင်းဗုံးထောင်ထားမှုကြောင့် သေဆုံးခဲ့ရပြီးဖြစ်၏။

ဘက်ဂိုဒီ(စ)ဘက်မြို့ရှိ ဒရော့ဆဲလမ်းတွင် တနင်္လာနေ့ နံနက်ရှစ်နာရီနှစ်ဆယ့်ခြောက်မိနစ်၌ ဗုံးပေါက်ကွဲမှုတစ်ရပ်ဖြစ်ခဲ့ရ၏။ လမ်းကလေးမှာ ဥယျာဉ်ပန်းခြံတို့ဖြင့် သာယာလှပသောလမ်းသစ်လေး



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုသာဖြစ်သည်။ ဂျာမနီနိုင်ငံတွင် သံတမန်များအဖို့ နေထိုင်ရန် ကြိုက်နှစ်သက်သော ရပ်ကွက်တစ်ခုလည်းဖြစ်ပါ၏။ ထိုအတူ ဘက်ဂိုဒိ(စ်)ဘက်မြို့လေးမှာ အေးချမ်းသာယာသော မြို့လေးတစ်မြို့ပင်။

အစ္စရေးအလုပ်သမားရေးရာမှူးတစ်ယောက် အိမ်မှထွက်သွားသည်မှာ တစ်နာရီပင်ကျော်ပြီးဖြစ်သည်။ ၎င်း၏နေအိမ်ပုံးပေါက်ကွဲမှု၌ သေဆုံးခဲ့ရသူများအနက် အီတလီနိုင်ငံ စစ္စလီကျွန်းသား ထမင်းချက်တစ်ဦးနှင့် ဖိလစ်ပိုင်လူမျိုးကားမောင်းသမားတို့ပါသွားရသည်။

အလုပ်သမားရေးရာ၏ ဇနီးသည်မှာ ခြေထောက်တစ်ဖက်ပြတ်သွား၏။ သေဆုံးသူများထဲတွင် အစ္စရေးလူမျိုးအလုပ်သမားရေးရာမှူး၏ 'သားငယ်ဧဘာရယ်တစ်ဦးသာပါရှိလေသည်။ ပုံးဖောက်ခွဲသူတို့၏ရည်ရွယ်သူမှာ အစ္စရေးအလုပ်သမားရေးရာမှူးဇနီးဖြစ်သူဘက်မှတော်စပ်သော ဦးလေးတစ်ယောက်ကိုသာဖြစ်၏။ ၎င်းပုဂ္ဂိုလ်မှာ အစ္စရေးနိုင်ငံတဲအဗီးမြို့မှ အလည်ရောက်လာသော ရဟူဒီဘာသာရေးဆရာဖြစ်၏။

ဧဘာရယ်လေးသာ ကျောင်းကားနှင့် ပါသွားမည်ဆိုလျှင် သနကဲ့သို့အဖြစ်ဆိုးနှင့် ကြုံရတော့မည်မဟုတ်ချေ။၎င်း၏အလောင်းအား အစ္စရေးနိုင်ငံသို့ မြေမြှုပ်သင်္ဂြိုဟ်ရန် ချက်ချင်းပြန်ပို့လိုက်ကြ၏။ ခင်ဖြစ်သူမှာ ဒဏ်ရာကြောင့် တွန်းမြို့တွင် ဆေးကုနေရစ်ခဲ့ရသည်။ ထို့နောက်မှ ခင်ပွန်းဖြစ်သူနှင့်အတူ ဂျေရုဆလင်မြို့တွင် သေဆုံးခဲ့ရသူသားလေးအတွက် ဆုတောင်းမေတ္တာပို့ကြရမည်သာဖြစ်တော့၏။

ပုံးပေါက်ကွဲသော ထိုနေ့ညနေပိုင်းတွင် ကျွမ်းကျင်ပညာရှင်များအမည်ခံ အစ္စရေးနိုင်ငံထောက်လှမ်းရေး 'မော့ဆက်'မှ ပုဂ္ဂိုလ်ခြောက်ဦးရောက်လာကြသည်။ ဂျာမန်အစိုးရဘက်မှ တာဝန်ခံမေးမြန်း





ခံမေးရမည့်ပုဂ္ဂိုလ်မှာ ပြည်ထဲရေးဝန်ကြီးဌာနမှ ဒေါက်တာအလက်ဆီဖြစ်၏။ ဒေါက်တာအလက်ဆီမှာ ပါးနပ်၍ပရိယာယ်များသူလည်းဖြစ်ပါသည်။ သူက 'မော့ဆက်'အဖွဲ့သားများကို သွားရောက်ကြိုဆိုရသည်။အလက်ဆီမှာ ရှေ့နေတစ်ပိုင်းလုံခြုံရေးအရာရှိတစ်ပိုင်းဖြစ်သကဲ့သို့ အာဏာအား ကစားနေသူတစ်ယောက်လည်းဖြစ်ချေတော့၏။

သူက အစ္စရေးများအား သွား၍မကြိုဆိုလိုပါ။ သို့သော်လည်း ပြည်ထောင်စုဂျာမနီနိုင်ငံနှင့် အစ္စရေးနိုင်ငံတို့အကြား တင်းမာမှုဖြစ်လာမည်ကိုသိသဖြင့် သွားရောက်ခဲ့ရ၏။

တဲအဗီးမှလာသော လေတပ်လေယာဉ်ကြီးမှာ လေယာဉ်ကွင်း၏ တစ်ဖက်စွန်းကို ဆင်းသက်လာချေပြီ။

ꩰꩰꩰꩰꩰ

အစ္စရေးသံအမတ်ကြီးနေအိမ်မှာ နေ့ရောညပါ အစောင့်များချထားရသည်။ အစိမ်းရောင် ရဲကားတစ်စီးကလည်း အပြင်ဘက်လမ်းတွင် အဆင်သင့်ရပ်ထား၏။ ပန်းခြံအတွင်းမှ အိမ်ပတ်လည်အားတော်သေနတ်အသေးစားကိုင် အစ္စရေးလူမျိုးအစောင့်နှစ်ဦးက ကင်းလှည့်၍စောင့်ကြပ်နေသည်။

သံအမတ်ကြီးအဖို့ အပြင်ထွက်လျှင် ကျည်ဆန်ကာကားကိုစီးရပြီး ရှေ့မှရဲအစောင့်ကားများ ဦးစွာသွားရ၏။ သံအမတ်ကြီးမှာ ဂျူးလူမျိုးတစ်ဦးဖြစ်နေခြင်းကြောင့် ဤမျှစောင့်ရှောက်မှုပေးထားရခြင်းဖြစ်ပါ၏။ သို့သော်လည်း အလုပ်သမားရေးရာမှူးအတွက်မှာမူ တစ်မျိုး



www.burmeseclassic.com

www.burmeseclassic.com



ာစ်ဘာသာပင်။

သူ၏နေအိမ်အား သံတမန်များကိုစောင့်ရှောက်ရန် လွှတ်ထားသည့်ရဲပတ္တရောင်ကားများက စောင့်ကြပ်မှုပေးရသည်။

အခင်းဖြစ်ပွားရာ တနင်္လာနေ့နံနက် ရှစ်နာရီကျော်ကျော်တွင်မူ အလုပ်သမားရေးရာမှူးမှာ ကားဂိုဒေါင်တံခါးကိုဖွင့်လိုက်၏။ သူ၏ကားအား မမောင်းယူမီ စစ်ဆေးကြည့်သည်။ တံမြက်စည်းအရှည်ကြီး၏လက်ကိုင်ဖျားဝယ် တပ်ထားသောမှန်ဖြင့် ကားကိုယ်ထည်အောက်ပိုင်းသို့ ထိုးသွင်းကြည့်ရှုစစ်ဆေးရပြန်သည်။ သူနှင့်အတူကားစီးလိုက်ပါမည့်ဇနီးသည်၏ဦးလေးတော်က ဤကဲ့သို့စစ်ဆေးခဲ့ကြောင်းကို အတည်ပြုပြောကြားခဲ့၏။

ကားစက်မနှိုးမီ သူ၏ကားမောင်းရာ ထိုင်ခုံအောက်သို့လည်း သူက စစ်ဆေးကြည့်တတ်ပါသေးသည်။ ကားများတွင် ဗုံးခွဲသည့်ကိစ္စများ ပေါ်ပေါက်လာပြီးနောက်ပိုင်း အစ္စရေးအရာရှိများမှာ ထိုကဲ့သို့ စစ်ဆေးကြည့်ရှုလာတတ်ပါသည်။ ကားကိုစစ်ဆေးကြည့်အပြီးတွင် ဒိတ်ကျေနပ်သွားသည်နှင့် ဇနီးသားတို့အား နှုတ်ဆက်ကာ ရုံးသို့ ထွက်သွားခဲ့ပါသည်။

သူတို့အိမ်၌ အိမ်ဖော် ဆွစ်လူမျိုး အယ်ကီဆိုသူ မိန်းကလေးတစ်ဦးရှိ၏။ သူမမှာ ပြီးခဲ့သည့်ရက်မှ ရက်သတ္တပတ်ခွင့်အားယူကာ ပြာမန်ယောက်ျားလေး မိတ်ဆွေ ရ(ဖ)ဆိုသူနှင့် ခရီးထွက်သွားခဲ့ကြသည်။ တနင်္ဂနွေနေ့ ညနေပိုင်းတွင် ရ(ဖ)က သူ၏အမိုးဖွင့် ဘောက်(စ်)ဝက်ဂွန်ကားလေးဖြင့် အယ်ကီအား လာခေါ်သည်။ ဤသည်ကို အနီးပတ်ဝန်းကျင်မှ လူများကလည်း မြင်လိုက်ကြပါ၏။

သူမက ဂေလရယ်လေးအားနမ်း၍ နှုတ်ဆက်ကာ ထွက်သွား





ော့သည်။ ထိုအချိန်၌ တံခါးဝ၌ ရပ်နေသူ အလုပ်သမားရေးရာမှူးဇနီးမှာမူ အိမ်အနောက်ဘက် ဥယျာဉ်ထဲတွင် အသီးအနှံပင်များနှင့် အလုပ်ရှုပ်လျက်ရှိသည်။ အယ်ကီမှာ သူတို့အိမ်ဝယ် တစ်နှစ်တစ်နှစ်ကျော်မျှ နေလာခဲ့ပြီးဖြစ်သည်ဟု အလုပ်သမားရေးရာမှူးက ပြော၏။

အယ်ကီတို့ထွက်သွားအပြီး နှစ်နာရီမျှအကြာ ညခြောက်နာရီခန့်တွင်ဖြစ်သည်။ အလုပ်သမားရေးရာမှူးမှာ သူ၏အိမ်အစောင့်ဖြစ်သူနှင့် ဘာသာရေးအကြောင်း ဆွေးနွေးနေကြ၏။ ဇနီးသည်မှာ ဥယျာဉ်ထဲတွင် အလုပ်မပြီးသေးချေ။ ထိုစဉ်အိမ်ရှေ့မှာ ခေါ်ခေါ်ခေါင်းလောင်းသံကမြည်လာသည်။

ရေးရာမှူးမှာ တံခါးမဖွင့်သေးမီ ချောင်းကြည့်ပေါက်မှ ချောင်းကြည့်လိုက်သေး၏။ ထိုကဲ့သို့ အချိန်မျိုး၌ သူက ခြောက်လုံးပြူးတစ်လက်ကို အဆင်သင့်ဆောင်ထားလေ့ရှိပါသည်။ သူတွေ့ရသည်မှာ အသက် နှစ်ဆယ့်တစ်၊နှစ်ဆယ့်နှစ်နှစ်အရွယ် အသားဖြူဖြူမိန်းကလေးတစ်ဦးသာ ဖြစ်၏။ လေ့ကားထစ်ဝယ်ရပ်နေသော သူမ၏ဘေး၌ စကန်ဒီနေးဗီးယန်း လေကြောင်းတံဆိပ်ကို လက်ကိုင်တွင် ချည်ထားသည့် မီးခိုးရောင် လက်ဆွဲသေတ္တာတစ်လုံးကို ချထားသည်။

သူမနောက်ဘက် လမ်းမပေါ်တွင်မူ အငှားကားလော သို့မဟုတ် ကိုယ်ပိုင်မှန်လုံကားလော မသိရသည့် ကားတစ်စီးက ရပ်ထား၏။ ကားစက်သံကိုမူ သူကကြားနေရသည်။ မိန်းကလေးမှာ အမှန်ပင် နှစ်လိုဖွယ်ရာရှိသည်ဟု သူက ထင်မှတ်မိ၏။ အပြာရောင်ဝတ်စုံလေးအား ဝတ်ထားကာ ကြယ်သီးကို လည်ပင်းအထိတပ်ထားသည်။ လည်ပင်းတွင်မူ အဖြူ သို့မဟုတ် ကြက်ဥခွံရောင် ခေါင်းစည်းပဝါတစ်ထည်ကို ချည်နှောင်ထား၏။ ဆံပင်မှာရွှေဝါရောင်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ သူက စားပွဲအံဆွဲအတွင်းသို့ သေနတ်အား ပြန်ထည့်ထားကာ တံခါးဖွင့်ပေးလိုက်သည်။ ထို့နောက် နှစ်လိုဖွယ်ရာ သူမ၏ဟန်ကြောင့် ပြုံးပြမိပါသေး၏။

ထိုကဲ့သို့ တွေ့ဆုံပုံကို ဦးလေးတော်သူ ဘာသာရေးဆရာက မြင်မိ မကြားမိချေ။ သို့ဖြစ်၍ အိမ်ကိစ္စဝယ် သူကသက်သေကောင်းတစ်ယောက် မဖြစ်တော့။

မိန်းကလေးက အင်္ဂလိပ်စကား ခပ်ဝဲဝဲဖြင့် ပြောလာသည်။ အယ်ကီတစ်ယောက် အိမ်တွင်ရှိမရှိကို သူမက အရင်ဆုံးမေး၏။ အယ်ကီဟူ၍ မမေးပဲ ရင်းနှီးသူများက ခေါ်သလို 'အပ်ကီ'ဟူ၍သာခေါ်၍ မေးပါသည်။ အလုပ်သမားရေးရာမှူးကလည်း သူမမှာနှင့်ရက်အားယူ၍ ထွက်သွားသည်မှာ နှစ်နာရီမျှ ရှိပြီဖြစ်ကြောင်းပြန်ပြောရင်း သူ့အနေဖြင့် မည်ကဲ့သို့ အကူအညီပေးရမည်ကို ထပ်မေးကြည့်သည်။

သူမမှာ ယခုမှ ဆွီဒင်နိုင်ငံမှရောက်လာကြောင်း၊အယ်ကီ၏မိခင်က လက်ဆောင်ပါးလိုက်သော အဝတ်အစားအချို့နှင့် ဓာတ်ပြားအချို့ကို ဤခရီးဆောင်သေတ္တာတွင် ထည့်ယူလာကြောင်းကို ပြန်ပြောပြပါသည်။ အယ်ကီမှာ ခေတ်ပေါ်တေးများကို စွဲလမ်းနှစ်သြိုက်သူတစ်ဦးဖြစ်၏။ သူမအား အိမ်ထဲသို့ဖိတ်ခေါ်လာစဉ် လက်ဆွဲသေတ္တာအား အလုပ်သမားရေးရာမှူးက ကူညီ၍ ဆွဲလာပါသည်။

မိန်းကလေး၏အမည်မှာ ကက်သရင်းဖြစ်ကြောင်းနှင့် အယ်ကီ၏မိခင်ရှိရာမြို့မှ ဖြစ်ကြောင်းသိရ၏။ လက်ဆွဲသေတ္တာမှာ သူမျှော်လင့်ထားသည်ထက် ပို၍လေးနေသည်ကိုလည်း ကက်သရင်းက ရှင်းပြပါ၏။ စတော့ဟုမ်း လေဆိပ်ထိ အယ်ကီ၏မိခင်ကြီးက





သူမအား လိုက်ပို့ကြောင်း၊ ပေါင်ပိုအလေးချိန်ခအတွက် အဘွားကြီးကပေးကြောင်းတို့ဖြစ်သည်။ လက်ဆွဲသေတ္တာ၏ အသားမှာမာကြောနေ၍ ပစ္စည်းများထည့်ထားသည်ကလည်း အတွင်းဝယ်လှုပ်ရှားမှုမရှိ။ သူ မ, လိုက်စဉ်အတွင်း၌ ပစ္စည်းပစ္စယများ လှုပ်ရှားသွားခြင်းမရှိသည်ကို အလုပ်သမားရေးရာမှူးအဖို့ အသေအချာ မှတ်မိနေသည်။

သူက မိန်းကလေးအား ကော်ဖီသောက်ရန် ဖိတ်ခေါ်မိသည်။ သို့သော်လည်း မိန်းကလေးက သူမ၏ ကားမောင်းသမားစောင့်ဆိုင်းနေရမည်ကို စိုးရိမ်၍ မသောက်တော့ကြောင်း ငြင်းပါသည်။ ဤသို့ဆိုလျှင် သူမ၏ ကားမောင်းသမားဟု ပြောစကားအရ အငှားကားမဖြစ်နိုင်တော့ချေ။ ၎င်းအချက်မှာ စုံစမ်းစစ်ဆေးရေးသမားများဖြစ်သော 'မော့ဆက်'မှ ပုဂ္ဂိုလ်များအတွက် သေချာပေါက်အချက်တစ်ချက်ရသွား၏။

အလုပ်သမားရေးရာအရာရှိက သူမအားမေးသည်။ မည်သည့်အတွက်ကြောင့် ဂျာမနီသို့လာကြောင်း။ သူမ၏ အဖြေမှာ ဘွန်းတက္ကသိုလ်တွင် လာရောက်ပညာသင်ကြားလိုသည့်အတွက် ဟုဆိုပါသည်။ သူကလိပ်စာနှင့် ဖုန်းနံပါတ်များပေးထားခဲ့ရန် ပြောသည်။

သူမအဖြေကတော့ တစ်မျိုးပင်–

"ကက်သရင်းလာတယ်လို့သာ အယ်ကီကို ပြောလိုက်ပါရှင်ဒါဆိုရင် သူသိပါတယ်"

လူသာရန်း မိန်းကလေးအဆောင်တစ်ခုတွင် ယခုလက်ရှိနေထိုင်ပြီး အခြားအခန်းတစ်ခုရရန် ရှာနေသေးကြောင်းလည်း သူမကရှင်းပြပါ၏။

"သူပြန်ရောက်လာရင် ကျွန်မလာခဲ့ပါဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးက ပြောလာ၏။

"သူ့ရဲ့မွေးနေ့မှာ ကျွန်မတို့အတူတူပျော်နိုင်လိမ့်မယ်လို့ ကျွန်မ တော့ထင်တာပဲ"

"အေးကွာ..အယ်ကီရဲ့ မွေးနေ့ကိုတော့ သူ့ သူငယ်ချင်းတွေနဲ့ ပျော်ပျော်နေနိုင်ဖို့ တို့ကလုပ်ပေးမှာပါ"

သူကလည်း ဤကဲ့သို့ပင် ပြန်ပြောမိသည်။

ထို့နောက် သူမကပြန်ရန် နှုတ်ဆက်၏။ ထိုအချိန်ကျမှသာ လျှင် သူမသည် ချည်လက်အိတ်အဖြူကို ဝတ်ထားကြောင်း သူက သတိပြုလိုက်မိသည်။ လေးလံသော လက်ဆွဲအိတ်သေတ္တာကို သယ်ရန် ဤကဲ့သို့ မိန်းကလေးတို့ လက်အိတ်စွပ်ထားခြင်းဖြစ်နိုင် ပေ၏။ သက်သေခံအရ စာရေးစက္ကူပေါ်တွင် သူမလက်ရေးလက်ဗွေ မရှိနိုင်။ ထို့အတူ လက်ဆွဲသေတ္တာပေါ်၌လည်း လက်ဗွေရာမထင်နိုင် တော့ချေ။ သူတို့စကားပြောနေကြသည်မှာ ငါးမိနစ်မျှသာ ကြာမည် ထင်ကြောင်း အလုပ်သမားရေးရာမှူးက ပြန်၍အစစ်ခံပါသည်။

အိမ်ရှေ့လမ်းကလေးအတိုင်းပြန်ဆင်းသွားသော သူမကို အလုပ်သမားရေးရာမှူးက နောက်မှရပ်ကြည့်နေမိ၏။ သူမ၏လှုပ်ရှား မှုမှာ လိင်မှုရေးရာ ဆွဲဆောင်မှုရှိသော်လည်း စိတ်ကိုအပြင်းအထန် လှုပ်ရှားမှုမျိုးမဟုတ်ပါ။

သူက အခန်းတံခါးကိုပြန်ပိတ်၍ လက်ဆွဲသေတ္တာကို အယ်ကီ ၏ အိပ်ခန်းသို့ယူသွား၏။ အခန်းမှာ မြေညီထပ်၌ပင်ရှိသည်။ သေတ္တာအား သူက ခုတင်ခြေရင်းဝယ် ချထားပြီး သော့ကို သေတ္တာ ပေါ်၌ တင်ထားရစ်ခဲ့သည်။ ထိုအချိန်၌ ဇနီးသည်ဖြစ်သူမှာ အိမ်နောက် ဖက်ဥယျာဉ်တွင် ပေါက်ပြားတစ်လက်ဖြင့် အလုပ်ရှုပ်နေဆဲဝင်





ဖြစ်သည်။ သူမ၏ယောကျ်ားဖြစ်သူနှင့် ဧည့်သည်မိန်းကလေးတို့ စကားပြောသည်နှင့် အသွင်အပြင်တို့ကို သူမ မမြင်ခဲ့ရချေ။ အိမ် အတွင်းသို့ သူမပြန်ရောက်စဉ်၌လည်း ယောကျ်ားဖြစ်သူက ထို အကြောင်းကို ပြောပြရန်မေ့နေပါ၏။

"မေ့ရသတဲ့လားဗျ"

မော်ဆက်အဖွဲ့မှ ပုဂ္ဂိုလ်များက ဤသို့ပြန်မေးမိသည်။

"ဆွီဒင်ကတောင် ရောက်လာတဲ့ အယ်ကီရဲ့ သူငယ်ချင်း အကြောင်းပြောဖို့ ခင်ဗျားက ဘယ်လိုဖြစ်လို့မေ့နေရတာလဲ၊သေတ္တာ ကိုရော ခုတင်ခြေရင်းမှာ တကယ်တင်ထားမိရဲ့လား"

အလုပ်သမားရေးရာမှူးမှာ အခက်ကြုံသွားရ၏။ အမှန်တော့ သူ့အနေဖြင့် မေ့လျော့ခြင်းမရှိပါ။

"ဒါဆို ဘယ်လိုလဲဗျ..ဟင်"သူတို့က မေးပြန်၏။

"ဟုတ်ကဲ့ခင်ဗျာ၊ ကျွန်တော့်မှာကလည်း အမျိုးသမီးက အစ္စရေးနိုင်ငံမှာရှိတဲ့ သူ့ရဲ့လယ်ယာမြေစခန်းကိုပဲ ပြန်ဖို့ပြောနေတယ်၊ ဒါတွေနဲ့ပတ်သက်ပြီး ကျွန်တော့်မှာ စိတ်အနှောက်အယှက်ဖြစ်နေရ ပါတယ်။ နောက် မိန်းကလေးကလည်း တော်တော်ချစ်စရာကောင်း တော့ အင်း...ကျွန်တော်အမျိုးသမီးက အယ်ကီရဲ့အခန်းကို တစ်ခါမှ မသွားတော့ ကျွန်တော်ပဲသွားပို့ပေးတာပါ။ အယ်ကီက သူ့အခန်းကို သူ့ဘာသာ သူရှင်းလင်းပြီးနေတတ်တော့ အမျိုးသမီးက တစ်ခါမှ မသွားကြည့်ပါဘူး"

"ဟိုဘာသာရေးဆရာကရော ခင်ဗျားဇနီးရဲ့ဦးလေးလား"

အလုပ်သမားရေးရာမှူးမှာ နောက်ထပ်စကားမပြောနိုင်တော့ ချေ။



www.burmeseclassic.com

www.burmeseclassic.com



ရထားတစ်စင်း သွားရိုးသွားစဉ် သွားရာမှ ဆန်းကြယ်စွာ ပျောက်ဆုံးခဲ့ရပုံမျိုးဖြစ်နေတော့၏။ အယ်ကီမှာ အိမ်ပြန်ရောက်လာ၍ မေးသောအခါ ထိုကက်သရင်းဆိုသူကို မသိပါဟု အဖြေပေးလာသည်။

မော့ဆက်တို့အနေဖြင့် အယ်ကီ၏ အပေါင်းအသင်းများကို စုံစမ်းရပေတော့မည်။ သို့သော်လည်း ဤသည်မှာ အချိန်ယူရပေတော့မည်သာဖြစ်၏။ အယ်ကီ၏မိခင်ကြီးမှာ သူမသည် အယ်ကီထံသို့ လက်ဆွဲသေတ္တာမပို့ကြောင်း၊အယ်ကီမှာလည်း သီချင်းဝါသနာပါသူ မဟုတ်ကြောင်းတို့ကို ဆွီဒင်ရဲအဖွဲ့သို့ အစစ်ခံပါသည်။

ဂျာမနီလေဆိပ်သို့ ဝင်လာသော လေယာဉ်ခရီးသည်များ၏ စာရင်းဝယ် ကက်သရင်း၏ အမည်မရှိ။ သူတို့အနေဖြင့် ကွန်ပျူတာနှင့်ပင် စစ်ဆေးကြည့်သည်။ အကြမ်းဖက်သမား အမျိုးသမီးများ၏ ဓာတ်ပုံအား အလုပ်သမားရေးရာမှူးကို ပြကြည့်သော်လည်း သူ့အနေဖြင့် မှတ်မိဟန်ရှိသော သူတစ်ဦးကိုမျှ မတွေ့ရချေ။ သူမ၏ စီးလာသော ဖိနပ်၊ သူမထံမှ ရေမွှေးနံ့၊ဆံပင်မှာ ဆံပင်တု ခေါင်းစွပ်ဟုတ်မဟုတ်၊နှုတ်ခမ်းနီ ဆိုးထားမထား စသည်တို့ကိုလည်း သူကတိကျစွာ အစစ်မခံနိုင်။ ခြေရာလည်းပျောက်၍ ရေလည်း နောက်ရပြီသာ ဖြစ်တော့၏။

သူမတွင် လှပသော ခြေထောက်များနှင့် အလွန်ဖြူသော ကုတ်ပိုးတို့ရှိကြောင်းကိုမူ သူက သတိရနေမိသည်။ အင်္ကျီလက်ရှည် ဝတ်ထား၍ သူမ၏ လက်မောင်းသားကိုမူ သူက မမြင်တွေ့ခဲ့ရပါ။

"မိန်းကလေးက အောက်ခံအဝတ်တွေ ဝတ်ထားမထားကို သတိထားမိလား"





"ဘရာစီယာ ဟာမျိုးလား၊ ဟင့်အင်း...မဝတ်ထားဘူးထင်တယ်၊ သူ့ရင်သားတွေက ခပ်သေးသေးဆိုတော့လည်း မဝတ်လည်း မထူးပါဘူး"

သူမ၏ဝတ်စုံမျိုးကို သိနိုင်ရန် အလုပ်သမားရေးရာမှူးထံသို့ ဂျာမနီတစ်ပြည်လုံးရှိ ကုန်ရုံများမှ ဝတ်စုံများကို ယူပြသည်။ ဤသည်ကိုလည်း သူကမဖြေပြနိုင်ပါ။ 'မော့ဆက်' ပုဂ္ဂိုလ်တို့က ပိုမေးလေ သူက..ပိုမေ့လေသာဖြစ်တော့၏။

"သူစီးလာတဲ့ကားကတော့ အိုပယ် ဒါမှမဟုတ်ရင် ဖို့(ဒ်) အမျိုးအစားမျိုးပဲ၊ အရောင်က မီးခိုးရောင်ဗျ၊သပ်သပ်ရပ်ရပ်တောက်တောက်ပြောင်ပြောင်မရှိဘူး၊ဒါပေမယ့် အသစ်မဟုတ်သလို အဟောင်းကြီးလည်းတော့ မဟုတ်ပါဘူး"

"ကားလိုင်စင်နံပါတ်က ဘွန်းမြို့ကလား"

"ဟင့်အင်း...ဆော(လ်)ဘတ်ကဗျ"

"ခေါင်မိုးပေါ်မှာ အငှားကားလို့ ရေးထားတဲ့ဟာ ပါသလား"

"ဟင့်အင်း...မပါဘူး"

အလုပ်သမားရေးရာမှူးကတော့ ဖြေချည်းသာဖြေနေရ၏။

"တစ်ယောက်ယောက်ကတော့ ကားထဲက ရေဒီယိုသံကြားရတယ်လို့ပြောတယ်၊အသံဖမ်းတိုင်ကို ခင်ဗျားတွေ့မိသလား"

မော့ဆက်မှ ပုဂ္ဂိုလ်တို့က မေးပြန်၏။

"မတွေ့ပါဘူးဗျာ"

"ကားမောင်းသမားကတော့ ကော့ကေးရှန်းလူမျိုးနဲ့တူတယ် ...ဒါပေမယ့်..တူရကီလူမျိုးလည်း ဖြစ်နိုင်တယ်ဗျ"

"နေပါဦး..သူက မှတ်ဆိတ်ကျင်စွယ်တွေကို သပ်သပ်ရပ်ရပ်



www.burmeseclassic.com

www.burmeseclassic.com



ရိုက်ထားသလား၊နှုတ်ခမ်းမွေးရှိသလား၊ဆံပင်က အမည်းရောင်လား”

“မဟုတ်ဘူး၊သူက အသားဖြူပြီး၊ ကိုယ်လုံးသွယ်သွယ်ပဲ၊ မိန်းကလေးတစ်ယောက်တောင် ဖြစ်နိုင်တယ်”

သူတို့က ဆက်မေးသည်။

“အဲဒီကားရဲ့ နောက်ဘက်မှန်မှာ အရုပ်ကလေးတစ်ခုဆွဲထားတယ်လို့ ပြောကြတယ်၊ဒါက ကပ်ထားတဲ့ အရုပ်လား”

“ဟုတ်ကဲ့..ကပ်ထားတဲ့ အရုပ်မျိုးပဲခင်ဗျ”

ကားမောင်းသမားမှာ ကော်လာမြင့် အပေါ်အင်္ကျီရှည်ကြီး ဝတ်ထားသည်ဟု တချို့ကပြောကြသည်။ သို့မဟုတ် ခေါင်းစွပ်အင်္ကျီရှည်မျိုးလည်း ဖြစ်နိုင်ပါ၏။

သူတို့က သံရုံးသို့ပြန်သွားကြပြီး အနားယူကြသည်။သို့မဟုတ် ထပ်မံပေးအပ်လာမည့် အမိန့်များကို စောင့်ဆိုင်းနေဟန်ရှိသည်ဟု အလက်ဆီက ထင်မိ၏။ တတိယမြောက်နေ့တွင်မူ မောင်ဆက်အဖွဲ့သားများရှိရာသို့ မျက်နှာခပ်ပြည့်ပြည့်နှင့် ရှ(လ်)မန်းဆိုသူတစ်ဦး ရောက်လာ၏။ သူ့ဘေးတွင်မူ သူ့ထက်အသက်တစ်ဝက်ခန့်ငယ်ပုံရသည့် အဖော်တစ်ဦးက ပါလာခဲ့ပါသည်။

※※※※※

ရှ(လ်)မန်း ရောက်လာသည်နှင့် မောင်ဆက်တစ်ဖွဲ့သားလုံးမှာ လှုပ်လှုပ်ရှားရှား ဖြစ်လာကြ၏။ မောင်ဆက်အဖွဲ့သား ခြောက်ယောက်မှာ အပြောအဆိုအနေအထိုင် ယဉ်ကျေးသိမ်မွေ့ပြီး အရက်လုံးဝ





မသောက်ကြချေ။ သူတို့၏ စုံစမ်းစစ်ဆေးရေးပိုက်ကွန်ကြီးကိုသာလျှင် နေရာအနှံ့ ထိထိမိမိရှိစေရန် ကြိုးပမ်းကြ၏။

“သူတို့က ခင်ဗျားဆီကို အထူးကျွမ်းကျင် ပညာရှင်တစ်ယောက် ထပ်ပို့လိုက်သည်။

“ဘာ အထူးကျွမ်းကျင်ပညာရှင်လည်းဗျ”

သူ့အမေးမှာ အဖြေမရ။ ဤမျှသာ ဒေါက်တာအလက်ဆီအား အသိပေးထားကြ၏။

“ကျွန်တော့်နာမည် ရှ(လ်)မန်းပါ။ ခင်ဗျားနဲ့တွေ့ရတာ ဝမ်းသာပါတယ်..ဒေါက်တာအလက်ဆီ”

ရှ(လ်)မန်းဆိုသူက နှုတ်ခွန်းဆက်သလာသည်။

နှုတ်ဆက်စကားမှာ ဤမျှလောက်နှင့် ပြီးသွားပါသည်။

ရှေ့အမည်ရင်းမပါ၊ရာထူးအဆင့်မပါ အလုပ်အကိုင်တာဝန်မပါ၊မိမိလုပ်ငန်း၏ အမည်ပင်မပါချေ။

ဤပုဂ္ဂိုလ်မှာ စကားသိပ်မပြောပဲ အလုပ်သာ ကျုံးလုပ်မည့်သူဟု ဒေါက်တာအလက်ဆီက ခန့်မှန်းမိလိုက်၏။

ပြတ်ပြတ်သားသား လုပ်မည့်သူမှန်းလည်း ခန့်မှန်း၍ရ၏။

“ကျွန်တော်တို့ဟာ အောင်ပွဲခံနိုင်သလို ဆုံးရှုံးမှုလည်းရှိနိုင်တယ် ရေရှည်အတွက်တော့ ကျွန်တော်တို့ဟာ သိပ်နောက်ကျနေလိမ့်မယ်”

ဤသို့ပင်စကားဆိုလာခဲ့သည်။

အနည်းဆုံးတော့ အလက်ဆီကမူ သူ့အားမှတ်ချက်ချမိသည်။

ဤပုဂ္ဂိုလ်သည် အမြဲတမ်းအရှုံးကြီးရှုံးနေရသူမဟုတ်။

ရှ(လ်)မန်း၏ အကျင့်တစ်ခုမှာ အင်္ကျီဘယ်ဘက်လက်ကိုဆွဲတင်၍ လက်ကောက်ဝတ်အား လှည့်ကစားနေတတ်ခြင်းပင်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ရှ(လ်)မန်းက ဗုံးပေါက်ကွဲခဲ့ရာ အလုပ်သမားရေးရာမှူး၏ အိမ်ရှိရာသို့ လမ်းလျှောက်သွား၍ ကြည့်ခဲ့သည်။ သူ့ဘေးဝယ် အဖော်အဖြစ်ပါလာသူ ပုဂ္ဂိုလ်ကလေးကတော့ ကပ်လျှက်ပင်။

ရှ(လ်)မင်းက အလုပ်သမားရေးရာမှူးအား ခေါ်၍စကားပြောသည်။ အပြင်ဘက်မှ စကားပြောသံ တစ်ချို့တစ်ဝက်သာ ကြားရ၏။ ပထမတွင် အော်ဟစ်ကြီးကျယ်ဖြစ်လာပြီး ဗလုံးဗထွေး တီးတိုးပြောသံများဖြင့် အဆုံးသတ်သွားကြ၏။ ထိုညမှာပင် အလုပ်သမားရေးရာမှူးမှာ သူ့သားမြှပ်နှံသဂြိုဟ်ရာ အစ္စရေးသို့ လိုက်ပါသွားရပါသည်။

မော့ဆက်အဖွဲ့သားတို့ အစ္စရေးသို့ပြန်သွားသည့်တိုင်အောင်ပင် ရှ(လ်)မန်း၏ လှုပ်ရှားမှုအချို့မှာ အလက်ဆီနား၏နားသို့မရောက်ချေ။ ရှ(လ်)မန်းနှင့်အဖော်မှာ အယ်ကီအားတွေ့ဆုံမေးမြန်းပြီး သူမအဖို့ ဆွီဒင်နိုင်ငံမပြန်ရေးကို သွေးဆောင်စည်းရုံးကြသည်။ နောက်တစ်နေ့တွင် ဟိုတယ်အိပ်ခန်း၌ သူမနှင့်တဖန်တွေ့ဆုံပြီးမှ လေဆိပ်သို့ သူတို့ကိုယ်တိုင်လိုက်ပို့ပေးပါသည်။

သူမ၏ အပေါင်းအသင်းများသည် မည်သူများနည်း။ အိမ်ပျက်ရှိ သူမအခန်းအတွင်းမှ ရှာဖွေတွေ့ရှိသော ဆေးခြောက်နှင့်စိတ်ကြွဆေးများကို သူမမည်သည့်နေရာမှ ဝယ်ယူပါသနည်း။ သို့မဟုတ် မည်သူက ပေးပါသနည်း။

အလက်ဆီတို့ထံ သူ့လူများက အယ်ကီနှင့်ပတ်သက်ရာ ဖိုင်တွဲများကို ယူလာပေး၏။ သူကိုယ်တိုင် အယ်ကီအား မေးမြန်းစုံစမ်းခွင့်ရရန် ရှ(လ်)မန်းအား တောင်းဆိုသည်။ သို့သော်လည်း အလက်ဆီ၏အထက်အရာရှိများရှိရာ ဘွန်းမြို့ ... ၊ ပြန်လာသောအမိန့်များက လက်ရှောင်ထားပါရန် ဖြစ်တော့သည်။





ဖောက်ခွဲခဲ့သော လက်ဆွဲသေတ္တာဗုံးကို သူတို့စစ်ဆေးကြည့်ကြ၏။ အသုံးပြုခဲ့သော ပလစ်စတစ် ယမ်းအမျိုးအစားမှာ ရုရှားလုပ် ယမ်းအမျိုးအစားဖြစ်ကြောင်း အတည်ပြုချက်ရ၏။ ဤအမျိုးအစားကို အမေရိကန်များအနေဖြင့် စီ-လေး၊ အင်္ဂလိပ်တို့အနေဖြင့် ပီ-အီးဟူသော သင်္ကေတသတ်မှတ်ချက်များဖြင့် သိထားကြပါသည်။ လွန်ခဲ့သော (၁၉၇၀) ခုနှစ်ကျော်ပိုင်းက အကြမ်းဖက်သမားများ အသုံးပြုခဲ့သည့် ကောင်းမွန်သပ်ရပ်သည့် ပုံစံဟောင်းတစ်ခုပင်။

"ဒါကို ကျွန်တော်တို့က ဘီကီနီဗုံးလေးလို့ ခေါ်ကြတယ်ခင်ဗျာ"

တာဝန်ခံ ရဲအရာရှိကြီးက ပြောလိုက်၏။

"အသေးစားလေးပါ၊ အပိုထွေထွေထူးထူးမရှိပါဘူး"

"လက်ဆုပ်လက်ကိုင်လည်း မပြနိုင်ဘူးမဟုတ်လား"

အလက်ဆီ၏ပြောစကားကြောင့် ရှ(လ်)မန်းက ပြုံးလိုက်သည်။

ရှ(လ်)မန်းမှာ သူ၏ သံမဏိလက်ပတ်နာရီဟောင်းကလေးကိုသာ လှည့်ပတ်ကစားနေ၏။ ဤသည်ကိုပင် အလက်ဆီက ကြည့်၍ အံ့သြတွေးတောမိသည်။

"အဲ...ခုဒီဗုံးရဲ့ အလုပ်လုပ်ပုံကို ခင်ဗျားတို့ကို ကျွန်တော်ပြမယ်.."

ရဲအရာရှိကြီးက ပြောလာပြန်သည်။

"ဒီဗုံးက အိမ်ထဲမှာ ဆယ့်လေးနာရီလောက်ရှိအောင်ထားခဲ့မယ်။ မိနစ်လက်တံက တစ်ဂဏန်းနားမှာ နာရီလက်တံကတော့ နှစ်ဂဏန်းမှာပဲ၊ ဆယ်လေးနာရီလောက် ထားမယ့်ဗုံးဟာ ဆယ်နှစ်နာရီမှာ ဘာကြောင့်ထပေါက်ရတာလည်း"

www.burmeseclassic.com



မေးခွန်းအားလုံးအတွက် အရာရှိကြီးက လက်ချာရိုက်တော့၏။ ချိန်ကိုက်ထားသော နာရီမှာ အမှားအယွင်းကြောင့် မှားယွင်းသွားဖွယ်ရှိကြောင်း၊ အယ်ကီ၏ ကုတင်ပေါ်သို့ အလုပ်သမားရေးရာမှူးက တင်စဉ် စက်တစ်မျိုးတစ်မည် ဖြစ်သွားခြင်းတို့ ဖြစ်ဖွယ်ရှိကြောင်းတို့ကို ရှင်းပြသည်။

"စိတ်ဝင်စားစရာ တစ်ခုတစ်လေများ တွေ့သလား မစ္စတာ ရှု(လ်)မန်း..."

ရဲအရာရှိကြီးက မေးလာသည်။

"ခင်ဗျားအဖို့တော့ သဲလွန်စကလေးတစ်ခုတွေ့ပြီထင်တယ်၊ ကျွန်တော်တို့ကို စိတ်ဝင်စားရအောင် ပြောပြစမ်းပါဦးဗျာ"

ရှု(လ်)မန်းက ပြောတော့သည်။

ယမ်းကိုပေါက်ကွဲစေမယ့် လျှပ်စီးကြောင်းကို ဆက်ထားမယ့် ဝိုင်ယာကြိုးသေးလေးတွေက နည်းနည်းများလွန်းတယ်"

လက်ဆွဲသေတ္တာအစအနများ တပ်ထားရာ စားပွဲသို့ သူကပြန်လျှောက်လာ၏။

"ဒီနေရာမှာကြည့်စမ်း၊ ဝိုင်ယာကြိုးက ခုနစ်စင်တီမီတာလောက် ကျန်နေသေးတယ်"

"ခင်ဗျားအနေနဲ့ ဒီဗုံးကို ပြန်လုပ်ရရင် နှစ်ဆယ့်ငါးစင်တီမီတာလောက်ပဲလိုမယ်လေ..ဒါဆိုရင် ဝိုင်ယာကြိုးတစ်ဝက်လောက်က ဘယ်ရောက်သွားသလဲ..ဘယ်ပျောက်သွားရသလဲ"

ရဲအရာရှိက ရယ်မောရှ်ု ပြန်မဖြေမီ အတန်ကြာအောင် နှုတ်ဆိတ်သွားကြ၏။

"မစ္စတာ ရှု(လ်)မန်းရေ၊ ဒါက အပိုဝိုင်ယာကြိုးတွေပေါ့ဗျာ"





"လျှပ်စီးကြောင်းဆက်မယ်ဆိုရင် ဝိုင်ယာကြိုးလိုတာပဲ၊ ပေါက်ကွဲစေမယ့် ခလုတ်တပ်ပြီးတော့မှ သူတို့က သေတ္တာထဲထည့်လိုက်တာဖြစ်မယ်။ အားလုံးကို သပ်သပ်ရပ်ရပ်လုပ်ရတာ ထုံးစံပဲလေ။ အခုဟာက အပိုဝိုင်ယာကြိုးပဲလေ.."

ဤစကားရပ်မှာ ပညာပိုင်းဆိုင်ရာ စကားမျိုးမဟုတ်ချေ။

ရှု(လ်)မန်းက မည်သို့မျှမပြောတော့။ လက်မှနာရီကို မြှောက်ကြည့်လိုက်သည်။ သူ့အားနေ့လည်စာစားရန် အချက်ပေးခြင်းသာဖြစ်မည်ဟု အလက်ဆီက ရှု(လ်)မန်းနှင့် မျက်လုံးခြင်းမဆုံသော်လည်း နားလည်မိ၏။

သူတို့နှစ်ယောက် ထွက်လာချိန်၌ ရဲအရာရှိမှာ အခန်းတွင်းမှာပင်ကျန်ရစ်ခဲ့၏။ အပြင်တွင်နေသာလှသော တနင်္ဂနွေနေ့တစ်ရက်သာဖြစ်တော့သည်။ နှစ်ယောက်သား အပေါ်အင်္ကျီများကို ချွတ်လိုက်မိကြ၏။ အငှားကားတစ်စီးအား အလက်ဆီက လှမ်းတားစဉ် ရှု(လ်)မန်းက အပေါ်အင်္ကျီကို ခေါက်၍ လိပ်နေသည်။ သူတို့နှစ်ယောက်က ဘက်ဂိုဒီ(စ)ဘင်၏ အခြားဘက်ရှိ တောင်ကုန်းပေါ်မှ အီတလီစားသောက်ဆိုင်သို့ အငှားကားအား မောင်းစေသည်။ အလက်ဆီသည် ထိုဆိုင်သို့ အမျိုးသမီးများကိုသာ ခေါ်သွားခဲ့ဖူး၏။ ယောကျ်ားတစ်ဦးအား ခေါ်သွားခြင်းမှာ ယခုတစ်ကြိမ်သည် ပထမဦးဆုံးအကြိမ်သာဖြစ်တော့၏။

⌘⌘⌘⌘⌘



www.burmeseclassic.com

www.burmeseclassic.com



လမ်းတစ်လျှောက်တွင် သူတို့က စကားအနည်းငယ်မျှသာ ပြောလာကြ၏။ ရှ(လ်)မန်းမှာ အပြင်ဘက်ရှုခင်းများကို ကြည့်လာခဲ့သည်။ ကိုလုံးမြို့သို့ ညနေစောင်းတွင် သူပြန်ရမည်ကို အလက်ဆီ သတိရလိုက်၏။ ကျောင်းမှလွှတ်လိုက်သော ကျောင်းသားလေးတစ်ဦးသဖွယ် ပျော်ရွှင်စွာခံစားမိသည်။

ဆီစီလီယန်တောင်ကုန်းမြင့်သာယာတွင် စားသောက်ဆိုင်က တည်ရှိနေ၏။ သူတို့က ပြတင်းပေါက်ဘေးရှိ ခြောက်ယောက်မျှ ထိုင်နိုင်သော စားပွဲကြီးတစ်လုံးတွင် နေရာယူလိုက်ကြသည်။ ရှ(လ်)မန်းက အလက်ဆီအား "ပါမောက္ခကြီး" ဟုခေါ်၏။

အောက်ဘက်တွင်မူ ရိုင်းမြစ် ရေအလျဉ်သည် တောင်ကုန်းများ၊ ရဲတိုက်များကို ခွေပတ်၍ စီးဆင်းလျှက်ရှိသည်။ အလက်ဆီအတွက်မူ ဤမြင်ကွင်းများမှာ အလွတ်ပင်ရနေသော်လည်း ဧည့်သည်တော် ရှ(လ်)မန်းအတွက်မူ ပထမဦးဆုံးသာ ဖြစ်တော့သည်။

အလက်ဆီက ဝီစကီနှစ်ခွက်မှာလိုက်သည်။ ရှ(လ်)မန်းက မကန့်ကွက်ပါ။ အရက်ခွက်များ ရောက်လာရန် စောင့်ဆိုင်းရင်း ရှုမျှော်ခင်းများကိုသာ ငေးမောကြည့်နေမိ၏။

"ဂီတပညာရှင်ကြီး ဝဂ္ဂနာသာ စိတ်ပညာနဲ့အတွေးအခေါ် ပညာရှင် ဆစ်ဖရိုက်ကို ငြိမ်းငြိမ်းချမ်းချမ်းနဲ့ထားနိုင်ခဲ့ရင်၊ သာယာတဲ့ လောကကြီး ကျွန်တော်တို့ ရမှာပဲ"

တစ်စုံတစ်ရာတော့ မှားယွင်းနေပြီ။

လက်ဦးအစက အလက်ဆီ နားမလည်မိ။ ရှ(လ်)မန်းတစ်ယောက် ဂျာမန်လိုပြောနေပါလား။

အလက်ဆီက တစ်ချက်မျှရယ်လိုက်မိရာ ရှ(လ်)မန်းပါရော





နှော၍ ရယ်လာတော့၏။

ဝီစကီခွက်များ ရောက်လာရာ သူတို့က မော့သောက်လိုက်၏။ များများစားစားတော့ မဟုတ်ချေ။ ဂျာမန်လူမျိုးများအဖို့ နည်းနည်းသောက်လိုက်၊ ပတ်ဝန်းကျင်ကို မျှော်ကြည့်လိုက် လုပ်တတ်ကြသည် မဟုတ်ပါလား။

အလက်ဆီမှာ ဂျူးလူမျိုးတစ်ယောက်က သူတို့ဂျာမန်လို အမူအကျင့်မျိုး လုပ်တတ်ခြင်းအတွက် လေးစားချင်ခင်မိရသည်။

"ဝီစတာဒင်မှာ ခင်ဗျား အလုပ်သစ်တစ်ခု သွားလုပ်ရမယ်လို့ ကျွန်တော့်ကို သူတို့ပြောကြတယ်"

ရှ(လ်)မန်းက ဂျာမန်လိုပင် ပြောတုန်းဖြစ်၏။

"စားပွဲထိုင်ပြီး လုပ်ရမယ့်အလုပ်တဲ့..သိပ်မကြီးကျယ်ပေမယ့် အသေးအမွှားတော့ မဟုတ်ဘူးလို့ ကျွန်တော်ကြားတယ်၊ ဒီကလူတွေအတွက် ခင်ဗျားက အကောင်ကြီးလွန်းနေတယ်လို့ သူတို့ကပြောကြတာပဲ၊ ခု ကျွန်တော် ကိုယ်တိုင်မြင်လာရတော့ မအံ့ဩမိတော့ပါဘူးဗျာ..."

အလက်ဆီမှာ သူ့ကိုယ်တိုင် မအံ့ဩမိစေရန် ကြိုးစားလိုက်ရ၏။ ဤအပြောင်းအရွှေ့ကိစ္စမှာ လျှို့ဝှက်ချက်တစ်ခုသာဖြစ်၏။ အလက်ဆီမှာ စကားတခွန်းမျှ မဟရဲအောင် ဖြစ်နေရ၏။

"ဒီလိုပုံစံဆိုရင် ဒီလိုပဲဖြစ်ရမှာပေါ့ဗျာ"

ရှ(လ်)မန်းက အတွေးအခေါ်ဆန်စွာ မှတ်ချက်ပေးလာ၏။

"ဂျေရုဆလင်မှာဆိုရင် လူတစ်ယောက်ရဲ့ဘဝဟာ နိမ့်လိုက် မြင့်လိုက်ပဲ၊ ကျွန်တော်ပြောတာ ယုံစမ်းပါ၊ ဒီလိုလုပ်ရင် ဒီလိုဖြစ်လာရမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ရှ(လ်)မန်းက ဆက်၍ သူတို့အစ္စရေးနိုင်ငံနှင့် အာရပ်များကြားရှိ ပြဿနာများကို ပြောပြသည်။

"သူတို့မှာ ဂျော်ဒန်တောင်ကြားက ဂူတွေကို အခြေစိုက်လုပ်ထားတဲ့ အကြမ်းဖက်သမားအဖွဲ့တစ်ဖွဲ့ရှိတယ်၊ သူတို့ကိုယ်တိုင်သူတို့ကတော့ "အသေခံအဖွဲ့ရှစ်ရဲ့ သူရဲကောင်းများ" လို့ ခေါ်ကြတယ်လေ၊ ဒါပေမယ့် သူတို့ရဲ့ လှုပ်ရှားမှုမှန်သမျှကို ကျွန်တော်တို့က ကြားရပါတယ်..မိသားစုတစ်စုရဲ့ လုပ်ဆောင်မှုမျိုးပဲ၊ အုပ်စုနှစ်စုခွဲထားပြီး တစ်စုက လူသုံးယောက်၊ တစ်စုက လူလေးယောက်ရှိတယ် ဂျော်ဒန်နိုင်ငံရဲ့ပြင်ပမှာ အစ်ကိုတော်တစ်ဦးကနေပြီး ဦးဆောင်နေတယ်၊ ဒါကိုလည်း ကျွန်တော်တို့က သိပြီးပြီလေ"

"သူ့နောက်ကို ကျွန်တော်တို့ဆီက အဖွဲ့လေးတစ်ဖွဲ့က လိုက်နေတယ်၊ ဒါပေမယ့်..သူ့ကို ကျွန်တော်တို့တစ်ခါမှ ရှာမတွေ့နိုင်ခဲ့ဘူး၊ သူ့ညီအစ်ကိုတော်နှစ်ယောက်ကတော့ သူ့လောက်မတော်ရှာဘူး၊ တစ်ယောက်က အမ်မာမှရှိတဲ့ အမျိုးသမီးဆီကအထွက်မှာ သေနတ်စက်ကွင်းထဲရောက်သွားရတယ်၊ တစ်ယောက်ကတော့ ဆီဒွန်ကမိတ်ဆွေတစ်ယောက်ကို အနားယူဖို့ လှမ်းခေါ်တဲ့အမှား သူ့ကားကို ကမ်းခြေတစ်လျှောက်မှာ မောင်းသွားတုန်းလေတပ်က အစိတ်စိတ်အမွှာမွှာ ဖြစ်အောင်လုပ်ပစ်နိုင်ခဲ့တယ်"

အလက်ဆီမှာ စိတ်အားတက်ကြွလာမှုကြောင့် ပြုံးပင်ပြုံးမလာနိုင်။

"ဗုံးမှာဆက်ဖို့ ဝိုင်ယာကြိုး မလိုတော့ပါဘူးဗျာ"

သူ၏ တီးတိုးရေရွတ်လိုက်သံကို ရှ(လ်)မန်း ကြားလိုက်ပုံမရှိ။





"နောက်ပိုင်းတော့ သူတို့ဟာ ဘယ်သူတွေလည်းလို့ ကျွန်တော်တို့ သိလာရတယ်..၁၉၆၇ ခုနှစ်စစ်ပွဲအပြီးကတည်းက အနောက်ဖက်ကမ်းခြေမှာရှိတဲ့ စပျစ်စိုက်တဲ့ ဟီသာရွန်ရွာက ထွက်ပြေးလာတဲ့သူတွေပဲ၊ ပါလက်စတိုင်းတွေ အခြေအနေနဲ့ဆိုရင်တောင် သူတို့ရဲ့ ညိုငယ်ဟာ တိုက်ခိုက်ဖို့ သိပ်ငယ်သေးလွန်းသေးတယ်၊ သူတို့မှာ ညီအစ်မနှစ်ယောက်ပါတယ်၊ တစ်ယောက်ကတော့ သေသွားပါပြီ"

"အဲဒီနောင်တော်ကြီးကို ကျွန်တော်တို့ ခုထိစောင့်ကြည့်နေတုန်းပဲ၊သူ တပ်သားသစ်တွေ စုဆောင်းတဲ့အချိန်မှာ ကျွန်တော်တို့လက်ထဲကို ရောက်ဖို့မျှော်လင့်ထားပါတယ်၊ သူက ခုထိတော့ လူသစ်တွေ မခေါ်သေးဘူး..ခြောက်လ တစ်နှစ်ကျော်လောက်တော့ သူ့ကိုမေ့ပစ်လိုက်၊ သူ့ကို သူ့ဘက်သားတွေက ပြန်သတ်ခဲ့ပြီနဲ့တူတယ်လို့ ကျွန်တော်တို့ ပြောခဲ့မိကြတယ်"

"ဆီးရီးယားတွေကလည်း သူ့ကိုလိုက်နေကြတော့ သူသေရင်လည်းသေနိုင်တယ်..ဒါပေမယ့် လွန်ခဲ့တဲ့ လတွေတုန်းကတော့ ဥရောပကို သူပြန်လာပြီလို့ ကောလာဟလတွေ ကျွန်တော်တို့ ကြားရတယ်၊ ခုတော့ ဂျာမနီကို ရောက်နေပြီလေ၊ အဖွဲ့လေးတစ်ဖွဲ့ ဖွဲ့လိုက်တယ်၊ အမျိုးသမီးတွေ အများဆုံးပါလာပြီး၊ဂျာမနီ လူမျိုးတွေဖြစ်နေတယ်၊ ငယ်လည်းငယ်တယ်.."

သူက စားစရာတွေကို ပါးစပ်အပြည့်မျှထည့်လိုက်ပြီး မြုံ့နေလိုက်၏။ ထို့နောက် တွေးတွေးဆဆဖြင့် မျိုချလိုက်သည်။

အတန်ကြာအောင် ငြိမ်သက်သွားကြသည်။ ရှ(လ်)မန်းတစ်ယောက် စကားဆက်ပြောလာရန် အလက်ဆီက မတတ်နိုင်။ ညိုမှိုင်းသော နတောင်ကုန်းများအထက်၌ ရှိနေသောနေရာမှ တောက်ပ



www.burmeseclassic.com

www.burmeseclassic.com



လျှက်ရှိပြီး ပြတင်းပေါက်အတွင်းသို့ နေရောင်ခြည်က တိုက်ရိုက်ဝင်နေ၏။

အလက်ဆီမှာ ရှ(လ်)မန်းကိုသာ အကဲခတ်၍ ကြည့်နေမိတော့သည်။

ရှ(လ်)မန်းသည် ထိုနွေဦးညပိုင်းတွင် ပြန်သွား၏။ အလက်ဆီမှာ နေရာသစ်ရှိရာသို့ပြောင်းကာ အလုပ်သစ်တစ်ခုကို စကိုင်သောနေ့၌ သူ့စားပွဲသို့ ဂျေရုဆလင်မြို့ စာတိုက်တံဆိပ်ပါ စာတစ်စောင်ရောက်လာသည်။

သူ့အား ဆုတောင်းမေတ္တာပို့ကြောင်းစာဖြစ်၍ ရှ(လ်)မန်းဟု လက်မှတ်ထိုးထားပါသည်။

အလက်ဆီက ပြုံး၍ ပို့(စ)ကဒ်လေးအား စားပွဲအံဆွဲအတွင်းသို့ ထည့်လိုက်၏။ အများ မြင်သာပေလိမ့်မည်။ ရှ(လ်)မန်းဘာတွေလုပ်မှန်းဘာအတွက် ခုလို ချီးကျူးဂုဏ်ပြုမှန်းကို သူကအတိအကျသိထား၏။ သူတို့၏ အနာဂတ် ဆက်ဆံရင်းနှီးမှုအတွက် အပြစ်မဲ့သော အခြေခံနှောင်ကြိုးလေးကို ရှ(လ်)မန်းတစ်ယောက်တည်း ထားလိုက်ချေပြီ။

ရက်သတ္တပတ် နှစ်ပတ်မျှအကြာတွင် အလက်ဆီတစ်ယောက်သူ့အမျိုးသမီးနှင့် လက်ထပ်ပွဲ ကျင်းပကြသည်။ ထိုအချိန်၌လည်း ရှ(လ်)မန်းထံမှ နှင်းဆီပန်းလက်ဆောင် ရောက်လာပြန်၏။ အလက်ဆီအား အလွန်ပင်ချမ်းမြေ့ ပျော်ရွှင်စေသည်။

သူ လက်ထပ်တော့မည်ကို ရှ(လ်)မန်းအား အလက်ဆီ မပြောခဲ့ပါ။ မော့ဆက်မှ ပုဂ္ဂိုလ်များသည် အရာရာကိုသိနှင့်နေကြပါကလား။



အခန်း(၂)

ရှ(လ်)မန်းတစ်ယောက် ဂျာမနီသို့ ပြန်လာကြောင်း ဒေါက်တာမသိမိ နှစ်လတာမျှ ကြာခဲ့ချေပြီ။ မော့ဆက်အဖွဲ့သားများမှာ အလုပ်သမားရေးရာမှူး အိမ်မှအစအနများကို နည်းမျိုးစုံဖြင့် ကိုင်တွယ်စစ်ဆေးကြည့်ရှုခဲ့ကြ၏။ ထိုကိစ္စကလေး တစ်ခုဖြင့် ရှ(လ်)မန်းမှာ ဝင်ရောက်ပတ်သက်ကာ စိတ်အနှောင့်အယှက်မဖြစ်လို၊ သူ၏ ရည်ရွယ်ချက်မှာ ပို၍ကြီးမားပါ၏။ ယခုကဲ့သို့ ဗုံးကို ပို့နေသူ ပုဂ္ဂိုလ်အားသူ၏ထောင်ချောက်အတွင်းသို့ ဝင်လာစေရေးပင်ဖြစ်သည်။

ရှ(လ်)မန်း၏ ရုံးခန်းမှပုဂ္ဂိုလ်များမှာ အင်ကာရာ အရှေ့ဘာလင်မထိ အဆက်အသွယ်များကို လိုက်၍ စုံစမ်းကြည့်၏။

ရှ(လ်)မန်းကိုယ်တိုင်မှာ ဘွန်းမြို့သို့ ရောက်မလာသော်လည်း မြူးနစ်မြို့သို့ သူကသွားခဲ့၏။ သူရောက်လာမှန်းကို အလက်ဆီရော



www.burmeseclassic.com

www.burmeseclassic.com



အလက်ဆီ၏နေရာကို ဆက်ခံရသည့် ရဲအရာရှိကြီးပါမသိခဲ့ချေ။ ရှ(လ်)မန်းတစ်ယောက် ကတ်(ဓ)အမည်ဖြင့်ဝင်ရောက်လာခြင်းသာ ဖြစ်တော့၏။

သူကတဲအစီးမှ မြူးနစ်မြို့သို့အစ္စတန်ဘူမှ တစ်ဆင့်ဝင်ရောက်လာ၏။ လမ်းတွင် နိုင်ငံကူးလက်မှတ်နှစ်ခါပြောင်း၍ လေယာဉ်သုံးကြိမ်ပြောင်းစီးခဲ့သည်။ ကတ်(ဓ)မှာ လိုအပ်သည်များကို ကြိုတင်ပြင်ဆင်၍ လုပ်တတ်သည်။ ဖြစ်လာမည့်အဖြေများကို တွက်ဆသည့် အကူအညီများကို ရှာဖွေယူရသည်။ သူ့ဘဝအစစ်အမှန်ကိုမသိရန် အပေါ်ယံဓာတ်လမ်းများကို ဖန်တီးရယူတတ်၏။

သူ့အမှန်တကယ် ရိုသေလေးစားစွာ ဆက်ဆံသူမှာ သူ့အထက်အကြီးအကဲ မိရှာဂါ(ဗ)ရွှန်ပင်ဖြစ်သည်။ ထိုပုဂ္ဂိုလ်ကလည်း လိုအပ်လာမည်ဆိုလျှင် အစ္စရေးနိုင်ငံအားချစ်မြတ်နိုးမှု ငြိမ်းချမ်းမှု သင့်တင့်မျှတစွာ ကောင်းမွန်လာရေးအတွက် ရေ့တန်းမှ တိုက်ခိုက်တတ်သူပင်ဖြစ်တော့၏။

သူတို့ရည်ရွယ်ရာလုပ်ငန်းအတွက် လိုအပ်သောလူငယ်တစ်ဦးကိုရှာရန် ကတ်(ဓ)က ဂျေရုဆလင်ရှိ သူ့အဖွဲ့အား ညွှန်ကြားခဲ့၏။ ဤလုပ်ငန်းမှာ လူငယ်တစ်ဦးနှင့် သူနောက်မှနောက်ယောင်ခံလိုက်ရသူများသာ ရှိမည်ဖြစ်၏။ သင့်တော်သော လူငယ်ကိုရှာပါ နောက်မှာ နောက်ယောင်ခံသမားများ လိုက်လာလိမ့်မည်။ ပြဿနာဟူ၍မရှိနိုင်တော့။

လန်ဒန်မြို့တွင် ကတ်(ဓ)တစ်ယောက် သူတို့သံရုံးရှိ သံတမန်တစ်ဦးနှင့် ပြဓာတ်ပေါင်းစုံသို့ သွားရောက်ကြည့်ရှုခဲ့၏။သွားလေရာ လေယာဉ်ပေါ်တွင် တွေးခေါ်ရှင် တိုက်ပွဲဝင်သူရဲကောင်းများ၏စာများ





ကို သူကဖတ်ရှုခဲ့၏။ သူ့အားမှအဖော်လေးက အမြဲပါသည့် ထိုလူရွယ်အမည်မှာ ရှိမွန်လစ်ဗက်ဟူ၍ဖြစ်သည်။

"ခင်ဗျားက ကျုပ်တို့ကိုပစ်ထားခဲ့ပြီလို့ ကြားနေရတာ"

မိရှာဂါ(ဗ)ရွှန်က သူ့အားပြောလာရ၏။

ဤမျှလောက်ပင် ကတ်(ဓ)မှာ ဟိုသွားဒီလာနှင့် ခေါက်တုန့်ခေါက်ပြန် အစီအစဉ်များချနေသည်။

ကတ်(ဓ)တို့မှာ ဒစ္စရေလီလမ်းအိမ်နံပါတ်(၁)တွင် စတည်းချပြီးဖြစ်၏။ အိမ်လေးမှာ အာရပ်လူမျိုးတို့လက်ရာ အနားယူအိမ်လေးမျိုးဖြစ်၏။ အိမ်ရှေ့ပန်းခြံထဲတွင် လိမ္မော်ပင်တစ်ပင်က ရှိနေသေးသည်။

ထိုအချိန်မှာပင် ပြဿနာကစလာတော့၏။ ဟော်လန်နိုင်ငံ ယေဒန်တက္ကသိုလ်သို့ အစ္စရေးကဗျာဆရာလေးတစ်ယောက်ရောက်လာ၏။ သူက ဆုချီးမြှင့်ခြင်းကို လက်ခံယူရန်ဖြစ်သည့် ထိုလူငယ်လေးမှာ နံနက်စာစားပြီး၍ သူ၏နှစ်ဆယ့်ငါးနှစ်မြောက်မွေးနေ့အဖြစ်ရောက်လာသော ပါဆယ်တစ်ထုတ်ကို ဖောက်ရာ၌ ပေါက်ကွဲပြီး သေဆုံးရတော့၏။

ဤသတင်းမှာ ကတ်(ဓ)ထံသို့ရောက်လာသည်။ ကတ်(ဓ)မှာ လက်သီးကို တင်းတင်းဆုပ်၍ မျက်လုံးမှိတ်ထားလိုက်မိ၏။ သို့သော်လည်း နာရီအနည်းငယ်အတွင်းမှာပင် သူဆွဲထားသော စစ်ဆင်ရေးစီမံကိန်းပါ ဖိုင်တွဲနှစ်ခုယူ၍ မိရှာဂါ(ဗ)ရွှန်ထံသို့ရောက်နေပြီဖြစ်သည်။ တစ်ခုမှာ မိရှာအတွက်ဖြစ်၍ တစ်ခုမှာ မိရှာအထက်မှ နိုင်ငံရေးသမားများ သွေးဆာနေသော ဗိုလ်ချုပ်ကြီးများ ပါဝင်ဖွဲ့စည်းထားသည့် ကော်မတီသို့တင်ပြရန်ဖြစ်၏။

အစီအစဉ်တင်ပြပြီးနောက် ကတ်(ဓ)မှ သူ့လူများကိုရှာတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ရှုဝလိဟုခေါ်သော စာရွက်စာတန်းအတုကို ကျွမ်းကျင်စွာလုပ်တတ်သူတစ်ဦး၊စာပေပညာရှင် လန်ဒန်တက္ကသိုလ်မှ အဲ့ရအစ္စရေးလူငယ်လီယွန်နှင့် ကွန်ပျူတာပညာတတ် အမေရိကန်လူမျိုး မစ္စဘက်(ချ်)တို့ဖြစ်၏။ ကတ်(ဇ)တစ်တစ်ယောက် သူ၏ကိုယ်ပိုင်တပ်မတော်လေးနှင့် တိုက်ပွဲဝင်ရန် အသင့်ရှိချေပြီ။

မြူးနစ်မြို့တွင် သူ့အဖွဲ့အားနှစ်ဖွဲ့ခွဲ၍ နေရာချထားလိုက်၏။ ပထမအဖွဲ့တွင် လူနှစ်ဦးပါ၍ သူတို့မှာအပြင်လုပ်ငန်းတာဝန်ယူရ၏။ အပြင်တွင် သူတို့၏ဆရာသမားကတ်(ဇ)အား ဆရာဟူ၍ ရိုရိုသေသေခေါ်ကာ အင်္ဂလိပ်စကားဖြင့်ပြောကြသည်။ မိမိတို့နေရာသို့ပြန်ရောက်လျှင်မူ ကတ်(ဇ)၏ ရှေ့အမည် 'မာတီ' ဟုခေါ်၍ ဟီဘရူးဘာသာစကားဖြင့် ပြောကြပါသည်။

အခန်းလေးမှာ လမ်းထောင့်ရှိ အဆောက်အအုံအပေါ်ဆုံးထပ်တွင်ဖြစ်သည်။အခန်းထဲတွင်မူ ဓာတ်ပုံရိုက်ရာတွင် သုံးသောမီးမောင်းများ၊ကင်မရာများ၊အသံဖမ်းစက်များနှင့် ရုပ်ရှင်ကားချပ်ကြီးများဖြင့်ပြည့်နေ၏။ အခန်း၏အနောက်ဖက်တွင်မူ အလျားလေးမီတာ၊အနံသုံးမီတာခွဲမျှရှိသော အပိုအိပ်ခန်းတစ်ခုရှိသေး၏။ အခန်းအပြင်ဘက်နံရံတွင် 'ဓာတ်ပုံကူးရာအမှောင်ခန်း' ဟူ၍ ဆိုင်းဘုတ်ငယ်တစ်ခုချိတ်ဆွဲထားသည်။ အသံလုံအောင်အခန်းအားပြုလုပ်ထားကြပါ၏။ အိုလံပစ်ကျေးရွာလေးရှိ ဤအခန်း၏ တစ်ခြားတစ်နေရာများတွင် လေကောင်းလေသန့်များ ဝင်နိုင်ပေသည်။

မြောက်ဘက် ပြတင်းပေါက်မှကြည့်လျှင် ဂျူးလူမျိုးများသေဆုံးခဲ့ရာ ဒါချောအကျဉ်းစခန်းသို့ သွားရာလမ်းအားမြင်ရ၏။ ထို့အပြင် အိုလံပစ်အားကစားပြိုင်ပွဲသို့ပါဝင်ယှဉ်ပြိုင်ရန်လာသော





အားကစားသမားများကို ပါလက်စတိုင်းအသေခံတပ်သားများကသင်္ဂြိုဟ်ခဲ့ရာ အဆောက်အအုံကိုလည်း မြင်တွေ့နိုင်ပါသေးသည်။

အခန်းအတွင်းရှိ အဖွဲ့သားများထဲမှ အသက်ကြီးပုဂ္ဂိုလ်ဖြစ်သူလန်နီက သူတို့လိုက်နေသည့် လူ၏ဓာတ်ပုံနှင့် ကိုယ်ရေးရာဇဝင်ကိုပေးလာ၏။ သူတို့က ထိုလူအား လျှို့ဝှက်အမည်'ယာနူကား' ဟုပေးထားကြသည်။ ယာနူကားမှာ အာရဗီစကားဖြင့် 'လူကလေး'ဟူ၍ဖြစ်၏။ ယာနူကား၏ ဖုန်းဆက်သည့်စာရင်းများ၊ဧည့်သည်များနှင့်အပေါင်းအသင်းမိန်းကလေးများ၏ စာရင်းပါပါရှိသည်။

"ဒီကောင်လေးဟာ ဘာမှ ထူးထူးကဲကဲမရှိဘူး၊သာမန်သူတွေလိုပဲ ကျင့်ကြံလှုပ်ရှားတတ်တယ်၊ အားလုံးကလည်း သူ့ကိုသဘောကျတယ်ခင်ဗျာ၊ သူ့ရဲ့ဝါသနာက စာဖတ်တာပဲ မာတီ"

လန်နီက စိတ်အားထက်သန်စွာပြောသည်။

ထိုစဉ် ပြတင်းပေါက်မှ အလင်းရောင်တန်းတစ်ခုက ထိုးဝင်လာ၏။ စကားတစ်ခွန်းမျှမပြောပဲ လန်နီ၏ လူတစ်ဦးက ခြေဖျားထောက်သွားကာ အဝေးကြည့်မှန်ပြောင်းအား ထောင့်တစ်ခုတွင်တင်လိုက်၏။ အခြားတစ်ယောက်ကလည်း ရေဒီယိုအသံဖမ်းစက်ဘေးတွင် ဆောင့်ကြောင့်ထိုင်ကာ နားကြပ်ကို ယူတပ်သည်။

"ခင်ဗျားကြည့်ဦးမလားမာတီ"

လန်နီက မျှော်လင့်တကြီးဖြင့် မေးလာ၏။

"ဂျူရှရဲ့ ပြုံးလိုက်တာကို မြင်ကတည်းက တို့ယာနူကားလေးတစ်ယောက် ခုညအလုပ်ဖြစ်တော့မယ်ထင်တယ်၊ အကြာကြီးကြည့်နေသူက ခန်းဆီးကိုချထားပစ်တော့မှာ၊ ဘာတွေလည်းကွ ဂျူရှ၊ သူ့အပြင်ထွက်တော့မှာလား၊ သူ ဘယ်သူ့ကို ဖုန်းဆက်နေတာလည်း



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးတစ်ယောက်ဖြစ်မှာတော့ သေချာတယ်ဟော့”

ဂျိုရှက ဘေးသို့ဖယ်ပေးရာ မာတီကာတ်(စ)က မှန်ပြောင်းဖြင့် ငုံ့ကြည့်သည်။

“ကောင်လေးရဲ့နောက်မှာ သူ့စာအုပ်တွေကို တွေ့သလားဗျ”

လန်နီက မေးလိုက်၏။

“ဒီကောင်လေးက ကျွန်တော့်အဖေလိုပဲ စာသိပ်ဖတ်တာ”

“ခင်ဗျားတော့ တကယ်သင့်တော်တဲ့ ကောင်လေးကိုရှာရပါပြီဗျား”

“တကယ်ကြည့်လို့ကောင်းတဲ့ကောင်လေးပဲ၊ဘာမှပြောစရာ မလိုတော့ပါဘူး”

သူကထိုင်ခုံပေါ်မှ မီးခိုးရောင်အင်္ကျီကိုဆွဲယူသည်။

“ခင်ဗျားကို ကျွန်တော်တို့ ကျေးဇူးတင်ပါတယ်လန်နီ၊ဘာမျှ မေးခွန်းထုတ်စရာ မလိုတော့ဘူး”

ခေတ္တမျှ စဉ်းစားပြီး ဆက်ပြော၏။

“ကောင်လေးကို ထောင့်မျိုးစုံကနေ ဓာတ်ပုံရိုက်ယူပါ ဖလင်တွေက သိပ်ဈေးမကြီးပါဘူးဗျ၊လန်နီ”

လက်ဆွဲနှုတ်ဆက်အပြီးတွင် ကတ်(စ)က အပြာရောင်သံပုရာနံ့ ဦးထုပ်ဟောင်းလေးအား ခေါင်းတွင်ဆောင်းကာ လမ်းပေါ်သို့ ဆင်းသွားပါတော့သည်။

※※※※





မိုးက ရွာနေ၏။ ကတ်(စ)အား သူတို့က မှန်လုံကားအရှည်ကလေးဖြင့် လာခေါ်ကြ၏။ အိုဒက်က ကားမောင်းနေသည်။ မုတ်ဆိတ်မွေးများရှိသော သူ၏နုပျိုသည့်မျက်နှာမှာ မီးရောင်များကို ဖြတ်သွားစဉ် ဒေါသထွက်နေမှန်းကို တွေ့ရ၏။

“ခု သူက ဘာကားသုံးနေသလဲ”

ကတ်(စ)က မေးလိုက်သည်။

“သူနောက်ဆုံး သုံးနေတာက သူဌေးတွေစီးတဲ့ ဘီအမ်ဒဗလျူကားပဲ”

အိုဒက်က ပြန်ဖြေသည်။

“ကားက တကယ်ကောင်းတဲ့ကားပဲ၊ကီလိုမီတာ ငါးထောင်လောက်ပဲမောင်းရသေးတယ်၊ ကားဟာ သူ့ရဲ့အားနည်းချက်ပဲခင်ဗျ”

“ကားတို့ မိန်းမတို့ဆိုတာ ဘဝကို သာတောင့်သာယာဖြစ်စေတဲ့ဟာပဲ”

“ဘက်ဂိုဒီ(စ)ဘဂ်မှာ လုပ်တာသူတို့ လေဒန်မှာလုပ်တာသူတို့တို့ဆွဲထုတ်ဖို့ ရည်ရွယ်ထားတာက သူတို့ကိုပဲ”

“ကောင်းပါပြီလေ”

အိုဒက်က ခပ်ရှက်ရှက်နှင့်ပြော၏။

“မကောင်းသေးဘူး အိုဒက်၊ယာနူကားမှာ မိတ်ဆွေတွေရှိတယ် ဆွေမျိုးအသိုင်းအဝိုင်းတွေ ရှိတယ်၊ ဒီလူတွေကို ခုထိတို့မသိကြရသေးဘူး။ မင်းငါ့အတွက် ဒီစစ်ဆင်ရေးကို ဆောင်ရွက်ပေးချင်ရဲ့လား”

“ကောင်းပါပြီလို့ ကျွန်တော်ပြောခဲ့သားပဲဗျာ”

ကတ်(စ)က အင်္ကျီကော်လာစအား ပြန်လှန်လိုက်၏။အိုဒက်က ကားစက်ကိုပြန်နှိုး၏။ ကတ်(စ)က ယာနူကား၏နောက်သို့ဆက်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရန်ပြောလာသည်။ သို့ဖြင့် သူတို့မှာ ယာနူကား၏ အနှစ်မြိုက်ဆုံး ညကလပ်များ၊အကျီနှင့်လည်စီးဝယ်တတ်ရာဆိုင်များ၊ဆံပင်ညှပ်ရာနေရာနှင့် လက်ဝဲစာအုပ်ဝယ်ရာနေရာများသို့ မောင်းထွက်လာကြ၏။

နောက်ဆုံးတွင် လေယာဉ်ကွင်း၌ သူတို့လမ်းခွဲလိုက်ကြသည် ကျောက်ပြားပေါ်ဝယ် ရပ်ရင်း ကတ်(ဇ)က အိုဒက်၏ပခုံးကိုတစ်ချက်ပုတ်၍ ဆံပင်ကိုသပ်၏။

"မင်းတို့နှစ်ယောက်စလုံး နားထောင်ထားကြ၊ မြင်းရဲ့ကြိုးကို တအားမဆွဲရဘူးကွ၊ ကဲ...မင်းတို့ တစ်နေရာရာမှာ စားစရာသွားဝယ်စားတော့၊ ငါ့ရဲ့ကိုယ်ပိုင်ငွေထဲက ပေးလိုက်ပါ့မယ်..ဟုတ်ပြီနော်"

⌘⌘⌘⌘⌘

ဘာလင်လေယာဉ်ကွင်း၌ ရှိမွန်ကဖို့(ဒ)ကားလေးဖြင့်လာကြသည်။ ရှိမွန်မှာလည်း ဟော်လန်သို့သွား၍ လေဒန်မှကိစ္စအား နှစ်ရက်တာမျှ ကြည့်ရှုပြန်လာခဲ့ရသည်။ ကတ်(ဇ)လိုပင်အိပ်ရေးဝဝ အိပ်ရသေးဟန်မတူ။

"ပါဆယ်ဖုံးက မိန်းကလေးတစ်ယောက် လာပို့သွားတာတဲ့ဗျ.."

ကားတွင်းသို့ ကတ်(ဇ)ရောက်သည်နှင့် သူကပြောတော့၏။

"ဟိုတယ်က သေတ္တာတွေသယ်ပြီးတဲ့လူကတော့ ပြောတယ် ကောင်မလေးက တက္ကသိုလ်ကထင်တယ်လို့ စက်ဘီးနဲ့လာပြီး စက်ဘီးနဲ့ပြန်သွားတယ်တဲ့၊ တစ်ချို့ကလည်း စက်တပ်စက်ဘီးနဲ့လာသွားတယ်လို့ပြောတယ်..။အထုပ်ကိုဖဲကြိုးနဲ့ချည်ပြီး"ပျော်ရွှင်စရာမွေးနေ့"လို့





ရေးထားတဲ့ ကတ်ပြားလေး ချိတ်ထားတယ်၊လုပ်တဲ့ပုံစံ၊လာတဲ့ပုံစံ ဖုံးနဲ့မိန်းကလေးတစ်ယောက်ပဲ ဘာမှအသစ်အဆန်းမရှိပါဘူး"

"ဖုံးကရော"

"ရှုးလုပ် ပလပ်စတစ်ယမ်းမျိုးပဲ တခြားဘာမှ ခြေရာခံလို့မရဘူး"

"ဘာအမှတ်အသားမှ မပါဘူးလား"

"လျှပ်စစ်ကြောင်းဆက်တဲ့ နှစ်ပင်လိမ်ဝါယာကြိုးအနီလေး တစ်ခုပဲအပိုပါတယ်၊ လူရုပ်လေးတစ်ခုထဲမှာ ဖုံးကိုထည့်ထားတာပဲ"

ကတ်(ဇ)က သူ့အား စူးစူးရှရှကြည့်လိုက်၏။

"အပိုဝါယာကြိုးမဟုတ်ပါဘူး"

ရှိမွန်က စကားကိုပြန်ဖြည့်၏။

"မီးလောင်ထားတဲ့ တစ်ပိုင်းတစ်စပဲ"

"အကျီညှပ်တဲ့ ကလစ်လေး မပါဘူးလား"

ကတ်(ဇ)က မေးလိုက်သည်။

"ခုတစ်ခါတော့ သူကကြွက်ထောင်ချောက်လေးတစ်ခုလိုတယ်၊ မီးပိုထဲမှာ သုံးတဲ့ကြွက်ထောင်ချောက်လေးတစ်ခုပဲဗျ"

ရှိမွန်က ကားစက်နှိုးလိုက်၏။

"သူက ကြွက်ထောင်ချောက်တွေကိုလည်း သုံးတတ်တယ်လေ"

ကတ်(ဇ)က ပြောလာသည်။

"သူက ကြွက်ထောင်ချောက်တွေ၊ အကျီညှပ်ကလစ်တွေ၊ ကုအင်ဒီလူမျိုးတွေရဲ့ အထည်ဟောင်းစတွေ ခြေရာမကောက်နိုင်တဲ့ ယမ်းတွေ၊အပေါစားနာရီတွေ၊ အပေါစားမိန်းကလေးတွေကို သူသုံး



www.burmeseclassic.com

www.burmeseclassic.com



တတ်တယ်၊ အာရပ်တစ်ယောက်ဖြစ်နေတော့ကာ သူဟာ ဗုံးကို တကယ့် စုတ်စုတ်ပဲ့ပဲ့သုံးတဲ့လူပဲ”

ရှိမွန်က ပြော၏။

“ဂါဒီကိုတော့ ခင်ဗျားဖြေရှင်းချက်ပေးရမှာပဲ”

ဂါဒီမှာ ဂါ(ဗ)ရွန်ကို သူတို့က ခေါ်ခြင်းဖြစ်၏။ ရှိမွန် သူ့ဆရာသမားအား ကြည့်လိုက်သည်။

“သူက ဒီကို နောက်ဘဝတစ်ဖြစ်လည်းဖို့ ရောက်လာတာ ဒါကြောင့်ပဲ ဘာ့လင်ကို သူလာတာ”

“ဂါဒီဟာ သူ့ဘာသာသူ ဖန်တီးနိုင်တယ် ရှိမွန်၊သူ့အရည်အချင်းထက်သာအောင် ဘယ်သူမှ မလုပ်နိုင်ဘူး၊အားလုံးက နောက်တန်းမှာ ရှိနေတုန်း အဆိုးဆုံးနေရာမှာ အပြင်းထန်ဆုံး သူကတိုက်ခဲ့တာ”

“ခု သူက ဒီမှာ ဘယ်လိုနာမည်သုံးမှာလည်း”

“တက်ကာတဲ့”

ရှိမွန်က ပြောပြလိုက်၏။

သူတို့၏ ကားမှာ အဆောက်အအုံတစ်ခုရှေ့သို့လာရာ ရပ်၍ ကြည့်သည်။ သုံးထပ်အဆောက်အအုံ၏ မြေညီထပ်တွင် အမျိုးသမီးအဝတ်အထည်များရောင်းသည့် နီယွန်မီးချောင်းဆိုင်းဘုတ်ချိတ်ထား၏။ ၄င်းအပေါ်တွင်မူ လက္ကားရောင်းချရာသာ ဖြစ်သည်ဟူသော ဆိုင်းဘုတ်က ရှိနေပြန်၏။

“အပေါ် လူခေါ်ခေါင်းလောင်းကို နှိပ်လိုက်”

ရှိမွန်က ပြောပြ၏။

“နှစ်ချက်နှိပ် ခဏနားပြီးနောက်တစ်ချက်နှိပ်၊ သူရောက်လာလိမ့်မယ်၊ သူ့အတွက် အခန်းကိုအပေါ်မှာ ပေးထားကြတယ်”

“ကံကောင်းပါစေဗျာ..ဟုတ်ပြီနော်..ကံကောင်းပါစေ”

လမ်းတစ်ဖက်သို့ ဖြတ်လျှောက်သွားသော ကတ်(ဇ)ကို ရှိမွန်က ကြည့်နေ၏။ ကတ်(ဇ)က ခပ်သုတ်သုတ်သွားနေပြီး အမှောင်ရိပ် တံခါးဝဝယ် ရပ်လိုက်၏။ တုတ်ခိုင်သော လက်တစ်ဖက်ကို လူခေါ် ခေါင်းလောင်းဆီသို့ မြှောက်လိုက်ပြီး တံခါးပွင့်လာသည်ကို ရှိမွန်က တွေ့ရသည်။ လက်တစ်ဖက်က ကတ်(ဇ)၏ ပခုံးအားပွေ့ဖက်၍ နှုတ်ဆက်လာ၏။ ထို့နောက် တံခါးကပြန်ပိတ်သွားပါသည်။

မြို့ထဲသို့ ရှိမွန်က ခပ်ဖြည်းဖြည်း ကားမောင်း၍ လာ၏။ ခုနစ်နာရီထိုးရန် ငါးမိနစ်အလိုတွင်မူ သူက ကတ်(ဇ)အား ထားခဲ့ရာနေရာသို့ ပြန်ရောက်လာ၏။ လူခေါ် ခေါင်းလောင်းအား သူက နှိပ်လိုက်သည်။ လျှောက်လာသော ခြေသံကို သူကကြားရ၏။ တစ်ယောက်တည်း၏ ခြေသံသာဖြစ်ပါသည်။ တံခါးပွင့်လာပြီး ကတ်(ဇ)ကို တွေ့ရ၏။ သူက မုတ်ဆိတ်ကျင်စွယ် မရိတ်ရသေး။ လည်စည်းကိုမူ ချွတ်ထားသည်။

“ဘယ့်နှယ်လဲ”

ကားအတွင်းသို့ ပြန်ရောက်သည်နှင့် ရှိမွန်က မေးလိုက်၏။

“ဘာ ဘယ့်နှယ်လဲကွ”

“သူက ဘာပြောသလဲ၊အလုပ်လုပ်မယ်တဲ့လား၊ဒါမှ မဟုတ် အေးအေးဆေးဆေးပဲ နေဦးမတဲ့လား”

“သူက အစွရေးအရာရှိတစ်ယောက်ပါ ရှိမွန်”

ကတ်(ဇ)က ထိုမျှသာပြော၍ ပြုံးလိုက်ပါသည်။

⌘⌘⌘⌘⌘







www.burmeseclassic.com

www.burmeseclassic.com



သူတို့အဖို့ အနီရောင် မာစီဒီးကားနောက်သို့သာ နောက်ယောင်ခံလိုက်နေရ၏။ ဤအဖွဲ့ကို ရှိမွန်က ခေါင်းဆောင်အမိန့်ပေးလျှက်ရှိသည်။ ကတ်(၈)မှာ လန်ဒန်သို့ ခေတ္တပြန်သွား၏။

ယာဉ်ကား နောက်သို့လိုက်ရသူများမှာ လေဆိပ်သို့ရောက်သွားကြသည်။ နောက်သုံးရက်မျှအကြာတွင် ယာဉ်ကားမှာ ဆောရှတ်သို့ ရောက်နေမှန်းသိကြရ၏။

ပါလက်စတိုင်းတို့ နေထိုင်ရာ ရပ်ကွက်ရှိ အဆောင်အအုံတစ်ခု၏ မြေအောက်ခန်းဝယ် အသံဖမ်းအဖွဲ့တစ်ဖွဲ့က သတင်းပို့လာသည်။ ယာဉ်ကားမှာ သူမနှမ ဖာတမာအား ဖုန်းဆက်ကြောင်းပင်။ ဖာတမာမှာ သူတို့၏ တော်လှန်ရေးရုံးတစ်ခုဝယ် အလုပ်လုပ်လျှက်ရှိ၏ သူမအား ယာဉ်ကားက ညနေခင်း အားမအားမေးသည်။ သူ၏လေသံမှာ လှိုက်လှိုက်လှဲလှဲရှိသလောက် သူမ၏အသံက အေးစက်စက်နိုင်လွန်း၏။ သူမ၏ ဖုန်းအား ကြားဖြတ်အသံဖမ်းထားကြောင်း သူမအနေဖြင့်သိပုံရ၏။ နှစ်ယောက်စလုံးက သိနိုင်ပါသည်။

သူက အီစတန်ဘူသို့ လေယာဉ်ဖြင့် ရောက်သွားပြန်၏။ ဟီ(လ်)တန်ဟိုတယ်တွင် ဆိုက်ပရပ်(စ)သံတမန် နိုင်ငံကူးလက်မှတ်ဖြင့် နှစ်ရက်မျှနေသွားသည်။ လိုက်နေရသူများမှာ နောက်မှတောက်လျှောက်လိုက်နေရ၏။ သူ့အားအလွတ်မပေးရဲတော့ချေ။

ယာဉ်ကားမှာ တစ်နေ့လုံးလျှောက်လည်နေပြီး ညဘက်တွင် အပြင်ဘက်သို့ ပြန်မထွက်တော့။ ဗိုက်သားလှုပ် ကချေသည်မလေးများ၏အကကိုပင် သွားမကြည့်တော့ပါ။ နောက်တစ်နေ့နံနက်ခင်းစောစောတွင်မူ သူက အက်ဒန်းနှင့် အစ်(ပ)ဆာလာသို့ သွားသောလမ်းအတိုင်း ကားမောင်း၍ထွက်သည်။ မြို့ငယ်လေးတစ်မြို့တွင်





ရပ်၍ ကော်ဖီသောက်၏။

အစ်(ပ)ဆာလာသို့အရောက်၌ သူ့အား မျက်ခြည်ပြတ်သွားကြ၏။ ထိုနေရာ၌ လမ်းက နှစ်သွယ်ရှိ၏။ လမ်းမကြီးအတိုင်းပင် ဆက်သွားမည်ဟု နောက်မှလိုက်နေသူများက ယူဆလိုက်ကြသည်။ ဤသို့ဖြင့် တူရကီနှင့် ဂရိနယ်စပ်သို့ရောက်လာ၏။

သူက သံတမန်နိုင်ငံကူးလက်မှတ်ကိုပြ၍ နယ်စပ်ကိုဖြတ်ရန် ကြိုးစားရာ အောင်မြင်သွားပါသည်။ သူက ဂရိနိုင်ငံအတွင်းမဝင်မီ အကောက်ခွန်လွတ် ဇော့(ဒ)ကာ အရက်ပုလင်းဝယ်ကာ ရေခဲမုန့်ကို စားနေသေး၏။

ဆိုင်အတွင်းဝယ် ဆံပင်ရှည်နှင့် လူတစ်ယောက်က သူ့အား စောင့်ကြည့်လျှက်ရှိသည်။ ထိုလူမှာ လွန်ခဲ့သော သုံးနာရီကတည်းက ရောက်နှင့်နေ၏။ ယာဉ်ကား ဖြတ်သွားသည်နှင့် ထိုသူမှာ မော်တော်ဆိုင်ကယ်ရှိရာသို့ လျှောက်သွားပြီး ရှိမွန်ထံသို့ သတင်းပို့တော့၏။ ရှိမွန်မှာ ဂရိနိုင်ငံအတွင်း ကီလိုမီတာ(၃၀)ခန့်တွင် အသင့်စောင်းဆိုင်း၍နေပါသည်။

ဤအကြိမ်တွင်မူ ရှိမွန်တို့က မိန်းကလေးတစ်ယောက်ကို အသုံးပြုလိုက်၏။ မိန်းကလေး၏ ခန္ဓာကိုယ်မှာ အတော်ပင်လှသည်။ သူမက ဂီတာလေးတစ်လုံးနှင့် ကျောပိုးအိတ်ကို လွယ်၍လမ်းလျှောက်နေသည်။ မိန်းကလေးများကို စိတ်ဝင်စားတတ်သူ ထိုပုဂ္ဂိုလ်မှာလည်း သူမကို အမှန်ပင် သတိပြုမိလိုက်၏။

သူက မိန်းကလေးအားကျော်၍ ကိုက်ငါးဆယ်လောက် မောင်းသွားသည်။ သူမ၏နောက်ပိုင်းက လှ လောက် ရှေ့ကရော လှသည်လားဟု သူကကြည့်လိုက်ခြင်းပင်။ထို့နောက် ကား၏ပြတင်း



www.burmeseclassic.com

www.burmeseclassic.com



ပေါက်မှန်တံခါးကိုချကာ နေရောင်ခြည်ထဲဝယ် လျှောက်လာသော သူမကို ခေါင်းပြူ၍ ကြည့်လိုက်၏။

မာစီဒီးကား ပုံစံတစ်မျိုးတွင် တံခါးကို အတွင်းမှသာ သော့ခတ်၍ရ၏။ ဤပုံစံမျိုးတော့ မဟုတ်ချေ။ ထိုအရာကိုပင်ရှီမွန်တို့က မျှော်လင့်၍ထားခဲ့၏။

မိန်းကလေးက နောက်ဘက်တံခါးကိုဖွင့်၍ ဂီတာနှင့်ကျောပိုးအိတ်ကို ထည့်လိုက်သည်။ ထို့နောက် ယာဉ်ကား၏ ဘေးဘက် ထိုင်ခုံဝယ် ထိုင်လိုက်စဉ် သူ၏နားထင်အား သေနတ်ဖြင့်ထောက်ထားပြီးဖြစ်တော့၏။ သေနတ်ဖြင့်ထောက်ထားသူမှာ ရှီမွန်ကိုယ်တိုင်ပင် ဖြစ်သည်။

နောက်ပိုင်းကိစ္စမှာ သိပ်မခဲယဉ်းတော့ပါ။ သူ့အား အိပ်ဆေး တစ်လုံး ထိုးပေးပြီး ခေါ်သွားရုံသာ ရှိပါတော့သည်။

'ယာဉ်ကား' ဟု လျှို့ဝှက်အမည်ပေးထားသော အကြမ်းဖက်သမားတစ်ဦးမှာ မော့ဆက် လက်ဝယ်ဆင်းသက်ခဲ့ရချေပြီ။

ЖЖЖЖЖ



အခန်း (၃)

ဂျိုးဇက်နှင့် ချာလီတို့နှစ်ဦးသားမှာ မိုင်ကိုနော့(စ်)ကျွန်းကလေးပေါ်၌ သိကျွမ်းမိကြခြင်းသာဖြစ်သည်။ ကမ်းခြေဝယ် စားသောက်ဆိုင်လေးနှစ်ခုက ရှိနေ၏။ ဩဂုတ်လနောက်ပိုင်း၏ နေရောင်ခြည်မှာ အပူရှိန်ပြင်းထန်လှသည်။ အချိန်မှာ သမိုင်းတွင်ရစ်သောဘေးရွတ်ရှိ ပါလက်စတိုင်းရပ်ကွက်များသို့ အစ္စရေးက ဗုံးကြဲတိုက်ခိုက်ပြီး တစ်လအကြာတွင်ဖြစ်ပါသည်။

"ချာလီရေ...ဂျိုးဇက်ကို နှုတ်ဆက်လိုက်ပါဦးကွ"

တစ်စုံတစ်ယောက်က လှမ်းပြောသည်။

"အား..ဟုတ်ပြီ ချာလီရေ၊ ကိုယ် နှုတ်ဆက်ပါတယ်"

သူက သိမ်မွေ့နူးညံ့စွာပြောလိုက်သည်။

သူ၏လေသံမှာ တိုင်းတစ်ပါးဟန်ပေါက်နေသည်ကို သူမက



www.burmeseclassic.com

www.burmeseclassic.com



သတိပြုမိသည်။ သူမ၏ အမည်မှန်မှာ ရာမီယန်းဖြစ်သော်လည်း ချာလီဟူ၍သာ ခေါ်ကြ၏။ အချို့က 'နီရဲသောချာလီ' ဟုခေါ်တတ်ကြသေး၏။ ချာလီမှာ တခြားသော ရုပ်ရှင်မင်းသမီးများနှင့်မတူ။ အလွန်လှပသော မိန်းကလေးတစ်ဦးမဟုတ်သော်လည်း လိင်ဆွဲဆောင်မှုကမူ ရှိနေပါသည်။ သူမက နီရဲသော အတွေးအခေါ် စိတ်ဓာတ်ရှိသူလည်းဖြစ်၏။

သူတို့အပေါင်းအသင်းတစ်စုမှာ ဂရိနိုင်ငံ မိုင်ကိုနော့(စ)ကျွန်းသို့ လာရောက်အပန်းဖြေနေကြခြင်းဖြစ်သည်။ ဂျိုးဇက်မှာ သူတို့အဖွဲ့သားမဟုတ်။ ရေပုလင်းတစ်ပုလင်း၊ စာအုပ်တစ်အုပ်နှင့် မျက်နှာသုတ်ပဝါတစ်ထည်ကိုသာ အဖော်ပြု၍ နေတတ်သူတစ်ဦးပင်။ ချာလီက သူ့အား တစ္ဆေကောင်လေးတစ်ကောင်ဟု သူ့ဘာသာသူ ကင့်ပွန်းတပ်၍ အသိအမှတ်ပြုထားပါသည်။

ချစ်သူ အလာစတဲယားနှင့် သူမက အကြီးအကျယ် စကားများပြီး ကမ်းစပ်သို့ဆင်းလာစဉ် ဂျိုးဇက်အား သူက ပထမဦးဆုံး အကြိမ်မြင်တွေ့ခဲ့ဖူး၏။ သူမ၏ချစ်သူ အလာစတဲယားမှာ အရပ်အမောင်း ခြောက်ပေမြင့်၍ ချာလီလိုပင် ဆံပင်နီနီ၊ချောမွေ့သော အသားအရည်၊မျက်လုံးပြာပြာပိုင်ရှင် ဖြစ်၏။ သူ့အား အရှည်ကြီး အား(လ်)ဟု ခေါ်တတ်ကြသည်။

အမှန်တော့ ဂျိုးဇက်အား မြို့ထဲရှိစာအုပ်ဆိုင်တစ်ဆိုင်၌ မြင်တွေ့ခဲ့ဖူးသည်။ သူက အနီရောင် ဘလေဇာကုတ်အင်္ကျီကို ဝတ်၍ သူမအား ဂရုမပြုပဲ ဝတ္ထုစာအုပ်များ ရွေးနေ၏။

ယခုအကြိမ် သူ့အားတွေ့ရာ၌ အပေါ်အင်္ကျီအနီရောင်ဖြင့် မဟုတ်တော့ချေ။ တီရှပ်၊ဘောင်းဘီတိုနှင့် ကွင်းစွပ်ဖိနပ်ကိုသာ စီးထား





၏။ သို့သော်လည်း ထိုလူတစ်ဦးတည်းဖြစ်မှန်းကို သူမအဖို့ သံသယမဝင်မိပါ။

ဆံပင်နက်နက်များက နဖူးရှေ့သို့ ခွေ၍ကျနေသည်။ မျက်လုံးအညိုရောင်။ သူ၏ မျက်နှာကိုကြည့်ရင်း ယခင်ကတွေ့ခဲ့ဖူးသယောင် တွေးမိလာသည်။ သူတောင်စင်မကလေး ဂျုံးအကြောင်းကို ချာလီ ပြဇာတ် ကခဲ့ဖူးသည်။ ကျောင်းတစ်ကျောင်းတွင် ဖြစ်သည်။

ပြဇာတ်မစမီကလေးများအလယ်တွင် သူ့ကိုတွေ့ရသည်။ ညဘက်ပွဲစ၍ ကားလိပ်တင်လိုက်သည်နှင့် ထိုနေရာမှာပင် သူ့အား တဖန်တွေ့ရပြန်၏။ သူမအား သူက ငေးမော၍ ကြည့်ရှုတတ်ရာ ကားလိပ်ပြန်ချသည့်အထိပင်။ ချာလီမှာ သူမ၏အတွေးအာရုံမှ သူ့အား ဖယ်ထုတ်ပစ်ယူရတော့၏။

ထို့နောက် ရက်အနည်းငယ်အကြာတွင် နယူးယောက်မြို့၌ ချာလီ ကပြခဲ့ရပါသည်။ ရှေ့ဆုံးတန်း၏ အလယ်ဝယ် ခါတိုင်းကဲ့သို့ ဘလေဇာကုတ်အင်္ကျီအနီကိုဝတ်၍ သူက ထိုင်နေသည်။ သူမအဖို့ ကျိန်တွယ်၍ ပြောရဲ၏။ ဤမျက်နှာမှ ဤမျက်နှာရယ်ပါ။

ချာလီအဖို့ အတွေးကြွယ်မိသည်။ ဤလူသည် ဝေဖန်ရေးဆရာတစ်ဦးလော၊ ရုပ်ရှင်ထုတ်လုပ်သူ တစ်ဦးလော၊ ကိုယ်စားလှယ်လော၊ ရုပ်ရှင်ဒါရိုက်တာ တစ်ယောက်လော၊ အမျိုးမျိုး သို့လော သို့လောနှင့် ချာလီမှာ ဝေခွဲ၍မရတော့။ သူ့အား ခရီးမထွက်မီည၌ တွေ့စဉ် ခေါ်မေးလိုက်ချင်သည်။

ယခုတွေ့ရသည်မှာ သုံးပေမျှပင် သူမနှင့်မကွာ။ အားလုံးကို ဥပေက္ခာပြု၍ သူက စာအုပ်တစ်အုပ်ကိုသာလျှင် အာရုံစိုက်ဖတ်နေ၏။ သူမက သူ့ထံသို့ လှည့်လိုက်ရာ သူ၏ ဖျတ်ကနဲ မျက်လုံးဝေ့ကြည့်

www.burmeseclassic.com



သည်ကို တွေ့ရသည်။ သူမက မျက်မှန်အမည်းကြီးကို တပ်ထား၏။ အလာစတဲယားနှင့် ရန်ဖြစ်ပြီး ထိခိုက်ပွန်းပဲ့ရာများကို ဖုံးကွယ်ရန် တပ်ထားခြင်းသာ ဖြစ်တော့၏။

အနီးသို့ကပ်လာစဉ် သူမ ခန့်မှန်းထားသည်ထက် ပို၍အသက်ကြီးကြောင်းကို သိလာရ၏။ သူမအား မှတ်မိပုံမျိုးကို သူ၏အကြည့်ဝယ်မတွေ့ရချေ။

ကော်ဖီခွက်အား ပါးစပ်ဆီသို့ မြှောက်လိုက်စဉ် ငါ့တော့ ရူးနေပြီဟု သူမက တွေးမိ၏။ ထင်ယောင်ထင်မှား ဖြစ်မည်ဟုတွက်မိပြန်သည်။ သူမလျှောက်လာရာလမ်းသို့ ပြန်ကြည့်လိုက်စဉ်သူက ဂေါ့(ဖ)ဦးထုပ် အဖြူလေးကိုဆောင်း၍ စာကိုထိုင်ဖတ်နေ၏။ စာအုပ်မှာ အင်္ဂလိပ်ဘာသာဖြင့် ပုံနှိပ်ထားသော စာအုပ်ဖြစ်သည်။ "အလန်ဒေးနှင့် တွေ့ဆုံစကားပြောဆိုမှုများ" ဟူသည့် ဒီဘာရေး၏စာအုပ်ပင်ဖြစ်ပါ၏။ လွန်ခဲ့သည့်နေ့က သူမကိုယ်တိုင် ထိုစာအုပ်ကိုဝယ်ရန် တွေးခဲ့သေး၏။

သူမက သူ့ရှေ့မှဖြတ်ကျော်ကာ ထွက်လာခဲ့တော့၏။အတွေးများက တဝဲလည်လည်နှင့်သာ။

⌘⌘⌘⌘⌘

ဂျိုးဇက်နှင့်ချာလီတို့ တွေ့ဆုံကာ မိတ်ဆွေဘဝသို့ တက်လှမ်းနိုင်ရေးမှာ တစ်နေ့တွင်ကြုံခဲ့ရပါသည်။ အလာစတဲယားတစ်ယောက် ရုပ်ရှင်ရိုက်ကူးရန် သူ၏ကိုယ်စားလှယ်ထံမှ ကြေးနန်းရောက်လာသည်။

သို့ဖြင့် သူတို့တစ်အုပ်စုလုံး ပျော်ရွှင်မိကြ၏။ လိုအပ်သည်





လေယာဉ်လက်မှတ် စသည်တို့ကိုယူ၍ အပြန်တွင် ပြဿနာကစတော့သည်။ သူတို့က စားသောက်ဆိုင်သို့ဝင်ကာ အောင်ပွဲခံသည့်အနေဖြင့် သောက်ကြ စားကြသည်။ အိမ်သို့အရောက်တွင် လေယာဉ်လက်မှတ်နှင့် စာရွက်စာတမ်းများ ပါမလာတော့ချေ။ နိုင်ငံကူးလက်မှတ်နှင့် ပိုက်ဆံအိတ်ပါမရှိတော့။

အလာစတဲယားနှင့် ချာလီတို့အကြီးအကျယ် ရန်ဖြစ်ကြချေပြီ။ ထိုစဉ်မှာပင် သူက ရောက်လာသည်။ အရောင်စုံအပေါ်အင်္ကျီနှင့် ဂေါ့(ဖ)ဦးထုပ်ကို ဆောင်းရင်း သူကရပ်နေ၏။စားသောက်ဆိုင်ရှေ့ သောင်ပြင်မှ ကောက်ရလာသော အလာစတဲယား၏ လေယာဉ်လက်မှတ်ပိုက်ဆံအိတ်နှင့် နိုင်ငံကူးလက်မှတ်တို့ကို သူကယူလာသည်။

သူက စားပွဲပေါ်သို့ တစ်ခုချင်းတင်လိုက်၏။

"ခင်ဗျားတို့အထဲက တစ်ယောက်ယောက် ကျကျန်ခဲ့တယ်ထင်လို့ပါခင်ဗျာ၊ ဒါတွေမရှိရင်တော့ လူတစ်ယောက်အဖို့ အတော်ကသိကအောက် ဖြစ်သွားမယ်လို့ ကျွန်တော်ထင်ပါတယ်"

သူက အားလုံး၏ မျက်နှာကို အကဲခတ်ကြည့်သည်။ သူက ချာလီအား ကြည့်ကာ မျက်လုံးလွှဲသွားပြီးနောက် တစ်ဖန်ပြန်ကြည့်၏။

လူစီက သူ့အားဖိတ်ခေါ်လိုက်သည်။ ပေါလီနှင့်ဝီလီကလည်း သူ့အား ဖက်လှဲတကင်း ကြိုဆိုကြပါသည်။ ချာလီ၏ ပြာလွင်သော မျက်လုံးအစုံ၏ အကြည့်နှင့် ဂျိုးဇက်၏ ညိုလဲ့သော မျက်လုံးအစုံ၏ အကြည့်ကို သူတို့အားလုံး သတိပြုမိလိုက်ကြသည်။

"အေးဗျာ..အားလုံးကို တွေ့ရတာ ဝမ်းသာပါတယ်"

သူက တည်ငြိမ်စွာပြောလာပြီး အားလုံးနှင့် လက်ဆွဲနှုတ်ဆက်

www.burmeseclassic.com



ကြ၏။

သူနှုတ်ခမ်းဝယ် အပြုံးလေးတစ်ရပ်က ခိုမှီးလာသည်။

"အဟား..ချာလီဆိုတာ ကျွန်တော်က ယောကျ်ားလေးလို့ ထင်နေတာ"

"အင်း..ကျွန်မက မိန်းကလေးပါရှင်ရယ်"

ချာလီက ပြောလိုက်ရာ အားလုံးက ရယ်မိကြ၏။

⌘⌘⌘⌘⌘

နောက်ပိုင်းရက်များဝယ် ဂျိုးဇက်မှာ သူတို့၏ ဝိုင်းတော်သား တစ်ဦးဖြစ်လာတော့၏။ အလာစတဲယား ထွက်သွားပြီးနောက် သူတို့ အဖွဲ့မှာ အတူတူပင်နေထိုင်လျက်ရှိကြသေးသည်။

အားလုံးနှင့် ဂျိုးဇက်မှာ ရင်းနှီး၍လာသည်။ သို့သော် တည်တည်ငြိမ်ငြိမ် နေတတ်သော ဂျိုးဇက်အား သူတို့က အမေးအမြန်း မထူရဲ။ သူတို့အထဲတွင် ပေါလီကမူ ရဲတင်းလှပါ၏။

"ရှင်က ဘာလုပ်ငန်းလုပ်တာလဲဟင်"

"ကျွန်တော့်မှာ ဘာလုပ်ငန်းမှ ကြီးကြီးကျယ်ကျယ်မရှိပါဘူး ဗျာ"

သူက ကရုတစိုက်ပင် ပြန်ဖြေ၏။

"စာဖတ်တယ်၊ အရောင်းအဝယ်ကလေးနည်းနည်းပါးပါးပဲ လုပ်ပါတယ်၊ ပိုက်ဆံဆိုလို့ မကြာသေးခင်က အမွေရထားတာလေးပဲ ရှိပါတယ်"

ဤအဖြေကို ချာလီက သိပ်သဘောမတွေ့လှ။





"ကျွန်မတို့က ကပ်ပါးတစ်မျိုးပဲ မဟုတ်လား ဂျိုးဇက်ရယ်" ချာလီက မေးခွန်းထုတ်သည်။

"ကျွန်မတို့ဟာ စာဖတ်တယ်၊ စားဖို့သောက်ဖို့ ရှာတယ် ကိုယ့်ငွေကိုယ်သုံးတယ်၊ နောက် ဂရိကျွန်းလေးတစ်ကျွန်းမှာ စိတ်ပျော်ရွှင်မှုရအောင် လာနေကြတယ်ပေါ့၊ မဟုတ်ဘူးလားဟင်"

သူက ပြုံးလိုက်၏။ ချာလီက ပြန်၍ မပြုံးပြ။

"ဒါဆိုရင် ကျွန်မတို့ ဘာတွေဖတ်ရမလဲ၊ ဒါကိုပဲ ကျွန်မ မေးရမှာပဲ၊ ဘာလုပ်ငန်းနဲ့ ကျွန်မတို့ စားဖို့သောက်ဖို့ ရှာမလဲ၊ဒီလို ကျွန်မက မေးနိုင်တယ် မဟုတ်လား"

သူက ပြုံး၍သာ နေ၏။

"ရှင်က စာအုပ်ရောင်းတဲ့သူလား"

"ကျွန်တော် ပြောနေတာတွေက ခင်ဗျားကို စိတ်အနှောင့် အယှက်များ ဖြစ်သွားသလား"

ဂျိုးဇက်က ပြန်မေးသည်။

"ပိုက်ဆံနဲ့ အလုပ်ကိစ္စတွေက လွတ်ရာလွတ်ကြောင်းအတွက် မိုင်ကိုနော့(စ်) ကျွန်းလေးကို တို့လာကြတာ မဟုတ်လား ချာလီ"

"ဟုတ်လိုက်လေ..ရှင်ရယ်"

ချာလီက လိုက်လှဲစွာပင် ပြန်ပြောလိုက်၏။

သူမက စကားပြောရင်း နာကျည်းလာဟန်ဖြင့် စားပွဲခုံအား လက်သီးဖြင့် ထုသည်။ သူမအနေဖြင့် နော်တင်ဟန်၊နယူးယောက်(ခ) နှင့် လန်ဒန်တို့၌ လှည့်လည် ကပြကာ ရုပ်ရှင်ရိုက်လို၏။ သို့သော် လည်း သူမအဖို့ အောင်မြင်မှုနှင့် ကင်းဝေးရာ ဂရိကျွန်းကလေးတစ်ခု သို့ စိတ်အပမ်းဖြေရင်း လာနေရသည်။

www.burmeseclassic.com



"မင်းက ဘာကိုများ သေသေချာချာ သိချင်နေသေးတာလဲ ချာလီရယ်"

ထုံးစံအတိုင်း သူက ခဏတာမျှ စဉ်းစားတွေးဆ အပြီးတွင် မေးလာ၏။

"ရှင့်မှာ နာမည်လေးတစ်ခုတော့ရှိမှာပေါ့"

"မင်းတို့ပဲ ကိုယ့်ကို ဂျိုးဇက်လို့ အမည်ပေးထားကြသားပဲ"

စားသောက်ခန်းလေးတွင်းဝယ် ငြိမ်သက်သွား၏။

"ရစ်(ချ)သိုဇင်.."

နောက်ဆုံးတွင် သူက အဖြေပေးသည်။

"ဘာ..ရစ်(ချ)သိုဇင်လဲ ရှေ့က နာမည်ကရော.."

သူက အဖြေမပေးမီ နောက်ထပ်တစ်ကြိမ် နှုတ်ဆွံ့သွားပြန်၏။

"ပီတာတဲ့..ဒါပေမယ့် ကိုယ့်ကို ဂျိုးဇက်လို့ပဲခေါ်ပါလေ.."

"ဗီယင်နာမှာ နေပါတယ်၊ ဒါပေမယ့် ကိုယ်က ခရီးပဲထွက်နေတတ်တာယ်၊ ကိုယ့်လိပ်စာလိုချင်လို့လား၊ ပေးပါ့မယ် ဒါပေမယ့် တယ်လီဖုန်းလမ်းညွှန်စာအုပ်ထဲမှာတော့ ကိုယ့်လိပ်စာကို ရှာလို့တွေ့မှာ မဟုတ်ဘူး"

"ဒါဆို..ရှင်က သြစတြီးယားလူမျိုးလား"

"ချာလီရယ်..ကိုယ်ဟာ ဥရောပတိုက်သားနဲ့ အရှေ့တိုင်းသားကပြားရယ်လို့ပဲ ပြောပါရစေတော့၊ ဒီလောက်ဆိုရင် မင်းကျေနပ်ပါတယ်နော်"

ကျန်အဖွဲ့သားများမှာ ဂျိုးဇက်ကို အားနာ၍ ချာလီကို မြည်တွန်တောက်တီးတော့၏။

"ဟေ့...ချာလီ၊တော်တော့ကွ မင်းက ပြောချင်ရာပြောလို့ရတဲ့





ထရာဖား(လ)ဂါရင်ပြင်မှာ ရောက်နေတာ မဟုတ်ဘူးကွ"

ချာလီကမူ သိပ်ကျေနပ်ဟန်မတူ။ ဂျိုးဇက်၏ နှာခေါင်းအောက်နားကပ်၍ လက်ဖျောက်တစ်ချက်တီးလိုက်သည်။

သူမက ပြောင်ချော်ချော်လေသံနှင့် ပြောလာ၏။

"နိုင်ငံကူးလက်မှတ်ပြပါ၊ ကျွန်မရဲ့ နယ်ခြားကို ကူးယင်ဒီလိုပဲ ပြရမယ်၊ အလာစတဲယားအတွက်တော့ ရှင်က ယူလာပေးပြီး၊ ရှင့်ဟာ ကြည့်ပါရစေ၊ မွေးသက္ကရာဇ်၊ မျက်လုံးအရောင်၊လူမျိုးစုပေးလေ"

သူက လက်ကိုဆန့်၍ ဖြန့်ကာ ချာလီအား ငုံ့ကြည့်သည်။ နောက် သူက ပြုံးပြ၏။ ချာလီအဖို့ သူ၏အပြုံးမှာ အလင်းရောင်တစ်ရပ်နှယ်သာ ရှိတော့၏။

သူက ချာလီ၏လက်တစ်ဖက်ကို ဆွဲယူ၍ သူ၏ကျန်လက်တစ်ဖက်ဖြင့် လက်ချောင်းလေးများကို ဆုပ်ကိုင်သည်။ ထို့နောက် သူမထံသို့ ပြန်ချထားပေးလိုက်သည်။

*

ဗဗဗဗ

နောက်တစ်ပတ်တွင် ဂျိုးဇက်နှင့်ချာလီတို့၏ ဂရိနိုင်ငံခရီးက စတော့သည်။ စာပေအကြောင်း၊ပြဇာတ်အကြောင်းကို သူတို့ဆွေးနွေးကြ၏။

"....ထဲက ရိုစလင်းရဲ့အခန်းမှာ မင်းဝင်သရုပ်ဆောင်ရင် ကောင်းမှာပဲ ချာလီ"

www.burmeseclassic.com



"ရှင် နော်တင်ဟန်ကို ရောက်ဘူးလားဟင် ချာလီ"

သူမက သူ့အား စိုက်ကြည့်ရင်းမေးလိုက်သည်။

"နော်တင်ဟန်..ဟုတ်လား၊ ဟင့်အင်း ကိုယ် မရောက်ဘူးပါဘူး၊ ဘာဖြစ်လို့မေးတာလဲ"

သူမ၏ နှုတ်ခမ်းက စူသွား၏။

"ဟို..လွန်ခဲ့တဲ့လက အဲ့ဒီမှာ ကျွန်မ ကခဲ့သေးတယ် ရှင် ကျွန်မကို တွေ့မယ်လို့ ထင်တာပဲ"

"ဘယ်လောက်စိတ်ဝင်စားဖို့ ကောင်းလိုက်သလဲ၊ ဘယ်ပြဇာတ်မှာ ကိုယ်က တွေ့ရမှာလဲကွ၊ ဘာပွဲလဲ"

"သူတော်စင်မလေး ဂျိုးဆိုးတဲ့ ဟာလေ၊ ဘားနတ်ရှောရဲ့ ဇာတ်လမ်းပေါ့၊ အဲ့ဒီမှာ ကျွန်မက ဂျုံးလုပ်ရတယ်"

"အဲ့ဒီပြဇာတ်ကတော့ ကိုယ်အကြိုက်ဆုံးပဲ၊ မင်း ထပ်ပြီးကပြဦးမှာလား ကိုယ်ကြည့်ခွင့်ရရင် သိပ်ကောင်းမှာပဲကွာ"

"နယူးယောက်(ခ)မှာလည်း ကျွန်မတို့ ကခဲ့ပြီးပြီလေ"

သူမ၏အကြည့်က ဂျိုးဇက်ထံမှ မခွာ။

"ဟုတ်လား...မင်းကတော့ ဒါဆိုရင် ခရီးတွေချည်းသွားနေရမှာပဲ၊ ဘယ်လောက် ကောင်းလိုက်သလဲကွာ"

"အင်း..ရှင် နယူးယောက်(ခ)ကိုရော ရောက်ခဲ့သေးသလား"

"အလိုလေးဗျာ..လန်ဒန်ရဲ့ မြောက်ပိုင်း ဟမ်စတက်ထက်ပိုပြီး ဝေးဝေးလံလံမရောက်ခဲ့ဘူးပါဘူး၊ ဒါပေမယ့် နယူးယောက်(ခ) ကသိပ်လှတဲ့ မြို့လို့ပြောသံကြားဘူးတယ်"

"အို..သိပ်လှသပေါ့ရှင်"

သူမက ဂျိုးဇက်အား ငေးကြည့်ရင်း ရှေ့ဆုံးခုံ အလယ်ရှိ





မျက်နှာကို ပြန်၍မြင်ယောင်ကြည့်မိ၏။ မည်သို့မျှ အသေအချာတွေးကြည့်၍မရချေ။

သူမ အတိတ်မေ့ရောဂါများ ဖြစ်နေပြီဟု သူမက ဆုံးဖြတ်ချက်ချမိ၏။ ဒါမှမဟုတ်၊ သူမကိုယ်တိုင်ကများ ဖြစ်နေရောသလား။

သူက စားပွဲထိုးအားခေါ်ကာ လတ်လတ်ဆတ်ဆတ် ရှိနိုင်မည့်ငါးကို ဂရိဘာသာဖြင့် မေးသည်။

နွေနံနက်ခင်း ကိုးနာရီခန့်တွင် လက်ဆတ်သောငါးနှင့် ဝိုင်အရက်သောက်ရခြင်းမှာ သဘာဝကျလှ၏။ သို့သော်လည်း သူက သူ့အတွက် 'ကိုကာကိုလာ' သာလျှင် မှာသည်။ သူက အသိဉာဏ်ကြွယ်လှ၏။ နှစ်ယောက်သား လျှောက်လည်ကြမည့် ခရီးစဉ်ကို ဆွေးနွေးကြသည်။

"ခရီးသွား ကိုယ်စားလှယ်ဌာနက ကိုယ့်မိတ်ဆွေဆီကို ဆက်သွယ်ပြီး တို့အတူတူ သွားကြရအောင်"

သူက ပြော၏။

သူမက စကားမပြန်။

"သက်ဆာလိုနင်ကာ" ကို နောက်တစ်ပတ်လောက် ကိုယ်ရောက်မှ ဖြစ်မယ်"

သူက ရှင်းပြသည်။

"အေသင်မှာ ကားတစ်စီးလောက် ငှားပြီး မြောက်ပိုင်းကို တို့နှစ်ရက်လောက် လျှောက်လည်လို့ရတယ်"

သူမ၏ နှုတ်ဆိတ်နေမှုအပေါ် သူက စိတ်အနှောင့်အယှက်မဖြစ်မိချေ။

"သက်ဆာလိုနင်ကာကိုရောက်ရင် မင်းအဲ့ဒီကနေ လန်ဒန်ကို



www.burmeseclassic.com

www.burmeseclassic.com



လေယာဉ်နဲ့ သွားလို့ရတယ်၊ကားနဲ့သွားတုန်း တစ်ယောက်တစ်လှည့် စီမောင်းကြတာပေါ့ကွာ၊ မင်းကားမောင်းတော်တယ်လို့ ကိုယ်ကြားတယ်၊ မင်းဟာ ကိုယ့်ရဲ့ညီ့သည်တော်ပါပဲကွာ”

“ဟုတ်ပါတယ်လေ”

“ကဲ..ဒါဆိုရင် သွားကြရုံပဲပေါ့”

သူမက အတွေးကြွယ်မိသည်။ အလာစတဲ့ယားက သူမ အပေါ်ဆက်ဆံပုံကိုလည်း ပြန်သတိရမိ၏။ ယခုတော့ သူမဘဝအခန်း သစ်တစ်ရပ် စတော့မည်ဟု ကိုယ့်ဘာသာကိုယ် သတိပြုလိုက်မိသည်။

“မင်းမိတ်ဆွေတွေနဲ့ မော်တော်ကားစီးပြီး ပိုင်ရိုးယစ်ထိ သွားပေါ့၊ ညနေစောင်းရောက်လို့ ဆိပ်ကမ်းပြန်ဝင်ခါနီးရင် သူတို့ကို ပြောပြ မင်းတစ်ယောက်တည်း ဂရိကျွန်းမကြီးပေါ် လျှောက်လည်ဦး မယ်လို့။ ကြိုတင်ပြီး အစောကြီးတော့ မပြောနဲ့၊ မင်းကိုကန့်ကွက် နေဦးမယ်၊ ကိုယ်တို့ပြောထားတဲ့အကြောင်းတွေကိုလည်း သိပ်မပြောနဲ့ဦး”

သူမက တွေ့၍ စဉ်းစားကြည့်နေ၏။

“မင်း သူငယ်ချင်းတွေနဲ့လွတ်တာနဲ့ ကိုလိုကိုထရိနီရင်ပြင်ကို အငှားကားသာ စီးပြီးလာခဲ့တော့ကွာ၊ အဲဒီက ကိုယ်စောင့်နေမယ် ဂရိငွေ ဒရပ်(ချ်)မာ နှစ်ရာလောက်ပဲ ကုန်မှာပါ”

သူက နေရာကိုမှတ်မိ၊ မမှတ်မိ ပြန်မေးကြည့်၏။

ချာလီထံတွင် ငွေက ဒရပ်(ချ်)မာ ရှစ်ရာမျှသာ ကျန်တော့သည်။ ဤအကြောင်းကိုမူ သူ့အားပြောမပြတော့။ သူ၏လေသံဝယ် ပျော်ရွှင်မှုတို့က ထင်ဟပ်နေ၏။

“အဲဒီရင်ပြင်ရှေ့က ဒိုင်အိုဂျီးနက်(စ)ဆိုတဲ့ စားသောက်ဆိုင်





လေးမှာ ကိုယ်စောင့်နေမယ်၊ နာမည်လေးက ဘယ်လောက်ကောင်းလိုက်သလဲဟင်...ချာလီ၊ ဒိုင်အိုဂျီးနက်(စ)တဲ့။ ဒိုင်အိုဂျီးနက်(စ) ဆိုတာ ဂရိအတွေးအခေါ်ပညာရှင်လေ..၊သူက နေရထိုင်ရတဲ့နေရာမှာ သက်တောင့်သက်သာဖြစ်ဖို့ မလိုပါဘူးတဲ့ သူက သစ်သားရေစည်ထဲမှာလည်း နေလို့ရတယ်လို့ ပြောခဲ့တဲ့လူလေ..”

ရင်ပြင်ရှေ့ဝယ် သူကမစောင့်ပါ။ ဆိုင်ထဲတွင်သာ စောင့်မည်ဟု ဆို၏။ ဆိုင်ထဲတွင် သီးသီးသန့်သန့်ဖြစ်၍ အပူဒဏ်မှ လွတ်ကင်းမည်ဟု အကြောင်းပြသည်။

“အဲဒီဆိုင်ရဲ့ဘားမှာ ပဲရစ်ဟိုတယ်ရှိတယ်၊ အကြောင်းတစ်ခုခုကြောင့် ကိုယ်အပြင်သွားနေရရင် အဲဒီမှာ စာရေးထားခဲ့မယ်နော်၊ မစ္စတာလာကော့(စ) ဆိုတာကိုမေး။ သူက ကိုယ့်ရဲ့သူငယ်ချင်းကောင်းပဲ..ပိုက်ဆံတို့ဘာတို့ တစ်ခြားလိုအပ်တာရှိရင် ဒါလေးကိုပေးပြီးတောင်းလိုက်၊ သူကပေးပါလိမ့်မယ်”

သူက လိပ်စာကတ်ပြားလေးတစ်ခုကို လှမ်းပေးသည်။

“ကိုယ်ပြောတာတွေအားလုံး မင်းမှတ်မိတယ်နော် မှတ်မိပါတယ်ကွာ..မင်းက ပြဇာတ်မင်းသမီးကောင်းတစ်ယောက်ပဲ..မင်းဟာ စကားလုံးတွေ အမူအယာတွေ နံပါတ်တွေ အရောင်တွေအားလုံးမှတ်မိနေပါတယ်..”

ꕤꕤꕤꕤ



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

ကတ်(ဇ)နှင့် ရှီမွန်လစ်ဗက်တို့သည် ဆိုဟိုရပ်ကွက်ရှိ နက်(ဒ)ကွီလေး၏ ရုံးခန်းသို့ ဖုန်းဆက်ကြ၏။ သောကြာနေ့၏ မြူနှင်းဝေသောနေ့ခင်းအချိန်ဖြစ်သည်။ သူတို့မှာ ဂျူးဇက်နှင့်ရျာလီတို့ ဆက်မိသွားပြီကို သိသည်နှင့် နက်(ဒ)ထံသို့ ဖုန်းဆက်ခြင်းပင်။

သူတို့က သူတို့အမည်ကို ဂျီ–ကေကုမ္ပဏီမှ ရိုးလ်နှင့်ကာမန်းဟု အမည်ပေးထားကြသည်။ သူတို့က ကွီလေးအားတွေ့ဆုံခွင့်ကို တောင်းထားပြီး လာတွေ့ကြသည်။

"ကျွန်တော်တို့က ရိုး(လ်)နဲ့ ကာမန်းပါ"

ကတ်(ဇ)က ကွီလေး၏ ညှော်ခံကြိုဆိုရေး အမျိုးသမီးမစ္စက်လောင်းမိုးကို ပြောလိုက်သည်။

"ခုဆယ်နှစ်နာရီမှာ မစ္စတာကွီလေးနဲ့ တွေ့ဖို့ ကျွန်တော်တို့





ချိန်းထားပါတယ်၊ ဟုတ်ကဲ့ ကိစ္စမရှိပါဘူး..ကျွန်တော်တို့စောင့်နေပါမယ်"

ထို့နောက် သူတို့တွေ့ခွင့်ရသည်နှင့် နက်(ဒ)ကွီလေးရှိရာသို့ တက်လာခဲ့ကြ၏။ လေှကားမှာ မတ်စောက်၍ ကော်ဇောခင်းမထား။ သူတို့တက်သွားသည်ကို မစ္စလောင်းမိုးက ကြည့်နေ၏။

"ကျွန်တော်တို့က ရိုးလ်နဲ့ ကာမန်းပါခင်ဗျာ"

နက်(ဒ)ကွီလေးက တံခါးဖွင့်ပေးနေစဉ် ကတ်(ဇ)က ဒုတိယအကြိမ်မြောက်ပြောလိုက်သည်။

"ကျွန်တော်က ရိုး(လ်)ပဲ"

ကတ်(ဇ)က လက်ဆွဲနှုတ်ဆက်ရန် လက်ကိုကမ်းပေးလိုက်သည်။

"ခင်ဗျားနဲ့တွေ့ရတာ ဂုဏ်ယူဝမ်းသာမိပါတယ်၊မစ္စတာကွီလေးရယ်၊ ခင်ဗျားရဲ့ ဂုဏ်သတင်းကတော့ သင်းပျံ့နေတာပဲ"

ရှီမွန်က ကတ်(ဇ)ရဲ့ နောက်ဘက်မှ နှုတ်ဆက်လိုက်၏။ သို့သော်လည်း သူကလက်ဆွဲနှုတ်ဆက်တတ်သူမျိုးမဟုတ်။ နှစ်ဦးစလုံးအတွက် ကတ်(ဇ)က နှုတ်ဆက်ပြီးသား ဖြစ်ရတော့သည်။

နက်(ဒ)ကွီလေးမှာ အသက်ခြောက်ဆယ်နှစ်နှစ်ခန့်ရှိပြီဖြစ်၏။

"ကဲ..ခင်ဗျားတို့ ကျွန်တော့်ဆီကို လာတွေ့ရတဲ့ကိစ္စက.."

"ကျွန်တော်တို့ မနေ့ကပဲ မြူးနစ်က ထွက်လာခဲ့ကြတာပါ.."

"မြူးနစ်ဟုတ်လား"

"ဟုတ်ပါတယ်..ဒီမှာ ကွီလေး"

ကတ်(ဇ)က ပြောလာ၏။

ကျွန်တော်တို့ ဘယ်သူတွေလည်း၊ ဘာကြောင့် ခင်ဗျားကို



www.burmeseclassic.com

www.burmeseclassic.com



ဆက်သွယ်ရသလည်းဆိုတာနဲ့ ခင်ဗျားရဲ့အဖိုးတန်အချိန်ကို ကျွန်တော်တို့ဖြုန်းရတယ်ဆိုတာကို ပြောပြချင်ပါတယ်”

“ကဲ...မိတ်ဆွေတို့ရေ ပြောကြစမ်းပါဦးဗျာ”

နက်(ဒ)ကွီလေးက ပြန်ပြောရင်း ခြေနှစ်ချောင်းကို ချိတ်ထိုင်ကာ နားထောင်နေတော့၏။

✻✻✻✻✻

နက်(ဒ)ကွီလေးမှာ နဖူးကျယ်ကျယ်ရှိပြီး ဟန်ဂေရီလူမျိုးတစ်ယောက်နှင့် တူလှ၏။ သို့သော်လည်း ချက်လူမျိုး သို့မဟုတ် ချက်ဒေသတစ်ခုခုမှဖြစ်မည်ဆိုတာက သေချာလှသည်။ သူ၏ကျယ်လောင်လှသော အသံဝယ် ဥရောပတိုက်သား လေသံအချို့ပါနေ၏။

ရေဒီယိုစီးပွားရေးလုပ်ငန်းရှင်တစ်ဦးအနေဖြင့် သူ့လေသံမှာ မြန်၍ဩဇာပါလှသည်။ ရိုး(လ်)မှာ လုပ်ငန်း၏ ရှေ့နေတစ်ဦးဖြစ်၍ သူက အနောက်အလယ်ပိုင်းနှင့် ကနေဒါတွင် ရုပ်ရှင်ထုတ်လုပ်ရေး ကိုယ်စားလှယ်လုပ်ငန်းနှင့် စာပေလုပ်ငန်းတို့လုပ်နေကြောင်း ရှိမွန်က ရှင်းပြလိုက်သည်။

“မစ္စတာ ကွီလေးခင်ဗျား”

ကတ်(စ)က စကားစလာ၏။

“ကျွန်တော်တို့ စိတ်ထဲမှာ အစီအစဉ်တစ်ခုရှိနေပါတယ် ဆယ့်ခြောက်နာရီစာ ရုပ်မြင်သံကြားအစီအစဉ်တစ်ခုလုပ်ဖို့ပဲ၊အရည်အချင်းရှိတဲ့ အင်္ဂလိပ်၊ အမေရိကန်သရုပ်ဆောင် လိုချင်နေပါတယ်၊





တစ်နေရာက တစ်နေရာကူးပြီးရိုက်ရာမှာ သူ့ဒေသနဲ့သူ အံဝင်ခွင်ကျတဲ့ လူကို သုံးချင်တယ်”

ကွီလေးတစ်ယောက် စကားပြန်ဦးမလားဟု သူကစောင့်ကြည့်သည်။ ကွီလေးကနားထောင်နေသည်။

“မစ္စတာကွီလေးခင်ဗျား၊ ကုမ္ပဏီနဲ့အတူ ကျွန်တော်တို့က ခရီးထွက်ရတယ်”

ရှိမွန်က ဆက်ပြောသည်။

ကုမ္ပဏီရဲ့ ဘတ်(စ)ကားကြီးတွေနဲ့ သွားကြရတယ်၊ရှုခင်းတွေကို ကူညီပြီးရှာကြတယ်၊ ပရိသတ်နဲ့ထိတွေ့ပြီး လုပ်ကြပါတယ်၊ သရုပ်ဆောင်တွေရဲ့ ပွဲဦးထွက်ညမှာ စိတ်လှုပ်ရှားမှုမျိုးကို မျှဝေခံစားယူကြရတယ်၊ နောက်တစ်နေ့တော့ စာနယ်ဇင်းသမားတွေရဲ့ ရေးသားချက်ကို ဖတ်ပေါ့၊ ဒါဟာ ရှေ့ဆောင်တီထွင်မှုရဲ့ စိတ်ဓာတ်ပဲမဟုတ်ပါလားခင်ဗျာ၊ ဒါဟာ ပရိသတ်နဲ့ သရုပ်ဆောင်တွေရဲ့ ဆက်ဆံမှုပဲ”

ရှိမွန်၏စကား ဆုံးသွားပြီလောဟု ကွီလေးက တွေးမိ၏။ သို့သော်လည်း သူက စကားဆက်ပြန်၏။

“ကျွန်တော်တို့ဟာ ဂန္ထဝင်မြောက်ပြဇာတ်တွေကို သုံးကြပါတယ်၊ မစ္စတာကွီလေး၊ အရည်အချင်းရှိတဲ့ မျက်နှာသစ် သရုပ်ဆောင်တွေကိုပဲ သုံးပါတယ်”

“ဒီမှာ ကွီလေး..ခင်ဗျားရဲ့ ချာလီနဲ့ ကျုပ်စာချုပ်ချုပ်ချင်ပါတယ်”

ကွီလေးအဖို့ အလွန်စိတ်လှုပ်ရှားသွားမိသည်။ သူကစကားပြောမည်ပြုစဉ် ကတ်(စ)က ပြောလာပြန်သည်။

“ကွီလေး..ခင်ဗျားရဲ့ ချာလီဟာ အရည်အချင်းရှိတယ်အခု

www.burmeseclassic.com



ကနေ တစ်ခုကို လွယ်လွယ်ကူကူနဲ့ ကူးပြောင်းလုပ်နိုင်တဲ့ အရည်အသွေးရှိတယ်လို့ ကျွန်တော်တို့ ယုံကြည်ထားမိကြတယ်၊ သူ့ဘဝတစ်လျှောက်လုံး အမှတ်တရဖြစ်စေမယ့် အလုပ်ကို ကျွန်တော်တို့က ကမ်းလှမ်းနေတာပါ"

ကွီလေးစကားပြောရန် ကြံလိုက်ပြန်၏။ သို့သော်လည်း ရှိမွန်က ဝင်ပြောလာပြန်သည်။

"သူနဲ့တွေ့ဖို့ ကျွန်တော်စီစဉ်ထားပါတယ်၊ မစ္စတာကွီလေး မေးခွန်းတစ်ခုနှစ်ခုလောက် ထုတ်ပြီးတာနဲ့ ချာလီအဖို့ ကံကောင်းမယ့် အလုပ်ကြီး ဖြစ်လာပါတော့မယ်"

ရုတ်တရက်ပင် တိတ်ဆိတ်သွား၏။ ပီတိအဟုန်ဖြင့် နှလုံးသားအတွင်းမှ တေးဆိုနေသံကိုပင် ကွီလေးက ကြားနေရမိပါသည်။

✻✻✻✻

တိုင်ကပ်နွယ်ပင်အမည်ရှိ ဆိုင်တွင် သူတို့က လက်ဖက်ရည်သောက်ကြ၏။

"သူ့အတွက်တော့ အရင်အခါက တစ်ခါမှ ဒီလိုမကြုံခဲ့ရပါဘူး ချာလီဟာ တကယ့်လူကောင်းမလေးပါ၊ ကျွန်တော့် အဖွားကြီး မာဂျော်ရီကို ပြောခိုင်းရမှာပဲ"

ကွီလေးက ပြောလာ၏။

"အဲ့ဒီနောက်တော့ရော..."

ကတ်(ဓ)က လက်ထဲတွင် ထောပတ်သုတ်ထားသော





ပေါင်မုန့်အညိုကို ကိုင်ထားရင်း ခပ်ရွှင်ရွှင်မေးလိုက်သည်။

"အားလုံး အဆင်ပြေသွားမှာပဲ မဟုတ်လား"

"ချာလီကတော့ လုပ်မှာပေါ့လေ"

ရှိမွန်က လက်ဖက်ရည်ကို ခပ်မြှင်းမြှင်းစုပ်သောက်ရာမှ ပြော၏။

"အေးဗျာ..သူ့အတွက်တော့ ကျွန်တော် တကယ်ပဲဝမ်းသာမိပါတယ်၊ တကယ့်ကိုပဲဗျာ"

ကွီလေးက ဤမျှသာ ပြောတော့၏။

"ချာလီရဲ့ ငယ်ငယ်တုန်းကဘဝကတော့ ကြမ်းတမ်းလွန်းပါတယ်ဗျာ"

"ဘယ်လိုများလဲဟင်"

ချာလီ၏ဖခင်မှာ ငွေစုငွေချေး စာချုပ်စာတမ်းများ ရောင်းဝယ်လုပ်ကိုင်စားသူဖြစ်၏။ ပြဿနာဖြစ်ကာ တရားစွဲဆိုခံရပြီး ထောင်ထဲမှာပင် သေဆုံးသွားခဲ့ကြောင်းကို နက်(ဒ)ကွီလေးက ပြောပြသည်။

ရှိမွန်က ပြန်၍မေးကြည့်၏။

"ထောင်ထဲမှာသေသွားတယ်..ဟုတ်လားခင်ဗျာ"

"အဲဒီမှာပဲ မြေမြှုပ်ခဲ့ရတယ်လေ၊ဓနီးဖြစ်တဲ့ ချာလီအမေအနေနဲ့လဲ အပြင်ကိုသယ်ထုတ်သင်္ဂြိုဟ်ဖို့ကို ငွေမရှိလို့ သူ့ဘဝကို ပူနာကျည်းခဲ့ရတယ်"

"ဒါကို ချာလီက ခင်ဗျားကို ပြန်ပြောပြခဲ့တာလားဟင်"

ကွီလေးမှာ မကြည်မသာဖြစ်သွား၏။

"သူက ပြောမပြလို့ ဘယ်သူကပြောရမှာလဲဗျာ"

"ဘေးဘီက ပြောသလားလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



ကတ်(ဓ)က ဘခင်က သားတစ်ဦးအား ခွင့်လွှတ်အပြုံးဖြင့် ပြုံးသလိုပြုံးကာ ဝင်ပြောလိုက်၏။

"ကွီလေးရေ သူ့ကိုတော့ ခွင့်လွှတ်လိုက်ပါဗျာ၊သူကဒီလိုပဲ မယုံသင်္ကာရှိတတ်လို့ပါ၊ဟုတ်တယ်မဟုတ်လားဟော့"

"ဒီလိုပဲ ဖြစ်ပါလိမ့်မယ်ခင်ဗျာ"

ရှိမ္မန်က မလွှဲသာဟန်ဖြင့်ပြောလိုက်၏။

"ဒါနဲ့ မစ္စတာကွီလေး၊ခင်ဗျားရဲ့ဖောက်သည်တွေနဲ့ ပတ်သက်တဲ့ ဖိုင်တွဲတွေများ ရုံးမှာထားတတ်သလား"

"အင်း မစ္စက်အဲလစ်က လုပ်ထားတယ်ဗျ"

ကွီလေးက ပြန်ပြော၏။

"မစ္စအဲလစ်က အလုပ်လုပ်တာရောကြာပြီလား"

"ကြာပြီ ကျွန်တော့အဖေ လက်ထက်ကတည်းကပဲ"

"သူက ဘယ်လိုသတင်းမျိုးတွေ စုထားတာလဲ၊သူ့ရဲ့နှုန်းထား အသုံးစရိတ်၊ကော်မရှင်ပေးရတဲ့နှုန်း စတဲ့ဟာမျိုးတွေလား"

"အားလုံးပဲဗျို့၊မွေးနေ့တို့၊သူကြိုက်တဲ့ပန်း၊စားသောက်ဆိုင်တို့ပါ ပါတယ်၊သူတို့ကလေးတွေရဲ့နာမည်၊အိမ်မွေးတိရစ္ဆာန်၊သတင်းစာ၊ဂျာနယ် တွေမှာပါတဲ့ သတင်းတွေပါမကျန် ထည့်ပြီးသိမ်းထားပါတယ်"

"သူတို့ရဲ့စာတွေရော"

"ဒါလဲရှိတယ်"

"ချာလီရဲ့ လက်ရေးစာတွေတောင် ခုလောက်ကြာကြာရှိရဲ့ လားဗျ"

ရှိမ္မန်က ဝင်မေးပြန်၏။

"ကားမန်းရေ့...မစ္စတာကွီလေးရဲ့ အဖိုးတန်တဲ့အချိန်တွေကို





ဒီလောက်ဖြုန်းရရင် တော်လောက်ပါပြီကွာ"

ကတ်(ဓ)က ရှိမ္မန်အား ပြောလိုက်သည်။

"တို့လိုအပ်တာရှိရင် နောက်တော့ မစ္စတာကွီလေးက ပေးမှာပေါ့၊ ချာလီနဲ့တို့ အဆင်ပြေသွားရင်၊ သူကိုယ်တိုင်က ရှာပေးရင်ပေးမှာပါ၊ ကွီလေးရေ..ခုလိုတွေ့ရတာ မမေ့နိုင်စရာပါပဲ၊ကျေးဇူးလဲတင်ပါတယ်"

ရှာနေခဲ့သောမိုးမှာ တိတ်နေချေပြီ။ကွီလေးအား အလယ်တွင်ထား၍ သူတို့ကလမ်းလျှောက်ထွက်လာခဲ့ကြ၏။ သူတို့အမှန်တကယ် လိုချင်သည်မှာ မည်သည့်အရာနည်းဟု ကွီလေးက လမ်းတစ်လျှောက်တွင် တွေးလာမိသည်။ သူမ၏ မှတ်စုများကိုပါ ကြည့်ချင်ကြောင်း ပြောကြ၏။

ရုံးခန်းသို့ပြန်ရောက်လာစဉ် သူတို့အား မစ္စလောင်းမိုးက မကြည်မသာသော မျက်နှာဖြင့်ကြည့်နေသည်။ နက်(ဒ)အား ရှေ့မှာထား၍ သူတို့ကအပေါ်ထပ်သို့ တက်လာကြ၏။ မစ္စက်အဲလစ်အား ချာလီ၏ ကိုယ်ရေးရာဇဝင် ဖိုင်တွဲများ ယူလာခဲ့ရန် ဖုန်းဆက်မှာကာ သူတို့အား ဧည့်ခန်းတွင်ထားရစ်ခဲ့သည်။

"ကျွန်တော်တို့ဝင်လာရင် တံခါးကိုခေါက်ရဦးမှာလား မစ္စတာကွီလေး"

ရှိမ္မန်က မေးလိုက်၏။

ကွီလေးထွက်လာချိန်၌ သူတို့နှစ်ဦးမှာ နှင်းဆီသားစားပွဲကြီးပေါ်တွင် ချာလီ၏ မှတ်တမ်းများထည့်ရာ စက္ကူအညိုရောင် ခြောက်လုံးနှင့်အတူ ကျန်ရစ်ခဲ့ကြသည်။ အခွန်ဝန်ထမ်းများသဖွယ် သူတို့ဘေးတွင် ခဲတန်နှင့်စက္ကူများချထားကြ၏။ လူကောင်ကြီးကြီး ရှိ(လ်)



www.burmeseclassic.com

www.burmeseclassic.com



ဆိုသူက အပေါ်အကျီကို ချွတ်လိုက်သည့်ကိုလည်း ကွီလေးက တွေ့ရသေးသည်။

ရှုံးခန်းထဲဝယ် ကွီလေးက ခေတ္တမျှငိုက်မြည်းချွသွား၏။ ငါးနာရီထိုးကာနီး အချိန်၌ သူကနိုးလာသည်။ ဧည့်ခန်းတွင်းဝယ် မည်သူမျှမရှိတော့ရှင်းနေ၏။ သူက မစ္စလောင်းမိုးကို မေးကြည့်သည်။ ဧည့်သည်များမှာ သူအိပ်နေသည်ကို အနှောင့်အယှက်မပေးလိုသဖြင့် နှုတ်မဆက်ပဲ ပြန်သွားသည်ဟုသာ အဖြေပေးလာပါ၏။

⌘⌘⌘⌘

❀

ကွီလေးမှာ မာဂျော်ရီအား ချက်ချင်းမပြောသေးချေ။

"ဒီလူ့တွေဟာလေ"

ထို့နေ့ညဦးပိုင်းမှာ စနီးသည်အား သူကစပြောတော့၏။

"တကယ့်အနုပညာသမားတွေ မဆန်တဲ့နှစ်ယောက်ပဲ သူတို့က မြူးနစ်သွားရမှာကို ကြောက်နေသလိုပဲ အဲ့ဒီမှာ ဘာများကြောက်စရာ စိုးရိမ်စရာ ရှိလို့လဲ"

"ဂျူးလေးတွေလား"

"အေးကွ ငါတော့ ဒီလိုပဲထင်မိတယ်"

မာဂျော်ရီက သူမ သိနှားလည်ထားပြီးသည့်အလား ခေါင်းညိတ်၏။

"ဒါပေမယ့် ကြည့်ရတာ လူပျော်တွေပဲ"

ကွီလေးက မရေမရာနှင့် ပြောပြန်သည်။





ဘီး(လ)လော့(ချ်)ဟိမ်းမှာ နယူးယောက်(ခ)မြို့ရှိ နက်(ဒ)၏ တစ်ဦးတည်းသော ကိုယ်စားလှယ်ဖြစ်၏။ နောက်တစ်နေ့တွင် သူက လှမ်းဖုန်းဆက်ကြည့်သည်။ သူတို့အကြောင်းကို လော့(ချ်)က မသိ။ သို့သော်လည်း နောက်မှ ပြန်၍ သတင်းပို့လာ၏။

ဂျီ-ကေ ကုမ္ပဏီမှာ ရုပ်မြင်သံကြားလုပ်ငန်းဝယ် လူသစ်များ ဖြစ်ကြောင်း၊အမှီအခို ကင်းမဲ့သူများဖြစ်ကြောင်းမျှသာပင်။ ဤနှစ်ဦးနှင့် ပတ်သက်၍ ကွီလေးအဖို့ တိတိကျကျသိနိုင်ရေးမှာ မျှော်လင့်ချက်မရှိ တော့ချေ။ သူက သံသယဝင်လာမိသည်။

သူတို့ပြောခဲ့သော မြူးနစ်ရှိ ဟိုတယ်အား ဖုန်းဆက်၏။ တစ်ညတာမျှသာ တည်း၍ ထွက်သွားကြပြီဖြစ်ကြောင်း ဟိုတယ်က အဖြေပေးလာသည်။ ကွီလေးအဖို့ ရရှိသမျှ သတင်းတို့သည်မလုံ လောက်ချေ။

ကတ်(ဇ)ပြောခဲ့သော ဂျာမန်ရုပ်ရှင်ထုတ်လုပ်သူတစ်ဦးနှင့် လည်း သူက ဆက်သွယ်ကြည့်ပြန်၏။

"သူတို့ဟာ လူကောင်းတွေပဲဗျာ၊ ရိုသေလေးစားထိုက်တဲ့ သူတွေပါပဲ"

ဟူ၍ အဖြေပေး၏။ မြူးနစ်တွင် နောက်ဆုံးမည်သည့်အချိန် ကရောက်လာကြောင်းနှင့် ယခုသူတို့ထုတ်လုပ်မည့် ရုပ်ရှင်နှင့်တွဲနေ သော အပေါင်းအဖော်များ အကြောင်းကို မေးရာတွင် တစ်ဖက်မှ ဝေ့လည်ကြောင်ပတ်ပြော၍ ဖုန်းပြန်ချသွားပါသည်။

သို့သော်လည်း ကိုယ်စားလှယ်လုပ်ငန်း လုပ်ဖော်ကိုင်ဖက် အပေါင်းအသင်းများက ကွီလေးမှာရှိပါသေး၏။

အဆက်အသွယ်ကောင်းသော ဟာလ်နိုလန်ဆိုသူအား မေး



www.burmeseclassic.com

www.burmeseclassic.com



ကြည့်သည်။

“ကြီးကြီးကျယ်ကျယ်လုပ်မယ့် ရုပ်မြင်သံကြားဇာတ်လမ်းတွဲကိုလုပ်မလို့တဲ့ဗျာ ရီး(လ်)နဲ့တစ်ယောက်ပဲ ခင်ဗျားသူတို့ကို သိသလား”

နီလန်က ရယ်လိုက်၏။

“သူတို့ကို ခင်ဗျားဆီလွှတ်လိုက်တာ ကျွန်တော်ပဲဗျ၊ ခင်ဗျားရဲ့ ချာလီအကြောင်းကို သူတို့က သိချင်နေတာ၊ သူနဲ့ကအတော်အလှမ်းကွာနေပြီလို့ ကျွန်တော်က ထင်နေမိတယ်၊ သူတို့ကို ကျွန်တော်က ပြောပြလိုက်တယ် ကွိုလေး”

“ဘာတွေ ပြောပြလိုက်တာလဲဗျ”

“ကောင်မလေးက မိုးကို ခေါင်းနဲ့ တက်ဆောင့်တော့မယ်လို့လေ၊ဘာဖြစ်လို့လည်း”

“သူတို့က ခပ်လောလောဖြစ်နေလို့ပါ”

သူက ပြောသည်။ ညဘက်တွင် မာရျော်ရီအား သူက ပြောပြန်သည်။

“သူတို့က အားသွန်ခွန်စိုက်ပဲ၊ အမေရိကန်လူမျိုးတွေအနေနဲ့တောင် သူတို့က ပိုနေတယ်၊ ငါ့ဆီကိုတော့ ရဲဝန်ထမ်းနှစ်ယောက်လို ရောက်လာကြတာပဲ၊ မေးခွန်းတွေကိုလည်း တစ်ယောက်တစ်လှည့် ထုတ်ခဲ့တယ်လေ”

သူက စကားကိုဆက်ပြောလိုက်သေး၏။

“တာဝန်ရှိတဲ့ အစိုးရအာဏာပိုင်တွေဆီများ သွားပြောမလားလို့ ငါတွေးနေမိတယ်”

“ဒါပေမယ့် အဘိုးကြီးရယ်”

နောက်ဆုံးတော့ မာရျော်ရီက ပြောသည်။





“ခုကြားရတဲ့အတိုင်းဆိုရင် သူတို့ဟာ အစိုးရအဖွဲ့အစည်းက လူတွေတောင် ဖြစ်နေနိုင်သေးတယ်ရှင့်”

“ချာလီဆီကိုတော့ ငါ စာလှမ်းရေးရမယ်”

သူက ကြေငြာသလို ပြောတော့၏။

“သူ့ဆီကို စာရေးပြီးသတင်းပေးရမယ်၊ သူ့အတွက် အန္တရာယ် ရှိလာနိုင်တယ်ကွ”

ဤကဲ့သို့ လုပ်ခဲ့စေကာမူ သူ့အတွက် အလွန်နောက်ကျသွားချေပြီ၊ ချာလီတစ်ယောက် ကျိုးဇက်နှင့်အတူ လျှောက်လည်ရန် အေသင်သို့ ထွက်သွားခဲ့သည်မှာ နှစ်ရက်တာမျှပင် ရှိခဲ့ပါတော့သည်။

---



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

ဝီရေးယပ်(စ)သို့ မော်တော်က နှစ်နာရီမျှ နောက်ကျ၍ ရောက်ခဲ့သည်။ အားလုံးက သူမနှင့်မခွာချင်ကြပါ။

"အဲ့ဒါ ကိုယ့်မှာ နောက်ဆုံးလက်ကျန်ငွေပါးရာပဲ ချာလီ ခင်း အကုန်သာယူသွားပေတော့"

လူစီက မျက်ရည်ကိုသုတ်၍ သူမ၏လက်တွင်းသို့ ထိုးထည့် ပေးသည်။

ဝီလီနှင့်ပေါ်လီကမူ မူး၍ ဆိပ်ခံဘောဝယ် ဒူးထောက်ထိုင် ပြီး အော်သည်။

"ချာလီရေ..ချာလီရဲ့၊ တို့ကို ဒီအတိုင်းပစ်ထားတော့မှာလား"

သူမက ရယ်ပြပြီး လမ်းတစ်လျှောက် အပြေးဆင်းလာခဲ့၏။





ပေါက်ပြဲနေသော အိတ်တစ်လုံးကို ပခုံးတွင်လွယ်၍ ဂီတာကို ကျန်ဝခုံး အစ်ဖက်တွင် တွဲလောင်းချ လွယ်လာသည်။ မျက်ရည်များက စီးကျ ၍နေ၏။

သူမက ဖြတ်သွားသော အငှားကားတစ်စီးကို ငှား၍ ချိန်းထား သောနေရာသို့ ထွက်လာခဲ့ပါသည်။

ဒိုင်အိုဂျီးနက်(စ) စားသောက်ဆိုင်အတွင်းသို့ သူမကဝင်စဉ် ရှိလူမျိုးနှစ်ဦးက သူမ၏ ပေါက်ပြဲနေသော အိတ်ကိုကြည့်၍ ရယ်မောလိုက်ကြသည်။ သူမကလည်း ၎င်းတို့ထံသို့ လျှောက်သွားကာ ဆဲရေးပစ်လိုက်သည်။ သူမက ဆိုင်တံခါးအား ခြေဦးဖြင့်ထိုးဖွင့်ကာ ဝင်သည်။ အတွင်းသို့ရောက်သည်နှင့် အေးကနဲဖြစ်သွားရ၏။

ဂျိုးဇက်မှာ စားပွဲတစ်လုံးတွင် ဂရိကော်ဖီတစ်ခွက်နှင့် ရှေ့တွင် ဝတ္ထုစာအုပ်တစ်အုပ်ကို ဖွင့်လျှက်ထိုင်နေပါသည်။

သူမထံသို့ ဂျိုးဇက်က ထလျှောက်လာစဉ် ငါ့ကိုထိဝ့်ထိကြည့် မယ်ဟု စိတ်ထဲက သူမရေရွတ်မိ၏။ သို့သောလည်း သူက သူမ၏ အိတ်နှင့် ဂစ်တာကိုသာ ဆွဲယူသည်။

"ရှင်က ပိုးသားရှပ်အင်္ကျီလေး ဝတ်ထားတာပဲ" ဟု စိတ်တွင် တွေးကာ ပြောချင်လာမိ၏။ ပုလင်းထိပ်ဝမျှ ကြီးသော လက်ကြယ်သီး အား သူက တပ်ထားသေးသည်။

"မြတ်စွာဘုရား ဂျိုးရယ်..ရှင့်ကိုယ်ရှင်ပြန်ကြည့်လိုက်ပါဦး"

သူမက သူ၏အဆင်အပြင်ကို အကဲခတ်ကြည့်ရင်း ရေရွတ်မိ သည်။

"ရွှေလက်ပတ်ကြီး၊ ရွှေနာရီနဲ့ပါလား"

"ဟယ်လို ချာလီ၊ မော်တော်က နောက်ကျတယ်နော် ကိစ္စမရှိ

www.burmeseclassic.com

www.burmeseclassic.com



ပါဘူးလေ၊ ဒီကိုမင်းရောက်လာပြီပဲ”

“အရင် ကိုယ်လက်သုတ်သင်မှာလား၊ ဒါမှမဟုတ် ဝီစကီပဲ အရင်သောက်မှာလား”

“ဝီစကီ အရင်ပေးပါ”

သူမက သူနှင့်မျက်နှာချင်းဆိုင်ခုံဝယ် ပုံလျှက်သား ထိုင်ချရင်းပြောလိုက်သည်။

နေရာလေးမှာ အတော်ပင် ကောင်းကြောင်း သူမက ချက်ချင်းဝင် သိမိသည်။

“အော်...ဒါနဲ့ မေ့နေတယ်”

သူက ခုံအောက်သို့ လက်နှိုက်၍ အလွန်ကောင်းမွန်သော သိုးမွေးလွယ်အိတ်တစ်လုံးကိုယူလိုက်၏။

တို့ရဲ့ကမ္ဘာလေးကို အတူတူတည်ဆောက်နေချိန်မှာ မင်းအတွက်သွားလိုရာသွားနိုင်ဖို့ အိတ်ကလေးပဲ။သီဆာလိုနင်ကာကနေ လန်ဒန်သွားဖို့ လေယာဉ်လက်မှတ်အထဲမှာပါတယ်၊မင်းစိတ်ထဲမှာ အပြောင်းအလဲဖြစ်သွားရင် သုံးဖို့လေ၊မင်းသူငယ်ချင်းတွေဆီက ထွက်ခဲ့ရတာ အခက်အခဲရှိမှာပဲနော်၊ဒါကို ကိုယ်သိပါတယ်ကွာ”

“ကျေးဇူးတင်ပါတယ် ရှင်ရယ်”

“ကဲ ဒါဆို ပုစွန်တုပ်စားမလား...ပုစွန်တုပ်ဟာ မင်းအကြိုက်ဆုံးအစာလို့ ဂရိနိုင်ငံမှာတုန်းက မင်းပြောခဲ့တယ်လေ၊မှန်တယ်မဟုတ်လား၊စားဖိုဆောင်မှူးကတော့ မင်းအကြိုက်လုပ်ပေးနိုင်မှာပါ၊စားမယ်မဟုတ်လား”

သူမက မေးကိုထောက်၍သာ ထိုင်နေသေး၏။သူမက နွမ်းလျလျပြုံးပြပြီး လက်မအားအောက်သို့စိုက်ပြ၏၊ပုစွန်တုပ်တစ်ကောင်





ဆော့ သေပေတော့။

“အမြန်ဆုံးလိုချင်တယ်လို့သာပြောလိုက် ဂျိုးဇက်ရေ”

သူမကပြောလိုက်၏။

ထို့နောက်သူမက သူ၏လက်တစ်ဘက်ကိုဆွဲယူပြီး သူမ၏လက်နှစ်ဘက်ဖြင့် ဖြစ်ညှစ်ဆုပ်ကိုင်ထားသည်။သူကပြုံး၍ သူမလုပ်လိုရာ လုပ်စေတော့ဟု လက်ကိုပြန်မရုပ်တော့၊လုပသောလက်ပင်ဖြစ်ပါသည်။သေးသွယ်၍မာကြောသောလက်ချောင်းများနှင့် အလွန်သန်မာသောကြွက်သားများရှိသည်။

“မင်းကြိုက်တဲ့ ဝိုင်အရက်မှာလေ”

ချာလီကပြောသည်။

စားပွဲပေါ်မှပြန်ရုပ်သွားသော သူ၏လက်ကိုသာ သူမကကြည့်ရင်း တွေးနေမိသည်။

“ညစာ စားပြီးရင်တော့ မက်ဖီစတိုဖွဲလစ်(စ)တောင်ကုန်းပေါ်ကိုသွားကြမယ်။ကမ္ဘာပေါ်မှာ ဒုတိယအသာယာဆုံးနဲ့ အလှပဆုံးနေရာပဲကွ နော်”

“ကျွန်မက ထိပ်ဆုံးအဆင့်ကိုမှ ကြိုက်တာရှင့်”

သူမကပြော၍ ဝီစကီကိုသောက်လိုက်သည်။

“ကိုယ်ကတော့ ပထမဆုတွေ တစ်ခါမှမရခဲ့ဖူးပါဘူးကွာ”

သူကပြန်ပြောသည်။

သူမအိတ်အတွင်းမှ ပစ္စည်းအချို့ကိုထုတ်ယူ၍ စက္ကူစ ပါးပါးလေးများဖြင့် ရစ်ပတ်၍ထားသည်။

“တစ်ခုကိုယူ ဖြေကြည့်စမ်းပါ”

သူကတဖြေးဖြေးခြင်းစက္ကူများကို ခွာ၏။ဂျိုးဇက်တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



သူ့အားထားခဲ့ပြီး ကျွန်းပေါ်တွင်ကျန်ရစ်ခဲ့စဉ်က ကမ်းခြေမှသူမ ကောက်ယူသိမ်းဆည်းထားခဲ့သော ပန်းနုသွေးရောင် ယောက်ခွံသွားကြီးတစ်ခုဖြစ်ပါသည်။

သူက စားပွဲပေါ်တွင် အသာတင်လိုက်ပြီး နောက်တစ်ထုပ်ကို ဖြေကြည့်ပြန်၏။

မြင်းတစ်ကောင်၏ ပန်းပုရုပ်ကလေးတစ်ခုဖြစ်သည် သူက လက်ထဲတွင် လှည့်ပတ်၍ကြည့်နေစဉ် သူမကပြောလိုက်၏။

"အထိးကလေးပဲ"

သူမက ထိုင်ရာမှထလာကာ ဂျိုးဇက်၏ပခုံးအား ဖက်၍ထား၏။သူ၏ပခုံးသားများမှာ ကျောက်ဆောင်ကျောက်သားနှယ် သန်မာလှပေသည်။သူမ၏ဆံပင်များကမူ သူ၏ပါးပြင်သို့ ထိနေ၏။နှုတ်ခမ်းချင်း ထိသွားသည်။သက်ဆာလိုနင်ကာသို့ သူတို့ရောက်လျှင် မည်မျှပျော်စရာကောင်းလိုက်ပါမည်နည်း။ သူတို့နေထိုင်ကြမည့်ဟိုတယ်များကိုလည်း ကြိုတင်စာရင်းသွင်းထားပြီးချေပြီ။

သူမက ဂျိုးဇက်၏ မျက်လုံးအောက် ပါးရိုးတစ်နေရာလေးကို နမ်းလိုက်သည်။ သူကပြုံး၍ ချာလီ၏လက်ကို ဖြစ်ညှစ်၍ထား၏။

"ရှင် တစ်ခါမှ အနီရောင်ဘလေဇာကုတ်အင်္ကျီကို မဝတ်ဖူးဘူးလားဟင် ဂျိုးဇက်"

ယခင်က သူမမေးဖူးခဲ့ရာ သူမစိတ်ဝယ်စွဲလန်းရာကို တစ်ဖန်မေးမိချေပြီ။

"သိုင်အရက်ရောင် အနီမျိုးလေ၊ ကြယ်သီးတွေက ကြေးကြယ်သီးတွေ"

သူ၏ခေါင်းက တဖြည်းဖြည်းမော့လာသည်။ သူမ၏စိုက်





ကြည့်နေသော အကြည့်ကို ပြန်ကြည့်သည်။

"ရယ်စရာတစ်ခုလို ပြောတာလားကွ"

"မဟုတ်ပါဘူး၊တကယ်မေးတာပါ"

"အနီရောင်ဘလေဇာကုတ်အင်္ကျီ ဟုတ်လား၊ဘာကြောင့် ကိုယ်ဝတ်ရမှာလဲ၊ မင်းရဲ့ဘောလုံးအဖွဲ့ ဒါမှမဟုတ်ရင် တစ်ခြားအားကစားအဖွဲ့တစ်ဖွဲ့မှာ ကိုယ့်ကိုပါဝင်စေချင်လို့လား"

"အော်...ဒီလိုရှင်ဝတ်ရင် ကြည့်ကောင်းမယ်လို့ ထင်လို့ပါ"

သူမ၏အဖြေကို သူကစောင့်နားထောင်နေသေး၏။

"ဒီလိုပဲ တချို့လူတွေကို ကျွန်မက တစ်ခါတစ်လေ မြင်တတ်တယ်၊ ပြဇာတ်ထဲက ဝတ်စားထားပုံမျိုးနဲ့လဲဆင်တယ်လို့ ကျွန်မစိတ်ထဲမှာ တွေးမိတယ်"

"ဒါဆိုမင်းအတွက် ကိုယ်ကများ မှတ်ဆိတ်မွေးအရှည်ထားဦးမှာလားကွာ"

"အဲဒါဆိုရင်တော့ ရှင့်ကိုကျွန်မ အသိပေးပါ့မယ်လေ"

နှစ်ဦးသားပြုံး၍ တစ်ဦးကိုတစ်ဦးကြည့်ကြသည်။ သူတို့အကြည့် သူမထံမှခွာလိုက်စဉ် ချာလီမှာ အမျိုးသမီးရေချိုးခန်းသို့ လျှောက်သွား၏။

⁂⁂⁂

သူမအပေါ်တွင် သူကစိတ်မသက်သာဖွယ်ရာ၊ ရယ်စရာတစ်ခုများလုပ်နေရောသလားဟု အစဦးတွင် သူမက တွေးလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



မာစီဒီးကားတစ်စီးသာလျှင် တစ်လမ်းလုံး၌ရှိသည်။ သူတို့နှင့်မလှမ်းမကမ်းတွင် စုံတွဲတစ်တွဲက လက်ချင်းယှက်၍ ခုံရှည်တစ်လုံးတွင် ထိုင်နေကြ၏။ တစ်ခြားသက်ရှိသတ္တဝါဟူ၍ မမြင်မတွေ့ရပါ။

ကား၏အရောင်မှာ မှုန်မှိုင်းမှိုင်းအရောင် ဖြစ်သောလည်း အနက်တော့မဟုတ်ချေ။ မြက်ပင်ရှည်ကြီးများ ပေါက်ရာကုန်းမြင့်စောင်းသားတွင် ကားရပ်ထားသည်။ နံဝါတ်များကိုမူ လှမ်းကြည့်၍မမြင်ရ မာစီဒီကားမှာ သူမ၏ ကားမောင်းမိသော သက်တမ်းတစ်လျှောက် အကြိုက်ဆုံးသာ ဖြစ်တော့၏။

ကားမောင်းသူထိုင်ရာ တံခါးနားအထိ သူမအား ဂျိုးဇက်က ခန်းကို တွဲဖက်၍ ခေါ်လာသည်။ သူက ကားတံခါးကိုဖွင့်ရန်လုပ်သည်ကို သူမက သိလိုက်သည်။ သော့တံတစ်ချောင်းအား သော့ပေါက်တွင်ထည့်၍ ဖွင့်လိုက်ရာ တံခါးလေးပေါက်စလုံးမှ သော့များက ပွင့်သွားတော့၏။ ထို့နောက် သူမအား ခရီးသည်ထိုင်ခုံအပေါ်က်ရှိရာ တံခါးသို့ တစ်ဘက်မှ လှည့်ခေါ်လာကြောင်း သိလိုက်သည်။မည်သည့်နေရာသို့ သွားမည်နည်းဟု သူမက မေးမိ၏။

"ဘယ်ကိုပဲသွားသွား မင်းက ကရုစိုက်နေသေးလို့လားဟင်"

သူက လေပြေကလေးဖြင့် ပြောလာ၏။ သူမအဖို့ သံသယဝင်လာသည်။

"မင်းက ကားကောင်းတွေ မကြိုက်ဘူးလို့ ထင်နေတာ၊ဒီပြင် ကားတစ်စီးကို လှမ်းမှာပေးရဦးမှာလား"

"ဒါဆိုရင်..အခု ဒီကားကို ရှင်က ငှားလာတယ်လို့ ဆိုချင်တာပေါ့"

"တို့ သွားကြဖို့ ခရီးအတွက် ငှားထားတာပါကွာ"





သူက တံခါးလက်ကိုင်ကို ဆွဲ၍ဖွင့်ပေးသည်။ သူမက အထဲသို့ မဝင်သေး။

"ဘယ်သူ့ဆီက ငှားတာလဲ"

"သူငယ်ချင်းတစ်ယောက်ဆီကပါ"

"သူ့နာမည်က ဘယ်သူလဲ"

"ချာလီရယ်..ပေါက်တတ်ကရတွေ ပြောမနေစမ်းပါနဲ့၊ ကားလ်ဘာဘတ်တဲ့..သူ့နာမည်က၊ မင်းအတွက် နာမည်က ဘာထူးခြားမှာရှိလဲ"

"ကျွန်မရဲ့ ပစ္စည်းတွေကရော.."

"ရှိပါတယ်ကွာ၊သေချာအောင် မင်းဘာသာ မင်းကြည့်ချင်သေးသလား"

သူမက ကားအတွင်းသို့ ဝင်ထိုင်လိုက်၏။ သူကလည်း ကားမောင်းသည့် နေရာသို့ ဝင်ထိုင်ပြီး ကားစက်ကို နှိုးသည်။ ကားမောင်း လက်အိတ်ကို စွပ်ထား၏။ လက်ခုံပေါ်ဝယ် လေဝင်ပေါက်ကလေးများ ဖောက်ထားသော သားရေလက်အိတ်အမည်းတစ်စုံဖြစ်သည်။ သူ့အပေါ်အင်္ကျီအိတ်ထဲဝယ် ထည့်ယူလာပြီးမှ ထုတ်ဝတ်ခြင်းပင် ဖြစ်ရပေမည်။

အမှောင်ထဲဝယ် သူ၏ရွှေနာရီက တောက်ပနေသည်။ကားကို ကျောင်ကျင်လည်လည်နှင့် လျှင်မြန်စွာမောင်း၏။ မိတ်ဆွေအပေါင်းအသင်းများ၏ကားကို ယခုကဲ့သို့ မောင်းပုံမျိုး ချာလီသဘောမတွေ့ပါ။ သူရှိရာဘက်မှ တံခါးမှာ သော့ခတ်ထားပြီးဖြစ်သည်။ သူက ကားအတွင်းရှိ တံခါးအားလုံးသော့ခတ်နိုင်သော ခလုတ်ကိုနှိပ်၍ သော့ချက်ချထားတော့၏။ရေဒီယို ခလုတ်ကို သူကဖွင့်လိုက်သောအခါ

www.burmeseclassic.com



ဂရိတေးသွားများက ထွက်ပေါ်၍ လာသည်။

"ဒီပြတင်းပေါက်တံခါးကို ကျွန်မက ဘယ်လိုဖွင့်ရမှာလဲရှင့်"

သူမက မေးလိုက်၏။

သူက ခလုတ်တစ်ခုကို နှိပ်ပေးရာ ပြတင်းပေါက် မှန်တံခါး ပွင့်သွားပြီး ညဦး၏အေးမြသောလေက အထဲသို့ တိုးဝင်လာပါသည်။ သို့သော်လည်း ပြတင်းပေါက်မှန်ကို နှစ်လက်မမျှသာ သူကချထား ပေး၏။

"ဒီလိုပဲ ရှင် မကြာခဏ လုပ်တတ်သလား၊ မိန်းကလေး တစ်ယောက်ကို ဘယ်နေရာမှန်း၊ဘာမှန်းမသိတဲ့နေရာကို မောင်းသွား တာမျိုးလေ၊ မောင်းလိုက်တဲ့ကားအရှိန်နှုန်းကလည်း အသံထက်နှစ်ဆ လောက်ကို မြန်သေးတယ်"

အဖြေမပေး။ ရှေ့သို့သာ သူကစိုက်ကြည့်နေသည်။ သူ ဘယ်သူလဲ..။ သူမည်သူနည်း..ဟု သူမက တွေးလိုက်မိ၏။ ကား အတွင်းသို့ မီးရောင်တန်းတစ်ခု ဝင်လာသည်။ သူမက နောက် ဘက်သို့ လှည့်ကြည့်လိုက်ရာ ကိုက်တစ်ရာခန့်အကွာတွင် လိုက်လာ သော ကားတစ်စီး၏ မီးရောင်ကိုမြင်လိုက်ရ၏။ ကား၏မီးရောင်မှာ နီးလည်းတိုးမလာ၊ ပျောက်လည်းပျောက်မသွားချေ။

"ကျွန်မတို့နောက်ကို လိုက်နေတာလား၊ သူတို့ဘာသာ သွား နေတာလား"

ချာလီမှာ ဂျိုးဇက်ကိုကြည့်ရင်း မြင်လိုက်မိသည်။ ကြေးကြယ် သီးများ တပ်ထားသော ဘလေဇာကုတ်အင်္ကျီအနီတစ်ထည်ကို နောက်ဘက်ထိုင်ခုံပေါ်ဝယ် တွေ့ရ၏။ နော်တင်ဟမ်နှင့် နယူး ယောက်(ခ်)မြို့များဝယ် ကြံခဲ့ရသည် အင်္ကျီပုံစံမျိုးကဲ့သို့ပင်။





"မင်းရှေ့က အံကလေးထဲကို ဘာကြောင့်မကြည့်တာလဲ"

သူက လှည့်မကြည့်ပဲ ပြန်ပြော၏။ သူမက အံကိုဆွဲဖွင့် ကြည့်ရာ မာလ်ဘိုလို စီးကရက်တစ်ဗူးကို မြင်မိသည်။ ပိုးသားပဝါ တစ်ထည်နှင့် အဖိုးတန်ပိုလာရိုက် နေကာမျက်မှန်အား အေးတွင် တွေ့ရ၏။

သူက စီးကရက်တစ်လိပ်ကိုယူ၍ ဒက်(ရှ)ဘုတ်မှ မီးခြစ်ကို ယူ၍ ခြစ်ပြီး ချာလီထံသို့ သူက လှမ်းပေး၏။

"ရှင့်ကို ကားငှားလိုက်တဲ့လူက အရောင်တောက်တောက် အင်္ကျီမျိုး ဝတ်တတ်သလားရှင့်"

"အေး...ဟုတ်တယ်ကွ...ဘာဖြစ်လို့လဲ"

"ကားနောက်ခုံက အနီရောင် ဘလေဇာကုတ်အင်္ကျီဟာ ရှင့် ဟာလား..သူ့ဟာလား"

သူက သူမထံသို့ မျက်လုံးတစ်ချက်ဝေ့ကြည့်ပြီး လမ်းဆီသို့ ပြန်လှည့်သွားသည်။

"သူ့ဟာလို့ပဲလို့..ပြောကြပါစို့ကွာ၊ ဒါပေမယ့်..ကိုယ်က ငှား သာခဲ့တာ.."

ကား၏ အရှိန်ကိုမြှင့်ရင်း သူက ခပ်တည်တည်ပင် ပြော သာ၏။

"ရှင်က သူ့နေကာမျက်မှန်ပါ ငှားလာတာပဲလား၊ ရှင့်နာမည် ချစ်ချစ် ဗင်သိုဗင်ဆိုတာကော ဟုတ်ရဲ့လားရှင်"

"ဟုတ်ပါတယ်.."

"ရှေ့အမည်က ပီတာ၊ဒါပေမယ့် ရှင်က ဂျိုးဇက်လို့ပဲခေါ်ခိုင်း တယ်၊ဗီယင်နာမှာ နေတယ်၊ အလုပ်ကလေးနည်းနည်းပါးလုပ်၊



www.burmeseclassic.com

www.burmeseclassic.com



စာကလေး နည်းနည်းပါးပါးဖတ်...”

သူမက စကားကိုဖြတ်ထားလိုက်သော်လည်း သူကတော့ စကားတစ်ခွန်းမှ ပြန်ပြောမလာပါ။

“စာတိုက်သေတ္တာဆိုတာကလဲ...”

သူမက ဆက်ပြောသည်။

“ဗဟိုစာတိုက်ကြီးမှာ ရှိတဲ့ သေတ္တာအမှတ် (၇၆၂)တဲ့ ဟုတ်တယ်နော်”

သူမ၏ မှတ်ဉာဏ်ကို အသိအမှတ်ပြုသည့်အလား ခေါင်း အနည်းငယ် ဆတ်ပြသည်ကို သူမက မြင်တွေ့ရ၏။ ကား၏ အရှိန်နှုန်းပြမြှားလေးက ကီလိုမီတာ (၁၃၀) သို့ရောက်လာသည်။

“ခံယူထားတဲ့ နိုင်ငံသားကိုမပြောဘူး၊ အာရှသား ကပြားလို့ပဲ ပြောတယ်”

သူမက ပြောနေပြန်၏။

“ရှင့်မှာ ကလေးသုံးယောက်နဲ့ မိန်းမနှစ်ယောက်ရှိရမယ်”

“တစ်ခါမှ မရှိခဲ့ဘူးလား”

သူမ၏ လက်ထဲတွင် ပိုးပဝါအား ကိုင်ထားလျှက် ရှိသေးသည်ကို သတိပြုမိသဖြင့် ရှေ့အံအတွင်းသို့ထည့်ကာ အဖုံးကိုဆောင့်ပိတ်လိုက်သည်။ လမ်းမှာ ဖြောင့်တန်းနေသော်လည်း ကျဉ်းလှ၏။ ကား၏ အရှိန်နှုန်းပြမြှားတန်မှာ ကီလိုမီတာ (၁၄၀)သို့ပင် ရောက်နေရာ ရင်ထဲဝယ် စိုးရိမ်ကြောက်ရွံစိတ်များ ပေါ်လာရ၏။ တည်ငြိမ်မှုရှိနေသယောင် ဟန်ဆောင်ထားရသည်ကိုလည်း မနည်းထိန်းထားနေရသည်။

“ကဲ...ကျွန်မကို ဘာသတင်းကောင်းလေးများ ပြောပြနိုင်မှာ





လဲ၊ စိတ်သက်သာရာ ရသွားအောင်ပေါ့ရှင်”

“သတင်းကောင်းကတော့ မင်းကို ကိုယ်နည်းနည်းတော့ လိမ်ပြီးပြောခဲ့မိတယ်၊ ဒါပေမယ့် သိပ်မကြာတော့ပါဘူးကွာ၊ မင်းတို့နဲ့ အတူ လက်တွဲလာစရာ ကောင်းတဲ့ အကျိုးအကြောင်းတွေကို သိလာရတော့မှာပဲ”

“တို့ဆိုတာ ဘယ်သူတွေလဲရှင့်”

သူမက ခပ်ဆတ်ဆတ်ပင် ပြန်မေးသည်။

သူတို့မှာ လမ်းမကြီးမှ ကွေ့ထွက်လာသော်လည်း အရှိန်ကိုမူ သူက မလျှော့၊ ရှေ့ဘက်တွင်ကားနှစ်စီး၏ မီးရောင်ကို သူမက မြင်လိုက်ရသည်။ ဂျိုးဇက်က ဘရိတ်ကိုဆောင့်နင်းပြီး ရပ်ရ၏။ ကားနှစ်စီး အေးမှ မာစီဒီးကားက ပွတ်ကာသပ်ကာ လွတ်သွားတော့သည်။ နောက်မှ အရှိန်ပြင်းပြင်းနှင့်လိုက်လာသော ကားမှာလည်း ထိုကဲ့သို့ပင် ဖြစ်သွားရ၏။

“သေနတ်တွေ ဘာတွေကိုများ ရှင် သယ်လာတာလား”

ဂျိုးဇက်တွင်ရှိသော သေနတ်ဒဏ်ရာကို သူမ သတိရမိ၍ မေးသည်။

“မဟုတ်ပါဘူးကွာ”

“လူတွေကို ခိုးပို့တာလား”

“ဒါလည်း မဟုတ်ပါဘူး”

“ဒါဆိုရင် မူးယစ်ဆေးဝါးတစ်ခုပဲ ကျန်တော့တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ရှင်က တစ်ခုခုတော့ အရောင်းအဝယ်လုပ်နေလို့”

ဂျိုးဇက်ထံမှ အဖြေက ထွက်မလာ။

သူမက ရေဒီယိုခလုတ်ကို လှမ်းပိတ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ကားကိုရပ်စမ်းပါ။ ရှင်..ကျွန်မကို ဘယ်မှခေါ်မသွားနဲ့ ရှင့်ဘာသာ မိုင်ကိုနော(စ)ကို ပြန်ချင်ရင် ပြန်သွား"

"အော်..မင်းကို ဒီလိုပဲ ချန်ထားရစ်ခဲ့ရမှာလား၊ မကြောင်စမ်းပါနဲ့ကွာ"

"ခု..ရပ်စမ်း"

သူမက အော်သည်။

"ဒီကားကို ခုရပ်လိုက်စမ်း"

ကားကို ဗယ်ဘက်သို့ အရှိန်ဖြင့်ချိုးကွေ့လိုက်၏။ သူမက ကားလက်ကိုင်ကို လှမ်းဆွဲရန်လုပ်သော်လည်း သူ၏လက်က ကာထားသည်။ သူက ဒုတိယအကြိမ် ဗယ်ဘက်သို့ ချိုးကွေ့၍ အဖြူရောင် ဂိတ်တံခါးဝကို ဖြတ်ဝင်သွားသည်။ သီးသန့်ကားလမ်းကလေးအတိုင်း မောင်းနေရသည်။ အဖြူရောင် ဆေးသုတ်ထားသည့် ကျောက်တုံးအိမ်ကလေးတစ်လုံးရှေ့ဝယ် ကားကိုရပ်လိုက်၏။ နောက်မှလိုက်လာသော ကားကလည်း ထွက်ပေါက်ကို ပိတ်၍ရပ်လိုက်သည်။

လမ်းခင်းကျောက်ပြားပေါ်မှ လျှောက်လာသော ခြေသံများကို သူမက ကြားမိ၏။ အိမ်ကလေးမှာ အနီရောင်ပန်းများဖြင့် ဖုံးလွှမ်းနေသော အိမ်ပျိုလေးတစ်လုံးဖြစ်ပါသည်။ ကားရှေ့မီးရောင်ထဲတွင် သွေးစက်များအလားပင်။ ဆင်ဝင်အောက်ဝယ် ခပ်မှိန်မှိန် မီးလုံးလေးတစ်လုံး ထွန်းထား၏။

ဂျိုးဇက်က ကားကို စက်သတ်ကာ သော့ကို အိတ်အတွင်းသို့ ထည့်လိုက်သည်။ ချာလီ ကိုယ်ရှေ့မှည္ဒတ်ကာ သူမဘက်မှ တံခါးကို ဖွင့်ပေး၏။

သူက ကားအပြင်သို့ ထွက်လိုက်သော်လည်း ချာလီက





ထိုင်နေသေး၏။ လေပြေလေညှင်းလေးပင် မတိုက်ခင်၊တိတ်ဆိတ်ငြိမ်သက်နေသော်လည်း ကားဘေးမှ ခြေသံဖွဖွများကိုမူ ကြားမိသည်။

သူမ၏ ကားဘေးသို့ ယခင်က စီးခဲ့ဘူးသော ကားဒရိုင်ဘာ ဒိဗိထရိဆိုသူသည်လည်းကောင်း၊ ဒိုင်အိုဂျီးနက်(စ) ဆိုင်သို့ငှားစီးလာသော ကားဒရိုင်ဘာကိုလည်းကောင်းတွေ့ရတော့သည်။

ဂျိုးဇက်နှင့်အတူ အက်ကရိုပိုလစ် တောင်ကုန်းပေါ်သို့ တက်လည်စဉ် နောက်မှပါလာသော ဂျင်းဘောင်းဘီနှင့် ခါးပြတ်ပေါ်အကျီဝတ် မိန်းကလေးနှစ်ဦးကိုလည်း တွေ့ရပြန်၏။ ၎င်းမိန်းကလေးတို့မှာ မိုင်ကိုနော့(စ)ကျွန်းပေါ်တွင် သူမမြင်တွေ့ဖူးကြောင်းကို ပြန်၍ သတိရလာမိသည်။

ကားနောက်ဘက် ပစ္စည်းထည့်ရာအခန်းအား တစ်စုံတစ်ဦးက ဖွင့်လိုက်သံကို သူမ ကြားမိ၏။

"ကျွန်မဂစ်တာကို ထားခဲ့၊ရှင်တို့..."

သူမ ကားအတွင်းမှ ကမန်းကတန်းထွက်၍ အော်ပြောသည်။

ဂစ်တာမှာ ရော(လ်)ဆိုသူ၏ လက်မောင်းကြားဝယ် ရောက်နေပြီး သူမအိတ်မှာ ဒိဗိရိုထံတွင် ရှိနေတော့၏။ သူမက ပစ္စည်းများကို လှမ်းဆွဲမည်ပြုလိုက်ရာ၊ မိန်းကလေးနှစ်ဦးက သူမ၏ လက်ကောက်ဝတ်နှင့် တံတောင်ဆစ်ကို ဖမ်းကိုင်သည်။ ထို့နောက် ဆင်ဝင်ရှိရာသို့ သူမအား ခေါ်သွားတော့၏။

"ဟို မျိုးမစစ်သား ဂျိုးဇက်ရော"

သူမက အော်မေးသည်။

မျိုးမစစ်သားဟု အခေါ်ခံရသူ ဂျိုးဇက်မှာမူ သူ၏လုပ်ငန်းပြီးဆုံးဟန်ဖြင့် လေ့ကားထစ်တစ် ဝက်ခန့်သို့ပင် လှည့်မကြည့်တော့



www.burmeseclassic.com

www.burmeseclassic.com



ချေ။

ကားကိုကျော်လာစဉ် ဆင်ဝင်အောက်ရှိ မီးရောင်ဖြင့် ကားရှေ့နံပါတ်ပြားကို ချာလီမြင်ရသည်။ ဂရိမှတ်ပုံတင် နံပါတ်ကားမဟုတ်။ နံပါတ်စာလုံးများကို အာရပ်လို တွန့်ကာဝေ့ကာ ရေးထားသည်။ နောက်ဘက် ပစ္စည်းထည့်ရာ အခန်း၏ အံဖုံးပေါ်ရှိ မာစီဒီးတံဆိပ်၏ ဗယ်ဘက်တွင် သံတမန်အဖွဲ့ ဟူသည့် အတိုကောက်စာလုံးနှစ်လုံးကို ကပ်ထားပြန်ပါသေး၏။

⌘⌘⌘⌘

မိန်းကလေးနှစ်ယောက်က ချာလီအား ရေချိုးခန်းသို့လိုက်ပို့ပြီး အပြင်တွင် စောင့်နေကြ၏။ တစ်ဦးမှာ အသားဖြူမလေးဖြစ်၍ တစ်ဦးမှာ အသားမည်းမလေးဖြစ်သည်။ သူတို့နှစ်ယောက်မှာ ချာလီအား ကြင်ကြင်နာနာ ဆက်ဆံရန် အမိန့်ကိုရယူထားဟန်ရှိသည်။ ဖိနပ်ချွာအပျော့စားကို စီးထားသည်။ ဂျင်းဘောင်းဘီဝတ်ကာ ရှပ်အင်္ကျီစကို အပြင်သို့ထုတ်ဝတ်ထားပါ၏။ ချာလီသူမတို့အား လှမ်းဆဲဆိုသောလည်း နားမကြားသည့်လူတစ်ဦး အဝေးမှ လှမ်းပြုံးပြဟန်မျိုးဖြင့်သာ ပြုံးပြကြ၏။

"ကိုယ့်နာမည် ရာချယ် တဲ့"

အသားမည်းမလေးက အရင်မိတ်ဆက်သလို ပြောလာသည်။

"သူက ရို(စ)၊ရာချယ်နဲ့ ရို(စ)တို့ဟာ ရကောက် နှစ်လုံးပဲ"

ရာချယ်မှာ ပျော်ပျော်ရွှင်ရွှင်နေတတ်သော မျက်လုံးပိုင်ရှင်ဖြစ်၏။ယာနူကားအား ကိုယ်ခန္ဓာနောက်ပိုင်းကို ပြ၍ကားရပ်စေခိုင်းသူ





သာဖြစ်တော့သည်။ ရို(စ)မှာ အရပ်ရှည်၍ အားကစားမယ်တစ်ဦး၏ ကိုယ်ခန္ဓာလို သွယ်လျလျဖြစ်၏။ သို့သော်လည်း သူမ၏ လက်ဖဝါးကိုဖြန့်လိုက်သည့် အခါတွင်မူ သေးသွယ်သော လက်ကောက်ဝတ်တွင် ပေါက်ဆိန်အသွားအလား ကြီးမားလှသည်။

"မင်း ဘာမှ စိုးရိမ်စရာမရှိပါဘူး..ချာလီ"

ရို(စ)က သူမအား နှစ်သိမ့်လိုက်ရ၏။ လေသံအရမူ ရို(စ)မှာ တောင်အာဖရိကသူ ဖြစ်နိုင်ဖွယ်ရှိပါသည်။

"အရင်ကတည်းက ကျွန်မက ဘာမှ စိုးရိမ်တတ်တတ်မဟုတ်ဘူး"

ချာလီက ပြန်ပြော၏။

သူတို့သည် ချာလီအား မြေညီထပ်ရှိ အိမ်ခန်းတစ်ခန်းသို့ ခေါ်သွားကြသည်။ ခေါင်းဖီးဝက်မင်ဘီးတစ်ခုနှင့် လက်ဖက်ရည်ကြမ်းတစ်ခွက်ကို ပေး၏။ သူမက ခုတင်စောင်းဝယ်ထိုင်ကာ တစိမ့်စိမ့်စုပ်သောက်ရင်း ဒေါသစိတ်ကို ဖြေဖျောက်နေမိသည်။

"ခြူးတစ်ပြားမှမရှိတဲ့..မင်းသမီးတစ်ယောက်ကို ဖမ်းခေါ်လာကြတာပဲ"

သူမက မပီမသ ရေရွတ်သည်။

"ဒီမှာ ကျွန်မအတွက် ရွေးယူရမယ့် ပြန်ပေးခက ဘာလဲ မိန်းကလေးတို့ရဲ့ ပြောပါဦး"

သို့သော်လည်း မိန်းကလေးနှစ်ဦးတို့မှာ ပြုံးပြပြီး ပခုံးတစ်ဖက်တစ်ချက် ဖက်၍ အပေါ်ထပ်လှေကားကြီးဆီသို့ ခေါ်လာကြ၏။ လှေကားခြေရင်းသို့ ရောက်သည့်အခါတွင်မူ သူမက ဖက်ထားသော လက်များကို ရုန်းဖယ်၍ လက်သီးကို ကျစ်ကျစ်ဆုပ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ကြီးမှာ ဟောင်းလှပြီဖြစ်သည်။ ရှေးပဒေသရာဇ်ခေတ်မှ ဂရိစားပွဲ ကုလားထိုင်များကိုတွေ့ရ၏။ ခန်းစည်းမှာ ဟောင်းနွမ်းနေသော ကတ္တီပါစဖြစ်၏။ ကြေးမီးပန်းဆိုင်းကြီးကလည်း ရှိနေပါသည်။သို့သော်လည်း သန့်ရှင်းစင်ကြယ်မှုကလည်း တစ်ခန်းလုံးကို ဖုံးလွှမ်း၍ ထားသည်။

တံခါးမကြီးနားသို့ သူတို့က ရောက်လာကြ၏။ ရာချယ်က တံခါးကို တွန်းဖွင့်၍ ဘေးသို့ကပ်ရပ်၏။ အခန်းထဲရှိ စားပွဲတစ်လုံးတွင် လူနှစ်ဦးက ထိုင်နေကြပါသည်။ တစ်ဦးက လူကောင်ကြီး၍ တစ်ဦးက ခပ်ပိန်ပိန်ဖြစ်၏။

"မင်းဝင်သွားတော့..."

ရာချယ်က သူမအား တွန်းလွှတ်လိုက်၏။ လူပိန်ကလေးက ထိုင်နေသေးသော်လည်း လူဝကြီးကမူ ကွတကွတနှင့် လျှောက်လာပြီး လက်ဆွဲနှုတ်ဆက်ပါသည်။

"ချာလီ တို့ဆီမှာ မင်းအတွက် ဘာအန္တရာယ်မှ မဖြစ်စေရပါဘူးလို့ ကတိပေးပါတယ်ကွာ"

ကတ်(စ)က ပြောလိုက်၏။

"ချာလီ..ငါနာ့မည်က..."

သူမ၏လက်မှာ သူ၏ လက်ထဲမှာပင် ဆုပ်ကိုင်လျက်သား ရှိနေသေး၏။

"ငါ့နာမည်က ခုအချိန်အတန့်မှာတော့ မာတီလို့ သိထားရင် ကောင်းပါတယ်..ထိုင်နေတဲ့လူကတော့ မိုက်(ခ)တဲ့ ဂျိုးဇက်လို့ မင်းခေါ်တဲ့ မစ္စတာရစ်(ချ်)ဗင်သိဗင်လည်း ဟိုမှာရှိမှာပါတယ်"

ဂျိုးဇက်မှာ သူမ မသိလိုက်မီမှာပင် အခန်းအတွင်းသို့ ဝင်လာခဲ့ပုံရ၏။

သူမက ဘေးဘီသို့ အကဲခတ်ကြည့်ရာ ဂျိုးဇက်တစ်ယောက် စားပွဲလေးတစ်လုံးတွင် စာရွက်စာတမ်းများကို ပြင်ဆင်လုပ်ကိုင်နေကြောင်းတွေ့ရ၏။

သူက ယခုအခါတွင် အညိုရောင် ခပ်ပေါ့ပေါ့ခေါင်းစွပ်အင်္ကျီရှည်ကို လဲဝတ်ထားသည်။ ဘန်းလီဒါပိုးအင်္ကျီနှင့် ရွှေလက်ကြယ်သီးတို့က မရှိတော့ပါ။

"ကိုယ် အကြံပေးချင်တာကတော့ကွာ ဒီလူနှစ်ယောက်စကားပြောပြီးရင် မင်းရဲ့ဆုံးဖြတ်ချက်တွေဟာ မှားနေပြီဆိုတာ သိလာပါလိမ့်မယ်"

ဂျိုးဇက်က စာရွက်စာတမ်းများကို ရွေးချယ်ကိုင်တွယ်ရင်းမှ ခေါင်းပင် လှည့်မလာပဲ ပြောလိုက်သည်။

"မင်းဟာ ဒီမှာလူကောင်းတွေနဲ့ရောက်နေတာပါ၊ မင်းသိတာထက်ပိုကောင်းမှာပါကွာ၊ မင်းအတွက် သိစရာတွေအများကြီးရှိသေးတယ်၊ ကံကောင်းရင်တော့ လုပ်စရာတွေတော်တော်ရှိလာလိမ့်မယ်"

သူက ထိုမျှသာဆက်ပြော၏။ စာရွက်များနှင့် အလုပ်ရှုပ်နေပြန်၏။

သူ ငါ့ကို ကရုမစိုက်ပါလားဟု သူမကနာကျည်းစွာ တွေးလိုက်မိသည်။ သူ့အတွက် ဝန်ထုပ်ဝန်ပိုးကြီး တစ်ခုလျော့ကျသွားဖြစ်သလို ထိုဝန်ထုပ်ဝန်ပိုးကြီးမှာလည်း ချာလီဖြစ်နေ၏။

စားပွဲရှိ လူနှစ်ဦးမှာမူ သူမအထိုင်ကို မတ်တပ်ရပ်၍ စောင့်နေကြ၏။ သူမထိုင်ချလိုက်သည်နှင့် ကတ်(စ)နှင့် ရှီမွန်တို့ကလည်း ထိုင်ကြသည်။






www.burmeseclassic.com

www.burmeseclassic.com



"ကဲ...ဘယ်သူပြောမှာလဲ"

သူမက ခပ်ပြတ်ပြတ်မေးလိုက်၏။ ထိုလူနှစ်ဦး၏ ကြားဝယ် ဖွင့်လျက်သား အညိုရောင်လက်ဆွဲသားရေအိတ်တစ်လုံး ချထားသည်ကို သူမက သတိပြုမိသည်။ အိတ်ကိုမူ ခပ်ဟဟသာထား၏။

စားပွဲပေါ်မှ စာရွက်စာတမ်းများမှာမူ သူမနှင့် ပတ်သက်၍ သတင်းစာဂျာနယ်တို့မှ ဖြတ်ထားသည်များသာ ဖြစ်ကြောင်း ချာလီက မှတ်မိလိုက်သည်။

"ရှင်တို့အတွက် သင့်တော်တဲ့ မိန်းကလေးရပြီဆိုတာ သေချာသလား"

သူမက စိတ်ဆုံးဖြတ်ချက်ချထားဟန်ဖြင့် မေးသည်။သူမ၏ မေးခွန်းမှာ ရှိမွန်အား ဦးတည်ထားသည်။

"ချာလီရာ၊တို့တော့ဖြင့် တကယ့်ကိုသင့်တော်တဲ့ မိန်းကလေးတစ်ယောက်ကို ရလိုက်ကြပါပြီ"

ကတ်(ဇ)က ခပ်ရွှင်ရွှင်ပင် အော်ပြောလိုက်၏။ သူ၏တုတ်ခိုင်သော လက်နှစ်ဖက်ကိုလည်း စားပွဲပေါ်တင်ထားရာမှ မြှောက်ပြသည်။သူက ရှိမွန် ရှိရာသို့ကြည့်ရာမှ ဂျိုးဇက်ထံသို့ သူ့အကြည့်က ရောက်သွား၏။

သူမက လူအားလုံးကို အကဲခတ်သလို မျက်လုံးတစ်ချက်ဝင့်ကြည့်သည်။ကတ်(ဇ)၏ လက်ပတ်နာရီမှာ ဘေးစားပွဲပေါ်၌ ချထား၏။ဤသည်ကပင် ဂျိုးဇက်ဘေး၌ ချထားတတ်သော ရေပုလင်းကို သူမအဖို့ သတိရစေသည်။

အိမ်ရှေ့ဘက်ရှိ တရုတ်ကပ်တပ်ထားသော ပြတင်းပေါက်တစ်ခုအား ပိတ်ထားသကဲ့သို့ နောက်ဘက်မှ အပေါက်များမှာလည်း ပိတ်ထား၏။ သူမအဖို့ ထိုင်ရာမှ တဟုန်ထိုးထ၍ ထွက်ပြေးရန်မှာ မျှော်လင့်ချက်မရှိတော့။ အခန်းအတွင်းရှိ ထောင့်ဝယ် ခြင်ဆေးခွေလေးခွေမှာ အငွေ့တလူလူထွက်လျှက် ရှိပါသည်။ သူမ၏နောက်ဖက် ဂျိုးဇက်ရှိရာ စားပွဲပေါ်မှ စာကြည့်မီးလုံးလေးသာ စိတ်သက်သာဖွယ် ရာလင်းနေပါတော့သည်။

"ချာလီရေ..ကိုယ်တို့ ဘာတွေလုပ်ကြမယ်၊ တို့တွေဟာ ဘယ်သူတွေလည်းဆိုတာကို ရှင်းပြပါ့မယ်၊ခုလို မင်းအပေါ်လုပ်ခဲ့ရတာတွေအတွက်လည်း ခွင့်လွှတ်နိုင်ပါစေကွာ"

သူက ခေတ္တမျှ စကားမဆက်သေးပဲ ရပ်ထားလိုက်၏။

"တို့ကို မင်းက မေးခွန်းထုတ်စရာတွေ အများကြီးရှိမယ်ဆိုတာတော့ သံသယမရှိပါဘူးလေ။ တို့အတတ်နိုင်ဆုံး ရှင်းပြမယ် အခုကတော့ မင်းမေးစရာက တို့တွေဟာ ဘယ်သူတွေလည်းဆိုတာပဲ"

"ဒီမှာချာလီ တို့ဟာ ဂျိုးဇက်ပြောသလိုပဲ လူကောင်းသူကောင်းတွေပါ၊တို့ဟာ အစ္စရေးလူမျိုးတွေပဲ၊ တို့တစ်တွေဟာ ပင်လယ်ထဲကို မောင်းထုတ်ခံရတယ်၊မီးလောင်ဖိုးတွေနဲ့ သတ်ပစ်မယ်လို့ အာရပ်အကြမ်းဖက်အဖွဲ့တွေ ပြောသလို မင်းမြင်နေသလား"

ချာလီတစ်ယောက် အနည်းငယ် တုန်လှုပ်လာဟန်ရှိသဖြင့် ကတ်(ဇ)က ချက်ချင်းဆက်ပြောသည်။

"ဒီလိုပဲ မင်းမြင်နေသလားချာလီ..ဟင်"

သူ၏လေသံက တိုးသွားသည်။

"ဒီလိုဖြစ်ရင် ဖြစ်နေမှာပါပဲလေ၊ ဒီကနဲ့ပတ်သက်လို့ မင်းခံစားမှုကို ဘာကြောင့်ပြောမပြတာလဲ၊ မင်းဒီနေရာက ထွက်သွားချင်ပြီအား မင်းလက်ထဲမှာ လေယာဉ်လက်မှတ်ရှိနေပြီလို့ ငါယုံကြည်ပါတယ်၊







www.burmeseclassic.com

www.burmeseclassic.com



ပြန်ဖို့အတွက် ပိုက်ဆံလည်း ပေးဦးမှာပါ”

ချာလီစိတ်ထဲဝယ် အတွေးများက ယောက်ယက်ခတ်နေရသည်။ ဂျိုးဇက်မှာ အစွရေးလူမျိုးတစ်ယောက် ဖြစ်ကြောင်းကိုမူ ကမ်းခြေတွင် စတွေ့ကာစက ပြောပုံဆိုပုံမျိုးကို ကြည့်ခြင်းဖြင့် သံသယရှိစရာ မလိုတော့ပါ။ သို့သော်လည်း သူမအပေါ် ယခုကဲ့သို့ ဆက်ဆံမှုအတွက် ဤအစွရေးများသည် သူမအဖို့ စိတ်ရှုပ်ထွေးစရာ ဖြစ်နေမိသည်။

“ကဲ..ဒါတွေရဲ့ အဓိပ္ပါယ်က ဘယ်လိုလည်းဆိုပါတော့”

သူမက မေးလိုက်သည်။

“ရှင်တို့က စစ်တပ်ကလား၊ ကျွန်မကိုရော နှိပ်စက်ကြဦးမှာလား၊ ရှင်တို့ရဲ့လုပ်ချင်တဲ့ စိတ်ကူးက ဘာလဲ”

“အစွရေးလူမျိုးတစ်ယောက်ကို အရင်ကတွေ့ခဲ့ဖူးသလား”

ကတ်(ဇ)က ပြန်မေး၏။

“ဟင့်အင်း”

“မင်းဟာ ရန်သူတွေကြားထဲမှာ ရောက်နေတယ်လို့ ထင်နေသလားဟင်”

“ဟာ..ဟ မိတ်ဆွေတစ်ယောက်က ပြန်ပေးဆွဲတဲ့အလုပ်ကို လုပ်မယ်တဲ့လား”

သူမက ပြောင်သလို ရယ်၍ပြောလိုက်၏။

“အရှေ့အလယ်ပိုင်းရဲ့မြေပုံကို တစ်ခါလောက်များ မင်းကြည့်ဖူးသလား”

ကတ်(ဇ)က မေးပြန်သည်။

“ဟုတ်ကဲ့”





“မြေပုံကို တစ်ခေါက်လောက် ပြန်ကြည့်ပြီး အစွရေးနိုင်ငံဟာ ဘာလိုချင်သလဲဆိုတာကို ကိုယ့်ကိုကိုယ် ပြန်မေးကြည့်စမ်းပါ”

သူက အကြံပေးသလို ပြောလိုက်၏။ ထို့နောက် အတန်ကြာအောင် တိတ်ဆိတ်ငြိမ်သက်သွားသည်။

“ချာလီ တို့ဒီကိုရောက်နေတာဟာ မင်းရဲ့နိုင်ငံရေးအယူအဆတွေကို တိုက်ခိုက်ဖို့မဟုတ်ပါဘူး၊ လောလောဆယ်မှာတော့ တို့ကို မင်းယုံကြည်မှာမဟုတ်ဘူး၊ ဒါပေမယ့် မင်းရဲ့နိုင်ငံရေးအယူအဆကိုတော့ သဘောကျပါတယ်ကွာ၊ အကောင်းကို ရည်ရွယ်ပြီး လုပ်တာမှန်သမျှ တို့ကလေးစားပါတယ်”

“မင်းရဲ့စိတ်ထဲမှာရှိတဲ့ သဘာဝဆန်တဲ့ လူသားရေးရာဝါဒကို တို့က ရည်ရွယ်ပြီး ဒါတွေလုပ်နေရတာပါ။ မင်းရဲ့မှန်မြတ်တဲ့စိတ်ထား၊လူသားတွေရဲ့ နှလုံးသားကို အလေးကရုထားတတ်တာကို တို့က ရည်ရွယ်ရိုး အမှန်ပါကွာ”

“မင်းမှာ ခံစားမှုရှိတယ်၊ မင်းရဲ့စိတ်ထားတွေက မှန်ကန်တယ် ဒါတွေကြောင့် မင်းဟာ ခဏကြာကြာတော့ထိုင်ပြီး တို့ပြောတာတွေကို နားထောင်မှာ သေချာပါတယ်”

ချာလီက နောက်ထပ်တစ်မျိုးတိုက်စစ်ဆင်ပြန်၏။

“ဂျိုးဇက်ဟာ အစွရေးလူမျိုးဆိုရင် ဟိုအာရပ်ကားကို ဘာလို့မောင်းနေရတာလဲရှင့်”

ကတ်(ဇ)က ပြုံးလာ၏။

“တို့က အဲ့ဒီကားကို ခိုးယူလာတာပါ ချာလီ”

သူ့လေသံက ရွှင်နေသည်။

“နောက်တစ်ခု မင်းသိလာမှာက တို့တစ်တွေကြားကို မင်း



www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့် ရောက်နေရတယ်ဆိုတာပဲ၊ ငါပြောပြပါမယ်၊ မင်းကို တို့က အလုပ်တစ်ခုအပ်ဖို့ပဲ သရုပ်ဆောင်ရတဲ့အလုပ်ပါ"

တည်ငြိမ်နေသော ရေမျက်နှာပြင်အား သူကရိုက်ခတ်လိုက်နိုင်ပြီဖြစ်ကြောင်းကို သူကသိသဖြင့် ပြုံးလိုက်သည်။ သူ၏လေသံမှာ ကံထူးရှင်ပုဂ္ဂိုလ်အား ကြေငြာနေသလိုဖြည်းဖြည်းနှင့် တည်ငြိမ်မှု ရှိနေ၏။

"မင်းရဲ့ဘဝမှာ အကြီးအကျယ်ဆုံး သရုပ်ဆောင်ရမယ့်ကိစ္စ တစ်ခုပဲ၊ သိပ်လိုအပ်တဲ့ကိစ္စ၊သိပ်လည်းခက်ခဲသလို တကယ်ပဲ အန္တရာယ်လည်းရှိတယ်၊ ငွေရေးကြေးရေးကိစ္စကို ငါပြောတာမဟုတ်ဘူး နော်..၊ငွေရေးကြေးရေးကတော့ မင်းလိုသလောက်ပြော၊ ပြဿနာ မရှိစေရဘူး"

သူ၏ကြီးမားသော လက်ကြီးဖြင့် ဝှေ့ရမ်းပြလိုက်သည်။

"အလုပ်ကတော့ မင်းရဲ့အရည်အသွေး လူသားတွေကို လေးစားမှုနဲ့ မင်းရဲ့အသက်မွေးဝမ်းကျောင်းပညာတို့ရောပါနေတယ်၊ မင်းရဲ့အရည်အချင်း၊မင်းရဲ့သိပ်ကောင်းတဲ့မှတ်ဉာဏ်၊မင်းရဲ့ထိုးထွင်းသိမြင်တတ်တဲ့ဉာဏ်၊မင်းရဲ့သတ္တိတွေပဲ၊ ဒီအပြင်ခုနက ငါပြောသလို လူသားတွေကို လေးစားတတ်တဲ့ မင်းရဲ့စိတ်ထားလည်း ပါသေးတယ်"

"တို့ဟာ နိုင်ငံပေါင်းစုံက လူတွေကို အများကြီးလိုက်ရှာပြီးမှ မင်းကိုရွေးလိုက်တာပါ၊ ဒီအခန်းထဲမှာ ရှိတဲ့လူတွေက မင်းလုပ်ရပ်တွေကို မြင်ခဲ့ဘူးတယ်၊ မင်းကိုလည်း အားလုံးကချီးကျူးနေကြပါတယ်၊ တို့ဟာ မင်းရဲ့မိတ်ဆွေ ဂျိုးဇက်ပြောသလို လူကောင်း၊သူကောင်းတွေပါ၊မင်းလို လူကောင်းသူကောင်းတွေပါကွာ၊ တို့က မင်းကိုလိုအပ်မိတယ်၊ အပြင်လောကကြီးတစ်ခွင်မှာရှိတဲ့လူတွေကလည်း၊





တို့ထက် မင်းကိုပိုလိုအပ်နေပါတယ် မိန်းကလေးရယ်"

သူ၏လေသံက ရင်ထဲဝယ် ဟာနေအောင် ကျန်ရစ်ခဲ့မိသည်။ တစ်ခြားသရုပ်ဆောင် ပညာရှင်များအချို့လည်း ဤကဲ့သို့ပြောတတ်ကြောင်း သူမကသိပါသည်။

"ဒီလိုကြောင့်ပဲ ရှင်တို့က ခုလို လုပ်နေကြတာပေါ့ ဟုတ်လား"

သူမက ပြော၏။

"ခေါင်းကိုရိုက်လှဲပြီး လက်ထိပ်ခတ်ဖို့လား၊ဒါဟာ ရှင်တို့ရဲ့ လုပ်လေ့ရှိတဲ့နည်းလို့ ကျွန်မတော့ထင်ပါတယ်"

"ချာလီ ခုဟာက ထုံးစံအတိုင်းလုပ်ရမယ့် ကိစ္စမဟုတ်ပါဘူး ကွာ.."

ကတ်(ဇ)က ပြန်ပြောသည်။

"ဘယ်လိုမျိုး လုပ်ရမှာလဲရှင့်"

"ပြဇာတ်ခုံတစ်ခုပေါ်မှာလိုပဲ ဆိုကြပါစို့ကွာ"

"ဒါဆိုရင် ပြဇာတ်တစ်ပုဒ်ပေါ့"

သူမကပြောသည်။

"ဒီလိုဆို ဘာကြောင့် ရှင်ကမပြောတာလဲ"

"အေးလေ ပြဇာတ်တစ်ပုဒ်လိုပါပဲ"

"စီစဉ်တာတို့ စကားပြောအခန်းတွေကတော့ ဂျိုးဇက်ကသာ လုပ်တာလေ၊ မင်းရဲ့အကူအညီ တော်တော်များများနဲ့ပေါ့ကွာ"

"ပရိသတ်ကရော"

"ချာလီရေ ဒီပြဇာတ်ကို တစ်ကြိမ်တစ်ခါမှ မကြည့်ရနိုင်မယ့် သူတွေ အပြင်လောကကြီးမှာ ရှိနေပါတယ်၊ဒီပြဇာတ်ကြီးက ပြနေပါတယ်လို့လည်း သိကြမှာမဟုတ်ဘူး၊ အပြစ်ကင်းစင်တဲ့လူတွေပေါ့၊



www.burmeseclassic.com

www.burmeseclassic.com



မင်းက ကရုဏာစိုက်ရှိတဲ့လူတွေ၊မင်းက သူတို့ကို ပြောပြချင်တဲ့လူတွေ၊ ကူညီချင်တဲ့လူတွေပေါ့ကွာ၊ ဒီနေရာကစပြီး ဒါတွေက မင်းနောက်မှာ ပါလာလိမ့်မယ်၊ဒါကို မင်းခေါင်းထဲမှာထည့်ထား ဒါမှမဟုတ်ရင် မင်းဟာ တို့တစ်တွေကို ဆုံးရှုံးရလိမ့်မယ်၊မင်းကိုယ်၌ကပါ ဆုံးရှုံးသွားကြရလိမ့်မယ်"

သူမကသူ့ထံမှ အကြည့်ကိုလွှဲဖယ်ပစ်သည်၊တစ်ခြားတစ်ယောက်ယောက်ကိုများ သူကလုပ်ခိုင်းပါစေဟု ဆန္ဒပြုမိ၏။

"ဘယ်သူတွေက အပြစ်ကင်းစင်ပါတယ်လို့ ရှင်က ပြောရတာလဲ"

သူ၏ လွှမ်းမိုးမှုကို တွန်းကန်ရင်း သူမက ခပ်ကြမ်းကြမ်း ပြန်မေးသည်။

"တို့ အစ္စရေးတွေကို ပြောတာလားလို့ မင်းက ဆိုချင်တာလား ချာလီ"

"ရှင့်ကိုပြောတာ"

သူမက ပြောလိုက်၏။

"မင်းရဲ့မေးခွန်းကို ငါနည်းနည်းလေးလွှဲပြီး ပြောပြမယ်ချာလီ၊ လူတစ်ယောက်အဖို့ မလိုအပ်ခင်၊တကယ့်ကို အပြစ်ရှိထားဖို့ လိုအပ်တယ်လို့ တို့ရဲ့အမြင်မှာ ရှိနေပါတယ်"

"ဘယ်လိုလူမျိုးလည်း၊ဘယ်သူကရော သေဖို့လိုအပ်လို့လဲ"

သေခြင်းတရား၏ အကြောင်းကို အဘယ်ကြောင့်သူတို့ပြောနေကြပါသနည်း။ သူမကတွေးရင်း ဤကဲ့သို့သော မေးခွန်းကိုထုတ်မိသည်။သူက စခဲ့လေသလား။ သူမကပဲ စခဲ့လေသလား။ သိပ်တော့ မထူးခြားပါ။ သူကတော့ အဖြေကို နှိုင်းချိန်စွာ ပေးလာသည်။





"လူသားတွေရဲ့ ဘဝအစိပ္ပါယ်ကို လုံးဝချိုးဖောက်တဲ့လူတွေကိုပဲချာလီ၊ သူတို့ဟာ သေဖို့ကောင်းတဲ့လူတွေပါပဲ"

သူမကလည်း ခေါင်းမာစွာပင် ပြန်ပြော၏။

"ဂျူးတွေကကော ဒီလိုသေဖို့ကောင်းတဲ့လူတွေ မဟုတ်ဘူးလား"

"ဂျူးတွေဟုတ်လား၊ အေးဟုတ်တယ်၊အစ္စရေးတွေလည်းပဲ ဒီလိုပါပဲ၊ ဒါပေမယ့်တို့ဟာ အဲဒီလူတွေထဲမှာ မပါဘူး နောက်ကျကောင်းနေတာက ခုည ဒီနေရာမှာ သူတို့ဟာ တို့အတွက်ပြဿနာ မဟုတ်နေတာပဲ"

သူ့အတွက် ဤကဲ့သို့ ပြောပိုင်ခွင့်က ရှိနေတော့၏။ ကလေးများအတွက် တမ်းတမ်းတတဖြစ်နေသော မေးခွန်းအရှုမှ သူ့တွင် အဖြေက ရှိပြီးသားပင်။ ဤပုဂ္ဂိုလ်မျိုးသည် သူကျွမ်းကျင်ရာကိုသာ လုပ်တတ်မည့်မှန်း ချာလီအပါအဝင် အခန်းအတွင်းရှိလူများက နားလည် မိကြသည်။ သူက မေးခွန်းထုတ်နေစဉ်မှာပင် သူ့ကိုယ်သူလည်း ပြန်လည်မေးခွန်းထုတ်တတ်သည့် လူစားမျိုးဖြစ်၏။ သေခြင်းတရား အကြောင်းကို သူကပြောနေသည့်အခါတွင် သူ့အဖို့သေခြင်းတရားတို့ တွေ့ကြုံခဲ့ရပြီးဖြစ်ကြောင်းကိုလည်းကောင်း၊ တွေ့ရဦးမည်ကိုလည်းကောင်း သိရှိထားပြီးဖြစ်သည်။ သူက အမိန့်ပေးတတ်သလို တစ်ခြားလူများ၏ အမိန့်ကိုလည်း သူက နာခံတတ်သူ လူသားမျိုးပင်။

"တို့နဲ့ကိစ္စမှာတော့ ဖျော်ဖြေဧည့်ခံမှုတွေနဲ့ မရောထွေးလိုက်ပါနဲ့ချာလီ"

သူက သူမအား အတည်ပင်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"တို့ဟာ ပျော်ရွှင်စရာတောအုပ်ကြီးရဲ့ သာယာပုံတစ်ချို့ကို ပြောနေကြတာမဟုတ်ပါဘူး၊ ဇာတ်ခုံပေါ်မှာ အလင်းရောင်လေး မှေးမှိန်သွားတယ်ဆိုရင် လမ်းပေါ်မှာ ညပဲဖြစ်လိမ့်မယ်၊သရုပ်ဆောင်တဲ့လူတွေက ရယ်ရင် သူတို့ဟာပျော်လို့ပဲ၊မျက်ရည်တွေ သုတ်နေရရင်တော့ သူတို့ဟာ နှလုံးကြေကွဲစရာဖြစ်လို့ပဲ၊ သူတို့စိတ်ထိခိုက်ရင် ထိခိုက်မှာပဲ ချာလီ၊ဒါပေမယ့် ကန့်လန့်ကာ ကျလာတဲ့အချိန်မှာတော့ ခံစားရတဲ့ ဘဝအခြေအနေတွေဟာ ဘာမှမရှိတော့ဘူး"

"ဖုတ်ဖက်ခါပြီး အိမ်အပြန် နောက်ဆုံး ဘတ်(စ)ကားကို မီဖို့ ပြေးတော့မှာပဲ။ ဘာကိုမှ ကြေကွဲဝမ်းနည်းစရာ အဖြစ်ကိုပြန်လက်ခံတော့မှာ မဟုတ်ဘူး။ ဇာတ်ရဲ့ အမြင့်ဆုံးအရှိန်ဟာ ကျသွားတတ်တာပဲ၊ဒါတွေကို မင်းသဘောတွေ့ရင် လုပ်ကိုင်နိုင်မယ့်လို့တော့ တို့ကထင်ထားတယ်၊ခုချိန်ကစပြီး တို့ရဲ့ဇာတ်လမ်းကြီးကို စကြပါစို့ကွာ"

ရှိမွန်မှာ ပထမဦးဆုံးအကြိမ် ပြောလာတော့၏။

"ချာလီဟာ သူ့ရဲ့ဘဝမှာ တစ်ခါမှ ရုန်းကန်တိုက်ခိုက်နေရာက ထွက်မသွားဖူးဘူး မာတီ"

သူ၏ ဆရာသမားအား သေချာစေလိုရန် ထပ်ပြောသည်။

"ဒါဆို ကျွန်တော်တို့က ယုံကြည်ထားရုံမဟုတ်ပါဘူး၊နားလည်ထားပါတယ်လေ၊သူ့ရဲ့ မှတ်တမ်းတွေအားလုံးမှာ ဒီလိုချည်းပါပဲ"

ꕤꕤꕤꕤꕤ





"ကဲ..ချာလီ"

ကတ်(ဇ)၏လေသံက ခပ်ဖြည်းဖြည်းပင်။

"တို့အနေနဲ့ အပွင့်အလင်းဆုံးပြောကြမယ်၊ မင်းမေးတဲ့ မေးခွန်းတွေကို လိုအပ်သလောက် ချွင်းချန်ထားရမယ်ဆိုတာတောင် အပွင့်အလင်းဆုံးနဲ့ အမှန်ကန်ဆုံးဖြေပါမယ့်"

သူက စကားကို ရပ်ထားလိုက်၏။ သူမက မည်သို့မျှ မပြော နှုတ်ဆိတ်နေသေးသည်။

"တို့ဘက်ကို ရောက်လာဖို့ သောင်တင်ဖို့ နောင်တရဖို့ကိစ္စတွေဖြစ်လာအောင် မကြိုးစားပါဘူး၊မင်းဘဝမှာ အမှားအယွင်းတွေ အများကြီးဖြစ်အောင် ဆုံးဖြတ်ခဲ့ဘူးပေမယ့် တို့ရဲ့အမြင်ကတော့ တစ်မျိုးပဲ၊ တို့အတွက် တို့စဉ်းစားနေတယ်လို့တော့ မထင်စေချင်ဘူး"

"ငါပြောမယ် ချာလီ"

"ပြောပါ မာတီ"

သူမက စားပွဲပေါ်သို့ တံတောင်ဆစ်ထောက်၍ မေးတင်ကာ ပြုံးပြလိုက်၏။

"ကျေးဇူးပဲ ချာလီ၊ ဒါဆိုရင် ကရုတစိုက်နားထောင်နော် လုပ်ရမည့်ကိစ္စက မင်းရဲ့ဗဟုသုတနဲ့ ဉာဏ်ပညာပေါ်မှာ မူတည်ပါတယ်၊မင်းဆီက ကတိကိုတို့လိုတယ်၊ မင်းကို ငွေပေးမယ် အင်္ဂလန်ကို ပြန်ပို့ပေးမယ်၊ ငါပြောတာ သဘောပေါက်တယ်နော်"

သူမက သူ့ထံမှ အကြည့်ကိုလွှဲဖယ်၍ စားပွဲပေါ်သို့ မျက်လွှာမျှမိသည်။

တစ်ခုက မင်းတို့ပြောတဲ့အလုပ်ကို လုပ်ရမယ်ဆိုရင် ညီးနည်းတော့ ကြမ်းကြမ်းတမ်းတမ်း ရှိလိမ့်မယ်၊သိပ်တော့ ကြောက်



www.burmeseclassic.com

www.burmeseclassic.com



စရာမကောင်းလှသေးပါဘူး၊အားမသိရန်မခအောင် မင်းကိုထားမှာပါ၊ တို့က သာယာတဲ့ နေရာလေးတစ်နေရာမှာ ဆိုကြပါဆို့ ပြဿနာ မရှိပဲ နေရတဲ့ ကမ်းခြေလေးတစ်နေရာမှာ အိမ်လေးတစ်လုံးကို ယူထားမယ်။ ခု ဒီကလူတွေလို လူတစ်ချို့ကို မင်းအတွက်အဖော် ပေးထားမယ်၊မင်းပျောက်နေတဲ့အတွက် ဟန်ဆောင်ဇာတ်လမ်းလေး တစ်ခု ဖန်တီးပေးမယ်ကွာ၊ အရှေ့ဘက်ကမ်းကို မင်းခရီးခဏ ထွက်နေတယ်ဆိုတာမျိုးပေါ့"

စားပွဲပေါ်ရှိ လက်ပက်နာရီသို့ သူ့လက်ချောင်းတုတ်တုတ် ကြီးများဖြင့် လှမ်းကိုင်၏။ လှည့်မကြည့်ပဲ ဆွဲယူကာ သူ့အား ခြောက်လက်မအကွာတွင် ချထားလိုက်သည်။ ချာလီကမူ သူမရှေ့ရှိ စက္ကူအထပ်လေးပေါ်ဝယ် ခဲတံတစ်ချောင်းဖြင့် လျှောက်ခြစ်နေသည်။

"အဲဒီနေရာလေးက မင်းပြန်ထွက်လာရင် မင်းကို တို့က ပစ်မထားပါဘူး၊မင်းအတွက် ပိုက်ဆံတော်တော်များများပေးပြီး မင်း မသိရအောင် တို့ကစောင့်ရှောက်ထားပါ့မယ်"

သူမက တခွက်ပေါ်တွင် စက်ဝိုင်းပုံသဏ္ဍာန်ဆွဲပြီး မြှားတစ်စင်း ထိပ်၌ တပ်လိုက်၏။ သင်္ကေတအားဖြင့် ယောကျ်ားဆိုသည်ကို ရည်ညွှန်းသည့်ပုံပင်ဖြစ်၏။

ဂျိုးဇက်က ယခုအကြိမ်မှ ဝင်ပြောလာသည်။

"ချာလီ..မင်းအနေနဲ့ သက်သေတစ်ယောက်လို အဖြစ်မျိုး အတွက် ပြောနေတာ မဟုတ်ဘူးကွ၊ မင်းရဲ့အနာဂတ်မှာ အန္တရာယ် ရှိလာနိုင်မှာကို သူတို့က ဆွေးနွေးပြောပြနေတာ၊ ထိုင်ပြီးမင်း ပြန်ဆွေး နွေးအကြံပြုတာမရှိပဲ၊ သူတို့ကို ပြောချင်ရာပြောခိုင်းနေတာလား၊ နားလည်လား..ချာလီ ပြောစမ်းပါဦး"





သူမက စက်ဝိုင်းပုံသဏ္ဍာန်ထပ်ဆွဲပြန်၏။ နောက်ယောကျ်ား သားတစ်ဦး၏ လက္ခဏာသင်္ကေတပင်၊ ကတ်(ဇ) ပြောသမျှကို သူမ ကြားနေရပါသည်။

"ဒါဆိုရင် ဘယ်လောက် ဒီကိစ္စကကြာမှာလည်း မာတီ"

သူမက မေးလိုက်သည်။

"အလုပ်ပြီးသွားရင် မင်းအတွက် အန္တရာယ်ရှိလာနိုင်မယ့် အချိန်က ဘယ်လောက်ကြာမှာလည်းလို့ မင်းဆိုလိုတာထင်တယ်"

သူမကတော့ မိန်းမကြမ်းတစ်ဦးပါပေ၊ လက်ထဲမှခဲတံကို ပစ်ချကာ စားပွဲကို လက်ဝါးဖြင့် ရိုက်လိုက်သည်။

"မဟုတ်ဘူး၊ဒါကိုပြောတာ မဟုတ်ဘူး၊ လုပ်ရမယ့်အလုပ်က ဘယ်လောက်ကြာမှာလည်း နောက်ပြီး မိုးဦးကျမှ ကျွန်မနဲ့ဂျိုးဇက် အပျော်ခရီးထွက်ဖို့ ကိစ္စက ဘာလိုလဲဆိုတာကို ပြောတာရှင့်.."

"ချာလီ.."

ကတ်(ဇ)က ခေါ်သည်။

"မင်းရဲ့ခရီးထွက်ဖို့ကတော့ကွာ မျှော်လင့်ထားနိုင်ပါသေးတယ်၊ ဖြစ်လာလိမ့်မယ်လို့လဲ အာမခံပါတယ်၊တို့ကိစ္စက တစ်လခွဲလောက် ကြာနိုင်တယ်၊ နှစ်နှစ်လောက်လဲ ကြာနိုင်တယ်၊ ဒါပေမယ့် ဒီလောက် ကြီးကြာမှာ မဟုတ်ဘူးလို့ တို့မျှော်လင့်ထားကြပါတယ်၊ ကဲ..တစ်ခု သိချင်တာက တို့အတွက် အလုပ်လုပ်ပေးမှာလား၊ အိမ်ကိုပဲ ပြန်မှာ လား၊မင်း ဘာလုပ်မယ်"

"ဂျိုးဇက်"

သူမက ခေါင်းကိုလှည့်မကြည့်ပဲ ခေါ်လိုက်၏။

"ဟင် ဘာလဲချာလီ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မတို့ ခရီးထွက်ဖို့ကိစ္စက တကယ်ပဲနော်"

"ဟုတ်ပါတယ် ချာလီရယ်"

"အစီအစဉ်တွေ မရွှေ့ဘူးနော်"

"မရွှေ့ပါဘူးကွာ"

သူမက သက်ပြင်းတစ်ချက်ကို မှုတ်ထုတ်လိုက်သည်။

"ကဲ ဒါဆိုရင် ကျွန်မအဖို့ အလုပ်လုပ်ဖို့ပဲ ရှိတော့တာပေါ့လေ"

သူမက ကတ်(ဓ)အား ဂရုမစိုက်သလို ပြန်ပြောရင်း ကြယ်သီးလေးကိုသာ ကြည့်နေတော့၏။

ဆဆဆဆဆ



## အခန်း (၇)

"ချာလီ မင်းရဲ့မိတ်ဆွေတွေကို ပြန်ပြီးသတိရကြည့်စမ်းပါ"

ကတ်(ဓ)ကပြောသည်။ရှိမွန်ကမူ လက်ဆွဲအိတ်အတွင်း ဖိုင်တစ်ခုကိုဆွဲထုတ်၍ ချာလီမြင်သာအောင် ကိုင်ထားသည်။

"ဟုတ်ကဲ့"

သူမက ပြော၍ စီးကရက်တစ်လိပ်ကို ယူသည်။

ကတ်(ဓ)က သူ့လက်တွင်းသို့ ရှိမွန်ပေးလာသော ဖိုင်ကို သေချာရန် ဖတ်ကြည့်၏။

"မင်း အဖေရဲ့ နောက်ပိုင်းဘဝကို ကြည့်ရရင် ငွေကြေးပြဿနာကြောင့် ထောင်ထဲမှာပဲ သေသွားတယ်၊အဲဒီသတင်းမင်းဆီကို ရောက်လာတဲ့အချိန်မှာ မင်းက ကျောင်းအိပ်ကျောင်းစား အင်္ဂလိပ်



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းမှာ ရောက်နေတယ်၊အဲဒီနေရာကနေ မင်းစပြောပါ”

သူမက သူ့စကားကို နားလည်ဟန်မတူ။

“ဘယ်နေရာကလည်းရှင့်”

“ဟိုသတင်းရောက်လာပြီး နေရာကစပြောပါ”

သူမက ပခုံးတွန့်လိုက်၏။

“ကျောင်းက ကျွန်မကို ထုတ်ပစ်လိုက်လို့ အိမ်ကိုပြန်လာတယ်၊ အိမ်မှာလဲ ရုံးက ဘီးလစ်စာရေးကြီးက ကြွက်တွေလိုပဲမွှေပြီးရှာသိမ်း နေတယ်၊အဲဒီမှာပဲ ကျွန်မနေခဲ့ရတာပဲ”

“ကျောင်းအုပ်ဆရာမကြီးက မင်းကို ကျောင်းထုတ်ပစ်လိုက်တယ်လို့ မင်းပြောခဲ့တယ်နော်”

ကတ်(စ)က သူမ၏စကားကို ပြန်သတိရစေရန် ခေတ္တမျှ စကားဖြတ်ထားသေး၏။

“ဟုတ်ပြီ သူကမင်းကို ဘာပြောခဲ့သလဲ”

“အလုပ်အပိုးသိမ်းပြီး နှုတ်ဆက်ပြန်ခိုင်းရုံလောက်ပဲ ကျွန်မ သတိရတယ်”

“အိုး ဒါကိုမင်းသတိရသားပဲ”

ကတ်(စ)ကပြောသည်။

“ဘာကြောင့်လို့များ ရှင်းမပြဘူးလား”

“ဒါကတော့ရှင် ကျောင်းက ကိုယ်ပိုင်ကျောင်းပဲဥစ္စာ ကျွန်မ အတွက်ငွေမပေးနိုင်တော့ဘူးဆိုတာကို သဘောပေါက်လာလို့ဖြစ်မှာပေါ့”

“အိမ်ကို မီးရထားစီးပြန်လာတာလား”

“ဟုတ်တယ် ကျွန်မမှာ သေတ္တာလေးတစ်လုံးပဲပါတယ်”

သူမက အကြောဆန့်လိုက်ပြီး ဘေးသို့ပြုံးကာကြည့်သည်။





ဂျူးဇက်ကမူ သူမထံမှအကြည့်ကိုရှောင်ထား၏။

“အိမ်ရောက်တော့ ဘာတွေဖြစ်နေသလဲ၊တိတိကျကျပြောကွာ”

“အိမ်ထောင်ပရိဘောဂတွေလည်းသယ်သွားပြီ။အမေကလည်း ငိုနေတယ်၊ကျွန်မရဲ့အခန်းကလည်း တစ်ဝက်လောက်ရှင်းနေပြီရှင့်”

“မင်းရဲ့အမ ဟေဒီကဘယ်ရောက်နေသလဲ”

“အဲဒီမှာ မရှိဘူး”

“ဘယ်သူမှ သူ့ကိုသွားမခေါ်ဘူးလား၊မင်းရဲ့အစ်မဟာ မင်းအဖေရဲ့အသည်းပဲ မဟုတ်လား၊နေတာကလဲ ဆယ်မိုင်လောက်ပဲ ဝေးတယ်လေ၊သူကလည်း အိမ်ထောင်လဲကျပြီးနေပြီ၊ ဘာ့ကြောင့် ဟေဒီကလာပြီး အကူအညီမပေးရတာလဲ”

“သူ့မှာ ကိုယ်ဝန်ရှိနေလို့ လို့ကျွန်မထင်တာပဲ”

ချာလီက သူမ၏လက်များကိုကြည့်နေရင်း ဂရုမစိုက်သလို ပြောသည်။

“သူက ကိုယ်ဝန်အမြဲတမ်းရှိလို့နေတာ”

ကတ်(စ)က ချာလီအား ကြည့်နေ၏။

“ကိုယ်ဝန်ရှိနေတယ်လို့ ဘယ်သူကပြောတာလဲ”

သူက မကြားလိုက်မိဟန်ဖြင့် ထပ်မေးသည်။

“ဟေဒီက ပြောတာ”

“ချာလီ..ဟေဒီမှာ ကိုယ်ဝန်မရှိပါဘူးကွာ၊ သူ့ရဲ့ပထမဦးဆုံး ကိုယ်ဝန်က နောက်နှစ်မှ ရှိလာတာပါ”

“ကောင်းပြီလေ၊ သူ့မှာ အရင်က ကိုယ်ဝန်မရှိဘူးပေါ့”

“ဒါဆိုရင် သူက ဘာကြောင့်လာပြီး အကူအညီမပေးရတာ လဲ”



www.burmeseclassic.com

www.burmeseclassic.com



"သူကတော့ မကြားချင်၊မမြင်ချင်လို့ ဖြစ်မှပေါ့၊ သူက အဝေးမှာ ရောက်နေတယ်၊ ဒါပဲ ကျွန်မမှတ်မိတော့တယ်၊မာတီရယ် ဒါက ဆယ်နှစ်တောင်ရှိနေပြီပဲ၊ ကျွန်မက ကလေးအရွယ်လောက်ပဲ ရှိသေးတာ"

"ဒါဆိုရင် မစွန်လှဘူးပေါ့ကွာ၊ ဟောဒီဟာ ဒီလိုမဟုတ်ပါဘူး၊ မင်းအဖေရဲ့ဘဏ်က ငွေတွေကိစ္စအပေါ် ငါကဆိုလိုတာပါ"

"တခြား ဘာများရှိသေးလို့လဲ"

သူမက ခပ်ဆတ်ဆတ် ပြန်ပြော၏။

ကတ်(ဓ)က စာရွက်များကို ပြန်ကြည့်သည်။ ရှိမွန်က သူ၏လက်ချောင်းရှည်ဖြင့် ထိုးပြ၏။

"ဟောဒီက အဝေးမှာရောက်နေလို့ မိသားစု ပြဿနာ မင်းလို ကလေးတစ်ယောက်အပေါ် ပုံကျတယ်ပေါ့..ဟုတ်လားချာလီ..အဲဒီအချိန်မှာ မင်းက ဆယ်ခြောက်နှစ်လောက်ပဲရှိသေးတာ"

သူတို့က တစ်ယောက်နှင့်တစ်ယောက် အပြန်အလှန်ကြည့်နေကြသည်။

"ထားပါတော့လေ...ပစ္စည်းအားလုံးကို သိမ်းသွားတော့ မင်းမှာ ဘာကျန်သေးသလဲ"

"ကျွန်မရဲ့ မြင်းကလေးရှိသေးတယ်"

"ဒါကိုလည်း ရှင့်ကိုပြောပြပြီးပြီပဲ"

"အိမ်ထောင်ပရိဘောဂတွေနဲ့ အတူတူ ကားတစ်စီးထဲမှာ တင်ပြီလား"

"မဟုတ်ဘူး..နောက်ကားတစ်စီးနဲ့ပေါ့၊ ပေါက်ကရ မပြောစမ်းပါနဲ့ရှင်"





"ဒါဆိုရင် ကားက နှစ်စီးပေါ့၊ တစ်ချိန်တည်းမှာပဲလား၊ဒါမှ မဟုတ်ရင် တစ်စီးပြီးမှတစ်စီး လာသယ်တာလား"

"ကျွန်မ မဟုတ်မိတော့ဘူး"

"မင်းအဖေက ဒီအတိုင်းပဲ ကြည့်နေတာပဲလား၊ စာဖတ်ခန်းမှာထိုင်ပြီး ပြတင်းပေါက်မှန်ကနေ ကြည့်နေတာလားကွ"

"သူက ပန်းခြံထဲမှာပါ"

"ဘာလုပ်နေတာလဲ"

"နှင်းဆီပန်းတွေကို ငေးပြီးကြည့်နေတယ်၊ ငါ့နှင်းဆီပန်းတွေကို ပါယူသွားရင်တော့ ငါကိုယ်ငါသတ်သေလိုက်မယ်လို့ပဲ ထပ်ခါတလဲလဲ ပြောနေတယ်ရှင့်"

"မင်းအမေကရော"

"မေမေက မီးဖိုထဲမှာ ထမင်းပေါင်းချက်နေတယ်၊ သူ့အဖို့ ပါပဲ စဉ်းစားစရာရှိတယ်လို့ ထင်ထားပုံပဲ"

"ဓာတ်ငွေ့နဲ့ချက်တာလား၊ လျှပ်စစ်နဲ့လား"

"လျှပ်စစ်နဲ့ပါ"

"လျှပ်စစ်ကုမ္ပဏီက မီးဖြတ်သွားပြီမဟုတ်လား"

"သူတို့က ပြန်တပ်ပေးထားတယ်"

ကတ်(ဓ)မှာ ချာလီအား အသေးစိတ် ပြန်မေးနေတော့၏။

"မင်းအဖေက ဘယ်လိုတရားစွဲတာလဲ"

"အမှုသည်တွေရဲ့ပိုက်ဆံကို ခိုးယူမှုနဲ့"

"သူဘယ်လောက်ကြာသလဲ"

"ဆယ့်ရှစ်လ၊မာတီရယ် ဒါတွေ ရှင့်ကိုပြောခဲ့ပြီးပြီ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ထောင်ထဲမှာ သူ့ကို သွားတွေ့သေးသလား"

"သူကအတွေ့မခံဘူး၊သူ့ရဲ့ရှက်စရာအဖြစ်ကြောင့် ကျွန်မတို့ကို အတွေ့မခံဘူး"

ကတ်(ခ)မှာ သူမေးခဲ့သည်များကို ပြန်မေးကြည့်ရင်း ငြိမ်သွား၏။ တစ်ခန်းလုံးဝယ် တိတ်ဆိတ်၍နေသည်။ မှတ်စုစာအုပ်စက္ကူပေါ်ဝယ် ရေးမှတ်နေသော ရှိုမွန်၏ ဘောပင်လှုပ်ရှားမှုအသံကိုသာကြားနေရသည်။

ထို့နောက် သူမအား အနားပေးလိုက်သည်။

ဤသို့ဖြင့် တစ်နေ့ပြီးတစ်နေ့ ချာလီအား အမျိုးမျိုး မေးကြသည်။ နိုင်ငံရေးအယူအဆများကို ဆွေးနွေးကြည့်သည်။

နောက်ဆုံးတွင်မူ ကတ်(ဇ)က ပြောလာတော့၏။

"မင်းရဲ့အဖေ ဘယ်တုန်းကမှ ထောင်ထဲကိုမရောက်ဘူးဆိုတာ ကို့သိပြီးသားပါချာလီ၊ ဘယ်သူကမှလည်း မင်းတို့ရဲ့ပစ္စည်းတွေ မင်းရဲ့မြင်းလေးကိုပါ ယူမသွားကြပါဘူး၊ဘဏ်ကြွေးလေး နည်းနည်းပါးပါးသာ မင်းအဖေမှာ ဖြစ်ရတာပါ၊ဘာကိုမှ မထိခိုက်မနစ်နာစေခဲ့ဘူး၊ အဲဒီမြို့လေးက ဘဏ်မန်နေဂျာတစ်ယောက်ကိုပဲ နည်းနည်းထိခိုက်စေခဲ့တာပါ"

"သူမသေခင် တော်တော်ကြာကတည်းက သူ့ကို ဂုဏ်သိက္ခာရှိရှိ အလုပ်ကထွက်ခိုင်းခဲ့တာပါ၊ မိတ်ဆွေအချို့ကလည်း ငွေကြေးထောက်ပံ့ပေးကြပါတယ်လေ၊ မင်းရဲ့အမေဟာ ဘဝတစ်လျှောက်လုံးသူ့ရဲ့ဇနီးကောင်းတစ်ယောက်အဖြစ် ဂုဏ်ယူစွာနဲ့ နေထိုင်နိုင်ခဲ့ပါတယ်ကွာ၊ မင်းကျောင်းကထွက်ရတယ်ဆိုတာကလည်း မင်းကြောင့်ပဲဖြစ်တယ်၊ မင်းမြို့က ယောကျ်ားလေးတွေနဲ့ ရှုပ်ပြီး ကျောင်းကို





သတင်းရောက်သွားလို့ပဲ"

သူက လက်ပတ်နာရီကို ဘေးဘက်စားပွဲခုံလေးပေါ်တွင် တင်လိုက်ပြန်၏။

"တို့ဟာ မင်းရဲ့မိတ်ဆွေပါချာလီရယ်၊ ဒီလိုကိစ္စလေးတွေနဲ့ ပတ်သက်ပြီး မင်းကိုအပြစ်တင်ရမှာတဲ့လား"

သူမ၏ ဒေါသတို့ပြေပျောက်သွားရတော့သည်။

သူမက တဖန်ဒေါသပြန်ထွက်လာမိ၏။ ဂျိုးဇက်ဆီသို့ ခပ်သွက်သွက်လှမ်းထွက်လာသည်။ သူမကို မည်သူမျှမတားကြပါ။ ပါးရိုးရှိရာသို့ တအားကုန်ချိန်ထိုးလိုက်သည်။ ကျန်လက်တစ်ဖက်ဖြင့် ရိုက်ပြန်၏။ သူမအား ပြန်ခုခံလေမလားဟု စောင့်ကြည့်မိသည်။ ဤအကြိမ်တွင်လည်း သူ၏မျက်လုံးညိုညိုကြီးများဖြင့်သာ ငေးမောကြည့်နေပြန်ပါ၏။

သူမက လက်သီးတစ်ဝက်ဆုပ်၍ တစ်ချက်ထပ်ထိုးပြန်ရာ သွေးများက ဂျိုးဇက်၏မေးစေ့သို့ စီးကျ၍လာသည်။

"မျိုးမစစ်သား..."

သူမကအားကုန်အော်ဟစ်၍ စိတ်ကိုထိန်းကာ အသက်ပြင်းပြင်းရှူနေမိသည်။

အားလုံး ဘာမျှမလုပ်ရန် ကတ်(ခ)က အင်္ဂလိပ်လိုပြောသံသူမကြားမိသည်။ ဂျိုးဇက်တစ်ယောက် လှည့်ထွက်သွားပြီး အိတ်ထဲတွင်းမှ လက်ကိုင်ပဝါကို ထုတ်ကာ သုတ်နေသည်ကို သူမတွေ့၏။

သူမက ဆဲရေးတိုင်းထွာပြီး ဂျိုးဇက်၏ခေါင်းအား အားကုန်ရိုက်ထည့်လိုက်ပြန်သည်။ ယခုအခါတွင် သူမမောပန်းတုန်ရင်ပြီး ဂျိုးဇက်က ပြန်ရိုက်မည်ကိုသာ အလိုရှိနေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ကိုကိုယ် ထိန်းပါ..ချာလီရယ်..."

ကတ်(ဇ)က ထိုင်ရာမှ ပြောလိုက်သည်။

သူမက ခေါင်းငိုက်စိုက်ချကာ ငိုကြွေးနေတော့၏။ ကတ်(ဇ)ကခေါင်းညိတ်ပြလိုက်ရာ ရာချယ်က လျှောက်လာပြီး သူမ၏ပခုံးကို ပွေ့ဖက်လာ၏။ သူမက ရုန်းဖယ်လိုက်၏။

"သူ့အတွက် အချိန်သုံးမိနစ်ပဲရမယ်"

တံခါးဆီသို့ သူတို့လျှောက်သွားစဉ် ကတ်(ဇ)ကနောက်မှ အော်ပြောလိုက်သည်။

"သူဘာမှ အဝတ်အစားမလဲရသေးဘူး၊ဒီအတိုင်းပဲ ပြန်လာခဲ့ပါစေ၊ကားစက်ကို နှိုးထားလိုက် ချာလီ၊ အဲ့ဒီမှာ ခဏနေဦး၊နေဦးကွ ရပ်လို့ ငါပြောနေတယ်"

ချာလီကရပ်နေလိုက်သော်လည်း နောက်သို့လှည့်မကြည့်။

"ချာလီ..မင်းဘာတွေ ပြောခဲ့ပြောခဲ့ကွာ၊ မင်းကိုဂုဏ်ယူနှုတ်ဆက်ပါတယ်၊နောက်တစ်ခါကျရင်တော့ ဒီထက်ကောင်းတဲ့ ဓာတ်လမ်းကို ပြောပြနိုင်ပါစေလို့ မျှော်လင့်မိပါတယ်ကွာ၊ မြန်မြန်ပြန်လာခဲ့နော်...အချိန်ဟာ အခုဆိုရင် တော်တော်နည်းနေပြီ"

⌘⌘⌘⌘

ချာလီတစ်ယောက် အိပ်မောကျနေသည့်အချိန်မှာပင် ကွီလေးမှာမူ နေ့လည်စာစားရန် မှာပြီးဖြစ်နေပါသည်။ ထိုစဉ်မှာပင် မစ္စက် လောင်းမိုး၏ ရုံးခန်းအတွင်းမှ ဆူဆူညံညံအသံများကြားလာရသည်။





သူက တံခါးတွင် နားကိုကပ်၍ နားစိုက်ကြည့်၏။

ခေတ္တအကြာတွင်မူ ခြေသံပြင်းပြင်းနှင့်လျှောက်လာသံကို ကြားရပြီး ကွီလေး၏ ရုံးခန်းတံခါးက ပွင့်လာသည်။ အရှည်ကြီး အား(လ)ကို တွေ့လိုက်ရ၏။ သူက အလွန်အကျွံ မူးနေပုံရသည်။

"ခင်ဗျားဟာ ဘာမှအသုံးမကျတဲ့ အဘိုးကြီးပဲဗျ"

အလာစတဲယားက ကွီလေး၏ နှာခေါင်းအောက်သို့ လက်ညှိုး တစ်ထိုးထိုးဖြင့် အော်ပြောသည်။

"ခင်ဗျားရဲ့ လည်ပင်းကို ချိုးပစ်လိုက်ဖို့ ကောင်းတယ်"

"ဒီမှာ သူငယ်ချင်းရယ်"

ကွီလေးက ပြောသည်။

"ဘာတွေဖြစ်လာရတာလဲ"

"မစ္စတာ ကွီလေးရေ၊ ရဲကို ကျွန်မ ဖုန်းဆက်နေပါပြီ"

အောက်ထပ်က မစ္စလောင်းမိုးက အော်၍ပြော၏။

"ခုပဲ ဖုန်းနံပါတ် ကိုးသုံးလုံးကို ဆက်နေပါပြီ"

"ကဲ...ထိုင်ပြီး မင်းရဲ့ကိစ္စပြောပါဦးကွ"

ကွီလေးက ပြောလိုက်သည်။

"ငါ့ကို မင်းရှင်းပြနေတုန်း ကော်ဖီကြမ်းတစ်ခွက်လောက် သောက်လိုက်ပါလား"

ဓာတ်လမ်းကမူ ရှည်လှ၏။ လှည့်စားခံလိုက်ရသော အကြောင်းပင်ဖြစ်သည်။ မရှိသည့် ကုမ္ပဏီတစ်ခုမှ အလာစတဲယား၏ ကိုယ်စားလှယ်အား မိုင်ကိုနော့(စ) ကျွန်းသို့ကြေးနန်းရိုက်စေခဲ့၏။ လေယာဉ်ခမှအစ ကုန်ကျစရိတ်အားလုံးကျခံကာ ချာလီထံပါးမှ ဖယ်ထုတ်လိုက်ခြင်းပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကယ်လီဖိုးနီးယားရှိ 'ပင်တဲယင့်စီလက်တီးရယ်' ရုပ်ရှင်ထုတ်လုပ်ရေး ကုမ္ပဏီဟု အမည်ပေးထားရာ ကုမ္ပဏီတစ်ခုက သူ၏ကိုယ်စားလှယ်ထံသို့ ဖုန်းဆက်သည်။ သူတို့၏ ခေါင်းဆောင်မင်းသားမှာ ရုတ်တရက်နေထိုင်မကောင်းဖြစ်လာသဖြင့် အလာစတဲယားအား ငှားရမ်းလိုကြောင်း၊သို့ဖြစ်၍ လန်ဒန်တွင် ရုပ်ရှင်အစမ်းရိုက်ကြည့်ရန်မှာပါသည်။ အလာစတဲယားမှာ ဂရိပြည်တွင် ရောက်နေသည်ကို သူတို့သိသဖြင့် ပြန်ခေါ်ရေးအတွက် လိုအပ်သမျှကို သူတို့ကပေးမည်ဟုဆို၏။အလာစတဲယား၏ ကိုယ်စားလှယ်ရုံးသို့ ဒေါ်လာတစ်ထောင်ပို့ပေးလိုက်သည်။

သို့ဖြစ်၍ အလာစတဲယားမှာ အသော့သား ပြေးလာတော့၏။ တပတ်မျှ ကြာသည့်တိုင်အောင် ရုပ်ရှင်အစမ်းမရိုက်ကြည့်ရသေး။ တစ်ပတ်မျှ ကြာသည့်တိုင်အောင် ရုပ်ရှင် အစမ်းမရိုက်ကြည့်ရသေး။ 'အဆင်သင့်လုပ်ထားပါ' ဟူသော ကြေးနန်းတစ်စောင်သာ ရောက်လာ၏။ သူထံသို့ ဆက်သွယ်သမျှသည် အားလုံးကြေးနန်းနှင့်သာဖြစ်၏။ 'အစီအစဉ်များ ဆောင်ရွက်နေဆဲဖြစ်သည်' ဟူသော ကြေးနန်းများသာ ထပ်ရောက်လာ၏။

ကိုးရက်မြောက်သော နေ့တွင်မူ ရှက်ပက်တန် စတူဒီယိုရှိ စတူဒီယို 'ဒီ'မှ ပိတ်ဗိုင်ရှင်စကီးဆိုသူထံ ဆက်သွယ်ရန် ညွှန်ကြားလေတော့၏။

အလာစတဲယား၏ ကိုယ်စားလှယ်က ဟောလီးဝုဒ်သို့ လှမ်းဆက်သွယ်သည်။ 'ပင်တဲလင့်ကုမ္ပဏီမှာ ငွေကြေးအခက်အခဲကြောင့် ပိတ်သွားပြီဖြစ်ကြောင်း၊ တယ်လီဖုန်းကုမ္ပဏီက ပြောလာတော့၏။ သို့နှင့် အလာစတဲယား၏ ကိုယ်စားလှယ်က တစ်ခြားကိုယ်စားလှယ်





ရုံးများသို့ ဆက်သွယ်ပြန်သည်။ ၎င်းကုမ္ပဏီအမည်ကို မကြားဖူးပါဟုသာ အဖြေပေးကြ၏။

အလာစတဲယားမှာ ဒေါ်လာတစ်ထောင်မှ လက်ကျန်များဖြင့် နှစ်ရက်လုံးလုံး အရက်ကိုသာ ဖိသောက်တော့သည်။ ဤကဲ့သို့သော လုပ်ပုံမျိုးကို နက်(၁)ကွီလေးသာ လုပ်ပေးမည်ဟု သူက ခံယူလာမိ၏။ ကွီလေးမှာ သူတို့အသိုင်းအဝိုင်းတွင် မည်သည့်အန္တရာယ်မှမကြောက်ပဲ လုပ်ချင်ရာလုပ်သည့် ကွီလေးဟု အမည်ရနေသူ ဖြစ်သောကြောင့်ပင်။

ကွီလေးကလည်း ချာလီနှင့် အလာစတဲယား ပူးပေါင်းနေသည်ကို မကြိုက်နှစ်သက်သူတစ်ယောက်လည်းဖြစ်သည်။

သို့ဖြစ်၍ သူက ကွီလေးအား ရင်ဆိုင်ရန် လာခဲ့ပါတော့သည်။ သို့သော်လည်း ကော်ဖီကို ခွက်အတန်ငယ်သောက်ပြီးနောက် ယခုကဲ့သို့ ခွင့်မပြုပဲ ရိုင်းရိုင်းစိုင်းစိုင်း ဝင်လာမှုအတွက် တောင်းပန်စပြုလာပါ၏။ ကွီလေးကမူ သူ့အတွက် အငှားကားတစ်စီးကိုသာ ပစ္စက်လောင်းမိုးအား မှာခိုင်းစေတော့သည်။

ထိုနေ့ညမှာပင် ညစာမစားမီ ကွီလေးက ပန်းခြံထဲတွင်ထိုင်ရင်း မာကျော်ရီအား ထိုအဖြစ်အပျက်ကို ပြောပြခဲ့၏။ မာကျော်ရီက ဂရုတစိုက်နားထောင်ပြီး ကွီလေးစိတ်အနှောင့်အယှက် အကြီးအကျယ်ဖြစ်နေပုံကို ရယ်မောလိုက်သည်။

"ဘယ်လောက်ဟုတ်တဲ့ ကောင်မလေးပါလဲရှင်"

သူမကပြောသည်။

"ဟိုကောင်လေးကို ခွာထုတ်ဖို့ သူ့မှာပိုက်ဆံရှိတဲ့ ချစ်သူသစ်တစ်ယောက်ရနေလို့ပဲ ဖြစ်ရမယ်"

သူမက ကွီလေး၏ မျက်နှာသွင်ပြင်ကို တွေ့ရ၏။ သူကမူ



www.burmeseclassic.com

www.burmeseclassic.com



အခြေအမြစ်မရှိသော အမေရိကန်ရုပ်ရှင်ကုမ္ပဏီအဖြေမရသည့် တယ်လီဖုန်းနံပါတ်များ၊ ရှာမတွေ့နိုင်သည့် ရုပ်ရှင်ထုတ်လုပ်သူများကို တွေးမိနေ၏။

ဤအရာများသည် ချာလီပတ်လည်တွင် ရှုပ်ထွေးနေသလို ကွီလေးအပေါ်တွင်လည်း ရစ်ပတ်နေတော့သည်။

"တော်တော်တော့ ဆိုးတာပဲ"

ကွီလေးက စိတ်မချမ်းမြေ့စွာပြောလာ၏။

"ဘာလဲ ဒါလင်"

"သူတို့က ဘာ.."

"ချာလီ လက်ရေးနဲ့စာတွေလေ"

ကွီလေးက ပြန်ပြောပြသည်။

"လွန်ခဲ့တဲ့ ငါးနှစ်၊ငါးနှစ်ကျော်လောက်က စတဲ့စာတွေပဲ"

သူမနှင့်ပတ်သက်ရာ အဖိုးတန်တို့မှာ ဖိုင်ထဲတွင် မရှိတော့။ အရက်သေစာပင် မသောက်စားတတ်သည့် ရိုး(လ)နှင့် ကာမာန်ဆိုသူတို့ပင် ဖြစ်ကြသည်။ မစ္စလောင်းမိုးရော၊ မစ္စက်အဲလစ်ပါ အထိနာသွားကြရသည်။

"ဒီအကြောင်းကို သူတို့ဆီ စာလှမ်းရေးပေါ့ရှင်"

မာဂျော်ရီက အကြံပေး၏။

"ရေးလို့လည်း ဘာထူးမှာလည်းကွာ၊ သူတို့ရဲ့လိပ်စာက ဘယ်မှာလည်း"

ကွီလေး စိတ်မချမ်းမြေ့စွာ တွေးလိုက်မိ၏။

"ဘရိုင်ယန်ကို ပြောပြပေးပါလား"

သူမက အကြံပေးပြန်သည်။





ဟုတ်ချေပြီ။

ဘရိုင်ယန်မှာ သူ၏ရှေ့နေဖြစ်၏။

သို့သော်လည်း ဘရိုင်ယန်ကကော ဘာများတတ်နိုင်မည်နည်း။

⌘⌘⌘⌘⌘



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

သူမက အိပ်ရာမှ ပြန်နိုးလာစဉ် ဖြစ်ပျက်ခဲ့သမျှတို့သည် အိပ်မက်ပေလားဟု ထင်မိသည်။ သို့သော်လည်း ဤသည်မှာ အိပ်မက်ပမာ ဖြစ်ရသော်လည်း အမှန်စင်စစ်သာ ဖြစ်ရချေတော့၏။ အဘယ်ကြောင့်ဆိုသော် ပထမအချက်အနေဖြင့် အိပ်ရာဘေးတွင် လတ်လတ်ဆတ်ဆတ် လိမ္မော်ဖျော်ရည်တစ်ခွက်ကို တွေ့ရ၏။

ဒုတိယမှာမူ အခန်းအတွင်းသို့ နေရောင်ခြည်ဝင်နိုင်ရန် ပြတင်းပေါက်ခန်းဆီကို မ,တင်ပေးနေသော ဂျိုးဇက်ကို တွေ့ရ၍ဖြစ်သည်။ သူမက အိပ်ချင်ဟန်ဆောင်၍ မျက်လုံးတစ်ဝက်တစ်ပျက်ဖွင့်ကာ ကြည့်နေ၏။ ပင်လယ်ကမ်းခြေတွင် ဂျိုးဇက်အား စတွေ့စဉ်ကြည့်ခဲ့ပုံမျိုးပင်။

သူလည်း ရွှေကြယ်သီးတပ်ပြီးသား ရုပ်အင်္ကျီကို ပြန်လည်





ဝတ်ဆင်ထားသည်။

"ဘယ်အချိန် ရှိပြီလဲ"

သူမက မေးလိုက်သည်။

"သုံးနာရီ"

သူက ခန်းဆီကို ဆွဲယမ်းဖြေသည်။

"ညနေစောင်းနေပြီကွ၊ မင်းအိပ်ရေးဝအောင် အိပ်လိုက်ရတာပဲ၊တို့ဘာသာ တို့လုပ်ကြရတော့မယ်"

ဆွဲပြားပါသော ရွှေဆွဲကြိုးတစ်ကုံးက သူ့ရုပ်အင်္ကျီအောက်ဝယ် တွေ့လိုက်မိသည်ဟု သူမကထင်မိသည်။

သူက ဆေးများရေးခြယ်ထားသည့် အဝတ်အစားဗီရိုကြီးကို ဖွင့်၍ အပြာရောင်ဝတ်ရုံရှည် အင်္ကျီတစ်ထည်ကို ထုတ်ယူလိုက်၏။ ကုလားထိုင်ပေါ်သို့ ချထားပေးသည်။

သူ၏မျက်နှာပေါ်ဝယ် ခံစားမှုကင်းနေသယောင်ပင်။ ပင်ပန်းမှု အိပ်ရေးပျက်မှုဒဏ်ကြောင့် မျက်တွင်းများ ညိုနေသည်ကိုတွေ့ရသည်။

"ခုမနက် မင်းအိပ်ရာမဝင်ခင် ပြောခဲ့တဲ့စကားတွေကို မှတ်မိသေးသလား ချာလီ၊ မင်းအိပ်ရာထရင် ခုဒီအဝတ်အစားကို ဝတ်ပေးရရင်ကောင်းမှာပဲလို့၊ အတွင်းခံအဝတ်အစားအသစ်တွေကိုလည်း ဗီသေတ္တာထဲမှာ တွေ့ရလိမ့်မယ်၊ အပြာရောင် ဝတ်စုံလေးနဲ့ ဒီနေ့မှာတော့ ဆံပင်ကိုမချည်ပဲ ဖားလျားချထားရင် သိပ်လှမှာပဲကွာ"

"ဒီအဝတ်အစားတွေက မင်းကို ကိုယ်လက်ဆောင်ပေးတာပါ၊ ဒါတွေဝတ်ပြီးရင် မင်းဘယ်လောက်ကြည့်ကောင်းသွားလိုက်မလဲကွာ၊ ကဲ...ထထိုင်စမ်းပါဦး၊ အခန်းကိုလည်း ကြည့်ဦးလေချာလီ"

အိပ်ရာခင်းအဝတ်ကြီးကိုသာ လည်ပင်းအထိ ဆွဲဖုံးထားသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမက ထထိုင်လိုက်၏။ သူမ၏ ကိုယ်ခန္ဓာအလှကိုမူ လွှမ်းခဲ့သည့် တစ်ပတ်လောက်က ပင်လယ်ကမ်းခြေတွင် သူ၏နှလုံးသားထဲ စွဲဝင်သည့် အထိကြည့်မြင်ခဲ့ရပြီးဖြစ်သည်။ ဤသည်မှာ လွမ်းခဲ့သော တစ်ပတ်ကသာလျှင် ဖြစ်ပါ၏။

"မင်းမှာ သတိရစရာလေးတွေ ရစ်ပတ်နေမှာပဲလေ..၊ တို့ဟာ လျှို့ဝှက်တဲ့ ချစ်သူတွေ၊ဒီအခန်းက တို့ရဲ့ညကာလလေးကို အချိန်ဖြုန်းတဲ့နေရာပေါ့ကွာ၊ တို့ဟာ အေသင်မှာ ပြန်ဆုံမိကြပြီး ဒီအိမ်ကိုပြန်လာခဲ့ကြတယ်၊ အိမ်မှာ ဘယ်သူ့မှမရှိကြဘူး၊ မာတီဆိုတာလည်း အရှိဘူး၊ မိုက်(ခ)ဆိုတာလည်း မရှိဘူး၊ တို့ကလွဲပြီး ဘယ်သူမှ မရှိဘူး"

"ဒါဆိုရင် ရှင်ကရော ဘယ်သူတဲ့လဲ"

"ကားကို တို့ရပ်ထားတဲ့နေရာမှာ ရပ်ခဲ့ကြတယ်၊ဆင်ဝင်အောက်က မီးလုံးကလင်းနေပြီး၊ ရှေ့တံခါးကို ကိုယ်ကသော့ဖွင့်လိုက်တယ်၊ နောက် တို့နှစ်ဦး တစ်ယောက်ကိုတစ်ယောက် ဆွဲပြီး လှေကားကျယ်ကြီးအတိုင်း ပြေးတက်လာကြတယ်နော်"

"သေတ္တာတွေကရော"

"နှစ်ခုပဲ ရှိတယ်လေ၊ ကိုယ့်လက်ဆွဲအိတ်နဲ့ မင်းရဲ့ပခုံးသိုင်းအိတ် နှစ်ခုစလုံးကို ကိုယ်ယူလာခဲ့တယ်"

"ဒါဆိုရင် ရှင်က ကျွန်မလက်ကို ဘယ်လိုဆွဲနိုင်မှာလဲရှင့်"

"ကြိုးပြတ်နေတဲ့ မင်းရဲ့အိတ်က ကိုယ့်ညာဘက်ချိုင်းကြားထဲမှာလေ၊ လက်ဆွဲအိတ်ကတော့ ညာဘက်လက်မှာကိုင်ထားတယ်၊ မင်းရဲ့ညာဘက်မှာ ကိုယ်ကရှိနေပြီး ဗယ်လက်ကလွတ်နေတာပေါ့၊ အခန်းကိုတော့ ခုပြင်ဆင်ထားသလို ကိုယ်တို့တွေ့ခဲ့ကြရတယ်၊





အခန်းထဲ ရောက်တာနဲ့ တို့တစ်ယောက်ကိုတစ်ယောက် ပွေ့ဖက်ထားလိုက်ကြတယ်"

"မင်း...ကော်ဖီသောက်မလား"

"ကော်ဖီသောက်ရရင် သိပ်ကောင်းတာပေါ့ရှင်"

"ပေါင်မုန့်တို့၊ဆန်ပြုတ်တို့ သံလွင်သီးတို့ရော"

"ကော်ဖီပဲ ကောင်းပါတယ်"

တံခါးပေါက်နားသို့ သူကရောက်သွားစဉ် ချာလီကနောက်က အော်ပြောလိုက်သည်။

"ရှင့်ကို ကျွန်မရိုက်မိတာ ဝမ်းနည်းပါတယ် ဂျိုးဇက်ရယ်၊ ကျွန်မက ဘာမှမတွေးမိခင်မှာ ရှင်ဟာလည်း ဟိုအစ္စရေးထောက်လှမ်းရေးကလူတွေလိုပဲ အောင့်မေ့မိရတယ်"

တံခါးကပိတ်သွား၏။ အောက်ထပ်သို့ လှေကားအတိုင်းဆင်းသွားသော ခြေသံကိုသာ ကြားရသည်။ သူပြန်များပြန်လာပါတော့မည်လားဟု တွေးမိ၏။ သူတို့ရှိနေသည်ကို သိနိုင်ရန် မြင်ကွင်းများမှာ သူမ၏ပတ်လည်တွင် ရစ်ပတ်ထွေးယှက်နေသည်။

ဗော့(ဒ)ကာ အရက်တစ်ပုလင်းမှာ သုံးပုံနှစ်ပုံခန့်ရှိ၍ ရေခဲပုံးထဲဝယ် မျောနေ၏။ အသုံးပြုပြီးသား ဖန်ခွက်နှစ်လုံး၊သစ်သားများထည့်ထားသော ဇလုံကြီးတစ်လုံး၊ပန်းကန်ပြားနှစ်ချပ်တွင်မူ နွာပြီးသားပန်းသီးအခွံများနှင့် စပျစ်သီးအစေ့များဖြင့် ပြည့်နေ၏။

ကုလားထိုင်တစ်လုံးဝယ် အနီရောင် ဘလေဇာကုတ်အင်္ကျီက ချိတ်လျက်သားရှိသည်။ သားရေအနက်ရောင်နှင့်အကောင်းစားလက်ဆွဲအိတ်မှာ ဆေး၌ အိတ်ကလေးများ ပါရှိ၏။ တံခါးပေါက်ဝယ် ကရာတေး အဝတ်အစားကဲ့သို့ ကီမိုနိုအင်္ကျီရှည် တစ်ထည်က



www.burmeseclassic.com

www.burmeseclassic.com



ချိတ်ထား၏။ ပြင်သစ်လုပ် အမည်းရောင် ပိုးသားဖြစ်သည်။

ရေချိုးခန်းထဲသို့ အရောက်ဝယ် သူမ၏ရေမြှုပ်ခံအိတ်ကို သူ၏နွားကလေးသားရေဖြင့် ချုပ်ထားသော ခရီးဆောင် တိုလီမိုလီ မှတ်စုထည့်သော အိတ်ဘေးဝယ် ချိတ်လိုက်၏။ ဂျိုးဇက် ပေးလာသော အပြာရောင်ဝတ်စုံရှည်ကြီးကို လှည့်ပတ်ကြည့်မိသည်။

ချည်ထည်အထူစားဖြင့် ချုပ်ထားပြီး ဆိုင်မှ အောက်ခံဆိုင် အမည်ကိုပင် မဖယ်ရသေးချေ။ "ဇလိုက်ဒိ...ရောမနှင့် လန်ဒန်မြို့" ဟူ၍ ဆိုင်၏အမည်က ပါသည်။

အောက်ခံအဝတ်မှာ သူမနှင့် အချိုးကျ အနက်ရောင်ဖြစ်သည်။ ကြမ်းပြင်ပေါ်ဝယ် အသစ်စက်စက်သားရေပခုံးသိုင်း အိတ်ကလေး တစ်လုံးနှင့် ဒေါက်မပါသော တစ်ပြေးတည်းညီ သားရေကြိုးသိုင်းပါ ဖိနပ်တစ်ရံကိုပါ တွေ့ရပါသည်။ သူမက ဖိနပ်ကို စီးကြည့်လိုက်ရာ အတော်ပင်ဖြစ်နေသည်။

ကော်ဖီလင်ဗန်းကို ကိုင်၍ အခန်းအတွင်းသို့ ဂျိုးဇက်ဝင်လာချိန်၌မူ သူမက အဝတ်အစားဝတ်ပြီး၍ ခေါင်းဖြီးနေပြီဖြစ်သည်။

"မင်းကြည့်ရတာ သိပ်ကောင်းတာပဲကွာ"

စားပွဲပေါ်သို့ လင်ဗန်းကိုချထားရင်း သူက မှတ်ချက်ချလေသည်။

"သိပ်ကောင်းတယ်...ဟုတ်လား"

"လှတယ်၊ရွှင်ရွှင်မြူးမြူးရှိတယ်၊ပေါ့လွင်ထင်ရှားတယ် မင်း သစ်ခွပန်းတွေကို မြင်ဘူးတယ်မဟုတ်လား"

သူမက မမြင်။ နောက်မှ ပန်းအိုးထဲတွင် တွေ့မိသည်။ သူမက ကုလားထိုင်ပေါ်တွင် ထိုင်ရင်း၊ စားပွဲပေါ်ရှိ ပန်းအိုးတွင်





ထောင်ထားသည့် စာအိတ်ကို ယူကြည့်လိုက်သည်။ ဂျိုးဇက်က ဖတ်တတ်ရပ်လျှက်ရှိသည်။ ပို့စကဒ်တွင် 'မင်းကိုငါချစ်တယ်' ဟူ၍ ရေးထား၏။ အင်္ဂလိပ်လူမျိုးတစ်ဦး၏ လက်ရေးမျိုးတော့ မဟုတ်ချေ။ လက်မှတ်ထိုးထားသော 'အမ်' ဟူသော စာလုံးက သူမနှင့်ရင်းရင်း နှီးနှီးရှိသည်။

"ဘယ်လိုလည်း..မင်းကို ဘာများပြန်သတိရစေသလည်းကွ"

"ရှင်..သိပါတယ်လေ"

သူမ၏ အမှတ်သညာတွင် ဤသည်နှင့် အဆက်အစပ်ရှိနေပြီ ဖြစ်သဖြင့် သူမက ခပ်ဆတ်ဆတ်ပင် ပြန်ပြောသည်။

"ဒါဆိုရင် ကိုယ့်ကို ပြောပြပါဦး"

"နော်တမ်ဟမ်မှာရှိတဲ့ ဘယ်ရီပြဇာတ်ရုံ၊နယူးယောက်(၁)မှာရှိတဲ့ မီးငှက်ပြဇာတ်ရုံ၊ စတက်ဖို့ဒ်အရှေ့ပိုင်းက ကော့ပ်စ်ပြဇာတ်ရုံတွေပေါ့၊ ရှင်က ရှေ့တန်းကထိုင်ပြီး ကျွန်မကို ကြည့်နေတာလေ"

"လက်ရေးကရော၊ အတူတူပဲလား"

"လက်ရေးရော၊ရေးထားတာရော၊ ပန်းတွေရော အားလုံးအတူတူချည်းပဲ"

"မင်းက ကိုယ့်ကို မီရှယ်လို့ပဲ သိထားရမယ်နော်၊အမ်ဆိုတာ မီရှယ်ရဲ့ အတိုကောက်ပေါ့"

သားရေ လက်ဆွဲအိတ်အနက်ကိုဖွင့်၍ သူ၏အဝတ်အစားများကိုထည့်သည်။

"ကိုယ်ဟာ မင်းက အမြဲတမ်းအရိပ်တကြည့်ကြည့် နေရသူပဲဖြစ်တယ်"

သူက သူမကို လှည့်မကြည့်ပဲပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"အလုပ်အတွက် ဒါကို မင်းမေ့ထားလို့မရဘူး၊ယုံကြည်ထားရမယ်၊မြင်မက်ထားရမယ်၊ တို့ဟာ အမှန်တရားအသစ်ကို တည်ဆောက်နေကြတာပဲ၊ မျက်မြင်ကိုယ်တွေ့ဖြစ်အောင်ပေါ့လေ၊ ပိုကောင်းတာ တစ်ခုပဲ"

သူမက ကတ်ပြားကို ပြန်ချ၍ သူမဘာသာ ကော်ဖီကိုငှဲ့ထည့်ပြီး ခွက်ကိုလှည့်ကစားနေ၏။

"ပိုပြီးကောင်းတယ်လို့ ဘယ်သူက ပြောတာလဲ"

သူမက မေးသည်။

"မင်းဟာ အလာစတဲယားနဲ့အတူ မိုင်ကိုနော့(စ)ကျွန်းမှာ အပန်းဖြေရက်အားပြီးခဲ့ပြီ။ ဒါပေမယ့် မင်းရဲ့ လျှို့ဝှက်တဲ့အသည်းနှလုံးထဲမှာတော့ မီရှယ်ဆိုတဲ့ ကိုယ့်ကိုစောင့်မျှော်နေတယ်လေ"

သူက ရေချိုးခန်းအတွင်းသို့ ဝင်သွားပြီး သူ၏ခရီးဆောင်အိတ်ကို ယူလာ၏။

"ဂျိုးဇက် မဟုတ်ဘူးနော်၊ခုအချိန်ကစပြီး ကိုယ့်ကို မီရှယ်လို့ ပြင်ခေါ်တော့၊ မင်းဟာ အပန်းဖြေရက်အားပြီးတော့ အေသင်ကို သွားခဲ့တယ်၊ မော်တော်ပေါ်မှာ မင်းရဲ့သူငယ်ချင်းတွေကို တစ်ယောက်တည်း နေချင်တယ်လို့ပြောခဲ့တယ်၊ အဲ့ဒါကို ညာပြောတာလို့ မှတ်ထားပေါ့၊ မင်းဟာ မီရှယ်နဲ့ ချိန်းထားတာရှိတယ်၊ မီရှယ်နဲ့နော် ဂျိုးဇက်မဟုတ်ဘူး"

ခရီးဆောင် တိုလီမုတ်စထည့်သော အိတ်ကလေးကို လက်ဆွဲအိတ်အတွင်းသို့ သူက ထည့်လိုက်၏။

"မင်းဟာ အငှားကားတစ်စီးငှားပြီး ကိုယ်နဲ့တွေ့တယ်၊ မီရှယ်နဲ့တွေ့တာနော်၊ ကိုယ်က ပိုးသားအကျီ ဝတ်ထားတာရော ရွှေလက်





ပတ်နာရီရော၊ ပုစွန်ထုပ်တွေ မှာစားတာရော၊အားလုံး မင်းမြင်ခဲ့ပြီးပြီ၊ တို့စားတယ် ဆိုတာကလည်း တို့တကယ်စားခဲ့တာကိုပဲနော်၊ချစ်သူဟောင်းနှစ်ယောက် ပြန်လက်တွဲရေးကိုသာ တို့ပြောခဲ့ကြတယ်"

သူက တံခါးပေါ်ရှိ ချိတ်မှ ကီမိုနိုအကျီအနက်ကို ဖြုတ်ယူလိုက်၏။

"စားပွဲထိုးကို ကိုယ်က အပိုငွေတွေ ရက်ရက်ရောရောပေးပြီး ကုန်ကျတဲ့ ငွေစာရင်းကို ယူထားလိုက်တယ်၊ ဒါကိုလည်း မင်းသတိထားခဲ့ပါတယ်လေ၊ အဲ့ဒီနောက် မင်းကို ကိုယ်က အက်ရိုပိုးလစ် ကုန်းပေါ်ကို ခေါ်သွားတယ်၊ ကိုယ့်အတွက် အထူးထားတဲ့ အငှားကားက စောင့်နေတယ်၊ ကားမောင်းသမားကို ကိုယ်က ဒီမိထရိလို့ခေါ်တယ်"

သူမက ကြားဖြတ်၍ ပြောသည်။

"ဒါဆိုရင် ကျွန်မကို အက်ရိုပိုးလစ်ကုန်းပေါ်ကို ခေါ်သွားတာပဲဒီအတွက်ကြောင့်ပေါ့"

သူမ၏လေသံမှာ အသက်မပါလှ။

"မင်းကိုခေါ်သွားတာ ကိုယ်မဟုတ်ပါဘူး၊မီရှယ်ပါ မီရှယ်ဟာ သူ့ရဲ့ဘာသာမျိုးစုံ ပြောတတ်တဲ့အတွက်ရော အတိအကျလုပ်ကိုင်တတ်မှုအတွက်ပါ ဂုဏ်ယူတတ်တဲ့လူပဲ၊ သူက အောင်မြင်မှုကို ချစ်မြတ်နိုးတယ်၊ စိတ်ကူးယဉ်ဆန်တဲ့ လှုပ်ရှားမှုကို တွယ်တာတယ်၊သူဟာ မင်းရဲ့မျက်လှည့်ဆရာကြီးပါ"

"ကျွန်မက မျက်လှည့်ဆရာတွေကို သဘောမကျဘူးရှင့်"

"မင်းယူဆသလိုပဲ သူက ရှေးဟောင်းသုတေသနလုပ်ငန်းကို က်ဝင်စားခဲ့သေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ကျွန်မကို နမ်းတာကရော..ရှင်လားမိချယ်လား"

သူက ကီမိုနိုကို ကရုတစိုက်ခေါက်၍ လက်ဆွဲအိတ်အတွင်းသို့ထည့်သည်။ ယောကျ်ားလေးတစ်ယောက်အနေဖြင့် ထုတ်ပိုးရမည်ကို နားလည်သူမှာ သူမဘဝတွင် ယခုအကြိမ်သည် ပထမဦးဆုံးပင် ဖြစ်တော့သည်။

"မင်းကို အက်ရှိပိုးလစ် တောင်ကုန်းပေါ်ခေါ်သွားခွင့်ရတဲ့ ဓမ္မဓိဋ္ဌာန်ကျတဲ့ အကြောင်းကတော့ အသွားအလာ ရှုပ်နေတဲ့ မြို့လည်ခေါင်မှာသူ့ မာစီဒီးကားကို ယူမသွားချင်လို့ပဲ၊မာစီဒီးကားအကြောင်းတော့ မင်းမေးမနေနဲ့တော့၊လှည့်စားချက်ကလေးတစ်ခုအနေနဲ့သာ ကိုယ်နဲ့အတူ ရှိတယ်လို့ထားလိုက်၊မင်းဟာ အားလုံးကိုလက်ခံထားရမယ်၊ကဲ...မြန်မြန်လုပ်ကွာ၊တို့မှာ အကြာကြီးကားမောင်းသွားဖို့နဲ့ ပြောစရာတွေအများကြီး ရှိသေးတယ်"

"ရှင်ကရော..."

သူမက မေးသည်။

"ကျွန်မကို တကယ်ချစ်တာလား၊ ဒါမှမဟုတ် အလုပ်တစ်ခုအနေနဲ့လုပ်နေတာလား"

သူ၏အဖြေကို စောင့်ရင်း မိရှယ်ထံသို့ အာရုံစူးစိုက်မိအောင် လုပ်ကြည့်သည်။

"မင်းက မိရှယ်ကိုချစ်တယ်၊ မိရှယ်ကလည်း မင်းကိုချစ်တယ်လို့ ယုံကြည်ထား"

"ဒါပေမယ်...ကျွန်မက အဆင်ပြေပါ့မလား"

"သူက မင်းကိုချစ်တယ်လို့ပြောတယ်၊ဒါအတွက်လည်း သူက သက်သေပြနိုင်တယ်၊သူ့ခေါင်းထဲမှာ မင်းမရောက်နိုင်ရင် မင်းသိသာ





အောင် ဘယ်လိုလူတစ်ယောက်ကများ ပြုနိုင်ပါ့မလဲကွာ"

သူက အခန်းပတ်လည်ကို လျှောက်ကြည့်သည်။ သစ်ခွဲပန်းများနှင့်အတူရှိနေသော ပို့စကတ်လေးရှေ့ဝယ် သူက မတ်တပ်ရပ်နေသည်။

"ဒီအိမ်က ဘယ်သူ့အိမ်လဲ"

"ဒါမျိုးမေးခွန်းတွေကို ကိုယ်အဖြေမပေးဘူး၊ မင်းအတွက်တော့ ကိုယ့်ဘဝဟာ ပဟေဠိဆန်နေရမယ်၊ တို့တစ်တွေ တွေ့ပြီးကတည်းက ဒီလိုပဲ မင်းစိတ်ထဲမှာ ကျန်နေရမှာကို ကိုယ်သဘောကျတယ်"

သူက ကတ်ပြားလေးကို ကောက်ယူပြီး သူမကို လှမ်းပေးသည်။

"ဒါကို မင်းရဲ့အိတ်အသစ်ထဲမှာ ထည့်ထား၊ကိုယ်နဲ့ ဒါမှမဟုတ် မိရှယ်နဲ့ပတ်သက်တဲ့ အမှတ်တရ သတိရစရာလေးတွေကို မင်းက အမြဲတမ်းရှိနေမှာ၊ ကိုယ်မျှော်လင့်မိခဲ့တယ်၊ဒါကိုကြည့်ဦး"

သူက ရေခဲပုံးအတွင်းမှ ဗော့(ဒ)ကာ အရက်ပုလင်းကို တစ်ဝက်တစ်ပျက် ဆွဲမြှောက်ပြ၍ ပြော၏။

"ယောကျ်ားတစ်ယောက်အနေနဲ့တော့ကွာ..ကိုယ်ဟာ မင်းထက် ပိုသောက်နိုင်တာပဲပေါ့၊ ကိုယ်က အရက်ကိုသိပ်မသောက်ဘူး၊သောက်ရင်လည်း ခေါင်းကိုက်တတ်တယ်၊ကိုယ်လက်မအီမသာဖြစ်တယ်၊ ဒါပေမယ့် ဗော့(ဒ)ကာကတော့ ကိုယ့်အကြိုက်ပဲ"

သူက ပုလင်းကို ရေခဲပုံးအတွင်းသို့ ပြန်ထည့်ထားလိုက်သည်။

"မင်းအတွက်တော့ ဖန်ခွက်အသေးဆုံးတစ်လုံးယူ ဒါပေမယ့် ကိုယ့်ရဲ့ ပင်ကိုယ်သဘောကတော့ မိန်းကလေးတွေအရက်သောက်တာကို မကြိုက်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



သူက ပန်းကန်ပြားတစ်ချပ်ကို ယူ၍ပြသည်။

"ကိုယ်က အချိုကြိုက်တယ်၊ ချောကလက်တို့၊ကိတ်မုန့်တို့ သစ်သီးတို့ကို ကြိုက်တယ်၊ အထူးသဖြင့် သစ်သီးပဲ၊ စပျစ်သီးဆိုရင် ကိုယ့်မွေးရပ်ရွာက စပျစ်သီးလို့ စိမ်းနေရမယ်၊ ဒါဆိုယင် ချာလီဟာ မနေ့ညက ဘာစားခဲ့သလဲ"

"ဘာမှမစားခဲ့ဘူး၊ စီးကရက်ပဲ သောက်ခဲ့တာ"

"အေး..အိမ်ခန်းထဲမှာ စီးကရက်သောက်တာကို ကိုယ်ခွင့် မပြုဘူး၊ အေသင်က စားသောက်ဆိုင်ထဲမှာ ကိုယ်ကခွင့်ပြုတယ်၊ မာစီဒီးကားထဲမှာတောင် ကိုယ်က ခွင့်ပြုခဲ့ပါသေးတယ်၊ဒါပေမယ့် အိပ်ခန်းထဲမှာတော့ ခွင့်မပြုဘူးပေါ့ကွာ၊ ညဘက်ရေဆာရင် ရေပိုက် ခေါင်းကနေ မင်းရေသောက်ရမယ်"

သူက အနီရောင် ဘလေဇာကုတ်အကျီကို ဆွဲယူသည်။ သူက လက်ဆွဲအိတ်ကိုပိတ်ပြီး သူမအား ငေးကြည့်နေ၏။

"သူဟာ သာမန်လူ တစ်ယောက်ထက်တော့ ပိုတယ်လို့ပဲ ကိုယ်ကပြောရမယ်၊ သူနဲ့ပတ်သက်ပြီး သာမန်ရယ်လို့ ဘာမှမရှိဘူး အနည်းဆုံးတော့ မင်းရဲ့မျက်စိထဲမှာပေါ့ကွာ..ကုတင်ဆီကို ခဏသွား လိုက်ဦးနော်"

ခုတင်ပေါ်သို့ သူမ တက်သွားသည်ကို သူက ကြည့်နေ၏။

"ကိုယ့်ရဲ့ ခေါင်းအုံးအောက်ကို လက်သွင်းလိုက်၊ ဖြည်းဖြည်း နဲ့ ကရုစိုက်လုပ်နော်၊ ကိုယ်က ညာဘက်ကအိပ်တတ်တယ်လေ"

ချာလီက သူပြောသည့်အတိုင်း ခေါင်းအုံးအောက်ကို လက် ထိုးသွင်းလိုက်သည်။အိပ်ပျော်နေသည့် ဂျိုးဇက်၏ ခေါင်းအလေးချိန်ကို တွေးဆကြည့်မိသည်။





"မင်းရှာလို့တွေ့သလား..ကရုစိုက်လုပ်နော်"

သူမက တွေ့ချေပြီ၊ သေနတ်တစ်လက်ပင်ဖြစ်ပါသည်။

"ကရုစိုက်ပြီးယူနော်၊ လုံခြုံရေးသော့က ဖွင့်မထားဘူး၊မိရှယ် က သူပစ်တော့မယ်ဆိုရင် သတိပေးတတ်တဲ့ အလေ့အကျင့်မရှိဘူး တို့အတွက်တော့ သေနတ်ဟာ ကလေးတစ်ယောက်ပဲ တို့အိပ်ရင် သူ့ကိုအဖော်ထားတတ်တယ်၊ သေနတ်ကို တို့က 'ငါတို့ကလေး' လို့ ခေါ်ကြတယ်ကွ၊ တို့တတွေရဲ့ ခေါင်းအုံးအောက်မှာ ဘာရှိတယ် ဆိုတာကိုလည်း ဘယ်တော့မှမမေ့ကြဘူးကွ၊ ဒီလိုပဲ တို့ဘဝကို ရပ်တည်နေကြတာပဲ၊ ခုဆိုရင် မင်းသိပြီလား၊ မိရှယ်ဟာ သာမန် လူတစ်ယောက်မဟုတ်ဘူးဆိုတာကိုလေ"

သူမက သေနတ်ကိုယူ၍ လက်ဖဝါးထဲထည့်ကြည့်၏။ သေးသေးလေးနဲ့ အညိုရောင်တောက်နေသော လှပသော ပစ္စည်း လေးတစ်ခုပင်။

"မင်း အရင်က သေနတ်ကိုင်ခဲ့ဘူးသလား"

ဂျိုးဇက်က မေးလိုက်သည်။

"ခဏ..ခဏ ကိုင်ခဲ့ဖူးတယ်"

"ဘယ်မှာလဲ၊ ဘယ်သူ့ကိုပစ်ဖို့လဲ"

"ဇာတ်ခုံပေါ်မှာလေ၊ တစ်ညပြီးတစ်ည၊ တစ်ညပြီးတစ်ညပဲ"

သူမက သေနတ်ကို ဂျိုးဇက်အားပေးလိုက်ရာ ဘလေဇာ ကျီအိတ်အတွင်းသို့ ပိုက်ဆံအိတ်ထည့်လိုက်သလိုမျိုးနှင့် ထည့်ထား တော့၏။ သူမက နောက်မှ လှေကားအတိုင်း ဆင်းလိုက်လာ သည်။

အိမ်မှာ လူသူကင်းမဲ့၍ မမျှော်လင့်ဖွယ်ရာပင် အေးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှေ့ အပြင်ဘက်ကွက်လပ်တွင် မာစီဒီးကရပ်ထား၏။ ပထမတွင် သူရောက်ချင်ရာ ရောက်ပါစေ ဤနေရာမှ ထွက်သွားချင်ခဲ့၏။ သေနတ်က သူမအား လန့်ဖျပ်နေစရာ သူမအဖို့ လှုပ်ရှားရန်သာလိုတော့သည်။

ကားထွက်သွားပြီးသည်နှင့် သူမမှာ နောက်ဘက်လှည့်၍ အိမ်လေးကို ငေးကြည့်လိုက်မိ၏။ အဝါရောင် ဆေးသုတ်ထားပြီး ဟွာအက်နေသော အင်္ဂတေပြင်၊ ပန်းအနီရောင်များ တရုတ်ကပ်များပါသည့် ပြတင်းပေါက်များ အနီရောင် အုပ်ကြွပ်မိုးအဟောင်းများကိုမြင်နေရသည်။

အိမ်လေးမှာ အတော်ပင်လှကြောင်းကိုမူ နောက်အကျကြီးနောက်ကျ၍ ယခုထွက်လာမှသာ သူမကသိရှိမိတော့သည်။ သူမ၏ ငယ်ရွယ်စဉ်ဘဝအစပျိုး လာရသည့် အိမ်ကလေးဟူ၍သာ သူမက ဆုံးဖြတ်ချက်ချလိုက်သည်။

"ကျွန်မတို့ဟာ အမှန်တကယ်ရှိနေကြတဲ့ လူတွေ ဟုတ်ပါတယ်နော်"

ညနေခင်း၏ များပြားလှသော ကားတန်း၊ လူတန်းများဆီသို့ရောက်လာစဉ် သူမက မေးလိုက်၏။

"ဒါမှမဟုတ်ရင်လည်း တစ်ခြားလူနှစ်ယောက်ပေပဲလားရှင်"

သူ၏ အဖြေထွက်မလာမီ အတန်ငယ်ကြာသွားသည်။

"တို့ဟာ အမှန်တကယ်ရှိနေကြတဲ့လူတွေပါကွာ၊ဘာဖြစ်လို့လဲဟင်"

ထို့နောက် သူက ပြုံးလာ၏။

ဳဳဳဳဳ





ကားရှေ့ခန်း ဒက်(ရှ)ဘုတ်ပေါ်တွင် ကပ်(ဇ)နာရီမှ နှစ်မိနစ်မျှကြာသည့်တိုင်အောင် ဂျိုးဇက်က စကားမပြောသေးချေ။ သူ့ကြည့်ရသည်မှာ စိတ်လက်ပေါ့ပါးနေဟန်မတွေ့ရချေ။ တိုက်စစ်မဆင်မီ စနစ်တကျပြင်ဆင်နေသည်။

"ကဲ…ချာလီ"

သူက ရုတ်တရက်ကြီး ပြောချလိုက်သည်။

"ကဲ..ချာလီ"

သူက ရုတ်တရက်ပြောလာသည်။

"မင်း အဆင်သင့်ပဲလား"

"အဆင်သင့်ပါပဲ ဂျိုးဇက်ရယ်"

"ဖွန်လနှစ်ဆယ့်ခြောက်ရက်၊သောကြာနေ့မှာ နော်တင်ဟမ်က ဘယ်ရီပြဇာတ်ရုံမှာ မင်းသူတော်စင်မလေးဂျုံးဆိုတဲ့ ပြဇာတ်ကိုကခဲ့တယ်၊ ဒါက မင်းရဲ့ခါတိုင်းအဖွဲ့မဟုတ်ဘူး၊ နောက်ဆုံးအချိန်ကျမှ ကန်ထရိုက်ဖျက်လိုက်တဲ့ သရုပ်ဆောင်အမျိုးသမီးတစ်ယောက်ရဲ့နေရာမှာ အစားထိုးဝင်ရတာပဲ၊ ဇာတ်ခုံရှုခင်းတွေက နောက်ကျမှရောက်လာတယ်၊ တစ်နေ့လုံး မင်းအစမ်းလေ့ကျင့်နေရတာမှာ တစ်ခြားသရုပ်ဆောင်နှစ်ယောက်တောင် နေမကောင်းဖြစ်ယူရတယ်၊အဲ့ဒီအဖြစ်ကို မင်းမှတ်မိတယ်နော်"

"ဟုတ်ကဲ့..ထင်ထင်ရှားရှားကို မြင်ယောင်နေပါသေးတယ်"

အချိန်မှာ ညနေစောင်းနေပြီဖြစ်၏။ မြူနှင်းမှုန်စများက လျှင်မြန်စွာကျနေသည်။ သို့သော်လည်း ဂျိုးဇက်ကမူ ရှိနေသေးသော နေရောင်ခြည်ကိုသာ အာရုံစိုက်လျှက်ရှိ၏။

"ကန့်လန့်ကာမတင်မီကလေးမှာပဲ ရွှေရောင်နဲ့ အညိုရောင်



www.burmeseclassic.com

www.burmeseclassic.com



ရောနေတဲ့ သစ်ခွပန်းတွေ မင်းဆီရောက်လာတယ်၊ မင်းက ဓာတ်ခုံပေါ်တက်ရတဲ့ တံခါးဝမှာ ရပ်နေတုန်းပဲ၊ ဂျူးလို့အမည်တပ်ပြီး ရေးထားတယ်၊ ရေးထားတာက ဂျူး မင်းကို ကိုယ်အဆုံးအစမရှိ ချစ်မိပါတယ်တဲ့"

"ဓာတ်ခုံပေါ်တတ်ရတဲ့ တံခါးဝမှာမဟုတ်ဘူးရှင့်"

ဓာတ်ခုံပေါ်ကို ပစ္စည်းတွေပို့ရတဲ့ ဓာတ်ခုံနောက်ဘက်တံခါးပဲ၊မင်းဆီကို ပန်းတွေပို့တဲ့လူက အဲ့ဒီအပေါက်က ခေါင်းလောင်းကို ထိုးပြီး မင်းရဲ့အကူ မစ္စတာလီမွန်နဲ့ ပေးခိုင်းတာ။သူ့အတွက် ငါးပေါင်တန်ငွေစက္ကူတစ်ရွက်ပါ ပေးလိုက်တယ်။မစ္စတာလီမွန်ကလည်း ပိုက်ဆံများများစားစားရတာနဲ့ မင်းဆီကိုချက်ချင်းပို့လိုက်မယ်လို့ ကတိတောင်ပေးခဲ့သေးတယ်မဟုတ်လား"

"မိန်းမတွေရဲ့အဝတ်လဲခန်းကို ဘာမပြောညာမပြော ဝင်လာတတ်တာ လီမွန်ရဲ့ အကောင်းဆုံးလုပ်ကွက်ပဲ"

"ဒါဆိုရင် ကောင်းပြီ၊မင်းကသစ်ခွပန်းတွေကိုရတော့ ဘာလုပ်တယ်ဆိုတာ ကိုယ့်ကိုပြောကွာ"

သူမကခေတ္တမျှငြိမ်သွား၏။

"လက်မှတ်ထိုးတာက အမ်တဲ့"

"အမ်ဆိုတာဟုတ်ပါတယ်။မင်းက ဘာလုပ်သလဲဆိုတာသာ ပြောပါ"

"ဘာမှ မလုပ်ဘူး"

"ဘယ်လိုမှ အဓိပ္ပါယ်မရှိဘူး"

သူမက အခံရခက်သွားပုံရသည်။

"ကျွန်မက ဘာလုပ်ရမှာလဲရှင့်၊ကျွန်မအတွက် ဓာတ်ခုံပေါ်





တက်ဖို့ ဆယ်စက္ကန့်လောက်ပဲ ကျန်တော့တာ"

လော်ရီကားကြီးတစ်စီးက လမ်းမှားမှနေ၍ သူ့ထံသို့ဦးတည်၍ လာနေ၏။ဂျူးဇက်က ကျွမ်းကျင်စွာရှောင်၍ အရှိန်ကိုမြှင့်ကာ ဆော့သို့ ဖြတ်ဝင်လိုက်၏။

"ဒါဆိုရင် မင်းကငွေပေါင် သုံးဆယ်လောက်တန်တဲ့ သစ်ခွပန်းတွေကို စက္ကူအမှိုက်ပုံးထဲ ပစ်ချလိုက်တာပေါ့ဟုတ်လား၊နောက်ပခုံးလေး တစ်ချက်တွန့်၊ဓာတ်ခုံပေါ်တက်သွားတာပါလေ၊တကယ်ပါပဲကွာ၊ဒီလို ဆိုရင်မင်းကို ကိုယ်ချီးကျူးပါတယ်"

"ပန်းတွေကို ရေထဲထည့်ထားလိုက်တာပါရှင်"

"ရေကို မင်းက ဘယ်မှာထည့်ထားတုန်း"

မမျှော်လင့်သော မေးခွန်းက သူမ၏သတိကို ပြန်၍ထက်သန်လာစေသည်။

"ဆေးချယ်ထားတဲ့ ခရားတစ်ခုထဲမှာပဲ"

"မင်းက ခရားတစ်လုံးကို ရှာတွေ့တယ်၊ရေထည့်တယ်၊နောက် သစ်ခွပန်းတွေကို ရေထဲထည့်ထားလိုက်တယ်ပေါ့။ဒါဆိုရင် ခုလို လုပ်နေတုန်း မင်းစိတ်ထဲမှာ ဘယ်လိုခံစားရသလဲ၊စိတ်တွေလေးနေသလား၊လှုပ်ရှားနေသလား"

သူ၏မေးခွန်းမှာ သူမအဖို့ခုတ်ရာခြား ရှရာတစ်လွဲဖြစ်သွားရ၏။

"ပြဓာတ်ကို ကျွန်မတက်ကရရုံပဲလေ"

သူမကပြော၍ အဓိပ္ပါယ်မရှိ ခိုးခိုးခစ်ခစ်နှင့်ရယ်သည်။

"ဘယ်သူကများ ဒီလိုလုပ်တာလဲလို့ စောင့်ကြည့်ရတာပေါ့"

သူတို့က မီးပွိုင့်တွင်ရပ်လိုက်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်းကို ကိုယ်ချစ်တယ်လို့ ပြောတဲ့ဟာကိုလား"

သူကမေးသည်။

"အို ဒါကပြဇာတ်ရုံပဲရှင့်၊လူတိုင်းဟာ လူတိုင်းကိုချစ်နိုင်တာပေါ့၊ အဆုံးအစမရှိလို့ရေးထားတာကိုတော့ ကျွန်မသဘောကျမိတယ်၊ဒါက အဆင့်အတန်းကိုဖော်ပြထားတာပဲ"

မီးပွိုင့်မှ မီးစိမ်းသွား၍ သူတို့ကဆက်ထွက်လာကြ၏။

"မင်းအဖို့ မှတ်မိမယ့်လူများ ရှိမလားလို့ ပရိတ်သတ်ထဲကို မကြည့်မိဘူးလား"

"အချိန်မရဘူး"

"ခဏနားတဲ့ အားလပ်ချိန်မှာရော"

"အားလပ်ချိန်မှာတော့ ကျွန်မချောင်းကြည့်ပါသေးတယ်၊ဒါပေမယ့် မှတ်မိတဲ့လူတစ်ယောက်ကိုမှ မတွေ့ဘူး"

"ပွဲပြီးသွားတော့ မင်းဘာလုပ်သလဲ"

"ကျွန်မရဲ့ အဝတ်လဲခန်းကိုပြန်တယ်၊အဝတ်အစားလဲတယ်၊ နောက် အိမ်ကိုပြန်တာပေါ့"

"အက်(စ)ထရယ်စီးပွားရေး ဟိုတယ်ဆိုတဲ့အိမ်ကိုလေ၊ဘူတာရုံနားမှာပဲ"

"အက်(စ)ထရယ် စီးပွားရေးနဲ့ သီးသန့်ဟိုတယ်ရှင့်၊ရှင်ပြောတာ မှားနေပြီ၊ဘူတာရုံနားမှာလဲ မဟုတ်ဘူး"

"ဒါနဲ့ သစ်ခွပန်းတွေကရော"

"ကျွန်မနဲ့အတူ ဟိုတယ်ကိုယူလာခဲ့တာပေါ့"

"ပန်းတွေလာပို့တဲ့ လူရဲ့ပုံကို မင်းက မစွတာလီမွန်ကို မေးမကြည့်ခဲ့ဘူးလားကွ"





"နောက်တစ်နေ့မှမေးတာ၊အဲဒီညက မမေးခဲ့ဘူး"

"သူကပြောတာတော့ ရှိသေလေးစားထိုက်ပုံရတဲ့ နိုင်ငံခြားသားတစ်ယောက်တဲ့။အသက်အရွယ်ကိုမေးကြည့်တော့လဲ မဖြေနိုင်ဘူး။ ကျွန်မစိတ်ထဲမှာလဲ အမ်ဆိုတဲ့ နိုင်ငံခြားသားကို ပုံဖော်ကြည့်လို့ မရခဲ့ပါဘူးရှင်"

မင်းရဲ့ စီမံခန့်ခွဲပေးတဲ့လူတွေထဲမှာရော အမ်အမည်ပါတဲ့ နိုင်ငံခြားသားတစ်ယောက်တဲ့၊အသက်အရွယ်ကိုမေးကြည့်တော့လည်း မဖြေနိုင်ဘူး၊ကျွန်မစိတ်ထဲမှာလည်း အမ်ဆိုတဲ့ နိုင်ငံခြားသားကို ပုံဖော် ကြည့်လို့မရခဲ့ပါဘူးရှင်"

"မင်းရဲ့ စီမံခန့်ခွဲပေးတဲ့လူတွေထဲမှာရော အမ်အမည်ပါတဲ့ နိုင်ငံခြားသား မရှိဘူးလား"

"တစ်ယောက်မှ မရှိဘူး"

သူတို့တစ်ချက်ပြုံးမိလိုက်ကြ၏။ သို့သော်လည်း တစ်ယောက်ယောက်ကို ပြုံးပြခြင်းတော့မဟုတ်ချေ။

"ဒါဆိုရင်ချာလီ၊ ဒုတိယနေ့ကို တို့ပြောကြရအောင် ခုတိုင်းလို့"

"အဲ့ဒီမှာ ရှင်ရောက်နေတယ်လေ၊ရှေ့ဆုံးတန်းအလယ်မှာ ဘလေဇာကုတ်အကျႌအနီနဲ့ ဘေးမှာလည်း ကျောင်းသားတွေပတ်ချာဝိုင်းပြီးလို့လေ"

သူက ကားလမ်းကို ခေတ္တမျှစိုက်ကြည့်၍ မောင်းနေသေးသည်။ ထို့နောက် မျက်ခုံးပင့်သွားပြီး မျက်မှောင်ကြုတ်လိုက်သည်။

"မင်းရဲ့စိတ်ထဲမှာ အမှန်တကယ်ဖြစ်လာတာကို ကိုယ့်ကိုပြောပြစမ်းပါ ချာလီ၊အချိန်က မွန်းလွဲပိုင်းသာသာပဲ အခန်းထဲမှာနေရောင် အချို့ဝင်နေသေးတယ်၊ တို့ထိုင်နေတာက ပြဇာတ်ရုံထဲမှာထက် စာသင်



www.burmeseclassic.com

www.burmeseclassic.com



ခန်းအကျယ်ကြီးထဲမှာ ရောက်နေသလိုပဲ၊ရှေ့ဆုံးတန်းမှာ ကိုယ်က ရှိတယ် ကိုယ့်ရဲ့ပုံက နိုင်ငံခြားသားပုံ၊နိုင်ငံခြားက အဝတ်အစားမျိုး ဝတ်ထားတယ်၊ ကလေးတွေရဲ့အထဲမှာတော့ ကိုယ့်ပုံက တကယ်ပဲ ထင်ရှားနေရတယ်"

"မင်းမှာကလည်း လိမ္မွန်ပြေပြထားတဲ့ ပုံပန်းသဏ္ဌာန်မျိုးရှိပြီး ပြီပဲ၊ ကိုယ့်ရဲ့မျက်လုံးကို မင်းဆီက ကိုယ်မခွာဘူး၊ မင်းကိုသစ်ခွပန်း ပေးတဲ့လူ၊ မင်းဆီကို အမ်အမည်ခံပြီး အဆုံးအစမရှိချစ်ပါတယ်လို့ ပြောတဲ့လူဟာ ကိုယ်ရယ်လို့ မင်းသံသယမဝင်ဘူးလား"

"ဟုတ်ပါတယ်...ကျွန်မအဲ့ဒီလိုပဲဖြစ်မိတယ်၊ ကျွန်မသိတယ် လေ"

"ဘယ်လိုသိတာလည်း၊လိမ္မွန်ကိုပြပြီး မေးကြည့်လို့လား.."

"ဒီလိုလုပ်စရာမလိုပါဘူးရှင်၊ ကျွန်မသိပါတယ်၊ ကျွန်မကို ငေးကြည့်နေတဲ့ရှင့်ကို ကျွန်မ မြင်ရလို့ပဲ ရှင်ပဲရယ်လို့ ကျွန်မတွေး မိခဲ့တယ်လေ၊ ရှင်ဟာ ဘယ်သူပဲဖြစ်ဖြစ်ပေါ့ရှင်၊ ညနေပိုင်းပြဇာတ် ပြီးတော့ နောက်ညပွဲအတွက် ရှင်ကလက်မှတ်ထပ်ပြီး ထိုင်လျှက်က ထုတ်ခဲ့သေးတယ်"

"ဒီလိုလုပ်တယ်လို့ မင်းဘယ်လိုလုပ်သိတာလည်း၊ ဘယ်သူက ပြောပြတာလဲကွ"

"ဒါကတော့ ရှင်ဘာသာမေးကြည့်ပေါ့၊ ပြဇာတ်ရုံသေးသေး လေးမှာ လူကနည်းနည်းပဲရှိတာပဲဟာ၊ ကျွန်မတို့အဖို့ ဒီလောက်များများ သစ်ခွပန်းတွေ နောက်တစ်ပွဲဆက်ကြည့်မယ့်၊လူဆိုတာ ရှိမှမရှိပဲရှင်"

သူမက မေးခွန်းကိုမဖြေ။

"အဲ့ဒီပွဲကရှင့်အတွက် စိတ်ပျက်စေသလားဟင် ဂျိုးဇက်၊





စိတ်ပျက်စေမှာပါပဲလေ၊ ဒီလိုနှစ်ပွဲ ဆက်ကြည့်တယ်ဆိုတော့ ဒါမှ မဟုတ်ရင်လည်း အဲ့ဒီအချိန်ရော ခုပါ သဘောကျနေသေးသလား"

"အဲ့ဒီပွဲဟာ ကိုယ့်ဘဝမှာ အငြီးငွေ့ဆုံးပဲ"

သူက ချက်ချင်းပင် ပြန်ပြောလိုက်၏။ထို့နောက် သူကပြုံး ပါသေးသည်။

"မင်းကတော့ တကယ်တော်ပါပေတယ်ကွာ.."

ဤအကြိမ်တွင်မူ သူမက သူ၏ပြောစကားကို မကန့်ကွက် တော့..။

"ခုချိန်မှာ ကားကိုတိုက်ပစ်ပါတော့လား ဂျိုးဇက်ရယ်၊ဒါဆိုရင် ရှင်ချီးမွမ်းတာလေးကို ကြားရပြီး၊ ကျွန်မကောင်းကောင်းသေသွားရမှာပဲ ဒီနေရာမှာပဲ ကျွန်မသေချင်တယ်"

ဂျိုးဇက်တစ်ယောက် မဟန့်တားနိုင်စဉ်မှာပင် သူမက လက်ကို ဆွဲ၍ သူ၏လက်ဆစ်ရိုးရှိရာသို့ ခပ်ကြမ်းကြမ်းဖိနမ်းလိုက်ပါတော့ သည်။

⌘⌘⌘⌘⌘

လမ်းမှာ ဖြောင့်တန်းလှသော်လည်း ချိုင့်များကရှိနေသည် လမ်းဘေးတစ်ဖက်တစ်ချက်ရှိ တောင်ကုန်းများ သစ်ပင်များမှာ ဘိလပ်မြေလုပ်သော လုပ်ငန်းကြောင့် ဖြူဖွေးနေ၏။ သူတို့အစီးရာမှ ကားလေးအတွင်း၌ သီးသန့်ကမ္ဘာလေးဖြစ်နေတော့၏။

www.burmeseclassic.com



သူမကတော့ လမ်းတစ်လျှောက်လုံး စဉ်းစားလာ၏။ သူမသည် စစ်သားကောင်းတစ်ယောက်၏ မိန်းကလေးဖြစ်သလို စစ်သားကောင်းတစ်ယောက်ဖြစ်ရန်လည်း လေ့လာဆည်းပူးနေဆဲသာ ဖြစ်တော့သည်။

"ဒါနဲ့ကွာ..မင်းဘယ်ရိုပြစာတ်ရုံမှာ ကနေတုန်း သစ်ခွပန်းအပြင် ဒီအပြင်လက်ဆောင်တွေ ရသေးသလဲ၊ ကိုယ့်ကိုပြောပြစမ်းပါဦး"

"သေတ္တာရသေးတယ်"

"ဘာသေတ္တာလဲကွ၊ ပြောပြပါဦး"

သူမမှာ ဤမေးခွန်းအား မေးလိမ့်မည်ဟု မျှော်လင့်ပြီးသား ဖြစ်၏။

"နောက်ပြောင်ပြီး ပို့လိုက်တာပဲ၊ လူ့နောက်လူပြောင် တစ်ယောက်က ကျွန်မအတွက် ပြစာတ်ရုံကို ပို့လိုက်တာ၊မှတ်ပုံတင် ပြီး အထူးပို့ခိုင်းတာမျိုး"

"ဘယ်နေ့ကလဲ"

"စနေနေ့ပဲ၊ ရှင် ညနေပိုင်းပွဲကို လာကြည့်တဲ့နေ့လေ"

"သေတ္တာထဲမှာရော ဘာတွေပါသလဲဟင်"

"ဘာမှ မပါဘူး၊ ဘာမှမပါတဲ့ လက်ဝတ်လက်စားသေတ္တာ တစ်လုံးပဲ၊ မှတ်ပုံတင်ပို့ပေမယ့် ဘာမှမပါဘူး"

"တော်တော်ဆန်းတာပဲ၊ အထုပ်ပေါ်က ရေးထားတဲ့စာကိုရော မင်းသတိထားမိလား"

"မှင်အပြာရောင်နဲ့ ဘောလ်ပွိုင့်ကိုသုံးပြီး ရေးထားတယ်၊ အင်္ဂလိပ် ကယ်ပီတယ်လက်တာခေါ်တဲ့ စာလုံးကြီးနဲ့ပဲ"

"ဒါပေမယ့်၊ မှတ်ပုံတင်ပြီးပို့ရင် ပို့တဲ့လူအမည်နဲ့ လိပ်စာတော့





ပါရမှာပေါ့"

သူမက သူ့အားတစ်ချက်ခိုးကြည့်သည် သို့သော်လည်း သူကမူ ရှေ့ဘက်ရှိ မိုးကုပ်စက်ဝိုင်းစွန်းသို့သာ ငေးကြည့်လျက်ရှိ၏။

စာအိတ်ကို ငုံ့ကြည့်ပြီး သူ့အားတစ်ချက်မျှ မျက်လုံးဝေ့ကြည့် ပြန်သည်။ ထို့နောက် စာအုပ်အဖုံးကြားသို့ လက်ထိုးထည့်ကာ ဆွဲခွာလိုက်၏။ ယခင်က ရောက်လာခဲ့ဘူးသော အနီရောင်လက်ဝတ် လက်စားသေတ္တာမျိုးပင် သို့သော်လည်း ယခုအခါတွင် လေးနေသည် စာအိတ်အဖြူရောင် သေးသေးလုံးလုံးတစ်လုံးကို တွေ့ရ၏။ အဖြူ ရောင် ပြောင်ချောကဒ်ပြားလေးက အတွင်း၌ပါ၏။

"ဂျူးသို့ ကိုယ့်ရဲ့လွတ်လပ်မှုစိတ်ဓာတ်ဟာ မင်းပဲ၊မင်းဟာ သိပ်အံ့သြဆန်းကြယ်လှပါတယ်၊မင်းကို ကိုယ်ချစ်တယ်"

လက်ရေးမှာ မမှားနိုင်။ ယခင်ကကဲ့သို့ပင်။သို့သော်လည်း လက်မှတ်မှာ 'အမ်' ဟူ၍ မဟုတ်တော့။ မိရှယ်ဟု ရေးထိုးထား သည်။ သေတ္တာလေးကို လှုပ်ခါကြည့်မိသည်။ အတွင်း၌ ခပ်ပျော့ပျော့ အရာတစ်ခု၏ လှုပ်ရှားသံကိုကြားရသည်။

"ကျွန်မဖွင့်ကြည့်ရမှာလား၊ အထဲက ဘာလည်းဟင်"

"ကိုယ်က ဘယ်လိုပြောလို့ရမှာလည်းကွ၊မင်းလုပ်ချင်သလို လုပ်ပေါ့"

သူမက သေတ္တာအဖုံးကို မ,ဖွင့်ကြည့်လိုက်၏။ ချည်ထည်စ လေးများကြားတွင် ရွှေလက်ကောက်တစ်ကွင်းကိုတွေ့ရ၏။အပြာရောင် ကျောက်ကလေးများဖြင့် စီခြယ်၍ထားသေး၏။

"ဘုရားရေ..."

သူမက ခပ်တိုးတိုး ရေရွတ်မိရင်း သေတ္တာအဖုံးကို ဖြတ်ကနဲ



www.burmeseclassic.com

www.burmeseclassic.com



ပိတ်လိုက်၏။

"ဒီဟာကို ကျွန်မက ဘာလုပ်ရမှာလဲဟင်"

"ဟုတ်ပြီ…ဒါဟာ မင်းရဲ့ပထမဦးဆုံး တုန့်ပြန်ချက်ပဲ"

ဂျိုးဇက်က ချက်ချင်းပင် ပြောလိုက်၏။

"မင်းကကြည့်ပြီး အံ့အားတသင့် ရေရွတ်မိတယ်၊နောက် အဖုံးကိုပြန်ပိတ်တယ်၊ ဒါကို သတိရနေစမ်းပါကွာ၊ တိတိကျကျ သတိရနေစမ်းပါ၊ဒါဟာ မင်းရဲ့တုန့်ပြန်ချက်ရယ်လို့ ခုအချိန်ကစပြီး အမြဲတမ်းသတိရနေပေတော့"

သေတ္တာလေးကို သူမက တဖန်ပြန်ဖွင့်ပြီး လက်ကောက်ကို လက်ထဲတွင် ချိန်ဆကြည့်သည်။ သို့သော်လည်း ဇာတ်ခုံပေါ်တွင် တစ်ခါတစ်ရံ ဝတ်ဆင်ခဲ့ရဖူးသည်မှ လွဲ၍ ဤပစ္စည်းများကို သူမ၌ အတွေ့အကြုံမရှိချေ။

"ဒါ အစစ်ပဲလားဟင်"

သူမက မေးမိရှာသည်။

"မင်းမှာ ဂျွမ်းကျင်တဲ့ပညာရှင်တွေ မရှိနိုင်တဲ့ ခုအချိန်မှာ ကိုယ့်ဘာသာပဲ ကိုယ်ဆုံးဖြတ်ကြည့်ပေါ့"

"ဒါက ဟောင်းတော့ဟောင်းနေပြီ"

သူမက နောက်ဆုံးတွင် ပြောလာ၏။

"ဟုတ်ပြီ…ဟောင်းနေပြီလို့ မင်းက ဆုံးဖြတ်တယ်"

"လေးလဲလေးတယ်"

"ဟောင်းတယ် လေးတယ်ပေါ့၊ဒါက ခရစ်စမတ်ကာလမှာ ပြောင်ပြောင်လက်လက် ဖြစ်အောင် သုံးတာမျိုးမဟုတ်ဘူး၊ ကလေး ကစားစရာလည်းမဟုတ်ဘူး၊ ဒါဆိုရင် မင်းဘာလုပ်မှာလဲ"





သူမက အရွယ်အစားကို ကြည့်သည်၊အမှတ်တံဆိပ်ကို ရှာသည်။ သို့သော်လည်း ဤသည်ဘက်၌ သူမက ဘာမှနားမလည်။ သူမ၏ လက်သည်းများဖြင့် ခြစ်ကြည့်သည်။ နူးညံ့၍ အဆီပြန်နေ၏။

မင်းမှာက အချိန်နည်းနည်းပဲရှိတယ်နော်..ချာလီ ဇာတ်ခုံပေါ် ပြန်တတ်ဖို့က တစ်မိနစ်ခွဲပဲ အချိန်ကျန်တော့တယ်..ဘာလုပ်မလဲ အခန်းထဲမှာပဲ ထားခဲ့မှာလား"

"မထားခဲ့ဘူး"

"သူတို့က မင်းကိုလာဖို့ခေါ်နေပြီနော်..ချာလီ၊မင်းသွားရတော့ မယ်၊မင်းဆုံးဖြတ်ရတော့မယ်"

"ကျွန်မကို အတင်းအကျပ်မလုပ်စမ်းပါနဲ့ရှင်ရယ်၊ကျွန်မက ဒါကို မီလီကို ခဏကြည့်ထားခိုင်းလိုက်မှာပါ၊အဲ့ဒီမိန်းကလေးက ကျွန်မဆီမှလာပြီး ပညာသင်နေတဲ့ သူလေ"

သူ့အတွက် အံ့မဝင်ခွင်မကျသေး။

"မင်းက သူ့ကို မယုံကြည်ပါဘူးကွာ"

သူမက စိတ်ပျက်သွားမိသည်။

"ရေတိုင်ကီနောက်ကပုံးထဲ ထည့်ထားခဲ့တယ်ရှင့်"

သူမက ပြောလိုက်တော့၏။

"သိပ်မြင်သာတာပေါ့ကွာ"

"ဒါဆို အမှိုက်ပုံးထဲထည့်ပြီး အပေါ်က အုပ်ခဲ့တယ်"

"မဟုတ်ပါဘူးကွာ..တစ်ယောက်ယောက်က ယူသွားနိုင်တာ ပေါ့..စဉ်းစားစမ်းပါဦး"

"ဂျိုးဇက်ရယ်…ကျွန်မ..ကဲရှင်..ပန်းချီဆွဲတဲ့ ပစ္စည်းတွေနောက် မှာ ကျွန်မထားခဲ့တယ်၊စင်တစ်ခုရဲ့ အပေါ်မှာပဲ၊ အဲ့ဒီနေရာကို ဘယ်သူ



www.burmeseclassic.com

www.burmeseclassic.com



ကမှ ဖုန်မသုတ်တာ အတော်ကြာပြီ”

“သိပ်ကောင်းတယ်၊ မင်းက စင်နောက်ဘက်မှာတင်ထားပြီး ပြဇာတ်ကဖို့ ခပ်သုတ်သုတ်ထွက်သွားခဲ့တယ်...။ဒါဆိုရင် နောက်ကျနေပြီ ချာလီရေ၊ မင်းဘယ်မှာလည်း၊ကန့်လန့်ကာတောင်တင်နေပြီလို့ ပြောကြမှာပဲ၊ဟုတ်တယ်နော်”

“ဟုတ်တယ်”

သူမက သက်ပြင်းရှည်ကြီး တစ်ချက်ကို မှုတ်ထုတ်လိုက်တော့သည်။

“ခု..မင်းဘယ်လို ခံစားနေရပြီလည်း လက်ကောက်နဲ့ လက်ကောက်ကို ပေးတဲ့လူနဲ့ပတ်သက်လို့ပေါ့ကွာ”

“အင်း..ကျွန်မအဖို့ တုန်တုန်ရီရီဖြစ်နေရတာပေါ့၊မဟုတ်ဘူးလား”

“ဘာဖြစ်လို့လဲ”

“ပစ္စည်းကို ကျွန်မက လက်ခံထားမိပြီလေ၊ ငွေရေးကြေးရေးအတွက်ပြောတာပါ၊လက်ကောက်ကတန်ဖိုးရှိတယ်လေ”

“မင်း ဒါကိုလက်ခံပြီပဲ၊ နောက် မင်းက လက်ခံရရှိကြောင်း လက်မှတ်ထိုးပေးတယ်၊ ခုတော့ ပစ္စည်းကို မင်းဝှက်ထားခဲ့ပြီးပြီ’

“နောက်တော့ရော...”

“ကျွန်မ ပြန်ပေးမှာတဲ့လားရှင်”

သူ၏ အတွေးအခေါ်အပေါ် အချိန်တန်ပြီး သက်သေပြလိုက်နိုင်ဟန်ဖြင့် သူမမှာ စိတ်လက်ပေါ့ပါးသွားရ၏။ သူကလည်း ပြန်တွေးကြည့်မိသလို သက်ပြင်းချသည်။

“အဲဒီအချိန်အတွင်းမှာ မင်းဘယ်လိုခံစားနေမိသလဲ”





“အံ့သြတာပေါ့..ခြေလက်မသယ်နိုင်အောင် တုန်ရီနေမိတယ်လေ၊ရှင်က ကျွန်မကို ဘယ်လိုများ ခံစားစေချင်လို့လဲ”

“သူဟာ မင်းနဲ့ သိပ်မဝေးတဲ့နေရာမှာ ရှိနေတယ်ချာလီ၊သူ့မျက်လုံးတွေဟာ မင်းအပေါ်ကကို မခွာနိုင်ဘူး၊ စွဲစွဲလန်းလန်းဖြစ်နေရတယ်၊ မင်းကတဲ့ တတိယပွဲကိုတောင် ကြည့်ဖို့ကြံနေပြီ၊သူက မင်းဆီကို သစ်ခွပန်းတွေနဲ့ လက်ကောက်ကို ပို့ခဲ့ပြီးပြီ၊အခုကတော့ သာမန်ပဲ၊ တစ်ခုကတော့ အဆုံးအစမရှိတဲ့ ချစ်ခြင်းမေတ္တာနဲ့၊သူက လူချောတစ်ယောက်ပဲ၊ကိုယ့်ထက်အများကြီး ပိုချောတယ်”

“ဒါဆိုရင် ကျွန်မအသည်းနှလုံးပြတ်လုမတတ် သရုပ်ဆောင်ပြရမှာပေါ့လေ”

သူမက ပြောလိုက်၏။

“မှော်ဆက် သူက ပြိုင်ပွဲပင်လောနဲ့ အောင်မြင်သွားပြီလို့လည်း မဖြစ်ရသေးပါဘူးရှင်”

ᕹᕹᕹᕹᕹ

သူမအား အနှောင့်အယှက်မဖြစ်မိရန် ကရုစိုက်သဖြင့် သူက ကားစက်ကို ပြန်နှိုးသည်။ အလင်းရောင်က မရှိတော့။ အသွားအလာမှာလည်း ကျဲနေပြီဖြစ်၏။ သူတို့ကတော့ နစ်(ချ) ပင်လယ်ကျွန်းကျင်သို့ ထွက်လာခဲ့ကြသည်။ အဝေးဆီဝယ် ရေနံတင်သင်္ဘောကြီးများကို တွေ့ရ၏။ နောက်ဆုံးဝင်သွားသော နေရောင်ခြည်က



www.burmeseclassic.com

www.burmeseclassic.com



တောင်ကုန်းများအထက်ဆီသို့ သွားသောလမ်းအတိုင်း တစ်ကွေ့ပြီး တစ်ကွေ့တက်လာတော့သည်။

"မင်းကို ကိုယ်ဆိုတဲ့ မီရှယ်က လက်ခုပ်လက်ဝါးတီးပြီး အားပေးတာကို မှတ်မိသေးရဲ့လား"

ဂျိုးဇက်က မေးသည်။

"တစ်ခန်းပြောင်းဖို့ လိုက်ကာချလိုက်တိုင်း မတ်တတ်ရပ်ပြီး လက်ခုပ်တီးတာကို မှတ်မိတယ်နော်"

"မှတ်မိပါတယ်..ဂျိုးဇက်ရယ်"

သို့သော်လည်း အသံကျယ်ကျယ်နှင့်ပြောရန်ကိုမူ သူမ မယုံကြည်ဝံ့ချေ။

"ကောင်းပြီ၊အဲ့ဒီနောက် လက်ကောက်ကို မင်းပြန်သတိရရ တော့မယ်"

သူမအဖို့ ပြန်သတိရခဲ့ပါ၏။ကိုယ်နှင့်မသိသော ကိုယ်လူချော ထံမှ လက်ဆောင်ကိုပြန်ပေးရပေမည်။ သူမက အဝတ်အစားလဲခန်း သို့ခပ်သုတ်သုတ်ပြန်လာခဲ့၏။ လက်ကောက် ဝှက်ထားရာနေရာမှ ပြန်ယူသည်။ မိတ်ကပ်များကို အလျင်မြန်ဆုံးဖျက်ပစ်လိုက်သည်။ ရိုးရိုးအဝတ်အစားများကို ဆွဲယူ၍ဝတ်ကာ သူ့ထံသို့အမြန်ဆုံး လာခဲ့ တော့သည်။

"နေဦး..နေဦး၊သူက ကျွန်မဆီ ဘာကြောင့် မလာရတာလဲ၊ သူ့ဆီကို ကျွန်မက မသွားပဲ၊ အခန်းထဲမှာ အဝတ်အစားလည်းရင်း ဘာဖြစ်လို့ စောင့်မနေရတာလဲ"

"သူ့မှာ လာတွေ့ဖို့ သတ္တိမရှိလို့ဖြစ်မှာပေါ့၊ မင်းကို သူက သိပ်ကရုစိုက်နေတော့ ဘာကြောင့်မဖြစ်နိုင်ရမှာလဲ"





"ကောင်းပြီ..ဘာဖြစ်လို့ ကျွန်မက မထိုင်ပဲနေရမှာတုန်း"

"ချာလီ..မင်းရဲ့ရည်ရွယ်ချက်က ဘာလဲ၊ မင်းစိတ်ထဲမှာ သူ့ကို မင်းက ဘာပြောချင်နေတာလဲကွ"

"ကျွန်မ ပြောမယ်၊ ဒါလေးကို ပြန်ယူသွားပါ၊ ကျွန်မလက် မခံနိုင်ဘူးလို့"

သူမက ပြန်ပြော၏။

"ကောင်းပြီ...ဒါဆိုရင် သူ့ကို အမှောင်ထဲတိုးဝင်ပြီး တစ်ခါမှ ပြန်မလာအောင် မင်းလုပ်လိုက်သလို ဖြစ်သွားမယ်၊မင်းမှာကလည်း မင်းလက်မခံနိုင်တဲ့ အဖိုးတန်လက်ကောက်ကြီး ကျန်ခဲ့လို့လေ"

သူ့ကိုသွားတွေ့ရန်၊ရှာရန်မှာ သူမအဖို့ သိပ်ဘဝင်မကျလှ။

"ကဲ..မင်းက သူ့ကို ဘယ်နေရာမှာ ရှာမှာလည်း၊ ပထမဦးဆုံး ကြည့်မယ့်နေရာက ဘယ်နေရာလဲ"

လမ်းမှာ ရှင်းနေသော်လည်း သူကတွေ့ရန် အချိန်ရလိုဟန် ဖြင့် ခပ်ဖြည်းဖြည်းသာ မောင်းနေ၏။

"နောက်ဖက်ကိုပတ်ပြီး ကျွန်မသွားခဲ့မှာ"

သူမက သိပ်မတွေးတော့ပဲ ပြောလိုက်သည်။

"နောက်ဖက်အပေါက်က ထွက်မယ်၊နောက်ဖက်လမ်းပေါ် ရောက်လာပြီးမှ ကဇာတ်ရုံ ထောင့်စွန်းနေရာကိုပတ်ပြီး အပြင်ထွက် လာမှာ တွေ့ဖို့ပဲ"

"ဇာတ်ရုံထဲက ဘာဖြစ်လို့ ဖြတ်မသွားရတာလဲ"

"လူအုပ်တွေကြားက ကျွန်မ တိုးထွက်နေရမှာမို့ပဲ၊ဒါဆိုရင် သူထွက်သွားတာ တော်တော်ကြာနေပြီဖြစ်ရှာမယ်"

ဤသည်ကို သူက စဉ်းစားကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင် မင်းက မိုးကာအင်္ကျီကို ဝတ်လာရမယ်"

သူက ပြော၏။

သူပြောသည်မှာ မှန်ပါသည်။ နောက်တင်ဟမ်ဒေသ၏ မိုးကို သူမက မေ့နေ၏။ ပွဲစဉ်တစ်လျှောက် မိုးကတစ်သုတ်ပြီးတစ်သုတ် ရွာချနေခဲ့သည်။ သူမက အစီအစဉ်ကို ပြန်စကြည့်၏။

အဝတ်အစားကို အလျှင်အမြန်ဆုံးလဲမည်၊လွတ်လပ်ရေးနေ့ ဈေးမှဝယ်လာသော သူမ၏ ပြင်သစ်လုပ် မိုးကာအင်္ကျီရှည်ကြီးကို ဝတ်သည်။ ခါးစည်းကိုစည်း၍ မိုးရွာထဲသို့ထွက်လာကာ လမ်းပေါ် သို့ ဆင်းလိုက်၏။ထို့နောက် ဘေးမှပတ်၍ ဇာတ်ရုံရှေ့သို့။

"ရှေ့က အမိုးအောက်မှာ လူရှင်းအောင် စောင့်နေတဲ့ လူ အုပ်တစ်ဝက်လောက်ကိုပဲ မြင်တော့တယ်"

ဂျိုးဇက်က ကြားဖြတ်၍ ပြောလိုက်သည်။

"မင်း ဘာဖြစ်လို့ ပြေးရတာလဲ"

"ကျွန်မအဖို့ ခေါင်းစည်းအဝါလေး လိုနေသေးတယ်ရှင့်၊ ဂေဝါးကုမ္ပဏီအတွက် ရုပ်မြင်သံကြားမှာ ကျွန်မကြော်ငြာပေးရတာကို ရှင် သတိရတယ်မဟုတ်လား"

"ဒါကို သတိထားမိပါတယ်ကွာ၊ မင်းက ခေါင်းစည်းပဝါ အဝါရောင်လေးတောင် မမေ့ပါဘူး၊ကဲ...ချာလီဟာ ခေါင်းစည်းအဝါ ဆောင်းပြီး မိုးကာအင်္ကျီနဲ့အတူ သူ့ရဲ့ အချစ်ကြီးချစ်နေတဲ့ ချစ်သူကို မိုးရွာထဲမှာ အပြေးရှာခဲ့တယ်၊ လူအုပ်တွေရှိရာကို သူရောက်လာပြီး 'မီရှယ်'...'မီရှယ်' လို့ အော်ခေါ်လိမ့်မယ်၊ဟုတ်တယ်မဟုတ်လား၊ မြင်ကွင်းလေးကတော့ တကယ့်ကိုလှမှာပဲ ဘယ်လိုပဲဖြစ်ဖြစ် ချာလီရဲ့ အော်ခေါ်မှုဟာ အလကားဖြစ်သွားရတယ်၊မီရှယ်ဟာ အဲ့ဒီနေရာမှာ





မရှိဘူး၊ဒါဆိုရင် မင်းဘာလုပ်မလဲ"

"ဇာတ်လမ်းက ဒီလိုပဲလား ဂျိုးဇက်"

"ထားလိုက်ပါကွာ"

"ကျွန်မရဲ့ အဝတ်အစားလဲခန်းကို ပြန်ရမှာလား"

"ဇာတ်ရုံထဲမှာ ပြန်ရှာကြည့်ဖို့ မင်းစိတ်မကူးဘူးလား"

"ဟုတ်ပြီ...ကျွန်မ အဲဒီလိုပဲ လုပ်ခဲ့တယ်"

"ဘယ်အပေါက်က ပြန်ဝင်သလဲ"

"နောက်ဆုံးတန်းအပေါက်ကလေ၊အဲဒီအတန်းမှာ ရှင်ထိုင်နေခဲ့ တာပဲ"

"မီရှယ်ထိုင်တဲ့အတန်းပေါ့၊မင်းက နောက်ဆုံးတန်းအတန်းက ဝင်လာခဲ့တယ်၊ရုံထဲမှာ ဘယ်သူမှမရှိတော့ဘူး၊ဒါနဲ့မင်းက တီးဝိုင်းထား တဲ့နေရာကို ဖြည်းဖြည်းချင်းလျှောက်လာခဲ့တယ်"

"အဲ့ဒီမှာ သူက ရှိနေပါတယ်"

သူမက ခပ်တိုးတိုး ပြောလာ၏။

"သူက ရှေ့ဆုံးတန်းအလယ်ခုံမှာ ထိုင်ပြီး ကန့်လန့်ကာကို ငေးကြည့်နေတယ်၊ သူ့အတွက်အဆုံးအစမရှိတဲ့ ချစ်ရသူ၊သူ့လွတ်လပ် မှုရဲ့ စိတ်ဓာတ်ဖြစ်တဲ့ ဂျိုးတစ်ယောက် ပြန်ထွက်လာလေမလားလို့ သူက ကြည့်နေတယ်"

"စိတ်သိပ်လှုပ်ရှားဖို့ ကောင်းတယ်လို့ပဲ ကျွန်မပြောချင်တော့ တယ်ရှင့်"

သူမက တီးတိုးမပီမသနှင့် ရေရွတ်မိသည်။ သို့သော်လည်း ဂျိုးဇက်က မသိကျိုးကျွံ ပြုထားလိုက်၏။

"လွန်ခဲ့တဲ့ နှစ်နာရီလုံးလုံး သူထိုင်ခဲ့တဲ့ထိုင်ခုံပေါ်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



အိမ်သို့သူမက ထိုအချိန်ပြန်လိုလှ၏။ အကြာကြီးအိပ်ပစ်ချင်သည်။ မိန်းကလေးတစ်ယောက်အဖို့ တစ်နေ့တည်းတွင် ရည်မှန်းချက်မည်မျှများများနှင့် တွေ့ဆုံနိုင်ပါမည်နည်း။ တဖြည်းဖြည်းနီးကပ်လာရင်း သူမက သူ့အား အကဲခတ်သလိုလုပ်ကြည့်သည်။

မင်းက ခဏလောက်တန့်သွားပြီး မိရှယ်လို့ သူ့နာမည်ကိုခေါ်လိုက်မယ်၊ ဒီနာမည်တစ်ခုပဲ မင်းကသိတာကိုး၊ သူက နောက်ပြန်လှည့်ကြည့်လိုက်ပေမယ့် လူကတော့မရွှေ့ဘူး၊ သူကပြုံးလည်း မပြုံးပြဘူး၊ နှုတ်လည်းမဆက်ဘူး၊ ဘယ်လိုမှ မင်းကိုရယ်ရယ်မောမောနဲ့ လုပ်မလာဘူး"

"ဒါဆိုရင် သူကဘာလုပ်တာလဲ"

"ဘာမှ မလုပ်ဘူး၊မင်းကိုသာ စွဲစွဲလမ်းလမ်း မြတ်မြတ်နိုးနိုးနဲ့ စိုက်ကြည့်နေပြီး၊ မင်းက စကားပြောလာအောင် လုပ်နေတာ၊ သူဟာ သာမန်လူတစ်ယောက် မဟုတ်ဘူးလို့ မင်းကတွေးလိုက်မိပြီး၊သူက သပ်သပ်ရပ်ရပ် ဝတ်ထားပြီး၊ငယ်ရွယ်ချောမောတဲ့ လူတစ်ယောက်ပဲ၊ ပိုက်ဆံကို ကောင်းကောင်းသုံးပြီး ယုံကြည်ရာလုပ်တတ်တဲ့ ပုံစံပေါ့"

ဂျိုးဇက်က မိရှယ်နေရာမှ ပြောပြ၏။

"မင်းက ကိုယ့်ဆီကိုလျှောက်လာတယ်၊ အိတ်ထဲကလက်ကောက်ကို ထုတ်လိုက်တယ်၊ နောက်ကိုယ့်ကိုပေးတယ်၊ကိုယ်ကတော့ လှုပ်တောင်မလှုပ်ဘူး"

တောင်ကုန်းအတက်လမ်းမှာ ရစ်ခွေ၍ နေ၏။ ဂျိုးဇက်က ကားမောင်းနေရင်း သူမအဖို့ဇာတ်လမ်းထဲတွင် နစ်မြုပ်လျက်ရှိစေရန် ပြောပြနေ၏။

"မင်း တစ်ခုခုပြောမှာပဲ၊ မင်းဘာပြောခဲ့သလဲ"





အဖြေကိုပင် မစောင့်တော့ပဲ သူ့ဘာသာသူ ပြောပြသည်။

"ရှင့်ကို ကျွန်မမသိဘူး၊ ကျေးဇူးပါပဲမိရှယ်၊ ရှင့်ကြောင့်ကျွန်မတော့ မြောက်နေမိပြီရှင့်၊ ဒါပေမယ့် ရှင့်ကိုကျွန်မသိတော့ လက်ဆောင်လေးကို လက်မခံနိုင်ပါဘူး၊ ဒီလိုပဲမင်းပြောခဲ့ရမှာပဲ၊ ဟုတ်တယ်၊ မင်းပြောခဲ့မယ့် စကားထက်တောင် ပိုကောင်းနေဦးမယ်"

သူမက ဇာတ်ရုံထဲဝယ် မိရှယ်၏ရှေ့မှောက်၌ ရပ်နေမိသည်။

လက်ထဲတွင် သေတ္တာလေးကို ကိုင်ထားရင်း သူ၏ နက်မှောင်သော မျက်လုံးအစုံအား ငေးကြည့်နေသည်။ ထို့နောက် ကိုယ့်ဖိနပ်ရှည်ကြီးကို ပြန်တွေးကြည့်လိုက်မိပြန်၏။ ခရစ်စမတ်ပွဲတော်အတွက် ဝယ်ထားသော လည်ရှည်ဖိနပ်အညိုရောင်မှာ မိုးကြောင့်ပျက်စီးရချေပြီ။ သို့သော်လည်း မည်သူက ကရုစိုက်ပါမည်နည်း။

ဂျိုးဇက်ကမူ သူ၏ဇာတ်လမ်းကို ဆက်ပြောနေသေးသည်။

"ကိုယ်က ဘာတစ်ခွန်းမျှမပြောသေးဘူး၊ မင်းမှာကလည်း ပြဇာတ်တွေက ရတဲ့အသိအနေနဲ့ သိနေတယ်၊ အသံတိတ်နဲ့အဆက်အသွယ် ပြုပုံမျိုး မဟုတ်ဘူးဆိုတာကိုပေါ့၊ အဲ့ဒီလူက စကားမပြောရင် မင်းဘာတတ်နိုင်မှာတုန်း၊ မင်းကပဲ စကားပြောရမှာပေါ့၊ပြောပြစမ်းပါဦးကွာ၊ နောက်တစ်ခါမှာ ကိုယ့်ကို မင်းက ဘာပြောလိုက်သလဲဆိုတာ"

"ကျွန်မက သူ့ကို မေးတယ်၊ ရှင်ဘယ်သူလဲလို့"

"ကိုယ့် နာမည်မိရှယ်တဲ့"

"ဒါကို ကျွန်မသိပါတယ်၊ မိရှယ်ဘာလဲဆိုတာ"

"မင်းမဖြေရဘူး"

"ကျွန်မရှင့်ကိုမေးတယ်၊ နော်တင်ဟမ်မှာ ဘာလာလုပ်တာ



www.burmeseclassic.com

www.burmeseclassic.com



လဲလို့"

"မင်းကို ချစ်နေမိလို့ပါ၊ ကဲ...ဆက်ပြောပါဦးကွာ"

"အမလေး..ဂျိုးဇက်ရယ်၊ကျွန်မက..."

"ဆက်ပြောစမ်းပါ"

"သူက ကျွန်မကို ဒီလိုမပြောနိုင်ဘူးရှင့်"

"ဒါဆိုရင် သူ့ကိုပြောပြပေါ့ကွာ"

"ကျွန်မက သူ့ကိုတွေးကြည့်တယ်၊ ဆွဲဆောင်ကြည့်တယ်"

"ကဲ..ဒါဆိုရင် မင်းလုပ်တာကြားရအောင်၊ သူကမင်းစကားကို စောင့်နေတယ်နော် ချာလီ၊ သူ့ကို စကားပြောကြည့်စမ်း"

"ကျွန်မက ပြောတယ်"

"အေးဟုတ်ပြီ..ဘာလဲ"

"ဒီမှာ မိရှယ်...ဒီပစ္စည်းလေးက ရှင်ပေးတာ တော်တော်ကောင်းပါတယ်၊ ကျွန်မအဖို့ တော်တော်ကို ဘဝင်မြင့်သွားရတယ်၊ ဒါပေမယ့် ဝမ်းနည်းပါတယ်ရှင်၊ ဒါက သိပ်တန်ဖိုးကြီးနေလို့ပါ"

ဂျိုးဇက်က ဘဝင်မကျလှ။

"ချာလီ၊ ဒီထက် မင်းကောင်းအောင် ပြောပြရမယ်ကွ"

သူက စကားလမ်းကြောင်းကို ပြင်ပေး၏။

"သူဟာ အာရပ်လူမျိုးတစ်ယောက်ကွ၊ဒါကို မင်းမသိသေးတောင် သံသယဖြစ်မိရမယ်၊ မင်းကလည်း သူ့လက်ဆောင်ကိုငြင်းနေတယ်၊ မင်း ထပ်ကြိုးစားပြောကြည့်စမ်း ချာလီ"

"ရှင့်အတွက် မကောင်းလှပါဘူး မိရှယ်၊ လူတွေဟာ ရုပ်ရှင်မင်းသား၊မင်းသမီးတွေကို မကြာခဏ တန်းတန်းစွဲဖြစ်သွားတတ်တာမျိုး၊နေ့စဉ်နဲ့အမျှ ဖြစ်တတ်ကြပါတယ်၊ အမြင်ကလေးကြည့်ပြီး၊ရှင်





ကိုယ်ရှင် ပြန်ဖျက်ဆီးပစ်ဖို့၊ ဒါဟာ အကြောင်းမဟုတ်ပါဘူး"

"ကောင်းတယ်ကွာ၊ ဆက်ပြောစမ်းပါဦး"

သူမအဖို့ ပြောရန်မှာ ပို၍လွယ်လာ၏။ သူမက အတင်းအကျပ် ခိုင်းစေမှုများ၊ ထုတ်လုပ်သူများ၏ လုပ်ပုံမျိုးကို မုန်းတီးလှ၏။ သို့သော်လည်း ဤသည်တို့၏ အကျိုးကိုမူ သူမက မငြင်းပယ်နိုင်ပါ။

"ဒါဟာ သရုပ်ဆောင်တွေပဲ မိရှယ်၊ အပေါ်ယံအမြင်လေးတွေပါ၊ပရိသတ်က ထိုင်ပြီး ပျော်ရွှင်မှုကို မျှော်လင့်နေကြတယ်၊ သရုပ်ဆောင်တွေက ရှင်တို့ကို ပျော်ရွှင်အောင် လုပ်ပြရတာပေါ့၊ ကျွန်မတို့ လုပ်နိုင်ခဲ့ပါတယ်ရှင့်၊ ဒါပေမယ့် ဒီပစ္စည်းလေးကိုတော့ ကျွန်မ လက်မခံနိုင်ဘူး၊လှတော့ သိပ်လှပါတယ်"

သူမက လက်ကောက်အကြောင်း ဆက်ပြော၏။

"သိပ်လှတဲ့ဟာတွေကို ကျွန်မ လက်မခံပါဘူး၊ ကျွန်မတို့ဟာ ရှင့်ကို အရူးလုပ်နိုင်ခဲ့တာပဲ၊ ဒီလိုလုပ်ရင် ဒီလိုဖြစ်တာပေါ့၊ ပြဇာတ်ဆိုတာဟာ လေ့လာသင်ယူပြီး လှည့်စားတာတစ်မျိုးပဲ မိရှယ်၊အဲ့ဒီလှည့်စားတာမျိုးကို ရှင် သဘောပေါက်ရဲ့လား၊ရှင့်ကို ကြိုတင်စီစဉ်မှုပြီး လှည့်စားမှုမျိုး လုပ်ပြတာပေါ့"

"ကိုယ်က ခုထိ စကားမပြောသေးဘူး"

"သူ့ကို ပြောခိုင်းတော့ပေါ့ရှင့်"

"ဘာကြောင့်လဲကွ၊ မင်း ဘာမှ သဘောမပေါက်သေးဘူးလား၊ ကိုယ့်အတွက် တာဝန်ရှိတယ်လို့ မင်း ခံစားရလို့လား၊ဒီလိုရုပ်ချောတဲ့ လူငယ်တစ်ယောက်က သစ်ခွပန်းတွေ၊လက်ဝတ်လက်စားတွေအတွက် ငွေကို ဖြုန်းပစ်မယ်တဲ့လား"

"ဟုတ်တယ်၊ ကျွန်မ ပြောပြခဲ့ပြီးပြီပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ကိုယ့်ဘက်က အကာအကွယ်မျိုး ပြောပေါ့ကွာ"

သူက စိတ်မရှည်သော လေသံဖြင့် ပြောလိုက်၏။

"ရှုးကြောင်ကြောင် စွဲလန်းနေရတဲ့အဖြစ်က ကိုယ့်ကိုကာကွယ်ပေးဦးပေါ့"

"ကျွန်မ ကြိုးစားနေတာပဲရှင့်"

သူမ၏ စိတ်ကူးအာရုံထဲဝယ် ချာလီက မီရှယ်၏သေးတွင် ဝင်ထိုင်လိုက်သည်။ သူမ၏ ပေါင်ပေါ်သို့ လက်များကို ယှက်တင်ထားပြီး သူ့အနေဖြင့် အကျိုးအကြောင်း ဆင်ခြင်မိလာအောင် ရှေ့သို့ ကိုယ်ကိုညွတ်ကာ ပြောပြနေ၏။ သူမသည် သူ၏စောင့်ရှောက်သူအလား၊ မိခင်တစ်ဦးအလား၊ သူငယ်ချင်း မိတ်ဆွေတစ်ဦးအလားပင်။

"ကျွန်မက သူ့ကိုပြောလိုက်တယ်၊ ကျွန်မကို ရှင်တကယ်သိလာရင် စိတ်ပျက်သွားမိလိမ့်မယ်လို့"

"ပြောတဲ့စကားလုံးကို အတိအကျပြောပြစမ်းပါကွာ"

သူမက သက်ပြင်းရှည်ကြီးတစ်ချက် ချလိုက်သည်။

"ဒီမှာ နားထောင်စမ်းပါဦး မီရှယ်၊ ကျွန်မဟာ သာမန်မိန်းကလေးတစ်ဦးပါ၊ပြဇာတ်ပြီးသွားရင် ကျွန်မဟာ သူတော်စင်မလေးဂျုံးမဟုတ်တော့ဘူးလေ၊ကျွန်မပြောတာကို ယုံပါ၊ကျွန်မဟာ အပျိုမဟုတ်ဘူး၊ စစ်သည်ကောင်းတစ်ယောက်မဟုတ်ဘူး၊ ကျွန်မဟာ ချာလီဆိုတဲ့ အနောက်တိုင်းက အခြေအမြစ်မရှိတဲ့ ပရမ်းပတာမလေးပါ"

"သိပ်ကောင်းတယ်ကွာ၊ ဆက်စမ်းပါဦး"

"မီရှယ် ရှင် ဒီနေရာက ထွက်သွားပါတော့ ကျွန်မအကူအညီပေးနိုင်တာကိုပဲ ခု ကျွန်မလုပ်နေတာနော်၊ ဟုတ်ပြီလား၊ဒါဆိုရင်





ဒါလေးကို ပြန်ယူသွားပါ၊ ရှင့်ရဲ့အပေါ်ယံအမြင်တွေနဲ့ ပိုက်ဆံတွေကို ပြန်ယူထားလိုက်ပါ၊ ကျေးဇူးပါပဲ ရှင်ရယ်၊ တကယ့်ကိုကျေးဇူးတင်ပါတယ်၊ အားလုံးဟာ ပြီးသွားပါပြီ၊ သွားပါတော့"

"ဒါပေမယ့်၊ သူ့ရဲ့အမြင်တွေကိုတော့ ပြန်မရုပ်သိမ်းသွားစေချင်ပါဘူးလေ"

ဂျိုးဇက်က ကန့်ကွက်လာ၏။

"ဟုတ်တယ်မဟုတ်လား"

"ကောင်းပြီ၊ဒီအမြင်တွေကို ထားလိုက်ပါတော့"

"ဒါဆိုရင် ဘယ်လိုအဆုံးသတ်မှာလဲ"

"ဒီလိုပဲလေ..ကျွန်မက သူ့သေးခုံမှာ လက်ကောက်ကို တင်ပြီးထွက်ခဲ့တယ်၊ ကျေးဇူးကမ္ဘာပါပဲ၊ နှုတ်ဆက်ပါတယ်လို့ဆိုပြီးတော့ပေါ့၊ ဘတ်(စ)ကား မှတ်တိုင်ကို ခပ်သုတ်သုတ်သာ မသွားနိုင်ရင်ဟိုတယ်ရောက်တော့ အေးစက်တောင့်တင်းနေတဲ့ ကြက်သားပဲ စားရတော့မှာပေါ့"

ဂျိုးဇက်မှာ စိတ်အနှောင့်အယှက်ဖြစ်နေပုံကို မျက်နှာတွင်တွေ့ရ၏။ သူက လက်ကိုင်ဘီးမှ လက်ကိုမြှောက်၍ ပြသည်။

"ဒါပေမယ့် ချာလီရယ်၊ ဒီလို မင်းဘယ်လိုလုပ်ရနိုင်ပါ့မလဲ၊ မင်းက ကိုယ့်ကို သတ်သေဖို့ထားခဲ့သလိုများ မတွေးမိဘူးလား၊ နော်တင်ဟမ်ရဲ့ မိုးရွာထဲမှာ တစ်ညလုံးသွားနေဖို့လား တစ်ယောက်ထဲလေ၊ အဲ့ဒီအချိန်မှာတော့ မင်းက ကိုယ်ပေးခဲ့တဲ့ သစ်ခွပန်းလေးတွေ ထားချပြီး ဟိုတယ်မှာ ဇိမ်တွေ့နေမယ်လေ"

"မင်းမှာ တာဝန်ရှိတယ်လို့ မထင်ဘူးလား၊ မင်းရဲ့အလှအပ ရှည်အချင်းနဲ့ တော်လှန်ရေးစိတ်ဓာတ်ကို စွဲလန်းနေတဲ့ လူငယ်



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ကို ဒီလိုပဲ လက်လွှတ်စပယ်ပစ်ထားခဲ့တော့မှာလား"

သူမက ပြန်ပြောရန် လုပ်မိသော်လည်း သူက စကားဆက်လာ၏။

"မင်းမှာက နူးညံ့တဲ့ နှလုံးသားရှိတယ် ချာလီ၊ သူဟာ တစ်ခြားလူတွေအဖို့တော့ မိန်းကလေးတွေကို လှည့်ဖျားပိုးပန်းတဲ့ လူတစ်မျိုးလို့ပဲ အဲ့ဒီအချိန်မှာ ထင်မိကြမှာပဲ၊မင်းကတော့ မထင်ဘူးလား မင်းဟာ လူတွေကို ယုံတတ်တယ်၊ ဒါကြောင့်မို့ မင်းဟာ မီရှယ်နဲ့ အတူတူ ညဘက်မှာရိုဖို့ ကောင်းလာတာပဲ၊ မင်းဘာသာ မစဉ်းစားနဲ့ဦး သူဟာ မင်းကို တကယ်ပဲ ဆွဲဆောင်နေနိုင်ပြီ"

သူတို့၏ ဟိုအဝေး ရှေ့ကောင်းကင်စွန်းတွင် ရွာလေးတစ်ရွာကိုမြင်ရ၏။ လမ်းဘေးရှိ စားသောက်ဆိုင်မှ အလင်းရောင်ကိုလည်း သူမက တွေ့မိသည်။

"ဘယ်လိုပဲဖြစ်ဖြစ် အဲ့ဒီအချိန်မှာ မင်းတုန့်ပြန်မှုကတော့ လက်ရှိအခြေအနေကို ကရုပြုကြည့်မှာပဲ၊ ဘာကြောင့်လည်းဆိုတော့ မီရှယ်ဟာ မင်းကို စကားပြောဖို့ နောက်ဆုံးမှာ ဆုံးဖြတ်လိုက်လို့ပဲ"

ဂျိုးဇက်က သူမအား အကဲခတ်သလို တစ်ချက်လှမ်းကြည့်သည်။

"သူ့စကားက နိုင်ငံခြားသားလေသံလိုနဲ့ ပျော့ပြောင်းတယ်၊ ပြင်သစ်လို တခြားလူမျိုးခြားလေသံမျိုးလိုပေါ့ကွာ၊ သူက မင်းကို ဘာမှ အရှက်အရွံ့မရှိပဲ ပြောတယ်၊ သူဟာ စကားကိုငြင်းပြီး မပြောတတ်ပါဘူး၊ မင်းလေးဟာ သူ့စိတ်ကူးယဉ် အိပ်မက်မက်မိ သမျှတွေနဲ့ ပြည့်စုံနေပါတယ်၊ မင်းရဲ့ချစ်သူဘဝကို သူလိုချင်ပါတယ် ပေါ့၊ မင်းက သူ့ကို ချာလီပါလို့ နာမည်ပြောပြပေမယ့် သူကတော့





ဂျိုးလို့ပဲခေါ်တယ်"

"သူနဲ့အတူ ညစာလိုက်စားမလား၊ ညစာ အတူစားပြီးလို့မှ မင်းဆန္ဒမရှိဘူးဆိုရင် လက်ကောက်ကို ပြန်ယူမယ်လို့ ပြောတယ်၊ မင်းကပြောတယ်၊ ခုပဲ ပြန်ယူပါလို့၊ ရှင့်အတွက် ချစ်သူ တစ်ယောက် ရလိုက်ပါပြီ၊ နောက်ပြီး ပြောသေးတယ်၊ ဒီလောက်မိုးသည်းနေတဲ့ နော်တင်ဟမ်ရဲ့ စနေနေ့ညဆယ်နာရီခွဲမှာ ဘယ်က ညစာစားလို့ရမှာလည်း ရယ်စရာမကောင်းဘူးလားရှင်၊ အဲ့ဒီလိုပဲ မင်းပြောမှာပဲ မဟုတ်လား"

"ထားလိုက်ပါ"

သူမက ပြော၏။ သူ့ထံသို့မူ မကြည့်ချေ။

"ညစာစားဖို့အကြောင်း ဒီညစာစားဖို့ဟာ ရှင်ရဲ့ဖြစ်နိုင်ဖွယ်ရာ မရှိတော့တဲ့ အိပ်မက်တစ်ခုပဲလို့ မင်းပြောလိုက်တယ်"

"ငါးလေး အားလူးကြော်လေးစားလိုက်ရင်ကော.."

"ဒါပေမယ့် မင်းက သူနဲ့ပတ်သက်ဖို့ရှိခဲ့ပြီပဲ"

"ဘယ်လိုများလဲ"

သူမက မေးသည်။

"မင်းက လက်တွေ့ကျကျငြင်းမယ်၊ကျွန်မအဖို့ ညစာစားလို့ မဖြစ်နိုင်တော့ဘူး၊ ဘာဖြစ်လို့လည်းဆိုတော့ စားသောက်ဆိုင်မရှိတော့ဘာ၊ ရှင်ပြောသလို အတူတူအိပ်ဖို့ဆိုတာကလည်း ရှင်မှာအိပ်စရာမှမရှိပဲ၊မီရှယ်က ဒါကိုတွေးကြည့်မယ်၊ သူက မင်းတွေဝေနေတာကို ရှင်းပစ်မယ်၊ သူ့မှာ စီစဉ်ထားတဲ့နေရာ တစ်ခုရှိတယ်၊ ဒါဆိုရင် ကိုယ်တို့ ညစာလည်းစားလို့ရပြီပေါ့လို့ ပြောမယ်ကွာ"

သူက ကားကို ဘေးသို့ကွေ့၍ စားသောက်ဆိုင်ရှေ့တွင်



www.burmeseclassic.com

www.burmeseclassic.com



ရပ်လိုက်၏။ နှစ်ဦးသား ကားထဲမှာပင် ထိုင်နေကြသေးသည်။ သူမက ဂျိုးဇက်အား လှည့်ကြည့်၏။သူကမူ သူ့လက်များကိုသာ ငေးကြည့်နေပါသည်။ ပေါင်ပေါ်တွင် ဗယ်လက်ကို ညာလက်ဖြင့် အုပ်၍ ထား၏။ ဆိုင်မှဝင်လာသော မီးရောင်၌ သူ့အားကြည့်ရသည်မှာ ခံစားမှုကင်းမဲ့နေသယောင်သာ တွေ့ရသည်။ သူက ညာလက်ဖြင့် လက်ကောက်အား ယူကာလှည့်ပတ်ကြည့်လိုက်သည်။ အမှောင်တွင်း ဝယ် အရောင်က လက်သွားသည်။

"ကောင်းပြီလေ၊မင်းကို ကိုယ်က ချီးကျူးပါတယ်"

သူက ပြောလာ၏။

"မင်းတို့ အင်္ဂလိပ်မလေးတွေဟာ အချိန်ကို သိပ်မဖြုန်းကြပါလား"

သူမက စိတ်ဆိုးစွာဖြင့် ကိုယ့်လက်ခုံကို ရိုက်လိုက်သည်။

"ဘာဖြစ်ရတာလဲ"

သူမက ခပ်ဆတ်ဆတ်ဖြင့် မေး၏။

"မနာလိုလို့လားရှင့်"

သူမ၏ စကားကမူ သူ့အား မထိခိုက်စေနိုင်ပါ။ သူ၏မျက်နှာပေါ်ဝယ် စိတ်ထိခိုက်မိဟန်မျိုး မတွေ့ရချေ။ ရှင်ဟာ ဘယ်လိုလူမျိုးများလဲဟင်ဟု သူ့နောက်မှ ဆိုင်အတွင်းသို့ လိုက်လာရင်း ချာလီ တစ်ယောက် တွေးနေမိပါ၏။ အဖြေကမူရှာမတွေ့ပါ။

⌘⌘⌘⌘⌘



## အခန်း (၉)

ချာလီနှင့် ဂျိုးဇက်တို့နှစ်ယောက် အေသင်ရှိ အိမ်လေးကို နောက်ဆုံးနှုတ်ဆက် မထွက်ခွာမီ တစ်ဦးကိုတစ်ဦးဖက်လျှက် အိပ်ပျော်နေစဉ်မှာပင် ကတ်(၈)နှင့် ရှိမွန်တို့မှာ မြူးနစ်မြို့သွား လု(၆) သန်ဆာ လေယာဉ်ကြီးပေါ်ဝယ် ရောက်လျှက်ရှိသည်။

လေယာဉ်ပေါ်ဝယ် သူတို့က အတူတူ မထိုင်ကြချေ။ လိုက်ပါလာကြသည့် နိုင်ငံများကို ပြောင်းလဲ၍ ထားသည်။ ကတ်(၈)က ပြင်သစ်မှလာခဲ့သလို ရှိမွန်ကလည်း ကနေဒါမှလာကြောင်းပြထားကြ၏။

လေယာဉ်ဆိုက်သည်နှင့် ကတ်(၈)မှာ အိုလံပစ်ကျေးရွာတွင် သူ့အားစောင့်ဆိုင်းနေမည့် အာဂျင်တီးနားလူမျိုး ဓာတ်ပုံဆရာများ ထံသို့ တက်သုတ်နှင်တော့၏။

www.burmeseclassic.com



ရှိမ္မန်ကလည်း ဂျက်ကော့ဟု သိထားသူ လက်နက်ပါရဂူ တစ်ယောက် ကြိုဆိုနေမည့် ဟိုတယ်ဘေယာရှာဟော့(ဖ)သို့ သွားခဲ့ပါသည်။

ဂျက်ကော့က စွန်းထင်းနေသော ဆူဒီအပေါ်အင်္ကျီကိုဝတ်ထား၏။ ပုံစံအကြီးချဲ့ထားသော မြေပုံများကို ပလတ်စတစ်အိတ်ကြီးထဲဝယ် သူကထည့်ယူလာခဲ့သည်။ မြူးနစ်နှင့် ဆောလ်ဘာဂ်ရှိ စာတ်ခွဲခန်းများသို့ ပြီးခဲ့သော သုံးရက်အတွင်း လူးလာခေါက်ပြန်ပြေး၍ အချိန်ကုန်ခဲ့ရသည်။ မနက်စောစောပိုင်း အချိန်လမ်းဘေး၌ အရှိန်ပြင်းစွာ ပေါက်ကွဲမည့်ဗုံးကြောင့် ဖြစ်လာမည့် ရာသီဥတုအခြေအနေနှင့် လမ်းသွားလမ်းလာများ၏ အခြေအနေကို သူက တွက်ချက်ကြည့်ခဲ့ရသည်။

အခန်းထဲဝယ် ကော်ဖီအိုး အတော်ကုန်အောင် သောက်ပြီး နှစ်ဦးသား ဆွေးနွေးကြည့်ကြ၏။ ဂျက်ကော့၏ အကြံပေးချက်မှာ အငှားကားတစ်စီးသည် ကီလိုမီတာ တစ်ရာ့လေးဆယ့်အတွင်း ပတ်မောင်းနေကာ အသွားအလာများကို အနှောက်အယှက် ပြုထားစေမည်။ သူတို့လိုအပ်သည့်နေရာတွင် ချက်ချင်းရပ်စေနိုင်ရမည်။

ဆော(လ)ဘာဂ်မှနေ၍ ဗီယင်နာသို့ ရှိမ္မန်က သွားခဲ့ရ၏။ ထိုနေရာဝယ် သူ့အား မျက်နှာစိမ်းအဖွဲ့သားများက စောင့်နေကြသည်။ အစ္စရေးသံရုံးအတွင်းရှိ အသံလုံခန်းဝယ် သူက ထိုလူများကိုအခြေအနေပြောပြရ၏။

မြူးနစ်မှရောက်လာသော နောက်ဆုံးသတင်းများကိုပါ ဖတ်ရှုရသည်။

သူ၏ပိုက်ကွန်အား ဖြန့်ခင်းထားပြီးသည်နှင့် မြူးနစ်သို့ပြန်လာခဲ့တော့၏။ ကြိုတင်ပြင်ဆင်မှုအား မျက်မြင်ကိုယ်တွေ့ တွေ့လာ





သုံးသပ်ရန်အတွက် ဖြစ်ပါသည်။

တာဝန်ကိုပြန်ကိုင်ရန် ကတ်(စ)ရောက်လာသည့်အချိန်၌မူ ယာနူကားအား မေးမြန်းစစ်ဆေးနေသည်မှာ စတုတ္ထမြောက်နေ့သို့ ရောက်လာ၏။

"မင်းတို့ သူ့ကိုစစ်ဖို့ အများဆုံးအချိန် ခြောက်ရက်ပဲရမယ်"

ကတ်(စ)က ဂျေရုဆလင်ရှိ သူ၏မော့ဆက်အဖွဲ့သားနှစ်ယောက်အား ပြောခဲ့၏။

သူက မေးမြန်းနေသူများအား နှစ်ယောက်အစား သုံးယောက်သို့ လူတိုးပေးလိုက်ချင်သည်။ သို့သော်လည်း လူအင်အား အလဟဿအဖြစ်ကို သူက မခံလိုပါ။ ယာနူကားနှင့် ပတ်သက်ရာဖိုင်တွဲကို လေ့လာ၍ တစ်စုံတစ်ရာကို မတွေ့မချင်း သူ့ထံသို့ အစီရင်မခံရန်လည်း၊ သူက မှာထားပါသေးသည်။ သူ့အကြိုက်ကို သူတို့က ရှာဖွေတွေ့လာချိန်၌ သူက ပြန်မေးကြည့်သည်။ ယာနူကား၏ ကလေးဘဝကို မေးခွန်းထုတ်၏၊ သူနှင့်ပတ်သက်ရာ အားလုံးကိုပင် ဗိုးလိုမွှေ ရေလိုနှောက်ကာ မေးတော့၏။ ထို့နောက် စာပေကော်မတီဟု သူက အမည်တပ်ထားသော မစ္စဘာတ်(ချ)စာရေးသမားလေး လီယွန်နှင့် အဖိုးကြီး ရှုဝီလီကို ခေါ်လိုက်၏။

"ဒီက မစ္စဘာတ်(ချ)ဟာ စိမ်ခန့်ခွဲမှုအားလုံးကို ကိုင်ထားတဲ့ သူပဲ...."

သူက လူသစ်ကလေးဖြင့် မိတ်ဆက်ပေးလိုက်၏။

"သူ့ဆီကို ရောက်လာတဲ့ သတင်းတွေကို မစ္စဘာက်(ချ)က ကိုင်တွယ်တယ်၊ သတင်းတွေကို ပြန်အချောကိုင်ပြီးမှ တို့လှပ်ငန်းထဲကို ပြန်လွှင့်ပေးရတယ်၊ ဒီက လီယွန်ကိုလည်း သူက ထိန်းပေး



www.burmeseclassic.com

www.burmeseclassic.com



နေတာပဲ၊ ပြန်ပြီး ထုတ်လွှင့်ဖို့ သူရေးထားတာတွေက သင့်တော် မတော်ကို သူက ပြန်စစ်ဆေးကြည့်တယ်”

နောက်ရောက်လာသူများအဖို့ ယခင်က သိသလောက်နှင့် ယခုအချိန်မှာ သိရသည်မှာ သိပ်မထူးလှချေ။ သို့သော်လည်း သူတို့က ပါးစပ်ပိတ်၍သာ နေကြ၏။

“ရေးသားချက်တစ်ခုကို မစ္စဘက်(ချ)က သဘောတူလက်ခံရင် လီယွန်နဲ့ မစ္စတာရှုဝီလီတို့ နှစ်ယောက်ကို ခေါ်ဆွေးနွေးတယ်”

မစ္စတာဟု အမည်တပ်၍ ရှုဝီလီအား ခေါ်ခဲ့သည်မှာ နှစ်ပေါင်း အတန်ကြာခဲ့ချေပြီ။

“အဲဒီဆွေးနွေးပွဲမှာ ရုံးသုံးစာရေးကိရိယာတွေနဲ့ စာရေးတဲ့ လူရဲ့စိတ်ဓာတ်၊ ကိုယ်ခန္ဓာကြံ့ခိုင်မှုတွေအားလုံးကို ဓာတ်လမ်းထဲက အချက်တွေအနေနဲ့ သဘောတူကြတယ်၊ တို့လုပ်နေတဲ့ ဓာတ်လမ်း ထဲမှာ အမျိုးသား သို့မဟုတ် အမျိုးသမီးက သရုပ်ဆောင်ချက် မြင့်နေသလား၊နိမ့်နေသလားကို ပြန်လေ့လာသုံးသပ်ပြီးမှ လွှပ်ရှားခိုင်း ရမယ်”

လူသစ်များမှာ သူတို့ပါဝင်ရမည့် အစီအစဉ်ကို ရှင်းရှင်းလင်း လင်းမြင်လာရတော့၏။

“မစ္စဘက်(ချ)မှာ မူရင်းမှတ်တမ်းတွေ လက်ရေးနဲ့စာတွေ၊ ပို့စကဒ်တွေနဲ့ ဒိုင်ယာရီတွေကို ရလာရင်၊ဒါကိုလုပ်ဖို့ နမူနာဖြစ်လာ ရမယ်၊ အဲ့ဒါတွေကို လေ့လာပြီးရင်တော့ မစ္စတာရှုဝီလီရဲ့ အတုလုပ် ထားတာတွေပဲရှိတော့တယ်၊ သိပ်ကောင်းပါတယ်၊မစ္စတာရှုဝီလီဟာ အတုလုပ်တဲ့ လူတစ်ဦးသာမဟုတ်ဘူး၊ သူဟာ အနုပညာရှင် တစ်ယောက်ပဲ”





သူက သတိပေးလိုက်သလို သူတို့အားလုံးကလည်း ကောင်း ကောင်းမှတ်မိကြပါသည်။

“မစ္စတာရှုဝီလီရဲ့ အလုပ်ပြီးသွားရင် မစ္စဘက်(ချ)ကိုပဲ တိုက် ရိုက်ပေးလိုက်မယ်၊ နောက်အားလုံးကို ပြန်စစ်ကြည့်မယ်၊မေးစရာ ရှိသေးလား”

သူတို့အဖို့ မေးစရာမရှိတော့ပါ။

“အဆုံးကနေ ပြန်စကြဟေ့”

သူတို့ထွက်သွားစဉ် သူက နောက်မှအော်ပြော၏။

“အချိန်ရှိသေးရင် အစကနေသာ ပြန်လုပ်ပေတော့”

ကတ်(ဖ)က ထိုအုပ်စုအား မြူးနစ်သို့ ပြန်ပို့ပေးလိုက်သည်။ သူတို့အတွက် လုပ်ကိုင်ရမည့် ဓာတ်ပုံရိုက်မီးများ ပြင်ဆင်ရန်နှင့် အသံဖမ်းစက်များ ပြုလုပ်ရန်ပင် ဖြစ်ပါ၏။

‘ယာနူးကား’ အား သူတို့၏ အစီအစဉ်ဝယ် ပါဝင်လာနိုင် ရေးအတွက် အဘက်ဘက်မှ သူတို့ကကြိုးပမ်းကြ၏။ မြူးနစ်သို့ ရောက်လာသောအဖွဲ့မှာ သေတ္တာကြီးများ ပါဝင်လာကြသည်။ သူတို့ နေထိုင်ရာ အဆောက်အအုံ၏ အောက်ထပ်သို့ ရှင်းပြထားခဲ့ပုံမှာ သူတို့သည် တံဆိပ်ခေါင်းအဟောင်းများကို ရောင်းဝယ်၍အသက်မွေး ဝမ်းကျောင်း ပြုနေသူများဖြစ်ကြောင်း၊ ယခုလည်း လေလံပွဲကြီး တစ်ခုပြုလုပ်ရန် လာကြကြောင်းဟူ၍ ဖြစ်ပါသည်။ ပတ်ဝန်းကျင်မှ မှဂ္ဂိုလ်တို့သည်လည်း ဤအကြောင်းပြချက်ကို လက်ခံထားကြ၏။

ယခုလာသူများသည် ဂျူးလူမျိုးများဖြစ်သည်ဟု သူတို့ တစ်ဦးကိုတစ်ဦးပြောကြ၏။ သို့သော်လည်း ယခုကာလတွင် ဂျူး များအဖို့ တစ်နေရာသို့ သွားလာရောင်းဝယ် ဖောက်ကားနေသည်မှာ



www.burmeseclassic.com

www.burmeseclassic.com



မဆန်းတော့ချေ။ မစ္စဘာက်(ချ)၏ အဖွဲ့တွင် ကတ်(ဓ)တိုက်ရိုက်ဆက်သွယ်သော တယ်လီပရင်တာစက်ကို ကိုင်ရသူမှာ စန္ဒရားဆရာလေး ဆင်မြူရယ် ပင်ဖြစ်ပါ၏။ ဆင်မြူရယ်၏ အပေါ်ကိုယ်ကျပ်အင်္ကျီအောက်တွင်မူ ကို့(လ)အမျိုးအစား ခြောက်လုံးပြူးပြောင်းရှည်ကြီးတစ်လက်က အဆင်သင့်ရှိနေတတ်၏။ သူက အသံလွှင့်နေစဉ်အတွင်း စားပွဲအားခေါက်နေတတ်၍ သူ့အားစန္ဒရားဆရာလေးဟု ခေါ်ဝေါ်ကြခြင်းဖြစ်ပါသည်။ ၎င်းမှာ အေသင်မြို့ရှိအိမ်တွင် ဒေးဗစ်ရှုသည့် လူအဖြစ်နှင့် အသုံးတော်ခံပြီး ဖြစ်ပါ၏။

⌘⌘⌘⌘⌘

ထို့နေ့ညမှာပင် ယာနူကားအား ဆိုက်ပရပ်စ်မှ တဆင့် မြူးနစ်သို့ သယ်လာကြ၏။ သူ့အား ထမ်းစင်ပေါ်ဝယ်လူမမာအဖြစ်ဖြင့် ဟင်ကာ မော့ဆက်အဖွဲ့မှ ဆရာဝန်တစ်ဦးက သေးမှစောင့်ရှောက်လိုက်ပါလာသည်။ ယာနူကားအား နိုင်ငံကူးလက်မှတ်တွင် နီကိုရှားမှ အင်္ဂလိပ်ကုန်သည်တစ်ဦးဟု ဖော်ပြပေးထား၏။ ၎င်းမှာ ခွဲစိပ်ကုသခံရန် လာကြောင်းလည်း အကြောင်းပြထားပါသေးသည်။

လိုအပ်သည့် စာရွက်စာတမ်းများနှင့် ဆေးလက်မှတ်များ အပြည့်အစုံပါနေသဖြင့် လေဆိပ်ရှိ တာဝန်ရှိဂျာမန်ပုဂ္ဂိုလ်များက သူ့အား တစ်ချက်မျှပင်မကြည့်တော့။ မလှုပ်မရှားနှင့်ဖြစ်နေသော လူမမာ၏ရုပ်က သူတို့အဖို့ လိုအပ်သမျှပြောဆိုနေသည့်သဖွယ်ပင်။

အသင့်စောင့်ဆိုင်းနေသော ကုန်တင်ကားပေါ်သို့ တင်ကာ





ဆေးရုံကြီးရှိရာသို့ တဟုန်ထိုးမောင်းတော့၏။ သို့သော်လည်း လမ်းကြား တစ်ခုသို့ အရောက်တွင်မူ ကွေ့ဝင်ပျောက်ကွယ်သွား၏။ ဒိုလံပစ်ကျေးရွာသို့ အဝတ်လျှော်လုပ်ငန်းတံဆိပ်ပါသော ကားလေးတစ်စီးက ရောက်လာ၏။ အဝတ်ဟောင်းများ ထည့်ထားသည့်ခြင်းကြီးတစ်တောင်းအား မော့ဆက်အဖွဲ့သားများရှိရာ အပေါ်ထပ်သို့ သယ်ယူသွားကြ၏။

မိနစ်အတန်ငယ်ကြာသည်နှင့်လူနာ ယာနူကားအား ကုတင်ပေါ်ဝယ် အသာအယာတင်လိုက်ပါသည်။ မိနစ်လေးဆယ်မျှအကြာတွင်မူ ယာနူကားတစ်ယောက် လက်နှင့်ခြေထောက်မှ သံကြိုးများကို ဆွဲယမ်းဖြုတ်နေသည်ကို သူတို့တွေ့ကြရ၏။

သူတို့က ကော်ဖီကိုတိုက်သည်။ သူတို့မှာ ကြက်ခြေနီအဖွဲ့မှ လူများဖြစ်ကြောင်း အင်္ဂလိပ်လိုပြောပြ၏။ အကျဉ်းထောင်များရှိရာ အကျဉ်းသားများ တရားမျှတစွာ နေထိုင်နိုင်ရေးအတွက် သူတို့အနေဖြင့် စစ်ဆေးကြရကြောင်း သူတို့က ယာနူကားသို့မဟုတ် ကောင်လေးဟု အမည်ဝှက်ပေးထားသူ၏ ပထမနာမည်အား ခေါ်၍စကားပြောကြ၏။

"ထတော့ ဆလင်..မိုးလင်းနေပြီ၊ခင်ဗျားအတွက် ကျွန်တော်တို့ စာယူလာတယ်ဆိုတာ ကြည့်ပါဦး"

စာလေးတစ်စောင်ဖြစ်၏။ ဆလင်ထံသို့ အမည်လိပ်စာတပ်ထားသည်။ စာတိုက်တံဆိပ်မှာ ဘောရွတ်မှဖြစ်ပြီး ကြက်ခြေနီအဖွဲ့ကြီးမှတဆင့်ပို့လိုက်ခြင်းဖြစ်၏။ "အကျဉ်းထောင်စိစစ်ရေးခွင့်ပြုပြီး" ဟူသော စာတမ်းကိုရိုက်ထားသည်။ သူ၏ အစ်မတော် ဖာတမာထံမှ စာပင်ဖြစ်တော့၏။ ညကဲ့သို့ပုံမျိုးဖြစ်အောင်လည်း ရှုဝိလိက အတည်ပေါက်ထားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖာတာမာ၏စာတွင် မေတ္တာများပို့လိုက်ကြောင်း အချိန်ကျရောက်လာသည့်အထိ သတ္တိရှိရှိနေရန် ရေးထား၏။ သူမအနေဖြင့်လည်း ယောကျာ်းလေးမိတ်ဆွေများနှင့် ရုံးလုပ်ငန်းကို စွန့်ခွာကာ ဆီဒွန်သို့ သွားရောက်တော့မည်။ ဆလင်တစ်ယောက် ယခုကဲ့သို့ ဖြစ်နေချိန်၌ သူမအဖို့ ပါလက်စတိုင်းတို့နှင့် ဝေးရာဒေသသို့ သူမ သွားရောက်မနေနိုင်တော့ကြောင်းပါ ရေးသားထားပါသည်။

ဆလင်အား တစ်ယောက်တည်းထားကာ သူတို့ပြန်ထွက်သွားကြ၏။ အစောင့်ဟူ၍ အိုဒက်တစ်ယောက်ကိုသာ ထားခဲ့သည်။

"ကျွန်တော် စာရွက်လိုချင်တယ်"

တစ်နာရီမျှအကြာတွင် သူ့အား လာခေါ်သော အစောင့်များကို ပြောလိုက်၏။

"စာရွက်ရဖို့ ကျွန်တော် တောင်းဆိုတယ်၊ကြက်ခြေနီအဖွဲ့က ကိုယ်စားလှယ်တွေနဲ့တွေ့ဖို့လည်း တောင်းဆိုတယ်၊ ဂျီနီဗာစာချုပ်အရ ကျွန်တော့်အစ်မ ဖာတာမာဆီကိုလည်း ကျွန်တော်စာရေးနိုင်ရမယ်"

အောက်ထပ်ရှိ 'စာပေကော်မတီ'လေးသို့ သူရောက်သွားစဉ် ထိုကဲ့သို့ သူက တစ်ခုပြီးတစ်ခု တောင်းဆိုတော့၏။ သူတို့ကလည်း လက်ခံလိုက်ကြ၏။ ကြက်ခြေနီတံဆိပ်ပါ စာရေးစက္ကူကိုပေးသည်။

"ခင်ဗျားရေးတဲ့စာဟာ အင်္ဂလိပ်လိုပဲ ဖြစ်ရမယ်၊ လျှို့ဝှက်သတင်းပေးတဲ့ စာမျိုးလည်း မဖြစ်စေရဘူး"

သူ့ကို ဖောင်တိန်တော့ မပေးကြပါ၊ သူက ဖောင်တိန်တောင်းသောအခါတွင် ဂျီနီဗာ သဘောတူစာချုပ်အရ ဖောင်တိန်ပေးရန်မပါဟု ပြောတော့၏။ နာရီဝက်ခန့်ကြာမှ သူ့ရှေ့ရှိမေးမြန်းနေသူ နှစ်ဦးက သူတို့ထံမှ ဖောင်တိန်တစ်ချောင်းကို ဆောင့်ချ၍ပေးသည်။





"လူလူချင်း စာနာလို့ ပေးတာနော်"

သူက ဖာတာမာထံသို့ စာမျက်နှာ သုံးမျက်နှာမျှ ရေးချတော့၏။ အဘိုးကြီးရှုဝိလီအဖို့ ယာနူကားသို့မဟုတ် ဆလင်၏လက်ရေးနမူနာ ရချေပြီ။

"ချစ်လှစွာသောအစ်မခင်ဗျား၊ ခုတစ်ပတ်အတွင်းမှာတော့ အစ်မရဲ့စိတ်ဓာတ်နဲ့အတူ ကျွန်တော့်ဘဝအတွက် ကံကြမ္မာအဆုံးအဖြတ်ကို စမ်းသပ်မှု တွေ့ရပါပြီ"

သူက ထိုကဲ့သို့ ရေးသားခဲ့၏။ ဤအကြောင်းကို အေသင်ရှိ ကတ်(စ)ထံသို့ သူတို့က သတင်းပို့လိုက်ကြသည်။

"ကျွန်တော့်ဆီ အကုန်သာ ပို့ပေးစမ်းပါ"

ကတ်(စ)က မစ္စဘက်(ချ)အား မှာကြား၏။

"ဘာမှတော့ သတင်းမပို့ပေးပဲ မနေပါနဲ့၊ ဘာမှမဖြစ်ဘူးဆိုရင်တောင် မဖြစ်တဲ့အကြောင်းကို သတင်းပို့ပေးပါ"

သူက လီယွန်ကိုလည်း မှာလိုက်သေးသည်။

"မစ္စဘက်(ချ)က အနည်းဆုံးနှစ်နာရီတစ်ခါတော့ သတင်းပို့မှာပဲဆိုတာ မင်းကြည့်နေ၊အကောင်းဆုံးကတော့ တစ်နာရီတစ်ခါ သတင်းပို့တာပဲဟော့"

မောင်နှမနှစ်ဦးအကြား အပြန်အလှန်ရေးကြသော စာများထဲတွင် ယာနူကား၏ စာမှာ ပထမဦးဆုံးစာသာ ဖြစ်ချေတော့၏။

ဓဓဓဓဓ



www.burmeseclassic.com

www.burmeseclassic.com



သူတို့က ယာနူကားအား မေးမြန်းကြ၏။ သူ၏သဘောတရားအယူအဆများကို မြောက်ပင့်ပြောဆိုခြင်းဖြင့် သိလိုရာများအား မေးကြသည်။ နိုင်ငံရေး အယူအဆများကိုမူ သူတို့နားမလည်ကြပါဟု မသိမသာပြောလိုက်သည်။

ယာနူးကား၏ ငယ်ရွယ်စဉ်ဘဝ၊မိဘများ၊ပါလက်စတိုင်းရှိ မွေးရပ်မြေတို့ အကြောင်းများအစား၊ သူ၏အစ်ကိုကြီး၏ အကြောင်းကို သာဦးတည်၍ မေးကြသည်။ အောက်ထပ်ရှိ မစ္စဘက်(ချ)တို့အခန်းမှ အသံဖမ်းခွေများကာမူ မှန်မှန်ပင် လည်လျက်ရှိနေပါသည်။

သူတို့လက်ထဲတွင် ယာနူးကား၏ နေ့စဉ်မှတ်တမ်းစာအုပ်က ရနေပြီဖြစ်၏။ ယာနူးကားအား သူတို့လမ်း၌ ဖြတ်ဆွဲပြီးနောက် တစ်နေ့မှာပင်ဖြစ်သည်။ လူသုံးယောက်က အိမ်သန့်ရှင်းရေး ကုမ္ပဏီ တစ်ခု၏တံဆိပ်ပါ အပေါ်အင်္ကျီရှည်ကြီးများကို ဝတ်ကာ ယာနူကား၏အခန်းသို့ ရောက်လာကြ၏။ အိမ်သုတ်သင်ရှင်းလင်းရာတွင် အသုံးပြုသော ပစ္စည်းများ အစုံအလင်ပင် ယူလာကြသည်။

အိမ်အတွင်းသို့ ရောက်သည်နှင့် ခန်းဆီးများကို ဆွဲချကာ နှစ်နာရီလုံး ပိုက်စိပ်တိုက်ကာ ရှာတော့၏။ အလုပ်ကိစ္စပြီးသည်နှင့် အိမ်တွင် ဖုန်များ၊ အမှိုက်များ ယခင်က ရှိနေခဲ့သည့်အတိုင်း ပြန်လည်ပြုပြင်ဖန်တီးထားခဲ့ကြသည်။

သူတို့ရှာဖွေစဉ် အတောအတွင်းမှာမူ စာအုပ်စင်နောက်ဘက် ချိတ်ရှိ အရှေ့အလယ်ပိုင်းလေကြောင်း လက်ဆွဲအိတ်အတွင်းမှ သားရေဖုံး နေ့စဉ်မှတ်တမ်းစာအုပ်တစ်အုပ်ကို တွေ့ကြရပါသည်။ သူ့ထံတွင် တစ်ခုရှိမှန်းကို သူတို့သိကြ၏။ သူတို့လမ်း၌ ဆွဲစဉ် ကျပျောက်ခဲ့သည်ဟု ထင်မှတ်ထားကြပြီး ယခုတွေ့လိုက်သဖြင့်





အတော်ပင် ပျော်သွားကြပါသည်။

စာအုပ်ထဲတွင် အာရဗီဘာသာဖြင့် လည်းကောင်း၊ပြင်သစ်ဘာသာဖြင့်လည်းကောင်း၊ အင်္ဂလိပ်ဘာသာဖြင့်လည်းကောင်း အမျိုးမျိုးရေးထား၏။ လျှို့ဝှက်ဂဏန်းများဖြင့် လည်းကောင်း စာများဖြင့် လည်းကောင်း ထည့်သွင်းရေးထားသည်ကို တွေ့ကြရသည်။

"ဂျေနှင့် တွေ့သည်။ ပီထံ ဖုန်းဆက်သည်" အစရှိသည့် လျှို့ဝှက်စာများလည်းပါ၏။

သို့သော် ယာနူးကား၏ နေ့စဉ်မှတ်တမ်းအား မည်သို့အဓိပ္ပါယ်ဖော်ကြရမည်နည်း။ ယာနူးကား၏ အကူအညီမပါပဲနှင့် မည်ကဲ့သို့ဖော်ထုတ်ကြပါမည်နည်း။ ယာနူးကားက အကူအညီပေးပါရန် မည်ကဲ့သို့ လုပ်ကြမည်နည်း။

သူတို့က စိတ်ဓာတ်စစ်ဆင်ရေး အမျိုးမျိုးလုပ်ကြသည်။ မျက်နှာကို မီးဖြင့်ထိုးကာ ကြည့်ပြီး ပြန်မှိတ်ထား၏။ အမှောင်အတွင်းမှာပင် အဝေးမှ စကားများ တီးတိုးပြောသံ ကြားစေ၏။ အလောင်းတစ်လောင်းအား သံကြိုးဖြင့် ကျောက်တုံးပေါ်ဖြတ်ဆွဲသွားသံကိုလည်း ကြားစေသည်။ သူ့အား သေဆုံးပြီးအလား သဘောထားကာ ပါလက်စတိုင်း စစ်တီးဝိုင်းအဖွဲ့မှ ပလွေကိုမှုတ်ပြတာတ်ကြသေးသည်။

သူတို့က အစောင့်များကို လွှတ်လိုက်ကာ သူ့အားနောက်ပြန်ကြိုးတုတ်စေ၏။ ထို့နောက် ခြေကျဉ်းဝတ်ကိုသာ သံချောင်းညှပ်ထား၍ ထွက်သွားစေပြန်၏။ ဤကဲ့သို့လုပ်၍ ထွက်သွားတိုင်း သူ့နှုတ်ဖျားမှ 'အိုး..မလုပ်ပါနဲ့' စသည်ဖြင့် တီးတိုးရေရွတ်သံကို ကြားလာရတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ဆင်မြူရယ်အား အဖြူရောင်အကျီရှည်ဝတ်ကာ နားကြပ်တစ်ချောင်းပေး၍ ယာနူးကားထံသို့သွားကာ နှလုံးခုန်နှုန်းအား စစ်ဆေးကြည့်စေသည်။ ထို့နောက် အမှောင်အတွင်း၌ တစ်ယောက်တည်းထား၍ ထွက်လာခဲ့၏။ သူတို့က ဇောချွေးများပျံနေသော သူ၏အခြေအနေကို အနီရောင်အောက်လွှန့်ရောင်ခြည်ဖြင့် အမှောင်အတွင်းသို့ကြည့်နေကြသည်။ တစ်ကြိမ်ကမူ နံရံအား ခေါင်းဖြင့်ပြေးဆောင့်ကာ ကိုယ့်ကိုယ်ကို သေကြောင်းကြံရာ အောင်မြင်လုနီးပါးဖြစ်သွား၏။ သို့သော်လည်း ခြေထောက်ရှိကြိုးများကြောင့် လိုရာသို့မရောက်နိုင်ခဲ့ပါ။

သူ့အား ရူညံ့နေအောင်လုပ်ပေးထားသလို လုံးဝအသံတိတ်ဆိတ်ကာ အမှောင်ချထားတတ်သေးသည်။ အမှောင်အတွင်းသို့ သေနတ်ဖြင့် တစ်ချက်ပစ်ကြည့်ရာ သူက ကမန်းကတန်းဝပ်လိုက်သည်မှာ ပေါ်လွင်ထင်ရှားနေပါသည်။

သူ့အား နေရာရွှေ့ရန် သူတို့က ဆုံးဖြတ်လိုက်ကြ၏။

အဖော်များကို အခန်းအတွင်းသို့ သွားကာ ချိုင်းတစ်ဖက်တစ်ချက်ဆီမှ ထူမစေသည်။ သူတို့ကိုယ်၌မူ အဝတ်အစား ပေါ့ပေါ့ပါးပါးများကို လှုပ်ရှားမှုလွယ်ကူစေရန် ဝတ်စားထားကြ၏။

တံခါးဝဆီသို့ တုန်ရင်နေသော သူ့အား ဆွဲခေါ်သွားကြသည်။ ထိုစဉ် ကြက်ခြေနီအဖွဲ့မှ ယာနူကား ထင်မြင်ထားသည့် နှစ်ဦးက ရောက်လာကာ တားမြစ်လိုက်သည်။ သူတို့၏ မျက်နှာပေါ်ဝယ် သနားကြင်နာဟန်ပုံများ ပေါ်နေကြပါသည်။

အစောင့်များနှင့် ထိုနှစ်ဦးက အတန်ကြာအောင် ငြင်းခုန်နေကြ၏။ စည်းမျဉ်းနံပါတ်ခြောက် အပိုဒ်(၉)အရ ကြက်ခြေနီအဖွဲ့ကြီး၏





စာချုပ်အရ အကျဉ်းသားတစ်ဦးအား လိုအပ်၍ ရွှေ့ပြောင်းရမည်ဆိုလျှင် ထောင်မှူးကြီးနှင့် ဆရာဝန်တစ်ယောက်၏ ရှေ့မှာသာ လုပ်ရမည်ဖြစ်ကြောင်း ကြက်ခြေနီအဖွဲ့မှဟု ဆိုသောသူက အကြောင်းပြ၏။ နောက်ဆုံးတွင်မူ လက်ရှိအနေအထားကို ဆုံးဖြတ်ရန် ထောင်မှူးကြီးထံသို့ လေးဦးစလုံး သွားကြမည်ဟု သဘောတူလိုက်ကြ၏။

သို့ဖြစ်၍ ယာနူကားအား အမှောင်အတွင်း၌ပင် တဖန်ထားရစ်ခဲ့ကာ လေးဦးသား ခပ်သုတ်သုတ်ထွက်သွားကြသည်။ ယာနူးကားမှာ နံရံကို မှေးရင်း အရှေ့အရပ်ရှိရာဘက်သို့ မှန်းကာ ဆုတောင်းရှိခိုး၍ ကျန်ရစ်ခဲ့ပါတော့သည်။

ဆွစ်လူမျိုးနှစ်ဦးက အစောင့်များမပါတော့ပဲ ပြန်ဝင်လာကြ၏။ သူတို့ထံတွင် နေ့စဉ်မှတ်တမ်းစာအုပ်နှင့်အတူ ယာနူကား၏ နိုင်ငံကူးလက်မှတ်တစ်ခုမှာ ပြင်သစ်နိုင်ငံသားဖြစ်ပြီး တစ်ခုမှာ ဆိုက်ပရပ်(စ)လူမျိုးအဖြစ် ထုတ်ပေးထားသော လက်မှတ်တစ်ခုဖြစ်ပါ၏။ ဤနှစ်ခုကို သူတို့က အခန်းသို့ ရှာကြစဉ် ကြမ်းပြင်အောက်မှက်ထားသည်မှ တွေ့လာကြ၏။ အဖမ်းခံရစဉ်က ယာနူကားမှာ လက်ဘနွန်နိုင်ငံကူးလက်မှတ်ကို ကိုင်ဆောင်ထားပါသည်။

သူတို့၏ အခက်အခဲများကို သူတို့က ရှင်းပြကြ၏။ အစ္စရေးတို့၏ တောင်းဆိုချက်အရ ဂျာမန်အာဏာပိုင်တို့က သူ့အခန်းအား ရှာဖွေခဲ့ကြကြောင်း သူတို့က ပြောသည်။ နေ့စဉ်မှတ်တမ်းစာအုပ်၊ နိုင်ငံကူးလက်မှတ်နှင့်အတူ ယခင်လများက သူ၏လှုပ်ရှားမှုနှင့်ပတ်သက်သော သဲလွန်စများကို တွေ့ရသဖြင့် အပြည့်အစုံစစ်ဆေးနေကြပြီဟု ဆို၏။ သူတို့၏ ထောင်မှူးကြီးထံသို့ ကိုယ်တိုင်ဝင်ရောက် ပြောဆိုမှုမှာ တရားဝင်ကိစ္စရော၊ လိုအပ်သည့်အတွက်



www.burmeseclassic.com

www.burmeseclassic.com



ပါ ဆွစ်တို့က မှတ်တမ်းတင်ထားကြ၏။

ကြက်ခြေနီအဖွဲ့ကြီး အနေဖြင့် အကျဉ်းသား အရင်လိုအပ်သော စာရွက်စာတမ်းများ တင်ပြထားနိုင်ရေးမှာ နေ့စဉ်မှတ်တမ်းတွင် ရေးသားထားသည်များကို ရှင်းပြရန်လိုနေပါသည်ဟု ပြောကြ၏။ သို့ဖြစ်၍ ခံဝန်ချက်တစ်စောင် ပြင်ဆင်ရပေတော့သည်။ ထောင်မှူးကြီး၏ ဆန္ဒအရဆိုရလျှင် အကျဉ်းသားကိုယ်တိုင် လက်ရေးတစ်စောင်ဖြင့် လွန်ခဲ့သော ခြောက်လခန့်တွင်း သူတွေ့ဆုံသူများ၏ အမည်များ၊ နေရာများ၊ရက်စွဲများ၊နေထိုင်ခဲ့ရာများ၊ မည်သည့် စာရွက်စာတမ်းများဖြင့် ခရီးထွက်သည်များကိုပါ ထည့်သွင်းရေးသားရမည်ဟုပြောလာသည်။

ဤကဲ့သို့ လုပ်မပေးနိုင်ပါက သူတို့ ဆက်လက်ကြိုးပမ်းမှုများမှာ အချိန်အတန်ပင် နှောင့်နှေးသွားရပါမည်။

“ခင်ဗျား ဒီလိုပဲ လုပ်ပေးလိုက်ပါလား ဆလင်ရယ်”

ဆလင်ဟူ၍ သူတို့ကခေါ်ကာ အကြံပေးကြသည်။

သူပို့က ဖားပွဲတမ်လုံးကို ဖန်ပီး၍ပေး၏။ စောင်ယစ်သည်လဲပေးကာ ကြိုးများကို ဖြည်ပေးကြသည်။

“ခင်ဗျားအတွက် လျှို့ဝှက်ထားချင်တယ် ဆိုရင်တော့ မရေးနဲ့ပေါ့ဗျာ၊ ဒါပေမယ့် ရေးမယ်ဆိုရင် အမှန်တွေသာရေးပေးလိုက်ပါ”

ယာန္နုကားက ဖောင်တိန်ကို ကိုင်လိုက်စဉ်မှ ဖွင့်ထားပြီးဖြစ်သော ခန်းဆီးများကြားမှ အလင်းရောင်ဖြင့် သူ၏မျက်လုံးအစုံကိုမြင်ရသည်။ သူတို့အဖို့ ယာန္နုကားအား ဆက်လက်လှည့်ဖျားရမည်ကို သူ၏မျက်လုံးအစုံဝယ် တွေ့လိုက်ကြရပါသည်။

⌘⌘⌘⌘⌘





နောက်တစ်နေ့ နေ့လယ်စာစားချိန်လောက်ဝယ် အေသင်မှ ကတ်(ဇ)ရောက်လာတော့၏။ ရှဝီလီ၏ အတုလုပ်ထားချက်များကို စစ်ဆေးကြည့်ရန်ပင် ဖြစ်သည်။

အောက်ထပ်ရှိအခန်းဝယ် ထိုင်ရင်း သူက ‘မော့ဆက်’အဖွဲ့သားများအား လိုအပ်သလို ဆက်လက်ညွှန်ကြားပေး၏။ အသံဖမ်းထားချက်များကို နားထောင်ကြည့်သည်။ မကြာသေးမီက ယာန္နုကား၏ လှုပ်ရှားမှုများကို ရုပ်မြင်သံကြား ကားချပ်ပေါ်ဝယ် မစ္စက်ဘက်(ချ)ကနောက်တစ်နေ့တွင် ပုံဖော်ပေး၏။ ရက်စွဲများ၊ လေယာဉ်ခရီးစဉ်နံပါတ်များ၊ဆိုက်ရောက်သည့်အချိန်နှင့် တည်းခိုသည့် ဟိုတယ်များပါပါရှိသည်။

ဇူးရစ်ရှိ စိတီးဟိုတယ်မှာ ချာလီထံသို့ စာရေးသည်။(၈း၂၀) နာရီတွင် ဒီဂေါ်(လ)လေဆိပ်အရောက် စာထည့်သည်။ အိပ်ဆယ်(လ)ဆိယာဟိုတယ်တွင် ချာလီနှင့်တွေ့၊ ဟိ(သ)ရိုးလေဆိပ် မြူးနစ်ဘူတာရုံမှ ချာလီထံ ဖုန်းဆက်...။

ဤသည်များအားလုံး ပြီးချိန်တွင် ညနေစောင်းနေပြီဖြစ်တော့၏။ ထို့နောက် ဗိုလ်မှူးကြီးရာထူးတံဆိပ် တပ်ထားသော အစ္စရေးစစ်ဝတ်စုံကို လဲဝတ်လိုက်သည်။ ဗယ်ဘက်ရင်အုံတွင် ဆုတံဆိပ်များကချိတ်ဆွဲ၍ထား၏။ သူက အပေါ်ထပ်သို့တက်လာခဲ့သည်။ ချောင်းကြည့်ပေါက်ကလေးမှနေပြီး ယာန္နုကားအား အတန်ကြာမျှ အနီးကပ်ကြည့်ရှုနေသေး၏။

အိုဒက်နှင့် အဖော်အဆောင့်အား အောက်ထပ်သို့ သူကပြန်လွှတ်လိုက်သည်။ ယာန္နုကားနှင့် သူတို့နှစ်ဦးတည်း သီးသန့်တွေ့ဆုံလိုကြောင်း ပြောပြ၏။ သူက ယာန္နုကားအား ထုံးအတိုင်း



www.burmeseclassic.com

www.burmeseclassic.com



ငြီးငွေ့ဖွယ်ရာ မေးခွန်းများကို အာရဗ်ဘာသာဖြင့် မေးကြည့်သည်။

ဗုံးတွင်တပ်သော စနက်တံနှင့် ယမ်းများသည် မည်သည့်နေရာကဖြစ်ကြောင်း၊ ဂိုဒီး(စ)ဘက်တွင် မိန်းကလေးက ဗုံးထောင်မထားခဲ့မီ၊ မည်သည့်နေရာတွင် ယာနူကားအား တုန်လှုပ်မိစေသည်။ ယာနူကားကမူ သူ့အားပြန်အော်၍ တိတ်တိတ်နေရန်ပြောသည်။

"ဘာကြောင့်..ကျွန်တော်က တိတ်တိတ်နေရမှာလဲ"

"မင်းရဲ့အစ်ကိုကြီးကသာ ငြိမ်မနေရင် ကျုပ်အတွက် ကရုစိုက်စရာ ဘာလျှို့ဝှက်ချက်တွေ ကျန်တော့မှာလဲ"

ကတ်(ဇ)က သူ့အစ်ကိုကြီးတစ်ယောက်သာ သိနိုင်သော အကြောင်းများကို ပြောပြနေစဉ် ယာနူးကားမှာ ငေးစိုက်၍သာ ကြည့်နေမိတော့၏။ ရက်သတ္တပတ် နှစ်ပတ်မျှကြာအောင် ယာနူးကား၏ဘဝအား သူ့လူများက ရှာဖွေတွေ့ရှိထားပြီဖြစ်သည်။ ကတ်(ဇ)အဖို့ ထိုကဲ့သို့ပြောရန် မခက်ခဲတော့ချေ။ အချက်အလက်များကို ကတ်(ဇ)က အသေးစိတ်ပြောပြ၏။

ယာနူးကားက အော်ဟစ်မေးလိုက်သည်။

"ခင်ဗျားတို့ သူ့ကို ဘာလုပ်ထားကြသလဲ၊ ကျွန်တော့်အစ်ကိုက ဘာမှ ပြောပြခဲ့မှာ မဟုတ်ဘူးဗျ၊ ဘယ်တော့မှ သူကပြောမှာမဟုတ်ဘူး၊ ခင်ဗျားတို့ သူ့ကို ဘယ်လို ဖမ်းနိုင်ရမှာလဲ"

အောက်ထပ်ရှိ အသံချဲ့စက် စပီကာဘေးဝယ် 'မော့ဆက်' အဖွဲ့ဝင်တို့က စုပြုံ၍ နားထောင်ကြည့်နေကြသည်။ ကတ်(ဇ)ရောက်လာပြီး သုံးနာရီ အတောအတွင်းမှာပင် ယာနူးကာ၏ နောက်ဆုံး လျှို့ဝှက်ချက်ကို ချေဖျက်နိုင်ပြီသာ ဖြစ်တော့၏။

"ထောင်မှူးကြီးတစ်ယောက်အနေနဲ့ ကျုပ်က နည်းနည်းပါ၊





ပါးပဲ ပြောလို့ရမယ်"

ကတ်(ဇ)က ရှင်းပြသည်။

"မင်းရဲ့အစ်ကိုဟာ ဆေးရုံတစ်ခုရဲ့အောက်ထပ် မြေတိုက်ခန်းထဲမှာ ရောက်နေပြီ၊ သူ့အဖို့ နည်းနည်းပင်ပန်းနေတာ၊ လမ်းပြန်ပြီး လျှောက်နိုင်ဖို့ကလည်း နည်းနည်းကြာဦးမယ်ကွာ၊ ကျုပ်မေးတဲ့မေးခွန်းတွေကိုသာ မင်းဖြေမယ်ဆိုရင် သူနဲ့အတူ မင်းနေပြီးပြုစုခွင့်ကို ကျုပ်လက်မှတ်ထိုးပေးမယ်၊ မဖြစ်နိုင်ဘူးဆိုရင်တော့ကွာ မင်းဒီနေရာမှာပဲ ဆက်နေရဦးမယ်"

ထို့နောက် ကတ်(ဇ)က ယာနူးကား၏အစ်ကို ဓာတ်ပုံအား ပိုလာရွိုက်ကင်မရာဖြင့် ရိုက်ထားပုံကို ထုတ်ပြ၏။ ပုံထဲတွင် ၎င်းမှာ စစ်ဆေးရာအခန်းအတွင်းမှ သွေးများစွန်းထင်နေသော အကျႌထောင်သုံး စောင်ကိုပတ်ကာထွက်လာပုံကို တွေ့ရ၏။ ဘေးတွင်အစောင့် နှစ်ယောက်က သယ်ထုတ်လျက်ရှိ၏။

⌘⌘⌘⌘



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

စားသောက်ဆိုင်လေးမှာ မိုင်ကိုနော့(စ)ကျွန်းပေါ်ရှိဆိုင်ထက် မကောင်းလှပါ။ ဂျိုးဇက်၏ ပြောပြချက်အရမူ ဤဆိုင်လေးဝယ် မိရှယ်နှင့်ချာလီတို့ စားသောက်ခဲ့ဖူးကြောင်း သိရသည်။ နော်တင်ဟမ် ဟိုးညအကြောင်းကို သူက ဆက်ပြောပြ၏။

မိရှယ်မှာ ပြဇာတ်ရုံ၏ နောက်ပေါက်ဝယ် သူ၏မာစီဒီးကား ဖြင့်စောင့်နေ၏။ ချာလီတစ်ယောက် ကားအတွင်းသို့ ရောက်သည်နှင့် ကားက ချက်ချင်းထွက်ခဲ့သည်။ မိုးရွာထဲဝယ် ဆယ်မိနစ်တာမျှ ဖြတ်မောင်းသွားကြ၏။

"သူက ကားမောင်းလက်အိတ်ကို စွပ်ထားတယ်"

ဂျိုးဇက်က ရှင်းပြ၏။

"ဘာအမှတ်အသားမှလည်း မပါဘူး"





လက်ခုံတွင် လေဝင်ပေါက်များ ပါမည်ဟု သူမက တွေးလိုက်မိသည်။

"သူက ဘယ်လိုကားမောင်းတတ်သလဲ"

"တကယ်တော့..သူဟာ ကားမောင်း သိပ်မကောင်းဘူး.. ဒါပေမယ့်..မင်းက သိရုံသာသိပြီး ဆန့်ကျင်မပြောခဲ့ဘူးလေ၊မင်းက သူ့ကို ဘယ်မှာနေသလဲလို့ မေးတယ်၊သူကတော့ မင်းကိုတွေ့ဖို့ လန်ဒန်ကနေ ကားမောင်းပြီး လာခဲ့တာပဲလို့ဖြေလိမ့်မယ်၊ဘာလုပ် သလဲလို့ မင်းမေးတော့လည်း ကျောင်းသားလို့ပဲ ဖြေတယ်"

"ဘယ်မှာကျောင်းတက်သလည်းလို့ မင်းကမေးတယ်၊ ဥရောပ တိုက်မှာလို့ သူကထပ်ဖြေမယ်လေ၊ မင်းနောက်ထပ် ဘာမေးကြည့် သလဲ"

"အခု..သူဘယ်မှာနေသလဲလို့.."

"သူက ကိုယ်လိုလျှောက်သွားနေတဲ့လူပဲ၊ရောမမှာ တစ်ခါတစ် လေနေတယ်၊ တစ်ခါတစ်လေကျတော့လည်း မြူးနစ်မှာနေတယ်၊ သူက နေချင်တဲ့နေရာမှာ နေတာပဲ၊ ဗီယင်နာမှာကြလည်း နေသေး တယ်ကွ၊ သူ့မှာ အိမ်ထောင်မရှိဘူးဆိုတာတော့ မင်းရှင်းအောင် ပြောပြထားမှာပဲ"

ဂျိုးဇက်က ဆက်၍ပြောပြ၏။

"ဘယ်မြို့ကို ရှင်အကြိုက်ဆုံးလည်းလို့ မင်းကမေးတော့ သူက မကြားချင်ဟန်ဆောင်နေတယ်၊ ဘယ်ဘာသာကို သင်နေသ လည်းဆိုတော့ လွတ်လပ်မှုလို့ဆိုတာ သူ့အဖြေပဲ၊ မင်းက မေးသေး တယ်၊ ရှင့်ရဲ့ဇာတိက ဘယ်ကလည်း၊ခုတော့ ကိုယ့်ရဲ့ဇာတိမြို့ဟာ ရန်သူတွေလက်အောက် ရောက်နေပါပြီကွာလို့ သူက ဖြေလိုက်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဒါအတွက် မင်းက ဘယ်လိုဖြစ်သွားမိသလဲ"

"စိတ်ထဲမှာ ရှုပ်ထွေးသွားတာပေါ့"

"ဒါပေမယ့် မင်းက ဇွတ်မေးတော့ သူ့ရဲ့ဇာတိနိုင်ငံကို ပြောလာတယ်၊ 'ပါလက်စတိုင်း' လို့၊ ပါလက်စတိုင်းဆိုတာကို စစ်ပွဲမှာ ကြွေးကြော်ပြီး တိုက်သလို အော်ပြောလိုက်မှာပဲ"

သူက ချာလီအား စိုက်ကြည့်နေပြန်ရာ သူမက အဓိပ္ပါယ်မရှိ ပြုံးပြရင်း အကြည့်ကို လွှဲလိုက်၏။

"နော်တင်ဟမ်ရဲ့ လမ်းဘေးက ဆိုင်ကလေးထဲမှာ မင်းကို ပါလက်စတိုင်းအကြောင်းကို သူက ပြောပြတယ်၊ သူ့ဘာသာ သူပြောတာလား၊ အင်း..မင်းမေးတာပဲဖြစ်ရမယ်၊ ဟုတ်တယ် မဟုတ်လား"

"သူတို့ကို ကျွန်မ ကရုဏာသက်မိတယ်"

"ကိုယ့်ကို မိရှယ်လို့ပဲ ခေါ်စမ်းပါ"

"သူတို့ကို ကျွန်မ ကရုဏာသက်မိတယ်"

"ကိုယ့်ကို မိရှယ်လို့ပဲ ခေါ်စမ်းပါ"

"သူတို့ကို ကျွန်မ ကရုဏာသက်မိတယ် မိရှယ်ရယ်"

"ဘာကြောင့်လဲ"

"သူတို့ ခံစားနေရမှုအတွက်ပေါ့"

"အဓိပ္ပါယ်မရှိဘူး၊ တို့ ပါလက်စတိုင်းလူမျိုးတွေ ဆိုတာ ပညာမဲ့ အကြမ်းဖက်သမားအုပ်စုပဲ၊ တို့ရဲ့ ကိုယ့်အိမ်ကိုယ့်ယာ ဆုံးရှုံးမှုအတွက် နှစ်ပေါင်းများစွာ ကိုယ့်ဘာသာကိုယ် ဖြေရှင်းနေကြရတဲ့ လူတွေကွ၊ တို့ဟာ လမ်းပေါ်ကလူတွေ ဖိနပ်ဆေးတိုက်ပေးတဲ့ ကောင်လေးတွေပဲ၊ ခုတော့ စက်သေနတ်ကိုကိုင်ပြီး တိုက်ပွဲဝင်နေကြရတယ်၊ လူကြီးတွေကတော့ အဲ့ဒီအဖြစ်ကို မေ့ပစ်လိုကြတယ်လေ၊ ဒါဆိုရင် တို့ဟာ ဘယ်လိုဖြစ်လာကြပြီလည်း၊ မင်းရဲ့သဘောထားကို ပြောပြစမ်းပါဦးကွာ၊ အဲ့ဒါကို ကိုယ်က တန်ဖိုးထားပါတယ်၊ မင်းကို ကိုယ်က ဂျူးလို့ခေါ်နေသေးတာကို မှတ်ထားနော်"

သူမက သက်ပြင်းတစ်ချက်မှု ရှိုက်လိုက်၏။

"ကောင်းပြီ၊ ရှင်တို့ ပါလက်စတိုင်းတွေဟာ ရိုးရာအစွဲအလမ်းကြီးတဲ့ ခိုင်မာတဲ့ တောင်သူလယ်သမားပါ၊ ဇီယွန်ဝါဒ ပေါ်ထွက်လာလို့ (၁၉၄၈) ခုနှစ်ကစပြီး၊ ရှင်တို့ရဲ့ ဒေသကနေ မဖွယ်မရာ မောင်းထုတ်ခံခဲ့ရတယ်၊ ဒီနောက်တော့ အာရေဗီးယားဒေသမှာ အနောက်နိုင်ငံရဲ့ ခြေရာတစ်ကွက်အဖြစ် ရှိနေရတာပေါ့"

"မင်းရဲ့စကားတွေက ကိုယ့်ကို စိတ်မသက်သာစေပါဘူးကွာ၊ ကဲ...ဆက်ပြောပါဦး"

"ဂျူးတွေနဲ့ ပတ်သက်ပြီး ဥရောပတိုက်ရဲ့ အပြစ်ရှိသူကို ရှင်က ရှာဖွေနေတဲ့လူ၊ ကိုယ်ကိုယ်တိုင် တစ်စိတ်တစ်ဒေသအားဖြင့် မကြုံတွေ့ခဲ့ရတဲ့ ကပ်ဆိုးကြီးအတွက် အပြစ်ဒဏ်ခတ်ဖို့ အတင်းကြိုးစားနေတဲ့လူပဲ၊ ရှင်ဟာ ကိုယ့်နိုင်ငံကိုယ့် အတင်းထွက်ခွာစေမှု၊ ပိုင်ဆိုင်ခွင့် ကင်းလွတ်မှုစတဲ့ အာရပ်ဆန့်ကျင်ရေးလမ်းစဉ်ရဲ့ကြားမှာ သားကောင်အဖြစ် ကျရောက်နေတဲ့လူပါလေ"

သူမက သူ့အား ငေး၍စိုက်ကြည့်နေလိုက်၏။ သူ၏ မျက်လုံးဝယ် အဖြေတို့က မမြင်မိ။

ဂျူးဇက်က အမိန့်ပေးလိုက်သည်။

"မင်းရဲ့အမြင်ကို သူ ဘယ်လောက်များ မြန်မြန်ဆန်ဆန် ရအောင် လုပ်လိုက်နိုင်သလဲကွာ၊ သူဟာ အားလုံးကို တွက်ချက်ပြီးမှ







www.burmeseclassic.com

www.burmeseclassic.com



လုပ်တာတ်တဲ့လူ၊ ဥပမာကြည့်ရရင် သူ အားလုံးကို ကြိုတင်ပြင်ဆင်ထားခဲ့ပြီးပြီလေ၊ မင်းတို့နှစ်ယောက် စားဖို့အစားအစာတွေ ဝိုင်အရက်နဲ့ ဖယောင်းတိုင်တွေ နောက် ခုလိုပြောမယ့် စကားတွေကိုပဲ"

"စိတ်မသက်သာလိုက်တာရှင်"

သူမက ခပ်တည်တည်ပင်ပြောကာ လက်ကောက်ကို လှည့်ပတ်ကြည့်နေ၏။

"အဲ့ဒီအချိန်မှာ မင်းကို သူကပြောတယ်၊ ကမ္ဘာပေါ်မှာတော့ မင်းဟာ အတော်ဆုံး သရုပ်ဆောင်မင်းသမီးတစ်ယောက်ပဲလို့၊ မင်းနဲ့ သူတော်စင်မလေး ဂျုံးဟာ သူ့အတွက်ခွဲမရပါဘူးဖြစ်နေလိမ့်မယ်၊ သူတော်စင်မလေး ဂျုံးအကြောင်းကို စဖတ်ပြီးကတည်းက သူဟာ သူ့ရဲ့ကောင်းတစ်ယောက်လို ဖြစ်နေတယ်၊သူဟာ မိန်းမသားတစ ယောက်၊ လယ်သူမတစ်ယောက်ဖြစ်ပေမယ့်လည်း ပဒေသရာဇ် အင်္ဂလိပ်တွေကို ဦးဆောင်တော်လှန်တဲ့သူ တစ်ယောက်ပဲ၊ သူမဟာ တော်လှန်ရေး အစစ်အမှန်သမားဖြစ်တယ်၊ လောကတစ်ခွင်ရဲ့ အဖိနှိပ်ခံလူတန်းစားတွေရဲ့ လွတ်လပ်ရေးမီးရှူးတန်ဆောင်ကို ထွန်းညှိပေးခဲ့သူပဲ၊ သူဟာ ကျွန်တွေကို သူ့ရဲ့ကောင်းတွေ ဖြစ်စေခဲ့တယ်၊ ဒါဟာ မီရှယ်က ပြောပြနေတဲ့ သူ့ရဲ့ဝေဖန်သုံးသပ်ချက်တွေပဲ နယ်ချဲ့သမားတွေကို တော်လှန်ရာမှာ ဖိအားပေးခဲ့နိုင်တာ မဟုတ်ပါဘူး၊မင်းတောင် အဲ့ဒီအခန်းမှာ သရုပ်ဆောင်တုန်းက ဒါမျိုးကို ကရုမစိုက်မိဘူးမဟုတ်လား"

သူမကတော့ လက်ကောက်ကို လှည့်ပတ်ကစားနေဆဲပင်ဖြစ်သည်။

"အင်း...အဲ့ဒါတွေထဲက တချို့ကိုတော့ ကျွန်မမေ့နေခဲ့မှာပဲ"





"ချာလီရယ်...မင်းကို ကိုယ်သတိပေးဖါရဲ့..မင်းရဲ့အနောက်ဟန် လှည့်စားချက်တွေနဲ့ မီရှယ်ကို မကြည့်စယ်လေ့နဲ့"

ဂျိုးဇက်က ထိုနေ့ညတွင် မီရှယ်နှင့် ချာလီတို့ မှာယူစားသောက်သည့်စာရင်းကို ပြောပြ၏။ သူ့ထံသို့ နောက်ထပ်ရေးပို့စာတွင် ထိုနေ့ည အစားအသောက်အပေါ် ဝေဖန်မှုကိုလည်း ထည့်သွင်းရေးပုံကို ပြောပြသေးသည်။

"သူစကားပြောနေတုန်းမှာ သူ့ရဲ့စိတ်ထားထက်သန်တဲ့အသံ၊ ချောမွေ့တဲ့သူရဲ့ အာရပ်မျက်နှာပေါ်၊ ဒါတွေကို ဖယောင်းတိုင်မီးတွေကြားက မင်းကြည့်ရင်း ဖြစ်နေတာကိုပဲ သတိရနေရမယ်..နော် ဟုတ်ပြီလား"

သူမက ခေတ္တမျှ စကားပြန်မပြောပဲ ငြိမ်နေပြီးမှ ပြုံးလိုက်သည်။

"ဟုတ်ပါပြီရှင်"

"သူဟာ မင်းကိုချစ်တယ်၊ မင်းရဲ့အရည်အချင်းကို မြတ်နိုးတယ်၊ သူတော်စင်မလေး ဂျုံးကိုလည်း သူကချစ်မြတ်နိုးတယ်၊ ဂျုံးဟာ အင်္ဂလိပ်နယ်ချဲ့တွေအတွက်ကတော့ ရာဇဝတ်ကောင်ပဲ၊ ဒါပေမယ့် လွတ်လပ်ရေးတိုက်ပွဲဝင် သူ့ရဲ့ကောင်းတွေအတွက် ကတော့ ဂျော့ဝါရှင်တန်တို့လို၊ မဟတ္တမဂန္ဒီတို့လို၊ ရော်ဘင်ဟု(ဒ)တို့လိုပဲ"

ဂျိုးဇက်က မီရှယ်၏ နိုင်ငံရေးသဘောတရား ခံယူချက်များကိုရှင်းပြသည်။ (၁၉၄၈) ခုနှစ်မှစ၍ ပါလက်စတိုင်းဒေသတွင် အာရပ်တို့နှင့်ထုတ်ခံရပုံ၊ သူတို့ဘဝမည်မျှ နာကျည်းခဲ့ရပုံများကို သူက ပြောပြနေ၏။

မီရှယ်နှင့် ချာလီတို့ ဆွေးနွေးပြောဆိုနေသည့်ပုံစံအားလုံးပင်



www.burmeseclassic.com

www.burmeseclassic.com



ဂျိုးဇက်က မိရှယ်ကိုယ်စား ပြောပြနေ၏။ သူမ၏ စိတ်ထဲဝယ် မိရှယ်နှင့်သွားလာနေပုံ၊ စားသောက်ခဲ့ရပုံ၊ ဆွေးနွေးခဲ့ရပုံများကို တသားတည်းကျစေရန် 'မော့ဆက်'ဘက်တော်သား ဂျိုးဇက်က 'လုကေရီ' လေး ချာလီကို ပြောပြလျှက်ရှိပါသည်။

"မိရှယ်ဆိုတဲ့ ကိုယ့်ကို အယ်ခါလီဆိုတဲ့ မြို့အနားက ရွာတစ်ရွာမှာ မွေးခဲ့တယ်၊ ဂျူးတွေကတော့ ဟီဘရွန်လို့ ခေါ်တယ်။ ကိုယ့်မိဘတွေဟာ ရွာရဲ့အကြီးအကဲပဲ"

သူက စကားကို ခေတ္တနားကာ သူမအား အကဲခတ်သလို ကြည့်၏။

"အယ်ခါလီတဲ့နော်"

သူက ထပ်ပြောသည်။

"ဒီနာမည်ဟာ အကြောင်းကြောင်းတွေကြောင့် ကိုယ့်အတွက် သိပ်အရေးကြီးတယ်၊ အယ်ခါလီကို သတိရပြီနော်...ဆိုကြည့်ပါဦး"

သူမက ရွတ်ဆိုပြ၏။

"အယ်ခါလီ"

"မြို့ရဲ့တောင်ဘက်က ဟီဘရွန်တောင်တန်းတွေ တစ်နေရာဟာ ဂျူးတွေ ထွက်မပြေးနိုင်တဲ့နေရာလို့ ယုံကြည်စွဲလန်းမှု ရှိကြတယ်လေ။ ဒါဆိုရင် ဂျူးတွေရဲ့ သွေးတွေဟာ ကိုယ့်ရဲ့အကြောထဲကို စီးဝင်နေပြီလို့ ဆိုစရာပဲ၊ ကိုယ်မရှက်နိုင်ပါဘူး။ ကိုယ်ဟာ ရှေးလူမျိုးဟောင်းတွေကို ဆန့်ကျင်တဲ့လူမဟုတ်ဘူး။ ဇီယွန်ဝါဒီတွေကိုပဲ ဆန့်ကျင်တဲ့ လူတစ်ယောက်ပါ၊ မင်းကိုယ် ပြောတာကို ယုံပါနော်"

သူက စကားပြန်ကိုမစောင့် သူ့အတွက် လိုအပ်ဟန်လည်း မရှိချေ။





"ကိုယ့်မိသားစုက ညီအစ်ကိုလေးယောက်နဲ့ အစ်မနှစ်ယောက်ပါ ကိုယ်က အငယ်ဆုံးပဲ၊ လူတိုင်းလယ်ယာ စိုက်ပျိုးရေးလုပ်ကိုင်ကြတယ်၊ ကိုယ့်အဖေကတော့ ဉာဏ်အမြော်အမြင်ရှိတဲ့ လူကြီးတွေထဲမှာ အရွေးချယ်ခံရတဲ့ မူ(ခ)တာခေါ်တဲ့သူကြီးပဲ၊ ကိုယ့်တို့ရွာဟာ သစ်သီးတွေ၊ စပျစ်သီးတွေအတွက် ကျော်ကြားတဲ့ရွာပဲ၊ ဒီအပြင် တိုက်ပွဲဝင်ရဲဘော်တွေ၊ မင်းလိုလှပပြီး ကျိုးနွံတဲ့ မိန်းကလေးတွေကြောင့်လည်း နာမည်ကြီးရတယ်၊ ရွာသူရွာသား အများစုကတော့ တစ်ကြောင်းမဟုတ် တစ်ကြောင်းနဲ့ နာမည်ကြီးတာပဲ၊ တို့တစ်တွေဟာ အကြောင်းအရာတော်တော်များများအတွက် နာမည်ထင်ရှားကျော်ကြားရပါတယ်"

"ဟုတ်လိုက်လေရှင်"

သူမက မပီမသ ရေရွတ်မိ၏။

"ကိုယ့်အဖေရဲ့ ညှိနှိုင်းဆွေးနွေးမှုတွေဟာ အကျော်ကြားဆုံးပဲ၊ မင်းကို ကိုယ့်ရဲ့အဖေ၊ကိုယ့်ရဲ့မိသားစုနဲ့ ကိုယ့်ရွာအကြောင်းတွေ အများကြီး ပြောပြမယ်၊ခုရော နောင်ရောပါပေါ့ကွာ"

"ကိုယ့်အဖေဟာ ဂျူးတွေကို ချီးကျူးလေးစားပါတယ်၊ သူတို့ရဲ့ ဇီယွန်ဝါဒကို လေ့လာပြီး တို့ရဲ့ရွာကို သူတို့အကြီးအကဲတွေကို ဖိတ်ပြီး စကားပြောကြတယ်၊ ကိုယ့်ရဲ့အစ်ကိုကြီးတွေကို ဟီးဘရူးဘာသာကို လေ့လာဖို့ပြောပါတယ်"

"ကလေးတစ်ယောက်အနေနဲ့ ကိုယ်ဟာ ညဘက်တွေမှာ လူကြီးတွေဆိုတဲ့ ရှေးဟောင်းစစ်ပွဲကြီးတွေရဲ့ သီချင်းတွေကို နားထောင်ခဲ့ရတယ်၊ နေ့ဘက်ကျတော့ အဘိုးရဲ့ မြင်းကို ရေစင်ရှိရာကို စီးသွားရင်း ခရီးသွားသမားတွေရဲ့ ပုံပြင်တွေကို ကြားရပြန်တယ်၊

www.burmeseclassic.com



ဒီနတ်ဘုံနတ်နန်းလေးရဲ့ အကြောင်းကို ကိုယ်က ပုံဖော်ပြနေရင်း တကယ့် ကဗျာလေးတစ်ပုဒ်ကို မင်းပြောပြနေရသလိုပဲ”

“ဒီလိုလည်း ကိုယ်တတ်နိုင်တယ်လေ၊ ကိုယ့်မှာ ပါရမီအား ရှိတယ်ကွ၊ လူကြီးတွေက အံစာကစားရင်း၊နှာရှီးလစ်ဆိုတဲ့ ဆေးယိ တွေ့ သောက်နေတုန်းမှာ တို့တစ်တွေက ဒက်(ဘ)လို့ခေါ်တဲ့ အကဏ ကပြီး ဘောက်(ဒ)ဆိုတဲ့ သီချင်းတွေကို ဘယ်လိုနားထောင်ကြတယ် ဆိုတာပေါ့ကွာ”

သူ၏ စကားများမှာ ချာလီအတွက် အဓိပ္ပါယ်မရှိလှသော် လည်း သူ့စကားကို ဖြတ်မပြောရန်အတွက်မူ အသိဉာဏ်က ရှိနေ သေးသည်။

“မင်းကို အပွင့်အလင်းဆုံးပြောရရင် အမှန်စင်စစ် တစ်ချို့ တစ်လေကို ကိုယ်မှတ်မိ သတိရနေတာလေးတွေ ရှိနေပါတယ်ကွာ အစ်ကိုကြီးတွေရဲ့ ပြန်ပြောပြတဲ့ စကားတွေအရ ကိုယ်တို့ယာ စခန်းတွေက ထွက်လာခဲ့ရတဲ့အချိန်မှာ တို့ရဲ့ရိုးရာ မလေ့တွေ ဘယ်လိုထိန်းသိမ်းကာကွယ်ခဲ့ရတယ်ဆိုတာ သတိရမိတယ်၊ ဗိယွန် ဝါဒီတွေကတော့ ပြောမယ်၊ တို့ဘဝ မရပ်တည်နိုင်တာဟာ ရိုးရာ ယဉ်ကျေးမှုမရှိလို့..လို့”

“တို့တစ်တွေဟာ ရွံ့တဲနဲ့နေရပြီး နံဟောင်နေတဲ့ အဝတ်စား တွေကို ဝတ်ရအောင် ဘဝအဆင့်အတန်း နိမ့်ကျသွားမယ်လို့လည်း သူတို့က မင်းကို ပြောပြီးမှာပဲ။ ဥရောပတိုက်က ရှေးလူမျိုး ဟောင်းတွေကို ဆန့်ကျင်တဲ့ လူတွေက တို့အလျင်က ဂျူးတွေ ပြောသလို တစ်လုံးချင်းတစ်လုံးချင်း ပြောပြကြမှာပါလေ၊ ဘယ်လို ဆိုဆို အမှန်တရားဟာ တစ်ခုတည်းပဲ၊ အဲဒါဟာ ဘာလဲဆိုတော့





တို့ဟာ မြင့်မြတ်တဲ့ လူမျိုးတစ်စု ဆိုတာပါပဲ”

ဤအချက်အပေါ် သူက သဘောတူညီဟန်ဖြင့် ခေါင်းတစ် ချက် ဆတ်လိုက်သည်။

“တို့ရဲ့ တောသူတောင်သားတွေရဲ့ ဘဝကို မင်းကိုပြောပြ ဦးမယ်၊ ဝိုင်အရက်ချက်တဲ့ ရာသီရောက်ရင် ကိုယ့်အဖေသူကြီးရဲ့ အမိန့်အရ စပျစ်ခင်းတွေကို တစ်ရွာလုံး ဘယ်လိုထွက်ပြီး ဘာလုပ် ပြရမယ်ဆိုတာတွေ၊ အင်္ဂလိပ်တွေက တရားဝင်အမိန့်ထုတ်ပြီးဆောက် ခဲ့ကျောင်းမှာ တို့အစ်ကိုတွေ ဘယ်လိုပညာသင်ရတယ်ဆိုတာတွေ” အင်္ဂလိပ်တွေအပေါ်မှာလည်း ကိုယ့်အဖေက ယုံကြည်မှုရှိတယ် ဆိုရင် မင်းကတော့ ရယ်လိမ့်မယ်၊ ဒီရွာက သိပ်ဆင်းရဲတာပဲ၊ရွာ သားတွေကလည်း ဧည့်သည် တစ်စိမ်းတွေအပေါ်မှာ ဧည့်ဝတ်မကျေ ရာရယ်လို့ မပြောနိုင်ရအောင် ရွာထဲက ဧည့်ဂေဟာမှာ တစ်နေ့လုံး ကော်ဖီအိုး မပြတ် ဘယ်လိုလုပ်ထားရသလဲဆိုတာတွေကို ပြောပြ မယ်၊ ကိုယ့်အဘိုးရဲ့ မြင်းကြီးဘယ်လိုဖြစ်သွားတယ်ဆိုတာ မင်း သိချင်သေးသလား၊ တို့ရွာကို ဗီယွန်ဝါဒီတွေ လာတိုက်တဲ့အခါ ခုခံနိုင်အောင်လို့ဆိုပြီး သေနတ်ဝယ်ဖို့ မြင်းကြီးကို ရောင်းပစ်လိုက် ရတာပဲကွ၊ အေး...ဒါပေမယ့် ကိုယ့်အဘိုးကိုပဲ သူတို့က ပစ်သတ် သွားကြတယ်လေကွာ၊ အဘိုးကို သူတို့က သေနတ်နဲ့ပစ်တုန်း အဖေ့ကို သူတို့ဘေးမှာ ရပ်နေစေတယ်၊ ကိုယ့်အဖေဆိုတာကလည်း သူတို့ကို ယုံကြည်ထားတဲ့လူလေ”

“ဒါတွေဟာ အမှန်ပဲလားဟင်”

“တကယ့်ကို အမှန်တွေပါပဲကွာ”

သို့သော်လည်း သူမှာ ဂျူးနွက် သို့မဟုတ် မိရိုးယိုပြန်လည်



www.burmeseclassic.com

www.burmeseclassic.com



ပြောစကားမှာ မည်သို့မှန်း ပြောမပြနိုင်တော့။

"၁၉၄၈ ခုနှစ်က ဖြစ်တဲ့ စစ်ပွဲကိုတော့ ဖြုန်းစားကြီးထဖြစ်တဲ့ စစ်ရယ်လို့ ကိုယ်ပြောချင်တယ်၊ ဘယ်စစ်ပွဲမှ ဒီလိုမဖြစ်ဘူး။ ငြိမ်းငြိမ်းချမ်းချမ်းနေတဲ့ လူ့အဖွဲ့စည်းတစ်ရပ်ရဲ့ ဘဝဆုံးအောင် ဖြစ်ခဲ့ရတဲ့ အားနည်းချက်ကို သိမြင်လာရပုံကို ပြောပြဦးမယ်၊ တို့မှာက ဘာအဖွဲ့အစည်းရယ်မှ မရှိဘူး၊လက်နက်ကိုင် ကျူးကျော်တဲ့လူတွေကို တို့ဘာသာ မကာကွယ်နိုင်ခဲ့ဘူး၊တို့ရဲ့ယဉ်ကျေးမှုစီးပွားရေးတွေဟာလည်း သူ့အသိုင်းအဝိုင်း ကျဉ်းကျဉ်းလေးတွေမှာပဲ သပ်သပ်စီရှိနေကြရတယ်"

"ဥရောပတိုက်မှာ ကပ်ဆိုးကြီး အကျခံရတဲ့ ဂျူးတွေရဲ့ အရင်ဘဝလိုပဲ တို့တစ်တွေဟာ နိုင်ငံရေးစုစည်းမှု မရှိခဲ့ကြဘူး။ ဒီစစ်ပွဲကြီးဖြစ်ပြီဆိုတာနဲ့ ကိုယ့်လူမျိုးအစုအဖွဲ့ကလေးတွေဟာ တစ်ဖွဲ့နဲ့တစ်ဖွဲ့ ခဏခဏ ထချတော့တာပဲလေ..၊နေရာအနှံ့မှာ ရှိနေတဲ့ အာရပ်တွေရဲ့ ပယောဂတွေကြောင့်ပဲ၊ ဂျူးတွေကိုယ်တိုင်ကြောင့်လည်း ဖြစ်ကောင်းဖြစ်ပါလိမ့်မယ်"

"ဒီလူတွေ ဒီဇိယွန်ဝါဒီတွေက တို့ရွာလေးကို ဘယ်လိုလုပ်ပစ်လိုက်သလည်းဆိုတာ မင်းသိသလား၊ တို့တစ်တွေဟာ ပတ်ဝန်းကျင်ရွာတွေကို ထွက်မပြေးနိုင်လို့လေ"

သူမ မသိကြောင်းကို သူမ နားလည်ပါ၏။ သို့သော်လည်း အကြောင်းမဟုတ်ချေ။ သူမ၏ ပြန်ပြောစကားကို သူက ကရုမပြုတော့ပါ။

သူမက သူ၏ခံစားမှု ရုပ်ပုံလွှာကို ကြည့်မိ၏။သို့သော်လည်း တစ်စွန်းတစ်စမျှပင် မတွေ့ရပါ၊ သူ၏ ပင်ကိုယ်သဘာဝနှင့် ကိုက်ညီ





လုပါသည်။

"ဒီယာယာဆင်းဆိုတဲ့ စကားကိုပဲ ကိုယ်က တိုးတိုးရွတ်မိလိုက်တယ်၊ ဒါကို အရင်က မင်းကြားဖူးသလား၊ ဘာအဓိပ္ပါယ်လိုရော သိသလားဟင်"

"ဟင့်အင်း..မိရှယ်..ကျွန်မတစ်ခါမှ မကြားခဲ့ဖူးပါဘူး"

သူက ကျေနပ်သွားပုံရ၏။

"ဒါဆိုရင် မင်းက မေးလေကွာ၊ ဒီယာယာဆင်းဆိုတာ ဘာလဲလို့"

သူမက မေးကြည့်၏။

"ဒီဟာကို မနေ့တစ်နေ့က မြင်ရသလိုပဲ ကိုယ်ထပ်ပြော မယ်..ဒီယာယာဆင်းဆိုတဲ့ အာရပ်ရွာကလေးတစ်ရွာမှာ (၁၉၄၈)ခုနှ ဧပြီလ(၉)ရက်နေ့မှာ ဖြစ်တဲ့ဖြစ်ရပ်ပဲ အဲ့ဒီရွာက အဘိုးကြီးအဘွားကြီး မိန်းမတွေနဲ့ ကလေးတွေ နှစ်ရာ့ငါးဆယ်လေးယောက် ဇီယွန်ဝါဒီအကြမ်းဖက်အဖွဲ့တွေက သတ်ပစ်ခဲ့ကြတယ်လေ"

"လူရွယ်ယောကျ်ားတွေက လယ်ကွင်းထဲမှာ အလုပ်လုပ် ကြတုန်းအချိန်မှာပဲ ကိုယ်ဝန်ဆောင်မိန်းကလေးတွေကလည်း သူတို့ ရင်သွေးတွေကို ဝမ်းထဲမှာ လွယ်ရင်းနဲ့ပဲ သေပွဲဝင်ခဲ့ကြရတယ် အလောင်းတွေအများစုကို ရေတွင်းတစ်တွင်းထဲပစ်ချကြတယ်၊ ရ အနည်းငယ်အတွင်းမှာပဲ ပါလက်စတိုင်းလူမျိုး သန်းတစ်ဝက်လောက် ဟာ သူတို့ရဲ့ နိုင်ငံကို စွန့်ပြီးပြေးကြရတော့တယ်၊ ကိုယ့်အဖေ ရွာသားတွေတော့ မပါဘူး"

"အဖေကပြောတယ်၊ တို့ဆက်နေကြရမယ်၊ တို့ထွက်ပြေး တော့ ဇီယွန်ဝါဒီတွေဟာ တို့ကို ဘယ်တော့မှ ပြန်လာခွင့်ပြုတော့

www.burmeseclassic.com



မဟုတ်ဘူးတဲ့၊ အင်္ဂလိပ်တွေဟာ သူတို့ကိုလာပြီး အကာအကွယ်ပေးလိမ့်မယ်လို့တောင် သူက ထင်နေသေးတာ မင်းတို့ရဲ့ ပဒေသရာဇ်တွေရဲ့ စိတ်ဓာတ်တွေဟာ ဘယ်လိုလဲ တို့က နားမလည်ဘူးကွ”

သူမကို သူက မျက်လုံးတစ်ချက် ဝေ့ကြည့်လိုက်ရာ သူမ၏ အတွင်းစိတ်သဘောထားအား သိသွားလေရောသလားဟု တွေးမိ၏။

“အဲ့ဒီအဖြစ်ဆိုးကြီးဖြစ်ပြီးတဲ့နောက် အနှစ်နှစ်ဆယ်လောက်အထိ အဖေဟာ တို့ရွာကလေးမှာ ကျန်သမျှလူနဲ့တွယ်ကပ်နေခဲ့တယ်၊ တချို့က သူ့ကို ခေါင်းမာတဲ့လူကြီး၊တချို့ကတော့ အရူးကြီးလို့ခေါ်ကြတယ်လေ၊ ပါလက်စတိုင်းအပြင်ဘက်ကလူတွေဆိုရင် သူ့ကို အလိုတော်ရိလို့တောင် ခေါ်ကြသေးတယ်”

“သူတို့ဟာ ဘာမှ မသိကြဘူး၊ဇီယွန်ဝါဒီတွေရဲ့ ဖိနှိပ်အောက်မှာ သူတို့မကျရောက်ခဲ့ဘူးလေ၊ တို့ပတ်ဝန်းကျင်ဒေသတွေက လူတွေကို မောင်းထုတ်ကြတယ်၊ ရိုက်နှက်ကြတယ်၊ ဖမ်းချုပ်ကြတယ်၊ သူတို့ရဲ့ မြေကို ဇီယွန်ဝါဒီတွေက တရားဝင်သိမ်းယူလိုက်ကြတယ်ကွ၊ မြေတူးစက်ကြီးတွေနဲ့ သူတို့အိမ်တွေကို ဖြိုဖျက်ပြီး အဲ့ဒီအပေါ် အိမ်ရာအသစ်တွေ ထပ်ဆောက်ကြတယ်၊အာရပ်တွေကို ဝင်ခွင့်မပေးဘူး”

“ဒါပေမယ့် ကိုယ့်အဖေကတော့ ပညာရှိတဲ့ လူတစ်ယောက် ငြိမ်းချမ်းရေးသမားတစ်ယောက်ပဲ၊ ဇီယွန်ဝါဒီတွေကို တို့ရဲ့တံခါးဝတွေမှာ ထိန်းထားနိုင်ခဲ့တယ်”

ဤသည်မှာ အမှန်ပင်လောဟု သူမက တဖန်မေးမြန်းလို၏။

“အင်း(၁၉၆၇)ခုနှစ် စစ်ပွဲဖြစ်လို့ တင့်ကားတွေ ကိုယ်တို့ရွာနားရောက်တော့ တို့လည်း ဂျော်ဒန်နိုင်ငံဘက်ကို ကူးပြေးခဲ့ကြရတော့တယ်၊ မျက်ရည်တွေပြည့်နေတဲ့ အဖေဟာ တို့တစ်တွေကို လူစုနိုင်





ပြီး ပစ္စည်းတွေသိမ်းခိုင်းတယ်၊ ကိုယ့်မူရင်းနိုင်ငံကို စွန့်ခွာပေးရ အဖြစ် ထပ်ဖြစ်ပြီပေါ့ကွာလို့ သူကပြောတယ်”

“ဘာမှ နားမလည်တဲ့ အငယ်ဆုံးလည်းဖြစ်တဲ့ ကိုယ်ေ အဲ့ဒီစကားကို ပြန်မေးမိတယ်၊ သူက ပြန်ပြောပါတယ်၊အနောက်နိုင် သားတွေက ဂျူးတွေအပေါ် ကျင့်သုံးခဲ့တာမျိုးပေါ့ကွာ၊ ခုတော ဇီယွန်ဝါဒီတွေက တို့အပေါ် ပြန်ကျင့်သုံးနေကြပြီတဲ့၊ သူတို့ဟ အအောင်မြင်ကြီး အောင်မြင်ပြီး ရက်ရက်ရောရော အကျိုးခံစား ရတယ်၊ ဒါပေမယ့် သူတို့နိုင်ငံရေး သမိုင်းမှာတော့ စစ်မှန်ဟဲ့အမှ တရားကို ဖော်ထုတ်နိုင်တဲ့ အရည်အသွေးရှိတယ်ရယ်လို့ မပြောနို ခဲ့ပါဘူးတဲ့”

“လက်ရှိ နေခဲ့ရတဲ့ တဲလေးထဲကို မာနကြီးတဲ့ အဖ တစ်ယောက် ဝင်သွားပုံကို ကိုယ်သေတဲ့အထိ မမေ့နိုင်တော့ပါဘူးကွ သူက အပေါက်ဝနားမှာ အကြာကြီးရပ်ပြီး နယ်ခြားကိုဖြတ်နိုင် ငင်အားကို မွေးနေတယ်၊ သူက မျက်ရည်မကျဘူး၊ ဒါပေမ တအုပ်တွေ အပြည့်ထည့်ထားတဲ့ သေတ္တာအားလုံးအပေါ်မှာ ဘာ စားပဲ ရက်အတော်ကြာ ထိုင်နေခဲ့တယ်၊ အဲ့ဒီရက်တွေမှာ အဖေပ အနှစ်နှစ်ဆယ်လောက် အိုစာသွားတယ်ရယ်လို့ ကိုယ်ထင်မိတပ

“ငါ့ရဲ့ အုတ်ဂူထဲကို ဝင်နေလာခဲ့ပြီလို့ သူကပြောတယ် တဲလေးဟာ ငါ့ရဲ့သင်္ချိုင်းဂူပဲတဲ့၊ ဂျော်ဒန်ကို ရောက်ကာစအချိန်ပ နိုင်ငံမဲ့ လူတွေပဲ၊ ဘာစာရွက်စာတမ်းမှ မကိုင်ထားနိုင်ဘူး၊ အ အရေးဆိုတာလည်း မရှိ။ အနာဂတ်ဆိုတာက ဘာလဲ။ အလုပ်လုပ် ပေးလာဝေးပဲ၊ ကိုယ့်ရဲ့ ကျောင်းကရော..”

“သွပ်တန်းလျားကြီးတစ်ခုပဲ ယင်ကောင်တွေဆိုတာကလ



www.burmeseclassic.com

www.burmeseclassic.com



အပြည့်ပဲ ကျောင်းသားတွေဆိုတာက စုတ်ပြတ်ပြီး အစာရေစာငတ်နေတဲ့လူတွေလေ၊ ဆရာက ကိုယ့်ကိုသင်ပေးတယ်။အများကြီးသင်ယူစရာလည်း ရှိပါတယ်၊ ဘယ်လို သေနတ်ပစ်ရမယ်၊ ဘယ်လိုကျူးကျော်တဲ့ ဇီယွန်ဝါဒီတွေကို တိုက်ရမယ်ဆိုတာမျိုးပေါ့"

သူက ခေတ္တမျှ စကားရပ်သွား၏။ သူမကို ပြုံးကြည့်နေရော့သလားဟု ချာလီက တွေးထင်မိသည်။ သို့သော်လည်း မဟုတ်ပါ။

"ကိုယ်ဟာ တိုက်ခိုက်ရတယ်၊ ဒါကြောင့် ရပ်တည်ရတယ်"

သူက ခပ်တိုးတိုးလေး ပြောလိုက်သည်။

"ဒီစကားကို ဘယ်သူပြောသလဲဆိုတာ မင်းသိသလား ချာလီ၊ ဇီယွန်ဝါဒီ တစ်ယောက်ပဲကွ၊ ငြိမ်းချမ်းရေးကို ချစ်မြတ်နိုးတဲ့လူတစ်ယောက်၊ မျိုးချစ်စိတ်ရှိတဲ့ လူတစ်ယောက် အတွေးအခေါ်ရှိတဲ့ ဇီယွန်ဝါဒီတစ်ယောက်ပဲ၊ သူဟာ အကြမ်းဖက်နည်းတွေနဲ့ အင်္ဂလိပ်တွေကို ပါလက်စတိုင်းတွေကို သတ်ခဲ့ဖူးတယ်"

"ဒါပေမယ့် သူဟာ အကြမ်းဖက်သမားတစ်ယောက်မဟုတ်ဘူး၊သူ့ရဲကောင်းတစ်ယောက်၊ မျိုးချစ်ရဲဘော်တစ်ယောက်ဖြစ်တဲ့ ဇီယွန်ဝါဒီတစ်ယောက်ပဲလေ၊ ဒီငြိမ်းချမ်းရေးသမား လူနေမှုသဘောတရားကိုနားလည်တဲ့ ဇီယွန်ဝါဒီဟာ ဘယ်သူလဲ၊စကားကို ဘယ်မှာပြောတာလဲဆိုတာ မင်းသိရဲ့လား ချာလီ"

"အစ္စရေးလို သူတို့ခေါ်နေကြတဲ့ နိုင်ငံက ဝန်ကြီးချုပ်ကွ၊ ဒီအကြမ်းဖက် ဇီယွန်ဝါဒီ ဝန်ကြီးချုပ်ဟာ ဘယ်ကလာသလဲဆိုတာကိုရော မင်းသိသလား၊ ပိုလန်ကလာခဲ့တာကွ၊ ကိုယ့်ကိုပြောစမ်းပါဦး ချာလီရယ်၊ မင်းဟာ ပညာတတ်အင်္ဂလိပ် အမျိုးသမီးတစ်ယောက်၊ ကိုယ်ကတော့ နိုင်ငံမဲ့ သာမန်တောသူတောင်သားတစ်ယောက် အနေနဲ့





ပြောစမ်းပါဦး"

"တိုက်ခိုက်လို့ ရပ်တည်ရတယ်ဆိုတဲ့ ပိုလန်လူမျိုးတစ်ယောက် ကိုယ်တို့နိုင်ငံ ပါလက်စတိုင်းကို အုပ်စိုးလာရင် ဘယ်လိုဖြစ်မှာလဲလို့၊ ဘယ်လို အင်္ဂလိပ်တွေရဲ့ တရားမျှတမှု အဆင်ပြေ တို့နိုင်ငံကို ဒီလူက အုပ်ချုပ်လာနိုင်မယ်ဆိုတာကို မင်းရှင်းပြ လား၊ တို့ကိုရော အကြမ်းဖက်သမားတွေရယ်လို့ ခေါ်မှာလား"

မေးခွန်းမှာ သူမ မထိန်းချုပ်လိုက်နိုင်မီမှာပင် လွတ်ထွက် ရသည်။ စိန်ခေါ်မှုတစ်ရပ် အနေနှင့်တော့ မဟုတ်ပါ။

"အင်း...ရှင်ကရော ဖြေနိုင်မှာတဲ့လား"

သူကတော့ အဖြေမပေး။ သူမ၏ မေးခွန်းကိုမှု ရှောင်လွှဲ သည်းမပြုချေ။ ထို့နောက် သူက ရယ်လိုက်သည်။ သိပ်နှစ်နှစ် ကြိုက်တော့ မဟုတ်။ သူ၏ ဖန်ခွက်ကိုမ၍ သူမထံမြှောက်ပြ သည်။

"ကိုယ့်ကို ဆုတောင်းမေတ္တာပို့ပြီး သောက်လိုက်စမ်းပါဦး"

သူက ပြောလာ၏။

"လုပ်လေ၊ မင်းရဲ့ ဖန်ခွက်ကို ယူလိုက်၊ သမိုင်းကြောင်းဟာ အောင်မြင်သူတွေကပဲ ပိုင်ပါတယ်လေ၊ ဒီ ရိုးရိုးစကားလေးကို မေ့နေပြီလားဟင်၊ ကိုယ်နဲ့အတူ သောက်လိုက်ပါတော့"

မဝေခွဲနိုင်ဟန်ဖြင့် သူမ၏ ဖန်ခွက်ကို ကိုင်၍ သူထံသို့ မြှောက်ပြလိုက်သည်။

"သေးငယ်ပြီး အောင်မြင်မှုရနေတဲ့ အစ္စရေးနိုင်ငံအတွက်.."

သူက ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"တစ်နေ့ကို ဒေါ်လာ ခုနှစ်သန်း အမေရိကန်က ထောက်ပံ့ ပေးနေမှုကို ကျေးဇူးတင်နေရတဲ့ လူတွေအတွက်ပေါ့"

သက မသောက်ပဲ ဖန်ခွက်ကို စားပွဲပေါ်သို့ ပြန်ချလိုက်၏။ သူမကလည်း ထိုနည်းနှင်နှင်ပင်။

သူ၏လက်ကို ဆွဲယူ၍ သူမ၏ လက်ချောင်းထိပ်ကလေးဖြင့် လက်ဖဝါးအား လျှောက်စမ်းကြည့်နေသည်။

"သူပြောတဲ့ အင်္ဂလိပ်စကားတွေက ဒီလိုပဲ မြင့်သလားဟင်"

သူက အချိန်ကိုဆွဲလိုဟန်ဖြင့် မေးလိုက်သည်။

"သူက စကားလုံးသိပ်ကြွယ်ဝတဲ့ လူပဲ၊ မေးခွန်းတွေကို စနစ်တကျ မေးတတ်တယ်၊ နောက် စိတ်ပင်ပန်းစရာ ကောက်နုတ်ချက်တွေကိုလည်း ပြောပြတတ်တယ်"

"ဒီအချိန်မှာ ချာလီက ဘာလုပ်နေရမှာလဲ၊ ဒီမှာထိုင်ပြီး သူ့စကားလုံးတွေကို နားထောင်နေရမှာလား၊ သူ့ကိုရဲဆေးတင်ပေး ရမှာလား၊ ကျွန်မက ဘာလုပ်ရမှာလဲ"

"အေး...တို့ရဲ့ ဇာတ်ညွှန်းကြီးအရဆိုရင်တော့ မင်းရဲ့အသံ တော်ခံမှုဟာ လက်တွေ့ကျကျဖြစ်နေရမယ်၊ ဖယောင်းတိုင်တွေကြား က မင်းကိုမြင်နေရတဲ့အချိန်မှာ မီးရှယ်ဟာ နည်းနည်းအိပ်မွေ့အ ခံရသလိုဖြစ်မှာပဲ၊ ဒါကို နောက်ပိုင်းမှာရေးတဲ့ မင်းရဲ့စာတွေထဲ တစ်စောင်မှာ ရေးထားတယ်လေ၊ ကျွန်မတို့ ပထမဦးဆုံးတွေကြ ညမှာ ဖယောင်းတိုင်တွေကြားက ရှင့်ရဲ့မျက်နှာလှလှလေးကို ကျွန် တစ်သက်လုံး မမေ့နိုင်တော့ပါဘူးလို့ မင်းရေးထားခဲ့လေကွာ"

သူမက သူ့လက်ကို ပြန်ချထားလိုက်၏။

"ဘာစာတွေလဲရှင့်၊ တစ်ချိန်လုံး ကျွန်မတို့ ဘယ်ကစာတွေ





ရှိနေရတာလဲ"

"ခဏတော့ကွာ၊ သူ့ဆီက နောက်ပိုင်းမှာ စာရေးတယ်လို့ သဘောတူထားလိုက်ကြရအောင်"

သူမက ဝိုင်အရက်ကို တစ်ချက်မော့ သောက်ချလိုက်သည်။

သူက စိတ်လှုပ်ရှားဟန်မျိုး အသစ်တစ်ခု ဖြစ်ပေါ်လာပုံရ၏။

"ကိုယ်ပြောတာကို နားထောင်စမ်းပါဦး"

သူက ပြော၍ ကိုယ်ကိုရှေ့သို့ ညွှတ်လိုက်၏။ ဖယောင်းတိုင် အရောင်များမှာ သူ၏ ကြေးနီရောင်သန်းနေသော နားထင်သို့ ထင်းရောင် လာဟပ်သည်။သံခမောက်တစ်လုံး နေရောင်ထင်ဟပ် နေသည့်သဖွယ်ပင်။

"ကိုယ်ပြောတာကို နားထောင်စမ်းပါဦး"

သူက ထပ်ပြောပြန်၏။

"မင်း နားထောင်နေတယ် မဟုတ်လား"

သူမ၏ အဖြေကိုလည်း ဤတစ်ကြိမ်၌ စောင့်မနေတော့ပါ။

"ကောက်နုတ်ချက်တစ်ခုပဲ၊ ပြင်သစ်တွေးခေါ်ပညာရှင် တစ်ယောက်ရဲ့ ပြောစကားပဲ၊ အကြီးဆုံးရာဇဝတ်မှုဟာ ဘာမှမလုပ် တာပဲ၊ ဘာဖြစ်လို့လည်းဆိုတော့ တို့ဟာ ကြောက်နေလို့ အနည်း ငယ်သာ လုပ်နိုင်တာမို့တဲ့...ဒီစကားတွေဟာ မင်းကို သတိရနေ စေသလားဟင်"

"အလို...ဘုရား တယ်စိတ်ညစ်ရပါလားနော်"

သူမက ခပ်တိုးတိုးပြော၏။ လက်ပိုက်၍ ထိုင်နေတော့၏။

"ကိုယ် ဆက်ပြောရဦးမယ်နော်"

သူက ဆက်ပြောပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီစကားတွေကရော တစ်ယောက်ယောက်ကို မင်းပြန်ပြော... မိဘူးလား အဆင့်အတန်းရှိတဲ့ စစ်ပွဲရယ်လို့ တစ်မျိုးတည်းပဲရှိ... အဒြိဟာ နယ်ချဲ့တွေနဲ့ နယ်ချဲ့ခံရတဲ့ လူတွေကြားမှာ ဖြစ်တာ... အရင်းရှင်တွေနဲ့ လူမွဲတွေကြားမှာ ဖြစ်တာရယ်ပဲ၊ တို့ရဲ့ ရည်... ချက်က စစ်ဖြစ်နေရတဲ့ နိုင်ငံကို လုပ်တဲ့ လူတွေလက်ထဲက ဖြ... ဖို့ပဲ"

"နောက် တတိယကမ္ဘာကို သူတို့ရဲ့ သီးသန့်အလုပ်အ... ပြုရာ နေရာလို့ထင်ထားတဲ့ သန်းကြွယ်သူဌေးကြီးတွေဆီက အ... တွေရဲ့ မွေးရာပါ အခွင့်အရေးကို ရောင်းစားတဲ့ ခြစားယိုယွင်း... ရေနံသခင်ကြီးဆီက..."

သူက စကားဖြတ်၍ သူမကို ကြည့်၏။

"ဂျိုးဇက်ရေ..တော်ပါတော့၊ သိပ်များနေပြီ၊ပြန်ကြစို့"

သူမက ငြီးတွားမိသည်။

"ကျူးကျော်တဲ့ ဇီယွန်ဝါဒီတွေကို လက်နက်တပ်... ပဒေသရာဇ်စစ်လိုလားတဲ့ သူတွေဆီက သူတို့လုပ်ထားတဲ့ ... ကြားထဲမှာ မသိလိုက်ဘာသာ ကျွန်အဖြစ်ရောက်နေကြရတဲ့ အ... တိုင်းသား လူပေါ်ကြော့တွေဆီကပဲ"

သူ၏ လေသံမှာ တီးတိုးမျှသာ ရှိ၏။

"ကမ္ဘာလောကကြီးက ပြောတယ်၊ အပြစ်မဲ့တဲ့ မိန်း... တွေနဲ့ ကလေးတွေကို တို့မတိုက်ခိုက်ရဘူးလို့ ဒါပေမယ့် ဒီ... ကင်းတဲ့ဟာ ထက်ပိုပြီး မရှိပါဘူးလို့ မင်းကို ကိုယ်ပြော... တတိယကမ္ဘာမှာ ဝေမွတ်လို့ သေဆုံးရတဲ့ကလေးတွေ တိုင်း... အနောက်တိုင်းမှာ အစားအစာကို ခိုးလို့သေရတဲ့ ကလေးတစ်...





...တယ်"

"တော်ပါတော့..."

သူမက တဖန်အော်ပြောလိုက်၏။

သို့သော်လည်း သူက ဆက်ပြောနေသေး၏။

"ကိုယ့်အသက်ခြောက်နှစ်သားမှာ ကိုယ့်နိုင်ငံက မောင်းအထုတ် ...ခံရတယ်၊ ရှစ်နှစ်သားမှာ အက်(ရှ)ဘာ(လ)ထဲကို ကိုယ်ဝင်ခဲ့တယ်၊ ...(ရှ)ဘာ(လ)ဆိုတာ ဘာလဲ၊ ဒီမှာချာလီ ဒါကို မင်းမေးရမယ်၊ ...ကို မေးရမယ့်သူဟာ မင်းပဲမဟုတ်လား၊ လက်တွေ့ဖယ်လိုက် ... အက်(ရှ)ဘာ(လ)ဆိုတာ ဘာလဲလို့ မေးစမ်းပါ၊ကိုယ်က ...လို့ ပြန်ဖြေမှာလဲ"

"ကလေးစစ်တပ်ပေါ့..."

သူမ အိပ်ချင်နေ၍ မျက်နှာကို လက်ဖြင့်အုပ်ထားရာမှ ...ဖြေ၏။

"ကျွန်မနေလို့ သိပ်မကောင်းတော့ဘူး ဂျိုးဇက်ရယ်၊ ...သွားကြစို့"

"ဆယ်နှစ်သားမှာ ကိုယ်တို့ရဲ့စခန်းကို ဆီးရီးယားတွေက ...ညည်တွေနဲ့ပစ်တော့ ကိုယ့်ဘာသာကိုယ် လုပ်ထားတဲ့ ဗုံးခိုကျင်း ... ဆေးဘက်ထောက်ဝင်ပုန်းရတယ်၊ ဇီယွန်ဝါဒီတွေရဲ့ လေကြောင်း ...တိုက်ခိုက်မှုတစ်ခုကြောင့် ကိုယ့်အမေနဲ့အစ်မ သေရတုန်းကဆိုရင် ...ဆယ့်ငါးနှစ်သားပဲ၊ လုပ်ပါ ချာလီရယ် ကိုယ့်ဘဝကို ပြည့်ပြည့် ...ဖြစ်သွားရအောင် ကိုယ့်ဘာသာ ကိုယ်ပြောပါရစေ"

သူမက သူ၏လက်နှစ်ဘက်ဖြင့် ဆွဲယူလိုက်တော့၏။စားပွဲ ... ညင်သာစွာ ရိုက်နေပြန်သည်။

www.burmeseclassic.com



"ကလေးတွေဟာ ဗုံးအကြံခံရရင် သူတို့ကလည်း တိုက်ကြ မှာပဲ.."

သူက သူမအား သတိရစေဟန်ပြော၏။

"သူတို့ကို နယ်ချဲ့လာရင် ဘယ်လိုဖြစ်လာမလဲ ပြောစမ်းပါ"

"သူတို့ အသတ်ခံရမှာပေါ့"

သူမက စိတ်မပါစွာနှင့် မပီမသပြောလိုက်သည်။

"သူတို့ရဲ့မိခင်တွေကို သူတို့ကို ကျွေးမွေးပြုစုတယ်၊တို့ရဲ့ အိမ်ခြေယာခြေတွေကို ခိုးယူဖို့ သင်ပေးရင် ဗုံးကြဲရင်ကော.."

"ဒါဆိုရင် သူတို့ရဲ့မိခင်တွေဟာ ရှေ့တန်းမှာ လင်ယောကျ်ား တွေနဲ့အတူ ရှိနေကြမှာပေါ့"

"ကိုယ်တို့က ဘာလုပ်ကြရတော့မှာလဲ..."

"သူတို့လည်း အသတ်ခံကြရလိမ့်မယ်၊ ဒါပေမယ့် ကျွန်မ မယုံနိုင်ခဲ့ဘူး၊ ခုလည်း မယုံနိုင်ဘူး..."

သူမက ကန့်ကွက်သလိုပြောလာမှုအား သူက မသိကျိုးကျွံ ပြုနေ၏။

ဂျိုးဇက်၏ ဓာတ်လမ်းစလာကတည်းက ပထမဦးဆုံးအကြိမ် သူမအဖို့ မီရှယ်မှာ လူတစ်ယောက်စီအနေဖြင့် သီးသန့်ခွဲမြင်လာမိ တော့၏။ ဂျိုးဇက်က သွန်သင်ပြလာသော မီရှယ်ထံမှ စာများကူ သည်ကိုလည်း စိတ်ထဲဝယ်မှတ်မိလာသည်။

"အိပ်ရာထဲရောက်တော့ သူ့နာမည်အမှန်ဟာ ဆလင်လို့ ပြောပြလိမ့်မယ်၊ ဒါဟာ လျှို့ဝှက်ချက်တစ်ခုပဲ"

ကားအတွင်းသို့ ဝင်လိုက်ကြစဉ် ဂျိုးဇက်က ပြောလာ၏။

"သူ့ကိုယ်သူကတော့ မီရှယ်လို့ပဲ အများနဲ့ဆက်ဆံရင်ပြော





ာတ်တယ်၊ ဒါဟာ တစ်ပိုင်းအားဖြင့် လုံခြုံရေးအတွက်ဖြစ်သလို ာစ်ပိုင်းကလည်း သူဟာ ဥရောပတိုက်ရဲ့ အသုံးအနှုန်းတွေကို ာသက်သလိုပဲ"

"ကျွန်မကတော့ ဆလင်လို့ခေါ်ရတာ ပိုသဘောကျမိတယ်"

"ဒါပေမယ့် မင်းကတော့ မီရှယ်လို့ပဲ ခေါ်ပါ.."

သူပြောသမျှသာ ဖြစ်ရပေမည်ဟု သူမက တွေးလိုက်မိသည်။

⌘⌘⌘⌘⌘

ကားများပါထား၍ တည်းခိုနိုင်သော ဟိုတယ်မှာ ခပ်နိမ့်နိမ့် ာင်ရုံအဆောက်အအုံလေးနှင့် တူလှပေ၏။ ပထမတွင် သူတို့ကားရပ် ာနေရာမရှိပေ။ ဖောက်(စ်)ဝက်ဂွန် မီနီဘတ်စ်ကားလေး တစ်စီးထွက် ာ၍ သူတို့ကားအား ဝင်ရပ်လိုက်ရသည်။ငှင်းကားကို မောင်းသွား ာမှာ ဒိမိထရီဖြစ်ကြောင်း ချာလီ၊ ရိုးတိုးရိတ်တိတ် မြင်မိ၏။

ဂျိုးဇက်၏ ပြောစကားတိုင်း သစ်ခွပန်းများကို လက်တွင် ာိုင်၍ ရပ်ကာ ဘလေဇာကုတ်အင်္ကျီ အနီရောင်ဝတ်နေသော သူအား ကြည့်နေလိုက်သည်။ ထို့နောက် မျက်နှာစာ ဆင်ဝင်ရှိရာသို့ လျှောက် ာသော သူ့နောက်သို့ လိုက်သွား၏။ ဂျိုးဇက်မှာ သူ့လက်ဆွဲ ာတ်ကို ဆွဲသွားသလို သူမ၏ ပခုံးသိုင်းအိတ်အားလည်း သယ်၍ ာပါသည်။

ဟိုတယ်ရှေ့ မျက်နှာစာ စကြံနံ့ဝယ် ရာချယ်နှင့်ရို(စ)တို့ ာယောက်ရပ်ကာ နောက်တစ်နေ့ ခရီးစဉ်စာရင်း ကြည့်နေသည်ကို



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးထောင့်မှ တွေ့လိုက်ရ၏။ ဂျိုးဇက်က ဟိုတယ်စာရေးရှိရာ စားပွဲသို့ သွားသည်။

သူမကလည်း မည်ကဲ့သို့ သူစာရင်းသွင်းမည်ကို ကြည့်ရန် အနားသို့ကပ်သွားကြည့်၏။ အာရပ်အမည်တစ်ခုပေးသည်။ နိုင်ငံသား က လက်ဘနွန်နိုင်ငံသား၊ လိပ်စာက ဘေရွတ်ရှိလိပ်စာ အားလုံး အတွက် သူက အဆင်သင့်ပြင်ဆင်ပြီးပုံပင်။

ပစ္စည်းသယ်သူက သူတို့၏ သေတ္တာများကို ရောမဆေး သုံး တွန်းလှည်းကြီးတစ်ခုပုံစံမျိုး၊ တွန်းလှည်းပေါ်သို့တင်၍ တွန်းရ သွား၏။ ဂျိုးဇက်က သူမ၏ လက်မောင်းအား ဆုပ်ကိုင်လိုက်သည်။ တွန်းလှည်းသွားရာနောက်သို့ နှစ်ယောက်သားလိုက်သွားကြ၏။

သူတို့အခန်းရှိ အိပ်ရာကြီးမှာ နှစ်ယောက်အိပ်ကုတင်ကြီး ဖြစ်သည်။ သားနားလှ၏။ ခွဲစိပ်ခန်းတစ်ခုကဲ့သို့ပင် အခန်းမှာ သန့်ရှင်း၍ ပိုးမွှားကင်းစင်၍ နေသည်။

"ဘုရား..ဘုရား"

သူမ၏ ဘေးပတ်ဝန်းကျင် လှည့်ကြည့်မိရာမှ ဘုရားတလိုက် မိသည်။

ပစ္စည်းသယ်လာသူက သူမကို အံ့အားသင့်ဟန်ဖြင့် လှည့် ကြည့်ရာ သူမက မသိချင်ဟန်ဆောင်နေလိုက်၏။

ကုတင်ဘေး စားပွဲပေါ်ဝယ်၊ သစ်သီးဇလုံတစ်လုံး၊ ရေခဲပုံး တစ်လုံး၊ ဖန်ခွက်နှစ်လုံးနှင့် ဗော(ဒ)ကာ အရက်တစ်ပုလင်း သူတို့အား အဆင်သင့် စောင့်မျှော်လျက်ရှိပါသည်။ သစ်ခွပန်းများ ထည့်ရန် ပန်းအိုးတစ်လုံးကလည်း ရှိသေး၏။ သူမက ပန်းများ ပန်းအိုးထဲ ထိုးထည့်လိုက်သည်။





ဂျိုးဇက်က ပစ္စည်းသယ်လာပေးသူအား အပိုဆုကြေးပေး လိုက်ရာ တွန်းလှည်းကြီးကို တွန်း၍ ထွက်သွားတော့၏။ ရုတ်တရက် င် နှစ်ဦးသား ကျန်ရစ်ခဲ့တော့သည်။ ကြီးမားကျယ်ပြန့်သော ကုတင် ကြီးနှင့် အတူပင်။

ရေခဲပုံးအတွင်းမှာ ဗော့(ဒ)ကာ အရက်ပုလင်းကို သူမက ဆွဲယူ၍ ဖန်ခွက်ထဲသို့ ငှဲ့ကာထည့်၍ ကုတင်စောင်းတွင် ဝင်ထိုင် လိုက်သည်။

"ချီးယား(စ)...ဟော့လူကြီး"

သူမက ပြောသည်။

ဂျိုးဇက်မှာ သူမအား ခပ်တည်တည်သာ စောင့်ကြည့်လျက် ရှိသည်။

"ချီးယား(စ)..ချာလီ"

သူက ပြန်ပြောသော်လည်း လက်ထဲတွင်မူ ဖန်ခွက်ကို ကိုင်မထားချေ။

"ကဲ...အခု ကျွန်မတို့ ဘာလုပ်ကြမှာလဲ၊ အပျော်ဖဲကစားကြ လော။ ကဲ..ပြောစမ်းပါဦးရှင့်"

သူမ၏ အသံက ကျယ်လာသည်။

"ခု ဒီမှာ ရောက်နေကြတာ ဘယ်သူတွေလည်း၊ ချာလီနဲ့ ဂျိုးဇက်လား၊ ချာလီနဲ့ မီရှယ်လား၊ ဘယ်သူလဲ၊ ဟုတ်တယ်မဟုတ် ဘူး၊ ကျွန်မတို့ဟာ ဘယ်သူတွေလဲ"

"တို့ဟာ ဘယ်သူတွေလဲဆိုတာ မင်းသိပါတယ် ချာလီ၊ ရိပြည်ကို ပျားရည်ဆမ်းခရီးထွက်လာကြတဲ့ ချစ်သူနှစ်ဦးပေါ့ကွာ"

"ကျွန်မတို့ဟာ နော်တင်ဟမ်က ဟိုတယ်တစ်ခုမှာ ရောက်နေ



www.burmeseclassic.com

www.burmeseclassic.com



ပြီလို့ ကျွန်မတွေးမိခဲ့တာလေ”

“တို့ဟာ ဓာတ်လမ်းနှစ်ပိုင်းစလုံးကို တစ်ခါတည်း ကနေကြ တာပဲ၊ ဒါကို မင်းနားလည်တယ်လို့ ကိုယ်ထင်ထားမိပါတယ် တို့ဟာ အတိတ်နဲ့ပစ္စုပ္ပန်ကို တည်ဆောက်နေကြတာပဲ”

“ကျွန်မအဖို့ အချိန်က သိပ်တိုတောင်းနေလို့လေ”

“လူ့ဘဝဟာ စွန့်စားရတယ်လို့ပဲ တို့ပြောကြပါစို့ကွာ”

သူမက ဖော့(ဒ)ကာကို ထပ်မော့လိုက်၏။ သူမ၏ လက် များမှာ ကျောက်ဆောင်ကျောက်သားနယ် တည်ငြိမ်လွန်းလှသည်။

“ဂျူးတွေရဲ့ ဘဝလို့ပဲပြောပါ”

သူမက စကားကိုပြန်ပြင်ပေးလိုက်၏။

“သူတို့ရဲ့ဘဝဟာ တစ်ခြားလူတွေရဲ့ ဘဝနဲ့မတူလို့လား”

“သူတို့ကိုပဲ ကျွန်မက ပြောတာရှင့်”

သူက ပြတင်းပေါက်ရှိရာသို့သာ လျှောက်သွားပြီး တံခါး ဖွင့်လိုက်၏။

“အားလုံးဟာ ကံဆိုးမိုးမှောင်ကျနေကြသူတွေပါပဲ”

သူမမှာ ပါးစပ်ဖြင့် လက်ခုံကို စုပ်ရင်း ငိုနေမိတော့သည်။

သူက ကုတင်ရှိရာသို့ ပြန်လျှောက်လာကာ သူမ၏ဘေး ဝင်ထိုင်လိုက်၏။ သူမအား ပခုံးကိုဖက်၍ နှစ်သိမ့်ရန် ချာလီ စောင့်မျှော်နေမိသည်။

“ဂျူးဇက်ရယ်”

သူမက သူ၏ လက်ကို ဆွဲကိုင်ခေါ်လိုက်သည်။

“ရှင်ဟာ ဘယ်လိုလူစားမျိုးလဲဟင်၊ အကျဉ်းအကျပ်ထဲ ကြားမှာ ရှင်က ဘယ်လိုများ ခံစားနေမိလို့လဲ”





ခေါင်းကို ထောင်၍ အပြင်ဘက်မှာ လူသံများကို သူမက နားထောင်ကြည့်၏။ လသာဆောင်ဘက်မှ ခြေသံကြားရသဖြင့် သူမက လှည့်ကြည့်မိစဉ် မျက်နှာသုတ်ပဝါ အသားမျိုး ချည်ပွပွ အပြေးဝတ်စုံဖြင့် ဝင်လာသော ရာချယ်ကိုမြင်လိုက်ရတော့သည်။ သူမ၏ လက်ထဲဝယ် ရေမြှုပ်အိတ်တစ်လုံးနှင့်အတူ သာမို(စ) ဓာတ်ဗူး တစ်လုံးပါလာ၏။

ᕯᕯᕯᕯᕯ



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၁)

ကတ်(ဇ)နှင့် ဒေါက်တာ အလက်ဆီတို့ ပြန်ဆုံတွေ့ခဲ့ကြ သည်။ ကတ်(ဇ)၏ အကြံပေးချက်အရ ဖရန့်ဖတ်မြို့တွင် တွေ့ရ အလက်ဆီကမူ သူ့အိမ်တွင် တွေ့ရန်ပြောသော်လည်း ကတ်(ဇ)က ငြင်းကာ အရက်ဆိုင်တစ်ခုသို့သာ ချိန်းလိုက်သည်။

ညပင်ဖြစ်သော်လည်း အရက်ဆိုင်လေးမှာ လူအတော်ပင်ရှင်း နေ၏။ ဆိုင်ထဲဝယ် သီချင်းသံက လွင့်ပျံနေသော်လည်း အရက် ထည့်ပေးသူမှာ သူ၏ ခါတ်ခဲရေဒီယိုလေးမှ ဘတ်(ချ)၏ တေးဂီတ တေးသွားကိုသာ နားထောင်လျှက်ရှိသည်။

သူတို့က အပြန်အလှန် နှုတ်ဆက်အပြီး ကတ်(ဇ)က ပြော လိုက်၏။ မစ္စက်အယ်လက်ဆီတစ်ယောက် ကလေးရဖို့ဖြစ်နေပြီ ကြားမိကြောင်းပင်။





"ဒါပေမယ့်...ကျွန်တော် မသိခင် အရင် ခင်ဗျားက သိမှာပါ"

သူက စားပွဲပေါ်ရှိပုလင်းကို ငေးကြည့်ရင်းမှ ကာကာကွယ် ကွယ် ပြောရှာသည်။

"အင်း..ဒါကို ကျွန်တော့် ရုံးကလူတွေကိုတောင် မပြောပြခဲ့ ဘူးဗျ"

အလက်ဆီ၏ စကားမှာ အမှန်ပင်ဖြစ်တော့၏။

သူတို့ စကားလမ်းကြောင်း ပြောင်းကာ ဟိုဟိုသည်သည် ပြောကြအပြီး ဘက်ဂိုဒီ(စ)ဘဂ် ကိစ္စသို့ ရောက်လာ၏။

"နည်းနည်းတော့ သူတို့လုပ်နေတာ တိုးတက်မှုရှိပြီလို့ ကျွန် တော်ကြားမိတယ်"

ကတ်(ဇ)က ပြောသည်။

မိန်းကလေးရဲ့အမည်ကို မသိရသေးတာတောင်၊ အော်လေ.. ဘိပ်က ဖြတ်ပြီး ဝင်လာတယ်လို့တော့ နောက်ကြောင်းလိုက်မိ တယ်"

"ခင်ဗျားက ဖြတ်ပြီး ဝင်လာတယ်လို့ ပြောတာနော်၊ မနေ့က သူတို့ရဲ့ နောက်ဆုံး သုံးသပ်ချက်ကို ကျွန်တော်ရထားတယ်၊ ..ကလေကနေ ကိုလုံးမြို့ကို ဗုံးကွဲနေ့က မိန်းကလေးတစ်ချို့ ..ရောက်လာတယ်လို့ သူတို့ထင်ထားကြတယ်၊ ဂျင်းဘောင်းဘီ ..ားမယ်လို့လဲ သူတို့ကပြောတယ်၊ ခေါင်းစည်းပဝါပါတယ်၊ ..ုံးကိုယ်ပေါက် ကျတယ်၊ အသားဖြူဖြူ ဖြစ်တယ်လို့ဆိုတယ်၊ ..ီလိုဆိုရင် ဘာဖြစ်မလည်း၊ ပြင်သစ်တွေအဖို့ ကောင်မလေးက ..ရာမှာ လေယာဉ်ပြောင်းစီးတယ်လို့ ခြေရာမခံနိုင်သေးဘူးဗျ"

"သူကိုယ်တိုင်ကလည်း ကိုလုံးမှာ မဆင်းလို့လည်း ဖြစ်နိုင်



www.burmeseclassic.com

www.burmeseclassic.com



တယ်..ပေါလ်"

ကတ်(ဇ)က ပေါ(လ်)ဟူ၍ တရင်းတနှီး ခေါ်ကာပြောလို

၏။

"ကိုလုံးမှာ မဆင်းပဲနဲ့ ကိုလုံးကို သူဘယ်လိုရောက်နိုင်

လဲ"

အလက်ဆီက အဓိကအချက်ကို အနည်းငယ်လွဲသွားဟန်

ကန့်ကွက်မိသည်။

ဘေးပတ်ဝန်းကျင် စားပွဲများဝယ် လူကမရှိ၊ အရက်ထ

ပေးသူကလည်း သူ့ရေဒီယိုမှ တေးသွားနှင့်ငြိမ့်နေ၏။ အသံချဲ့စ

အိုကယာဟိုးမားဆိုသည့် တေးသွားကလည်း ထွက်လျက်ရှိပေသည

သူတို့ပြောစကားကို ဖုံးကွယ်ထားနိုင်၏။

"တစ်နေရာရာက လေယာဉ်လက်မှတ်ကို သူ ရတယ်

ထင်တာပဲ"

ကတ်(ဇ)က ပြောလိုက်၏။

"ပြောကြပါစို့ဗျာ...မဲဒရစ်မြို့ကလို၊ သူက မဲဒရစ်အ

သွားမယ့် လက်မှတ်ကိုယူထားပြီး အော်လေမှာ ဆင်းမယ်လေ"

အလက်ဆီက ထိုသုံးသပ်ချက်ကို လက်ခံမိ၏။

"သူက အော်လေ-မဲဒရစ် လက်မှတ်ရှိမယ်၊ အော်လေ ရော

တော့မှ မဲဒရစ်ကိုသွားဖို့ ပြောင်းစီးဖို့ စောင့်ရတဲ့အခန်းသွား

တဲ့ခါးကလည်း ဆယ့်ရှစ်ခုတောင်ရှိတော့ ဘယ်အခန်းထဲသွားတ

ဆိုတာ မသိဘူး၊ တစ်ယောက်ယောက်က သူ့ဆီလာမယ်၊ မိန်းက

တစ်ယောက်ဖြစ်နိုင်တယ်၊ နှစ်ယောက်သား အမျိုးသမီးရေအိမ်အ

ထဲကို ဝင်ကြမယ်၊ လက်မှတ်ရမယ်ဗျာ၊ တကယ့်ကို ကျကျနန





တာပဲဗျ၊ နိုင်ငံကူးလက်မှတ်လဲ အသစ်ရတော့ မိန်းကလေး

က် ဘာမှမခဲယဉ်းတော့ဘူးဗျ၊ မျက်နှာကို နည်းနည်းပါးပါး

င် ဆံပင်တုတပ်၊ခင်ဗျားအတွက် ကြည့်ရင်တော့ မိန်းကလေး

လုံးဟာ အတူတူဖြစ်နေကြတာပေါ့ ပေါ(လ)ရယ်"

"ဘွန်းမြို့ကို ရောက်တော့ရော.."

အလက်ဆီက စီးကရက်တစ်လိပ်ကို မီးညှိရင်း ပြန်မေး၏။

"သူက ဘယ်(လ)ဂျီယံ နိုင်ငံကူးလက်မှတ်နဲ့ ရောက်လာမယ်

အရှေ့ဂျာမဏီမှာ အကောင်းဆုံးအတုလုပ်ထားတာမျိုးပေါ့၊သူနဲ့

ယ့် ကိုမှတ်ဆိတ်ကလည်း ခိုးလာတဲ့ မော်တော်ဆိုင်ကယ်နဲ့

ပြားအတုနဲ့ပေါ့ဗျာ၊ မိန်းကလေးသိတာက အဲ့ဒီလူဟာ အရပ်ရှည်

မုတ်ဆိတ်မွေးလည်းရှိမယ်၊ဒီလောက်ပဲလေ၊လုံခြုံရေးအရ

နည်းလောက်စီပဲ သိအောင်လုပ်ထားကြတဲ့သူတွေပဲဗျာ၊မုတ်ဆိတ်

နဲ့လူတစ်ယောက်ဆိုတော့ ဘယ်မုတ်ဆိတ်မွေးနဲ့လူလို့

လို့ရတော့မှာလဲ၊နောက်ပြီးသံခမောက်ကြီးကလဲ ဆောင်းထားသေး

တကယ့်ကိုတော်တဲ့လူတွေပါပဲ"

ဤအချက်ကို သူလည်းသတိပြုမိကြောင်း အလက်ဆီက

ပြောပြသည်။

"အဲဒီလူကလည်း အဆက်အသွယ်ကြားမှာ ပြတ်သွားအောင်

့ အလုပ်ပဲရှိတယ်"

ကတ်(ဇ)က ဆက်ပြောသည်။

"ဒါပဲ သူကလုပ်ရတာ၊အဆက်အသွယ်ကိုသူကဖြတ်ထားတယ်

င်မလေးနောက်မှာ နောက်ယောင်ခံလိုက်လာတဲ့လူ မရှိဘူးလို့

သေချာမှလာတွေ့တယ်။သူ့ကို ဟိုနားဒီနား လျှောက်ပြီးခေါ်သွား



www.burmeseclassic.com

www.burmeseclassic.com



တာပဲ၊နောက်မှပြောစရာရှိတာပြောဖို့ လုံခြုံတဲ့တစ်နေရာကို ခေါ်သွားတာပဲ"

သူက စကားကိုရပ်လိုက်သည်။

"မိပယ်(မ)အနားမှာ ငွေချေးစာချုပ် အရောင်းအဝယ်လုပ်တဲ့လူတစ်ယောက်ရဲ့ ယာခင်းတစ်ခုရှိတယ်။ဟော့(စ)သမ္မာလို့ခေါ်တယ် တောင်ဘက်အဝေးပြေးကားလမ်းမကြီးရဲ့ အဆုံးလောက်မှာရှိတယ်၊ အဲဒီက ကားရုံထဲမှာ ဆော(လ်)ဘင်မြို့ ကားနံပါတ်တပ် အိုပယ်ကားတစ်စီးကစောင့်နေတယ်။ကားမောင်းမယ့်လူကလည်း ကားပေါ်မှာအဆင်သင့်ပဲ"

ဤအကြိမ်ဝယ် အလက်ဆီကဝင်ပြောလာတော့၏။

"အက်(ချ)မန်းပဲ၊ဒပ်ဆဲဒေါ်(ဖ)က အက်(ချ)မန်းပဲဗျာ၊ကျွန်တော်တို့ ရူးများနေပြီလားမသိဘူး။ဒီလူ့နာမည်ကို ဘာကြောင့်များဘယ်သူကမှ မတွေးမိကြရတာလဲ"

"အက်(ချ)မန်းဆိုတာ ဟုတ်ပါတယ်"

ကတ်(ဇ)က ပြောသည်။

"ဟော့သမ္မာယာခင်းဟာ ဒပ်ဆဲဒေါ်(ဖ)က ဒေါက်တာအက်(ချ)မန်း အပိုင်ပဲ၊သစ်လုပ်ငန်းအရောင်းအဝယ် မဂ္ဂဇင်းအချို့နဲ့ အပြာစာအုပ်တို့ရောင်းတဲ့ဆိုင်အချို့နဲ့လဲ ကောင်းကောင်းအဆက်အသွယ် ရှိတယ်၊ ထင်ထင်ရှားရှားမိသားစုပေါ့၊အဲဒီက စပါးကျီကိုတော့ အက်(ချ)မန်းရဲ့သမီး အင်း(ဂ)ပိုင်တယ်လေ၊မေးကြည့်တဲ့အခါမှာလည်း အမျိုးသမီး မိန်းကလေးမိတ်ဆွေရှိတဲ့ယောကျာ်းလေးမိတ်ဆွေ တစ်ယောက်ကို ခဏငှားလိုက်ပါတယ်လို့ပြောတယ်"

"ဟုတ်လိုက်လေဗျာ"





အလက်ဆီက ချီးကျူးဟန်ဖြင့်ပြောသည်။

"ဘာသဲလွန်စမှမရှိတော့ဘူး၊ကဲ ဘယ်မှာသံသယဖြစ်စရာကို ...ားတွေ့ရတော့သလဲ၊ဒီလူတွေက ဒီလိုပဲ လုပ်တတ်ကြတယ်၊ဒီနည်း ... လုပ်တတ်ကြတယ်"

ဂျော်ဒန်နိုင်ငံ တောင်ကြားရှိ ဂူများအတွင်းမှ သည်နေရာ ...ရပ်သို့ ဤနည်းနှင့်နှင့်မျိုးသာ လုပ်တတ်ကြောင်း အလက်ဆီက ...ွေးမိ၏။

သူက လက်ပိုက်ရင်း ကုလားထိုင်တွင်ကျောမှီကာ ထိုင်နေ၏။ ...တ်နှာပေါ်တွင်လည်း အပြုံးတစ်ရပ်က ရှိနေပါသေးသည်။

"ဒီလိုတွေးခေါ်လာရတာတွေအတွက် ခင်ဗျားမှာ ဘာအခြေခံ ...ချက်ရှိသလဲ"

အလက်ဆီက မေးကြည့်မိသည်။

"ပေါလ်ရေ ကျွန်တော်တို့ဆီမှာ အိုပယ်ကားရဲ့ လိုင်စင်နံပါတ် ...ခုစလုံး ရထားကြပြီးပြီ၊ ကားငှားတဲ့စာချုပ်ရဲ့ ဓာတ်ပုံနဲ့ မိတ္တူလည်း ...နေပြီ"

သူက အမှန်အတိုင်းပြောပြ၏။

"မုတ်ဆိတ်နဲ့ကောင်လေးက အမျိုးသမီးကို စပါးကျီထဲမှာ ...ားခဲ့ပြီး၊ တစ်ခါမှ ပြန်မတွေ့တော့ဘူး။မိန်းကလေးက အပြာရောင် ...တ်စုံကိုလည်း ဝတ်တယ်၊နောက် ဆံပင်တုလည်းတတ်တယ်၊အလုပ် ...ားရေးရာမှူးကို တော်တော်စိတ်ဝင်စားသွားအောင် ဖြစ်လာရတဲ့ ...မျိုးပေါ့ဗျာ၊ အိုပယ်ကားထဲကိုဝင်ပြီး ပစ်မှတ်ထားတဲ့အိမ်ကို သွား ...တာပဲ၊ ကားမောင်းတဲ့လူကလည်း နောက်တစ်ဦးပဲ၊ ...မ်းမှာ ...ကို ခလုတ်ဆင်ဖို့ ခဏတော့ နားကြဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဒီကောင်လေးကို..."

အလက်ဆီက စိတ်အားထက်သန်စွာမေးသည်။

"ဒီကောင်လေးကို ကောင်မလေးက သိသလား၊မသိဘူးလား"

ယာနူးကား၏ လုပ်ဆောင်ဟန်ကို ကတ်(၈)ကသိပြီးဖြစ်၍ အဖြေမပေးတော့၊ ပြုံးရုံသာ ပြုံးလိုက်တော့သည်။

"အလုပ်ပြီးသွားတော့ အဲ့ဒီကားမောင်းသမားကပဲ၊ ကားနံပါတ်ကိုလည်းပြီး၊ ကောင်မလေးကို ချထားရမယ့်နေရာကို ခေါ်သွားခဲ့တယ်ပေါ့ဗျာ"

ကတ်(၈)က ယူဆပုံကို ပြောပြ၏။

"နောက်တော့ရော"

ကတ်(၈)၏လေသံမှာ တဖြည်းဖြည်းနေးလာသည်။စကားတစ်လုံးချင်းသည်ပင် အဓိပ္ပာယ်ရှိသည့်အလားပင်။

"အဲ့ဒီနောက်တော့ ထင်ရတာကို ပြောရရင်၊ သူ့ကို လူတစ်ယောက်က လာခေါ်သွားမယ်၊အဲ့ဒီလူကလည်း ဟိုတယ်တစ်ခုမှာ အခန်းငှားပြီး ဖြစ်ရမယ်၊ကောင်မလေးကို ဗုံးဘယ်လိုသယ်ရတယ် အချိန်ကိုက်ခလုတ်ကို ဘယ်လို ဆင်ရတယ်ဆိုတာတွေကို သင်ပေးလိမ့်မယ်၊ နောက်တော့ အချစ်ဗျူဟာ ခင်းကြတယ်ပေါ့ဗျာ နောက်တစ်နေ့မနက်တော့ သူတို့ကြည်နူးအပြီး၊ အိပ်မောကျနေတုန်းမှာ ဗုံးက သူတို့ထားခဲ့တဲ့ အချိန်ထက်နောက်ကျပြီး ပေါက်သွားတာပေါ့၊ အချိန်မှန်မမှန်တော့ ဘယ်သူကရစိုက်တော့မှာလဲ"

အလက်ဆီက စိတ်လှုပ်ရှားမှုရှိဟန်ဖြင့် ရှေ့သို့ ကိုယ်ကိုညွှတ်၍ မေး၏။





"ဟို...အစ်ကိုကြီးဆိုတဲ့လူကရော မာတီ၊ အစ္စရေးတွေ တော်တော်များများကို သတ်ခဲ့ပြီးတဲ့ မဟာတိုက်ခိုက်ရေးသမားကြီးလေ၊ အဲဒီအချိန်မှာ သူက ဘယ်ရောက်နေတာလည်း ဟိုကောင်မလေးနဲ့ အတူတူရှိနေတဲ့လူလား၊ ဟုတ်တယ်မဟုတ်လားဗျာ"

"ဘယ်နေရာမှာပဲ ရှိရှိပေါ့ဗျာ၊ သူ့အလုပ်ကိုတော့ အောင်မြင်အောင် လုပ်နိုင်ခဲ့ပြီပဲ"

ကတ်(၈)က ထိုမျှလောက်သာ ပြန်၍ အဖြေပေးပါသည်။

"မှတ်ဆိတ်နဲ့ ကောင်လေးဆိုတာက လွဲပြီး ကောင်မလေးက ဘာမှ မပြောနိုင်ဘူး၊ သူသွားလုပ်ရမယ့် ပစ်မှတ်ကိုတောင် ကောင်မလေးက သိတာမဟုတ်ဘူးဗျ၊ မော်တော်ဆိုင်ကယ်ရဲ့ နံပါတ်ကိုတော့ ကောင်မလေးကသိတယ်၊ ပစ်မှတ်ကို သိတဲ့ ကားမောင်းသမားကလည်း ဟိုမှတ်ဆိတ်နဲ့ကောင်လေးမဟုတ်ပြန်ဘူး၊ ဒါဟာ ဦးနှောက်တစ်လုံးထဲနဲ့ လုပ်သွားတဲ့ အလုပ်ပဲ"

အလက်ဆီမှာ မေးစရာရှိသေးသဖြင့် ဝီစကီကို ထပ်မှာလိုက်ပြီး ထို့နောက်မှ မေးကြည့်သည်။

"ခင်ဗျား၊ ခု ဂျာမနီကို ရောက်လာတာဟာ ခင်ဗျားရဲ့ဂျာမန်အရာရှိတွေဆီကို ဒီသတင်းပေးဖို့ပဲလို့ ကျွန်တော်ထင်တယ်"

ကတ်(၈)ကမူ အလက်ဆီအား လှောင်လာသလို အတန်ကြာအောင် ကြည့်နေ၏။ ထို့နောက် သူက အင်္ကျီလက်ကိုမတင်၍ လက်ပတ်နာရီကို လှည့်ပတ်ကစားရန် လက်ကောက်ဝတ်အား မြှောက်ခင်လိုက်သည်။

"ခင်ဗျားပြောတာတွေ သေချာရင်တော့ ကိုလုံးကလူတွေက ခင်ဗျားကို သိပ်ကျေးဇူးတင်ကြမှာပဲဗျ"



www.burmeseclassic.com

www.burmeseclassic.com



အလက်ဆီက ပြောသည်။

"ကျွန်တော့်နေရာကို လာတဲ့လူကို ခင်ဗျားမှတ်မိသေးတယ် မဟုတ်လား ကတ်(စ)၊ သူ့အတွက်တော့ ပုဂ္ဂိုလ်ရေးရာ အောင်မြင် ရလာမှာပဲ၊ အနောက်ဂျာမနီမှာ အတော်ဆုံးလူတစ်ယောက်ဖြစ်လာ တော့မှာပဲလေ၊ ဟုတ်တယ်မဟုတ်လားဗျာ၊ခင်ဗျားအပေါ် အားလုံး ကျေးဇူးတင်စရာပေပဲ"

ဤကဲ့သို့ ဖြစ်လာလိမ့်မည်ကို သိသည့်သဘောဖြင့်ကတ်(စ ကပြုံးလိုက်၏။ သူက ဝီစကီကို အနည်းငယ်စုပ်သောက်ကာ နှုတ်ခမ်း ကို ကာကီလက်ကိုင်ပဝါ အဟောင်းကြီးတစ်ထည်ဖြင့် သုတ်ပစ်၏

"ဒီမေးခွန်းအတွက်တော့ ဂျေရုဆလင်အတွက် တော်တော် တွေးစရာ ဖြစ်နေပြီပေါ့၊ ပေါ(လ)ရယ်"

သူက အမှန်အတိုင်းပြောပြ၏။

"ခင်ဗျားနေရာကို ဆက်ခံတဲ့လူဟာ လူကြီးလူကောင်းဆန် ပုံစံမျိုးရှိသူရယ်လို့ ကျွန်တော်တို့အဖို့ သိပ်မသေချာလှပါဘူး"

ဤသို့ဆိုလျှင် မည်ကဲ့သို့ရည်ရွယ်ပါသနည်း ဟူသော သဘောဖြင့် အလက်ဆီက မျက်မှောင်ကြုတ်မိသည်။

"ကျွန်တော်တို့ ဘာသာလည်း ပြန်မေးကြည့်မိတယ်၊ဒီသတင်း ကို ကျွန်တော်တို့ကိုယ်စား ခင်ဗျားက ကိုလုံးကို ပို့ပေးနိုင်မလား သီးသန့်ပုံစံနဲ့ပေါ့၊ တရားဝင်ပုံစံဖြစ်အောင်၊ တရားဝင်တော့မဟုတ်ဘူး ပေါ့ဗျာ၊ ဒီမေးခွန်းက ကျွန်တော်တို့ ဘာသာမေးမိတဲ့မေးခွန်း ပေါ(လ်)အလက်ဆီဆိုတဲ့ ခင်ဗျားဆီကို ကျွန်တော်တို့သွားပြီး မေး မယ်ပေါ့ဗျာ၊ ပေါ(လ်)ရေ ခင်ဗျားဟာ အစ္စရေးနိုင်ငံရဲ့မိတ်ဆွေ ဒီသတင်းကို ယူပြီးသုံးပါ၊ အဲဒီက အကျိုးအမြတ်ကိုယူပါလို့၊ ဒါ





ကျွန်တော်တို့ရဲ့ လက်ဆောင်ပဲမှတ်ပြီး ကျွန်တော်တို့ကို ဘေးဖယ် ထားလိုက်ပေါ့ ဒီလိုအမှုမျိုးနဲ့ မသင့်တော်တဲ့ လူကို ရာထူးဘာကြောင့် တိုးစေရမှာလဲ မိတ်ဆွေတွေနဲ့ အပေးအယူ ဘာကြောင့်မလုပ်နိုင်ရမှာ လဲ၊ ဒါဟာ ကျွန်တော်တို့ရဲ့ စည်းမျဉ်းပဲမဟုတ်လား၊ ကျွန်တော်တို့ အပေါ်သစ္စာရှိမှုအတွက် အဲဒီက ခံစားခွင့်ကို မရသင့်ဘူးလား"

အလက်ဆီမှာ နားလည်သေးဟန်မတူ။ သူ၏ ငြင်းပယ်သော စကားဝယ် အနည်းငယ် စိတ်လွတ်ကိုယ်လွတ်ဟန်မျိုးဖြစ်နေပါသည်။

"ဒါပေမယ့်…ကတ်(စ)ရယ်…ကျွန်တော်ပြောတာ နားထောင်ပါဦး ကျွန်တော့်မှာက သတင်းရနိုင်တဲ့ နေရာမျိုးတွေ ရှိမှမရှိပဲ၊ ဒီကိစ္စကိုလဲ ကျွန်တော်က ကိုင်တွယ်ဖူးတဲ့လူမဟုတ်ဘူး၊ ကျွန်တော်က စားပွဲခုံ ပေါ်မှာ ထိုင်လုပ်နေရတဲ့ အရာရှိတစ်ယောက်အနေပဲရှိတယ်"

"ကျွန်တော်က တယ်လီဖုန်းကို ကောက်ကိုင်ပြီး ကိုလုံးမြို့ ကလား၊ အလက်ဆီပြောနေတယ်၊ ဟော့(စ)သမ္မာကို ချက်ချင်းသွား ပါလို့ ကျွန်တော်က အကြံပေးချင်ပါတယ်၊ အက်(ချ)မန်းရဲ့သမီးကို မေးပါ၊ နောက်ပြီး သူ့မိတ်ဆွေတွေအားလုံးကိုလည်း မေးစရာရှိလို့ဆို ပြီး ဆွဲထားလိုက်ပါလို့ ပြောရမှာလားဗျ၊ ဘာမှမသိတဲ့လူက ခုချက် ချင်းသိလာပါတယ်ဆိုရအောင် ကျွန်တော်က မျက်လှည့်ဆရာကြီးပေ လားဗျာ၊ ဂျေရုဆလင်မှာရှိတဲ့ ကျွန်တော်တို့နဲ့ ပူးပေါင်းဆောင်ရွက်တဲ့ လူကို သူတို့က ဘယ်လိုထင်ကြမလဲ၊အဲဒီလူဟာ ချက်ချင်းပဲ မျက်လှည့် ဆရာဖြစ်လာတဲ့လူလို့ မထင်ကြဘူးလား"

သူ၏ ပြောစကားများမှာ မဖြစ်နိုင်သည့်ဘက်သို့ တိုးဝင်၍ လာ၏။

"အီတလီလူမျိုး ဖြစ်ဖွယ်ရာရှိတဲ့ မှတ်ဆိတ်မွေးနဲ့ မော်တော်



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ကယ်သမားတွေကို ဖမ်းဖို့ ကျွန်တော်က တောင်းဆိုရမှာလား၊ ကျွန်တော်ကို အားလုံးက ဝိုင်းရယ်ကြလိမ့်မယ်ဗျ"

"ဒီမှာပေါ(လ်)ရယ်၊ အခုအချိန်မှာ ဘယ်သူ့ကိုမှ ဖမ်းဖို့မဟုတ်သေးပါဘူး၊ ဘာမှ မလုပ်ရသေးပါဘူး"

"ဒါဆိုရင် ခင်ဗျားက ဘာကိုလုပ်နေတာလဲဗျာ"

အလက်ဆီက ခပ်ဆတ်ဆတ်ပင် ပြန်မေးသည်။

"တရားမျှတရေးပေါ့"

ကတ်(ဇ)က ပြုံး၍ ပြန်ဖြေသည်။

"ခင်ဗျားကို တစ်ခုပြောမယ် ပေါ(လ်)"

ကတ်(ဇ)၏ ခေါင်းကြီးက သူ့အနားသို့ ရုတ်တရက်တိုးလာပြီး သက်မောင်းကိုလည်း ကိုင်ထား၏။

"ခုအချိန်မှာ ခင်ဗျားယူဆထားဖို့က ဘယ်လိုလဲဆိုတော့..ငါဟာ အာရပ်နယ်ပယ်မှာ တော်တော်ဝင်ဆန့်တဲ့ အထက်တန်းစားအာရပ်လူမျိုးတစ်ယောက်ကို တွေ့တယ်၊ သူဟာ ဂျာမနီနိုင်ငံကိုသဘောကျတယ်၊ ချိုးမွှမ်းအလေးထားတယ်၊ သူဟာ ရုပ်မြင်သံကြားအစီအစဉ်တစ်ခုကြည့်ရင်း အလက်ဆီဆိုတဲ့လူကြီးကို မြင်မိတယ်ပေါ့ဗျာ၊ ဒါနဲ့ ဘွန်းမြို့ဆိုပါစို့..ဒပ်ဆဲဒေါ့(ဖ)က ဟိုတယ်အခန်းတစ်ခုမှာ ရုပ်မြင်သံကြားကြည့်ရင်း ခင်ဗျားကို မြင်မိတော့ ဒေါက်တာအလက်ဆီဟာ ဆိုတဲ့ ရှေ့နေတစ်ယောက်ဖြစ်သလို ရဲအဖွဲ့ဝင်တစ်ယောက်လည်းဖြစ်တယ်လို့ သူက သိသွားရော၊ ခင်ဗျား ဒီလိုမှတ်ပြီးပြီနော်"

"ဟုတ်ကဲ့ပါ"

"ဒါနဲ့ ဒီအာရပ်က ခင်ဗျားဆီကို ချဉ်းကပ်လာတယ်"

ကတ်(ဇ)က ဆက်ပြော၏။





"သူက ခင်ဗျားရုံး၊ ဒါမှမဟုတ်...အိမ်ကို ဖုန်းဆက်ပြီး ဆက်သွယ်တယ်၊ ခင်ဗျားရဲ့နံပါတ်ကိုတော့ တယ်လီဖုန်းလမ်းညွှန်စာအုပ်ထဲမှာ ကြည့်ပြီးတော့ပေါ့ဗျာ၊ နောက် ဒီနေရာမှာ ခင်ဗျားနဲ့တွေ့တယ်၊ ခုညပဲ ခင်ဗျားနဲ့အတူ ဝီစကီသောက်ကြတယ်၊ ပိုက်ဆံကတော့ ခင်ဗျားက ဟိုကိစ္စတွေ သတင်းပေးတယ်ပေါ့ဗျာ၊ သူ့အတွက်ပြောရမယ့်လူဟာ ခင်ဗျားလို ကြီးကျယ်တဲ့လူကလွဲပြီး မရှိဘူး"

ကတ်(ဇ)ကပြောနေရင်း ယခင်က အကြောင်းများကို ပြန်သတိရလာ၏။

သူ့အထက်အရာရှိ 'မော့ဆက်' အကြီးအကဲ ဗိုလ်ချုပ်ကြီးဒိရှာဂါ(ဗ)ရွှန်နှင့် အပြန်အလှန် ပြောခဲ့ရပုံများကို ဖြစ်သည်။

ဤသည်ကို သူက အလက်ဆီအား ပြန်ပြောမိ၏။

"အကြမ်းဖက်သမားတွေဟာ ခုချိန်မှာ တော်သထက်တော်သာပြီ"

သူက ပြောလိုက်သည်။

"သူတို့အထဲကို သူလျှိုတစ်ယောက်ထည့်ပေးလိုက်ပေါ့ရှလမ်းလို့ မီရှာက ကျွန်တော့်ကိုပြောလာတယ်၊ ဟုတ်ပါပြီ ဗိုလ်ချုပ်ကြီးလို့ သူ့ကို ကျွန်တော်က ပြန်ပြောတယ်၊ ခင်ဗျားအတွက် သူလျှိုတစ်ယောက်ကို ကျွန်တော်ရှာမယ်၊ သင်ပေးမယ်၊နောက်သင့်တော်တဲ့ ဆန့်ကျင်ဘက်အဖွဲ့တစ်ခုထဲ ထည့်ပေးလိုက်မယ်၊ ခင်ဗျားပြောတာမှန်သမျှ ကျွန်တော်လုပ်ပေးမယ်၊ သူတို့ ပထမဦးဆုံးလုပ်မှာကို ခင်ဗျားသိရဲ့လား၊ အဲ့ဒီလိုပဲ ကျွန်တော်ပြန်မေးမိတယ်"

"ဘဏ်ကအစောင့်တစ်ယောက် ဒါမှမဟုတ် အမေရိကန်စစ်သားတစ်ယောက်ကို ပစ်သတ်ခိုင်းလိမ့်မယ်၊ ဒါမှမဟုတ်ရင် စားသောက်



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်မှာ ဖုံးထောင်ခိုင်းမယ်၊ ဒါမှမဟုတ်ရင်လည်း တစ်ယောက်ယောက်ဆီကို ဖုံးပါတဲ့ လက်ဆွဲသေတ္တာတစ်လုံး ပို့ခိုင်းမှာ ဒါကိုခင်ဗျားက လိုချင်တာလားဗျ၊ ဒီလိုဖြစ်အောင် ခင်ဗျား လုပ်ချင်တာလား၊ ဗိုလ်ချုပ်ကြီး သူလျှိုတစ်ယောက်ကို ထည့်ပေးပြီး ကျွန်တော်တို့ကို ရန်သူက သတ်ပေးတာ ထိုင်ပြီးကြည့်နေရမှာလား”

အလက်ဆီမျက်နှာပေါ်ဝယ် သဘောမပေါက်သော အထက်အရာရှိများကို ကရုဏာသနေသော သူတစ်ဦးအတွက် စိတ်မချမ်းမြေ့ဟန်ပြုံးလိုက်သော အပြုံးက ပေါ်လာ၏။

“အကြမ်းဖက်အဖွဲ့တွေဟာ သွားလေရာကို တစ်စုတစ်ဝေးကြီး သွားကြတာမဟုတ်ဘူးပေါ(လ်)၊ ဒီလိုပဲ မီရှာကို ကျွန်တော်ပြောလိုက်တယ်၊ သူတို့မှာ အတွင်းရေးမှူးတို့ လက်နှိပ်စက်စာရေးတို့ စကားဝှက်ဖော်တဲ့ စာရေးတို့ပါတာမဟုတ်ဘူး၊ သူတို့က ရန်သူအတွင်းကို စွမ်းစွမ်းတမံထိုးဖောက်ဝင်ဖို့ပဲ ရှိတယ်”

“ခင်ဗျားအနေနဲ့ ဒီအကြမ်းဖက်အဖွဲ့တွေကို ရှင်းချင်ရင် ခင်ဗျားကိုယ်၌ ကိုယ်ပိုင်အကြမ်းဖက်အဖွဲ့တစ်ခုကို လက်တွေ့ကျကျဖွဲ့ထားလိုက်မှဖြစ်မယ်လို့ သူ့ကို ကျွန်တော်ပြောပြလိုက်တယ် သူက ကျွန်တော်စကားကို နားထောင်မယ်တဲ့လား”

အလက်ဆီက ရှေ့သို့ ကိုယ်ကိုညွတ်လိုက်၏။ သူ့မေးခွန်းအန္တရာယ်အရိပ်အရောင်တို့မှာ မျက်လုံးဝယ်တောက်ပြောင်လာသည်။

“ဒါကို ခင်ဗျားလုပ်ခဲ့သလားဟင် ကတ်(ဇ)”

သူက တီးတိုးမေး၏။

ကတ်(ဇ)ကမူ ထုံးစံအတိုင်း ဇဝေလည်လည်နှင့်သာ အဖြေပေး၏။





“ကိစ္စတစ်ခုကို သတင်းပို့တယ်လို့သာ မှတ်ထားလိုက်ပါပေါ(လ်)ရယ်”

အရက်ရောင်းသူမှာ နားထောင်နေသော တေးသွားပြီးဆုံးသွားပြီဖြစ်၍ သူကဆိုင်တံခါးများကို ဆူညံစွာပင် လိုက်ပိတ်နေသည်၊ ကတ်(ဇ)၏ အကြံပေးချက်အရ ဟိုတယ်၏ဧည့်ခန်းသို့ပြောင်းကာ ဆွေးနွေးကြပြန်သည်။ သူတို့ဆွေးနွေးနေစဉ် အတောအတွင်းမှာပင် ကတ်(ဇ)မှာ သူ၏သံမဏိလက်ပတ်နာရီအဟောင်းကြီးကို နှစ်ကြိမ်မျှကြည့်၏။ ထို့နောက် အလက်ဆီအား ခွင့်တောင်းကာ တယ်လီဖုန်းဆက်ရန် ခပ်သုတ်သုတ်ထွက်သွားပြန်၏။

သူက ဂရိနိုင်ငံဒယ်(လ်)ဖီမြို့ရှိ ဟိုတယ်တစ်ခုသို့ ဆယ်နှစ်မိနစ်မျှ ဖုန်းဆက်၍ ပိုက်ဆံကိုပေးချေ၏။ ထို့နောက် ဂျေရုဆလင်သို့ဆက်ပြန်၏။ ဆက်သည့်နေရာသို့ မသိရချေ။

နံနက်သုံးနာရီ။ သုံးနာရီသာသာလောက်တွင် ဟိုတယ်အမှုထမ်းများက အမှိုက်ရှင်းရန် ရောက်လာကြ၏။ ကတ်(ဇ)နှင့်ပေါ(လ်)အလက်ဆီမှာမူ ဆက်လက်ဆွေးနွေးလျှက်ပင် ရှိပါသေးသည်။အရုဏ်တက်၍ အလင်းရောင်စတင်လာချိန်၌ အပြင်သို့ထွက်ကာ လက်ဆွဲနှုတ်ဆက်၍ လမ်းခွဲခဲ့ကြတော့၏။

အလက်ဆီမှာ စိတ်သစ်လူသစ်ဖြင့် အိမ်သို့သုတ်ချေတင်လာသည်။ မှတ်ဆိတ်ကျင်စွယ်ရိတ်၍ အဝတ်အစားများလဲ၏။ ရုံးသို့ရောက်သောအခါတွင်လည်း ပျော်နေဟန်ဖြင့် ရယ်စရာစကားများပြောနေပါသေးသည်။ ထို့နောက်တွင်မူ သူ၏သီးသန့်အတွင်းရေးမှူးအားခေါ်၍ ကတ်(ဇ)ပေးခဲ့သော သတင်းပူပူနွေးနွေးကို ရေးချစေတော့၏။ သူ့အတွက် လုပ်ကိုင်ခွင့်အာဏာများပေးရန်နှင့် ဆွစ်ဇာ



www.burmeseclassic.com

www.burmeseclassic.com



လန်တွင် ဤကိစ္စများလိုက်လံစုံစမ်းရေးအတွက် အသုံးပြုရန် ငွေကြေးရံပုံငွေများစွာထည့်ပေးရေးကိုပင် တောင်းဆိုခဲ့ပါသည်။

ထိုကာလအတောအတွင်းမှာပင် ဥရောပအနောက်ပိုင်း ဇီယွန်ဝါဒဆန့်ကျင်ရေးသမားအတွက် အစ္စလတန်ဘူ(လ်)မှ အစွန်းရောက်သမားများက ဖောက်ခွဲရေးပစ္စည်းများကို ထောက်ကူပေးလိုက်ကြောင်း အတည်မပြုသေးသည့် သတင်းတစ်ရပ်က ပေါ်လာသည်။ မကြာမီရက်အတွင်းမှာပင် ဖောက်ခွဲရေးလုပ်လိမ့်မည်ဟူ၍လည်းဆို၏။ ပစ်မှတ်မှာ ဂျာမနီပြည်တောင်ပိုင်းဟု ကောလာဟလ သတင်းများက ဆိုလာကြသည်။

နယ်ခြားစခန်းများနှင့် ရဲအဖွဲ့အသီးသီးသို့ တပ်လှန့်လိုက်ကြ၏။ ထို့နေ့မွန်းလွဲပိုင်းဝယ် အလက်ဆီမှာ သူ့ဆရာသမားများနှင့် တွေ့ဆုံဆွေးနွေးကြရသည်။ ညဘက်တွင်မူ ရှု(လ)မန်းဟု သူသိထားသူ ကတ်(ဇ)ထံသို့ ဖုန်းဆက်ပါတော့သည်။

"ကတ်(ဇ)ရေ သူတို့တော့ အဆော်ခံရပြီဗျို့"

သူက အင်္ဂလိပ်လိုပင် စိတ်လှုပ်ရှားစွာ အော်ပြောလိုက်၏။

"သူတို့ဟာ ဘာမှမသိကြဘူးဗျ၊ ကျွန်တော့်လက်ခုပ်ထဲက ရေဖြစ်နေပြီ"

သို့သော်လည်း အလက်ဆီသာလျှင် အဆော်ခံခဲ့ရပြီးကြောင်း ကတ်(ဇ)က ရှိမွန်အား မြူးနစ်မြို့တွင် ပြန်ပြောပါသည်။ သူ့အတွက်မူ ထိုလူများကို နိုင်နိုင်နင်းနင်း ထိန်းရန် အတော်ပင်လိုပေလိမ့်မည်။

"အဲ့ဒီကောင်မလေးကို ဂါဗရှန်က ဘာကြောင့် မြန်မြန်မဖော်ထုတ်သေးတာလဲ မသိဘူးကွာ"

ကတ်(ဇ)က သူ့နာရီကိုကြည့်ရင်း မပီမသရေရွတ်လိုက်၏။





"ဘာဖြစ်လို့လဲဆိုတော့ နောက်ထပ် လူတွေထပ်မသေစေချင်သို့ပေါ့ဗျ"

ရှိမွန်က အော်၍ ပြောသည်။

"ဒီဟာအတွက် ကျွန်တော် မခံစားရဘူးလို့ ခင်ဗျားထင်သသား၊ ခင်ဗျားကိုယ်တိုင်လည်း မခံစားရဘူးလို့ ခင်ဗျားထင်နေသလား"

ကတ်(ဇ)ကမူ ရှိမွန်အား တိတ်တိတ်နေရန်သာ ပြောလိုက်တော့၏။

⌘⌘⌘⌘



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၂)

တောင်ကုန်းထိပ်လေးမှာ ပန်းရန့်များဖြင့် သင်းပျံ့၍နေသည်။ ဂျိုးဇက်အတွက် သီးသန့်နေရာငလေးတစ်ခုပင် ဖြစ်တော့သည်။ ညှိနေရာအား ဂျိုးဇက်က မြေပုံတွင်ရှာ၍ ထွက်လာခဲ့ကြသည်။ ပထမတွင်ကားနှင့်လာပြီး တောင်ကုန်းပေါ်သို့မှ ချေလျှင်တတ်လာကြ၏။

မွန်းတည့်ချိန်သို့ပင် မရောက်သေးချေ။ ကုန်းတွင်းပိုင်းတွင် ညိုမှိုင်းမှိုင်းတောင်တန်းများက တစ်ထပ်ပြီးတစ်ထပ် တည်ရှိနေသည်။ အရှေ့ဘက်ဝယ် အေဂျီယန် ပင်လယ်ပြင်ကြီးမှာ ငွေရောင်သင်ဖြ တစ်ချပ်နှယ်ရှိ၍ ရေခိုးရေငွေ့များက ကောင်းကင်ရှိရာသို့ပင် တိုးထ လျက်ရှိပေ၏။





လေပြည်ထဲဝယ် ပန်းရန့်များနှင့်အတူ ပျားရည်ကမွှေးလှုက် ဘာရှိတော့သည်။ လေပြည်လေညင်းလေး တစ်ချက်က သူမ၏မျက်နှာ ပြင်သို့ တစ်ချက်ရိုက်ချတ်သွားသလို၊သူမ၏ အဝတ်အစားများကလည်း ခန္ဓာကိုယ်သို့ ကပ်သွားပါ၏။

သူမက ဂျိုးဇက်၏လက်မောင်းကို ဆုပ်ကိုင်ထားသော်လည်း သူက အတွေးထဲတွင် နစ်မွန်းနေသည့်အပြင် သတိပြုမိဟန်မတူ။ တ်ပေါက်ဝတစ်ခုတွင် ဒိမိထရီတစ်ယောက် ထိုင်နေသည်ကို သူမက မြင်မိ၍ ပြောစဉ် သူ့အားသွားနှုတ်မဆက်ရန် သူက ခပ်ပြတ်ပြတ် သတိပေးလာသည်။ တောင်ကုန်းအထက် ကောင်းကင်နောက်ခံနှင့် ရို(စ)၏ ကိုယ်အရိပ်အား တွေ့မိသည်ဟု ထင်၍နောက်တစ်ခါ ပြန်ကြည့်လိုက်စဉ် မတွေ့ရတော့ပါ။

သူမအဖို့ အိပ်ရာမှ စောစောနိုးလာစဉ် ရာချယ်အား မြင်ရ၏။ အပြာရောင် လက်ရှည်အင်္ကျီတစ်ထည်မျှ ဝတ်လိုကြောင်း သူမက ပြောမိ၏။ ထို့နောက် ရေချိုးခန်းသို့ဝင်ကာ ခပ်သုတ်သုတ် ရေချိုး၍ အိပ်ခန်းတွင်းသို့ ပြန်ဝင်လာခဲ့၏။

အခန်းထဲဝယ် ရာချယ်မရှိတော့။ ကုတင်ပေါ်ဝယ် ထိုင်နေသော ဂျိုးဇက်ကိုသာ တွေ့ရတော့သည်။ သူကမူ ရေဒီယို အသေးလေး ဖွင့်နေသော ဂရိသတင်းစဉ်ကိုနားထောင်လျက်ရှိပါ၏။ ဘေးတွင် တစ်ယောက်စာ နံနက်စာ လင်ဗန်းက ရှိနေသည်။

သူမက ရေချိုးခန်းအတွင်းသို့ ပြန်ပြေးတော့ရာ၊ တံခါးကြား မှ သူက အဝတ်ကို လှမ်းပေးလိုက်သည်။ စကားလုံးဝမပြောဘဲ နှုတ်ဆိတ်၍ နံနက်စာကို ခပ်သုတ်သုတ်စားကြသည်။ ဟိုတယ်ရှေ့ခန်းဝယ် ကောင်တာ သော့ကို ပေးချေပြီး သူက အိတ်အတွင်းသို့ မြေပုံကိုထည့်ထား



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

မာစီးဒီးကားပေါ်သို့ သူတို့၏ သေတ္တာများတင်စဉ် ဆံပင်ရှည်ရှည်နှင့် ရော(လ)ဆိုသည့် ဟစ်ပီပုံပေါက်နေသူတစ်ဦးမှာကား နောက်ဘက် ခြောက်ပေမျှအကွာတွင် လဲလျောင်းနေကြောင်းတွေ့ရ၏။ ရို(စ)ကလည်း ပေါင်မုန့်ကိုဝါးရင်း မြက်ခင်းပြင်ဝယ် ငြိမ်နေသည်။ ထိုနေရာတွင် သူတို့မည်မျှကြာအောင် ရှိနေကြပြီး အဘယ်ကြောင့် ကားကို စောင့်နေသည်ကို ချာလီတွေးကြည့်မိသည်။

မြို့ပျက်များရှိရာသို့ မိုင်အနည်းငယ်မျှ ဂျိုးဇက်က မောင်းလာ၏။ လမ်းတွင် ခေတ္တသာ တစ်ကြိမ်မျှ ရပ်သည်။ သူက အပိုလိုဘုရားကျောင်းနှင့် ဒိုရစ်တံတိုင်းကြီးကို သူမအားလိုက်ပြ၏။

ကားဆီသို့ ပြန်လျှောက်လာစဉ် သူက ကားသော့ကို ချာလီအား လှမ်းပေးသည်။

“ကျွန်မ မောင်းရမယ် ဟုတ်လား”

“ဘာဖြစ်လို့လည်းကွာ၊ ကားကောင်းတွေ ကြိုက်တတ်တဲ့ အားနည်းချက် မင်းမှာရှိတယ်လို့ ကိုယ်က ထင်ထားတာ”

မြောက်ဘက်ဆီသို့ ဦးတည်ကာ မောင်းလာကြ၏။ သူမက ကားကို ကျွမ်းကျင်စွာမောင်းလာနိုင်ပါသည်။ သူကမူ မြေပုံကိုကြည့်ပြီး သူ့ဘေးတံခါးအိတ်ပွင် ပြန်ထည့်ထားလိုက်၏။

“ကဲ...ချာလီတို့ ဇာတ်လမ်းပြန်စဖို့ အဆင်သင့်ပဲလား”

သူက မေးလာတော့သည်။

အစဦးတွင် သူတို့မှာ နော်တင်ဟမ်၌ပင် ရှိကြသေး၏။ နှစ်ညနှင့်တစ်နေ့မျှ ဟိုတယ်တွင်နေခဲ့ကြကြောင်း သူက ပြောသည်။ ဟိုတယ်မှ မှတ်ပုံတင် စာရင်းက ဤသည်ကို ဖော်ပြပါလိမ့်မည်။





“ဟိုတယ်က အမှုထမ်းတွေဟာ ချစ်သူစုံတွဲတစ်တွဲကိုတော့ သတိရမိကြမှာပဲ။ သူတို့ရဲ့အခန်းဟာ အနောက်ဘက်အစွန်းမှာရှိပြီး ...န်းခြံလေ့းကို လှမ်းမြင်ရတယ်”

အချိန်အတော်များများကိုမူ သူတို့နှစ်ဦးသားမှာ အိပ်ရာပေါ်မှာင် အချိန်ဖြုန်းကြကြောင်း သူက ပြော၏။ နိုင်ငံရေးအကြောင်း ပြောလိုက် ချစ်ပွဲဝင်လိုက်နှင့်သာ ရှိခဲ့ရသည်။ နော်တင်ဟမ်မြို့ပြင်သို့ ခေတ္တခဏသာ သွားကြည့်ပြီး ဟိုတယ်သို့အမြန်ပြန်လာတတ်ကြောင်းကိုလည်း ပြောပြ၏။

“ကျွန်မတို့ ချစ်ပွဲဝင်တာကို ကားထဲမှာဆိုရင် မဖြစ်ဘူးလား ...”

သူ၏ တည်ငြိမ်မှုရှိနေရာမှ လွတ်ကင်းအောင် သူမက ...လိုက်သည်။

“မီရှယ်ဟာ ဒီကိစ္စမျိုးမှာ ရှက်တတ်တယ်ကွ၊ သီးသီးသန့်သန့် ...တဲ့ အိပ်ခန်းထဲမှာပဲ သဘောကျတယ်”

တနင်္လာနေ့ နံနက်စောစောဝယ် မီရှယ်က လန်ဒန်သို့ပြန်သွားကြောင်း ဂျိုးဇက်ကပြောပြ၏။ချာလီမှာမူ လွမ်းတသသဖြင့် ဟိုတယ်၌ပင် ကျန်ရစ်ခဲ့ကြောင်း။

“အဲ့ဒီနေ့ဟာ မိုးမှောင်ကျနေတဲ့ နေ့တစ်နေ့ပဲ၊ မိုးကလည်း ...နေတုန်းပဲ၊ ရာသီဥတုကို မင်းသတိရနော်၊ ပထမတော့ မင်းဟာ ...ယောက်တည်း မရပ်တည်တော့နိုင်သလို တော်တော်ငိုရတယ် ...ရာထဲမှာ လှဲနေမိတယ်၊ သူ့ရဲ့ကိုယ်ငွေ့ကြောင့် အိပ်ရာဟာ ...ထွေးနေသေးတယ်လို့ မင်းထင်ပြီး၊မင်းအသည်းတွေ ကြေမွမိတတ်...ရတယ်၊ နောက်တစ်ပတ်မှာ နယူးယောက်ကို သူလာနိုင်ဖို့



www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားပါ့မယ်လို့ မင်းကို သူက ပြောသွားခဲ့တယ်”

“ဒါပေမယ့် သူ့ကို မင်းရဲ့ဘဝတစ်လျှောက်မှာ ပြန်မတွေ့တော့ဘူးလို့ တွေးထင်ထားပြန်တယ်၊ ဒါဆိုရင် မင်းဘာလုပ်မှာလဲ”

သူမအဖို့ အဖြေပေးရန်ကိုမူ သူကခွင့်အရေးမပေးတော့

“မုန်ရှေ့ခုံမှာ မင်းက တစ်ယောက်တည်းခွေပြီး ထိုင်နေရတယ် မင်းရဲ့ ကိုယ်ခန္ဓာပေါ်က သူ့လက်ရာလေးတွေကို ငေးကြည့်နေမိတယ် မျက်ရည်တွေကလည်း တွေတွေကြီးကျလို့ပေါ့ နောက်မင်းက အံဆွဲကိုဖွင့်ပြီး ဟိုတယ်တံဆိပ်ပါတဲ့ စာရေးစက္ကူကိုယူတယ်၊ အဲ့ဒီမှာ ဟိုတယ်က ဘော(လ်)ပွိုင့် ဖောင်တိန်ပါပြီးသားပဲ”

“အဲ့ဒီမှာထိုင်ပြီးတော့ မင်းက သူ့ဆီကို စာရေးတယ်-စာမျက်နှာ ငါးရွက်ရှိတယ်၊ သူ့ဆီကို မင်းရေးခဲ့တဲ့စာတွေ အများကြီးထဲက ပထမဦးဆုံးစာပဲ၊ စိတ်ဆင်းရဲနေတုန်း မင်းဒီလိုပဲ လုပ်တတ်တယ်မဟုတ်လား၊ မင်းဟာ ခပ်မြန်မြန် စာရေးတတ်သူပဲ ဖြစ်တယ်”

“သူ့ရဲ့လိပ်စာရှိရင်တော့ ဒီလိုပဲဖြစ်မှာပေါ့”

“မင်းကို သူက ပဲရစ်မှာရှိတဲ့ လိပ်စာပေးသွားတယ်”

လိပ်စာကို ဂျိုးဇက်က ပြောပြသည်။ မီရှယ်ထံသို့ ကျေး ပြု၍ ပို့ပေးပါ။ မွန်ပါနာဆီရှိ ဆေးလိပ်ကုန်သည်တစ်ဦးမှတဆင့် ဖြစ်သည်။

“အဲ့ဒီညမှာပဲ အက်(စ)ထရယ် စီးပွားရေးနှင့် သီးသန့်ဟိုတယ် ကိုမင်းပြန်ရောက်တော့ စာထပ်ရေးသေးတယ်၊ နောက်တစ်နေ့ အိပ် နိုးလာတာနဲ့ စာထပ်ရေးသေးတယ်၊ မင်းဟာ တွေ့သမျှ စာရွက်တွေ အချိန်တိုးလိုလို စာရေးတော့တယ်၊ ပြဇာတ်အစမ်းကတဲ့အခါ အားလ တဲ့အချိန်တွေမှာ ပွင့်ပွင့်လင်းလင်းနဲ့ စွဲစွဲလန်းလန်းကို မင်းသူ့





ရေးတော့တာပဲ”

သူက သူမအား မျက်လုံးတစ်ချက် ဝေ့ကြည့်သည်။

“မင်း ဒီလိုပဲ လုပ်တယ် မဟုတ်လား”

သူက သေချာရန် ထပ်မေး၏။

“ဒီလိုစာတွေမျိုးကိုင မင်းတကယ်ပဲ ရေးခဲ့တယ်နော်”

ယောကျ်ားသားတစ်ယောက်အဖို့ သေချာပါသည် ဆိုနိုင်ရေး မည်မျှလောက် လိုအပ်ပါသနည်းဟု သူမက တွေးလိုက်မိ၏။ နောက်တွင်မူ မီရှယ်နှင့် ပြန်တွေ့ဆုံသည့်အကြောင်းများကို နှုတ် က်ချ၍ ဂျိုးဇက်က သင်ပြပေးနေပြန်သည်။

သူတို့က ဘုရားရှိခိုးကျောင်းလေး တစ်ခုအား ကျော်၍ င်းသွား၏။

“အရှိန်လျှော့ဦး”

သူက ပြော၍ မြေပုံကိုပြန်၍ ကြည့်သည်။

ဆဆဆဆဆ

သူက ခြေလှမ်းကို ခပ်သုတ်သုတ်လှမ်း၍ သွားသည်။ န်နေရာအရောက်တွင်မူ သူ၏ အနီရောင် ဘလေဇာကုတ်အကျႌ းချွတ်၍ ခေါက်ကာ မြေပေါ်သို့ချထားလိုက်သည်။ သေနတ်မှာ ၏ခါးတွင်ချိတ်ထား၏။ ဗယ်ဘက်ပခုံးတွင်လည်း နော်ဂူထပ် နတ်အိတ်တစ်အိတ်ကို စလွယ်သိုင်းချည်ထားသေးသည်။သို့သော် ည်း သေနတ်ကမူ မရှိချေ။



www.burmeseclassic.com

www.burmeseclassic.com

သူမ၏ လက်ကောက်ဝတ်မှဆွဲ၍ သူ့ဘေးတွင် ချာလီအား အာရပ်များပုံစံ ဆောင့်ကြောင့်ထိုင်ခိုင်းလိုက်လေ၏။

“ကဲ…တို့အဖို့ နောက်တင်ဟန်တို့ နယူးယောက်တို့ ခရီးတွေ တွေကို ကျော်ဖြတ်ခဲ့ပြီးပြီ၊ တို့ဟာ ဂရိပြည်ကို ရောက်နေပြီလို့သိပါ၊ တို့နှစ်ယောက်ဟာ ဒယ်ဖီမှာရှိတဲ့ ဟိုတယ်မှာ တစ်ညလုံးချစ်ပွဲဝင် ခဲ့ကြတယ်၊ အိပ်ရာအစောကြီးထပြီး မင်းက ကားမောင်းပြီးထွက် လာခဲ့ကြတယ်၊ မင်း ကားမောင်းတတ်တာကို ကိုယ်ကသိပြီးသား၊ မင်းကလည်း ကားကို ကျွမ်းကျွမ်းကျင်ကျင်ပဲ မောင်းတတ်တယ်”

“နောက်တော့ ဒီတောင်ကုန်းလေးဆီကို မင်းကို ကိုယ်က ထိုင်ခိုင်းပြီး သေနတ်ကို ဆွဲထုတ်လိုက်တယ်”

သူမက သူလုပ်ပြသမျှကို ကြည့်၍သာနေ၏။

“ဒီသေနတ်ကလေးရဲ့ ရာဇဝင်ကို ပထမဦးဆုံးအကြိမ် ကိုယ်က ပြောပြတော့မှာဖြစ်သလို”

သူ၏အသံက တိုးသွားသည်။

“ကိုယ့်ရဲ့ အစ်ကိုကြီးအကြောင်းကိုလည်း ပြီး ပြောပြ တော့မလို့ပဲ၊ ဒါတွေကိုဘာကြောင့် မင်းကိုပြောရသလဲဆိုတော့ မင်းကို ကိုယ်ချစ်လို့ပဲ၊ နောက်တစ်ချက်က..”

သူက စကားဖြတ်ထားလိုက်၏။

“တို့ရဲ့ လျှို့ဝှက်တဲ့ စစ်တပ်ကလေးထဲကို တိုက်ဖော်တိုက်ဖက် ရဲဘော်တစ်ယောက်အနေနဲ့ မင်းကို ဒီနေ့မှာ ပထမခြေလှမ်း အဖြစ် သွတ်သွင်းပေးမယ်လို့ ကိုယ်ရည်ရွယ်ထားလို့ပဲ မင်းရဲ့စာရေး အတွက် မင်းအနေနဲ့ ဘယ်လောက်သစ္စာရှိကြောင်း ပြချင်တယ်လို့ မင်းပြောခဲ့တယ် မဟုတ်လား၊ ဒီနေ့တော့ အဲ့ဒီလမ်းကြောင်း





…လျှောက် ပထမခြေလှမ်းအနေနဲ့ တို့စတင်လှမ်းကြရမယ်”

“ကိုယ့်ရဲ့အစ်ကိုကြီးဟာ ကိုယ့်ရှေ့မှာ ကြယ်တစ်လုံးအလား ထွန်းလင်းတောက်ပလို့ အလင်းရောင်ပြခဲ့ပြီ၊ တို့ရဲ့စခန်းယောက်ဖြစ် ခဲ့တဲ့ ကျော်ဒန်က တို့တက်ခဲ့ရတဲ့ကျောင်းဟာ ယင်ကောင်တွေ အလောင်းလောင်းနဲ့ သွပ်တဲကြီးပဲ၊ ကျော်ဒန်သားတွေရဲ့ တင့်ကားကြီး တွေနဲ့ မောင်းထုတ်လာတဲ့ အခါမှာ ဆီးရီးယားကို တို့ပြေးခဲ့ကြရ တယ် လက်ဘနွန်ကို တစ်ခါရောက်ပြန်တော့လည်း ပင်လယ်ထဲကနေ ပြီး ဇီယွန်ဝါဒီတွေက အမြောက်နဲ့ပစ်ပြန်ရော၊ လေယာဉ်ကလည်း ဗုံးကြဲချတယ်လေ၊ အဲ့ဒီနောက်တော့ အစ်ကိုကြီးဟာ အစ်မတော် …ဘာမာကနေတဆင့် ကိုယ့်ကို သူရဲကောင်းဖြစ်လာစေဖို့ သွန်သင် ပေးတော့တယ်”

သူမအနေဖြင့် နားထောင်မှု ရှိမရှိကို သူက မမေးတော့ချေ။

“သူ့ကို တစ်ခါတစ်ခါပဲ တွေ့ရတယ်၊ တွေ့ရင်လည်း … ကိုယ့် … လျှို့ဝှက်ဝှက်ကို တွေ့ရတာကွ၊ ဒမတ်စကတ်မှာ …လိုက်၊ …န်မှာ တွေ့ရလိုက်နဲ့ပဲ၊ ညဘက်မှာ သူ့ရဲ့စကားတွေကို …င်အောင်ထောင်ရတယ်၊ သူ့ရဲ့ နှလုံးသားထဲက မြင့်မြတ်မှုတွေ၊ …ပြတ်သားတဲ့ ခေါင်းဆောင်စိတ်ဓာတ်တွေ၊ သူ့ရဲ့ သတ္တိတွေ …ုံးကိုရောပဲ တစ်ညမှာတော့ သူက ကိုယ့်ကိုဘေရွတ်ကိုသွားဖို့ …ပေးတယ်”

“သူက ဖက်ဆစ်တွေအပေါ် အကြီးအကျယ် အောင်ပွဲခံလိုက် …တဲ့ ခရီးစဉ်လုပ်ငန်းတစ်ခုက ပြန်လာကာစပဲ၊ ကိုယ်ဟာ သူနဲ့အတူ နိုင်ငံရေးကို တကယ်အပြောကောင်းတဲ့ လစ်ဗျားလူမျိုးတစ်ယောက် ဆီကိုသွားပြီး သူ့ရဲ့ စကားတွေကို နားထောင်ရတယ်၊ ကိုယ့်ဘဝမှာ



www.burmeseclassic.com

www.burmeseclassic.com



တော့ အကောင်းဆုံးနဲ့ အချိုဆုံးစကားတွေပဲ”

သေနတ်မှာ သူ၏လက်ဖဝါးထဲသို့ ရောက်နေ၏။ သူမ ကိုင်တွယ်စေရန် သူက ထုတ်ယူလိုက်ခြင်းသာ ဖြစ်တော့သည်။

“တို့ ညီအစ်ကိုနှစ်ယောက်ဟာ စိတ်လှုပ်ရှားရလွန်းလို့ ရင်ခုန်သံနဲ့အတူ အဲ့ဒီလျှို့ဝှက်တဲ့ နေရာလေးက ပြန်လာခဲ့ကြတယ် ဘေရှုတ်မြို့ရဲ့ အရုဏ်ဦးအလင်းရောင်ကြားကပဲ အာရပ်ပုံစံ လက်မောင်းချင်း ပွေ့ဖက်ပြီးတော့ပေါ့၊ ကိုယ့်ရဲ့မျက်လုံးထဲမှာလည်း မျက်ရည်တွေပြည့်နေရတယ်၊ ရင်ခုန်သံတွေနဲ့အတူ ကိုယ့်အစ်ကိုက ရပ်လိုက်ပြီး ကိုယ့်ကိုပွေ့ဖက်ထားတယ်၊ တစ်ယောက်နဲ့တစ်ယောက် ပါးချင်းအပ်ထားမိတယ်၊ သူက ဒီသေနတ်ကိုထုတ်ပေးပြီး ကိုယ့် လက်ထဲ ထည့်ပေးလိုက်သည်။

သူက ချာလီ၏လက်ကိုယူ၍ သေနတ်အား ထည့်ပေးသည်၊ သို့သော် ချာလီ၏လက်ပေါ်မှ သူ၏လက်ဖြင့် အုပ်ထားသေး၏။

“ဒါဟာ လက်ဆောင်တစ်ခုပဲလို့ သူကပြောတယ်၊ခံစားရတဲ့ အတွက် ပြန်လက်စားချေဖို့၊ တို့ ပြည်သူလူထုတွေအတွက် လွတ်လပ်ရေး ကို တည်ဆောက်ပေးဖို့ တိုက်ပွဲဝင်ရဲဘော်တစ်ယောက်က နောက် တစ်ယောက်ကိုပေးတဲ့ လက်ဆောင်သေနတ်နဲ့အတူ အဖေ့ကိုတိုင်တည် ပြီး ငါသစ္စာဆိုခဲ့တယ်လို့ သူက ပြောတယ်၊ ကိုယ့်အဖို့ ဘာစကား မှ မပြောနိုင်ဘူးကွာ”

သူ၏ အေးစက်စက်လက်မှာ သူမလက်ပေါ်၌ပင်ရှိသေး၏။ သူမလက်ထဲသို့ သေနတ်အား ဆုပ်ကိုင်စေ၏။မိမိ၏လက်မှာ တုန်ရင် နေကြောင်း ချာလီက ခံစားလိုက်ရသည်။

“ချာလီ၊ ဒီသေနတ်ကလေးဟာ ကိုယ့်အတွက် မွန်မြတ်တဲ့





ည်းတစ်ခုပဲ၊ ဒီအကြောင်းကို မင်းကို ကိုယ်ပြောပြတာဟာ ကိုယ့် ကိုကို ချစ်လို့၊ကိုယ့်အဖေကိုချစ်လို့၊နောက် မင်းကိုချစ်လို့ပဲ၊ ခဏ ရင် မင်းကို ဘယ်လိုပစ်ရမယ်ဆိုတာ သင်ပေးမယ်၊ ပထမဦးဆုံး တော့ သေနတ်ကို နမ်းလိုက်ပါဦး”

သူမက ပထမတွင် သူ့ကိုလည်းကောင်း၊ထို့နောက် သေနတ် လည်းကောင်း၊ စိုက်ကြည့်နေမိ၏။ သူ၏လက်တစ်ဖက်က သူမ၏ အား ပွေ့ဖက်ကာ မတ်တတ်ထစေသည်။

“တို့တစ်တွေဟာ ချစ်သူတွေပဲဆိုတာ မင်းသတိရပါတယ်နော်၊ တစ်တွေဟာ ရဲဘော်ရဲဘက်တွေ၊ တော်လှန်ရေးရဲ့ အလုပ်အကျွေး သူတွေပဲ၊ သူတို့နှစ်ယောက်ဟာ နှစ်ကိုယ့်တစ်စိတ်တည်း ရပ်တည် ရမယ်၊ ကိုယ်ဟာ သိပ်ပြီးစွဲလန်းချစ်ခင်တတ်တဲ့ အာရပ်တစ် က်ပဲ၊ စကားလုံးတွေနဲ့ အပြုအမူတွေကိုလည်း သဘောကျတယ် နတ်ကို နမ်းလိုက်ပါဦးကွာ”

“ဂျိုးဇက်ရယ်...ကျွန်မ မလုပ်နိုင်ဘူး”

သူမက ဂျိုးဇက်ဟူ၍သာ ခေါ်၍ပြောလိုက်ပြီး သူကလည်း က်အဖြစ်နှင့်ပင် ပြန်၍ပြောလာသည်။

“ဒီဟာက အင်္ဂလိပ်တွေရဲ့ လက်ဖက်ရည်ပွဲတစ်ခု လုပ်နေတယ် မင်းထင်နေလို့လား ချာလီ၊ မိရှယ်ဟာ လူချောလေးတစ်ယောက ပြီး ဒါကို ကစားစရာတစ်ခုလို လုပ်နေတယ်လို့ ထင်လို့လားကွ၊ ကျွားသားတစ်ဦးအနေနဲ့ ဒီသေနတ်ကိုပေးနေတုန်းမှာ သူက ယ်မှာ ကစားရမယ်လို့ သင်နေတယ်လို့ ထင်လို့လား”

သူက အကျိုးအကြောင်းခိုင်လုံစွာပင် ပြောလိုက်၏။

သူမက သေနတ်ကို စိုက်ကြည့်ရင်းမှပင် ခေါင်းယမ်းပြ၏။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း သူမ၏ ငြင်းပယ်မှုက သူ့အားစိတ်ဓာ မဆိုးစေပါ။

"နားထောင်စမ်းပါဦး ချာလီရယ်၊ မနေ့ညက ကိုယ်တို့ချ ဝင်နေတုန်း၊ မင်းမေးတယ်မဟုတ်လား၊ မီရှယ်ရေ..တိုက်ပွဲဝင်ရမေ စစ်မြေပြင်က ဘယ်မှာလဲလို့၊ ကိုယ်က ဘယ်လိုလုပ်ပြခဲ့တယ် တာရော မင်းသိပါတယ်လေ၊ ကိုယ့်ရဲ့လက်ကို မင်းရဲ့အသည်းနှ အပေါ်တင်ပြီး ကိုယ်ကပြောခဲ့တယ်၊ တို့ဟာ တိုက်ပွဲဝင်နေကြတယ စစ်မြေပြင်ဆိုတာကလည်း ဒီနေရာမှာပဲလို့လေ၊ မင်းဟာ ကိုယ့် နောက်လိုက်ကောင်းတစ်ယောက်ပါ၊ မင်းရဲ့ခရီးစဉ်မှာ အပမ်းမ ခဲ့ဘူး"

သူမက ခေါင်းခါလိုက်၏။

"မင်းဟာ တို့ရဲ့ မြင့်မြတ်တဲ့ စစ်ပွဲမှာ ပထမဆုံး သေန တစ်ချက် ဖောက်ဖို့ဖြစ်လာပြီ၊ သေနတ်ကို နမ်းလိုက်ပါ"

သူမက ခေတ္တမျှငြိမ်နေပြီးမှ ပြာနှမ်းနှမ်း သတ္တုအရောင်ထွ နေသည့် သေနတ်ပြောင်းပေါ်သို့ နှုတ်ခမ်းဖြင့် ဖိနမ်းလိုက်၏။

"ဒါဆိုရင် ခုချိန်ကစပြီး ဒီသေနတ်ကလေးဟာ တို့နှစ်ယော ရဲ့ တစ်စိတ်တစ်ဒေသဖြစ်လာပြီ၊ ဒီသေနတ်ဟာ တို့ရဲ့ ဂုဏ်သိက္ခ တို့ရဲ့အလံတော်၊ ဒါကို မင်းယုံရဲ့လား"

"ယုံပါတယ်၊ဂျိုးဇော်ရယ် ဒါကိုယုံပါတယ် မီရှယ်ရယ်၊ဒီလို ထပ်မလုပ်ခိုင်းပါစေနဲ့တော့" ဟု သူမက စိတ်ထဲကပြောမိသည်။

သူမ၏ နှုတ်ခမ်းပေါ်ဝယ် သွေးများစွန်းထင်းလာသည့်အလား သူမ လက်ဖြင့် ပွတ်သပ်လိုက်၏။ သူမမှာ သူ့ကိုယ်ရော သူမကိုယ် ပါ မုန်းတီးလာမိသည်။ အရူးတစ်ပိုင်းလို ခံစားလာရသည်။





"သေနတ်ပုံစံက ဝေါ(လ်)သာ ပီ-ပီ-ကေပဲ"

သူ၏ ရှင်းပြချက်ကို ချာလီက ကြားလိုက်၏။

"မလေးဘူးဒါပေမယ့် ပြောင်းတိုသေနတ်တိုင်းမှာ ဖုံးကွယ် နိုင်မှု၊ လွယ်လွယ်ကူကူ သယ်နိုင်မှုနဲ့ ထိထိမိမိ အကျိုးသက် မှုဆိုတဲ့ တူညီချက်တော့ရှိတယ်၊ဒါဟာသေနတ်တွေ အကြောင်း က မင်းကို သင်ပြပေးတာပဲ၊ ဒီလိုပဲ သူ့ကို သူ့အစ်ကိုက ပြခဲ့တယ်"

သူမ၏ နောက်မှရပ်လျှက် တင်ပါးကို ပစ်မှတ်နှင့် ထောင့်မှန် သွားသည်အထိ သူက လှည့်ပေးလိုက်၏။ ခြေထောက်နှစ်ချောင်း ခွဲ၍ ရပ်ထားစေသည်။ ထို့နောက် ချာလီ၏ လက်အား က်ဖြင့် ထပ်၍ ကိုင်သည်။ မောင်းကွင်း အတွင်းသို့ သူမ၏ ညှိုးနှင့်အတူ ထိုးထည့်၏။ လက်ကိုမှ ရှေ့သို့ လုံး၀ ဆန့်တန်း သူမ၏ခြေထောက်ကြား မြေပြင်သို့ သေနတ်ပြောင်းအား စေသည်။

"ဘယ်ဘက်လက်ဟာ လွတ်နေပြီး သက်တောင့်သက်သာဖြစ် ယ်၊မျက်စိနှစ်လုံးစလုံး ဖွင့်ထား၊ သေနတ်ကို ပစ်မှတ်နဲ့မျဉ်း ြောတည်း ရောက်တဲ့အထိ ဖြည်းဖြည်းချင်းမ ယူလိုက်၊ဟုတ်ပြီ က ပစ်ဆိုတာနဲ့ နှစ်ချက်ပစ်ကြည့်၊ ခုတော့ လက်ကို ပြန်ချ ြီး ခဏနေဦး"

သူမက မြေပြင်သို့ ချောင်းစိုက်နေသည့်ပုံစံအတိုင်း သေနတ်ကို လိုက်၏။ သူက ပစ်မိန့်ပေးလာသည်။ သူ ပြောထားသည့် သေနတ်ကို တဖြည်းဖြည်းမြှောက်က၊ ခလုတ်ကိုညှစ်လိုက် ၊ သေနတ်သံကို မကြားရ။



www.burmeseclassic.com

www.burmeseclassic.com



"ခု တစ်ခါမှာလဲ..."

သူက ပြောကာ လုံခြုံရေးသော့ကို ဖြုတ်ပေး၏။

သူမက ပုံစံအတိုင်း ပြန်လုပ်သည်။ မောင်းကိုဆွဲလိုက် သေနတ်မှာ ကျည်ဆန်တစ်တောင့်ကလာထိသည့်အလား တုန်ခါ သွားသည်။ ဒုတိယအကြိမ်ပစ်လိုက်သောအခါတွင်မှ သူမ၏ရင်တွ ဝယ် စိတ်လှုပ်ရှားမှုတို့က ဖုံးလွှမ်း၍ သွားတော့သည်။ မြင်းတ ကောင်ကိုစီး၍ ပထမဦးဆုံးအကြိမ် ခုန်လိုက်စဉ်မှာကဲ့သို့လည်းကောင် ပင်လယ်တွင်းဝယ် အဝတ်မပါ ကိုယ်လုံးတီးဖြင့် ကူးစဉ်ကကဲ့သ လည်းကောင်း ခံစားရမိပါ၏။

သူမက သေနတ်ကို ပြန်၍ချသည်။ ဂျိုးဇက်တဖန် ပစ်ခိုင လိုက်၏။ သူမမှာ ယခုတစ်ကြိမ်တွင် ခပ်မြန်မြန်ပင် နှစ်ချက်မျှ မိသည်။ နောက်ထပ် အံမိန့်မပေးတော့ပဲ သူမက ဆက်တိုက်ပစ် တော့၏။ သေနတ်သံမှာ တောင်ကြားတစ်ခွင်တွင်လည်းကောင် အဝေးဘက် ပင်လယ်ပြင်ဆီသို့လည်းကောင်း ပဲ့တင်ထပ်၍သွား သည်။

ကျည်ဆန်ကုန်သွားသည်အထိ သူမကပစ်ပြီး ဘေးတွ သေနတ်ချကာရပ်နေတော့၏။ရင်ကခုန်လှသည်။အသက်ရှူလိုက် ပန်းရနံ့များနှင့်အတူ ယမ်းနံ့ကိုရမိ၏။

"ကျွန်မပစ်တာ ဘယ်လိုနေသလဲ.."

သူ့ဘက်သို့လှည့်၍ ချာလီကမေးကြည့်သည်။

"မင်း ဘာသာပဲကြည့်တော့.."

သူ့အားနေရာမှာပင်ထားခဲ့၍ ပစ်မှတ်အဖြစ်ထားခဲ့သော သံ တစ်ခွဲထံသို့ ပြေးသွားကြည့်၏။မယုံကြည်နိုင်ဖွယ်ရာ သူမ





ခိုက်ကြည့်မိတော့သည်။သံပုံးဝယ် ကျည်ဆံရာတစ်ခုမျှပင် မရှိပါ

"ဘာမှားလို့လဲရှင့်.."

သူမကပြန်အော်မေး၏။

"မင်းပစ်တာ လွဲသွားတယ်.."

ဂျိုးဇက်ကပြန်ဖြေရင်း သူမထံမှသေနတ်ကို ယူလိုက်သည်

"ကျည်ဆံထိပ်ဖူးမပါတဲ့ဟာတွေလား ဂျိုးဇက်.."

"မဟုတ်ဘူးကွ"

"ရှင်ပြောတဲ့အတိုင်း ကျွန်မလုပ်တာပဲဟာ.."

"အစမှာ မင်းအနေနဲ့ လက်တစ်ဘက်တည်းနဲ့မပစ်ရဘူး၊ ပေါင်တစ်ရာတစ်ဆယ်မျှရှိတဲ့ မိန်းကလေးတစ်ယောက်အဖို့ လက် ကောက်ဝတ်ဟာ ပျော့ပျော့ပျောင်းပျောင်းပဲရှိမှာပေါ့၊ရယ်စရာဖြစ်နေပြီ"

"ဒါဆိုရင် ဘယ်လိုပစ်ရမယ် ... ပြောပြပါဦး"

သူမ၏ လက်မောင်းကို ဖေး... ... အားဆီသို့ ...

"မင်းကို မိရှယ်ကသင်ပေးရင် မင်းဟာ မိရှယ်ရဲ့တပည့်ပဲဖြစ် ယ်။သူက လက်နှစ်ဘက်ကိုင်ပြီး မပစ်ဘူးကွ၊သူ့အကိုတော်ရဲ့ ပုံ အတိုင်းပဲ သူကလုပ်တာ။အစွရေးတွေသင်ပေးလိုက်တာပါလို့ မင်းကိုယ် ဆါမှာ စာတန်းဆွဲပေးရမှာလား.."

"သူကဘာ့ကြောင့် နားမလည်ရတာလဲ..."

သူမကဒေါသတကြီးပြော၍ သူ့လက်မောင်းအားဖြစ်ညှစ်လိုက ၏၊

"ဘယ်လိုကြောင့် သူ့ဘာသာသူ မပစ်တတ်ရတာလဲရှင့်၊ ဘာဖြစ်လို့ ကိုယ့်ဘာသာကိုယ်မသင်တာလဲ"

"မင်းကို ကိုယ်ပြောခဲ့သားပဲ၊သူ့ကိုသူ့အစ်ကိုက သင်ပေးဝါ



www.burmeseclassic.com

www.burmeseclassic.com

တယ်လို.."

"ဒါဆိုရင် သူ့အစ်ကိုကရော သူ့ကိုမှန်မှန်ကန်ကန်ပစ်တတ်အောင် မသင်ပေးတာလဲ"

သူမအဖို့ အမှန်ပင်အဖြေကိုလိုချင်လှသည်။ သူမအဖို့ လှသားဆန်စွာပင် သိလိုစိတ်ရှိလာ၏။ ဤသည်ကို ဂျိုးဇက်က နားလည်ဟန်ဖြင့်ပြုံးကာ အလျှော့ပေးလာ၏။

"ခါလီဟာ လက်တစ်ဖက်တည်းနဲ့ပစ်ရတာလို့ သူကပြောတယ်လေ..."

"ဘာကြောင့်လဲ...."

သူမ၏အမေးကို သူက ခေါင်းခါ၍မဖြေပါ၊ ကားဆီသို့ သူတို့ပြန်လာကြသည်။

"ခါလီဆိုတာ သူ့အစ်ကိုနာမည်လား"

"ဟုတ်တယ်"

"ခါလီဆိုတာ ဟီဘရွန်ကို အာရပ်လိုခေါ်တာလို့ ရှင်ပြောခဲ့ပါလား"

သူက သဘောကျသွားပုံရ၏။

"နှစ်ခုစလုံးအမှန်ပဲကွ"

သူက ကားစက်ကိုနှိုးလိုက်၏။

"ခါလီဆိုတာ ကိုယ်တို့မြို့၊ ခါလီဆိုတာ ကိုယ်တို့ရဲ့အစ်ကို၊ စိတ်ဆွေဟာလဲ ခါလီပဲ"

"ခါလီ..."

သူမက ရေရွတ်ကြည့်၏။

"ဟုတ်တယ်..ခါလီတဲ့..."





သူက သဘောတူညီဟန်ဖြင့် ခပ်တိုတိုပင်ပြောသည်။

"ဒါကို မင်းသတိရနေပါ၊ သူက မင်းကို ပြောပြတာတွေအထဲမှာ ဒါလဲပါတယ်ဆိုတာ သတိရနေစမ်းပါ၊ မင်းကို သူတို့ပြောပြတာဟာ မင်းကိုချစ်လို့၊ သူ့အစ်ကိုကိုချစ်လို့၊နောက်ပြီး မင်းက သူ့အစ်ကိုရဲ့ သေနတ်ကိုနမ်းပြီး သူ့ရဲ့သွေးဖြစ်လာလို့ပဲ"

ဂျိုးဇက်က ကားကိုမောင်းကာ တောင်ကုန်းပေါ်မှပြန်ဆင်းလာကြသည်။ ချာလီအဖို့ သူမကိုယ်ကိုပင် သူမကပြန်၍ ဝေခွဲမရဖြစ်နေမိ၏။ သူမပစ်ခဲ့သော သေနတ်သံမှာ နားထဲဝယ် ကြားယောင်နေဆဲဖြစ်သည်။ သေနတ်ပြောင်းအား သူမ၏ နှုတ်ခမ်းဖြင့်ထိတွေ့ခဲ့သော အဆွေအတိုးအိုလံပ်(စ)တောင်ကုန်းအား သူမကို သူက လှမ်းပြခဲ့ပုံများမှာ မျက်စိထဲဝယ် မြင်ယောင်နေမိ၏။

ဂျိုးဇက်က ကားမောင်းနေစဉ် မိရှယ်၏ဘဝကို ဆက်၍ပြောနေသည်။ မိရှယ်၏အစ်မ ဖာတမာနှင့် သူ့ကိုအချစ်ကြီးပုံ၊သူ၏ အခြားအစ်ကိုများ သေဆုံးခဲ့ပြီဖြစ်ကြောင်း၊ သူ့ထံမှ လွတ်ရာလွတ်ကြောင်းကို သူမက ကြိုးစားကြည့်မိသည်။ မလွယ်လှပါ၊ချာလီမှာ ဂျိုးဇက်၏ ပခုံးပေါ်သို့သာ ခေါင်းကိုမှီချကာ ခဏတာမျှ စိတ်သက်သာရာ သက်သာကြောင်းကို ရှာလိုက်မိတော့သည်။

⌘⌘⌘⌘⌘

သက်ဆာလိုနီကာဟိုတယ်မှာ ရှေးဟောင်းဒေါ်တိုင်ကြီးများ မိုးခုံးကြီးများဖြင့် ဆောက်လုပ်ထား၏။ သူတို့၏အခန်းစုံအခန်း

www.burmeseclassic.com



ကြီးမှာ အပေါ်ဆုံးထပ်တွင်ရှိသည်။ ကလေးအတွက် ခြားထား အခန်းလေးတစ်ခုနှင့် ပေနှစ်ဆယ်အကျယ် ရေချိုးခန်းပါရှိသည်။

သူမက မီးဖွင့်လိုက်သော်လည်း သူကပြန်၍ အပိတ်ခိုင်းသည်။စားစရာများကို အခန်းသို့လာပို့ထားသော်လည်း မည်သူကမျှ မတို့ထိကြချေ။ ပင်လယ်ကွေ့သို့ လှမ်းမြင်နိုင်သော ပြတင်းပေါက်တစ်ခုလည်း ရှိလေရာ သူကထိုနေရာတွင်ရပ်၍ သူမကိုကျောခိုင်းရင်း လရောင်ဖြင့် စိမ်းလဲ့လဲ့အလင်းရောင်ဖြာနေသည့် ရေပြင်အား ငေးကြည့်လျှက်ရှိသည်။ ချာလီက ကုတင်ပေါ်ဝယ် ထိုင်နေ၏။ အခန်းမှာ အပြင်ဘက်လမ်းဆီမှ လွင့်ပျံ့လာသော ဂရိသီချင်းများဖြင့် ပြည့်လျှံနေပါသည်။

"ကဲ...ချာလီ"

"ကဲ...ချာလီ"

သူမက သူ့အပြောအတိုင်းပြန်ပြော၍ သူ့စကားကို စောင့်နားထောင်ကြည့်၏။

"မင်းသဘော မင်းဆန္ဒအလျောက်တော့ ကိုယ့်ရဲ့စစ်ပွဲလေးထဲဝင်လာပြီ၊ ဒါပေမယ့် ဘာစစ်ပွဲလဲ၊ ဘယ်လိုတိုက်ရမှာလဲ၊ဘယ်နေရာမှာလဲ၊ အကျိုးအကြောင်းကို မင်းကိုကိုယ်ပြောခဲ့ပြီးပြီ၊ လှုပ်ရှားပုံကိုလည်း ပြောပြခဲ့ပြီးပြီ၊ တို့မှာ ယုံကြည်မှုရှိလာတယ်၊ဒါကြောင့် တို့လုပ်ကြရမယ်..."

"ကြောက်ရွံ့စရာဆိုတာ ပြဇာတ်တစ်ခုပဲလို့ မင်းကိုကိုယ်ပြောခဲ့တယ်၊ ဒါပေမယ့် ကမ္ဘာလောကကြီးဟာ တရားမျှတရေးကို နားမထောင်ခင်မှာပဲ နားကွယ်ရာကို တစ်ခါတစ်လေပြသွားတတ်ကြတယ်"





"ကိုယ့်ရဲ့စာတွေထဲမှာ တို့ရဲ့အကြာကြီးဆွေးနွေးကြတဲ့အထဲ မင်းကိုလှုပ်ရှားမှုရဲ့ အထွတ်အထိပ်ကို ရောက်အောင်ခေါ်သွားဖို့ ကတိပြုခဲ့ဖူးတယ်၊ ဒါပေမယ့်ကိုယ်ဟာ ရှောင်ဖယ်မိတယ်၊ နေနေမိတယ် ခုညအထိပဲ၊ မင်းကို ကိုယ်ကယုံကြည်လို့ ကောင်းဖြစ်ပါလိမ့်မယ်ကွာ၊ ဒါမှမဟုတ်ရင်လည်း မင်းကိုသိပ် နားလည်အောင်လုပ်နေခဲ့ပြီး ရှေ့တန်းစစ်မျက်နှာကို မပို့ချင် ည်း ဖြစ်ချင်ဖြစ်နေမယ်၊ ဘာကမှန်သလဲလို့တော့ မင်းမသိဘူး၊ မယ့် ကိုယ့်ရဲ့လျှို့ဝှက်မှုကြောင့် မင်းဟာ တစ်ခါတစ်လေ ည်းမိမှာပဲ၊ မင်းရဲ့စာတွေထဲမှာ ဒါတွေထင်ဟပ်နေပါတယ်.."

စာတွေ သူမကတဖန်တွေးမိသည်။ အမြဲတမ်းစာတွေ ကြောင်းသာ ပြောနေပါကလား။

"ဒါဆိုရင် မင်းဟာ ကိုယ့်ရဲ့စစ်သားလေးတစ်ယောက် ဖြစ်လာရသလဲ၊ ခုည ကိုယ်တို့ဆွေးနွေးနေကြတာဒါပဲ၊ ဒီနေရာ ထိုင်နေတဲ့ကုတင်ပေါ်မှာ ဂရိနိုင်ငံကို တွက်လာတဲ့ ဗျားရည်ဆမ်း နောက်ဆုံးညမှာပဲ မင်းဟာကိုယ့် ကို နောက်တစ်ခါပြန်တွေ့ ာ သိပ်မသေချာတော့တဲ့အတွက် တို့ရဲ့နောက်ဆုံးညလည်း ဖြစ်နေမယ်"

သူကလှည့်၍ သူမနှင့်မျက်နှာချင်းဆိုင်ထိုင်လိုက်၏။

"မင်းဟာ သည်းသည်းယ ငိုရတယ်"

သူက ပြောသည်။

"ဒီညတစ်ညလုံး မင်းငိုရတယ်လို့ ငါထင်ပါတယ်၊မင်းကာ ကိုလက်ပြီး ထာဝရဘဝထဲခေါ်သွားဖို့ တောင်းပန်တယ်၊ဟုတ် နော်...မင်းကငိုတယ်၊ မင်းပုံနေတုန်းက ကိုယ်ကပြောတယ်။



www.burmeseclassic.com

www.burmeseclassic.com



အချိန်ကျလာပြီ မနက်ဖြန်ဆိုရင် မင်းအတွက်အခွင့်အလမ်းသာ[illegible] မယ်၊ မနက်ဖြန်မနက်မှာ မြင့်မြတ်တဲ့ခါလီရဲ့သေနတ်ကို တိုင်တည်[illegible] သစ္စာပြုထားတာကို အပြည့်အစုံ ရတော့မယ်၊ မင်းကို ကိုယ်က[illegible] တွေပေးနေတယ်၊ ပြောနေတယ်…"

သူက ပြတင်းပေါက်ရှိရာသို့ လှည့်ထွက်သွား၏။

"မင်းဟာ မာစီဒီးကားကိုမောင်းပြီး၊ ယူဂိုဆလပ်နယ်ခြား[illegible] ဖြတ်ရမယ်၊ မြောက်ပိုင်းကနေ ဩစတြီးယားနိုင်ငံထဲဝင်ရမယ်၊ အဲ[illegible] မင်းပစ္စည်းကို ယူလိမ့်မယ်၊ တစ်ယောက်တည်းသွားရမယ်နော်၊ [illegible] မင်းလုပ်မလား၊ မင်းဘာပြောမလဲ"

ချာလီက မတုန်မလှုပ်နှင့်ပင်။

ကြောက်ရွံ့စရာမရှိ၊ အန္တရာယ်အငွေ့အသက်မရှိ အံ့ဩ[illegible] မလို၊ ဤသည့်အချက်များကို သူကတစ်ခါတည်းနှင့် ဖျောက်[illegible] ပစ်လိုက်၏။ ကဲခုတော့ သူမကတွေးမိသည် အလုပ်လုပ်ဖို့အ[illegible] ရောက်လာပြီ၊ ချာလီရေ ကားမောင်းသွားရမယ့်အလုပ်တဲ့ အဝေး[illegible] ကိုထွက်သွားရမယ့်အလုပ်တဲ့၊ သူမက သူ့အားအံ့ကြိတ်ရင်း စိုက်ကြ[illegible] နေ၏။ လူတွေကို သူမက လိမ်ညာတိုင်းကြည့်သည့်အကြည့်နှင့်[illegible]

"ကဲ…မင်းသူ့ကို ဘယ်လိုပြန်ပြောမလဲ.."

သူက သူမအား အနည်းငယ်ပြောင်ချော်ချော် လေသံ[illegible] ပြောသည်။

"တစ်ယောက်တည်းနော်…"

သတိလည်း ပေးလိုက်သေး၏။

"နည်းနည်းဝေးတယ်ဆိုတာတော့ မင်းသိပါတယ်၊ ယူဂိုဆ[illegible] ဗီးယားနိုင်ငံကို ဖြတ်ပြီး မိုင်ရှစ်ရာခရီးပဲ၊ ပထမဦးဆုံးသွားရ[illegible]

မြတ်စာပေ



[illegible]နေနဲ့တော့ နည်းနည်းတော့ ထူးခြားပါတယ်၊ကဲ…မင်းဘာပြော[illegible]"

"ဘာပါဦးမှာလဲ…"

သူမက မေးသည်။

"ပိုက်ဆံလေ ခုမှ တကယ့်ဇာတ်လမ်းကို မင်းစရပြီ၊ကတ်(ဓ)[illegible]င်းကို ကတိပေးထားတဲ့အတိုင်း အားလုံးမင်းရမယ်…"

"ကားထဲမှာ ဘာပါလာမှာလဲလို့ ကျွန်မကမေးတာရှင့်"

သူက အဖြေမထွက်လာမီ သုံးမိနစ်ခန့်ကြာသွားသည်။

"ကားထဲမှာ ဘာပါရမှာတုန်းကွ၊ စစ်ရေးနဲ့ပတ်သက်တဲ့ [illegible]င်းတစ်ခုတစ်လေဖြစ်ရင်ဖြစ်မှာပေါ့၊ စာရွက်စာတမ်းတွေလေ [illegible]ထမဦးဆုံး လုပ်တဲ့နေ့မှာပဲ တို့လှုပ်ရှားမှုကြီးရဲ့ လျှို့ဝှက်ချက်မှန် [illegible] မင်းသိရမယ်လို့ မင်းထင်လို့လား…"

ခေတ္တမျှငြိမ်သွား၏။ သို့သော်လည်း သူကမဖြေ။

"မင်းကားကိုမောင်းသွားမှာလား၊ မသွားဘူးလား ဒီအကြောင်း [illegible]ယ်"

သူမမှာ မိရှယ်၏အဖြေပေးမှုကို မလိုလား၊ ဂျိုးဇက်၏ [illegible]ကားကိုသာ ကြားလိုလှ၏။

"သူက သူကိုယ်တိုင်ဘာကြောင့် မမောင်းသွားရတာလဲ"

"ချာလီ၊ လူသစ်တစ်ယောက်အနေနဲ့ အမိန့်တွေကို ပြန်မေး [illegible]တ်တာဟာ မင်းအလုပ်မဟုတ်ဘူး၊ မင်းအတွက် တုန်လှုပ် [illegible]ရင်…"

"ဒီဇာတ်လမ်းမှာ မင်းကနေတုန်း သံသယရတ်တရက်ဝင် [illegible]ဖြစ်လာရင် ဒီလူက မင်းကိုအားလုံးလွှမ်းမိုးသွားတော့မှာပဲ"

မြတ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီအချိန်မှာ မင်းမျက်စိအောက်က သူပျောက်သွား[illegible] မင်းသတ္တိမရှိတော့ရင် မင်းအတွက် ပြောစရာအလုပ် မဖြစ်တော့[illegible] ဆိုတာပဲ ရှိလာလိမ့်မယ်..."

ဒီလို သူဆိုသည်မှာ မည်သူများနည်းဟု သူမက တွေးကြ[illegible]၏။

"ရှင့်ကို ကျွန်မမေးနေတယ်လေ၊ ရှင်ကိုယ်တိုင် ဘာကြော[illegible] ကားမောင်းမသွားရတာလဲ မီရှယ်..."

သူက ပြတင်းပေါက်ရှိရာသို့ ကိုယ်ကိုတည့်သွား၏။ ဤသည[illegible] မှာ အဖြေမ[illegible] မိ သူ့စိတ်[illegible]ရ[illegible] ဒိပ်ရန်ဖြစ်ဟန်တူသည[illegible] ချာလီ[illegible] [illegible]င်မိသည်။

"[illegible]ရှယ်က မင်းကို[illegible]တယ်၊ ဒီထက်ပိုမပြောဘူး၊ကား[illegible] မှာ ဘာပဲပါပါပေါ့.."

သူရပ်နေသော နေရာမှ ရှေ့ကွက်လပ်တွင် ရပ်ထားသော ကားအား မြင်တွေ့နိုင်၏။ ဘေးဝယ် ဘောက်(စ)ဝက်ဂွန်ဘတ်(စ်) ကားလေးတစ်စီးရှိနေသည်။

အဲဒီဟာက တို့ကိစ္စကြီးနဲ့ ဆက်စပ်နေတယ်၊ အန္တရယ်လည်း ကြီးတယ်၊ မိုင်ရှစ်ရာခရီး အတောအတွင်းမှာ အဲဒီကားကိုမောင်းတဲ့ လူဟာ ဘယ်သူပဲဖြစ်ဖြစ် မိသွားရင် ဘာပဲပါပါပေါ့ကွာ၊ အတော် ကြီးလေးတဲ့ ရာဇဝတ်မှု ကျူးလွန်တာမျိုး ဖြစ်သွားမယ်၊ သံကမ္ဘာ ရေးရာအရာ [illegible] ပေးပေး ရှေ့ဂနေကောင်းတွေ ဘယ် လောက်ပဲ [illegible] ဒီလူ့ကိုမကယ်နိုင်တော့ဘူး၊မင်းအန္တရာယ်အတွက် မင်းကြည့်ဖို့[illegible]တယ်.."

သူက ဆက်ပြောပြန်၏။ မီရှယ်လေသံမျိုးတော့ မဟုတ်





[illegible]ချေ။

"မင်းဟာ မင်းဘာသာ ရပ်တည်နေတာနော်၊ မင်းဟာ [illegible]ထဲက လူတစ်ယောက်မဟုတ်ဘူး"

သမကလည်း ယခင်စကားကိုပင် ပြောလာ၏။

"သူကိုယ်တိုင် ဘာကြောင့် မောင်းမသွားတာလဲလို့ ကျွန်မ [illegible]တယ်၊ ဒီဟာအတွက် အဖြေကို ကျွန်မစောင့်နေတုန်းပဲ"

သူ့မှာ ပြင်းပြင်းထန်ထန်ပင် စိတ်အနှောင့်အယှက်ဖြစ်သွား [illegible] အော်ပြောတော့သည်။

"ချာလီ...ကိုယ်ဟာ ပါလက်စတိုင်း တိုက်ခိုက်ရေးသမား [illegible]သောက်ကွ၊ ကိုယ့်ကို အဲဒီလိုပဲ သိထားကြတယ်၊ ကိုယ်က [illegible]လက်မှတ်အတုနဲ့ ခရီးသွားနေရတာ၊ ဘာမှ အငြိအစွန်းမရှိ [illegible]ကိုယ်အားဖြင့် မင်းအတွက် ဒါတွေကြောင့်အန္တရာယ် မရှိဘူး၊ [illegible]လောက်ဆိုရင် မင်းအတွက် လုံလောက်ပြီလားကွ"

"အန္တရယ်ရှိတယ်လို့ ရှင်ပြောခဲ့သေးတယ်လေ"

"အမိပွါယ်မရှိပါဘူးကွာ၊ အန္တရာယ်မရှိပါဘူးလို့ မီရှယ်က သေချာအောင်ပြောပြီးပြီပဲ၊ သူ့အတွက်တော့ အန္တရာယ်ရှိရင် [illegible]ယ်၊ မင်းအတွက်တော့ မရှိပါဘူး"

"ကိုယ့်အတွက် ဒီကိစ္စကို လုပ်ပေးပါလို့"

မီရှယ်က ပြောခဲ့တယ်လေ။

"ဒါကိုလုပ်ပြီး ဂုဏ်ယူစမ်းပါကွာ၊ကိုယ်တို့ရဲ့အချစ်နဲ့ တော် [illegible]အတွက် ဒါကို လုပ်လိုက်စမ်းပါ၊ ကိုယ်တို့တစ်ဦးပေါ် တစ်ဦး [illegible]ထားခဲ့တာအတွက်ပါ၊ ကိုယ့်ရဲ့အစ်ကိုကြီးအတွက် လုပ်စမ်းပါ၊ အဓိပ္ပါယ်မရှိပဲ သစ္စာပြုထားခဲ့တာလား၊ မင်းကိုယ်မင်း



www.burmeseclassic.com

www.burmeseclassic.com



တော်လှန်ရေးသမား တစ်ဦးရယ်လို့ပြောပြီး အနောက်တိုင်း
သုံးသပ်ချက်တွေကို တောင်စဉ်ရေမရ ခံယူချက်မရှိပဲပြောခဲ့တာလား

သူက ခေတ္တမျှ စကားပြတ်သွား၏။

"ဒါကို မင်းလုပ်ပါ၊ ဘာဖြစ်လို့လဲဆိုတော့ မင်းမလုပ်
မင်းဘဝဟာ မင်းကိုယ်ကို ဂရိကမ်းခြေက ေါ်လာခဲ့တုန်းကထ
ပိုပြီး လက်ချည်းဗလာသက်သက် ပိုပြီးဖြစ်သွားရမှာမို့ပဲ"

"ပြဇာတ်ရုံက ခေါ်လာခဲ့တုန်းက စလို့ပါ"

သူမက သူ့စကားကို ပြင်ပေးသည်။

သူ့အတွက် သူမမှာ စိတ်အနှောင့်အယှက် ဖြစ်နေရ
သူမအား ကျောခိုင်းလျက်သားမှ မာစီဒီကားဆီသို့ အပေါ်မှငေးကြ
နေ၍ နေသည်။ သူ့မှာ ယခုအခါတွင် ဂျူးဇက်ဟူသော အစ္စ
မော့ဆက် အဖွဲ့သားတစ်ယောက်၏ ပင်ကိုယ်စိတ်ပြန်ရောက်နေချ
ဤမော့ဆက်လူငယ် ဂျူးဇက်တစ်ယောက်အဖို့ အပြစ်မဲ့လူသားများ
အသက်ကို ကယ်တင်ရေးအတွက် ကရုတစိုက် လှုပ်ရှားလုပ်ဆော
နေရသည် မဟုတ်ပါလား။

"ကဲ..ဒါဆိုရင် မင်းဒါတွေကို သံယောဇဉ်ဖြတ်လိုက်တော့
အိမ်ကိုပဲပြန်၊ တော်လှန်ရေး ပါလက်စတိုင်း၊ မီရှယ်နဲ့ အားလုံး
မေ့ပစ်ပြီး ပိုက်ဆံနည်းနည်းပါးပါး ယူပြီးသာ ပြန်တော့ကွာ"

"ဒီလိုမဟုတ်ရင်..."

"ကားကိုမောင်းသွားပေါ့၊ တစ်ယောက်တည်း မိုင်ရှစ်ရာခ
ကို သွားပေတော့၊ဘာလုပ်မှာလဲ..."

"ရှင်ကရော..."

"စိတ်ဓာတ်အရတော့ မင်းနားမှာပဲ ရှိနေမယ်၊ ဒါပေမယ်





ကို ကိုယ် အကူအညီမပေးနိုင်ဘူး၊ ဘယ်သူမှ မင်းကို အကူအညီ
နိုင်ဘူး၊ မင်းဘာသာမင်းပဲ၊ တစ်ကမ္ဘာလုံးက အကြမ်းဖက်အဖွဲ့
လို့ ခေါ်နေကြတဲ့ အဖွဲ့ထဲမှာ ဝင်ပြီး အသုံးတော်ခံပေတော့"

မီရှယ်၏ နေရာမှပြောနေပြီး သူ့စိတ်အလျဉ်က ဂျူးဇက်
ဖြစ်သို့ ပြန်ရောက်လာပြန်၏။

"မင်းကို လူတချို့ကတော့ စောင့်ရှောက်နေလိမ့်မယ် ဒါပေမယ့်
ခုအများအယွင်းဖြစ်သွားရင်တော့ သူတို့က ဘာမှလုပ်နိုင်ကြမှာ
တ်ဘူး၊အကျိုးအကြောင်းကို ကတ်(ဇ)က ကိုယ့်ဆီကို သတင်းပဲ
မယ်၊ ယူဂိုဆလားဗီးယားနိုင်ငံဟာ အစ္စရေးနိုင်ငံရဲ့ အပေါင်း
င်း ရောင်းရင်းကြီး မဟုတ်ဘူး"

သူမက အတွေးကြွယ်မိသည်။ သူက နောက်သို့ပြန်လှည့်
ာလီ၏အကြည့်ကို ရင်ဆိုင်၏။

"ကျွန်မတို့ပြောတဲ့ စကားမဆုံးသေးဘူးနော်"

သူ့ကို သူမက သတိပေးလိုက်သည်။

"ရှင့်ကို မီရှယ်အနေနဲ့ရော၊ ဂျူးဇက်အနေနဲ့ပါ ကျွန်မကမေး
ယ်၊ ကားထဲမှာ ဘာပါမှာလဲ၊ ဘယ်သူမဆို မောင်းလို့ရတဲ့
ကို ရှင်မောင်းခိုင်းတယ်၊ ကားထဲမှာ ဘာပါသလဲဆိုတာလဲ
သိချင်တယ်၊ ကဲ့...ခုပဲပြောပါ"

သူမအဖို့ အဖြေကိုစောင့်ရလိမ့်မည်ဟု တွေးမိ၏။ သူ့စိတ်
ငယ် စဉ်းစားချင့်ချိန်နေမည်မှာ နောက်ထပ် သုံးမိနစ်မျှ ကြာပေဦး
မျှော်လင့်မိသည်။ သူမ၏အထင်က လွဲသွား၏။

"ဖောက်ခွဲရေး ယမ်းတွေပဲ"

သူက ပြောတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ပေါင်ဝက်စီ ခွဲထုတ်ထားတဲ့ ရှရှားလုပ် ပလပ်စတစ်ယ… ပေါင်နှစ်ရာပဲ၊နောက်ဆုံးထုတ် ပစ္စည်းကောင်းပဲ၊ အပူရှိန်သိပ်ပြင်း… အလွန်အေးမှာကို သတိထားရမယ်"

"အို…ကောင်းပါပြီရှင်..ဒီလို အထူးကရုစိုက်ရမှာကိုပဲ ကျွ… ဝမ်းသာပါတယ်"

ချာလီက ခပ်ရွှင်ရွှင် ပြောလိုက်၏။

"ဘယ်နေရာမှာ ဂုက်ထည့်ထားသလဲ"

"ကားရဲ့နေရာအနံ့မှာ ခွဲထည့်ထားတယ်"

"ဘာအတွက် သုံးဖို့လဲ"

"တို့ရဲ့ ရန်းကန်လှုပ်ရှားမှုအတွက်ပဲ"

"ဂရိပြည်ထဲမဝင်ပဲ တစ်ခါတည်း ဥရောပတိုက်ထဲ… ဘာကြောင့် သွင်းမသွားရတာလဲရှင့်"

"ကိုယ့်အခ်ကိုက လျှို့လျှို့ဂုက်ဂုက်ဖြစ်ဖို့ကို သိပ်သတိထား… တယ်၊ ကိုယ့်ကိုလည်း ဒီလိုပဲ လိုက်နာစေတယ်လေ၊ သူယုံကြ… စိတ်ချတဲ့ အသိုင်းအဝန်းလေးက သိပ်သေးတယ်၊ ကျယ်ကျယ်ပြ… ပြန့်ဖြစ်လာအောင်လည်း သူလုပ်လာမှာ မဟုတ်ဘူး၊သူဟာ အာ… လူမျိုးကိုရော ဥရောပလူမျိုးကိုပါ မယုံဘူး၊ ကိုယ့်တို့က တစ်ကို… တည်းလုပ်တော့ သစ္စာဖောက်နိုင်တာကလည်း တို့ပဲရှိနိုင်တော့တ… မဟုတ်လား"

"ကျွန်မတို့ရဲ့ ရန်းကန်လှုပ်ရှားမှုအတွက် ဒီဟာကို ဘယ်… ပုံစံချပြီး လုပ်ရမှာလဲ…ရှင်ပြောပြနိုင်ပါ့မလား"

ချာလီက စိတ်လက်ပေါ့ပါးစွာနှင့်ပင် ပြန်မေးလိုက်သည်…

ဤအကြိမ်တွင်လည်း သူက နှောင့်နှေးမနေပါ။





"ဂျူးတွေကို သတ်ဖို့ ပါလက်စတိုင်းလူမျိုးတွေကိုနှင်ထုတ် …ခဲ့တဲ့ သူတို့ကိုပြန်အပြစ်ဒဏ်ခတ်ဖို့ပဲ၊ တို့ရဲ့ တုန်လှုပ်ချောက်ချား …ရာ ခွန့်စားမှုတွေကို တစ်ကမ္ဘာလုံးသိအောင် ကြားအောင် ကြေညာ …မယ်ကွ၊ ဒီလိုပုံစံနဲ့ အသိတရားတွေ အိပ်မောကျနေတဲ့ လူသားထုကို …သစေမှာပဲဖြစ်တယ်"

သူ၏စကားကို တဖန် စဉ်းစားစရာမလိုဟန်ဖြင့် ပြောလိုက် …သည်။

"အင်း..ကြည့်ရတာကတော့ အကျိုးအကြောင်း ခိုင်မာလှပါ …တယ်ရှင်"

"ကျေးဇူးပါပဲကွာ"

"သြစတြီးယားပြည်ထဲကို ကျွန်မက ဒါတွေသယ်သွားရင် …နဲ့မာတီတို့အဖို့ တော်တော် သဘောကျစရာဖြစ်မယ်လို့ ရှင် …ထားတယ်ပေါ့လေ"

သူမက တချက်ရှိုက်လိုက်ကာ မတ်တပ်ရပ်၍ ပြတင်းပေါက် …သို့ လျှောက်သွား၏။

"ကျွန်မကို ဖက်ထားစမ်းပါလား ဂျိုးဇက်ရယ်…ဟင်း ကျွန်မ …တွေ မသွက်လှဘူး၊ တစ်ခဏအတွင်းမှာပဲ ကျွန်မအဖို့ အထီးကျန် …နေတယ်လို့ ခံစားမိလို့ပါ"

သူမ၏ ပခုံးအား လက်တစ်ဖက်က ပွေ့ဖက်၍လာ၏။ …ဇက်၏ ရင်ခွင်ထဲသယ်မှီရင်း သူမက တုန်ယင်နေမိ၏။သူ၏ …ယ်ပေါ်တွင်မှီလျှက်ကပင် ဂျိုးဇက်ဘက်သို့ ကိုယ်ကို လှည့်ကာ …ကြက်ထားလိုက်မိ၏။ ခဏချင်းမှာပင် သူမ၏ စိတ်အလျဉ်က …ပါးနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကားမောင်းထွက်သွားသည်နှင့် အန္တရာယ် ရှိလာနိုင်သည်ကို မြင်မိသည့်နောက်ဝယ် သူမ၏ ရှေ့တွင်ခရီးရှည်ကြီး တစ်ခုရှိသည်ကို လည်းကောင်း၊ လမ်းတစ်လျှောက်ဝယ် ဘုမသိ ဘမသိနှင့် တစ်ဖက်လူများအား တွေ့ရမည်ကိုလည်းကောင်း မြင်ယောင်လာလေတော့၏။ ဂျိုးဇက်က သူမကို လွှတ်ပြီးမှ ပြန်ခေါ်ပါဦးမည်လော ဟုတွေးမိသည်။ ဂျိုးဇက်ကိုယ်တိုင်ကလည်း မသိချေ။ သူက တစ်ချိန်တည်းမှာပင် အိပ်စက်ခြင်းနှင့် နိုးထခြင်းအား ပြုလုပ်နေသောသူသာ ဖြစ်ပေ၏။

သူမအား ဖက်ထားလိုက်ခြင်းက သတ္တိသွေးတော့မွေးဖွား စေပေသည်။

"ကျွန်မကို နားလည်ပါရှင်"

ဖက်ထားလျက်နှင့် သူမက ပြောလိုက်၏။

"မီရှယ်က မင်းကို လွှတ်လိုက်တယ်ဆိုရုံနဲ့ မလုံလောက်ဘူး မင်းက မသွားချင်ဘူးလားဟင်"

သူမက အဖြေမပေး။

"ကဗျာဆရာကြီးရှယ်လီရဲ့စကားကို ကိုယ်ပြောပြရမလား ကြောက်ရွံ့မှုဟာ ပြင်းထန်သော ချစ်စရာကောင်းတဲ့ တို့ဟာ သေခြင်း အဆင်သင့်ဖြစ်နေသလို သတ်ဖို့လည်း အဆင်သင့်ဖြစ်နေရမယ်ဆိုတဲ့ တိုတစ်ယောက်ကို တစ်ယောက် ပေးခဲ့တဲ့ ကတိတွေကို ပြန်သတိပေးဖို့ မှာလားကွယ်"

သူမက သူ၏ရင်ခွင်ကြားသို့ မျက်နှာကို အပ်ထားလိုက်သည်။

"ကျွန်မအနားမှာ ရှိနေပါ့မယ်လို့ ရှင်ကတိ ပေးခဲ့တယ်နော် ဂျိုးဇက်..."





သူမက သတိပေးပြန်သည်။

"ဩစတြီးယားမှာ မင်းကို ကိုယ်စောင့်နေမယ်"

သူမကို သိရန်ပြောသည်ထက် သွေးဆောင်ရန် သဘောရှိ၍ အား သူ့လေသံဝယ် တွက်ချက်၍ရသည်။

"ဒါဟာ မင်းကို မီရှယ်ကပေးတဲ့ ကတိပဲ၊ဂျိုးဇက်ဆိုတဲ့ ငါကလည်း ကတိပေးပါတယ်ကွာ"

သူမက သူ၏မျက်နှာကို လက်နှစ်ဖက်ဖြင့်အုပ်ကိုင်ပြီး လမ်းဆီမှအလင်းရောင်ဖြင့် သေသေချာချာကြည့်၏။ သူမအဖို့ အပြင်သို့ ထွက်ရန်သော်လည်းကောင်း၊ ဝင်ရန်သော်လည်းကောင်း ပြုလုပ်နိုင်သည့် တံခါးတစ်ချပ်တော့ ပိတ်ထားချေပြီဟု ခံစားရသည်။

စိတ်အားတက်ကြွမှုနှင့် ကြံသီးထ ကျောချမ်းမှုက တပြိုင်တည်းဖြစ်ပေါ်လာ၏။ ချာလီက ကုတင်ရှိရာသို့ လျှောက်သွားပြီး ထိုင်ချလိုက်သည်။ သူမအပေါ် ဖိစီးလာသော ယုံကြည်မှုတစ်ရပ်က သူမ၏ လေသံဝယ် ထင်ဟပ်နေ၏။ အလင်းရောင်ရှိရှိသမျှ အောက်ဝယ် တွေးတွေးဆဆဖြင့် လှည့်ပတ်ကစားနေသော လက်ကောက်ဆီသို့ မျက်လုံးက ရောက်သွားသည်။

"ရှင်ဆိုတဲ့ ဂျိုးဇက်ကရော ကျွန်မကို ဘာလုပ်စေချင်သလဲ"

သူမက မေးလိုက်၏။

"ပြောလေ..ဟင် ဂျိုးဇက်၊ ကျွန်မတစ်ယောက် ဒီမှာပဲ ဆက်နေပြီးအလုပ်ကို လုပ်ရမှာလား၊ပိုက်ဆံယူပြီး ပြန်ရမှာလား၊ရှင့်ရဲ့ ပုဂ္ဂိုလ်ရေးအရ ထင်မြင်ယူဆချက်က ဘာလဲ"

"အန္တရာယ်ကို မင်းသိပါတယ် ချာလီ..ဆုံးဖြတ်လေ"

"ရှင်လည်း ဒီလိုပါပဲ၊ ကျွန်မထက်တောင် ပိုသိသေးတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



သူတို့ကို ဇာတ်လမ်းစကတည်းက ရှင် သိထားခဲ့တာပဲ”

“ကတ်(ဇ)နဲ့ ကိုယ့်ဆီက ငြင်းခုန်သံတွေကို မင်းကြားပြီးပြီပဲ”

“ကျွန်မတို့က အပြစ်မဲ့ အသက်တွေကို ကာကွယ်ပေးနေတယ် ယမ်းဘီးလူးတွေကို ကျွန်မကပို့ပေးပြီးတော့ပေါ့၊ ယမ်းဘီးလူးတွေကို မပို့ပေးပဲ လူတွေရဲ့အသက်ကိုကာကွယ်နိုင်ဖို့ ဘယ်သူကများ မစဉ်းစားနိုင်ရတာလဲ၊ သူတို့တော့ မှားနေပြီလို့ ကျွန်မထင်မိတယ်”

“အားလုံးဟာ ဒီအတိုင်းဖြစ်သွားမယ်ဆိုရင်တော့ ကြာရှည်မှာ သူတို့ မှားကြမှာပဲ”

ဂျိုးဇက်က သူမကို ကျောခိုင်းလိုက်ပြန်ပြီး ပြတင်းပေါက်မှ ကြည့်နေ၏။

“ရှင်ဟာ မီရှယ်ဖြစ်ပြီး ဒီစကားပြောရင်တော့ လွယ်ပါတယ်”

လက်ကောက်အား တခြားဘက်တွင်ပြောင်းဝတ်ပြီး အကျိုး အကြောင်းနှင့် ဆက်ပြောသည်။

“ရှင်က ကျွန်မကို ခေါင်းညိတ်လာအောင် လုပ်ခဲ့တယ်၊သေနတ်ကို ကျွန်မနမ်းခဲ့ရတယ်၊ ခုလို မြန်မြန်ဆန်ဆန် သွားခဲ့ရတာအတွက် ကျွန်မမှာ ကာကွယ်နိုင်ဖို့ အချိန်မရှိတော့ဘူး၊ ဒါကို ကျွန်မတို့ ယုံကြည်မှုမရှိခဲ့ရင်လည်း ရှင့်ကိစ္စဟာ ပြီးခဲ့တဲ့ရက်တွေကပဲ မအောင်မြင်တော့ဘူး၊ ဒီလိုပဲ ရှင်က ကျွန်မကို လှုပ်ရှားစေပြီး သိမ်းသွင်းနိုင်ခဲ့ပါပြီလေ၊ ကဲ တစ်ယောက်နဲ့တစ်ယောက် ငြင်းခုန်ရတာတွေ အဆုံးသတ်ပါပြီ၊ ကျွန်မသွားပါမယ်”

လက်ခံဟန်ဖြင့် သူ၏ခေါင်း အနည်းငယ်ဆတ်လိုက်သည်ကို သူမက တွေ့ရ၏။





“နောက်ပြီး ရှင်ဟာ ဂျိုးဇက်ဆိုတဲ့ လူအနေနဲ့ပြောဦး ဘာများ ထူးခြားတာရှိမှာမို့လဲ၊ ကျွန်မက မလုပ်ဘူးဆိုရင်လဲ ရှင့်ကို ကျွန်မ ဘယ်တော့မှ ထပ်တွေ့ရတော့မှာ မဟုတ်ဘူး”

သူမအပေါ်တွင် သူက စိတ်ဝင်စားမှုမရှိတော့ကြောင်းကို အံ့အားသင့်ဖွယ်ရာ သတိပြုမိလိုက်၏။ သူ၏ ပခုံးနှစ်ဖက်က မြင့်သွားသည်။ သက်ပြင်းရှည်ကြီးတစ်ချက်ကို ထုတ်လိုက်၏။

အဝေးဆီမှ မိုးကုပ်စက်ဝိုင်းစွန်းသို့သာ သူက ခေါင်းမဂ့ည် တာမ်းငေးကြည့်နေဆဲ ဖြစ်ပါသည်။

သူက စကားပြောနေပုံရ၏။ သူမပြောခဲ့သမျှတွေကို ပြန်လည်ဆန်းနက်ပြောသည်ဟု ပထမတွင် ချာလီက ထင်မိသည်။ သို့သော်လည်း သူတို့တွင် ရွေးချယ်စရာနည်း မရှိတော့ကြောင်းကိုသာ သူက ရှင်းပြနေ၏။

“အဲ့ဒီမြို့ကလေးနဲ့ ပတ်သက်ပြီး မီရှယ်ဟာ သဘောကျပုံရတယ်လို့ ကိုယ်ထင်တယ်၊ ဂျာမန်တွေ အဲ့ဒီနေရာကို ရောက်လာတဲ့အထိ ဂျူး ခြောက်သန်းဟာ တောင်စောင်းဒေသတွေမှာ ပျော်ပျော်ရွှင်ရွှင်နေလာခဲ့ရတယ်။စာပို့လုပ်ငန်းလုပ်သူတွေ၊ကုန်သည်တွေ၊ဘဏ်သူဌေးတွေပဲ။ဘော်(လ)ကန်ဒေသကိုဖြတ်ပြီး စပိန်ကနေ လာခဲ့ကြတယ်။ ဂျာမန်တွေပြန်ထွက်သွားချိန်မှာတော့ သူတို့ဟာမရှိကြတော့ဘူး။ သူတို့ဟာ အစ္စရေးနိုင်ငံကို တွေ့ရှိဖို့ ခုလိုအသတ်ခံသွားကြရတာ မဟုတ်ပါဘူးကွာ”

သူမက အိပ်ယာထဲဝယ် လှဲလျောင်းနေ၏၊လမ်းမီးများ ငြိမ်းသွားသည်ကို ပြတင်းပေါက်မှနေ၍ ဂျိုးဇက်ကကြည့်နေဆဲရှိသည်။ ခေါင်းတင်ဆိုဖာပေါ်သို့ သူလှဲချလိုက်သံကို သူမကကြားမိ၏။သူမ၏

www.burmeseclassic.com



ကိုယ်ခန္ဓာနှင့်အပြိုင် သူကလှဲနေသည်။သူတို့နှစ်ဦးကြားတွင် ယူဂိုဆလားဗီးယားနိုင်ငံကြီးက ခြားနားနေတော့သယောင်ပင်။ယခင်အခါက လိုအပ်မှုရှိခဲ့သည်ထက် သူမကသူ့အားလိုလားနေမိသည်။သူမ၏ လိုလားမှုကို မနက်ဖြန်အတွက်ကြောက်ရွံ့မှုက ပို၍ကြီးထွားစေ၏။

"ရှင့်မှာ ညီအစ်ကိုမောင်နှမတွေ မရှိဘူးလားဟင် ဂျိုးဇက်"

သူမက မေးလိုက်၏။

"အစ်ကို တစ်ယောက်ရှိတယ်"

"သူကရော"

"၁၉၇၆ ခုနှစ် အာရပ်အစ္စရေး တိုက်ပွဲမှာကျသွားပြီ"

"မီရှယ်ကို ဂျော်ဒန်နိုင်ငံထဲ သွားစေခဲ့တဲ့ စစ်ပွဲပေါ့နော်"

သူမက ပြန်ပြောသည်။

အမှန်ကန်ဆုံး အဖြေတစ်ရပ်ကို သူ့ထံမှရရှိလိမ့်မည်ဟု သူမက မမျှော်လင့်ပါ။သို့သော်လည်း အဖြေမှာ သူထံတွင်ရှိကြောင်း သူမကသိသည်။

"ရှင်လည်းပဲ ဒီစစ်ပွဲမှာ ပါခဲ့သေးသလား"

"ပါခဲ့တယ်"

"အဲဒီ အရင်စစ်ပွဲမှာကော ဟင်၊ခုနှစ်ကိုတော့ ကျွန်မ မမှတ်မိတော့ဘူး"

"၁၉၅၆ ခုနှစ်စစ်ပွဲလေ"

"အဲဒီမှာရော"

"ပါခဲ့သေးတယ်"

"နောက်စစ်ပွဲမှာရော၊၁၉၇၃ ခုနှစ်စစ်ပွဲလေ"

"အင်း..."





"ဘာအတွက် ရှင်ကတိုက်ရတာလဲ"

ခေတ္တမျှငြိမ်သွား၏။

"၁၉၅၆ ခုနှစ် စစ်ပွဲမှာတုန်းက သူရဲကောင်းတစ်ယောက်ဖြစ်ချင် လို့၊၁၉၆၇ ခုနှစ်စစ်ပွဲကျတော့ ငြိမ်းချမ်းရေးအတွက်၊နောက် ၁၉၇၃ခုနှစ် စစ်ပွဲကတော့.."

သူ့မှာ မှတ်မိရန် အတော်ပင် ကြိုးစားနေရဟန်ရှိ၏။

"အစ္စရေး နိုင်ငံအတွက်ပဲ"

သူက ပြောလိုက်၏။

"ကဲ ခုရော၊ဘာအတွက်ခုအချိန်မှာ ရှင်ကတိုက်နေရတာလဲ"

အသက်တွေကို ကာကွယ်ဖို့ဟုပြောမည်မှန်း သူမကတွေးမိ၏။ သူမကတွေးမိ၏။ဤသို့ပင် သူတို့က ပြောပြခဲ့သည်မဟုတ်ပါလား။ မီးရာဒက်(ဘ)ကီ အကကိုကပြီး ခရီးသွားသမားများ၏ ပုံပြင်များကို နားထောင်၊ဤသို့ပင် ငြိမ်းချမ်းစွာနေလို၍ဟူသော ဖြေပေမည်။

"ဂျိုးဇက်ရေ.."

"ဟင်..ဘာလဲချာလီ"

"ရှင့် ကိုယ်ပေါ်ကပန်းကန်ပြားလောက်ရှိတဲ့ အမာရွတ်ကြီးက ဘယ်လိုရခဲ့တာလဲ"

အမှောင်ထဲဝယ် သူကငြိမ်နေ၏။

"မီးလောင်တဲ့ ဒဏ်ရာပါလို့ပြောရမှာပဲ၊တင့်ကားတစ်စီးထဲမှာ ကိုယ်ထိုင်နေတုန်း ဒီဒဏ်ရာကိုရခဲ့တာ"

"အဲဒီတုန်းက အသက်ဘယ်လောက်ရှိနေပြီလဲ"

"နှစ်ဆယ်..နှစ်ဆယ့်တစ်"

အသက်ရှစ်နှစ်အရွယ်တွင် အ(င်္ဂ)ဘာ(လ်)၏ ကလေ



www.burmeseclassic.com

www.burmeseclassic.com



တပ်မတော် အတွင်းသို့ ဝင်ခဲ့ပါသည်ဟူသော မိရှယ်အဖြစ်ကို တွေးမိ၏။

“ရှင့် အဖေကရော ဘယ်လိုလူလဲ”

သူမက မေးမိသည်။

“သူဟာ ရှေ့ဆောင်လမ်းပြခဲ့တဲ့ လူတစ်ယောက်ပဲ၊အစ္စရေး နိုင်ငံမှာ အစောဆုံးခြေချခဲ့တဲ့ လူတစ်ယောက်ပေါ့”

“ဘယ်က လာတာလဲဟင်”

“ပိုလန်က”

“ဘယ်အချိန်ကလဲ”

“၁၉၂၀ ခုနှစ်ကျော်ကပဲ”

“သူက ဘာအလုပ်လုပ်သလဲဟင် ဂျိုးဇက်”

“ဆောက်လုပ်ရေးလုပ်ငန်းသမားပဲ၊သူ့လက်နဲ့ ကိုယ်တိုင်လုပ်တယ်၊သဲတောင်ကြီးတစ်ခုကို မြို့ကြီးတစ်မြို့ဖြစ်စေခဲ့တယ်လေ၊အဲဒီမြို့က တဲအဗီးတဲ့၊ဆိုရှယ်လစ် စိတ်ဓါတ်ရှိတဲ့ လူတစ်ယောက်၊လက်တွေ့ဆန်တဲ့ လူတစ်ယောက်ပဲ၊ဘုရားသခင်ကို သိတ်မတွေးဘူး၊အရက်လဲ လုံးဝမသောက်ဘူး၊ပိုက်ဆံဒေါ်လာ နည်းနည်းပါးပါးကလွဲပြီး ဘာမှ မရှိတဲ့ လူတစ်ယောက်ပါ”

“ရှင်ကလည်း ဒီလိုပဲဖြစ်ချင်တာလား”

သူမက မေးကြည့်သည်။

သူက မည်သည့်အခါမှ ဖြေလိမ့်မည်မဟုတ်ဟု သူမကတွေးမ၏။သူအိပ်ပျော်သွားချေပြီ။

“မြင့်မြတ်တဲ့ အထက်ဘုံက ဆန္ဒကိုပဲ ကိုယ်ရွေးချယ်ခဲ့ပါတယ်”

သူက ခြောက်ကပ်ကပ်အသံဖြင့် အဖြေပေးလာပါ၏။သူကဝ





ရွေးချယ်ခဲ့လေသလား၊သူ့ကိုပဲ ရွေးချယ်ခဲ့လေသလားဟု သူမက တွေးမိသည်။အကျဉ်းအကျက်ကြားဝယ် ရှင်သန်လာစေရန် သူ့အားမွေးလာမှုအတွက် မည်သည့်ရွေးချယ်မှုဟု ခေါ်မည်နည်း။ရုတ်တရက် င် တိတ်ဆိတ်မှုက ကြီးစိုးလာသည်။သူမမှာ အိပ်ပျော်သွားချေပြီ။

ဓဓဓဓဓ



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

မာစီဒီးကားအနီးဘေးဝယ် အားလုံးက ရှိနေကြ၏။ ချာလီ၏ လက်မောင်းအား ကိုင်၍ ကားဘေးတွင် ဂျိုးဇက်က လိုအပ်သည်များ ကို ညွှန်ကြားလျှက်ရှိ၏။ ကားနံပါတ် အတုကိုလည်း လဲတပ်၍ေ သည်။

"ချာလီရေ..ဒါက မင်းအတွက် မီရှယ်က ပေးခဲ့တဲ့ စာရွ စာတမ်းအတုတွေနဲ့ ကားသော့.."

"ရို(စ)ရေ ကားတံခါး လက်ကိုင်ကိုလည်း လက်ဗွေရာ ဘာတွေမရှိအောင် သုတ်ပစ်လိုက်ဦး"

"ဟိုကားကြမ်းပြင်ပေါ်က စာရွက်လေးက ဘာလေးလဲရာ ဖယ်ပစ်လိုက်"





ဂျိုးဇက်မှာ အသေးစိတ်ညွှန်ကြားနေ၏။

ဆက်သွယ်ရေး ရေဒီယိုစက် တပ်ထားသော မှန်လုံကား ရှည်လေးမှာ အပြင်နံရံဘေးဝယ် ရပ်ထားသည်။ လေပူညင်းညင်း ကြားဝယ် အသံဖမ်းတိုင်လေးမှာ လှုပ်ခါလျှက်ရှိပေ၏။

မြူးနစ်မြို့ ကားနံပါတ်မှာလဲတပ်ပြီးဖြစ်သည်။ သံတမန်တံဆိပ် ခေါ်သို့လည်း ဂျာမန်အက္ခရာ 'ဒီ'ပုံသဏ္ဍာန် ညစ်မည်းမည်းတစ်ခုကို ဆပ်ကပ်ထားသေး၏။ မလိုအပ်သော အပိုင်းအစများက အစ အားလုံး ကိုဖယ်ပစ်ကြသည်။ 'မော့ဆက်' ဆရာကြီး ဘယ်ကာမှာ အမှတ်တရ ဖြစ်စေမည့် ပစ္စည်းများကိုပင် ထည့်ပေးထား၏။

အက်(ခ)ရိုပိုးလစ်သို့ သွားသော လမ်းညွှန်မြေပုံစာအုပ်အား တံခါးဘေးအိတ်ဝယ် ထည့်ထားပေးသည်။ ဆေးလိပ်ခွက်အတွင်းမှာ ပေါ့စ်သီးစေ့များ၊ ကားကြမ်းပြင်ပေါ်မှ ပန်းသီးအခွံများ၊ ဂရိနိုင်ငံလုပ် ချဲချောင်းတုတ်များ၊ စက္ကူစများပင် မကျန်ပါ။

ဒီဖယ်မြို့ရှိ ရှေးဟောင်းအဆောက်အုံများသို့ သွားကြည့်ခဲ့ ပြီးသော လက်မှတ်ဟောင်းနှစ်စောင်၊ အက်ဆိုရေနံကုမ္ပဏီထုတ် ဂရိပြည်လမ်းပြမြေပုံလည်း ပါသေး၏။ ဒက်ဖီနှင့်သက်ဆာလိုနီကာ ကြားလမ်းအား ဖော့ဖောင်တိန်ဖြင့် မျဉ်းကြောင်းဆွဲထားသေး၏။

ချာလီ သေနတ်စမ်းပစ် ကြည့်ရာနေရာဝယ် အာရဗစ်ဘာသာ ဖြင့် မီရှယ်၏ လက်ရေးလက်မှတ်နှစ်ခု၊ အနက်ရောင် ဆံပင်အချို့ ကပ်နေသော ဘီးတစ်ချောင်း၊ ဘီးသွားဝယ် မီရှယ်၏အကြိုက်ဆုံးသော ဂျာမနီလုပ် ခေါင်းလိမ်းဆီနံ့အား စွဲနေအောင် လုပ်ပေးထား၏။

မီရှယ်၏ ကိုယ်နံ့များ စွဲထင်နေစေသော ကားမောင်းသား ရေလက်အိတ်၊ မြူးနစ်မြို့ ဖရေးကုမ္ပဏီမှ ထုတ်လုပ်သော မျက်မှန်



www.burmeseclassic.com

www.burmeseclassic.com



အိတ်တစ်ခုလည်းပါသည်။ နယ်ခြားဝယ် ရာချယ်အား အသုံးပြု၍ မီရှယ်ကို တွဲခေါ်စဉ်က ထိုကဲ့သို့အိတ်များပါသွားပြီး နေကာမျက်မှန်မှာ ကျကွဲခဲ့ရသည်။

ထို့နောက် ချာလီ၏ အဝတ်အစား အသုံးအဆောင်ပစ္စည်းများကို ဂျိုးဇက်က စစ်ဆေးကြည့်သည်။

"သူ့စာတွေကရော..."

သူမက မေး၏။ ဂျိုးဇက်မှာ ခေတ္တမျှ ငြိမ်သွားသည်။

"သူ့စာတွေရေးရင် စွဲစွဲလန်းလန်းဖြစ်အောင် ရေးထားတဲ့စာတွေပဲ၊ ကျွန်မသွားလေရာ ယူသွားရမယ်လေ မဟုတ်လား"

"ဒါကို မီရှယ်က ခွင့်မပြုဘူး၊ သူ့စာတွေကို မင်းအခန်းက လုံခြုံတဲ့နေရာမှာ ဝှက်ထားဖို့နဲ့ နယ်စပ်ကိုဖြတ်လာရင် ယူမလာဖို့ကို တင်းတင်းကြပ်ကြပ် ပြောထားသွားပဲလေ၊ ဒါပေမယ်..."

"ဒါပေမယ့်...မင်းဟာ နေ့စဉ်မှတ်တမ်းစာအုပ် မထားတတ်ပေမယ့် ဒါလေးကိုတော့ ယူထားလိုက်"

စက္ကူပါး အကြည်ရောင်ဖြင့် ဖုံးထားသော စာအုပ်ကလေးတစ်အုပ်အား သူ၏အပေါ်အင်္ကျီအိတ်အတွင်းမှ နှိုက်၍ပေးသည်။ သူမက ယူ၍ အပေါ်ယံစက္ကူကိုခွာ၍ လှန်ကြည့်ရာ စာအုပ်အနောက်တွင် ခဲတံလေးတစ်ချောင်းပါသည်။

အတွင်းစာမျက်နှာဝယ် ရှဝီလီ၏ ဖန်တီးမှုလက်ရေးများကို တွေ့ရ၏။ မီရှယ်နှင့် သူမတို့တွေ့ပုံ၊သွားပုံ၊လာပုံစသည်တို့ကို နေ့စဉ်မှတ်တမ်းပီပီ ရေးထားပါသည်။ သူမက အံ့ဩမိသွား၏။ လက်ကိုင်အိတ်အတွင်းသို့ ထည့်ကာ ဖြတ်ကနဲ ပြန်ပိတ်ထားလိုက်တော့သည်။ သူမအတွက်ကား လက်အိတ်စွပ်ထားသော လက်ဖြင့် ဂျိုးဇက်က





ခွင့်ပေး၏။ သူမက ခပ်သုတ်သုတ်ပင် ကားအတွင်းသို့ ဝင်လိုက်သည်။

"စာရွက်ကို တစ်ခေါက်လောက် ပြန်ကြည့်လိုက်ပါဦး"

သူက အမိန့်ပေး၏။

"မလိုပါဘူးရှင်"

သူမက ရှေ့သို့ကြည့်နေရာမှ ပြန်ဖြေသည်။

"ကားနံပါတ်က...."

သူမက နံပါတ်ကို ပြောပြ၏။

"မှတ်ပုံတင်တဲ့နေကရော.."

သူမက တစ်လုံးမကျန်ပြန်ပြောလိုက်သည်။ ကားမှာ မြူးနစ်မြို့မှ ဆရာဝန်တစ်ဦး၏ ကိုယ်ပိုင်ကားဖြစ်သည်။ သူမ၏ လက်ရှိချစ်သူဖြစ်ကြောင်းပါ ပါ၏။

"အဲဒီဆရာဝန်က မင်းနဲ့အတူ ဘာကြောင့်မပါလာတာလဲ ဒီလို မီရှယ်ကမေးတယ်နော်၊ မင်း နားလည်ရဲ့လား"

သူမ နားလည်ပါ၏။

"အရေးကြီးတဲ့ ကိစ္စတစ်ခုကြောင့် မနက်ပဲ သက်ဆာလိုနင်ကာကနေပြန်သွားတယ်၊ သူ့အတွက် ကားကို ကျွန်မမောင်းလာဖို့ သဘောတူခဲ့တယ်၊ သင်တန်းပို့ချချက်တစ်ခုအတွက် အေသင်ကို ရောက်လာတာ၊ ကျွန်မတို့နှစ်ယောက် အတူတူလျှောက် ခရီးထွက်ခဲ့ပြီးပြီ"

"သူနဲ့ပထမဦးဆုံး ဘယ်လိုတွေ့ခဲ့ကြတာလဲ"

"အင်္ဂလန်မှာ.."

"သူ့ရဲ့ မိန်းမနာမည်ကကော..."

"ရိနာတဲ့..အဲဒီခွေးမကို ကျွန်မ မုန်းတယ်"



www.burmeseclassic.com

www.burmeseclassic.com

"ကလေးတွေကရော.."

"ခရစ္စတိုဖာနဲ့ ဒေါ်ရသီ၊ ရိုနာတီသာ ရှောင်သွားရင် ကလေးတွေအတွက် ကျွန်မက အလွန်ကောင်းတဲ့ မိခင်တစ်ယောက် ဖြစ်ရမယ်၊ကဲ...ခု ကျွန်မသွားချင်ပြီ၊ ဘာကျန်သေးလဲ"

"အေး..သွားတော့ကွာ"

သူမအား ဥရောပတိုက်ကိုဖြတ်၍ မိုင်ရှစ်ရာခရီးကို စစေခဲ့သည်။

"ကိုယ့်ကိုကိုယ် ယုံကြည်စိတ် သိပ်မလွန်စေနဲ့နော် ချာလီ"

သူက အကြံပေးလိုက်၏။ သို့သော်လည်း ယာဉ်ထိန်းရဲတစ်ဦးက ကားမောင်းလိုင်စင်အား စစ်ဆေးကြည့်ပုံ ကရုပြုဟန်မျိုးထက်တော့ မပိုပါ။

သူမက ထွက်ခွာနီး နှုတ်မဆက်ရန် ဆုံးဖြတ်မိ၏။ ဂျိုးဇက်သည်လည်း ထိုနည်းနှင်နှင်သာရှိ၏။

"ကဲ...ချာလီရေ..."

သူမက ကိုယ့်ဘာသာပြော၍ ကားစက်ကိုနှိုးလိုက်၏။

သူက လက်ဝှေ့ယမ်းလည်းမပြ။ ပြုံးလည်းမပြုံးပြပါ။"ကဲ.. ချာလီရေ.." ဟု သူကပြောကောင်းမည်ဖြစ်သော်လည်း သူမက မကြားမိ။

သူမမှာ လမ်းမကြီးသို့ရောက်လာပြီး နှစ်ကီလိုမီတာမျှ မောင်းခပြီးတွင် လမ်းညွှန်ဆိုင်းဘုတ်အဟောင်းတစ်ခုကို တွေ့ရ၏။ ယူဂိုစလားဗီးယားနိုင်ငံ ဟု ပြထားသည်။

လမ်းအတိုင်း သူမက ခပ်ဖြည်းဖြည်းပင် မောင်းသွား၏။ ဝမ်းမှာ ကျယ်လာပြီး ကားရပ်စခန်းတစ်ခုကို တွေ့ရ၏။ သူမက





အမိုးဖွင့် ပြိုင်ကားလေးတစ်စီးနောက်ဝယ် ဝင်ရပ်လိုက်သည်။ရှေ့ခန်းတွင် အမျိုးသားနှစ်ဦးက ထိုင်နေပြီး၊နောက်ခန်းတွင် အမျိုးသမီးနှစ်ဦးက ရှိနေသည်။

သူတို့မှာ ဂျိုးဇက်၏ လူများလေလားဟု တွေးမိသည်။ သို့မဟုတ် မိရှယ်၏ လူများပေလော၊ သို့မဟုတ် ရဲဘက်ကများလားလောကကြီးတွင် တစ်ဦးတစ်ယောက်သည် တစ်ဦးတစ်ယောက်ကိုတော့ ပိုင်ဆိုင်မှုရှိကြောင်းကို သူမ သင်ယူနေရချေပြီ။ မီးခိုးရောင်ယူနီဖောင်းဝတ် အရာရှိတစ်ဦးက သူမအား စိတ်မရှည်ဟန်ဖြင့်ရှေ့သို့တိုးလာရန် လက်ဝှေ့ယမ်းပြလိုက်၏။

သူမတွင် အားလုံးအဆင်သင့်ရှိနေပြီဖြစ်သည်။ စာရွက်စာတမ်းအတုများ၊ဖြီးဖြန်းရန် အချက်များ။

ﷺﷺﷺ

ဘုန်းကြီးကျောင်းအထက်ရှိ တောင်ကုန်းပေါ်မှ ရပ်နေသည့် ဂျိုးဇက်က အဝေးကြည့်မှန်ပြောင်းကို မျက်လုံးမှ ပြန်ခွာလိုက်သည်၊ ထို့နောက် စောင့်နေသော မှန်လုံကားလေးဆီသို့ လျှောက်သွားတော့သည်။

"အထုပ်ကိုပို့လိုက်ပြီ"

သူက ဒေးဗစ်ကို လှမ်းပြောလိုက်၏။

ဒေးဗစ်က ထိုစကားလုံးများကို အသံလွှင့်စက်အတွင်းသို့ သွင်းပေး၏။ ဤသတင်းမှာ ဆရာကြီးဘက်ကာထံသို့ ရောက်သွားသတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



“ကတ်(ဇ)က ဂုဏ်ယူနှုတ်ဆက်ပါတယ်လို့ ပြောတယ်”

ဒေးဗစ်က ပြန်ကြားချက်ကို ပြောပြ၏။သို့သော် ဆရာကြီးဘက်ကာကမူ မကြားသည့် သဘောဖြင့်ငြိမ်နေပါသည်။

⌘⌘⌘⌘⌘

ချာလီတစ်ယောက် နယ်ခြားအား အနေအောင့်အယုက်ကင်းမဲ့စွာဖြင့် ဖြတ်မသွားမီ ရှစ်နာရီခန့်ကပင် ရှိမွန်လစ်ဗက်က စောင့်ကြည့်နေခဲ့ပါသည်။ ‘မော့ဆက်’တို့သည် သူတို့၏ လှကေရီလေးအား ပစ်မယ်မထားပါ၊ ညနေ နှစ်နာရီခွဲ သုံးနာရီမှ ယခုအချိန်တွင်ရှိနေပြီဖြစ်၏။

အစောင့်များလည်း သုံးကြိမ်မျှ သူကလဲပေးပြီးဖြစ်သည်။

အဖွဲ့သားများမှာ ပျင်းရိငြီးငွေ့မှုမရှိကြချေ။ သူ့လူများ အမြဲတမ်းသတိရှိစေရန်နှင့်အချိန်အားတွင် အနားယူစေရန် သူကလုပ်ပေးရသည်။

သူ၏ ကွပ်ကဲရေးစခန်းအဖြစ် အသုံးပြုထားရာ ဟိုတယ်အိုကလေး၏ ပြတင်းပေါက်မှ လှပသော ကာရင်သီယန်ဈေးကွက်ကိုကြည့်နေ၏။ ထိုနေရာလေး၏ အဓိကကျသော နေရာများ အပြင်ဘက်တွင် စားပွဲများခင်းကျင်းထားသည့် စားသောက်ဆိုင်လေးနှစ်ခု။

ကားရပ်ရန်နေရာတစ်ခုနှင့် ရှေးဟောင်းရထားဘူတာရုံလေးတစ်ခုတို့ဖြစ်ပါသည်။ ရထားရုံပိုင်၏ ရုံခန်းအပေါ်ဝယ် ကြက်သွန်ဥတဲ့သို့ ပုံစံလိပ်ခုံးကြီးတစ်ခုက ရှိနေ၏။သူနှင့်ပိုနီးသော စားသောက်ဆိုင်၏ အမည်မှာ “ငန်းနက်”ဟူ၍ဖြစ်သည် ဒုတိယဆိုင်မှာ “လက်သမား၏လက်ရုံး”ဟူ၏။

ငန်းနက်ဆိုင်ရှေ့ဝယ် မိန်းခလေးနှစ်ဦးက လက်ဖက်ရည်

မြတ်စာပေ



ာက်ရင်း စားပွဲရှိရာ ရေးနေသောစာကို တခိခိရယ်၍ ကြည့်နေကြ၏၊ သူတို့၏တာဝန်မှာ ဈေးကွက်လပ်သို့ ဝင်လာသော ကားများနှင့်တ်သွားသော ကားများ၏နံပါတ်ကို မှတ်ယူရန်ဖြစ်သည်။

သူ၏ကျောဘက် ကားရပ်သည့်ကွက်လပ်မှ လင်းရိုဗာကင်းတွင်းဝယ် အင်္ဂလိပ်လူမျိုး စုံတစ်တွဲက ထိုင်နေကြသည်။သူတို့းလုံး၏ ခြေထောက်ကြားသို့မဟုတ် လက်လှမ်းမီရာဝယ် လက်နက် အဆင်သင့်ရှိ၏။ ကားအတွင်းရှိ ဆက်သွယ်ရေး ရေဒီယိုစက်မှာာ်(လ်) ဘက်သို့ သွားရာလမ်းအထက်ပိုင်း မီတာနှစ်ရာခန့်အဝေးရှိတ်သွယ်ရေး မှန်လုံကားကလေးနှင့် ဆက်သွယ်ထားပါသည်။

ရှိမွန်တွင် အမျိုးသားကိုးယောက်နှင့် မိန်းကလေးလေးယောက်၏၊ သူ့အတွက် ဆယ်ခြောက်ယောက်မျှရပါမှ လုပ်ရမည်မှာဆင်ပြေမည်ဖြစ်သော်လည်း သူက ကန့်ကွက်ပြောဆိုခြင်းမရှိခဲ့ပါ။

သူ့မှာ အပြေးအလွှား လုပ်ငန်းလုပ်ကိုင်ရန် မွေးဖွားလာလေသလားဟု တွေးမိသည်။ သူက တည်ငြိမ်လှ၏။ သူ၏ခန္ဓာကိုယ်စိတ်ပါ ငုပ်လျှိုးငြိမ်သက်နေပါသည်။

ခေါင်းစွပ်နားကြပ်ကိုစွပ်၍ စက်အတွင်းသို့ သူကပုံမှန်စစ်ဆေးအတိုင်း စကားပြောလိုက်၏။ တစ်စုံတစ်ဦးက အဖြေပေးလာ၏၊ သူတို့မှာ လူအများ အာရုံမစိုက်ရလေအောင် ဂျာမန်ဘာသာားဖြင့်ပြောကြ၏။ သူတို့အဖို့ အပေါ်ယံလုပ်ငန်းအဖြစ်ပြထားည်မှာ ဂရက်(ဇ)မြို့မှ ဆက်သွယ်ရေး ရေဒီယိုပါ အငှားကားလုပ်ဖြစ်၏။ ယခုအင်း(စ)ဘက်တွင် အခြေစိုက်ရဟတ်ယာဉ်ဖြင့် ကယ်ယ်ရေးလုပ်ငန်းတစ်ခုအဖြစ် ပြထားပါသည်။ လူတို့က ဆက်သွယ် လေလှိုင်းများကို ပြောင်းထားကြ၏။ ရှုပ်ထွေးမွေလီသော

www.burmeseclassic.com

www.burmeseclassic.com



ဆက်သွယ်ရေးအခေါ် အမျိုးမျိုးကို သုံးကြသည်။

ညနေ လေးနာရီတွင်မူ ချာလီ၏ မာစီဒီးကားက ကွက်လ… သို့ဝင်လာသည်။ ကားရပ်ရာနေရာရှိ စောင့်ဆိုင်းနေသူတစ်ဦး… အသံလွှင့်၍ ပို့လိုက်သည်။ သူမက ကားရပ်ရန် နေရာမရဖြစ်နေ… ဤနေရာတွင် သူမအား အကူအညီမပေးရန် ရှီမွန်က အမိန့်ထု… ထားသည်။ သူမ၏ အရှိန်အတိုင်း သူမရှိပါစေတော့၊ တိုင်းယ… သည့် ပက္ကလာ မိုးရွာသည်နှင့် အခန့်သင့်မဖြစ်စေပါနှင့်တော့။

နေရာတစ်ခုက လပ်သွားရာ သူမက ဝင်ရပ်လိုက်၏။ ကား… အတွင်းမှ ထွက်လာပြီး ကိုယ်လက်အကြောဆန့်သည်။ တင်ပါးနေရာ… အဝတ်အစားကို သပ်ကာ ပခုံးသိုင်းအိတ်နှင့် ဂီတာကို ကားနော… ခန်း ပစ္စည်းထည့်သည့်နေရာမှ ဆွဲထုတ်ယူ၏။ အဝေးကြည့်မှန်ပြော… နှင့် ရှီမွန်ကကြည့်နေရာမှ သူမက အဆင်ပြေလှသည်ဟု တွေးလို… မိသည်။

သ… ၂ပါ၏။ ကားတံခါးကို သော့ခတ်ကာ သော့… အိပ်ဇော်ပိုက် …င်းသို့ ထည့်ပြီး ရထားဘူတာရှိရာသို့ လျှော… သွားတော့၏။ သူ… …ည့်ဘက်မှ လှည့်မကြည့်။ ရှီမွန်က ဆက်… ကြည့်နေသည်။ … စကား့အရှေ့ဆိုမူ ဆိတ်တစ်ကောင်ဘော… မပြထားချေပြီ။ ခြင်သေ့တ… …သော … …တော့၏။

သူက စကားပြောခွက်အတွင်းသို့ ပြောလိုက်ရာ ဘစ်ဖော… အမိန့်ကို အတည်ပြုထားပြီးဖြစ်ကြောင်း အဖြေပေးလာသည်။ ဆ… သွယ်ရေးကားလေးအတွင်းမှ ပို့လိုက်သော စကားများအား မြူနီ… မြို့ရှိ အခန်းမှ တယ်လီပရင်တာစက်တွင် ငုံ့ကြည့်နေမည့် ကတ်… အား သူက မျက်စိထဲဝယ် တွေးမြင်မိ၏။ ကျေနပ်ပြုံး ပြုံးလိုက်ပုံ…





…သည်းကောင်း၊ သူ၏ လက်မောင်းတုတ်တုတ်ကြီးကို မြှောက်၍ …ရီကို လှည့်ပတ်ကစားနေမည့်ပုံကိုပါတွေး၍ ရပါသည်။

ညနေပိုင်းတွင် စောစီးစွာ ထွက်လာသော မြူနှင်းမှုန်များကို …ကြည့်နေရင်းမှ ရှီမွန်က တွေးမိ၏။ နောက်ဆုံးတော့ တို့တတွေဟာ …မှောင်ထဲကို ချဉ်းနင်းဝင်ရောက်နေပါပြီလား။

တစ်နာရီမျှ ကြာသွား၏။ အူဒီဟူသည့် ဘုန်းကြီးကငွေချေ… … ဘေးလမ်းအတိုင်း ဝင်ရောက်သွားသည်။ လုံခြုံသော အခန်းတစ်ခု …သို့အရောက် အဝတ်အစားကို လဲလှယ်ဝတ်ဆ… …။ ဒိန်း …လေးနှစ်ယောက်မှာလည်း ရေးနေသောစာပြီးပြီဖြစ်၍ တံဆိပ်ခေါင်း …စ်လုံး လိုလာချေပြီ။ သူတို့လည်း သွားရန်အချိန်တန်ပြီ။ အခြေ …နေအရပ်ရပ်ကို ရှီမွန်ကကြည့်ရင်း သဘောကျ…သည်။

ထွက်ခွာသွားသူများနေရာသို့ အစားထိုးပြန်ဝင်လာကြသည့် …ဝတ်ဟောင်း လျှော်ဖွပ်သောလုပ်ငန်းမှ ကားတစ်စီး၊ နောက်ကျနေ… … နေ့လယ်စာကို စားရန်လာသော ကားကြုံစီးသည့်ယောက်ျား …ဦး ကော်ဖီနှင့် မီလန်သတင်းစာကို လာဝယ်သော အီတလီလူမျိုး …ပ်သမားတစ်ဦး၊ အားလုံးက ကွက်တိပင်ဖြစ်သည်။

ရဲကားတစ်စီးက ကွက်လပ်အတွင်းသို့ ဝင်လာ၏။ ကားမောင်း …ရော၊ အဖော်ကပါ ကားသော့ကို မီးခိုးထွက်အောင်ပေါက်ထဲတွင် …ထားသည့် မာစီဒီးကားကို စိတ်ဝင်စားဟန်မပြကြ။ ခုနစ်နာရီ …လေးဆယ်တွင်မူ စောင့်ကြည့်နေသူများကြားဝယ် စိတ်လှုပ်ရှား …တစ်ရပ်နှင့် ကြုံရတော့၏။ ခပ်ဝဝ အမျိုးသမီးတစ်ဦးက တံခါး …အတွင်းသို့ သော့ကို ထိုးထည့်ဖွင့်ကာ ကားကိုမောင်းထွက်၏။ …၏ ကားအနီရောင် အော်ဒီအမျိုးအစားကားကို ဝင်ရပ်ထားလိုက်



www.burmeseclassic.com

www.burmeseclassic.com

တော့သည်။

ရှစ်နာရီအချိန်၌ စက်အားကောင်းသော မော်တော်ဆိုင်ကယ် တစ်စီးက ဖြတ်မောင်းသွား၏။ မည်သူမှ နံပါတ်ကို အမှတ်မထား လိုက်နိုင်ကြပါ။ နောက်မှထိုင်လိုက်လာသူမှာ ဆံပင်အရှည်နှင့်ဖြစ်… မိန်းကလေးတစ်ယောက်ဖြစ်နိုင်၏။ အပျော်ခရီးထွက်လာသော လူငယ် နှစ်ဦးကဲ့သို့ပင်။

"အဆက်အသွယ်ရရဲ့လား"

ရှီမွန်ကလစ်ဗက်က စကားပြောခွက်အတွင်းသို့ ပြောလိုက် သည်။

အဖြေက နှစ်မျိုးဖြစ်နေသည်။ သတိမထားလိုက်မိပါဟု တစ်ဦးက ဖြေသလို၊ သိပ်မြန်၍ အတိအကျမမှတ်မိပါဟု တစ်ဦးက ဖြေသည်။ သူတို့အား ရဲဖြင့် အဘယ်ကြောင့် ဖမ်းဆွဲမထားနိုင်ရမည် နည်း။ ရှီမွန်အမြင်က မတူ။ သူဆုံးဖြတ်ချက်အပေါ် လွှမ်းမိုးလာ သော ကြောက်ရွံ့မှုက သူက မပြောသော်လည်း ဤအကြောင်းကို ပထမဦးဆုံး ခေါင်းထဲဝင်လာ၏။ ခြင်္သေ့ကြီးကမူ အနံ့တော့ ရသွား ချေပြီ။ ပြန်ရောပြန်လာမည်တဲ့လား။

※※※※※

မော်တော်ဆိုင်ကယ်က ပြန်လာသည်။ အချိန်မှာ နံနက် ငါးနာရီခွဲပြီဖြစ်ကြောင်း ရှီမွန်၏ ညကြည့်နာရီ ဒိုင်ခွက်ကပြနေသည်။ သူ၏ ဟိုတယ်ပြတင်းပေါက်မှသာ စောင့်ကြည့်၍နေသည်။ ဆိုင်ကယ်…





…ဂျပန်လုပ်ဖြစ်ပြီး ဗီယင်နာမြို့မှတ်ပုံတင် နံပါတ်ဖြစ်သည်။ …ဆိုင်ကယ်က စက်ကိုသပ်ကာ ကွက်လပ်အတွင်းသို့လာ၏။ သားရေ …ဝတ်စုံနှင့် ခေါင်းကာဦးထုပ်ကို ဆောင်းထားသူက မောင်းလာသည် …ဆံရှည်ကိုယ်တော်လေးကမူ ဘောင်းဘီနှင့် ဆွယ်တာလက်ရှည်ကို …ဝတ်ထား၏။ ပဝါတစ်ထည်ကိုလည်း စီးထားသေးသည်။ သူတို့ …မာစီဒီးကားအနီး၌ ရပ်လိုက်၏။ သို့သော်လည်း သိပ်မနီးလှ။

"အဖွဲ့ကို စုလိုက်တော့"

ရှီမွန်က စကားပြောခွက်အတွင်းသို့ ခပ်တိုးတိုးပြောလိုက်၏။ …ဦးထံမှ ချက်ချင်းအကြောင်းပြန်လာသည်။ ထိုစုံတွဲမှာ ကြောက် …လာပြီး ထွက်ပြေးမည်ဆိုလျှင် ရှီမွန်အဖို့ နှစ်ခါမတွေးပဲ အမိန့် …ပေးလိုက်ပေမည်။ သို့သော်လည်း ဤသည်မှာ စစ်ဆင်ရေးတစ်ခုလုံး …အဆုံးသတ်သွားစေသလိုသာ ဖြစ်ပေလိမ့်မည်။

အဝတ်ဟောင်းလုပ်ငန်း တံဆိပ်ပါ ကားရှေ့ခန်းမှ အစ္စရေး …က သူတို့အား အပိုင်းပိုင်းပြတ်သွားအောင် ထွက်ပစ်ပေလိမ့်မည်။

သို့သော်လည်း ထိုစုံတွဲက ထွက်မပြေးကြပါ၊ အလွန့်အလွန်ပင် …ောင်းလေစွ၊ သူတို့က ဆိုင်ကယ်ပေါ်မှပင်ထိုင်၍ သူတို့ခေါင်းစွပ် …မေးသိုင်းကြိုးများကို ဖြုတ်၍ အတန်ကြာအောင်နေသည်။ …မော်တော်ဆိုင်ကယ်စီးသူများမှာ ဤကဲ့သို့ပင် လုပ်တတ်၏။ သို့သော် …နှစ်မိနစ်မျှသာ ကြာသည်။ သူ၏အဖွဲ့သားများက ကိုယ်ယောင် …ပျောက်ကြသေးသော်လည်း သူတို့က ဘေးပတ်ဝန်းကျင်ကားများနှင့် …ကို လှည့်ကြည့်၏။

ဆံရှည်ကိုယ်တော်က ဆိုင်ကယ်မှဆင်းလာပြီး မာစီဒီးကားကို …သွားသည်။ ကား၏ မီးခိုးထွက်ပေါက်အတွင်းမှ ပြူထွက်နေ


www.burmeseclassic.com

www.burmeseclassic.com



သော ကားသေ့ကို သူက သတိပြုမိသွားဟန်ဖြင့် ခေါင်း ဆတ်ကနဲ ညိတ်သွား၏။ သဘာဝအတိုင်းပင် ဖြစ်ပါသည်။ ရှိ ထင်သလို သူက ကားသေ့ကို နှိုက်မယူပါ၊ ဘူတာဘက်ရှိရေ သို့သာ ကားကိုကျော်ထွက်၍ သွားတော့၏။

ရေအိမ်မှ ပြန်ထွက်လာပြီး ဒုတိယအကြိမ်မြောက် မာစီဒီးကား ကို ဖြတ်ကာ သူ့အဖော်ရှိရာသို့ သွားသည်။ အဖော်ဖြစ်သူ ဆိုင်ကယ်ပေါ်မှာပင်ထိုင်နေသေး၏။ သူက အဖော်ဖြစ်သူကို စ တစ်ခွန်းနှစ်ခွန်းပြောအပြီးတွင် ခေါင်းစွပ်ဦးထုပ်ကို ချွတ်လိုက်၏ ခေါင်းကိုခါ၍ အလင်းရောင်ဘက်သို့ မျက်နှာအားလှည့်သည်။

"မင်းပါလား"

ဟု ရှိမ္ဗန်က တည်ငြိမ်စွာ တွေးလိုက်မိ၏။

ရော့(စ)စာနီဆိုသူပင် ဖြစ်ပါ၏။ ရှိမ္ဗန်က သူ့အား ကောင်း သိပါသည်။ သူ၏ မိန်းကလေးမိတ်ဆွေနှင့်ယောကျ်ားလေးမိတ်ဆွေ များ၏ အမည်ရော လိပ်စာပါသိထားရ၏။သူ၏ ရောမမြို့ လက်ျာသမား မိဘနှစ်ပါး၏ အမည်နှင့်လိပ်စာကိုလည်းကောင်း မီလန်မြို့ရှိ ဂီတာအကယ်ဒမီမှ သူ၏ လက်ဝဲဆရာသမား၏အမည် နှင့် လိပ်စာကိုလည်းကောင်း သိထားပြီးဖြစ်သည်။

သူ့အား ဂျေရုဆလင်က ကြာရှည်စွာကပင် သံသယရှိ သူဖြစ်၏။ ယခု သူပေါ်လာချေပြီ၊ ဘက်ဝိုဒီ(စ)ဘက်တွင် သူပါ လှုပ်ရှားခဲ့ပါပြီလား။ တခြားနေရာဒေသများတွင် ပါရှိသေး၏။ ရှိ အဖို့ ဤလူအား မည်ကဲ့သို့ အကောင်းဆုံးဖြစ်အောင်လုပ်ရန် အတွေး ရှင်းလှ၏။ သိပ်အချိန်မကြာတော့ ယခုတော့မဟုတ်ချေ။ သူတို့၏ ဓာတ်လမ်းကြီး ပြီးဆုံးသွားချိန်မှသာလျှင် ဖြစ်ပေလိမ့်မည်။





မောင်းသည့်နေရာဝယ် ထိုင်နေသူက ဆိုင်ကယ်ပေါ်မှဆင်း သည်။ သူကလည်း ခေါင်းစွပ်ကြီးကို ဖြုတ်နေ၏။ရော့(စ) က ဝင်ထိုင်သည်။ ပထမ ဆိုင်ကယ်မောင်းသူမှာ မိန်းကလေး ဦးသာ ဖြစ်တော့၏။

ရှိမ္ဗန်၏ မှန်ပြောင်းမှတဆင့် ထိုမိန်းကလေးမှာ ကိုယ်လုံး ယ်လှလှနှင့် လှပသူဖြစ်သည်။ ပဲရစ်မြို့အော်လေ လေဆိပ်မဲဒရစ် ဆွိဒင်သူ သူငယ်ချင်းမလေးထံသို့ ကတ်ပြားပါသော သေတ္တာ ဟုတ်၊ ဗုံးကိုယူလာခဲ့သူလေးလားဟု ရှိမ္ဗန်မတွေးလိုတော့ပါ။

ယခုအခါ သူမအဖို့ ရေအိမ်သွားရန်အလှည့်ဖြစ်၏။ ပစ္စည်း ထားသော သေတ္တာပုံးလေးအထဲမှ ပလပ်စတစ်အိပ်တစ်လုံးကို ၍ သူမ၏ ခေါင်းစွပ်ကို ရော့(စ)စာနီအား လှမ်းပေးလိုက်သည်။ လပ်ကိုဖြတ်၍ ထွက်သွားသည်။ မာစီဒီးကား၏ ကားသေ့ကို ၍ နှိုက်လေမလားဟု ရှိမ္ဗန်က စောင့်ကြည့်မိသော်လည်း သူမက သို့မလုပ်။

သူမမှာ မငြင်းနိုင်လောက်အောင် ဆွဲဆောင်မှုရှိသော လေးတစ်ဦးဖြစ်၏။ အလုပ်သမားရေးရာမှုးအဖို့ 'ကျ' သည်မှာ မဆန်းတော့ချေ။ ရှိမ္ဗန်ကမူ မှန်ပြောင်းအား ရော့(စ)စာနီ သို့ပြန်လှည့်ကြည့်သည်။ သူက ထိုင်လျှက်မှ တစ်စုံတစ်ရာကို ကိနေသည့်အလား တွေ့ရ၏။ ခပ်သဲ့သဲ့အသံတစ်ခုအား အမှန်ပင် နေရသည့်အလား နားထောင်နေသည်ဟု ရှိမ္ဗန်က တွေးမိသည်။

ထိုစဉ် ရထားတစ်စီး ပလက်ဖောင်းသို့ ထိုးဆိုက်လာ၏။ ရေပျက်နေဟန် မျက်လုံးနှင့် ခရီးသည်များက ဆင်းလာကြသည်။ ားကားနှစ်စီးက ဘူတာရှေ့သို့ ရောက်လာပြီး ရပ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ပိုင်ကားနှစ်စီးကလည်း ထွက်သွားချေပြီ။ ပင်ပန်းနွမ်းနယ် ရှိသော ခရီးသွားတစ်စု ရောက်လာပြီး ဘတ်(စ)ကားကြီးတစ်စီး သို့တက်ကြ၏။

ရှိမွန်မှာ ထိုကားအား သူမြင်ကွင်းရှိ ကားလမ်းပေါ်မှ ဆွဲ ပစ်လိုက်ချင်သည်။

သူတို့ မည်ကဲ့သို့လုပ်ကြမည်ကို သူ့အဖို့ မတွေးရ အသက်ကြီးကြီး အဘိုးကြီးအဘွားကြီး စုံတွဲမှာ ကားရပ်သ နေရာဝယ် ရပ်နေကြ၏။ သူတို့နောက်မှာမူ အဖော်လော သို့မဟု ကလေးထိန်းလောမသိ၊ အမျိုးသမီးငယ်တစ်ဦးကရှိသည်၊ သူ အညိုရောင်ဝတ်စုံနှင့် အညိုရောင်ဦးထုပ်ကို အနားကုတ်ချထား ဝတ်ထား၏။

လူအုပ်ကြားအတွင်းမှ ထိုမိန်းကလေးအား သူက သတိ လိုက်သည်။ လှပသော မိန်းကလေးတစ်ဦးပင်။ ခရီးဆောင်အိ တစ်လုံးအား ဆွဲကိုင်ထားသည်။ လူကြီးစုံတွဲက အငှားကားတစ်စီး လက်ပြ၍ ငှားလိုက်ရာ သူတို့နောက်မှ ကပ်လျှက် မိန်းကလေး ရပ်ရင်း ကားရောက်အလာကို စောင့်နေသည်။ ကားရောက်လာသ နှင့် အဘိုးကြီးစုံတွဲက ကားအတွင်းသို့ဝင်ရာ သူမက ဝန်စည်စလ များကို ကူညီ၍ တင်ပေး၏။ သူတို့၏ သမီးဖြစ်ကြောင်း ပေါ် နေပါသည်။

ရှိမွန်က မာစီဒီးကားရှိရာသို့ တဖန်ပြန်ကြည့်ပြီး မော် ဆိုင်ကယ်ရှိရာသို့ကြည့်သည်။ အညိုရောင်ဝတ်စုံနှင့် မိန်းကလေး သူ့အဖို့ တွေးကြည့်ပါမှ မိဘနှစ်ပါးနှင့်အတူ ကားနှင့်လိုက်သွား သာရှိတော့သည်။ သဘာဝကျပါသည်။ သို့သော်လည်း ပင်





နွမ်းနယ်ဟန်ဖြင့် ရပ်နေသော ခရီးသည်များအား ကရုစိုက်မိသည့် အချိန်အထိသာ ဖြစ်ပါသည်။

သူက ရုတ်တရက်ပင်သိလိုက်တော့၏။ ဤမိန်းကလေးမှာ သူ၏ မိန်းကလေးပါပေပဲ။ မော်တော်ဆိုင်ကယ်နှင့်လာသော မိန်းကလေးသာ ဖြစ်တော့၏။

သူမက ရေအိမ်အတွင်းသို့ဝင်ကာ အဝတ်အစား ကမန်းကတန်းလဲ၍ သူ့အား အရူးလုပ်လိုက်ချေပြီ။ သူမက ခရီးသည်များနှင့်အတူ ရောပါသွားပြီး ကွက်လပ်ကို ဖြတ်သွားသည်။ သူမက သော့ကိုထုတ်၍ မာစီဒီးကားအား ဖွင့်ကာ ခပ်တည်တည်ဖြင့် မောင်းထွက်သွားတော့၏။ အိပ်ဇောပိုက် အတွင်းမှ သော့ကလည်း အမြဲကလည်း အရောင်တလက်လက်နှင့်ပင်။

သူက ချက်ချင်းအမိန့်ပေးလိုက်၏။ ဟို့ရှေ့ကားအတွင်းမှ မိန်းကလေးနှစ်ဦးနှင့် အိုပယ်ကားဟောင်းကြီး အတွင်းမှ အူဒီတို့တ နောက်မှ လိုက်ပေတော့မည်။ အူဒီ၏ အဖော်တစ်ဦးကလည်း ရော(စ) ဘနီ၏ မော်တော်ဆိုင်ကယ်ထက်ပင် ပိုသစ်သောကားတစ်စီးနှင့် ရှိနေသည်။

အားလုံးထွက်ခွာ သွားကြပုံကို ရှိမွန်က ကြည့်နေတော့၏။ ကွက်လပ်ကြီးမှာ လုံးဝ ရှင်းသွားသလောက် ရှိပါသည်။ ဘူတာ၏ ချက်နာစာရှိ မီးလုံးကလည်း မှိတ်သွား၏။ တဂျုံးဂျုံး တဂျိုင်းဂျိုင်းနှင့် ငင်းတံခါးပိတ်သံကို ကြားလိုက်ရသည်။ စားသောက်ဆိုင်ကလေးန သည်သာ သက်ဝင်နိုးကြားလျက် ကျန်ရစ်ခဲ့တော့သည်။

နောက်ဆုံးတွင် သူကြားလိုသော သတင်းက နားကြပ်ငယ် ါလာ၏။ ကားမှာ မြောက်ဘက်သို့ ထွက်သွားချေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"လွိဂိုကရော ဘယ်ဘက်ကို သွားနေသလဲ"

သူကမေးသည်။ လွိဂိုဆိုသည်မှာ ရော့(စ)စာနိုအား မော့ဆက်မှ အမည်ဝှက်ပေးထားသော အမည်ဖြစ်သည်။

"ဗီယင်နာဘက်ကိုပဲ"

"ခဏနေဦး"

ရှိမွန်ကပြော၍ ခေါင်းစွပ်နားကြပ်ကို ချွတ်လိုက်၏။ ဤသို့ဆိုလျှင် သူ့အဖို့ပို၍ ခေါင်းရှင်းရှင်းနှင့် တွေးနိုင်ပေသည်။

သူက ချက်ချင်းပင် ဆုံးဖြတ်ရွေးချယ်ရမည်။ ဤသို့လုပ်တတ်ရမည်။ မော့ဆက်တို့အား သင်တန်းပေးထားသည် မဟုတ်ပါလား။ ရော့(စာ)နိုနှင့် မိန်းကလေးတို့နှစ်ဦးစလုံးနောက်သို့ လိုက်ရန်မဖြစ်နိုင်။

အတွေးအခေါ်အရဆိုလျှင် ဖောက်ခွဲရေးယမ်းများပါသွားသော ကားနောက်သို့ လိုက်ရမည်။ ဤသို့ဆိုလျှင် မိန်းကလေးနောက်သို့ သို့သော်လည်း...သူက တုံ့ဆိုင်းနေမိသည်။

ရော့(စ)စာနိုတစ်ယောက် လွတ်ထွက်သွားလျှင် ဖမ်းဆီးရမှုကြီးတစ်ခုကို လက်လွှတ်ရပေမည်။ အတန်ကြာသည့်အထိ သူက မဝေခွဲနိုင်အောင် ဖြစ်နေရ၏။

သူ၏ ခေါင်းစွပ် နားကြပ်အတွင်းမှ ဆက်သွယ်လာသော အသံကို ကြားရသော်လည်း သူက မသိကျိုးကျွံပြုကာ ယုတ္တိဗေဒနည်းဆန်ဆန် စိတ်ထဲဝယ် အလျင်အမြန် တွက်ချက်ကြည့်နေရသည်။ သူ့လက်တွင်းမှ ရော့(စာ)နို လွှတ်သွားရမည်မှာ သူ့အတွက် လုံးလက်သင့်မခံနိုင်အောင် ဖြစ်မိ၏။

ရော့(စ)စာနိုမှာ ဤကိစ္စဝယ် အရေးကြီးသော အဆက်အသွယ် တစ်ခုမအနေဖြင့် ရှိနေသေးသည့်တိုင်အောင်လည်း ကတ်(စ)





ကပြန်၍ ဆင်ခြေတက်ဦးမည်။ တစ်ဘက်မှ လူကို ဆွဲထားလိုက်ပါက အဲဒီလူမှာ ချာလီအား မည်ကဲ့သို့ ခေါ်ယူသွားနိုင်ပါမည်နည်း။ ဘဘက်မှလူကိုဆွဲထားလိုက်ပါက အဲဒီလူမှာချာလီအား မည်ကဲ့သို့ ခေါ်ယူသွားပါမည်နည်းဟု ရော့(စ)စာနို တစ်ယောက် ဗီယင်နာသို့ ရောက်သွားလျှင် ကြားတွင်အနှောင့်အယှက်မရှိကြောင်း ကျေနပ်သွားမည်။

ရော့(စ)စာနိုတစ်ယောက်မှာ အရေးကြီးသော အဆက်သွယ် တစ်ခုဖြစ်သလို၊ အရေးကြီးသော သက်သေလည်းဖြစ်နေသည်။ မိန်းကလေးသည် ကားများကိုမောင်းခဲ့သူ၊ ဗုံးများကို ခွဲခဲ့သူ၊ သူတို့၏ ဟောလှုပ်ရှားမှုကြီးမှ စစ်သည်တော်တစ်ဦးဖြစ်၍ ကတ်(ဇ)အနေဖြင့် သူမ၏ အနာဂတ်အတွက် စိမ်ကိန်းချလိုလိမ့်မည်။ ရော့(စ)စာနို အတွက် စောင့်နေနိုင်သေး၏။

ရှိမွန်က ခေါင်းစွပ်နားကျပ်ကို ပြန်တပ်လိုက်သည်။

"ကားနောက်ပဲလိုက်ကွာ၊ လွိဂိုကိုတော့ သွားပါစေတော့"

သူ၏ ဆုံးဖြတ်ချက်ချပြီးသည်မှ ပြုံးလိုက်မိသည်။ အခြေအနေကို ချက်ချင်းပင်သိရ၏။ အူဒိက ရှေ့မှမော်တော်ဆိုင်ကယ်ဖြင့် သူမ သွားရာလမ်းရှေ့မှ ကြိုသွားသည်။ သူ့နောက်မှာ မာစီဒီကားအိပယ်ကားမှာ နောက်မှလိုက်သွား၏။ သူတို့အားအမိန့်ပေးလိုက်သည်နှင့် အပြောင်းအလဲလုပ်နိုင်ရန် မိန်းကလေးနှစ်ဦး၏ ပိုရှေးကားကလည်း နောက်မှလိုက်သွားသည်။

မာစီဒီကားမှာ ဂျာမန်နယ်ခြားသို့ ရောက်သွားမည်ကို သူ့ဘာသာ သူမြင်မိ၏။

"ဘယ်လောက်နှုန်းနဲ့ မောင်းနေသလဲကွ"



www.burmeseclassic.com

www.burmeseclassic.com



ရှိမွန်က သူ၏နာရီကို မျက်လုံးတစ်ချက်ဝေ့ကြည့်ရင်း မေးသည်။

ခပ်မှန်မှန်ပင် မောင်းနေကြောင်းကို အူဒီက သတင်းပြန်ပို့သည်။ဤအမျိုးသမီးမှာ ဥပဒေနှင့်ငြိစွန်းမိလိုဟန်မရှိ။ သူမ သယ်လာရသော ပစ္စည်းများကို အထူးကရုစိုက်နေပေလိမ့်မည်။

ဤကဲ့သို့ပင် သူမဖြစ်နေမည်ဟု ရှိမွန်က တွေးရင်း နားကျပ်ကိုချွတ်လိုက်၏။ ကိုယ်သာ ထိုမိန်းကလေးဖြစ်ပါက ငှင်းပစ္စည်းများသည် သူ့အား သက်တောင့်သက်သာ ရှိစေမည်မဟုတ်ပါ။

လက်ဆွဲအိတ်ကို ဆွဲ၍ အောက်ထပ်သို့ ဆင်းလာခဲ့၏။ သူ့အတွက် တည်းခိုစရိတ်လည်း ပေးပြီးဖြစ်သည်။ သူ၏ကွပ်ကဲရေးကားလေးမှာ ကားရပ်သောကွက်လပ်တွင် စောင့်ဆိုင်းလျက်ရှိ၏။

သူမအဖို့ မည်မျှ နားလည်ထားပါသနည်း။

သူတို့အဖို့ ရှာဖွေရန်မှာလည်း မည်မျှ အချိန်ကြာမည်နည်း။ အေးအေးသာထားစမ်းပါဟု သူကတွေးမိသည်။ ဆိတ်ကလေးကိုသာ ပထမဦးစွာ ကြိုးဖြင့်ချည်ပါစေတော့။သူ့စိတ်အလျင်က ကတ်(ဇ)ထံရောက်သွား၏။ ဟီဘရူးဘာသာဖြင့် သူ့အား ချီးကျူးဆုတောင်းမေတ္တာပို့မည့်အသံကို ကြားယောင်မိရင်း ပျော်ရွှင်မှုကို ခံစားလာမိသည်။

⌘⌘⌘⌘⌘

မြတ်စာပေ

အခန်း (၁၄)

သူတို့က ဂရက်(ဇ)မှ တဆင့် ဆော(လ)ဘဂ်သို့ လေယာဉ်ဖြင့် သွားခဲ့ကြ၏။ ချာလီမှာ ဂျိုးဇက်ဖြင့် ထိုမြို့တွင်တစ်ညနေပြီးနောက်တစ်နေ့တွင် ဒီမီထရီမှ မြူးနစ်သို့ လိုက်ပို့ပေးပါသည်။

သူမက ဓာတ်လှေကားအတွင်းသို့ စကားတစ်ခွန်းမှ မပြောပဲ ခင်လိုက်၏။အပေါ်သို့ အရောက်တွင် တံခါးရှိခေါင်းလောင်းအား ဒီမီထရီက နှိပ်လိုက်သည်။ ကတ်(ဇ)ကိုယ်တိုင် တံခါးကို ဖွင့်ပေးသာ၏။ သူ့နောက်ဝယ် ဂျိုးဇက်။ သူတော်စင် ခရစ္စတိုဖာကလေးငယ်တစ်ဦးအား ဆွဲချီထားပုံ ကြေးရုပ်ချပ်ကြီးတစ်ခုက ဂျိုးဇက်၏နောက်နံရံဝယ် ရှိနေသည်။

"ချာလီရယ် သိပ်ဟုတ်တဲ့ ဓာတ်လမ်းပဲကွာ၊ မင်းကိုယ်တိုင်လည်း သိပ်တော်ပါပေတယ်"

မြတ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကတ်(ဇ)က ပြောလိုက်သည်။

"ချာလီရယ် တကယ့်ကို အံ့သြစရာပါပေပဲ"

"သူ ဘယ်မှာလဲ"

တံခါးကို မှီနေသော ဂျိုးဇက်အား ကျော်၍ကြည့်ကာ သူမက မေးသည်။ ဒီမီထရီကမူ အခန်းအတွင်းသို့ ဝင်လိုက်မလာချေ။ သူမကို ပို့အပြီး အောက်ထပ်သို့ ဓာတ်လှေကားဖြင့် ပြန်ဆင်းသွားသည်။

"သူ နေရထိုင်ရတာ အဆင်ပြေပါတယ် ချာလီ"

ပွေ့ဖက်ထားရာမှ ကတ်(ဇ)က လွှတ်ရင်း ပြော၏။

"သူ့အတွက် ခရီးတွေ သွားနေရလို့ နည်းနည်းပင်ပန်းနေတာ ပဲရှိပါတယ်၊ ဒီလိုပဲ ဖြစ်တတ်တာပါပဲကွာ၊ ဒါပေမယ့် နေ့ထိုင်ကောင်း ပါတယ်၊ မျက်မှန်အမည်းလေ ဂျိုးဇက်..."

သူက ဆက်ပြောသည်။

"ချာလီကို မျက်မှန်အမည်း တစ်လက်ပေးလိုက်လေ၊ မင်းမှာ ရှိရဲ့လား၊ မင်းရဲ့ လှပတဲ့ဆံပင်လေးတွေကို ဖုံးဖိဖို့ ဒီမှာခေါင်းစည်း ပဝါ၊ ရော့...ယူထား"

အစိမ်းရောင် ပိုးသားပဝါလေးဖြစ်၏။ အတော်ပင် ကောင်းမွန် လှပါသည်။ ကတ်(ဇ)မှာ သူမအတွက် အဆင်သင့်ပင် သူ၏ အိတ်ထဲတွင် ထည့်ထားခဲ့၏။ သူနာပြုတစ်ဦး၏ ခေါင်းစည်းအလား မှန်ကြည့်၍ သူမက စည်းနေစဉ် ကတ်(ဇ)တို့ နှစ်ဦးက အနီးကပ်ကာ ရပ်ကြည့်နေကြသည်။

"ကြိုတင်ကာကွယ်မှု တစ်ရပ်ပေါ့ကွာ"

ကတ်(ဇ)က ရှင်းပြသည်။





"ခုကိစ္စမှာ တို့အတွက် သိပ်ကရုစိုက်လို့မရဘူး၊ ဟုတ်တယ် ဟုတ်လား ဂျိုးဇက်"

သူမ၏ လက်ဆွဲအိတ်အတွင်းမှ ပေါင်ဒါဘူး အသစ်ကလေး တစ်ခုအားထုတ်၍ ချာလီက ပေါင်ဒါရိုက်သည်။

"ချာလီရေ...နည်းနည်းတော့ စိတ်လှုပ်ရှားစရာ အကြောင်း ရှိတယ်နော်"

ကတ်(ဇ)က သတိပေးလိုက်၏။

သူမက နှုတ်ခမ်းနီဆိုးနေပြန်သည်။

"မင်းအတွက် ခေါင်းထဲမှာ နောက်ကျိလာရင် သူဟာ အပြစ်မဲ့ လူသားတွေ အများကြီးကို သတ်ခဲ့တယ်ဆိုတာကို သတိရပါ"

ကတ်(ဇ)က သူမအား အကြံပေးသည်။

"လူတိုင်းမှာတော့ လူသားတစ်ယောက်ရဲ့ အသွင်သဏ္ဌာန်ရှိ ကြပါတယ်၊ ဒါပေမယ့် ဒီကောင်လေးကတော့ ဒီလိုဟုတ်ဘူး သိပ် ကြည့်လို့ကောင်းတဲ့ ရုပ်ရည်ရှိတယ်၊ အသိဉာဏ်ကြွယ်ဝတယ်၊ အသုံး ချနိုင်တဲ့ အရည်အသွေးတွေ အများကြီးရှိတယ်၊ အဲ့ဒါတွေအားလုံးကို အသုံးမချခဲ့ဘူး၊ မင်း သူ့ကို စကားမပြောစေချင်ဘူး၊ ဒါကို မင်း သတိထားပါနော်၊ ငါကပဲ ပြောစရာရှိတာ ပြောမယ်"

သူက အားလုံးအတွက် တံခါးဖွင့်ပေးလိုက်၏။

"သူ့ကို လွှမ်းမိုးချုပ်ကိုင်ထားလို့မရမှန်း မင်းတွေ့လိမ့်မယ် ဒီလိုပဲ တို့နဲ့ရှိနေရအောင် လုပ်ထားရတယ်၊ တခြားတော့ ဘာမှ ပြဿနာမရှိပါဘူး၊ သူ့ကို စကားမပြောဖို့ပဲရှိတယ်"

အခန်းထဲဝယ် ကျောက်မီးသွေးများနှင့် အင်္ဂလိပ်ပုံစံ မီးလင်း ဖိုအား ပတ္တူစဝယ် ပန်းချီဆွဲထားသော ပုံကရှိနေ၏။ သုံးချောင်

www.burmeseclassic.com



ထောက်စင်များဖြင့် တင်ထားသော ကင်မရာများနှင့် ဓာတ်ပုံရိုက်ရာတွင် အသုံးပြုသော မီးမောင်းများ အသံဖမ်းတိတ်ရကော်ဒါ အကြီးစားအကြီးစားတစ်လုံးအား သူစင်နှင့်သူ တွေ့ရသည်။ ရော်ဘာရေမြှုပ်တင် ဆိုဖာတစ်လုံးပေါ်တွင် သူမက ဝင်ထိုင်လိုက်၏။ ဂျိုးဇက်ကလည်း ဘေးမှ ဝင်ထိုင်သည်။

ကတ်(ဓ)မှာ မီးခိုးရောင် တယ်လီဖုန်းတစ်လုံးအား ကောက်ကိုင်၍ လိုင်းခွဲခလုတ်တစ်ခုအား နှိပ်လိုက်၏။ သူက ဟီဘရူးဘာသာစကားဖြင့် တစ်စုံတစ်ရာပြောသည်။ ဖုန်းကိုပြန်ချလိုက်စဉ်၌ သူမအား နှစ်သိမ့်သလို အပြုံးမျိုးဖြင့် ပြုံးပြပါ၏။ ယောကျ်ားသားတို့၏ ကိုယ်ရနံ့၊ ကော်ဖီနံ့နှင့် ဖုန်မှုန့်။ အသားသွတ်အူချောင်းတို့၏ အနံ့များကို ရှူရှိုက်မိသည်။ စီးကရက်တိုပေါင်း မြောက်မြားကိုလည်း တွေ့ရ၏။ အခြားရနံ့တစ်ခုကိုပါ သတိပြုမိသော်လည်း သူ့စိတ်ထဲဝယ် ဖြစ်နိုင်စရာ အများအပြားရှိနေသည်မို့ မည်သည့်အနံ့မှန်း မမှတ်မိချေ။

သူမ၏စိတ်က တဖြည်းဖြည်း လေးသွားပြီး အိပ်ပျော်လုပါး ဖြစ်သွားရသည်။ နေမကောင်းဖြစ်ပြီဟု သူမက တွေးမိ၏။ စမ်းသပ်မှုများ၏ အဖြေတို့ကို သူမက စောင့်ဆိုင်းနေရသည်။ ဆရာဝန်တစ်ယောက်လောက် ခေါ်ပေးပါလားရှင်ရယ် အတွေးထဲဝယ်စုံနေ၏။

စောင့်နေရသော အခန်းတွင် မဂ္ဂဇင်းများ တစ်ထပ်ကြီးရှိသည်ကို သူမက သတိပြုမိသည်။ တစ်စောင်တလေကိုတော့ ယူကြည့်လိုလှ၏။ ဂျိုးဇက်မှာ ပန်းချီကားကို မော့ကြည့်လျက် ရှိသည်။ သူမကလည်း သူ၏အကြည့်ရှိရာသို့ လိုက်ကြည့်မိ၏။

ထို့နောက် အခန်းတံခါးတစ်ခုက ပွင့်လာကာ မုတ်ဆိတ်နှင့် လူငယ်တစ်ယောက် ဝင်လာသည်။ ဆူဆူညံညံအသံကို လက်ဟန်





ဟန်ဖြင့် တားမြစ်နေ၏။ ခဏအကြာတွင်မူ ကြက်သွေးရောင် ဖျော့ အထုပ်ကြီးတစ်ထုပ်ပမာ တွေ့ရသည်။ မုတ်ဆိတ်ကျင်စွယ် ကို သပ်ရပ်စွာ ရိတ်ထားသည့် လူရွယ်တစ်ဦး၏ မျက်နှာက လာ၏။ သိပ်တော့ စိတ်ဆိုးနေဟန်မတူ။

နောက်ဆုံးတွင် မျက်စိရှင်းလင်းစွာမြင်ရ၏။ လူရွယ်နှစ်ဦး တ် သုံးဦးသာ ဖြစ်သည်။ အလယ်မှလူရွယ်မှာ အနီရောင် လေဇာကုပ်အင်္ကျီဝတ်ထားသော ကိုယ်ခန္ဓာခပ်သွယ်သွယ် အာရပ် ယ်ပင်။ ထိုလူမှာ သူမ၏ချစ်သူ။ လက်တွေ့ ပြဇာတ်ဘုံတစ်ခွင် အရုပ်ကြိုးပြတ်ခဲ့ရသော ရုပ်သေးရုပ်လေးတစ်ရုပ်ဖြစ်သူ ယာနူကား မိရှယ်ပါပင်တည်း။

❋❋❋❋

မျက်မှန်အမည်း တပ်ထားသော နောက်ကွယ်ရှိ မျက်လုံးအစုံ သူမကမိရှယ်ကို အကဲခတ်ကြည့်သည်။ ဂျိုးဇက်သရုပ်ဆောင် ာဆို လုပ်ကိုင်ခဲ့ပုံများနှင့် အလွန်ပင် သရုပ်သကန်တူညီလှ၏။ သက်အရွယ် အနည်းအငယ်ကွာခြားမှုတစ်ခုသာလျှင် ရှိသည်။

ကြည့်နေရင်းမှ ချာလီတစ်ယောက် လွန်ခဲ့သော အဖြစ်အပျက် ကို ပြန်လည်မြင်ယောင်လာမိ၏။ အတွေးထဲဝယ် နစ်မွန်းရတော့ ည်။

မိရှယ်မှာ ဂျိုးဇက်ပြောသလို လူချောတစ်ဦးဖြစ်၏။ သူ့အဖို့ ာက်တည်ရာ ရနိုင်မရနိုင်မှာ မသေချာလှပါ။ အိပ်မက်အတွင်းမှ



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူနှင့် မော့ဆက်၏လုဇကရီတို့ တွေ့ကြချေပြီ။

သူမက ဂျိုးဇက်ဘက်သို့လှည့်၍ စကားပြောရန်လုပ်လိုက် ဂျိုးဇက်ကမူ သူမအား စူးစူးစိုက်စိုက် ပြန်ကြည့်၍နေသည်။ထိုခ မှာပင် အကြီးစားအိမ်သုံး အမျိုးအစား အသံဖမ်းတိတ်ရိကော်ဒါ ထံမှ အသံကျယ်လောင်စွာ ထွက်လာ၏။ သူမက ချာကနဲလှ ကြည့်လိုက်မိ၏။ မာတီ၊ကတ်(ဇ)က စက်ပေါ်ဝယ် ကုန်း၍ ခလုတ် အသံတိုးလိုက်သည်။

အသံမှာ ချိုသာ၍ ခပ်လေးလေးပင်ဖြစ်၏။

ထွက်ပေါ်လာသော စကားလုံးများမှာ ကြွေးကြော်သံများ ဖြစ်သည်။

"တို့ဟာ နယ်ချဲ့ခံရတဲ့ လူတွေပဲ၊ တို့ဟာ နောက်မှာနေ လူတွေကို ဆန့်ကျင်တော်လှန်နေတဲ့ ဒေသခံတိုင်းရင်းသားတွေ ကိုယ်စား ပြောနေကြတာပါ၊ တို့ဟာ သည်းညည်းခံပြီး မတုန်မလှု နေရတဲ့ သတ္တဝါတွေပဲ၊ ဒါပေမယ့် နောက်ဆုံးကျမှတော့ သည်းညည် ခံခြင်းတရားဟာ ကွယ်ပျောက်ခဲ့ရပြီ၊ အပစ်အခတ်တွေကြားမှာ နေ ထွက်ပေါ်လာရတဲ့ ဥပဒေတွေရဲ့ အောက်မှာနေကြရတယ်၊ တို့မရှိ တို့မနေ့ရတဲ့ လောကကြီးဟာ တစ်ခုခုတော့ ဆုံးရှုံးဖို့ဖြစ်လာရ တို့ပြည်တို့ရွာကို ထိန်းသိမ်းစောင့်ရှောက်ဖို့လို့ ကိုယ်ကိုယ်ကို ခန့်အ ထားတဲ့ လူတွေကို တိုက်ခိုက်ကြရလိမ့်မယ်"

တွဲခေါ်လာသူများက သူမ၏ ရှေ့ဘက်ရှိ ဆိုဖာပေါ်တွင် မိရှယ်အား ထိုင်ထားစေလိုက်၏။ သူက ကိုယ့်ကို ကောင်းကော မဟန်နိုင်သေးချေ။ ရှေ့သို့ ခပ်ကိုင်းကိုင်းဖြင့် ထိုင်နေသည်။ လက်န ဖက်ကိုလည်း ယှက်၍ တင်ထား၏။ မှတ်ဆိတ်မွေးနှင့် အစောင့်





ာက်တွင်ရပ်နေကာ ကျန်တစ်ဦးသောတွင်ထိုင်လျှက်ရှိသည်။ အသံ း:စက်မှ အသံကမူ နောက်မှ အသံထွက်ပေါ်နေဆဲဖြစ်၏။

မိရှယ်၏ နှုတ်ခမ်းများ လှုပ်နေသည်ကို ချာလီက မြင်မိသည်။ က်မှ ထွက်ပေါ်လာသော စကားလုံးများကို လိုက်ဆိုနေဟန်ရှိ၏။ ို့သော်လည်း ဤစကားကို ရွတ်ဆိုခဲ့သော လူထက်ပင် အသံက မြန်၍ ပို၍ အားပါးလှ၏။

ပြင်းပြင်းထန်ထန်နဲ့ ပေါက်ကွဲထွက်လာတဲ့ ဟာတွေဟာ ာ၀တ်မှု မဟုတ်ဘူး။

သူက စာရွက်ကိုလှန်လိုက်သည့်အလား စာရွက်လှန်သံကို ြား:ရ၏။ အသံတွင် စိတ်ရှုပ်ထွေးမှုနှင့် စိတ်မပါမှုတို့က ပါလာသည်။

"မင်းကိုငါချစ်တယ်...မင်းဟာ ငါရဲ့လွတ်လပ်မှု ခုဆိုရင်.. င်းဟာ ငါတို့ရဲ့ လူတစ်ယောက်ဖြစ်လာပြီ.. တို့ရဲ့ ကိုယ်ခန္ဓာနဲ့ သွေးတွေဟာ ရောစပ်ခဲ့ရပြီ၊ ဒီလို ဘာကြောင့် ငါပြောတယ်ဆိုတာ သိသလား၊ စနက်တံကို တို့အတူတူ မီးရှို့ပေးကြမယ်"

စိတ်ရှုပ်ထွေးနေသံက တိတ်သွား၏။

"ဒီလိုဗျာ..ဒါက ဘာလဲလို့ ကျွန်တော်မေးနေတယ်လေ"

"သူ့လက်တွေကို မိန်းကလေးကို ပြလိုက်စမ်းကွာ"

အသံဖမ်း ရကော်ဒါစက်ကို ပိတ်ရာမှ ကတ်(ဇ)က အမိန့် ဆ:လိုက်သည်။

ဘေးရှိ မှတ်ဆိတ်မွေးကျင်စွယ်များကို သပ်ရပ်စွာရိတ်ထား သောသူက မိရှယ်၏ လက်တစ်ဖက်ကိုမယူ၍ ပြသည်။ ကုန်ပစ္စည်း အရောင်းအဝယ်လုပ်ရာတွင် နမူနာပြသည့် သဘောမျိုးနှယ်ပင်။

"ယာယီစခန်းတွေမှာ သူနေခဲ့ရတဲ့ ကာလတစ်လျှောက်လုံး

www.burmeseclassic.com



အလုပ်တွေလုပ်ခဲ့ရလို့ သူ့လက်တွေဟာ မာကြောနေတယ်"

သူတို့ရှိရာသို့ ကတ်(ဇ)က လာရင်းပြော၏။

"ခုတော့ သူဟာ တော်တော်ကြီးကို ပညာပြည့်ဝနေပါပြီလေ ပိုက်ဆံတွေ၊မိန်းကလေးတွေ၊အစားကောင်းတွေ အသောက်ကောင်းတွေနဲ့ ပြည့်စုံနေပြီပဲ၊ မဟုတ်ဘူးလား သူငယ်လေး"

မီရှယ် ထိုင်နေရာမှ ဆိုဖာနောက်ဖက်ကို ကတ်(ဇ)သည် လာ၍ သူ၏တုတ်ခိုင်သော လက်ကြီးအား မီရှယ်ခေါင်းပေါ်မှာ တင်ကာ သူထံသို့လှည့်ကြည့်စေ၏။

"မင်းဟာ အတော်ပြည့်စုံနေတဲ့ လူပဲ မဟုတ်လား"

သူ၏အသံမှာ ကျီစယ်ဟန်လည်းမရှိသလို ကြမ်းကြုတ်ရက်စက်ဟန်လည်းမရှိချေ၊ သူ၏သားရင်းတစ်ဦးအား ပြောနေသည့်သဖွယ်ပင်။

"မင်းနဲ့တွဲတဲ့ မိန်းကလေးတွေကို မင်းအတွက် အလုပ်လုပ်ခိုင်းတယ်မဟုတ်လား သူငယ်လေး၊ မိန်းကလေးတစ်ယောက်ကို ဖုံးတစ်ဖုံးလို မင်းက အသုံးချခဲ့တယ်"

သူက ချာလီအား ရှင်းပြ၏။

"အကြည့်ရကောင်းတဲ့ ခရီးဆောင်သေတ္တာတစ်ချို့နဲ့အတူ မိန်းကလေးကို လေယာဉ်ပေါ် တင်ပေးလိုက်တယ်၊ လေယာဉ်က ပေါက်ကွဲသွားရတော့တယ်လေ၊ မိန်းကလေးကတော့ သူ့ဘာလုပ်လို့ ဘာကိုင်ခဲ့ရတယ်ဆိုတာတောင် သိလိုက်ပုံမရဘူးလို့ ငါမြင်တယ်၊ ဒါဟာ တော်တော်ဆိုးတဲ့ စိတ်ထားပဲ"

သူမ မှတ်မိသော အနံ့ကို ယခုမှ ပြန်၍ သတိရလိုက်မိ၏။ ကျုံးဇက်တစ်ဦးတည်းသာ အသုံးပြုခဲ့သော ရေချိုးခန်းများအတွင်း၌





အားသော မှတ်ဆိတ်ရိတ်ပြီးလျှင် လိမ်းသော အမွှေးဆီရနံ့ပင်ဖြစ်ပါ၏။ ယခုလည်း မီရှယ်ကိုယ်မှ ထိုရနံ့အား သူတို့က စွဲကပ်ထားစေပါသည်။

"မင်း...ဒီအမျိုးသမီးကို စကားမပြောချင်ဘူးလား...ဟင်"

ကတ်(ဇ)က မေးနေ၏။

"ဒီက တို့အိမ်လေးဆီကို မင်းက သူ့ကို မကြိုဆိုချင်ဘူး မင်းဟာ တို့နဲ့ နည်းနည်းမှ မပူးပေါင်းတာကိုပဲ ငါအံ့ဩနေတယ်ကွ"

မီရှယ်၏ မျက်လုံးများက အသက်ဝင်လာပြီး ရိုသေကျိုးနွံဟန်ဖြင့် ကိုယ်ခန္ဓာမှာ အနည်းငယ် မတ်မတ်ဖြစ်သွားသည်။

"ဒီအမျိုးသမီးကို ရိုရိုသေသေနဲ့ မင်းက မနှုတ်ဆက်ချင်ဘူးလား၊ကောင်းသောနေ့ပါလို့ သူ့ကို မင်းပြောဖို့ ဆန္ဒမရှိဘူးလား၊ ကောင်းသောနေ့ပါလို့ပြောလေ..."

"ကောင်းသောနေ့ပါ"

မီရှယ်၏လေသံမှာ တိတ်ရကော်ဒါအတွင်းမှ အသံကဲ့သို့ပင်။

"စကားပြန်မပြောနဲ့"

သူမ၏ဘေးရှိ ကျုံးဇက်ကသတိပေးသည်။

"ကောင်းသောနေ့ပါ မဒမ်လို့ပြောပါ"

ကတ်(ဇ)က စကားကိုပြင်ပေးသည်။

"ကောင်းသောနေ့ပါ မဒမ်"

မီရှယ်က ပြင်၍ပြောလိုက်၏။

"သူ့ကို စာတစ်ခုခုရေးပါစေကွာ"

ကတ်(ဇ)က အမိန့်ပေးကာ သူ့ကိုသွားစေ၏။

သူတို့က မီရှယ်အား စားပွဲတစ်လုံးတွင် နေရာချပေးလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူ့ရှေ့ရှိ စားပွဲပေါ်တွင် ဖောင်တိန်တစ်ချောင်းနှင့် စာရွက်တစ်ရွက်ရှိ၏။ သို့သော်လည်း သူက စာကိုသိပ်မရေးနိုင်။ ဤသည်ကို ကတ်(ဓ)က ကရုမထားပါ။ ဖောင်တိန်ကို မည်ကဲ့သို့ ကိုင်ရမည်ကိုသာ သူက ပြောပြနေ၏။

"ညသန်းခေါင်လောက်မှာ မင်းက တစ်ရေးနိုးလာပြီး သူ့ကို စာရင်းတွေ တွက်နေတာမျိုး တွေ့ရသလိုပဲဖြစ်မယ်၊ဟုတ်ပြီနော်— သူ့ကို ဒီလိုမျိုးတွေ့သလိုပဲ"

သူမက ဂျိုးဇက်အား စိတ်ထဲမှသာ ပြောလိုက်မိ၏။

(ကျွန်မကို မြန်မြန်အပြင်သာ ပြန်ခေါ်သွားပါတော့ရှင် သေ မလောက်ကို ဖြစ်နေမိရတယ်)

လှေကားပေါ်သို့ ပြန်ခေါ်သွားသော မိရှယ်၏ ခြေသံကို ကြားရပြီးနောက် မကြားရတော့ချေ။

"ချာလီရေ..ခု ဒီလိုပုံစံနဲ့ တစ်ခုတော့ လုပ်လို့ပြီးသွားပြီ အကျိုးသိပ်မရှိဘူး ဖြစ်ရင်ဖြစ်ပေမယ့် လုပ်တော့လုပ်ရတာပဲ၊ အလုပ် တစ်ခုတော့ ဖြစ်လာမှာပါကွာ"

အခန်းလေးမှာ အလွန်ပင်တိတ်ဆိတ် ငြိမ်သက်သွားရ၏။ ဂျိုးဇက်၏လက်မောင်းကိုကိုင်ရင်း ကတ်(ဓ)နောက်မှ အပေါ်သို့လိုက် ခဲ့သည်။မည်သည့်အကြောင်းမှန်းတော့ မသိပါ။ သူမမှာလည်း မိရှယ် ကဲ့သို့ လမ်းကောင်းကောင်းမလျှောက်နိုင်အောင် ဖြစ်နေရတော့၏။

※※※※※





ပြန်ခါနီးတွင် ဖခင်တစ်ဦးပမာ ကြာရှည်စွာ ထွေးပွေ့ခဲ့သော ကတ်(ဓ)၏ ပုံစံကို ပြန်၍ သတိရနေမိသည်။ သူမအဖို့ မိဘသဖွယ် လူမျိုးကိုလည်း အမှန်ပင်လိုအပ်လျက်ရှိပါသည်။ သူမအား ဂျိုးဇက်က ယုံအပ်သည်များကို ပြောခဲ့၏။ ဆော(လ်)ဘင်သို့ တစ်ခေါက်ပြန်ကာ မိထရီ၏ မှန်လုံကားရှည်လေး၏ နောက်ဝယ် မီးများငြိမ်းသည့် အချိန်ထိ တစ်နာရီခွဲမျှ စကားမပြောပဲ ထိုင်နေခဲ့သည်။

ထို့နောက် လန်ဒန်မြို့၏ မြေကို ပြန်နင်းမိစဉ် ဘဝ တစ်လျှောက်လုံးတွင် ယခုအကြိမ်လောက် အထီးကျန်ဆန်မှုကို ခံစား ရကြောင်းကို သတိရမိ၏။ လေယာဉ်ပြေးလမ်းတစ်လျှောက်ရှိစဉ်မှာပင် ဝမ်းနည်းဖွယ်ရာ အင်္ဂလန်ပြည်ရောက် အငွေ့အသက်က သူမအား ကြိုဆိုနေသလားဟု ထင်ရသည်။ မည်သည့်အကြောင်းရပ်က သူမ၏ ဒေသသို့ ပြန်ရောက်စေခဲ့ပါသနည်းဟူ၍လည်း တွေးမိသည်။

သူမအား ယူနီဖောင်း အစိမ်းရောင်ဝတ် အကောက်ခွန်အရာရှိ တစ်ဦးကတား၍ မေးခွန်းထုတ်နေသေးသည်။ မည်သည့်အတွက် ကြောင့် ယခုအခါမှ သူမအား မေးမြန်းရန်အကြောင်း ထိုပုဂ္ဂိုလ်ထံ အတွင်း ရှိမှန်းကို တွေးတောအံ့သြရ၏။

ကားကိုစောင့်နေသော လူတန်းကြီးထံသို့ ရောက်လာစဉ် တစ်စုံတစ်ရာကို ခံစားမိသည်။ ကိုယ့်အိမ်ကိုယ့်ယာ၊ ကိုယ့်ဒေသအား ပြန်လာရသည်မှာ နိုင်ငံခြားတိုင်းပြည်တစ်ပြည်သို့ ရောက်ရသည်နှယ် ဖြစ်ရသည် ဟူ၍ပင်။ အားလုံးကို ဖျောက်ဖျက် အသစ်တဖန်စရချေ

※※※※※



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၅)

နံနက်စောစော နစ်နာရီခန့်သာ ရှိသေး၏။ ကတ်(ဇ)တ ယောက် ရေချိုး၍ မုတ်ဆိတ်ကျင်စွယ်များကိုပင် သုတ်သင်ပြီးနေ သူက ကော်ဖီဖျော်သောစက်ဝယ် ကော်ဖီဖျော်ရင်း ကိုကာကိုလာ တစ်ပုလင်းအား ရေခဲသေတ္တာအတွင်းမှ ထုတ်ကာ သောက်လျက်ရှိ သည်။

စာရေးစားပွဲငယ်လေး တစ်လုံးရှေ့ဝယ် သူကထိုင်လိုက်၏။ အလင်းရောင်ကလည်း မရှိ။ သူ့တံတောင်ဆစ်သားမှာမူ အဝေးကြည့် မှန်ပြောင်းတစ်လက်ရှိနေသည်။ မြူးနစ်သို့ သွားလမ်းရှိ သစ်ပင်များ ကြားမှ ကားမီးရောင်များကို ကြည့်နေတော့၏။ ထိုအချိန်၌ ကားသွား ကားလာမှာ ပါးလှသည်။ တစ်မိနစ်လျှင် ပျမ်းမျှ ကားငါးစီးမျှသာ လျှင် သွားလာလှုပ်ရှားလျက်ရှိ၏။ မိုးက ရွာနေပြန်၏။





အလွန်ကြာရှည်သော နေ့တစ်နေ့ သို့မဟုတ်၊ ညတစ်ညဝင် ဖြစ်မည်ဟု ကတ်(ဇ)က ထင်မိသည်။ လူတစ်ယောက်အဖို့ ငါးနာရီမျှ အိပ်လျှင် လုံလောက်ပါသည်။ **သူ့အဖို့မူ** အလွန်ပင်များနေသေးသည်။ ချာလီတစ်ယောက် ထွက်မသွားခင်အချိန်ကလည်း နေ့ရက်တို့သည် ကြာရှည်လွန်းလှ၏။

အိုလံပစ်ကျေးရွာရှိ တိုက်ခန်းသို့ သူတို့က သွားရောက်ကာ ရှင်းလင်းကြရသည်။ ဤသည်ကို ကတ်(ဇ)ကိုယ်တိုင်ပင် ကွပ်ကဲ၏။ သူကိုယ်တိုင် အသေးစိပ်လုပ်ကိုင်ခြင်းအပေါ် သူ့လူများက သတိထားမိ သောအခါ သူတို့ကိုယ်၌က ကရုတစိုက်လုပ်လာကြသည်။

ယာနူးကား၏ အခန်းတွင် စာများကို ပြန်၍ထားရ၏။ လမ်းတစ်ဖက်ရှိ စောင့်ကြည့်နေသော အခန်းမှနေ၍ မူလစောင့်နေ သူများ ဝင်သွားသည်ကို သူက တွေ့မြင်နိုင်သည်။

"ကဲ...သူ့ကို ခု ဘာလုပ်ကြမှာလဲ"

လင်နီက မေးလာ၏။

"မာတီရေ..ဒီကောင်လေးအတွက် ရှေ့ရေးကရှိသေးတယ်၊ ဒါကို ခင်ဗျား သတိရစမ်းပါ"

"လင်နီ၊ ဒီကောင်လေးမှာ အနာဂတ်ဆိုတာ ရှိပါတယ်၊ ဒါပေမယ့် တို့နဲ့အတူတော့ မဟုတ်ဘူး"

ကတ်(ဇ)နောက်ဘက်ရှိ နှစ်ယောက်အိပ် ကုတင်စောင်းဝယ် ရှိမွန်လစ်ဗက်ကာ ထိုင်လျက်ရှိသည်။ စိုစွတ်စွတ်ဖြစ်နေသော သူ၏ မိုးကာအင်္ကျီကိုချွတ်၍ သူ့ခြေရင်းဝယ် ချထား၏။ သူ့ကြည့်ရသည်မှာ ဒေါသထွက်နေပုံရသည်။ သူတို့နှင့် ခပ်လှမ်းလှမ်းရှိ ကုလားထိုင် တစ်လုံးတွင်မူ ဘက်ကာက ထိုင်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကောင်မလေးဟာ ဘာမှမသိဘူး"

ကတ်(ဇ) ကျောပေးထားရာနောက်မှပင် ရှိမ္မန်ကပြောလိုက်သည်။

"သူက တစ်ဝက်တစ်ပျက်ပဲ သိတာဗျ"

သူ့အသံက အနည်းငယ်မြင့်လာ၏။

"အဲ့ဒီ ဖမ်းမိတဲ့မိန်းကလေးက ဒတ်(ချ်)လူမျိုးပဲ၊ နာမည်ကလာဆင်တဲ့၊ ဖရန့်ဖတ်က အဖွဲ့အစည်းတစ်ခုမှာ သူရှိနေတုန်းယာနူးကားက မျက်စိကျသွားတာ ဖြစ်ရမယ်လို့ သူကထင်တယ်၊ ဒါပေမယ့် သူ့မှာက သိတဲ့ ယောကျ်ားလေးမိတ်ဆွေတွေအများကြီးရှိနေတော့ ယာနူးကားကို မမှတ်မိဘူး"

"ယာနူးကားက ကောင်မလေးကို ခရီးတစ်ချို့ ခေါ်သွားတယ်၊ သူ့သေနတ်ကို ဘယ်လိုပစ်ရတယ်ဆိုတာ တလွဲသင်ပေးပြီး သူ့အစ်ကိုတော်ကြီးအတွက် ကျန်တာတွေ အသုံးချရအောင် လွှဲပေးလိုက်တာပဲ၊ ဒါတွေကိုတော့ ကောင်မလေးက သတိရတယ်၊ ခါလီနဲ့ ချစ်ပွဲဝင်ရတဲ့ကိစ္စတွေမှာတောင် တစ်နေရာကို နှစ်ခါအသုံးမပြုဘူးတဲ့၊ ဒီကြားထဲမှာ သူလုပ်ပေးရတာက သူတို့အတွက် ကားမောင်းပေးရတယ်၊ ဒုံးနှစ်လုံးလောက် သွားထားပေးရတယ်၊ မိတ်ဆွေရင်းတစ်ယောက်လိုတော့ရှိတယ်၊ ဘာဖြစ်လို့လည်းဆိုတော့ ကောင်မလေးဟာ မင်းမဲ့ဒါဒီတစ်ယောက်နည်းနည်းပါးပါးပဲသိတဲ့ သူတစ်ယောက်မို့ပဲ"

"တကယ့်ကောင်မလေးပဲ"

ကတ်(ဇ)က တွေးတွေးဆဆနှင့် ပြောလိုက်၏။ ရှိမ္မန်အားပြောသည်ထက် ပြတင်းပေါက်မှန်တွင် ပြန်မြင်နေရသော သူ၏ဝတ္ထုနှာအား ကြည့်ပြောသည်နှင့် တူနေပေသေးသည်။





"ကောင်မလေးဟာ ဂိုဒီး(စ)ဘက်မှာ ဖြစ်ခဲ့တာမှာ ပါခဲ့တယ်၊ ဗူးရစ်ကိစ္စမှာလည်း ပါသင့်သလောက် ပါပြန်တယ်၊ ကျွန်တော်တို့ဘာသာ အချိန်မရလိုက်ရင် ဗူးရစ်ကိစ္စမှာ လုံးလုံးလျားလျား ပါဖြစ်သွားမှာပဲဗျ၊ အန့်ဝပ်(ချ)မှာလည်း မလုပ်နိုင်တော့ဘူး"

"လေးဒန်းက ကိစ္စမှာရော"

ကတ်(ဇ)က ပြန်မေး၏။

"အဲ့ဒီမှာ လုံးဝ မလုပ်နိုင်ပါဘူးဗျာ"

ရှိမ္မန်က ပြန်ဖြေသည်။

"အဖြေကတော့ ဟင့်အင်းပဲ၊ အဲ့ဒီအချိန်မှာ သူက မိဘတွေနဲ့အတူ ဆိုင်း(လ)မြို့မှာ အပျော်ခရီးထွက်နေခဲ့တာဗျ၊ဆိုင်း(လ)မြို့က ဘယ်နေရာမှာလဲ"

"ဂျာမနီမြောက်ပိုင်းမှာပဲ"

ဘက်ကာက ဝင်၍ အဖြေပေးလိုက်၏။

"သူ့ကို စစ်လို့ ရလာတဲ့အဖြေတွေက ခပ်ဖြည်းဖြည်းပဲဗျာ"

ရှိမ္မန်က မကျေနပ်ချက်ကို ပြော၍ တဆက်တည်းမှာပင် ကတ်(ဇ)အား လှမ်းပြော၏။

"နေ့လယ်ခင်းလောက်မှာ သူက စပြီးစကားပြောလာတယ် ဒါပေမယ့် အချိန်သိပ်မကြာခင်မှာပဲ ပြောပြီးသမျှ စကားတွေကို ပြန်ပျက်ပစ်တော့တာပဲဗျ၊ ကျွန်မ ဒါတွေကို ဘာမှမပြောခဲ့ဘူး၊ရှင်တို့ညာနေတာလို့ ပြောတော့တယ်လေ၊ ကျွန်တော်တို့က ဖမ်းထားတဲ့ အသံဖမ်းတိတ်ခွေကို ပြန်ဖွင့်ပြလည်း သူက ဒါတွေကို အသံတုလုပ်ပြီး ဆည့်ထားတာပါလို့ ပြောနေသေးတယ်၊ ကောင်မလေးဟာတော့ဗျာ တကယ့်ကို ခေါင်းမာနေတဲ့ ဒတ်(ချ) အမျိုးသမီးလေးပဲဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် နားလည်ပါတယ်"

ကတ်(ဓ)က ပြောသည်။

သို့သော်လည်း ရှီမွန်မှာ ထိုထက် ပို၍နားလည်စေသေး၏။

"သူ့ကို ဒေါသဖြစ်အောင်ပိုဆွပေးလေ ပိုခေါင်းမာလေပဲ၊ ကျွန်တော်တို့က ဖိအားသိပ်မပေးတော့ပဲ လျှော့ပေးတော့လည်း ပိုပြီး တော့ ခေါင်းမာလာသေးတယ် ထင်ရတယ်"

ကတ်(ဓ)က ကိုယ်ကို အနည်းငယ်လှုပ်၍ ဘက်ကာထံသို့ စူးစူးစိုက်စိုက်ကြည့်သည်။

"အရေးကြီးတာကတော့ သူဘာတွေလုပ်ခဲ့တယ်ဆိုတာ သိဖို့ပဲ"

"ဇာတ်လမ်းက ဘယ်လိုလဲ ဂါဒီ"

သူက ဘက်ကာကို မေးလိုက်သည်။

"ရော့(စ)စာနီက ကောင်မလေးကို ဗီယင်နာမှာ နှစ်ရက် လောက် အသုံးချခဲ့တာပဲ၊ တောင်ပိုင်းကို ခေါ်သွားတယ်၊ကားနဲ့ တင်ပို့ပေးတယ်၊ ဒါတွေဟာ အားလုံးအမှန်တွေချည်းပဲ၊ မြူးနစ်ကို ကောင်မလေးက ကားမောင်းသွားပြီး ယာနူကားနဲ့ တွေ့တယ်ဆိုတာ တော့မဟုတ်ဘူး၊ ဒါပေမယ့်လည်း ဒီအကြောင်းကို အမှန်အတိုင်း သိတာကတော့ သူတို့နှစ်ယောက်ပဲလေ"

ရှီမွန်က လက်ရှိ ဇာတ်လမ်းပုံစံအား ဝင်ပြောသည်။

"သူတို့ဟာ မြို့ရဲ့အရှေ့တောင်ဘက်မှာရှိတဲ့ အော်တိုဘန်း ရွာလေးမှာ ဆုံခဲ့ကြတယ်၊ အဲ့ဒီနေရာလေးကနေ တစ်နေရာကိုသွား ပြီး ချစ်ပွဲနွှဲခဲ့ကြတယ်၊ ဘယ်နေရာလည်းဆိုတာတော့ ဘယ်သူမှ မသိဘူး၊ ကားထဲမှာလည်း ဖြစ်နိုင်တယ်၊ အခန်းတစ်ခန်းငှားပြီးတော့ လည်းဖြစ်နိုင်တာပဲ"





"ခုကရော..."

ကတ်(ဓ)က ပြတင်းပေါက်ရှိရာသို့ မျက်လုံးတစ်ချက် ကြည့်ရင်း မေး၏။

"အခုလား..."

ဤမျှလောက် အသေးစိတ်မေးသည်ကို ရှီမွန်က သဘော [illegible]ကျချေ။

"ခုဆိုရင်တော့ မြို့ထဲကပြန်လာတဲ့ ကားထဲမှာပဲ ရှိမှာပေါ့ [illegible]ဝင်ကြဖို့နဲ့ ကျန်တဲ့ ယမ်းဘီးလူးတွေကို ဝှက်ဖို့၊ဒါတွေအားလုံး [illegible]တော့ ဘယ်သူက သိမှာလဲဗျ၊ဘာကြောင့် ဒီလောက်တောင် အများ [illegible]ရှင်းပြနေရမှာလဲ"

"ဒါဆိုရင် ညဘက်မှာ ကောင်မလေး ရှိနေတယ်ဆိုတာကို သိဘူးပေါ့"

ကတ်(ဓ)က မေး၏။

"အမှန်အတိုင်းပဲလေ..."

"ကားထဲမှာပေါ့.."

"အဲ့ဒီကားက ဘယ်မှာလဲ"

"မာစီဒီးကားရဲ့ ဘေးမှာ ရှိတယ်၊ ခင်ဗျား ပြောလိုက်တာနဲ့ [illegible]ကို နေရာရှာပေးလိုက်မယ်"

"ယာနူးကားကရော..."

"အဲ့ဒီကားထဲမှာပဲ၊ သူတို့နှစ်ယောက်ရဲ့ နောက်ဆုံးညအဖြစ် [illegible]တုတူ ရှိနေကြတယ်"

ကတ်(ဓ)က မှန်ပြောင်းကိုယူ၍ ကြည့်မည်ပြုပြီးမှ စားပွဲ [illegible]ပေါ်သို့ ပြန်ချထားလိုက်၏။ ထို့နောက် လက်ကိုပါ စားပွဲပေါ်



www.burmeseclassic.com

www.burmeseclassic.com



တင်ထားရင်း စိုက်ကြည့်နေပြန်သည်။

"တစ်ခြားနည်းလမ်း တစ်ခုတော့ ပြောစရာရှိမယ်"

သူက ဘက်ကာ ဘက်သို့ ခေါင်းလှည့်ရင်း အကြံပြုကြ သည်။

"ကောင်မလေးကို သူ့နိုင်ငံပြန်ပို့ပြီး နီဂပ်(ဗ) သဲကန္တာရထဲ ထိန်းထားမယ်ဗျာ၊ ဒါဆိုရင် ဘယ်လိုဖြစ်မလဲ၊ သူ့အတွက်ကြောင့် ဘာဖြစ်လာမလဲလို့ သူတို့က မေးကြမယ်၊ ကောင်မလေး ခဏပျော နေတဲ့ အချိန်အတွင်းမှာတော့ သူတို့အဖို့ အဆိုးဆုံးအချိန်ပဲ၊ မိသွား လို့ထင်ကြမှာပဲ၊ အလက်ဆီတို့ဘက်ကလည်း မိသွားနိုင်သလို၊ စီယွ ဝါဒီတွေကလည်း ရသွားပြီလို့ တွေးကြမှာ၊ ဘယ်လိုပဲဖြစ်ဖြ သူတို့ရဲ့ လှုပ်ရှားမှုကတော့ စွန့်စားခန်းပဲ၊ အဖွဲ့ကိုဖျက်ပြီး ကိုယ့်နိုင် ကိုယ်ပြန်ပို့လိုက်ကြတော့လို့ သူတို့ ပြောလာနိုင်တယ်ဗျာ"

သူက ပြောပြန်၏။

"ယာနူးကားက လွဲပြီး ကောင်မလေးကို ထိန်းမထားနိုင်ဘူး လို့ သူတို့က သိပြီးထားကြတယ်လေ၊ သူဟာလည်း ယာနူးကား ကို သေပြီလို့ နားလည်ကြမှာပဲ၊ ကျွန်တော်ပြောတာကို လက်ခံ ဘူးလားဟင် ဂါလီ"

ကတ်(ဇ) အဖြေကို စောင့်နေလိုက်သည်။ ရှိမွန်ကမူ ဘက်ကာ အားစိုက်ကြည့်လျက်ရှိ၏။

"ဟင့်အင်း..."

အတန်ကြာပြီးမှ ဘက်ကာက ပြောလိုက်သည်။

"ဘာ ဟင့်အင်းလဲဗျ"

"ဟင့်အင်းဆိုတာက ကျွန်တော်တို့မှာ ရွေးစရာမရှိတော့ဘူး





တာပဲ"

ဘက်ကာက ပြန်ဖြေ၍ စကားကို ခေတ္တမျှ ဖြတ်ထား၏။

"ဒတ်(ချ)ကောင်မလေးကို ဒီအတိုင်းထားလိုက်ရင်၊ ချာလီ သူတို့ လက်ခံတော့မှာ မဟုတ်ဘူး၊ အသက်ရှင်လျက်ပေါ့ဗျာ၊ ဒီတာဆင်ဟာ ယာနူးကားလိုပဲ အန္တရာယ်ရှိတဲ့ မိန်းကလေးပဲ၊ ကိုသာလုပ်နိုင်ရင် လုပ်စရာက ဒါပဲရှိတယ်"

"လုပ်နိုင်ခဲ့ရင်..."

ရှိမွန်က သံယောင်လိုက်မိ၏။

"ကောင်မလေးမှာ အဆက်အသွယ် လုပ်ရမယ့် လူတွေရဲ့ ည်တွေ မရှိဘူး မဟုတ်လား"

ကတ်(ဇ)က အဖြေမှာ ဟုတ်ပါသည်ဟု သိထားပုံမျိုးနှင့် န်အား မေးသည်။

ရှိမွန်က ပခုံးတွန့်ပြသည်။

"သူတို့က နောက်ကွယ်ကနေ တစ်ဆင့်ပြီး တစ်ဆင့် ခိုင်း တာ"

သူက ထပ်ပြောသေး၏။

"ကောင်မလေးဟာ မူးယစ်ဆေးဝါးကလည်း သုံးသေးတယ်"

"ဒါဆိုရင် သူ့ဘဝရဲ့ အဆုံးသတ်က သေဖို့ပဲပေါ့"

ကတ်(ဇ)က ပြောလိုက်သည်။

ရှိမွန်မှာ သူ၏မိုးကားအကျႌကြယ်သီးများကို တပ်ပြီးဖြစ်နေ

"သူ့အတွက် သေခြင်းတရားပဲ ရှိတော့တာပေါ့ဗျာ"

သူက သဘောတူဟန်ပြန်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



တံခါးဆီသို့ လျှောက်မသွားသေးပဲ နောက်ဆုံးအမိန့်အာ
စောင့်နေသေး၏။

ကတ်(ဓ)အဖို့မှ နောက်ဆုံး မေးခွန်းတစ်ရပ် ရှိနေသည်။

"ကောင်မလေး အသက်က ဘယ်လောက်ရှိပြီလဲ"

"ရှေ့အပတ်ဆိုရင် နှစ်ဆယ့်တစ်နှစ် ရှိပြီ၊ နေပါဦးဗျ ဒါ
အရေးကြီးလို့လား"

ကတ်(ဓ)က ထိုင်ရာမှ တစ်ဖြည်းဖြည်းထ၍ ရှီမွန်နှင့်မျက်
ချင်းဆိုင်လိုက်သည်။

"ကျွန်တော်တို့ ကောင်လေးတွေကို တစ်ဦးချင်း ခေါ်ပေး
ရှီမွန်"

သူက အမိန့်ပေးလာသည်။

"ဒီလိုကိစ္စကို ဘယ်သူလုပ်ချင်သလဲလို့၊ ဘာမှ ရှင်းပြ
မလိုဘူး၊လုပ်ရမယ့်လူရဲ့အမည်၊ အမှတ်အသား ဘာမှ မကျန်ရ
ရဘူး၊ လွတ်လွတ်လပ်လပ် ဆန္ဒပေးပါစေ"

"သူတို့ကို ကျွန်တော် မေးပြီးပါပြီ"

ရှီမွန်က ပြော၏။

"ထပ်ပြီးမေးပါ"

ကတ်(ဓ)က သူ၏ ဘယ်ဘက်လက်ကောက်ဝတ်ကို
နာရီအား ကြည့်သည်။

"ခုချိန်ကစပြီး နောက်တစ်နာရီတိတိမှာ ကျွန်တော့်ဆီ
ဖုန်းဆက်ပါ၊ မစောစေနဲ့၊ ကျွန်တော့်ဆီကို ဖုန်းမဆက်ခင်အ
ဘာမှလည်း မလုပ်နဲ့ဦး"

ရှီမွန်က ထွက်သွားပြီး ဘက်ကသာလျှင် ကတ်(ဓ)နှင့်အ





ကျန်ခဲ့တော့၏။

⌘⌘⌘⌘⌘



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၆)

ဆု။

ချာလီတစ်ယောက်သည် အင်္ဂလန်နိုင်ငံသို့ ပြန်ရောက်အပြီး ဆက်သွယ်မည့်သူကိုသာ ရင်တထိတ်ထိတ်ဖြင့် စောင့်မျှော်နေရ၏။ ဤအကြားထဲတွင် ပြဇာတ်များတွင်ဝင်၍ အသုံးတော်ခံရသေးသည်။

သူမအဖို့ ဘဝတစ်လျှောက်တွင် အကြီးအကျယ်ဆုံးသော ဇာတ်လမ်းကြီးတစ်ခုအား အဆုံးသတ်ရန် တာဝန်က ရှိနေ၏။

ယနေ့လည်း အားကစားရုံတစ်ခုတွင် ပွဲတစ်ခုအပြီး တည်းခို ဆောင်သို့ ပြန်လာခဲ့သည်။ အပြန်လမ်းတွင် နောက်မှလိုက်လာ ကားတစ်စီး၏ မီးရောင်အား နောက်ကြည့်မှန်မှတဆင့် မြင်လိုက်ရ ၏။ တစ်ဦးတစ်ယောက်တော့ သူမနောက်မှ ပါလာချေပြီ။ သူ့ရ





သော၊ ကိုယ့်လူလော။

တည်းခိုဆောင်သို့ ပြန်ရောက်လာခဲ့၏။ ညှိကြိုစာရေးထံမှ စာများကို သူမကယူအပြီးတွင် အညိုရောင်ဝတ်စုံနှင့် လူတစ်ဦးက ရောက်လာသည်။ အသက်မှာ လေးဆယ်ခန့်သာရှိသေး၏။

"မစ္စချာလီပါလား ခင်ဗျာ.."

သူက မေးလာသည်။

"မီရှယ်ဆီက နှုတ်ခွန်းဆက်စကားကို ကျွန်တော်ယူလာပါ တယ်..မစ္စချာလီ"

ချာလီ၏ မျက်နှာက ပြောင်းလဲသွားရပြီ။

"ဘယ်က မီရှယ်လဲရှင့်.."

"နော်တင်ဟာမ်က မီရှယ်ပါ မစ္စချာလီ"

သူ၏ လေသံဝယ် ဆွမ်လူမျိုးတို့၏ လေသံက ဝဲနေသည်။

"ခင်ဗျားအတွက် ရွှေရောင်သစ်ခွပန်းတွေ ယူသွားပြီးပေးဖို့နဲ့ ညစာစားဖို့ သူ့ဆီခေါ်လာဖို့ သူကမှာလိုက်ပါတယ်၊ ခင်ဗျားလာမယ် ဆို့ သူကတွက်ထားပါတယ်၊ ကျွန်တော်က သူရဲ့မိတ်ဆွေကောင်း တစ်ယောက်ပါ၊ ကဲ...သွားကြရအောင်"

"ရှင် မှားနေပြီ"

သူမက ပြန်ပြော၏။

"နော်တင်ဟာမ်က မီရှယ်ဆိုတာ ကျွန်မ မသိဘူး၊ ဘယ်က မီရှယ်ဆိုတာမှ ကျွန်မ မသိဘူး၊ကဲ...ခု ကျွန်မလည်း ပင်ပန်းနေပြီ"

ကောင်တာဘက်သို့လှည့်၍ သူမအခန်းတံခါးသော့ကို လှမ်း ယူလိုက်သည်။ ကောင်တာတွင် ထိုင်နေသူ ဟာမ်းဖရေးက မေး၏။

"မနက်စာ လက်ဖက်ရည်ကို ဘယ်အချိန်လောက် သောက်



www.burmeseclassic.com

www.burmeseclassic.com

ချင်တာလဲ...မစ္စ”

“ကိုးနာရီလေ..နည်းနည်းမှ မစောပါစေနဲ့ရှင်”

သူမက လှေကားရှိရာသို့ လျှောက်သွားသည်။

“သတင်းစာကရော...”

ဟမ်းဖရေးက မေးပြန်၏။

ချာလီက အိပ်ချင်ဟန် မျက်လုံးဖြင့် သူ့ထံသို့ လှမ်းကြည့်သည်။

“ဒုက္ခပါပဲနော်...”

တီးတိုး ညည်းတွားမိ၏။

“မနက်ထုတ် သတင်းစာလေ...ဘာကို ဖတ်ချင်တာလဲ”

“တိုင်းသတင်းစာ”

သူမက ပြောလိုက်သည်။

သူမက ထိုမျှသာပြော၍ လှေကားဆီသို့ ခြေဦးပြန်လှည့်၏။

“မစ္စချာလီ...”

နောက်မှ အညိုရောင်ဝတ်စုံနှင့် လူကခေါ်သည်။ထိုလူထံမှ စကားထပ်မထွက်လာမီ သူမက ခြေလှမ်းခပ်သွက်သွက်ဖြင့် နှစ်လှမ်းလှမ်းလိုက်၏။

“ရိစလင်းတစ်ယောက် သူ့လက်ကောက်ကို ခုညဝတ်မယ်ဆိုရင် မီရှယ်တော့ သိပ်ဝမ်းသာမှာပဲဗျ”

သူမက နောက်သို့ပြန်လှည့်ကာ လှေကားပေါ်မှ စီး၍ ထိုသူအား ကြည့်သည်။သူက ယူလာသော သစ်ခွပန်းများကို ဘယ်လက်တွင်ပြောင်းကိုင်ကာ ညာလက်ကို တွဲလောင်းချထား၏။

“သွားပါတော့လို့ ရှင့်ကို ကျွန်မပြောခဲ့သားပဲ၊ ကဲပါရှင်–





ကျေးဇူးပြုပြီး သွားပါတော့ ဟုတ်ပြီနော်”

“ဘူတာရစ်ဝိုင်အရက်နဲ့ ပုစွန်ထုပ် လတ်လတ်ဆပ်ဆပ်တွေမှာကျွေးဖို့ မီရှယ်က ကျွန်တော့်ကို ပြောထားပါတယ်၊ဝိုင်အရက်က အဖြူလည်း ဖြစ်ရမယ်၊ အေးလည်းအေးရမယ်၊တခြားမှာလိုက်တဲ့ စကားတွေ ရှိသေးတယ်၊ ခင်ဗျားက ငြင်းလိုက်တယ်လို့ သူ့ကို ကျွန်တော်ပြန်ပြောပြရင် သိပ်စိတ်ဆိုးသွားလိမ့်မယ်ဗျ”

သူမက ဧည့်ကြိုစာရေးစားပွဲရှိရာသို့ တဖြည်းဖြည်းပြန်ဆင်းလာ၏။

“ဟမ်းဖရေးရေ..”

သူမက သော့ကို စားပွဲပေါ်သို့ပြန်ချရင်း ခေါ်သည်။ ထို့နောက် စားပွဲပေါ်ရှိ စာရွက်အလွတ်တစ်ခုတွင် ခဲတန်ဖြင့် ကေသီဟူသော အမည်ကို ချရေးလိုက်သည်။

“ကျွန်မရဲ့အဖော်၊ အမေရိကန်အမျိုးသမီး ကေသီကို ရှင်သိတယ်မဟုတ်လား။ သူက ကျွန်မဆီကို တယ်လီဖုန်းဆက်ရင် ကျွန်မတော့ ချစ်သူခြောက်ယောက်နဲ့ အပြင်ကိုထွက်သွားပြီလို့ ပြောလိုက်ပါ၊ မနက်ဖြန် နေ့လယ်မှ နေ့လယ်စာ စားဖို့ လာခဲ့မယ်လို့လို့ ပြောလိုက်နော်၊မှတ်မိပြီလား”

စာရွက်ကို ဆွဲဖြုတ်၍ ဟမ်းဖရေး၏ ကုတ်အင်္ကျီ ရင်ဘတ်အပေါ်အိတ်အတွင်းသို့ ထိုးထည့်ပေးသည်။

ဤသည်မှာ တစ်ဘက်မှ ဆက်သွယ်ပြီးဖြစ်ကြောင်းကို မော့ဆက်အား အသိပေးရန် ကြိုတင်စီစဉ်ထားသည့် ပုံစံအတိုင်းဖြစ်သည်။

* * * * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

မြူနှင်းများကြားဝယ် သူတို့၏ ကားအား ခပ်ဖြည်းဖြည်း မောင်းနေရသည်။ တောင်ကုန်းတစ်ခုအပေါ် ဖြတ်ကျော်မောင်းနှင်ပြီး မြောက်ဘက်လွင်ပြင်ကြီးရှိရာသို့ ဦးတည်လိုက်၏။

မြူနှင်းတို့ လွင့်ပျောက်သွားပြီဖြစ်၍ ညနေကောင်းကင်နောက်တွင် ကြေးနန်းတိုင်များမှာ လက်ချုပ်အပ်ကြီးများပမာ ထိုးထိုးထောင်ထောင်နှင့် တွေ့မြင်နေရသည်။

လမ်းဆုံတစ်နေရာသို့ အရောက်တွင် လာခေါ်သူ အင်တွန်...တ်စတာဘိန်းက လမ်းပြမြေပုံကို ပြန်ကြည့်ပြီး ဗယ်ဘက်လမ်းသို့ ...က်နှိပ်ဓာတ်မီးဖြင့် ထိုးပြ၏။ ထို့နောက် ရှေ့မှသွားသော ကား...တိုင်း သူမ၏ ဖိုးယက်ကားကလေးအား မောင်းလိုက်လာရသည်။





တောင်ကုန်းပေါ်မှ အောက်ဘက် ရွာကလေးရှိရာသို့ ဖြတ်မောင်းသွားရသည်။သူမက ကားပြတင်းပေါက်မှန်ကို ချလိုက်ရာ ပင်လယ်ပြင်မှ ဆားနံ့က သင်းပျံ့၍ ဝင်လာသည်။

တောင်ပူစာလေးများကြားမှ ဖြတ်မောင်းရင်း သွပ်မိုင်းတွင်းဟောင်းကြီးရှိရာဘက် သွားရာလမ်းမှာ ကျဉ်းမြောင်း၍ လာသည်။ ဘေးတစ်ဖက်တစ်ချက်ရှိ အိမ်လေးများမှာ မီးထွန်းထားခြင်းမရှိ။

ရှေ့မှ သွားသောကားက ရပ်လိုက်ပြီး အင်တွန်က ထွက်လာ၏။သူမကလည်း သူကဲ့သို့ပင် ကားအတွင်းမှထွက်ပြီး ကားတံခါးသော့ကို ခတ်သည်။ လေတိုက်နှုန်းက မပြင့်တော့ပေ။

ကျွန်းဆွယ်လေး၏ လေကွယ်ရာအရပ်သို့ သူတို့ရောက်နေပြီ။မြေပြင်တွင် အဖိုးတန်ပစ္စည်း ကျပျောက်သည့်အလားသဖွယ်ပင် စင်ရော်လေးများက ခပ်နိမ့်နိမ့်ဝေ့ဝိုက်ကာ ပျံသန်းရင်း အော်မြည်နေကြ၏။

လက်တစ်ဖက်တွင် လက်နှိပ်ဓာတ်မီးကို ကိုင်ရင်း အင်တွန်က သူမ၏ လက်မောင်းအား ကိုင်၍ဆွဲခေါ်သည်။

"ကျွန်မဘာသာ ကျွန်မ လျှောက်မယ်ရှင့်"

သူမက ပြောလိုက်၏။

ရှေ့ဘက်ရှိ သံတိုင်တံခါးကြီးကို သူက တွန်းဖွင့်သည်။ သူတို့ရှေ့တွင် မီးရောင်တစ်ခုက လင်းလာ၏။ ကွန်ကရစ်ခင်းထားသောလမ်းတိုကလေးအတိုင်း လျှောက်လာကြသည်။

အပြာရောင်တံခါးတစ်ချပ်က ပိတ်ထားရာ အင်တွန်က အဆင်သင့်ပါလာသော သော့ဖြင့် ဖွင့်၍ အလျင်ဝင်နှင့်၏။ သူမဝင်သာရန်ဘေးသို့ ဖယ်၍ ရပ်ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမကလည်း အထဲသို့ဝင်လိုက်ရာ အင်တွန်က တံခါးကို ပြန်ပိတ်သည်။ အပြာရောင် ကော်ကျူရှိုင်းဝတ်စုံနှင့် အရပ်ရှည်ရှည် အသားဖြူဖြူ အမျိုးသမီးတစ်ဦးက သူတို့ဝင်လာသည်ကို လှည့်ကြည့်ပြီး ပြုံးပြလိုက်သည်။ သူမ၏ ရွှေရောင်ဆံပင်များက ရှည်လျားလှ၏။

"အင်တွန်..အိုး..သိပ်ဟုတ်တာပဲကွာ...ရှင်က ချာလီကို ကျွန်မဆီ ခေါ်လာပြီကိုး ချာလီရေ..ကြိုဆိုပါတယ်ကွာ..ခုကိုယ် လုပ်နေတဲ့ လျှပ်စစ်မီးလင်းဖိုလေး လင်းလာအောင် တပ်ပေးနိုင်ရင် မင်းကို ပိုပြီးတောင် ကျေးဇူးတင်ဦးမယ်"

သူမက ချာလီ၏ ပခုံးကိုဆွဲယူ၍ ပါးနှစ်ဖက်အားကပ်လိုက်သည်။

"မင်း..ဒီညကတဲ့ ရှိတ်စပီးယားရဲ့ ပြဇာတ်ထဲမှာ သိပ်တော်တာပဲ..ဟုတ်တယ်မဟုတ်လားဟေ့၊အင်တွန်ရေ သိပ်တော်တယ်လို့ ကျွန်မပြောတာပါ၊ ကိုယ့်နာမည်က ဟယ်ဂါတဲ့...ချာလီ"

မီးခိုးရောင် သူမ၏မျက်လုံးများက စူးရှလှ၏။

အခန်းထောင့်တစ်နေရာက အင်တွန်က ဟယ်ဂါ၏ အဖြေကို ပေးစဉ် အင်္ကျီချိတ်ဝယ် သူ၏မိုးကာအင်္ကျီကြီးအား ချိတ်လျှက်ရှိ၏။

"အိုး...ချာလီက သိပ်တော်တာပေါ့ဗျာ"

သူမ၏ လက်မောင်းများမှာ ချာလီ၏ ပခုံးပေါ်၌ပင် တင်လျှက်ရှိသေးသည်။

"စကားလုံးတွေ အများကြီးကို ကျက်ရတာ သိပ်မလွယ်ဘူး မဟုတ်လား ချာလီရယ်"

ချာလီ၏ မျက်နှာအား စိန်းစိန်းကြည့်ရင်း သူမကမေး၏။

"ဒါအတွက် ကျွန်မမှာ ပြဿနာမရှိပါဘူး"





ချာလီထံမှဖြေ၍ သူမလက်မှ ရုန်းဖယ်လိုက်သည်။

"ဒါကို မင်းလွယ်လွယ်နဲ့ ကျက်လို့ရသလားကွ"

သူမ၏ လက်ထဲတွင်မူ ပဲနိငါးဆယ်တန် အကြွေတစ်ပြား ကိုင်ထား၏။

"ကဲ...ချာလီရေ..ကိုယ့်ကို ဒီမီးလင်းဖိုလေး ဘယ်လိုလင်းလာအောင်လုပ်ရတယ်ဆိုတာ ပြပေးစမ်းပါဦး"

ချာလီက မီတာခလုတ်ရှေ့ဝယ် ကိုယ်ကို ကိုင်းညွတ်၍ ခလုတ်ကို လက်တစ်ဖက်ဖြင့်ကိုင်ကာ တစ်ဖက်က ပိုက်ဆံအကြွေကို ထည့်လိုက်၏။ ပိုက်ဆံကျသွားသည်နှင့် ခလုတ်ကိုလှည့်ရာ အသံမြည်ပြီး မီးက လင်းလာသည်။

"အိုး..သိပ်ဟုတ်ပါလား ချာလီ"

"မီရှယ်...ဘယ်မှာလဲ"

ချာလီက မေးတော့သည်။

"အဲဒါ မစ္စဟယ်ဂါ မသိဘူး ချာလီ"

အခန်းထောင့်မှ အင်တွန်က လှမ်း၍ အဖြေပေး၏။

"သူက ရှေ့နေတစ်ယောက်မဟုတ်ဘူး၊ သူက တရားမျှတရေးအတွက် ခရီးထွက်လာတာ၊ မစ္စဟယ်ဂါဟာ မီရှယ်ရဲ့ လှုပ်ရှားမှုတွေရော၊ ဘယ်နေရာမှာ ရှိတယ်ဆိုတာရော မသိဘူး၊ကဲ..ထိုင်ပါဦးကွာ.."

ချာလီက မတ်တပ်ရပ်နေသေး၏။

အင်တွန်ကမူ ကုလားထိုင်တစ်လုံးဝယ်ဝင်ထိုင်ပြီး ပေါင်ပေါ်သို့ လက်များတင်ထားလိုက်သည်။

"ရှင်ပြောတော့..ရှင့်ဆီမှာ သူ့ဆီက သတင်းရှိတယ်ဆို"



www.burmeseclassic.com

www.burmeseclassic.com



ချာလီက မေးသည်။

ဟယ်ဂါကမူ သူမဘက်သို့ မျက်နှာမူလိုက်၏။

"နောက်ဆုံး သူ့ကို ခင်ဗျား ဘယ်မှာ တွေ့ခဲ့တာလဲ"

အင်တွန်မက်စတာဘိန်းက မေး၏။

သူမက ပြန်ဖြေသည်။

"ဘယ်အချိန်ကလဲ"

ဟယ်ဂါက မေးလိုက်ပြန်သည်။

"ငါးပတ်ကျော် ခြောက်ပတ်လောက်ရှိပြီ၊ သူ ဘယ်မှာလဲ"

"သူ့သတင်းကို နောက်ဆုံးဘယ်တုန်းက ကြားရသလဲဟင်"

အင်တွန်က မေး၏။

"သူ ဘယ်မှာလဲဆိုတာသာ ကျွန်မကို ပြောပြစမ်းပါ၊ သူဘာ တွေဖြစ်နေပြီလဲ"

သူမက ဟယ်ဂါအား ကျောခိုင်းလိုက်သည်။

"သူ ဘယ်မှာလဲ"

"မင်းဆီကို ဘယ်သူမှ လာမတွေ့ဘူးလားကွ"

အင်တွန်က မေးသည်။

"သူ့ သူငယ်ချင်းတို့ ရဲတို့ပေါ့"

"မင်းဟာ မင်းပြောသလို သတိမကောင်းပါဘူး ချာလီ"

ဟယ်ဂါက ပြောလိုက်၏။

"မင်းကို ဘယ်သူလာတွေ့တယ်ဆိုတာ ပြောပြပါလားဗျ ချာလီ"

အင်တွန်ကပြောသည်။

"ခုချက်ချင်းပဲ၊ ဒါက သိပ်လိုအပ်နေတယ်၊ တို့ ဒီကိုရောက်





ာတာ သိပ်အရေးကြီးနေတဲ့ ကိစ္စရှိလို့ပဲ"

"သရုပ်ဆောင်ကောင်း တစ်ယောက်အနေနဲ့ ခပ်လွယ်လွယ်ပဲ ရ လိမ်ပြောနိုင်လိမ့်မယ်ရှင့်"

ဟယ်ဂါက ချာလီအား စိုက်ကြည့်ရင်း ပြောလာ၏။

"ဟန်ဆောင်ဖို့ လေ့ကျင့်ထားတဲ့ မိန်းမတစ်ယောက်ကို ယ်သူက ယုံလို့ရပါ့မလဲ"

"ကျွန်တော်တို့ အတော်သတိထားကြရမယ်"

အင်တွန်က သဘောတူဟန်ဖြင့်ပြောသည်။

သူမက ဟယ်ဂါနှင့်အင်တွန်အား စိုက်ကြည့်၏။ နှုတ်ဖျားမှ ား‌တို့က ထွက်လာ၏။ ဤသည်ကို သူမအဖို့ မတားဆီးနိုင် ော့။

"သူ သေပြီမဟုတ်လားဟင်"

သူမ၏ လေသံက တိုးလှသည်။

ဟယ်ဂါက မကြားချင်ဟန်ဆောင်နေ၏။

"အေး..ဟုတ်တယ် မီရှယ်သေပြီ"

အင်တွန်က ပြောလိုက်တော့သည်။

"ကိုယ်ရော မစ္စဟယ်ဂါပါ ဝမ်းနည်းရပါတယ်ကွာ၊ မင်း ဆီကို ရေးခဲ့တဲ့စာတွေအရဆိုရင် သူ့အတွက် မင်းလည်းအတော် ်းနည်းမိမှာပဲလို့ တို့ထင်ပါတယ်"

"ဒါပေမယ့် စာတွေဟာ ဟန်ဆောင်ထားတာလဲ ဖြစ်နိုင်တယ် င်တွန်"

ဟယ်ဂါက ဝင်၍ သတိပေး၏။

ချာလီအဖို့ အကောင်းဆုံး သရုပ်ဆောင်ကွက်ကို ပြရတော့



www.burmeseclassic.com

www.burmeseclassic.com



မည်။

ကြမ်းပြင်ပေါ်သို့ ခွေကနဲကျသွား၏။ မျက်လုံးထဲက မျက်ရည်တို့က အပြည့်သား တတွေတွေ စီးကျလာသည်။

ဟယ်ဂါက သူမအနားရောက်လာကာ ပွေ့ထူ၍ ဆိုဖာပေါ်သို့ တင်ပေး၏။ မျက်ရည်များ တသွင်သွင်ကျနေသည့်ကြားမှ ချာလီက မပီမသ ရေရွတ်မိသည်။

"ဓိယွန်ဝါဒီတွေရဲ့ လက်ချက်လို့ သူက ပြောနေပါလား"

အင်တွန်က ဟယ်ဂါအား ပြောပြ၏။

"သူက ဘာကြောင့်ပြောရတာလဲ၊ ရဲကတော့ ကျွန်တော်တို့ကို မတော်တဆဖြစ်တာလို့ ပြောခဲ့တာပဲ၊ ရဲတွေက သတင်းထုတ်ပြန်ဖို့ဆိုတာကလဲ သိပ်အန္တရာယ်ကြီးတယ်ဗျ"

သို့သော်လည်း သူ၏ စကားများကို ဟယ်ဂါကမကြားသည် အလား၊ကရုမစိုက်သည်လား မသိ။

ချာလီမှာ ယခုအခါတွင် ဆိုဖာပေါ်တွင် ထိုင်စေ၍ ကော်ဖီတစ်ခွက်ကို ဟယ်ဂါက ယူပေးထား၏။ မျက်ရည်များမှာ ပါးပြင်သို့ ဖြတ်၍စီးကျနေဆဲပင်ဖြစ်သည်။ ဟယ်ဂါက ချာလီ၏ ပခုံးအား ပွေ့ဖက်၍ ထား၏။ အင်တွန်ကမူ မိန်းမသားနှစ်ယောက်အား ကြည့်နေသည်။

"ဗုံးပေါက်ကွဲတာကြောင့်ပဲ"

သူက ပြောသည်။

"ဆော(လ်)ဘက်နဲ့ မြို့နှစ်သွားတဲ့နေရာမှာ ဖြစ်တာ၊ရဲရဲ့ အဆိုအရဆိုရင် သူ့ကားမှာ ယမ်းတွေအပြည့်ပါတယ်လို့ ပြောတယ်။ အလေးချိန်ပေါင် ရာချီပြီး ပါတယ်တဲ့၊ဘာကြောင့်လည်း ဘာကြောင့်





ယမ်းတွေက ချက်ချင်းထပေါက်ရတာလဲ"

"မင်းရဲ့ စာတွေကတော့ လုံခြုံမှုရှိနေပါပြီကွာ"

ဟယ်ဂါက ချာလီ၏ ဆံပင်များကို နားရွက်နောက်သို့ သပ်တင်ပေးရင်း တီးတိုးပြောလာသည်။

"ကားက မာစီဒီးကားပဲ"

အင်တွန်က ပြော၏။

"မြို့နှစ်လိုင်စင် တပ်ထားပေမယ့် အတုလို့ ရဲကပြောတယ်၊ ပါလာတဲ့ စာရွက်စာတမ်းတွေကလည်း အားလုံးအတုတွေချည်းပဲ၊ ကျွန်တော်တို့လူက ကားတစ်စီးကို စာရွက်စာတမ်းအတုတွေ၊ယမ်းတွေအပြည့်တင်ပြီး ဘာလို့မောင်းရတာလဲ၊ သူက ကျောင်းသားတစ်ယောက်ပဲ၊ ဗုံးဖောက်တဲ့လူမှ မဟုတ်တာ၊ ဒါဟာ ဥပဒေနဲ့ ကင်းတဲ့ အလုပ်တစ်ခုပဲလို့ ကျွန်တော်ထင်တယ်"

"ဒီကားကို မင်းသိလား ချာလီ"

ဟယ်ဂါက ချာလီ၏ နားအနားသို့ ကပ်၍မေးလိုက်သည်။ သူမကိုလည်း ပို၍ထွေးပွေ့ထားပြန်၏။ သို့သော်လည်း ချာလီ၏ မျက်လုံးထဲတွင် ရုရှားလုပ် ပလတ်စတစ် ယမ်းပေါင်နှစ်ရာကျော်နှင့် အတူ ပေါက်ကွဲလွင့်စင်သွားသော ယာနူးကား ခေါ် မိရှယ်ကိုသာ မြင်ယောင်မိနေသည်။

နားထဲတွင် ကြားနေရသည်မှာ တစ်သံတည်းသာရှိ၏။

(သူတို့ကိုမယုံနဲ့၊ သူတို့ကိုညာပြီးပြော၊ အားလုံးကိုငြင်း)

"သူ တစ်ခုခုပြောနေတယ်"

အင်တွန်က စွပ်စွပ်စွဲစွဲ ပြောပြန်သည်။

"မိရှယ်လို့ပဲ သူက ပြောတာပါ"



www.burmeseclassic.com

www.burmeseclassic.com



ဟယ်ဂါက လက်ကိုင်အိတ်အတွင်းမှ လက်ကိုင်ပဝါတစ်ထည်ကိုဆွဲယူ၍ ချာလီ၏ မျက်ရည်များကို သုတ်ပေးနေရာမှ ပြန်ပြော၏။

"ကောင်မလေးတစ်ယောက်လဲ သေသွားတယ်"

အင်တွန်က ပြောသည်။

"သူနဲ့အတူ ပါလာတဲ့ကောင်မလေးလို့ သူတို့ကပြောတာပဲ"

"ဒတ်(ချ)လူမျိုးတဲ့"

ဟယ်ဂါက ခပ်တိုးတိုးပြော၏။

"တကယ်လှတဲ့ အသားဖြူချောလေးပဲ"

"သူတို့အတူတူ သေသွားကြရတယ်လေ"

အင်တွန်က အသံကိုမြှင့်ပြီး ပြောလိုက်သည်။

"မင်းတစ်ယောက်တည်း ရှိတာမဟုတ်ဘူး ချာလီ"

ဟယ်ဂါက ရှင်းပြ၏။

"တို့ရဲ့ ပါလက်စတိုင်း လူမျိုးလေးရဲ့ အသုံးချမှုမှာ မင်းတစ်ယောက် မလွတ်ကင်းတာ မင်းသိပါတယ်"

ပထမဦးဆုံးအကြိမ် သူမအတွက် သတင်းစကာက ပွင့်အန်၍လာသည်။

"ဒါကို ကျွန်မ တစ်ခါမှ မမေးပါဘူး"

သူမ၏အသံက တီးတိုးမျှသာ။

"ဒတ်(ချ)လူမျိုး ကောင်မလေးက အကြမ်းဖက်သမားတစ်ဦးလို့ ရဲကပြောကြတယ်"

အင်တွန်က ပြန်ပြော၏။

"မီရှယ်ကလည်းပဲ အကြမ်းဖက်သမားတစ်ယောက်လို့ ပြောကြ





တယ်..."

ဟယ်ဂါက ပြောသည်။

"အဲ့ဒီကောင်မလေးဟာ မီရှယ်အတွက် ဗုံးတွေ အများကြီး

ထောင်ပေးခဲ့ဘူးတယ်လို့ သူတို့ ပြောကြတယ်"

အင်တွန်က ဆက်ပြော၏။

"သူတို့အပြောကတော့ မီရှယ်တို့ နောက်ဗုံးတစ်ဗုံး ထောင်ဖို

သာခဲ့ကြတာတဲ့၊မြူးနစ်မြို့ရဲ့ မြေပုံတစ်ပုံလည်း ကားထဲမှာ သူတို

ရှာတွေ့ကြတယ်၊ မီရှယ်ရဲ့ လက်ရေးနဲ့ အစ္စရေး ဗဟိုကုန်သွယ်ရေး

အဆောက်အအုံကို အမှတ်ပြထားတယ်၊ သိပ်မလွယ်တဲ့ပစ်မှတ်တစ်ခု

ပဲကွ၊ ဒီကိစ္စကို သူက ပြောပြခဲ့သေးသလားဟင်..မစ္စချာလီ"

တုန်ယင်နေရာမှ ချာလီက ကော်ဖီကိုအနည်းငယ်စုပ်သောက်

လိုက်၏။ ဟယ်ဂါအဖို့ ထိုအပြုအမူကား အဖြေပေးလိုက်သလို

ကျေနပ်သွားစေသည်။

"ဟုတ်ပြီ...နောက်ဆုံးတော့ သူ သတိရလာပြီရှင့်၊ မင်း

ကော်ဖီထပ်ယူဦးမလား ချာလီ၊ စားစရာရော စားစရာအစုံ ဒီမှာရှိ

တယ်"

ချာလီက ခေါင်းယမ်းပြသည်။

ရေအိမ်ဆီသို့သာ ဟယ်ဂါအား လိုက်ပို့ပေးစေသည်။ မျက်နှာ

သစ်ရင်း တံခါးရွက်ပါးပါးကြားမှ ဂျာမန်လို ပြောနေသော စကား

များကို ခက်ခက်ခဲခဲ နားစိုက်ကြည့်၏။

သူမ ပြန်ထွက်လာစဥ်မှာမူ အိမ်ရှေ့တံခါးဝယ် မိုးကာအကျႌ

ဝတ်လျက် အင်တွန်မက်စတာဘိန်း ရပ်နေသည်ကို တွေ့ရသည်။

မစ္စတာချာလီ...မင်းကို မစ္စဟယ်ဂါက ဥယျာဥ်ဒေကြောင်းအရ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းကောင်း ကာကွယ်ပေးထားမယ်လို့ ထပ်သတိပေးခဲ့ပါတယ် ကွာ"

သူက ထိုမျှသာပြော၍ ထွက်သွားတော့၏။

⌘⌘⌘⌘⌘



အခန်း (၁၈)

နောက်ဆုံးတွင် မိန်းမသားနှစ်ဦးသာ ကျန်ခဲ့ရသည်။

"အင်တွန်ဟာ ပါရမီရှင်တစ်ဦးပဲ"

ဟယ်ဂါက တစ်ချက်မျှရယ်၍ ပြောလာ၏။

"သူဟာ တို့ရဲ့စောင့်ရှောက်လမ်းပြနေတဲ့ နတ်သားလေး တစ်ပါးလိုပဲ၊ သူက ဥပဒေကိုမုန်းတယ်၊ ဒါပေမယ့် သူမုန်းတဲ့ဟာ ကိုပဲ စွဲစွဲလန်းလန်း လုပ်နေရတယ်လေ"

သူမက ချာလီအား တိုးဖက်လိုက်သည်။

"အကြမ်းဖက်တယ်ဆိုတာဟာ ဘာမှမထူးဘူး၊ တို့ဟာ အကြမ်းဖက်တာလုပ်တယ်၊ ငြိမ်းချမ်းရေးအတွက် လုပ်တယ်၊ ဘာမှ ထူးခြားဘူး၊တို့လုပ်တာတွေဟာ ယုတ္တိတန်ဖို့လိုတယ်၊ စိတ်သဘော အားတွေကို သိမြင်အောင်လုပ်ရမယ်၊ သိမြင်အောင်ကလည်း လုပ်ရှား



www.burmeseclassic.com

www.burmeseclassic.com



မှုတစ်ခုဖြစ်အောင် လုပ်ယူရမယ်”

“လှုပ်ရှားမှုဆိုတာ ကိုယ့်ဘက်ကကိုယ် အမှန်ရယ်လို့ သိမြ နေမှုတစ်ခုပဲ၊ အမှန်တရားတစ်ခုလည်း ဖြစ်နေရမယ်၊ဟုတ်ပြီနော်”

ခေတ္တမျှ စကားဖြတ်လိုက်ပြန်သော်လည်း ချာလီက အဖြေ မပေး။

“မင်းကို လုံးဝ အံ့ဩသွားစေတာတော့ ရှိတယ်ဆိုတာ မင်းသိပါတယ်ကွာ၊ ကိုယ်ဟာ ကိုယ့်မိဘတွေနဲ့ လက်ပွန်းတတီး တယ်၊မင်းကတော့ ဒီလိုမဟုတ်ဘူး၊ ဒါကို မင်းရဲ့စာတွေထဲ တွေ့နိုင်တယ်”

သူမက စကားဖြတ်သွားပြီး တဖန်ငိုယိုနေသော တိတ်ဆိတ် နေသော ချာလီအား ဒေါသထွက်မိ၏။

“ချာလီ၊တော်တော့ကွာ၊ မငိုနဲ့တော့၊ တို့က အဘွားကြီး မဟုတ်ဘူး၊ မင်းက သူ့ကိုချစ်ပေမယ့် ခု သူသေသွားပြီပဲ”

သူမ၏ အသံက မာလာသည်။

“သူက သေပြီ၊ဒါပေမယ့် တို့ဟာ ကိုယ်ရေးကိုယ်တာ လေးတွေနဲ့ လွမ်းဆွေးနေကြမယ့် လူတွေ မဟုတ်ဘူး၊ တို့ဟာ တိုက်ခိုက်ရေးသမားတွေ၊ လှုပ်ရှားရေးသမားတွေ၊ မျက်ရည်တွေ သုတ်လိုက်စမ်းပါ”

ချာလီ၏ လက်မောင်းအား ဆွဲကိုင်၍ မတ်တပ်ရပ်စေ အခန်းအတွင်း၌ လျှောက်စေ၏။

“ကိုယ်ပြောတာကို နားထောင်ပါဦး၊ တစ်ခါက ကိုယ့်မှာ သိပ်ချမ်းသာတဲ့ ယောက်ျားလေးမိတ်ဆွေတစ်ယောက်ရှိတယ်၊သူ့နာမည် က ကတ်(ဓ)တဲ့၊ အန်တွန်လိုပဲ သူ့ကို ကိုယ်ကလိင်ကိစ္စအတွက်





အသုံးချခဲ့တယ်၊ နောက်ပြီး သူ့ကို ပညာလည်းပေးဖို့ ကြိုးစားခဲ့တယ် တစ်နေ့မှာ ဘိုလီဗီးယားဆိုင်ရာ ဂျာမန်သံအမတ်ကြီးတစ်ယောက်ကို တော်လှန်ရေးတိုက်ပွဲဝင် ရဲဘော်တွေက သတ်ပစ်လိုက်ကြတယ်၊ သူ့နာမည်က ဂရက်(ဖ)ဘာ ဆိုလားမသိဘူး၊ အဲ့ဒီကိစ္စကို မင်းမှတ် မိတယ်မဟုတ်လား၊ သူ့နာမည်ကိုတောင် မကြားဘူးဖူးတဲ့ ကတ်(ဓ) က ချက်ချင်းဒေါသတကြီးဖြစ်ပြီး ဝက်မသားတွေ၊ အကြမ်းဖက်သမား တွေလို့ ပြောတောတာပဲ၊ ကိုယ်ကလည်း သူ့ကိုပြန်ပြောမိတယ်၊ ကတ်(ဓ)ရယ် ရှင်က ဘယ်သူတွေအတွက် ဒီလောက်တောင်ဖြစ်နေ ရတာလဲ၊ ဘိုလီဗီးယားမှာ ငတ်ပြီး လူတွေ နေတိုင်းသေနေတာပဲ ဟာ ဂရက်(ဖ)ဆိုတဲ့ လူတစ်ယောက်သေတာနဲ့ ကျွန်မတို့က ဘာဖြစ် လို့ စိတ်အနှောင့်အယှက် ဖြစ်ရမှာလဲလို့၊ ဒီစကားကို မင်းသဘောတူ တယ်မဟုတ်လား ချာလီဟင်”

ချာလီက ပခုံးတစ်ချက်တွန့်ရုံမျှ တွန့်ပြ၏။

“မိုရှယ်ဟာ အာဇာနည်တစ်ယောက်ပါ၊ ဒါပေမယ့် သေတဲ့ လူဟာ တိုက်ပွဲမဝင်နိုင်တော့ဘူး၊ တစ်ခြား အာဇာနည်ပုဂ္ဂိုလ်တွေ အများကြီးရှိပါသေးတယ်၊ စစ်သားတစ်ယောက် သေသွားပေမယ့် တော်လှန်ရေးကတော့ ဆက်ပြီးရှိနေဦးမှာပဲ မဟုတ်လား”

“ဟုတ်ပါတယ်ရှင်”

ချာလီက လေသံတိုးတိုးဖြင့် ပြန်ပြောလိုက်သည်။

သူတို့က ဆိုဖာရှိရာသို့ ပြန်ရောက်လာ၏။ ဟယ်ဂါမှာ လက်ဆွဲအိတ်လေးအတွင်းမှ ဝီစကီပုလင်းပြားလေးကို ထုတ်ယူ၏။ ခွန်ပေးဆောင်ရန် မလိုကြောင်း တံဆိပ်ကပ်ထားသည်ကို ချာလီ သတိပြုမိသည်။ သူက အဖုံးကိုဖွင့်၍ ချာလီအား လှမ်းပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"မီရှယ် အတွက်"

သူမက ပြောသည်။

"သူ့အတွက် တို့သောက်ကြမယ်၊ မီရှယ်အတွက်ပေါ့၊ ကဲ အဲဒီလိုပြော"

ချာလီက တစ်ငုံမျှ စုပ်သောက်လိုက်၏။ ဟယ်ဂါက ပုလင်းကို ပြန်ယူသည်။

"ဆိုစမ်းပါဦး ချာလီရယ်"

သူမက ထိုင်ချ၏။ ဟယ်ဂါက သူမအပေါ်မှ ကိုယ်ကိုမိုး ရပ်နေသည်။

"မင်းက ကိုယ်ပြောတာကို နားထောင်ပြီး အဖြေပေးရမယ် နော်၊ ဟုတ်ပြီလား။ ဒီနေရာကို အပျော်ကိုယ်ရောက်နေတာ မဟုတ်ဘူး ဆိုတာ မင်းသိတယ်မဟုတ်လား၊ ဆွေးနွေးဖို့လည်းမဟုတ်ဘူး ဆွေးနွေးနေရတာကို ကိုယ်သဘောကျပေမယ့် ခုတော့မဟုတ်သေးဘူး ဟုတ်ကဲ့လို့ပြောစမ်း"

"ဟုတ်ကဲ..."

ချာလီက မရွှင်မလန်းဖြင့် ပြော၏။

"သူက မင်းကို ဆွဲဆောင်နိုင်တယ်၊ ဒါဟာ သိပ္ပံနည်းကျ ချက်တစ်ခုပဲ၊ သူ့ရဲ့အခန်းထဲမှာ မင်းဆီကို ရေးနေဆဲစာတစ်စောင် ကျန်ရစ်ခဲ့တယ်၊ အချစ်နဲ့လိင်ကိစ္စအပေါ် အံ့သြစရာသုံးသပ် ရေးထားတာ တွေ့ရတယ်၊ မင်းနဲ့ပတ်သက်တဲ့ဟာတွေချည်းပဲ၊ နိုင်ငံရေး အကြောင်းလည်းပါတယ်"

ချာလီ၏ မျက်နှာမှာ စိတ်အားတက်ကြွလာပုံ ပေါက်လာသည်။





"အဲဒီစာက ဘယ်မှာလဲ"

သူမက မေး၏။

"ကျွန်မကို ပေးပါ"

"သိမ်းထားတယ်၊ စစ်ဆင်ရေးတိုင်းမှာ အားလုံးကိုရှာပြီး းထားရတယ်"

ချာလီက ထိုင်ရာမှ ထရပ်လိုက်၏။

"ဒါဟာ တော်လှန်ရေးရဲ့ ပစ္စည်းတစ်ခုပဲကွ၊ နောက်တော့ ရင် ရလာပါလိမ့်မယ်၊ တစ်ယောက်ယောက် ကြည့်ဖို့ရှိသေးတယ်"

ဟယ်ဂါက သူမကို ဆိုဖာပေါ်သို့ ခပ်ကြမ်းကြမ်းတွန်းချ စေ၏။

"ခုတော့ ပြာပုံကြီးလို ဖြစ်နေတဲ့ မာစီဒီးကားကို မင်းက ခြားကဖြတ်ပြီး ဂျာမနီပြည်ထဲကို မောင်းလာခဲ့သလား၊ မီရှယ် တွက်လေ၊ လုပ်ငန်းတစ်ခုအတွက်ပေါ့၊ ဖြေစမ်းပါကွယ်"

"ဩစတေးလျ ပြည်ထဲကိုပါ"

သူမက ပြော၏။

"ဘယ်နေရာကလဲ"

"ယူဂိုဆလားဗီးယားကို ဖြတ်ပြီး လာရတာ"

"ချာလီ ဘယ်နေရာကလည်းလို့ မေးနေတာကွ"

"သက်သာဆိုနီကာကပါ"

"လမ်းမှာတုန်းကတော့ မင်းနဲ့အတူ မီရှယ်ပါလိုက်ခဲ့တယ်၊ တ်လား၊ ဒါက သူလုပ်နေကျပဲလို့ ကိုယ်ထင်တယ်"

"မဟုတ်ဘူး"

"ဘာမဟုတ်ဘူးပြောတာလည်း မင်းတစ်ယောက်ထဲမောင်း



www.burmeseclassic.com

www.burmeseclassic.com



လာရတယ်ဟုတ်လား၊ အဓေးကြီးကလေးရယ်စရာပဲဟော့ဒီလိုတာ
ကြီးတဲ့အလုပ်မှာ မင်းကို ဘယ်တော့မှယုံမှာမဟုတ်ဘူး၊ ကိုယ်
ဒီစကားတစ်လုံးကို မယုံနိုင်ဘူး၊ အားလုံးဟာ မင်းလိမ်ညာနေ
ချည်းပဲ”

“ဘယ်သူ့ကို ကျွန်မက ကရုစိုက်ရမှာလဲ”

ချာလီက ပြန်ပြောသည်။

ဟယ်ဂါတစ်ယောက် ရန်စွယ်ငေါငေါ ဖြစ်သွားရ၏။

“ဟုတ်တယ်..မင်းက ဘာကရုစိုက်ရမှာလဲ၊ မင်းဟာ သူ
တစ်ယောက်ဖြစ်နေရင်၊ ဘယ်သူ့ကို ကရုစိုက်ရမှာလဲပေါ့ကွ
ဘာတွေဖြစ်တယ်ဆိုတာ ကိုယ့်အဖို့ရှင်းနေပြီပဲ၊ ဘာမှ မင်းကိုထင်
စရာမလိုတော့ဘူး။မိရှယ်ဟာ မင်းနဲ့လျှို့လျှို့ဝှက်ဝှက် ချစ်ဖို့ဆက်သွ
တယ်၊ မင်းကလည်း အခြေအနေမကောင်းတာနဲ့ ကိုယ့်ကိုထို
ကာကွယ်ဖို့၊ ပိုက်ဆံရဖို့အတွက် ရဲကို သွားပြောခဲ့တာ၊ မင်း
ရဲဘက်က သူလျှိုပဲ၊ သက်ဆိုင်ရာ တို့လူကြီးတွေဆီကို ဒီအကြော
အစီရင်ခံရမယ်၊ နောက် အသတ်ခံရမှာ”

“သိပ်ဟုတ်ပါလား”

ချာလီက ပြော၏။

“သိပ်ကြောက်စရာကောင်းပါလား”

သူမက ဆေးလိပ်မီးကို ငြိမ်းလိုက်သည်။

“လုပ်လိုက်လေ ဟယ်ဂါ၊ဒီလိုပဲ ကျွန်မကဖြစ်စေချင်
ရှင့်လူတွေကို ဘေးမှာချထားလိုက်ပေါ့၊ ကျွန်မအခန်းနံပါတ်
ဆယ့်ခြောက်တဲ့”

ဟယ်ဂါက ပြတင်းပေါက်ရှိရာသို့ လျှောက်သွားပြီး ခန်း





အားဖယ်လိုက်၏။ အင်တွန်အား လှမ်းခေါ်ရန် သေချာလှပါသည်။
ကို ကျော်၍ ချာလီက ကားလေးအား လှမ်းမြင်ရ၏။ ကားမောင်း
ည့်ခုံဝယ် ထိုင်နေသော အင်တွန်၏အရိပ်မည်းမည်းအားလည်း
ရသည်။

ဟယ်ဂါက ပြတင်းပေါက်မှန်အား လက်ဖြင့်ခေါက်၏။

“အင်တွန်ရေ...အင်တွန် ဒီကိုအမြန်လာစမ်းပါဦး၊ကျွန်မတို့
မှာ သူလျှိုတစ်ယောက်ရှိနေပြီရှင့်”

သို့သော်လည်း သူမ၏အသံက အင်တွန်ကြားနိုင်လောက်
င် မကျယ်လှ။ ဤကဲ့သို့ပင် သူမက ကြံရွယ်ထားပုံရသည်။

“မိရှယ်က မင်းအကြောင်းကို တို့ကိုဘာကြောင့် ပြောမပြ
တာလဲ”

ခန်းဆီးအား ပြန်ပိတ်၍ ချာလီနှင့်မျက်နှာချင်းဆိုင်ပြီး ဟယ်ဂါ
မေးလိုက်၏။

“မင်းကို တို့နဲ့အတူတူ ဘာဖြစ်လို့မရှိစေရတာလဲ၊ မင်းလို
ဘလေးကို အကြာကြီးထားတာ ရယ်စရာပဲ”

“သူက ကျွန်မကို ချစ်တယ်လေ”

“ထွီ..သူက မင်းကိုအသုံးချနေတာကွ၊ သူ့ဆီကစာတွေ မင်းဆီ
ရှိသေးလား”

“အဲ့ဒါတွေကို ဖျက်ဆီးပစ်ဖို့ သူက ကျွန်မကို ခိုင်းခဲ့တယ်”

“ဒါပေမယ့် မင်းမလုပ်ဘူးမဟုတ်လား၊ မင်းမလုပ်တာ သေချာ
တယ်လေ၊ ဘာလို့များ မင်းက လုပ်နိုင်တော့မှာလဲ၊ မင်းအတွက်
တ်အစား၊ လက်ဝတ်လက်စားဟိုတယ်ခတွေအတွက် အားလုံး
နှန်အကျခံပြီး မင်းကတော့ သူ့ကိုရှောင်းစားတယ်၊ မင်းဒီလိုပဲ



www.burmeseclassic.com

www.burmeseclassic.com



လုပ်ခဲ့မှာပဲကွ"

ချာလီက လက်ဆွဲအိတ်အား သူမကိုယ်တိုင်ရှာရန် ကပ်သွား၏။လက်ဆွဲအိတ်ကိုဖွင့်၍ ပစ္စည်းများကို စားပွဲပေါ်သို့ သွန်ချလိုက်သည်။ စီစဉ်ပြီးသား သဲလွန်စများကိုသာ တွေ့ရ၏။ နော်တင်ဟမ်ဘောပွိုင့်နှင့် ဒိုင်ယာရီစာအုပ်၊ အေသင်ရှိ ဒိုင်အိုဂျီးနက်(စ)ဆိုင်ယမ်းမီးခြစ်။

"ဒီရေဒီယိုလေးက..."

နှိုးစက်ပါ ဂျပန်ဖြစ် ရေဒီယိုလေး ဖြစ်သည်။

"ဒါကဘာလည်း သူလျှိုတွေသုံးတဲ့ ပစ္စည်းမျိုးပဲ၊ဒါ ဘယ်ကရတာလဲကွယ့်၊ မိန်းမတစ်ယောက်က ဘာကြောင့်များ ဒီရေဒီယိုလေးကို လက်ကိုင်အိတ်ထဲ ထည့်ထားရတာလဲ"

ချာလီကမူ ဟယ်ဂါအား သူမဘာသာ သူမတွေးချင်သလို တွေးနိုင်စေရန်ထား၍ မီးလင်းဖိုရှိရာသို့သာ မျက်နှာပေးရပ်နေလိုက်သည်။ ဟယ်ဂါက ဒိုင်ခွက်များကို ဟိုလှည့်သည်လှည့် လုပ်ကြည့်ရာ တေးသံတစ်ခုထွက်လာ၏။ ခလုတ်ကို ပိတ်ပြီး ဘေးကိုချထားလိုက်သည်။

"မပို့ဖြစ်တဲ့ မီရှယ်ရဲ့နောက်ဆုံးစာမှာ မင်းက သေနတ်ကိုနမ်းခဲ့တယ်လို့ပါတယ်၊ အဲ့ဒါက ဘာအဓိပ္ပါယ်လဲ"

"သူ့သေနတ်ကို ကျွန်မနမ်းခဲ့တယ်ဆိုတဲ့ အဓိပ္ပါယ်ပဲ"

သူမက ပြောရင်းမှ စကားပြန်၍ ပြင်ပြော၏။

"သူ့အစ်ကိုရဲ့သေနတ်ပါ..."

ဟယ်ဂါ၏ အသံက ကျယ်လာ၏။

"သူ့အစ်ကို ဘယ်ကအစ်ကိုလည်း..."





"သူ့မှာ အစ်ကိုတစ်ယောက်ရှိတယ်၊ သူ့ရဲ့ သူ့ရဲ့ကောင်းဝဲ့ဟောတိုက်ပွဲဝင် သူ့ရဲ့ကောင်းတစ်ယောက်ပါ၊ အဲ့ဒီအစ်ကိုက သူ့ကိုသေနတ်ပေးခဲ့တာလေ..မီရှယ်ကလည်း သစ္စာဆိုတဲ့အနေနဲ့ ကျွန်မကိုနမ်းစေခဲ့တယ်..."

ဟယ်ဂါက ချာလီအား မယုံကြည်နိုင်ဟန်ဖြင့် ငေးကြည့်နေ၏။

"မီရှယ်က မင်းကို ဒီအကြောင်းပြောခဲ့တယ် ဟုတ်လား"

"သူ့ရဲ့စာတွေထဲက ကျွန်မဖတ်ရတာလဲ ဖြစ်ချင်ဖြစ်မှာပေါ့လေ..."

"ဒါကို ဘယ်မှာ ပြောခဲ့တာလဲ"

"ဂရိပြည်က တောင်ပေါ်မှာ.."

"ဒီအစ်ကိုဆိုတဲ့လူက ဘယ်လိုလူမျိုးလဲ မြန်မြန်ပြောစမ်း"

သူမ၏အသံက ဟစ်အော်မြည်ပုံစံမျိုးနီးပါး ဖြစ်နေသည်။

"မီရှယ်က ကိုးကွယ်တဲ့လူလို့ ရှင့်ကို ကျွန်မပြောပြခဲ့ပြီးပြီ"

"သူနဲ့ပတ်သက်တာတွေကို ပြောစမ်းကွာ၊ သူက သူ့အစ်ကိုအကြောင်းနဲ့ပတ်သက်ပြီး ဘာတွေများ ပြောခဲ့သေးသလဲ.."

ချာလီ၏ အသိဉာဏ်အတွင်းသို့ ပြောပြခဲ့ပြီးသော စကားက တောင်ထပ်လာ၏။

"သူက စစ်ရေးအရ လျှို့ဝှက်တစ်ခုအနေနဲ့ ရပ်တည်နေရတဲ့လူ"

သူမကပြောပြီး စီးကရက်အသစ်တစ်လိပ် ထပ်မီးညှိ၏။

"သူ့အစ်ကို ဘယ်မှာရှိတယ်ဆိုတာ မီရှယ်ကပြောခဲ့သေးလား၊သူက ဘာလုပ်နေတာလည်းချာလီ၊ မင်းကို ဒါပြောဖို့ ကိုယ်အမိန့်ပေးနေတယ်နော်..."



www.burmeseclassic.com

www.burmeseclassic.com



သူမက အနားသို့ တိုးကပ်လာ၏။

"ရဲတွေ ထောက်လှမ်းရေးတွေနဲ့ ဓါးယွန့်ဝါဒီတွေတောင် မင်းကို လိုက်ရှာနေကြတယ်ကွ၊ တို့မှာက ဂျာမနီရဲအဖွဲ့နဲ့ အဆက်အသွယ် ပြုနိုင်တဲ့လူတွေ ရှိတယ်၊ ယူဂိုဆလပ်ဗီးယားကို ဖြတ်ပြီးကားမောင်း သွားတဲ့လူဟာ ဒတ်(ချ်)အမျိုးသမီးလေး မဟုတ်ဘူးဆိုတာ သူတို့ သိထားကြတယ်၊ သူတို့မှာ ပုံပန်းသဏ္ဍာန်လည်း ရထားကြပြီ မင်းကိုရဖို့အတွက် သူတို့မှာ သတင်းပေါင်းစုံရှိနေသေးတယ်ကွ တို့မှာ ဆန္ဒရှိရင်တော့ မင်းကိုအကူအညီပေးနိုင်တယ်၊ ဒါပေမယ့် မင်းကိုမီရှယ်က သူ့အစ်ကိုအကြောင်း ဘာတွေပြောခဲ့တယ်ဆိုတာ မသိရမချင်း မကူညီနိုင်ဘူး"

သူမက ရှေ့သို့ ကိုယ်ခန္ဓာအား ညွတ်လာရာက ချာလီနှင့် မျက်လုံးချင်းဆိုင်မိပြီး လက်တစ်ဝါးစာမျှပင် မကွာတော့ချေ။

"သူ့မှာ သူ့အစ်ကိုအကြောင်းပြောခွင့်မရှိဘူး၊မင်းမှာလည်း ဒီသတင်းရထားစရာအကြောင်းမရှိဘူးကွ၊ ကိုယ့်ကိုပြောစမ်းပါ ချာလီ"

အစတွင် ပြောလိုက်ဦးမည်ဟု စိတ်ကူးပြီးမှ ငြင်းလိုက်သည်။

"ဟင့်အင်း..."

သူမက ပြော၏။

(မင်းအလုပ်က သူတို့ဟာ မင်းကိုလိုအပ်လာအောင်လုပ်ဖို့ပဲ တရားခွင်မှာပြောဆိုနေရသလို စိတ်မှာမှတ်ထားပါ၊ သူတို့မရနိုင်မှန်း သိလေလေ တန်ဖိုးရှိလာလေဖြစ်မယ်)

ချာလီက ဂျိုးဇက်၏ စကားများကို ကြားယောင်မိလာသည်။

ЖЖЖЖЖ





"ဒါဆိုရင် မင်းကဩစတြီးယားကို ကားမောင်းသွားရတာပေါ့၊ အဲဒီနောက်ရော..."

"သူပြောတဲ့နေရာမှာပဲ ထားရစ်ခဲ့တယ်။အဲဒီနောက်မှတွေ့ပြီး ဆာ(လ်)ဘာဂ်မှာရော..."

"ဟိုတယ် တစ်ခုကို ကျွန်မတို့သွားကြတယ်..."

"ဟိုတယ် နာမည်ကိုပြောပြစမ်းပါဦးကွာ.."

"ကျွန်မ မမှတ်မိဘူး သတိမထားခဲ့မိဘူး.."

"ပုံပန်းသဏ္ဍာန်ကို ပြောပြလေ.."

"မြစ်တစ်ခုအနားက ခပ်ကြီးကြီးအဟောင်းတစ်ခုပဲ။နောက်ပြီး ဘုလဲလှတယ်.."

"မင်းတို့ ချစ်ပွဲဝင်ကြတာပေါ့၊သူကယော်ဂျားပီသတဲ့လူပဲ"

"ကျွန်မတို့က လမ်းလျှောက်ထွက်ကြတာ.."

"လမ်းလျှောက်ပြီးတော့ မင်းတို့ချစ်ကြမှာပါ၊မကြောင်စမ်းပါနဲ့ ကွာ.."

ချာလီက သူမအားခေတ္တမျှ စကားကိုစောင့်လင့်နေစေ၏။

"ဒီလိုတော့ရှိပေမယ့်၊ကျွန်မတို့ ညစာ စားပြီးတာနဲ့ အိပ်ပျော် သွားကြတယ်ရှင့်၊ကားမောင်းခဲ့ရလို့ ကျွန်မအဖို့ပင်ပန်းနေတယ်လေ။ ကျွန်မကို သူက နှစ်ခါလောက်နှိုးဖို့ ကြိုးစားပေမယ့် နောက်ဆုံးတော့ ထက်မြောက်သွားတာပဲ။မနက်အိပ်ယာက ကျွန်မနိုးတော့ သူကအဝတ် အစားလဲပြီးပြီ"

"နောက်..မင်းတို့မြူးနစ်ကိုသွားကြတာပေါ့ ဟုတ်လား"

"မဟုတ်ဘူး"

"ဒါဆိုရင် ဘာလုပ်ကြတာတုံး"



www.burmeseclassic.com

www.burmeseclassic.com


"ညနေ လေယာဉ်နဲ့ လန်ဒန်ကို သွားကြတာ"

"သူ့ဆီက ဘာကားနဲ့ သွားတာလဲ"

"အငှားကားတစ်စီးပဲ"

"ဘာနိုင်ငံလုပ်လဲ"

သူမက မမှတ်မိသယောင် ဟန်ဆောင်နေလိုက်၏။

"သူနဲ့အတူ ဘာကြောင့် မြူးနစ်ကိုမသွားရတာလဲ"

"နယ်ခြားကို နှစ်ယောက်အတူတူ သူက မဖြတ်ချင်ဘူး၊ သူ့မှာ လုပ်စရာရှိသေးတယ်လို့ ပြောတာပဲ"

"မင်းကို ဒီလိုပဲ သူကပြောခဲ့သလား၊ လုပ်စရာရှိသေးတယ်လို့လေ၊ အဓိပ္ပါယ်မရှိဘူးကွ၊ ဘာအလုပ်လဲ၊ သူ့ကို မင်းက သ ဖောက်နိုင်တာကို အံ့သြစရာမရှိတော့ဘူး"

"သူ့မှာ မာစီဒီးကားကိုသွားယူပြီး တစ်နေရာကမှာရှိတဲ့ သူ့အစ်ကိုဆီ ပို့ပေးရမယ့် အမိန့်တွေ လက်ခံထားရတယ်လို့ သူက ပြောတာပဲ"

ဤအကြိမ်တွင်မူ ဟယ်ဂါက အံ့သြဟန်မပြတော့ချေ။ သူမ အပို့ ယုံကြည်သက်ဝင်ရာ လှုပ်ရှားမှုများ တစ်ခုပြီးတစ်ခုသာ ဖြစ်ပေါ်လာရသည်။ သူမက တံခါးရှိရာသို့ လျှောက်သွားပြီး အင်တွန်အား ပြန်လာရန် လက်ယပ်ခေါ်လိုက်၏။ တင်ပါးပေါ်တွင် လက်ထောက်ရင်း ချာလီအား ချာကနဲလှည့်ပြန်သည်။ သူမ၏ ဖြူလျော့လျော့ မျက်လုံးရွှဲကြီးများတွင် အန္တရာယ်၏ အရိပ်အယောင်တို့ ထင်ဟပ်၍နေ၏။

"မင်းဟာ ရောမမြို့ကြီးလိုပဲ၊ ချက်ချင်း ဖြစ်သွားရပြီကွ ချာလီရေ"





သူမက မှတ်ချက်ချသည်။

"လမ်းတွေအားလုံးက မင်းဆီညွှန်ပြနေပြီလေ၊ ဆန့်ကျင်ဘက တွေများလွန်းနေတယ်၊ မင်းဟာ သူ့ရဲ့လျှို့ဝှက်အချစ်တော်၊သူ့ကား မောင်းခဲ့ရတယ်၊ လောကကြီးမှာ နောက်ဆုံးနေခဲ့ရတဲ့ သူ့ရဲ့ညဟာ မင်းနဲ့အချိန်ဖြုန်းခဲ့တာပဲ၊ မင်းမောင်းခဲ့ရတဲ့ ကားထဲမှာ ဘာတွေ တယ်ဆိုတာကိုကော မင်းသိသလား"

"ယမ်းတွေပဲ"

"မဟုတ်သေးဘူး၊ ဘယ်လိုဟာမျိုးလဲကွ"

"ရုရှားလုပ် ပလတ်စတစ် ယမ်းပေါင်နှစ်ရာလေ"

"ရဲကလည်း ဒီလိုပဲပြောတာပဲ၊ သူတို့ညာတာကွ၊ရဲတွေဟာ အမြဲတမ်းညာနေတာပဲ"

"မီရှယ်က ကျွန်မကို ဒီလိုပဲပြောခဲ့တာ"

အမှားအယွင်းတရပ်ကို ချေဖျက်လိုဟန်ဖြင့် ဟယ်ဂါက စိတ် ဆိုးဆိုးဖြင့် ရယ်၏။

"အိုး...ချာလီရေ၊ မင်းစကားတွေကို တစ်ခွန်းမှ ကိုယ်မယ တော့ဘူး၊ မင်းဟာ ကိုယ့်ကို လုံးဝညာနေတာပဲ"

သူမ၏နောက်သို့ အင်တွန်မက်စတာဘိန်းက ရောက်လာ သည်။

"အင်တွန်ရေ အားလုံးကိုတော့ သိရပြီ၊ တို့ရဲ့မုဆိုးမလေးဟာ လူညာပဲရှင့်၊ ဒါကို ကျွန်မတော့ သေချာတယ်၊ သူ့ကို ကျွန်မတို့ ဘာမှအကူအညီပေးလို့ မဖြစ်တော့ဘူး၊ ကျွန်မတို့ ခုချက်ချင်းသွား ကြမယ်"

အင်တွန်က သူမကို စိုက်ကြည့်နေသလို သူကလည်း ချာလ


www.burmeseclassic.com

www.burmeseclassic.com



ကိုစိုက်ကြည့်လျက်ရှိသည်။ ဟယ်ဂါ၏ ပြောစကားမှာ တဝက်တပျက်သာ မှတ်ထင်ထားရပုံရှိ၏။ ဆိုဖာပေါ်တွင် သူမက အရုပ်ကြိုးပြတ်ထိုင်လျက်ရှိသည်။

သူမ၏ဘေးဝယ် တစ်ဖန်ပြန်ထိုင်ချရင်း ဟယ်ဂါက ချာလီ၏ ပခုံးကို ပွေ့ဖက်လိုက်၏။

"သူ့အစ်ကိုရဲ့ နာမည်က ဘာတဲ့လဲဟင်"

သူမက မေးသည်။

"ပြောစမ်းပါဦးကွာ"

သူမက ချာလီပါးပြင်ကို ခပ်ဖွဖွနမ်းလိုက်၏။

"တို့ဟာ မင်းရဲ့မိတ်ဆွေတွေ ဖြစ်ကောင်းဖြစ်လာပါလိမ့်မယ်ကွာ၊ တို့ဟာ သတိထားရမယ်၊ နည်းနည်းပါးပါးလည့်ဖျားရလိမ့်မယ်လေ၊ ဒါဟာ သဘာဝပဲ၊ ကောင်းပြီ၊ မိရှယ်ရဲ့ နာမည်ရင်းကို ပထမ ပြောစမ်းပါဦး"

"ဆလင်တဲ့၊ ဒါပေမယ့် ဒီနာမည်ကို ကျွန်မတစ်ခါမှ မခေါ်ဘူးလို့ ကျိန်ပြောရဲပါတယ်"

"သူ့အစ်ကို နာမည်ကရော"

"ခါလီ"

သူမက မပီမသနှင့်ပြောသည်။

ယခုအခါတွင် သူမက ငိုယိုစပြုနေပြန်၏။

"မိရှယ်ဟာ သူ့ကို ကိုးကွယ်ယုံကြည်ခဲ့တာပဲရှင်"

သူမက ပြော၏။

"သူ့ရဲ့အလုပ်နာမည်ကိုရော.."

သူမက နားမလည်။ ကရုလည်းမစိုက်။





"ဒါကတော့ စစ်ရေးလျှို့ဝှက်ချက် တစ်ခုပါပဲ"

သူမက ပြောလိုက်သည်။

⌘⌘⌘⌘⌘



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

ဟယ်ဂါနှင့် အင်တွန်မက်စတာဘိန်းတို့ နှစ်ဦးက ချာလီအား အမျိုးမျိုးစစ်ဆေးနေစဉ်မှာပင် ကတ်(ဓ)တို့၏ မော့ဆက်အဖွဲ့မှာ ၄င်းတို့နှစ်ဦးအား ခြေရာခံမိပြီး ဖြစ်တော့သည်။ သူတို့နှစ်ယောက်၏ နောက်ကြောင်းရာဇဝင်များ၊ လှုပ်ရှားမှုများနှင့် အသုံးပြုသော အမည် အမျိုးမျိုးတို့ကိုပင် သိရှိလာခဲ့ကြ၏။ ဓာတ်ပုံများလည်း ရရှိထားခဲ့လေပြီ။

ချာလီမှာ ဟယ်ဂါနှင့်တွေ့ဆုံအပြီး ရက်သတ္တပတ်နှစ်ပတ်မျှ ၁င် အချိန်ကုန်သွားရ၏။ သူ့အား မည်သူကမျှလာ၍ မဆက်သွယ် ကြ၊သူမ၏ ကိုယ်စားလှယ်ဖြစ်သူ နက်(ဒ)ကွီလေးအား ဆက်သွယ် ကြည့်မိသည်။ သူမအား သတိပေးစကားသာ ပြောကြားလာ၏။ သူသုံးယောက်မျှ သူမနောက်သို့ စုံစမ်းနေကြောင်းကို သိရသည်။





သို့နှင့်တစ်ညဘွင် ချာလီအား မော့ဆက်က ပြန်၍ အဆက် သွယ်လုပ်လာ၏။ ကတ်(ဓ)နှင့်တွေ့ရသော နေရာမှာ ဂျိုးဇက်၏ အခန်း၌ပင် ဖြစ်၏။

ဤသည်ကို အခန်းအတွင်းသို့ ချာလီက ဝင်လာလာချင်း သိလိုက်မိ၏။ စာအုပ်စင်တစ်ခု၊လန်ဒန်မြို့တွင်းပြ မြေပုံတစ်ချပ်နှင့် ယ်လီဖုန်းနှစ်လုံးအား တွေ့ရသည်။ အိပ်စင်တစ်ခုနှင့် စာကြည့်မီး ိုင်ဟောင်းတစ်လုံးတင်ထားသည့် စားပွဲဟတ်စ်လုံးကလည်း ရှိနေသေး ည်။

မာတီကတ်(ဓ)က သူမဝင်လာစဉ်၌ ထိုင်ရာမှမထလာသော် ည်း လှည့်ကြည့်ကာ အလိုက်လိုက်ဆုံး ပြုံးပြသည်။ ချာလီက ိုယ်ကို ရှေ့သို့ကုန်းညွှတ်ပေးလိုက်စဉ် ကတ်(ဓ)က ထွေးပွေ့ထား ိုက်၏။ ခရီးမှပြန်လာသော သမီးတစ်ဦးအား ဖခင်ဖြစ်သူက ်းကြိုနှုတ်ဆက်သည့် ပုံသဏ္ဌာန်နယ်ပင်။

သူမက ကတ်(ဓ)ရှေ့တွင် ဝင်ထိုင်လိုက်၏။ ဂျိုးဇက်ကမူ ာမ်းပြင်ပေါ်ဝယ် အာရပ်လူမျိုးပုံစံ ဒူးတုပ်၍ ထိုင်နေပါသည်။

"မင်းဘာသာပဲ မင်းနားထောင်မလား"

ကတ်(ဓ)က ဘေးတွင်ရှိသော တိတ်ရီကော်ဒါအား ညွှန်ပြ မေးလိုက်၏။

သူမက ခေါင်းခါပြသည်။

"ချာလီရေ..မင်းတော့ တကယ့်ကို တော်တာပဲကွာ၊နည်းနည်း ာနော တော့်ဘာမဟုတ်ပါဘူး၊အတော်ဆုံးပါပဲ"

"သူက မင်းကို မြှောက်ပြောနေတာကွ"

ဂျိုးဇက်က သူမကို ပြော၏။ အပြောင်အပျက် သဘောမျိုး



www.burmeseclassic.com

www.burmeseclassic.com



သူ့လေသံတွင် မပါ။

"တို့ဟာ မင်းနဲ့တိုက်ရိုက်မဆက်သွယ်ပေမယ့် မင်းပတ်ဝန်းကျင်မှာ အမြဲရှိနေပါတယ်"

"ဇာတ်လမ်းရဲ့ အဆုံးသတ်က ဘာလဲရှင့်"

ချာလီက မေးသည်။

မာတီကတ်(ဇ)မှာ ခေတ္တမျှ စိတ်ရှုပ်ထွေးသွားဟန်ရှိ၏။

"ဘာအဆုံးသတ်ကိုပြောတာလည်းကလေးမရယ်၊ တရားသဖြင့် အဆုံးသတ်ရမယ့်ကိစ္စကို ဆိုလိုတာလား"

"ကျွန်မက ဘာကိုရှာနေရတာလဲ၊ ရှင်တို့က ဘယ်တော့များကျေနပ်ကြမှာလဲ"

"ချာလီရယ်..ခုအချိန်မှာလဲ တို့က သိပ်ကျေနပ်နေပါပြီ"

ကတ်(ဇ)က ပြောလိုက်၏။

"ဇာတ်လမ်းရဲ့ အဆုံးသတ်ကတော့ လူတစ်ယောက်ပဲ"

ဂျိုးဇက်က ဝင်ပြောပြန်၏။

ကတ်(ဇ)၏ ခေါင်းကမူ သူ့ထံသို့ လှည့်သွားသည်ကို ချာလီက တွေ့သော်လည်းသူ့မျက်နှာအသွင်အပြင်ကိုမူ မတွေ့ရချေ

"ဟုတ်တယ် ချာလီ၊ဇာတ်လမ်းရဲ့ အဆုံးသတ်ကတော့ လူတစ်ယောက်ပဲ"

ကတ်(ဇ)က နောက်ဆုံးတွင် သဘောတူညီစွာ ပြောလာတော့သည်။

"မင်းအတွေးတွေက ရှေ့ကပြေးနေရင်တော့ မင်းသိပါလိမ့်မယ်"

"ခါလီ မဟုတ်လား"





သူမက ပြောလိုက်၏။

"ဟုတ်တယ်..ခါလီပဲ"

ကတ်(ဇ)က ပြောသည်။

ဥရောပတိုက်မှာ လုပ်နေတဲ့ အကြမ်းဖက်မှုဗုံးခွဲမှုတွေကို ခါလီက ဦးစီးနေတာကွ၊ အဲ့ဒီလူကို တို့ကလိုချင်တာပဲ"

"သူက အန္တရာယ်ရှိတယ်"

ဂျိုးဇက်က ဆက်ပြောသေးတယ်။

"သူဟာ မီးရှယ်လို တော်နေတာဟာ ဆိုးတာပဲ"

"ခါလီကပ ဘယ်သူ့ကိုမှ မယုံကြည်ဘူး၊ အမြဲတမ်းတွဲလေ့တွဲထရှိတဲ့ မိန်းကလေးမိတ်ဆွေလည်းမထားဘူး၊ တစ်နေရာမှာတောင်နှစ်ညဆက်မအိပ်တတ်ဘူး၊ သူက လူတွေအားလုံးနဲ့ အဆက်အသွယ်ဖြတ်ထားတယ်၊ သူ့ကိုယ်သူပဲ ယုံကြည်မှုထားတတ်တယ်၊တကယ်တော်တဲ့ ခေါင်းဆောင်တစ်ယောက်ပဲ"

ကတ်(ဇ)က သူ၏စကားကို အပြုံးဖြင့် အဆုံးသတ်လိုက်၏။

သို့သော်လည်း ဆေးပြင်းလိပ်အသစ် တစ်လိပ်ကို မီးညှိနေစဉ်တုန်ယင်နေသည်ကို ချာလီက တွေ့မိ၏။ ကတ်(ဇ)တစ်ယောက်စိတ်ထဲတွင် အဘယ်မျှဒေါသထွက်နေမှန်းကို သိရသည်။

သူမက မေးပြန်၏။

"ခါလီက ဘယ်လိုပုံစံမျိုးလဲ၊ မီးရှယ်နဲ့တူသလားဟင်"

ကတ်(ဇ)က ခေါင်းတယမ်းယမ်းဖြင့် ရယ်မောက ဖြေသည်။

"ဟား...ဟား...ဟား...ကလေးမရယ်၊သူက တို့ရဲ့ဓာတ်ပုံပြရာတွေ ဓာတ်ပုံအရိုက်ကို မခံဘူးကွ"

ဂျိုးဇက်မှာ ပြတင်းပေါက်ရှိရာသို့ ငေးမောကြည့်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ကတ်(၈)က ထိုင်ရာမှ ရုတ်တရက်ထ၍ ထိုင်ခုံဘေး လက်ဆွဲအိတ်အဟောင်း တစ်လုံးအတွင်းမှ ဘောလ်ပွိုင့်ဖောင်တိန် ကြီးတစ်ချောင်းကို နှိုက်ယူလိုက်သည်။ တဘက်သို့ လှည့်၍ဖွင့်ပြန်ရာ ဝါယာကြိုးအနီ နှစ်ချောင်းက ပေါ်လာ၏။

"ဒါလေးကို စနက်တံလို့ခေါ်တယ်"

သူက ရှင်းပြ၏။

"ဒီဘက်မှာ အပိတ်တစ်ခုရှိတယ်၊ အဲဒီက ဖြတ်ပြီး ဝါယာကြိုးကို ဆက်ထားတာယ်"

ထို့နောက် သူက တပ်ဆင်ပုံတပ်ဆင်နည်းများကို ရှင်းပြ အပြီးတွင် လူရုပ်ကလေးတစ်ခုကို ထုတ်လိုက်၏။ စနက်တံမှ ဝါယာကြိုးများဖြင့် ဆက်သွယ်ပေးသည်။

ချာလီအား အရုပ်လေးကို လှမ်းပေးလိုက်၏။

"ဒီအရုပ်လေးဟာ သူ့အတွက် အမှတ်အသားတစ်ခုပဲ ... တို့က ခေါ်ထားကြတယ်၊ အနေးနဲ့အမြန်ဆိုသလို လူတိုင်းဟာ ကိုယ်နဲ့သက်ဆိုင်ရာ အမှတ်အသားတွေ ရှိကြရမှာလေ၊ ဒါကတော့ သူ့အတွက် ခါလီအတွက်ပဲ"

သူမက အရုပ်ကို ပြန်ကမ်းပေးသည်။

အဆင်သင့် စောင့်ဆိုင်းနေသော အငှားကားတစ်စီး... အဆောက်အအုံ အပြင်ဘက်တွင် လမ်းပေါ်သို့ ခြေချလိုက်သည်နှင့် တွေ့ရ၏။ အရုဏ်ကျင်း၍ အလင်းရောင်ပင် လာစပြုချေပြီ ... ငှက်ကလေးများမှာ နံနက်ခင်း၏အလှကို တေးဖွဲ့ဆိုလျှက် ရှိနေပြ ... ဝါသည်။

⌘⌘⌘⌘⌘



အခန်း (၂၀)

ချိန်းဆိုထားသည့် နံနက်ခင်းတွင်မူ ချာလီမှာ ဟယ်ဂါမှာ ...ထားသည့်အချိန်ထက်စော၍ နိုးလာ၏။ တနင်္ဂနွေနေ့ဖြစ်၍ လန်ဒန် ...စ်မြို့လုံးတွင် စောစီးစွာ အိပ်ရာမှ ထလာသူဟူ၍ သူတို့သာ ...တော့သည်။

ဟယ်ဂါက ပြောခဲ့သောစကားကို ချာလီကြားယောင်နေမိ၏။

"မင်းက အဲဒီလမ်းအဆုံးထိ လျှောက်သွားပြီး ဒီကို ပြန်လှည့် ...ခဲ့ပါ"

ချိန်းဆိုရာ လမ်းနှင့် မလှမ်းမကမ်းရှိ အများသုံး တယ်လီဖုန်း ...လေးတစ်ခုအား ချာလီမြင်ရသည်

ချာလီက ခြေစလှမ်းလိုက်စဉ်မှာပင် လူတစ်ယောက်က သူမ ...ရှေ့ဖုန်းရုံသို့ အရင်ဝင်ရောက်သွားသည်ကို တွေ့ရ၏။ ကားကို



www.burmeseclassic.com

www.burmeseclassic.com



ဤအတိုင်း ရပ်ထား၍ မိနစ်အနည်းငယ်မျှ စောင့်နေသည်။

ချာလီအဖို့ စိတ်မရှည်နိုင်အောင် ဖြစ်ရ၏။ အတွင်းရှိလူ စကားကို မပြတ်နိုင်အောင် အီတလီစကားဖြင့် ပြောနေသည်။ နာ အား ပြန်ကြည့်လိုက်ရာ ရှစ်နာရီထိုးပြီးဖြစ်ကြောင်း တွေ့ရ၏ ဟယ်ဂါက ရှစ်နာရီ ငါးမိနစ်တွင် ချိန်းခဲ့သည်။

ဖုန်းရုံအတွင်းမှ စကားပြောနေသူက စကားပြော၍ ပြီးသွား ၏။ သို့သော်လည်း နောက်ထပ်အကြွေများ ထပ်နှိုက်နေသ ကြားရသည်။ ချာလီအဖို့ မတတ်နိုင်တော့။ မှန်တံခါးခေါက်၍ ခေါ်ရသည်။

"ကျွန်မကို အရင်ပေးဆက်ပါလားရှင်"

သူမက ပြောလိုက်သည်။

"ကျွန်မ အရေးကြီးနေလို့ပါ"

သို့သော်လည်း သူမပြောလိုက်သော အင်္ဂလိပ်စကား ထိုလူက နားလည်ဟန်မတူ။

ချာလီတစ်ယောက် စိတ်ညစ်သွားရ၏။ လက်ချောင်းများ ချွေးများကို မြင်လာရသည်။ သူမက နောက်တစ်ကြိမ် လက်သီး ၍ မှန်တံခါးကို ထုမည်ပြုစဉ် ထိုသူ၏လက်က ထွက်လာတော့ လက်ထဲတွင် သေနတ်အသေးလေးတစ်လက်ကို ကိုင်ထားသည် ကျန်လက်တစ်ဖက်တွင်မူ ဖုန်းကို ကိုင်လျက် တဘက်စကား နားထောင်လျက် ရှိပါသေး၏။

"မင်း ဘာလုပ်မလို့လဲ ချာလီ၊ ငါ့ဘေးနားကနေ ကား လျှောက်ပါ"

သူက အင်္ဂလိပ်စကားဖြင့် ပြောလာပါ၏။





"မင်း...ငါ့ရဲ့ညာဘက်ဘေးက လျှောက်နော်၊ ဘေးချင်းသိပ် ကပ်စေနဲ့၊ ရှေ့ဘက် ခပ်စောင်းစောင်းကနေ လျှောက်၊ လက်တွေကို လည်း ငါမြင်သာအောင် နောက်မှာပစ်ထားပါ၊ နားလည်တယ်နော် တစ်ယောက်ယောက်ကို အချက်ပြဖို့ ကြိုးစားတာကို ငါမြင်ရင်တော့ သေပြီသာ မှတ်ပေတော့"

သူက ဖုန်းအတွင်းသို့ အီတလီဘာသာဖြင့် ဆက်ပြောနေပြီး ပြတ်ချထားလိုက်၏။ ထို့နောက် လမ်းပေါ်သို့ ခေါ်ချလာသည်။

"သွားကြစို့"

သူက ပြော၏။

လက်တစ်ဖက်ကို အပေါ်အင်္ကျီအိတ်အတွင်းသို့ နှိုက်ထား သည်။

"သိပ်မြန်မြန်မလျှောက်နဲ့၊ မှန်မှန်နဲ့ သက်သက်သာသာ လျှောက်ပါ"

"ကားမောင်းတဲ့ ခုံဘေးက ခုံမှာထိုင်ပါ။ နောက်ပြီးလက်ကို ဒက်(ရှ)ဘုတ်ပေါ်မှာ တင်ထားဖို့ မမေ့နဲ့"

နောက်မှ လိုက်လာရင်း သူက ပြောလိုက်၏။

နောက်ခုံမှာထိုင်နေတဲ့ အမျိုးသမီးမှာ သေနတ်ရှိတယ်နော် သူက သေနတ်ပစ်ရင် သိပ်မြန်တာကွာ ငါထက်အများကြီးမြန်သေး တယ်"

ကားအတွင်းသို့ ပြောသည့်အတိုင်းဝင်ထိုင်ကာ လက်ကို တင်ထားလိုက်၏။

"စိတ်သက်သက်သာသာ ထားပါတော့ ချာလီ"

နောက်ခုံမှာ ဟယ်ဂါက ပြောလာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပြုံးစမ်းပါဦးကွာ…ပြုံးနေစမ်းပါ၊ ဒီနေ့မှာ လူတိုင်းပျော်နေ မှာပဲ ဥစ္စာ၊ သေနတ်နဲ့အပစ်ခံရတဲ့ လူဆိုရင်တော့ ဘယ်ပျော်နိုင်ပါ့ မလဲ"

ကားကို အီတလီလူမျိုးက မောင်း၍ထွက်လာခဲ့၏။

⌘⌘⌘⌘⌘



အခန်း (၂၁)

လက်ဘနွန်နိုင်ငံ၊ ဘေရွတ်မြို့သို့ လေယာဉ်ဆင်းသက်စဉ် မိုးကရွာနေ၏။ မိုးအေးမဟုတ်ပဲ အပူငွေ့ပါသော မိုးဖြစ်ကြောင်း သူမက သိသည်။ အဘယ်ကြောင့်ဆိုသော် ကွင်းမဆင်းမီ လေထဲဝယ် လေယာဉ်က လှည့်ပတ်နေစဉ်မှာပင် အပူငွေ့က လေယာဉ်အတွင်းသို့ ရိုက်ခတ်လာသောကြောင့်ပင် ဖြစ်ပါ၏။

မြေပြင်ကို ချောမောစွာ ဆင်းလာနိုင်ခဲ့၏။ အဆင်းတံခါ များက ပွင့်သွားသည်။ သူမအဖို့ အရှေ့အလယ်ပိုင်းဒေသ၏ အငွေ့ အသက်ကို ပထမဦးဆုံးအကြိမ် ရလိုက်မိ၏။ ကိုယ့်အိမ်ကိုယ်ယာ သို့ ပြန်လာသူအား ကြိုဆိုနှုတ်ခွန်းဆက်နေသည့်သဖွယ်ပင်တည်း။

ပခုံးသိုင်းအိတ်အား ရင်ဝယ်အပ်ရင်း လူဝင်မှုကြီးကြပ်ရေ



www.burmeseclassic.com

www.burmeseclassic.com



ာနရှိ တန်းစီရာသို့ တိုးဝှေ့သွားရ၏။ သူမ၏ အရှေ့ဂျာမနီ ်ငံကူးလက်မှတ်နှင့် လိုအပ်သည့် စာရွက်စာတမ်းများမှာ အတု ပ်ပေးထားသည့်အရာများသာ ဖြစ်ကြသည်။

"ဗယ်ဘက်အတန်းမှာဝင်ပြီး တန်းစီပါ၊နောက်နိုင်ငံကူး ပက်မှတ်ကို ပြတဲ့အခါ မစ္စတာ မာစီဒီးနဲ့တွေ့ချင်တယ်လို့ ပြော'

လန်ဒန်မြို့ရှိ ဟိ(သ)ရိုး လေဆိပ်တွင် ဟယ်ဂါက ထိုကဲ့သို့ ာခဲ့၏။

"မစ္စပါမီ နိုင်ငံကူးလက်မှတ်ပေးပါ"

ပါမီမှာ သူမ၏ ဂျာမန်အမည်ဖြစ်၏။ သို့သော်လည်း ပါမီ ှုသော အသံထွက်အကြောင်း ဟယ်ဂါက ပြောခဲ့သည်။

နိုင်ငံကူးလက်မှတ် တောင်းနေသူမှာ ဆံပင်ကောက်ကောက် နှင့် အာရပ်တစ်ယောက် လူရွယ်တစ်ဦးဖြစ်၏။

"ကဲ...ပေးစမ်းပါဦးဗျာ"

ထိုလူက ချာလီ၏ အကျီလက်မောင်းစကို ဆွဲ၍ထပ်ပြော သည်။

သူ၏ အပေါ်အကျီက ဟသွားရာ ခါးကြားတွင်ထိုးထား သာ ငွေရောင်သေနတ်တစ်လက်ကို တွေ့ရ၏။ လူဝင်မှုကြီးကြပ်ရေး ုးခန်းအကြားတွင် လူနှစ်ဆယ်မျှရှိသေး၏။ ဤကဲ့သို့ဖြစ်လာလိမ့် ည်ဟု ဟယ်ဂါက မပြောခဲ့။

"ကျွန်တော့်နာမည် ဒင်နီတဲ့၊ ကဲ..မစ္စပါ၊လာ လိုက်ခဲ့"

သူမက နိုင်ငံကူးလက်မှတ်ပေးလိုက်ရာ၊ သူက ရှေ့မှထွက် သွား၏။ လူအုပ်ကြားတွင် သူမ မညပ်နေစေရန်လည်း လက်ကို ားရ၍ ဘေးဖယ်ပေးသွားသည်။ ခေတ္တအကြာတွင်မူ လေဆိပ်မှ





ထွက်ခွင့်လက်မှတ်ကို ကိုင်၍ သူက ပြုံးပြုံးကြီး ထွက်လာသည် သူ့ဘေးတွင်လည်း အနက်ရောင် သားရေကုတ်အကျီဝတ် အရာ နှင့်အတူ လူထွားကြီးတစ်ယောက်က ပါလာ၏။

"မိတ်ဆွေတွေပါပဲ"

ဒင်နီက ပြုံး၍ ပြောသည်။

"ပါလက်စတိုင်းရဲ့ မိတ်ဆွေတွေပဲပေါ့"

လူထွားကြီးက ချာလီရဲ့ နိုင်ငံကူးလက်မှတ်ကိုကြည့်က ဒင်နီကို လှမ်းပေး၏။ ထို့နောက်အပြင်ထွက်ခွင့် လက်မှတ်ကို စ ဆေးကြည့်ကာ အကျီအပေါ်အိတ်ထဲသို့ ထည့်ထားလိုက်၏။

"ကြိုဆိုပါတယ်ဗျာ"

သူက ဂျာမန်လိုပင် နှုတ်ခွန်းဆက်၏။

တံခါးဝနားသို့ သူတို့အရောက်တွင်မူ ရန်ပွဲလေးတစ်ခုဂ ဖြစ်တော့သည်။ ယူနီဖောင်းဝတ် အမှုထမ်းများနှင့် ခရီးသည်များ ကားများကြခြင်းဖြစ်သည်။ တစ်ယောက်မျက်နှာရှေ့ တစ်ယောက်ဂ လက်သီးဆုပ်ပြကာ အပြန်အလှန်အော်ဟစ်နေကြခြင်းဖြစ်၏။ ဒင်နီဂ ချာလီအား ကားရပ်ထားရာသို့ ခပ်သုတ်သုတ်ခေါ်သွားသည်။ သံပရာ ဦးထုပ်အစိမ်းဝတ် အစောင့်စစ်သားများမှာ ပခုံးတွင် လွယ်ထားသေ သေနတ်များကို ဖြုတ်ရင်း ရန်ပွဲရှိရာသို့ ပြေးသွားကြ၏။

"ဆီးရီးယား လူမျိုးတွေပဲ"

ဒင်နီက ခပ်ပြုံးပြုံးဖြင့် ရှင်းပြသည်။

ကားမှာ အပြာရောင် ပူဂျိုအမျိုးအစား ကားဟောင်းတစ် ဖြစ်သည်။ ကော်ဖီဆိုင်ဘေးဝယ် ကားအား ရပ်ထားသည်။ဒင်နီ နောက်ခန်းတံခါးကို ဖွင့်ပေးပြီး ထိုင်ခုံမှ ဖုန်များအား လက်ဖြ



www.burmeseclassic.com

www.burmeseclassic.com



သုတ်ပေးလိုက်၏။

သူမက အထဲသို့ဝင်ထိုင်သည်နှင့် တခြားဘက်မှ လူရွယ်တစ်ဦးက ဝင်လာကာ ထိုင်ချသည်။ဒင်နီတစ်ယောက် ကားစက်နှိုးလိုက်စဉ် ချာလီ၏ ဘေးတွင် နောက်လူငယ်တစ်ဦးက ဝင်ထိုင်လာပြန်သည်။

နံနက်လင်းအားကြီး သုံးနာရီမျှလောက်သာ ရှိသေးသဖြင့် အလင်းရောင်က သိပ်မရှိပေ။ သူတို့ရဲ့မျက်နှာများအား ချာလီက မမြင်ရချေ။ သို့သော်လည်း ကိုင်ထားသော စက်သေနတ်များကိုမူ ရှင်းရှင်းလင်းလင်း တွေ့ရပါသည်။ လူငယ်လေးများမှာ သိပ်ငယ်ရွယ်လွန်းလှသဖြင့် သူတို့ကိုင်ထားသော သေနတ်များမှာ အစစ်များဖြစ်သည်ဟု ချာလီအဖို့ မယုံနိုင်အောင်ဖြစ်ရသည်။ ဘေးရှိလူငယ်က စီးကရက်တစ်လိပ်ကို လှမ်းပေး၏။

"ခင်ဗျား စပိန်စကားပြောတတ်သလား"

သူက မေးလာသည်။

ချာလီကလည်း မပြောတတ်ချေ။

"ဒါဆိုရင် ကျွန်တော်ပြောတဲ့ အင်္ဂလိပ်စကား အမှားပါရင် ခွင့်လွှတ်ပေတော့၊ ခင်ဗျားသာ စပိန်စကားပြောတတ်ရင်တော့ ကျွန်တော်လည်း ကောင်းကောင်းပြောတတ်ပါတယ်"

"ဒါပေမယ့် မင်းရဲ့အင်္ဂလိပ်စကားလည်း ကောင်းသားပဲ"

"ဒီလောက် မဟုတ်ပါဘူးဗျာ"

သူက ပြောအပြီးတွင် တိတ်ဆိတ်သွားသည်။

သူတို့နောက်ဘက်မှ သေနတ်သံနှစ်ချက်မျှကို ကြားရ၏။ သို့သော်လည်း မည်သူကမျှ ကရုမပြုချေ။ သူတို့က သဲ...





...ထားရာ နေရာတစ်ခုသို့ ရောက်လာရာ ဒင်နီက ကားကိုရပ်လိုက်သည်။

ယူနီဖောင်းဝတ်အစောင့်က သူမအားစိုက်ကြည့်ပြီးသေနတ်...ငေ့ယမ်းပြကာ သွားစေသည်။

"သူကလည်း ဆီးရီးယားလူမျိုးပဲလား"

ချာလီက မေးလိုက်၏။

"ဟင့်အင်း လက်ဘနွန်နိုင်ငံသားပါဗျာ"

ဒင်နီက အဖြေပေးပြီး သက်ပြင်းတစ်ချက်ချသည်။

ဖြတ်သန်းလာရသော လမ်းတစ်လျှောက်မှာပင် စစ်မြေပြင်...ပိုင်းဖြစ်နေ၏။ အဆောက်အအုံ အပျက်အဆီးများက တောင်ပုံ...ပုံပင်။ မီးလောင်ကျွမ်းပြီး ကားပျက်များနှင့် အညီအမဲစွဲထင်နေ...သည့် ကျည်ဆံရာများကိုလည်း အဆောက်အအုံများရှေ့မျက်နှာစာ...ခင်းများတွင် တွေ့ရ၏။

အဆောက်အအုံ အသစ်စက်စက်တစ်လုံးမှာ တစ်ဝက်တစ်ပျက်...လျှင် ဆောက်လုပ်ရသေးပြီး လူအချို့သာ နေထိုင်ကာ မီးတစ်ချို့...လေသာ ထွန်းညှိထားသည်။

"ကျွန်တောက ပရပ်(ဂ) မှာ နှစ်နှစ်၊ ကျူးဘားနိုင်ငံ ဟာဗာနား... သုံးနှစ်နေဘူးတယ်၊ ကျူးဘားကို ခင်ဗျားရောက်ဘူးသလား"

ဘေးရှိလူရွယ်က တိတ်ဆိတ်မှုကို သည်းမခံနိုင်တော့ဟန်... စကားစလိုက်၏။

"ကျွန်မ တစ်ခါမှ ကျူးဘားကို မရောက်ဖူးဘူး"

သူမက ငြင်းပယ်စွာပြောလိုက်သည်။

"ခုတော့ ကျွန်တော်က တရားဝင် စကားပြန်အလုပ်လုပ်နေရ



www.burmeseclassic.com

www.burmeseclassic.com

ပြီ၊ စပိန်စကားနဲ့ အာရပ်ဘာသာစကားပေါ့လေ”

“သိပ်ကောင်းတာပဲကွယ်”

ချာလီက ပြော၏။

“ဝမ်းသာပါတယ်ရှင်”

“ခင်ဗျားအတွက် စကားပြန်လုပ်ပေးရမလား မစ္စပါမာ”

“ကြုံကြိုက်တဲ့အချိန်သာ လုပ်ပေတော့”

ချာလီက ပြန်ပြောအပြီးတွင် ရယ်သံများက ထွက်လာ၏။

လူသွားလမ်းကလေးတစ်ခု အရောက်တွင် ဒင်နီက ကား၏ ဘရိတ်အုပ်လိုက်သည်။ ထို့နောက် ပြတင်းပေါက်မှ မှန်တံခါး၏ နိမ့်ချကြည့်၏။ သူတို့လမ်းရှေ့အလယ်တွင် မီးတောက်တစ်ခု နီရဲလျက်ရှိ၏။ အဖြူရောင် အာရပ်ဝတ်ရုံရှည်ကြီးများ ဝတ်ထား တစ်စုက ဝိုင်းထိုင်နေကြ၏။ ကာကီယူနီဖောင်းဝတ်အချို့လည်းပါ၏ သေနားတွင်မူ အညိုရောင်ခွေးများ ဝပ်စင်းလျက်ရှိသည်။

မီရှယ်တစ်ယောက် သူ့ရှာတွင် ခရီးသည်များ၊ ပုံပြင်များ၏ တမေ့တမော ထိုင်နားထောင်ခဲ့ရသည်ကို ပြန်၍ ချာလီက တွေးမိ၏။ ဒင်နီက သူတို့ထံသို့ ကားမီးဖြင့်ထိုးလိုက်သည်။ ခန့်ညားလှပသော အဘိုးကြီးတစ်ဦးက ထပြီးရပ်ကာ အဝတ်အစားများကို သပ်ချ၏။ လက်တစ်ဘက်တွင် စက်သေနတ်ကိုဆွဲ၍ သူတို့ဆီလျှောက်လာပြီး ဒင်နီရှိရာ ကားပြတင်းပေါက်မှ ငုံ့ကြည့်လိုက်သည်။

သူတို့က တစ်ဦးနှင့်တစ်ဦး စကားကို အပြန်အလှန်ပြောနေကြ သည်။ နားလည်သည့်အလား ချာလီကလည်း သူတို့စကား၏ နားထောင်နေမိသည်။ အဘိုးကြီး၏ အခြားအဖော်လေးဦးကလည်း ကားကို သေနတ်များဖြင့် ဝိုင်းချိန်ထားသေး၏။ သူတို့မှာ အသ





ဆယ့်ငါးနှစ်အရွယ်ထက်ပင် ပိုကြသူ တစ်ဦးမျှမရှိ။

“ကျွန်တော်တို့ လူတွေလေ”

ချာလီ၏ဘေးမှ လူငယ်တစ်ဦးကပြောသည်။ ၎င်းတို့အုပ်စုမှာ ဆက်သွားနေကြပြီဖြစ်၏။

“ပါလက်စတိုင်း အသေခံတပ်သားတွေပေါ့ဗျာ။ ကျွန်တော်တို့ ရဲ့တစ်စိတ်တစ်ဒေသကို ခင်ဗျားမြင်ရတာပဲ”

မီရှယ်သည်လည်း ဤသည်တို့၏ တစ်စိတ်တစ်ဒေသအဖြစ် ဝင်ကြောင်းကို သူမက ဂုဏ်ယူစွာ တွေးကြည့်လိုက်မိပါသည်။

ⵣⵣⵣⵣⵣ

(အလွယ်တကူ ချစ်ခင်နိုင်ဖွယ်ရှိသောလူမျိုးအဖြစ် သူတို့ကို တွေ့ရလိမ့်မည်)ဟု ဂျိုးဇက်က သူမအားပြောပြခဲ့ဖူး၏။

ချာလီတစ်ယောက် လေးရက်နှင့် လေးညမျှ ထိုလူငယ်လေး များဖြင့်အချိန်ကုန်ခဲ့ရသည် သူတို့နှင့်ချစ်ပွဲနွှဲကြ၏။

အများကသူမအား ‘မစ္စပါမာ’ဟူ၍သာခေါ်ကြသည်။အမည်မှန် မှ မှတ်ထင်ထားကြပုံရပါ၏။ထို့နောက်တွင်မူ ဒင်နီကပြောလာ၏။

“လိုက်ခဲ့တော့ဗျာ ကျွန်တော်တို့ဗိုလ်ကြီးက ခင်ဗျားကိုတွေ့ဖို့ စောင့်နေပြီ”

လာခေါ်သော အချိန်မှာ နံနက်သုံးနာရီမျှသာ ရှိသေး၍ အမှောင်ထုက ဖုံးလွှမ်းနေ၏။

လင်းရိုဗာကားတစ်စီးဖြင့် တောင်တန်းများရှိရာသို့ ဦးတည်လာ


www.burmeseclassic.com

www.burmeseclassic.com



ကြရသည်။လမ်းမှာမတ်စောက်၍ အကောက်အကွေ့များလှ၏။ဤသို့ဖြင့် ကျေးရွာဟောင်းလေးတစ်ရွာသို့ ရောက်လာပြီးအစောင့်များက ခေါင်မိုးပေါ်တွင် စောင့်နေကြသော အိမ်တစ်လုံးရှေ့တွင် ကားကို ရပ်လိုက်သည်။

အိမ်အတွင်းဝယ် မီးအိမ်တစ်လုံးရှိနေသော်လည်း မှိန်ပျပျလင်းလျက်ရှိ၏။ချာလီအဖို့ ပထမဦးစွာမြင်ရသူမှာ အသားညိုညို ဆံပင်အနက်ရောင်နှင့် လမ်းလျှောက်တုတ်ကို ကိုင်ထားသည့် သူတို့ဗိုလ်ကြီးဆိုသူကိုပင်၊ခြေထောက်မသန်၍ တုတ်ကောက်ကို အားပြုထားရသူ ပြုံးပြကာ လက်နှစ်ဖက်စလုံးဖြင့် ဆွဲယူနှုတ်ဆက်လာ၏။ တုတ်ကောက်ကိုမူ ဘယ်ဘက်လက်ဝယ်ချိတ်ထားလိုက်သည်။

"မစ္စချာလီ..ကျွန်တော်က ဗိုလ်ကြီးတာယာပါ၊ တော်လှန်ရေးကို တိုင်တည်ပြီး ကြိုဆိုပါတယ်ဗျာ"

သူ၏လေသံမှာ လှိုက်လှိုက်လှဲလှဲနှင့် စီးပွားရေးသမားတို့၏ လေသံမျိုးဖြစ်သည်။

(ချာလီရေ၊ မင်းတော့ ဗိုလ်ကြီးတာယာဆိုတဲ့လူကို သတိထားရမယ်၊သူက ပါးနပ်လွန်းလှတယ်ကွ၊ မင်းအတွက်ရော အကောင်းဆုံးသာ လုပ်မှဖြစ်မယ်)

သူမ၏ နားထဲဝယ် ဂျိုးဇက်၏ သတိပေးစကားကို ပြန်လည်ကြားယောင်မိလိုက်သည်။

အခန်းမှာ သပ်ရပ်လှ၏။ စာအုပ်များကိုလည်း သေသေချာချာ အစီအရီတင်ထားသည်။

သူမက ညွှန်ပြသည့်သားရေဆိုဖာပေါ်ဝယ် ထိုင်လိုက်သော် ...ည်း တာယာကမူ ...ကိုအားပြု၍ ရပ်လျှက်ရှိသေး၏။ အ...



...လင်းနှင့် ဖန်ခွက်များကို ယူလာပေးအပြီးတွင် လူငယ်တစ်ဦးတ...ခန်းထောင့်ဝယ် ထိုင်စောင့်နေသည်။ ပေါင်ပေါ်တွင်မူ စက်သေနတ်အား ကန့်လန့်ဖြတ်၍ တင်ထားသည်။

စားပွဲခုံပေါ်တွင် စာများအထပ်လိုက်ရှိနေပေရာ ချာလီအဖို့ ဤသည်တို့မှာ မိရှယ်ထံသို့ သူမက ရေးခဲ့သော စာများဖြစ်ကြောင်း ကြည့်ပဲနှင့်သိနေ၏။

"ကျွန်တော်တို့ရဲ့ အိမ်အပြန်ခရီးဟာ ဘာနဲ့တူသလဲလို့ ခင်ဗျားသိသလား..."

သူမကို စေ့စိုက်ကြည့်ရင်း သူကမေးလာ၏။ သူ့လက်ကိုင်တုတ်ဖြင့်လည်း ပြတင်းပေါက်ရှိရာသို့ ထိုးပြသည်။

"ကိုယ့်ရပ်ကိုယ့်ရွာမှာ လက်ကသေနတ်တစ်လက်ကိုကိုင်ရင်း ဆန့်ကျင်ဘက်ရန်သူတွေကို စောင့်နေရတဲ့အဖြစ်ကို မင်းတွေးကြည့်...ပါမလားဟင်...ကောင်လေးတွေကို မေးကြည့်လေ"

သူ၏အသံမှာ အမှောင်ထဲမှာပင် နစ်လိုဖွယ်ရာရှိလှသည်ဟု သူမကတွေးမိသည်။

သူကပြော၏။

"ခင်ဗျားကရော သူ့ကိုသဘောကျရဲ့လား"

"ဟုတ်ကဲ့.."

"ဘယ်သူ့ကို ပိုအကြိုက်ဆုံးလဲဟင်"

"အားလုံးအတူတူပါပဲရှင်..."

သူမက ပြောလိုက်ရာ သူကရယ်၏။

"ခင်ဗျားရဲ့ သေဆုံးသွားပြီဖြစ်တဲ့ ပါလက်စတိုင်းလူမျိုးလေး ခင်ဗျားသိပ်ချစ်တာပဲလို့ သူတို့ကပြောကြတယ် အမှန်ပဲလားဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"အမှန်ပါပဲရှင်"

သူ၏တုတ်ကောက်ကမူ ပြတင်းပေါက်သို့ ထိုးပြနေဆဲဖြစ်သည်။

"ခင်ဗျားမှာ သတ္တိရှိရင်တော့ ကျွန်တော်တို့နဲ့အတူတူခေါ်ထားရလိမ့်မယ်၊ နယ်ခြားကိုဖြတ်ပြီး တိုက်ပွဲတွေတိုက်၊ လက်စားချေပြီးပြန်လာ၊နောက်အောင်ပွဲခံပေါ့လေ၊ တို့အတူတူသွားကြရမယ်၊မင်းဟာတိုက်ချင်ခိုက်ချင်တဲ့စိတ်ရှိတယ်လို့ ဟယ်ဂါကပြောတယ်၊တိုက်ရေးတိုက်ချင်ရဲ့လားဟင်"

"ဟုတ်ကဲ့ပါရှင်"

"ဘယ်သူ့ကိုမဆိုလား၊ ဒါမှမဟုတ် ဗီယွန်ဂါဒီတွေကိုလား"

သူကအဖြေကိုမစောင့် ဖန်ခွက်ကိုမော့၍ သောက်နေသည်။

"တို့ဆီမှာ မိုက်ရူးရဲတွေရှိတယ်၊ သူတို့က ကမ္ဘာကြီးတစ်ခုလုံးကိုဖောက်ခွဲပစ်ချင်နေကြတာလေ၊ ဒါကို ခင်ဗျားသဘောကျသလား"

"ဟင့်အင်း..."

"ဒီလူတွေဟာ မိုက်ရူးရဲတွေပဲ၊ ဟယ်ဂါတို့ အင်တွန်မက်စတာဘိန်းတို့လေ...လိုအပ်တဲ့မိုက်ရူးရဲတွေပေါ့ဗျာ၊ဟုတ်တယ်မဟုတ်လားဗျာ"

"ဒီလိုမြင်လာဖို့ ကျွန်မမှာ သိပ်အချိန်မရခဲ့ဘူး"

သူမက ပြန်ပြောသည်။

"ခင်ဗျားကရော မိုက်ရူးရဲလား"

"မဟုတ်ပါဘူး"

သူက သဘောတူစွာဖြင့် သူမကို ပြန်လည်အကဲခတ်ကြည့်သည်။





"ခင်ဗျားဟာ မိုက်ရူးရဲမဟုတ်ဘူးလို့ ကျွန်တော်ထင်တယ်၊ ပြောင်းတော့ ပြောင်းလွဲနိုင်တယ်ပေါ့လေ၊ လူတစ်ယောက်ယောက်ကို့များ သတ်ဖူးရဲ့လား"

"ဟင့်အွင်း.."

"ခင်ဗျားက ကံကောင်းပါတယ်၊ ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေရှိတယ်၊ ကိုယ့်မြေကိုယ့်ယာရှိတယ်၊တရားသဖြင့် အုပ်ချုပ်နိုင်တဲ့အဖွဲ့တွေရှိတယ်၊ ဒါနဲ့ ခင်ဗျားဘယ်မှာနေတာတုန်း"

"လန်ဒန်မှာ.."

"ဘယ်အပိုင်းမှာလဲ"

တာယာက ကုလားထိုင်တစ်လုံးရှိရာသို့ သွား၍ထိုင်ချ၏။ အင်္ကျီအိတ်အတွင်းမှ စီးကရက်တစ်လိပ်ကိုထုတ်၍ မီးညှိလိုက်သည်။

"အင်္ဂလိပ်လူမျိုးထဲမှာတော့ ခင်ဗျားဟာ ကျွန်တော်တို့အဖွဲ့ရဲ့ ပထမဦးဆုံး ရဲဘော်ပဲ၊ ဒတ်(ချ်)၊အီတလီ၊ပြင်သစ်၊ဂျာမန်၊ဆွီဒင်တွေနဲ့ အမေရိကန်နှစ်ယောက် အိုင်းရစ်လူမျိုး အားလုံးဟာ ကျွန်တော်တို့အတွက် တိုက်ပွဲဝင်ဖို့ လာခဲ့ကြတယ်၊ အင်္ဂလိပ်တစ်ယောက်မှ မပါဘူး၊ ခုတော့ ခင်ဗျားရောက်လာပြီ၊ အင်္ဂလိပ်ကတော့ ခါတိုင်းလိုပဲ သိပ်နောက်ကျမှ ရောက်လာတတ်တာမျိုးပဲ"

သူက အသက်အရွယ်မကြီးလှသော်လည်း ပညာဉာဏ်ရှိသည်ဟု ချာလီက တွေးမိ၏။ သူမ၏ မျက်နှာရိပ်သွင်ကို မြင်နိုင်ရန်လည်း သူမ၏ မျက်နှာဘေးတွင် မီးအိမ်ငယ်လေးတစ်လုံးကို ချထားသေး၏။ ဗိုလ်ကြီးတာယာဆိုသူမှာ ပါးနပ်လွန်းလှပါသည်။

"ကမ္ဘာလောကကြီးကို ခင်ဗျားပြောင်းလဲပစ်ချင်တယ်ဆိုရင်တော့ ဒါတွေကို ခင်ဗျားမေ့ပစ်လိုက်"



www.burmeseclassic.com

www.burmeseclassic.com

သူက မှတ်ချက်ချသည်။

အင်္ဂလိပ်တွေဟာ ဒီလိုပဲ လုပ်ခဲ့တာပဲ၊ကိုယ့်အိမ်ကိုယ့်ရာမှာ နေပြီး လုပ်စရာလေးတွေနည်းနည်းပါးပါးလုပ်၊ ခေါင်းထဲမှာ ဘာမှ မထားနဲ့ ဒါဆိုရင် ပိုပြီး လုံခြုံမှုရှိတာပေါ့”

“ခုတော့ ဒီလိုမဟုတ်တော့ဘူးလေ”

သူမက ပြောလိုက်၏။

“အိုး..ခင်ဗျားပြန်ရမှာပေါ့”

သူက ဝိစကီကို အနည်းငယ်မော့သောက်သည်။

“ခင်ဗျားဘာကြောင့် ကျွန်တော်တို့အတွက် တိုက်ချင်ရတာလဲ..”

“သူ့အတွက်ပေါ့”

သူမက ဖြေပြီ။

စီးကရက်ကိုင်ထားသော လက်ကို သူက ဝှေ့ယမ်းပြလိုက်သည်။

“သူ့အတွက် ဘာလဲဆိုတာ ကျွန်တော့်ကို ပြောပါဦး၊သူက သေခဲ့ပြီပဲ၊တစ်နှစ်၊နှစ်နှစ်ဆိုရင် တို့လည်း သေကြရမှာ၊ သူ့အတွက် ဆိုတာဘာလဲ”

“အားလုံးပေါ့၊ဒီလိုပဲ သူက ကျွန်မကိုသင်ခဲ့တာပဲ”

“တို့တွေ ဘာတွေလုပ်တယ်ဆိုတာ ခင်ဗျားကို သူကပြောခဲ့ဖို့လား၊ ဗုံးခွဲသလား၊ သေနတ်နဲ့ပစ်သလား၊ လူသတ်သလား၊အင်း လ..ကိစ္စတော့မရှိပါဘူး”

ထိုခဏ၌ သူက စီးကရက်ကိုသာ စိတ်ဝင်စားနေဟန်ရှိသည်။ ...းကရက်ကိုဖွာ၍ မီးတောက်ကလေး ရဲလာသည်ကိုကြည့်၏။

မြတ်စာပေ



ထို့နောက် ပြာခွက်တွင် ထိုးချေကာ အသစ်တစ်လိပ်ကို မီးထပ်ညှိလိုက်သည်။

“သူက ခင်ဗျားကို ဘာတွေသင်နိုင်မှာတုန်း”

သူက ကန့်ကွက်သလိုပြော၏။

“ခင်ဗျားလို မိန်းမတစ်ယောက်ကို သင်မတဲ့လား၊ သူက လူရွယ်လေးတစ်ယောက်ပဲ ရှိသေးတာ၊ ဘယ်သူ့ကိုမှ သူက သင်မပေးနိုင်ဘူး၊ သူ့မှာ ဘာမှမရှိဘူး”

“သူဟာ အားလုံးပြည့်ပြည့်စုံစုံရှိနေတဲ့လူပဲရှင်”

သူမက ခိုင်ခိုင်မာမာပင် ပြောလိုက်၏။

သူက အပြင်ဘက်မှအသံများကို နားစွင့်ကြည့်ပြီး အမိန့်တစ်ခုပေးလိုက်၏။ ကောင်လေးတစ်ဦးက တံခါးဆီသို့ ခုန်ထ၍ ...ပြေးသွားစဉ် အပြင်ဘက်မှ တီးတိုးအသံများကို ချာလီကကြားရ၏။

“ခင်ဗျားကို မှန်းတတ်ဖို့ သူက သင်ပေးသေးသလား”

အပြင်ဘက်တွင် မည်သည့်မှုဖြစ်မနေသည့်အလားပင် သူက ...မေးလာပြန်၏။

“ဓိယွန်ဝါဒီတွေကို မုန်းဖို့ သူက ပြောခဲ့ပါတယ်”

တာယာတစ်ယောက် နားစွင့်နေသည့် အသံအား ယခုမှ ...သူမက ကြားလာရသည်။ တောင်ပေါ်သို့ ကားတစ်စီးတက်လာသော ...အသံဖြစ်၏။ ဤလူမှာ မျက်ကန်းတစ်ဦးအလား နားပါးလှသည်ဟု ...သူမက တွေးမိသည်။ သူ၏ ကိုယ်ခန္ဓာက အားနည်းနေ၍ ...ဖြစ်ပေမည်။

“အမေရိကန်နိုင်ငံကို ခင်ဗျားသဘောကျသလား”

သူက မေး၏။

မြတ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



“ဟင့်အင်း...”

“ရောက်ဖူးသလား”

“မရောက်ဖူးသေးဘူး”

“ခင်ဗျားက မရောက်ဘူးပဲနဲ့ ဘာကြောင့် မကြိုက်ဘူးလို့ ပြောနိုင်ရတာလဲ”

သူက မေးလိုက်သည်။

အိမ်ရှေ့ကွက်လပ်သို့ ရောက်လာသော ကားသံကိုကြားရ၏။ ခြေသံများ၊စကားသံများကို ကြားရသည်။ သူတို့ မထွက်မီ ကား၏ ရှေ့မီးရောင်က အခန်းအတွင်းသို့ ဖြတ်ကနဲ လင်းသွား၏။

“အဲ့ဒီမှာ ခင်ဗျား ခဏနေဦး”

သူက အမိန့်ပေးသည်။

လူငယ်နှစ်ဦး ရောက်လာ၏။ တစ်ဦးက ပလပ်စတစ်အိတ် တစ်လုံးကို ဆွဲယူလာပြီး တစ်ဦးတွင်မူ စက်သေနတ်တစ်လက်ကိုင် ထား၏။ တာယာပြောမည့်စကားကို ရိုရိုသေသေဖြင့် ရပ်၍နားထောင် နေကြသည်။

“ကဲ...မင်းရဲ့ဗော့(ဒ)ကာအရက်ကို လက်စသတ်ပြီး ကောင် လေးတွေနဲ့ လိုက်သွားပါ၊ခင်ဗျားကို ကျွန်တော်ယုံတာ မယုံတာ ကြောင်းတော့ မဟုတ်ပါဘူး၊ခင်ဗျားအတွက် သူတို့ဆီမှာ အဝတ စားတွေပါတယ်”

အပြင်ဘက်ရှိ ကားမှာ ဘေးဘက်တို့တွင် အစိမ်းရောင်လခြမ်း ဆွဲထားသော လူနာတင်ကားတစ်စီးသာ ဖြစ်၏။ ကားရှေ့ဖုံးပေါ် ယ် အနီရောင်ဖုန်မှုန့်များ တင်နေသည်။ မျက်မှန်အမဲတပ် လူငယ် စ်ဦးက ကားမောင်းသည့်နေရာဝယ် ထိုင်နေ၏။ နောက်ဘက်





အိပ်စင် ကျဉ်းကျဉ်းလေးဝယ် စက်သေနတ်ကိုင် လူငယ်နှစ်ဦးအ ရှိနေသည်။

ချာလီက ကားမောင်းသူဘေးခုံဝယ် ထိုင်လိုက်၏။ သူ မှာ ဆေးရုံသုံး မီးခိုးရောင်အင်္ကျီကို ဝတ်ထားရပြီး ခေါင်းကိုလည် ပဝါဖြင့် စည်းထားသည်။

တောင်တန်းများနောက်ဆီသို့ နေလုံးက ဝင်သွားပြီဖြစ်ရာ ညနေဆည်းဆာ အနီရောင်သန်းနေ၏။

မြို့တွင်းသို့ ပြန်ရောက်လာကြ၏။ လမ်းရှိစစ်ဆင်ရေးစခန် တစ်ခုတွင်ရပ်ရသည်။ ဆီးရီးယားစစ်သားများ၏ စခန်းဖြစ်၏ သို့သော်လည်း ဂျာမန်သူနာပြုများ လိုက်ပါလာတတ်သော ပါလက် စတိုင်းတို့၏ လူနာတင်ကားများကို မည်သူမျှမစဉ်းစားတတ်ကြပါ

မော်တော်ဆိုင်ကယ်သံ မကြားရသဖြင့် သူမက လှည့်ကြည့် ၏။ငှက်ပျောသီးအစိမ်းများကို အိတ်အပြည့်ထည့်ထားသော အိတ်မှာ ပါသည့် ဖုန်းအလိမ်းလိမ်းနှင့် ဟွန်ဒါဆိုင်ကယ်တစ်စီးဖြစ်သည် လက်ကိုင်ဝယ် ကြက်အရှင်တစ်ကောင်အား ခြေထောက်မှ ကြိုးချည် ချိတ်ထား၏။ ထိုင်ခုံပေါ်ဝယ် 'မော့ဆက်'မှ ဒီမီထရီက သူ၏ မော်တော်ဆိုင်ကယ် စက်သံကို နားထောင်ကြည့်နေပါသည်။

သူက ပါလက်စတိုင်းစစ်သားတစ်ဦး၏ ယူနီဖောင်းက တစ်ဝက်တစ်ပျက်သာ ဝတ်ထား၏။ အနီရောင်ခေါင်းဆောင်းအဝတ် ကို လည်ပင်းတွင်ပတ်ထားသေးသည်။

※※※※※



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့တွင်မူ ဗိုလ်ကြီးတာယာတစ်ယောက် ရောက်လာပြီး ချာလီအား မြို့လယ်ရှိ အကျဉ်းထောင်ဟောင်းကြီးဆီသို့ ခေါ်သွား၏။ ချစ်စဖွယ်ကောင်းသော မိန်းကလေးတစ်ဦးနှင့် တွေ့ပေးသည်။

"သူ ဘယ်သူလဲဆိုတာ ခင်ဗျားသိသလား"

လက်ထဲရှိ စီးကရက်အား မီးသတ်ရင်း တာယာက မေးလိုက်၏။

"ရင်းရင်းနှီးနှီးရှိတဲ့ ပုံစံမျိုး သူ့မျက်နှာမှာ ခင်ဗျားတွေ့မိသလား သေသေချာချာ ကြည့်ပါဦး"

ချာလီအဖို့ ကရုတစိုက်ကြည့်စရာပင်မလို။ မိရှယ်၏အစ်မ 'ဖာတမာ' ဖြစ်ကြောင်းပြောပြလိုက်၏။

"သူက ဂူရဲလူမျိုးတွေရှိရာ ဆီဗွန်ကို ပြန်လာခဲ့တာ၊ အင်္ဂလိပ်စကားတော့မပြောတတ်ဘူး၊ ဒါပေမယ်...ခင်ဗျား ဘယ်သူလဲဆိုတာတော့ သူသိတယ်၊ မိရှယ်ဆီကို ခင်ဗျားကရေးလိုက်တဲ့စာတွေကော မိရှယ်ရေးတဲ့စာတွေကိုပါ ဖတ်ကြည့်ခဲ့တယ်လေ၊ ဘာသာပြန်ပေးရတာပေါ့၊ သူက ခင်ဗျားကို စိတ်ဝင်စားနေပါတယ်"

ထိုင်ခုံဝယ် နေရာရွှေ့ထိုင်ရင်း တာယာက နံဘေးနေသော းကရက်တစ်လိပ်ကို ထုတ်၍ မီးညှိပြန်သည်။

"သူ့ကို ခင်ဗျားစကားပြောတဲ့အခါမှာ သတိရစရာတွေ သိပ်မပြောနဲ့ဗျာ၊ သူ့မှာ မောင်နှမသားချင်း လေးယောက်တောင် ဆုံးရှုံးခဲ့ပြီးပြီ"

ဖာတမာက အလွန်တည်ငြိမ်လှစွာပင် စကားစပြောလာသည်။ ၎င်း၏ စကားအဆုံးတွင်မူ တာယာက ဘာသာပြန်ပေး၏။





"မိယွန်ဝါဒီတွေကို တိုက်နေတုန်းမှာ သူ့မောင်ကို စိတ်ချမ်း အောင် လုပ်ပေးနိုင်တဲ့ ခင်ဗျားကို ကျေးဇူးတင်ပါတယ်လို့ သူက ပါတယ်၊ နောက်တစ်ခုက တရားမျှတရေးအတွက် ရုန်းကန်နေရတဲ့ မှာ လာပြီးပူးပေါင်းတဲ့ ခင်ဗျားအတွက်လဲ ကျေးဇူးတင်ပါတယ် "

သူက ဖာတမာ၏ ပြောစကားကို နားထောင်နေပြန်သည်။

"သူကပြောတယ်၊ ခင်ဗျားဟာ ခုဆိုရင် သူနဲ့ ညီအစ်မချင်း ကြပြီတဲ့၊ နှစ်ဦးစလုံးဟာ မိရှယ်ကို ချစ်ကြတယ်၊ သူ့ရဲကောင်း ဦးလို ကျဆုံးခဲ့ရတဲ့ သူ့အတွက်လဲ ဂုဏ်ယူကြတဲ့လူတွေ ဖြစ်ကြ သူက ခင်ဗျားကို မေးတယ်"

ဖာတမာ စကားပြောနိုင်ရန် သူက ခေတ္တစကားဖြတ်လိုက် ည်။

"သူက ခင်ဗျားကို မေးတယ်၊ နယ်ချဲ့တွေရဲ့ကျွန် ဖြစ်ရတာ ဘာက ပိုမကောင်းဘူးလားတဲ့၊ သူက နိုင်ငံရေးဆန်တယ်ဗျ၊ ကဲ့လို့ သူ့ကို ပြန်ပြောလိုက်ပါ"

"ဟုတ်ကဲ့"

"မိရှယ်ဟာ သူ့ရဲ့ မိသားစုအကြောင်းနဲ့ ပါလက်စတိုင်း ကြောင်းတွေ ခင်ဗျားကို ဘယ်လိုပြောခဲ့တယ်ဆိုတာ သိချင်နေ ခဲ့တွင်ပြီး အမှားတွေတော့ သူ့ကိုမပြောနဲ့၊ သူက အသိဉာဏ် ယ်"

ချာလီက ဖာတမာကိုကြည့်၍ ရင်တွင်းမှလာသော ထိခိုက် ချင်ဖွယ်ရာ အတွေးများမှ စကားများကို ပြောပြသည်။

တာယာက ချာလီ၏ ပြောစကားကို အဓိပ္ပါယ်ပြန်ပေး၏။



www.burmeseclassic.com

www.burmeseclassic.com

"သူ့ရဲ့ ညီအစ်ကိုတော်တွေအကြောင်း သူက ဘာပြော သလဲ"

တာယာက စိတ်မရှည်စွာဖြင့် ဝင်မေး၏။

"အဲ့ဒါကို သူ့ပြန်ပြောပြလိုက်ပါ"

ချာလီက ထိုအကြောင်းများကို ပြန်ပြောပြလိုက်သည့် ကြားထဲတွင် တာယာကဝင်ပြီး အဓိပ္ပါယ်ပြန်ပေး၏။

"မီရှယ်ရဲ့ စာတစ်စောင်ထဲမှာ သူ့အစ်ကိုတော်နဲ့ အတူ နှိပ်စက်ခံခဲ့ရတဲ့အကြောင်း ရေးထားဖူးတယ်"

တာယာက ပြော၏။

အဲ့ဒီကိစ္စကို သတိရရှိနေပြီး သူရေးထားခဲ့တာထဲမှာ ခင်ဗျာ ကလွဲလို့ လောကမှာ မိန်းမသားဆိုလို့ ဖာတမာတစ်ယောက်ပဲရှိတာ လို့ပါတယ်၊ သူ့အနေနဲ့ အလုံးစုံချစ်ရတဲ့သူပေါ့၊ဒါကို ဖာတမာ ပြန်ပြောပြလိုက်ပါဗျာ၊သူပြောတဲ့ အစ်ကိုဆိုတာ ဘယ်သူ့ကိုလဲ"

"ခါလီကိုပေါ့"

ချာလီက ပြန်ဖြေသည်။

"အဲ့ဒီအဖြစ်အပျက်ကို ပြောပါဦး"

တာယာက အမိန့်ပေး၏။

"ဖြစ်တာက ဂျော်ဒန်နိုင်ငံမှာ"

"ဘယ်နေရာမှာလဲ၊ ဘယ်လိုလဲဆိုတာ တိတိကျကျပြော

"အချိန်က ညနေစောင်းပဲ၊ စခန်းထဲကို ဂျော်ဒန်စစ်ကား ရောက်လာတယ်၊ ဂျော်ဒန် စစ်သားခြောက်ယောက် ခါလီနဲ့ မီရှ အဲ..ဆလင်ကို ဖမ်းချုပ်ပြီး မီရှယ်ကို သလဲပင်က အတိုင်းတွေ သွားချိုးယူခိုင်းတယ်"

မြိတ်စာပေ



ဒယ်(လ)ဖိမြို့တွင် မီရှယ်က လုပ်သည့်အလား သူမက ာက်များကို ဖြန့်ပြလိုက်၏။

"သစ်ကိုင်းက ခြောက်ကိုင်း၊တစ်ကိုင်းကို သုံးပေလောက် ည်ရမယ်၊သူတို့က ခါလီရဲ့ ဖိနပ်ကို ချွတ်ခိုင်းတယ်၊ သူတို့ကသလဲပင် ကိုင်းနဲ့ ရိုက်နေတုန်းမှာ မီရှယ်ကို ဒူးထောက်ပြီး ခါလီရဲ့ခြေထောက် ကိုင်ထားစေတယ်၊ နောက်တစ်ခါ ခါလီကို ကိုင်ထားခိုင်းပြီး လင်ကိုရိုက်ပြန်တယ်၊ သူတို့နှစ်ယောက်အဖို့ ရပ်တောင်မရပ်နိုင် ာ့ဘူး၊ဒါပေမယ့် ဂျော်ဒန်တွေက သူ့တို့နောက်ဘက် မြေကြီးကို နတ်နဲ့ပစ်ပြီး ပြေးခိုင်းသေးတယ်ရှင့်"

"အဲ့ဒီတော့"

တာယာက စိတ်မရှည်စွာ မေးပြန်၏။

"အဲ့ဒီတော့ ဘာဖြစ်ရမှာလဲရှင့်"

"အဲ့ဒီတော့ ဖာတမာဟာ ဒီကိစ္စမှာ ဘာကြောင့်အရေးကြီး ရတာလဲ"

"သူက သူတို့ကိုပြုစုပေးတယ်လေ၊နေ့ရောညပါ ပြုစုပေးပြီး ို့ရဲ့ သတ္တိတွေကို ေႈးပေးတယ်၊ ထင်ပေါ်ကျော်ကြားတဲ့ အာရပ် ရေးဆရာတွေရဲ့ ာတွေကို ဖတ်ခိုင်းတယ်၊တိုက်ပွဲ အသစ်တွေကို အစဉ်ဆွဲစေခဲ့တယ်၊ ဖာတမာဟာ တို့ရဲ့အသည်းနှလုံး သူဟာ ့ပါလက်စတိုင်းနိုင်ငံ၊ ကိုယ်ဟာ သူ့ရဲ့သတ္တိအင်အားကို သင်ယူ ယ်လို့ သူကပြောခဲ့တယ်"

"သူက ဒီလိုတောင်ရေးခဲ့တာ၊ အရှုံးပဲ"

တာယာက ထိုသို့ပြော၍ ကုလားထိုင်နောက်မှီသို့ တုတ် ာက်ကို ဒေါသတကြီးဖြင့် ချိတ်လိုက်၏။ ထို့နောက် စီးကရက်

မြိတ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



တစ်လိပ်ကို မီးညှိနေပြန်သည်။

ჯ‌ჯ‌ჯ‌ჯ‌ჯ

ဖာတာမာနှင့်တွေ့အပြီးတွင်မှ ချာလီအား စခန်းတစ်ခုသို့ပို့လိုက်ကြ၏။ ထိုစခန်းတွင် ချာလီအား စိတ်ဓာတ်စစ်ဆင်ရေးများ လုပ်ကြည့်ကြသည်။ အတွေးအခေါ်များ သွတ်သွင်းပေးကြသည်။ ထိုစခန်းတွင် စိတ်ကျေနပ်သော အခြေအနေရောက်ပြီးသည့်နောက်ဝယ် စခန်းသစ်တစ်ခုသို့ တဖန်ပို့ပေးကြ၏။

အသစ်ရောက်ရှိနေသောစခန်းတွင် သူမက စစ်သင်တန်းများ တတ်ရ၏။ သင်တန်းတက်နေစဉ် အတောအတွင်း၌ပင် သူမအား လုံးဝယုံကြည်ထားကြပုံမရချေ။ သူမနှင့် အတူ အဖွဲ့ဝင်အမည်ရှိ အမေရိကန်တစ်ဦးနှင့်တွဲထား၏။

တစ်နေ့တွင် ထိုအမေရိကန်က သူမအပြန်တွင် မိမိအမိမြေ မိခင်နိုင်ငံသို့ ပြန်လိုကြောင်း ပေးမည့်အပြစ်ဒဏ်ကို တရားရုံးတွင် ခံရမည်ဖြစ်ကြောင်း ပြောပြရန်မှာလာသည်။ ချာလီအဖို့ အတွေးကြွယ်ရတော့သည်။ ဤသည်မှာ အမှန်ပင်လော။သူမ၏ သဘောထားကိုသိလို၍ တစ်ဖက်လှည့်အစ်မေးသလောဟု ဝေခွဲမရ။ သုံးရက်မျှကြာပြီးမှ တာယာအား အသိပေးလိုက်၏။

မည်သည့်အတွက်ကြောင့် ချက်ချင်းအသိမပေးသနည်းဟု တာယာက မေးခွန်းထုတ်လာသည်။

"ခင်ဗျားက သုံးရက်လုံးလုံးကြာပြီးမှ ဘာဖြစ်လို့ပြောရတာ





လည်း ဘာကြောင့်ဒီလောက်ကြာအောင် စောင့်နေရတာလဲ"

"ဒီမှာ ရှင်မှမရှိတာ"

"တခြားလူတွေရှိသားပဲဗျ၊ ကျွန်တော့်ကိုတွေ့ချင်တယ်လို့ ဘာကြောင့်မပြောတာလဲ"

"သူ့ကို ရှင်ကအပြစ်ပေးမှာကို ကျွန်မကြောက်လို့ပဲ"

သို့သော်လည်း တာယာမှာ ထိုအမေရိကန်အား အပြစ်ပေးရေးအတွက် စဉ်းစားဟန်မရှိ။

"ကြောက်လို့ဟုတ်လား"

သူက ထိုစကားကို ပြန်၍ရေရွတ်ကြည့်၏။

"သူ့အတွက် ခင်ဗျားက ဘာစိုးရိမ်စရာရှိလို့လဲ၊ သူ့ရဲ့အခြေအနေကို ခင်ဗျားက ကရုဏာသက်မိလို့လား"

"ဒီလိုမဟုတ်ဘူးဆိုတာ ရှင်သိပါတယ်"

"ဒါဆိုရင် သူက ခင်ဗျားကို ဘာကြောင့်ခုလို ဖွင့်ပြောရတာလဲ သူယုံကြည်အောင် ခင်ဗျားက လုပ်ခဲ့လို့လား၊ ဒီလို ကျွန်တော်သွားမိတယ်"

"မဟုတ်ဘူး"

"သူနဲ့ရော ခင်ဗျား အတူတူအိပ်သေးသလား"

"ဟင့်အင်း..."

"ဒါဆိုရင် ခင်ဗျားက သူ့ကို ဘာကြောင့်ကာကွယ်နေရတာလဲ တော်လှန်ရေးအတွက် လူသတ်ရမှာကို သင်ယူနေတဲ့အချိန်မှာ ခင်ဗျားက ဘာကြောင့်များ သစ္စာဖောက်တစ်ယောက်အသက်ကို ကာကွယ်နေရတာလဲ။ ကျွန်တော်တို့အပေါ် ဘာကြောင့်များ ခင်ဗျားက ယုံကြည်နိုင်ရတာလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မက အတွေ့အကြုံမရှိဘူး၊ သူ့အတွက် ဝမ်းနည်းတ[...] သူ့အန္တရာယ်ဖြစ်စေလိုတဲ့ ဆန္ဒမရှိဘူး၊ ဒါပေမယ့် နောက်တော့ ကျွန်မရဲ့ တာဝန်ကို သတိရမိပါတယ်"

တာယာမှာ အတော်ပင် စိတ်ရှုပ်ထွေးမိဟန်ရှိ၏။ ဝီစကီ[...] ခွက်ကို ထပ်ငှဲ့၍ သောက်ပြန်သည်။

"ထိုင်ပါဦး"

"မထိုင်ချင်ဘူး"

"ထိုင်စမ်း..."

သူပြောသည့်အတိုင်း သူမက ထိုင်လိုက်ရသည်။

"မီရှယ်ဆီကို ခင်ဗျားရေးတဲ့ စာတစ်စောင်မှာ ကလေး[...] ယောက်ဆိုတာ ပါတယ်၊ ခင်ဗျားမှာ ကလေးရှိသလား၊ သူနဲ့[...] ကလေးလား"

"ကျွန်မက သေနတ်ကိုပြောတာပါ၊ကျွန်မတို့အိပ်ကြရင် အိ[...] ထဲမှာ သေနတ်ကိုထားကြတယ်လေ"

"ဘာသေနတ်မျိုးလဲ"

"ဝေါလ်တာပဲ၊ ခါလီက သူ့ကိုပေးခဲ့တာပေါ့"

တာယာက သက်ပြင်းတစ်ချက်ချ၏။

"ကျွန်တော်သာ ခင်ဗျားဆိုရင်တော့ ဟိုအမေရိကန်နဲ့ အ[...] အယူလုပ်မှာပဲ၊ ခင်ဗျားက ဘာလုပ်ခဲ့သလဲ"

"တရား ချရတာပေါ့"

"သူ့ကို ပစ်သတ်ရမှာလား"

"ဒါကတော့ ရှင့်အလုပ်ပဲလေ"

"ဟုတ်တယ်...ကျွန်တော့်အလုပ်ပဲ"





"ဒါပေမယ့်ဗျာ...သေရမယ့် လူတစ်ယောက်ကို ဘာကြောင့် [...]ား သတ်ပစ်ရမှာလဲ၊သူ့ကိစ္စအတွက် ကျွန်တော်တို့ကို ခင်ဗျားတ[...] ဘာဖြစ်လို့ ပြောရတာလဲ"

"သူက သစ္စာဖောက်တစ်ယောက်မို့ပါ"

"အင်း...ဟုတ်ပါတယ်၊ အဲ့ဒီအမေရိကန်ဟာ စခန်းမှာ လူတိုင်း ကိုတစ်ကြောင်းမဟုတ်တစ်ကြောင်းနဲ့ ချဉ်းကပ်တတ်တယ်၊ သူဟာ ကျွန်တော်တို့အဖို့ သစ္စာဖောက်တွေကို ရှာပေးတဲ့ လူတစ်ယောက် [...]ပဲ"

သူက သက်ပြင်းတစ်ချက်ချပြီး တတိယမြောက် ဝီစကီကို [...]ငှဲ့သောက်သည်။

"ဂျိုးဇက်ဆိုတာ ဘယ်သူလဲ"

တာယာက မေးလိုက်၏။

နောက်ဆုံးတော့ သူမ၏ သရုပ်ဆောင်မှုက အဆုံးသတ်ရချေ [...]ပြီလား။

"ဂျိုးဇက်ဆိုတဲ့ လူကို ကျွန်မ မသိဘူး"

"တွေးကြည့်ပါဦးကွာ...မိုင်ကိုနော့(စ)ကျွန်းမှာလေ...၊အေသင် ကို ခင်ဗျားမသွားခင်တုန်းကပေါ့၊ ခင်ဗျားတို့အုပ်စုနဲ့ တွေ့လာတဲ့ သူလေ.."

"ဂျိုးဇက်...၊သြော်...အဲ့ဒီ ဂျိုးဇက်လား"

သူမက သတိရဟန်ဖြင့် ပြောလိုက်သည်။

"သတိရပြီ၊ ကျွန်မတို့အဖွဲ့နောက်ကို တန်းတန်း တန်းတန်းနဲ့ [...]လာတဲ့ လူရှော် ဂျူးတစ်ယောက်ပဲ"

"ဂျူးတွေအကြောင်းကို ဒီလိုတော့ မပြောပါနဲ့၊ ကျွန်တော်

www.burmeseclassic.com

တို့ဟာ၊ ရှေးလူမျိုးကြီးဟောင်းတွေကို ဆန့်ကျင်တဲ့လူတွေမဟုတ်ဘူး၊ ဓိယွန်ဝါဒီတွေကိုသာ တို့ကဆန့်ကျင်တာပါ"

"တခြားအကြောင်းတွေသာ ပြောစမ်းပါ"

သူမက ခပ်ဆတ်ဆတ်ပင် ပြောမိ၏။

"သူဟာ ဓိယွန်ဝါဒီပဲဖြစ်ဖြစ်၊ မဖြစ်ဖြစ် ကျွန်မအဖေကိုသူက ပြန်သတိရစေတယ်ရှင့်"

"ခင်ဗျား အဖေက ဂျူးလား"

"မဟုတ်ဘူး၊သူက သူခိုးတစ်ယောက်ပဲ..."

တာယာက ထိုအကြောင်းကို အတန်ကြာအောင် စဉ်းစားကြည့်နေ၏။

"ကဲ..ခင်ဗျားအတွက် အလုပ်တစ်ခုရှိတယ်၊ ခင်ဗျားရဲ့ပုစ္ဆာတွေကိုသိမ်း၊ဒီကို ချက်ချင်းပြန်လာပေတော့၊ ခင်ဗျားရဲ့ သင်တန်းအားလုံးပြီးသွားပါပြီ..."

ဆဆဆဆဆ

မြဲတ်စာပေ

အခန်း (၂၂)

ထိုနေ့ညနေပိုင်းမှာပင် ချာလီတစ်ယောက် ဆွစ်ဇာလန်နိုင်ငံ
ူးရစ်သို့ လေယာဉ်ဖြင့် ထွက်ခဲ့ရတော့၏။ လေဆိပ်အရောက်တွင်မှ
ော့ဆက်' မှ ရာချယ်ဆိုသော မိန်းကလေးအားတွေ့ရ၏။ နှစ်ဦး
လုံးသည် မသိလိုက်မသိဘာသာ နေလိုက်ကြသည်။

လူတစ်ဦးရောက်လာပြီး ချာလီအား ဘားစကြပ်အမိုဂန်ဟု
သာအမည်ပါ တောင်အာဖရိကနိုင်ငံကူး လက်မှတ်တစ်စောင်နှ
တူးဂပ်သို့သွားရမည့် လေယာဉ်လက်မှတ်တစ်စောင် ပေးလာသည်။
ောင်အာဖရိကသူ တစ်ဖြစ်လဲ ချာလီမှာ အမိုဂန်အမည်ဖြင့် ခရီ
ဆက်ရပြန်၏။

စတူးဂပ်သို့ ချာလီရောက်ခဲ့ရချေပြီ။

မြဲတ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့် နာမည် ဆော(လ်)ပါ၊ခင်ဗျား နာမည်ကရော"

ညင်သာသော အမေရိကန်လေသံတစ်သံဖြင့် လူတစ်ဦးက မေးလာသည်။ ဆံပင်ရှည်ရှည်နှင့်ဖြစ်၏။ သူမ၏ရင်ဘတ်ဝယ် ဘပ်ဆင်ထားသော 'ဝေလငါးများကိုကာကွယ်ကြစို့' ဟူသော တံဆိပ် ချိုးတစ်ခုအား ထိုလူကတပ်ဆင်ထား၏။

"အမိုဂန်ပါ.."

သူမက ဖြေလိုက်သည်။ ဆော(လ)ဆိုသော လူတစ်ဦးလာ ကြိုလိမ့်မည်ကို တာယာက ကြိုတင်ပြောခဲ့၏။ ယခု သူက ဘောက်(စ)ဝက်ဂွန်ကားလေးဖြင့် အသင့်စောင့်နေသည်။

"ကဲ...ခင်ဗျားရဲ့ သေတ္တာကို ကားထဲထည့်လိုက်ပေတော့ ဝတ်ဝန်းကျင်မှာ ခင်ဗျားကို စိတ်အနှောင့်အယှက် ဖြစ်စေမယ့်လူများ ရှိမလားလို့ ကြည့်ပါဦး"

သူမက လှည့်ကြည့်၏။ ရော(လ်)နှင့် တခြားမိန်းကလေး တစ်ယောက်အား ဘက်ဒ်ဖို့(ဒ)မှန်လုံကား အရှည်တစ်စီးဖြင့် တွေ့ရ သည်။

"ဘယ်သူမှ မတွေ့ပါဘူး"

သူမက ပြောလိုက်သည်။

ကားလေးအား ဆော(လ်)က မောင်း၍ ထွက်လာခဲ့သည်။ နောက်ဆုံးတွင် တောင်ကုန်းတစ်ခုပေါ်သို့ အရှိန်ပြင်းစွာမောင်းတ လာကြ၏။ လမ်းဘေးတစ်ဖက်တစ်ချက်တွင် လဲနေသော သစ်ပင်များ တိုတွေ့ရသည်။ ရှေ့ဘက်အဝေးဆီဝယ် မီးခိုးခေါင်းတိုင်မြင့်မြင့် တိုက်တစ်လုံး၏ အရိပ်ပုံသဏ္ဍာန်ကိုတွေ့ရ၏။ သူမအဖို့ အေသ အိမ်ကိုပြန်၍ သတိရစေသည်။





ကားကိုရပ်၍ ဆော(လ်)က ကားမီးမှိတ်ချည်ဖွင့်ချည်နှ ကြိမ်လုပ်ပြလိုက်၏။ အိမ်အလယ်ပိုင်းလောက်ဆီမှ လက်နှိပ်ဓာ မီးရောင်ဖြင့် ပြန်၍အချက်ပြလာသည်။ ဆော(လ်)က သူ၏နာ ကိုကြည့်ကာ စက္ကန့်ကို အသံထွက်၍ ရေတွက်ကြည့်၏။

"ကိုး...တစ်ဆယ်..ကဲ..သွားတော့ဗျို့"

သူက ပြောသည်။

အိမ်ဆီမှ မီးက တစ်ကြိမ်ပြန်လင်းလာသည်။

သူမလက်တစ်ဖက်တွင် သေတ္တာကိုဆွဲ၍ အိမ်ဆီသို့ တ ကိုယ်တည်း လျှောက်လာခဲ့ရသည်။ အိမ်အနီးသို့ရောက်လာစဉ် နာ စင်ဟောင်းကြီးတစ်ခုကို မြင်ရ၏။ မော်တော်ဆိုင်ကယ်တစ်စီး ရ ထားလေသည်။

"အမိုဂန်ရေ..အိမ်အမိုးကို သတိထားနော်..အဲ့ဒီအုပ်ကြွပ်ပြာ တစ်ချပ်လောက် ပြုတ်ကျပြီး ထိသွားရင် ပွဲချင်းပြီးသေသွားလိမ့် မယ်၊ အမိုဂန်...အိုးချာလီရယ်၊ သိပ်ရယ်စရာကောင်းတာပဲနော်"

ရင်းနှီးပြီးသော အသံတစ်သံကို ရုတ်တရက်ကြားရမိသည်

ခဏအကြာတွင်မူ သန်မာ၍ နုနည်းသော ကိုယ်ခန္ဓာတစ်ခုက ချာလီဆီသို့ အမှောင်အတွင်းမှ ပြေးလာကာ ပွေ့ဖက်လိုက်တော့၏

"ဟင်..ဟယ်ဂါ၊ရှင်ပါလား ဟယ်ဂါရယ်.."

အိမ်အတွင်းဝယ် အဖွဲ့သား စုံလင်စွာတွေ့ရ၏။ ဗာရိနာဠ သည့် မိန်းကလေးတစ်ဦး ရော့(စ) ဓာနီနှင့် တနင်္ဂနွေနေ့မနက်ဂ သူမအား သေနတ်ဖြင့်ချိန်ခေါ်သွားသူ မာရီယိုဆိုသူတို့အား တွေ့ သည်။

သူတို့ရပ်၍ စကားပြောနေစဉ် တယ်လီဖုန်းမြည်လာ၏



www.burmeseclassic.com

www.burmeseclassic.com



မည်သူကမျှ မကိုင်ကြ။

“မနက်ဖြန်မှ သူက ဖုန်းဆက်မယ် ပြောထားသားပဲ”

ရော့(စ)စနီက မကျေမနပ်သလိုပြော၏။

“ဘာတွေများ ချက်ချင်းဖြစ်လာရတာလဲမသိဘူး”

“ငြိမ်ငြိမ်နေစမ်း”

ဟယ်ဂါက ခပ်ဆတ်ဆတ်ဖြင့် ပြောလိုက်သည်။

တယ်လီဖုန်းက မြည်လာပြန်၏။ ဤအကြိမ်တွင်မူ ဟယ်ဂါက ကောက်ယူပြီး ချက်ချင်းပြန်ချထားလိုက်သည်။ နောက်တစ်ကြိမ် မြည်အလာ၌မူ သူမက ‘ဟုတ်ကဲ့’ ဟု ခပ်ပြတ်ပြတ်ဖြေကာ ဆက်နားထောင်နေ၏။ နှစ်မိနစ်မျှ အချိန်အတွင်း သူမကပြုံးခြင်းမရှိ ခေါင်းညိတ်ခြင်းမရှိပဲ နားထောင်ကာပြန်ချထားသည်။

“မင်ကယ်တို့က အစီအစဉ်ကို ပြောင်းလိုက်ကြပြီ”

သူမက ပြောလိုက်သည်။

“သူတို့က တူဘင်ဂန်မှာ ဒီနေ့ည မိတ်ဆွေတွေနဲ့ နေကြမယ်တဲ့။ သူတို့မှာ သေတ္တာတစ်လုံးနဲ့ တိုလီမိုလီတွေ အများကြီးပါတယ်၊ နောက်လက်ဆွဲအိတ်ကတစ်လုံး”

ရေစင်မှ အဝတ်စတစ်ခုအားယူ၍ ကျောက်သင်ပုန်းကြီးအား ဖျက်နေ၏။

“သူ့လက်ဆွဲအိတ်ကအနက်ပဲ၊ ပါမောက္ခမင်ကယ် ပို့ချမယ့် သင်ခန်းစာ အစီအစဉ်လည်းပြောင်းသွားတယ်၊ ရဲဘက်က သိပ်သံသယမရှိပေမယ့် ဦးနှောက်ခြောက်နေကြပုံပဲ”

“ဟိုလူတွေကရော..”

ရော့(စ)စာနီက မေးသည်။





“ရဲအဖွဲ့က အစောင့်တွေ အထပ်ထပ်ချထားချင်ပေမယ့် ပါမောက္ခမင်ကယ်က ငြင်းနေတယ်၊ သူက တရားဥပဒေကို ကောင်းကောင်း ...ပေးနေတဲ့ လူတစ်ယောက်အဖို့ လျှို့ဝှက်ရဲတွေ ပတ်ပတ်လည်မှာ ...ထားဖို့မလိုဘူးလို့ ပြောတယ်၊ အမိုက်န်အတွက်တော့ ဘာမှအပြောင်းအလဲမရှိပါဘူးလေ၊ သူ့အတွက် အမိန့်ကတော့ အရင်အတိုင်းပဲ။ ဒါဘာ သူ့ရဲ့ပထမဦးဆုံးလှုပ်ရှားမှု တကယ့်ကို ထင်ပေါ်လာရမှာ မဟုတ်ဘူးလား ချာလီ”

အားလုံးက သူမအား ဝိုင်းကြည့်ကြသည်။

ဣဣဣဣ

လက်မောင်းအား ခေါင်းအုံး၍ သူမကလှဲနေမိ၏။ သူမ၏ ...ခန်းမှာ မကြီးကျယ်လှ။ အခင်းမှာ မြင်းမွေးများဖြင့် ပြုလုပ်ထားသော မွေ့ယာအဟောင်းကြီးတစ်ခုနှင့် ပရုတ်နံ့သင်းနေသော စောင် ...တစ်ထည်ရှိသည်။

ဟယ်ဂါက ဘေးတွင်ထိုင်၍ သူမ၏သန်မာသော လက်ဖြင့် ...လီ၏ ဆံပင်များကို ပွတ်သပ်ပေးသည်။ပြတင်းပေါက်မြင့်မြင့် ...မှ လရောင်က ဝိုးတဝါးဝင်လျက်ရှိသည်။

“ဘာဖြစ်နေတာလဲ ချာလီ၊ မျက်လုံးတွေဖွင့်စမ်းပါဦး၊ကိုယ့် ...သဘောမကျတော့ဘူးလား”

သူမက မျက်လုံးဖွင့်၍ ရှေ့သို့သာ ငေးကြည့်နေမိသည်။

“မင်းရဲ့ပါလက်စတိုင်းလူမျိုးလေးကို ခုထိအိပ်မက် မက်နေ

www.burmeseclassic.com



တုန်းပဲလားကွာ၊ ဒီကို ကိုယ်တို့ရောက်လာတဲ့အတွက် စိုးရိမ်နေပြီလား။ မင်းမှာအချိန်ရရင် အားလုံးကိုလက်မြှောက်အရှုံးပေးပြီး ထွက်ပြေးတော့မလို့လား”

“ကျွန်မ သိပ်ပင်ပမ်းနေတယ်...ဟယ်ဂါ”

“ဒါဆိုရင် တို့နဲ့အတူလာအိပ်ပါလားဟင်..”

သူမအပေါ်သို့ ကိုယ်ကိုညွတ်ကာ ဟယ်ဂါက သူမ၏ လည်ပင်းကို နမ်းလိုက်၏။

“မာရီယိုတစ်ယောက်တည်းကို မင်းဆီလာစေချင်လို့လား ရှင်နေသလားကွ၊ ဒါကို ကိုယ်ကခွင့်ပြုနိုင်ပါတယ်”

သူမက တစ်ကြိမ်ထပ်နမ်းပြန်သည်။ သို့သော် ချာလီ၏ မလှုပ်မယှက်သာ ရှိ၏။

မနက်ဖြန်ညဆိုရင်တော့ မင်းအဖို့စွဲသွားစေမယ့်ဟာ ရှိရင် လာလိမ့်မယ်၊ ခါလီနဲ့ဆိုရင် မင်းဘာကိုမှ မငြင်းနိုင်တော့ဘူး၊သူ မင်းနဲ့တွေ့ဖို့ သိပ်စိတ်အားထက်သန်နေတယ်၊ သူက မင်းကိုမေး ပါတယ်လေ၊ ငါ့အထဲက မိတ်ဆွေတစ်ယောက်ကို သူကဘယ် တစ်ခါက ပြောခဲ့ဘူးသလဲဆိုတော့ မိန်းမတွေမရှိရင် ကျွန်တော့်ရဲ့ လူသားဆန်တဲ့ နွေးထွေးမှုဟာ ပျောက်ဆုံးသွားလိမ့်မယ်တဲ့..မင်း မီရှယ်ကိုချစ်တယ်၊ ဒါကြောင့် သူကမင်းကိုချစ်လိမ့်မယ်၊ဒါဟာ ဘာမှ မေးစရာမလိုဘူး”

သူမက တစ်ကြိမ်ထပ်နမ်းကာ ထွက်သွားတော့၏။ ချာလီ မျက်လုံးအကြောင်သားနှင့် ပြတင်းပေါက်မှ ဖြတ်ဝင်လာသော ည အလင်းရောင်ကိုသာ ငေးကြည့်နေမိသည်။ မိန်းမတစ်ယောက်နှင့် ယောကျ်ားတစ်ဦး၏ အသံများကို သူမကကြားရသည်။ ဟယ်ဂါနှ





မာရီယိုတို့မှာ ချစ်ပွဲဆင်နွှဲနေချေပြီ။

(သူတို့လမ်းညွှန်သွားသလို မင်းလိုက်လုပ်ပေတော့)

ဂျိုးဇက်၏ စကားကိုသာ ကြားယောင်မိသည်။

(မင်းကို လူသတ်ဖို့ပြောရင်လဲ သတ်တာသတ်ပေတော့အဲဒါအတွက် မင်းမှာတာဝန်မရှိဘူး၊တို့တာဝန်သာထား)

လက်ကိုင်အိတ်အတွင်းမှ လက်နှိပ်ဓာတ်မီးလေးနှင့် ရာချယ် ပေးခဲ့သော မာ(လ)ဘိုလို စီးကရက်ဘူးအား ထုတ်လိုက်၏။ ဗူးထဲဘွင် စီးကရက်သုံးလိပ်ရှိသေးသည်။ စီးကရက်များကိုထုတ်၍ အခွံ ဖြည်းဖြည်းခွာသည်။ အတွင်းစာလေးရေးထားသည်ကို တွေ့ရသည်။

(သတ္တိရှိပါ၊ မင်းနဲ့အတူရှိနေတယ်)

✳✳✳✳✳

ချာလီအဖို့ပစ်မှတ်မှာ ပါမောက္ခမင်ကယ်ပင် ဖြစ်တော့၏။ မင်ကယ်မှာ ဂျူးများအပေါ် ကရုဏာသက်သူအဖြစ် ကျော်ကြားနေသူဖြစ်၏။ ဂျာမဏီနိုင်ငံရှိ စတူးရပ်မြို့သို့ သူကဟောပြောရန် ရောက်လာခဲ့သည်။ 'မော့ဆက်'အနေဖြင့်လည်း ရော့(စ)တနီ၏ လှုပ်ရှားမှုနှင့် ချာလီ၏ သွားရာလမ်းကြောင်းကို လိုက်ခြင်းဖြင့် ပစ်မှတ်မှာ မည်သူဖြစ်မှန်းသိလာခဲ့ကြ၏။ ကတ်(ဇ)က ပါမောက္ခကြီး မင်ကယ်အား ချဉ်းကပ်၍ အခြေအနေကိုတင်ပြခဲ့သော်လည်း လက်သင့်မခံ။ သို့ဖြင့် မော့ဆက်မှာ ဘေးမှသာရပ်၍ အဆင်သင့်စောင့်ဆိုင်းနေရတော့၏။ မည်သို့ဖြစ်လျှင် မည်သို့လာမည်ကို 'မော့ဆက်'သည် ချက်ဆိုလျှင်

www.burmeseclassic.com



နားကွက်မှ မီးတောက်ပြီးသားပင်။

ရော့(စ)တာနိုက ချာလီအား ပစ်မှတ်ရှိရာသို့ ခေါ်ဆောင်လာခဲ့သည်။

ပါမောက္ခမင်ကယ်မှာ ဟိုတယ်ရှိညစ်ခံကြီးဆိုရေး စားပွဲရှိရာသို့ တစ်လှမ်းချင်းလျှောက်လာ၏။ လက်ဆွဲအိတ်ကိုင်ထားသည့်သူ၏ဇနီးသည်က ဘေးတွင်ရှိသည်။ ညစ်ခံသူအမျိုးသမီးမှာ တစ်ဦးတည်းသာရှိ၍ ဧည့်သည်နှင့်စကားပြောလျှက်ရှိ၏။

သူတို့က ခေတ္တမျှစောင့်ရင်း ဘေးဘီသို့ကြည့်မိသည်။

မီးခိုးရောင်မှန်များ ကာထားသော တစ်ခြားဘက်ရှိ ဧည့်ခန်းဝယ် အဝတ်အစားများ အကျအနဝတ်ထားသူ ဂျာမန်များကိုတွေ့၏။ ဧည့်ခံစားပွဲဝယ် လူရှင်းသွားသည်နှင့် မင်ကယ်က သူ၏လက်ဆွဲအိတ်အား ဇနီးဖြစ်သူထံမှယူ၍ လျှောက်သွားတော့သည်။

ကြိုဆိုမယ်လေးမှာ အနက်ရောင်ဝတ်စုံ ဝတ်ထားသည့် အသားအဖြူချောလေးဖြစ်၏။ မင်ကယ်ထံသို့ ဖြည့်ရမည့်ပုံစံမပေးမီ ရည်ညွှန်းလွှာ ကပ်ပြားများအား လက်သည်းဆိုးထားသည့် လက်သည်းကလေးများဖြင့်ထိုး၍ ရှာကြည့်သေး၏။

ချာလီမှာ ညစ်ခံစားပွဲရှိရာသို့ လျှောက်မလာမီ တွန့်ဆုတ်နေမိသည်။ မင်ကယ်က သူ၏အစ္စရေးနိုင်ငံကူးလက်မှတ်အားဘေးတွင်ချ၍ ပုံစံထဲသို့ ကူးရေးထည့်နေ၏။ လက်ဆွဲအိတ်အား သူ၏ ဗယ်ဘက်ခြေထောက် ဘေးကြမ်းပြင်ဝယ် ချထားသည်။ မစ္စက်မင်ကယ်အဖို့ လှမ်း၍မမြင်နိုင်။ ချာလီက သူ၏ညာဘက်ဘေးသို့ ဝင်ရပ်ကာ မင်ကယ်ဖြည့်နေသော ပုံစံအား ငုံ့ကြည့်သည်။

မစ္စက်မင်ကယ်မှာ ခင်ပွန်းဖြစ်သူ၏ ဗယ်ဘက်ဘေးသို့ရော





ထာကာ ချာလီအား မဝေခွဲနိုင်ဟန်ဖြင့် ကြည့်လိုက်၏။ ထိုနောက်ခင်ပွန်းသည်အား အသိပေးသည်။ မင်ကယ်မှာ ခေါင်းကိုတဖြည်းဖြည်းချင်းမော့၍ သူမဘက်သို့ လှည့်ကြည့်၏။ ချာလီက ရှက်ရွံ့ဟန်ဖြင့် လည်ချောင်းတစ်ချက်ရှင်းလိုက်သည်။

"ဒီက ပါမောက္ခကြီး မင်ကယ်လားဟင်"

သူမက မေးတော့၏။

သူက ပြန်၍အကဲခတ်ကြည့်သည်။

"အေး..ဟုတ်တယ်ကွာ၊ဘာဖြစ်လို့လဲ"

သူမက သက်ပြင်းတစ်ချက်ရှိုက်မိသည်။

"ပါမောက္ခကြီးရှင့်၊ ကျွန်မဟာ ဂျိုဟန်နက်(စ)ဘာဂ်က အမိုက်န်ဝစ်ဝါတာရန်း တက္ကသိုလ်က လူမှုရေးသိပ္ပံဘာသာနဲ့ ဘွဲ့ရခဲ့ပါတယ်"

သူမက ကရားရေလွှတ်ပြောလိုက်သည်။

"မနှစ်က ဆရာကြီးရဲ့ဟောပြောချက်တစ်ခုကို ကျွန်မနားထောင်ခဲ့ရပါတယ်၊ လူနည်းစုရဲ့ ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေအကြောင်း ဟောပြောတုန်းကပါ၊ တကယ်ကောင်းတဲ့ ဟောပြောချက်ပါပဲရှင်၊ ကျွန်မရဲ့ဘဝကိုတောင် ပြောင်းလဲစေခဲ့ပါတယ်၊ ကျွန်မကဆရာကြီးဆီ စာရေးမလို့ လုပ်ခဲ့ပါသေးတယ်ရှင်၊ဒါနဲ့ရှင်..ကျွန်မလက်ဆွဲနှုတ်ဆက်လို့ ရပါတယ်နော်"

သူမက မင်ကယ်၏လက်အား ဆွဲယူ၍ နှုတ်ဆက်သည်မင်ကယ်က ပြုံး၍ ကြည့်နေ၏။

"ဒီမှာ ကြာကြဦးမှာလား ပါမောက္ခကြီးရှင့်၊ ဒီမှာ ဘာကိစ္စနဲ့လာတာလဲ"

သူတို့၏နောက်ဝယ် ရော့(စ)တာနိုက ဧည့်ခံကြိုဆိုရေး မိန်း



www.burmeseclassic.com

www.burmeseclassic.com



ကလေးအား မစ္စတာ ဘော်ကာစီယိုတစ်ယောက် မီလန်မှ ရောက်လာပြီလားဟု မေးကြည့်နေသည်။

မစ္စက်မင်ကယ်က ဝင်၍ပြောလိုက်သည်။

"ကိုယ့်ခင်ပွန်းက ဉရောပတိုက်ကို ခရီးထွက်လာတာပါကွယ်"

သူမက ရှင်းပြသည်။

"အားလပ်ရက်ယူပြီးလာခဲ့ကြတာ၊ ဟောပြောတာတော့ နည်းနည်းပါးပါးပဲလုပ်ပြီး မိတ်ဆွေတွေဆီ အလည်လာတာပါ"

မင်ကယ်က မေး၏။

"ဒါနဲ့သမီးက ဒီဖရိုင်းဘက်မြို့လေးကို ဘာကြောင့်ရောက်လာတာလဲ မစ္စအမိုဂန်"

လေသံမှာ သူမကြားခဲ့ဖူးသော ပြဇာတ်စင်မြင့်မှ ဂျာမန်လေသံမျိုးပင်။

"အိုး...ကျွန်မဘဝမှာ ဘာတွေလုပ်ရမယ်လို့ မဆုံးဖြတ်ခင်မှာ ကမ္ဘာလောကလေးကို နည်းနည်းပါးပါးတော့ လျှောက်ကြည့်ရင် ကောင်းမယ်လို့ တွေးမိလို့ပါ"

ချာလီက ပြန်ဖြေသည်။

စိတ်အတွင်းကမူ 'ချာလီရေ..မင်းပြန်ထွက်တော့' ဟု သတိပေးနေ၏။

ညှော်ခံအမျိုးသမီးမှာလည်း သူမ၏စာရင်းဝယ် မစ္စတာ ဘော်ကာစီယို၏အမည်ကို ရှာမတွေ့နိုင်အောင် ဖြစ်နေရ၏။ ဟိုတယ်တွင် တည်းနေသူမှာလည်း အပြည့်ရှိနေ၏။ မစ္စက်မင်ကယ်အား အခန်းသော့ကို လှမ်းပေးလိုက်သေး၏။

ချာလီနှင့် မင်ကယ်တို့အပြန်အလှန် နှုတ်ဆက်နေ





ရော့(စ)တာနိုကလည်း ညှော်ခံကြီးဆိုသူ မိန်းကလေးအား နှုတ်ဆက်၍ အပြင်တံခါးဆီသို့ လှမ်းထွက်တော့သည်။ သူ၏ မိုးကာအကျႌအောက်တွင်မူ မင်ကယ်၏ လက်ဆွဲအိတ်က ပါခဲ့ချေပြီ။

ချာလီကလည်း နှုတ်ဆက်အပြီးတွင် သူ့နောက်မှ လိုက်သွား၏။ အပေါက်ဝမှန်တံခါးအရောက်တွင် ဘေးပတ်ဝန်းကျင်သို့ လိုက်ကြည့်နေသော မင်ကယ်၏ပုံရိပ်ကို လှမ်းမြင်ရသည်။

အငှားကားများ ရပ်ထားရာကြားမှ ချာလီက ဟိုတယ်၏ကားရပ်ထားရာနေရာသို့ လျှောက်လာခဲ့၏။ အစိမ်းရောင် စီထရွန်ကားလေးထဲဝယ် ဟယ်ဂါက အဆင်သင့်စောင့်နေသည်။ ချာလီက ကားဝယ် ဝင်ထိုင်လိုက်သည်နှင့် အပေါက်ဝဆီသို့ ဟယ်ဂါက မောင်းထွက်၏။

အပြင်သို့အရောက်တွင် ချာလီတစ်ယောက် ရယ်လိုက်မိ၏။ အိတ်ကပ်အတွင်းသို့ လက်ခုံကို ခေါက်သွင်းကာ ဟယ်ဂါ၏ ပခုံးကို ဖက်၍ ရယ်နေမိ၏။

"သိပ်အံ့သြစရာ ကောင်းတာပဲ..ဟယ်ဂါရယ်..ရှင် ကျွန်မကို မြင်စေချင်တယ်..သိလား၊ ကျွန်မဖြင့် ရင်ထိတ်လိုက်တာ.."

အမျိုးသမီးနှစ်ယောက် ခွက်ထိုးခွက်လှန်ရယ်၍ မျက်ရည်သုတ်နေပုံကို လမ်းဆုံးရှိ ယာဉ်ထိန်းရဲ လူငယ်တစ်ဦးက အူကြောင်ကြောင်နှင့် ကြည့်လျှက်ရှိသည်။

ဟယ်ဂါက ကားပြတင်းပေါက်မှန်ကိုချ၍ ထိုရဲသားထံသို့ လေထဲမှာ အနမ်းတစ်ချက်ပေးဟန်ပြလိုက်၏။

ꕥꕥꕥꕥꕥ



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၂၃)

လက်ရှိ စစ်ဆင်ရေး၏ ယာယီကွပ်ကဲရေးစခန်းတွင် ရှိမွန်… ဆက်သွယ်ရေး စက်စားပွဲ၌ ထိုင်လျက်ရှိ၏။ သူ့နောက်ဝယ် ဘက်… နှင့် ကတ်(ဓ)တို့က မတ်တပ်ရပ်လျက်ရှိသည်။ ရှိမွန်က တုန်… ချောက်ချားမှုကို ထိန်းချုပ်ထားပြီး အသားအရေ ဖြူဖပ်ဖြူ… ဖြစ်နေ၏။ သူက နားကြပ်တစ်ခုနှင့် စကားပြောခွက်ပါ ခေါင်းစွပ်… စွပ်ထားသည်။

"ရှော့(စ)စာနီတော့ ကားတစ်စီးနဲ့ ဘူတာကို သွားပြီ…"

ရှိမွန်က ပြောလိုက်သည်။

"သူ့မှာ လက်ဆွဲအိတ်ပါသွားတယ်၊ သူ့ရဲ့ဆိုင်ကယ်ဆီ… သွားယူတာပဲဖြစ်မယ်"





"သူ့နောက်ကို မလိုက်စေချင်ဘူး"

ရှိမွန်၏နောက်မှ ဘက်ကာက ကတ်(ဓ)အား ပြောသည်။

ရှိမွန်က ခေါင်းစွပ်ကိုဖြုတ်၍ သူကြားရသည့်စကားကို မယုံ…နိုင်ဟန်ဖြင့် ပြန်မေး၏။

"သူ့နောက်ကို မလိုက်ရဘူးဟုတ်လား၊ သူ့ဆိုင်ကယ်နားမှာ …ျွန်တော်တို့လူခြောက်ယောက်တောင် ရှိတယ်ဗျ၊ ဆိုင်ကယ်နောက် …ိုက်ရမယ်၊ လက်ဆွဲအိတ်နောက်လိုက်ရမယ်၊ လက်ဆွဲအိတ်က …ျွန်တော်တို့လိုချင်တဲ့လူ ရှိရာကို ခေါ်သွားမှာ"

သူက ကတ်(ဓ)ဘက်သို့လှည့်၍ သူ့စကားအား ထောက်ခံ…ရန် အကြည့်မျိုးဖြင့်ကြည့်သည်။

"ဘက်ကာရေ..ဘယ်လိုလဲ"

ကတ်(ဓ)က မေး၏။

"သူက လမ်းစ ဖြတ်ပစ်မှာပေါ့"

ဘက်ကာက ပြန်ဖြေသည်။

"သူက အမြဲတန်း ဒီလိုပဲ လုပ်နေကျပဲဥစ္စာ၊ ရှော့(စ)စာနီက …က်ဆွဲအိတ်ကို ခပ်ဝေးဝေးတစ်နေရာကိုယူသွားမယ်၊ တစ်ယောက် …ယောက်က နောက်တစ်နေရာက စောင့်ယူမှာပဲ"

"ခင်ဗျားက ဘယ်လိုစိတ်ကူးထားသလဲ"

ကတ်(ဓ)က မေးကြည့်သည်။

"ဟယ်ဂါဟာ ချာလီနဲ့ တစ်နေ့လုံးလုံး အတူတူရှိနေလိမ့်မယ် …ါလီက သူ့ဆီကို ဖုန်းဆက်ပြီး အကြောင်းကြားမှာပဲ၊ ချာလီက …သယရှိစရာ အနံ့အသက်ကလေးတစ်ခု ရသွားရင် ချာလီကို …တ်ပစ်လိုက်ဖို့ ဟယ်ဂါကို ပြောမှာပဲလေ၊ သူက နှစ်နာရီ သုံးနာရီ



www.burmeseclassic.com

www.burmeseclassic.com



ကြာလို့မှ ဖုန်းမဆက်ရင် အစီအစဉ်က ဘယ်လိုပဲဖြစ်ဖြစ် ဟယ်ဂါထ ချာလီကို သတ်ပစ်လိမ့်မယ်”

ဝေခွဲမရဟန်ဖြင့် ကတ်(ဇ)က သူတို့အား ကျောခိုင်းကာ အခန်းထဲဝယ် ခေါက်တုန့်ခေါက်ပြန် လျှောက်နေ၏။ ရှိမွန်အစို့ သူ့အား ကြည့်ရသည်မှာ အရူးတစ်ယောက်သဖွယ်ပင် မြင်မိတော့သည်။ နောက်ဆုံးတွင် အလက်ဆီထံသို့ အရေးပေါ်လိုင်းမှ ဆက်ထားသည့် တယ်လီဖုန်းအား ကောက်ကိုင်ကာ ခေါ်၏။

အလက်ဆီအား တောင်းပန်ဟန်လေသံဖြင့် ခေါ်၍ အပြန်အလှန် ခေတ္တမျှ ပြောဆိုကာ ဖုန်းကိုပြန်ချထားလိုက်သည်။

“ဘူတာကို ရှော့(စ)စာနီ ရောက်ဖို့ ကိုးစက္ကန့်လောက်ပဲ လိုတော့တယ်ဗျ”

ရှိမွန်က ပျာယိပျာယာပြော၍ နားကြပ်အတွင်းသို့ နားထောင်ကြည့်နေသည်။

“ခြောက်စက္ကန့်ပဲ လိုတော့တယ်”

ကတ်(ဇ)ကမူ သူ့အား မသိကျိုးကျွံပြုထား၏။

“ရှော့(စ)စာနီတော့ ဘူတာထဲ ဝင်လာပြီ”

ရှိမွန်က စိတ်ပျက်အားငယ်သံဖြင့် အခြေအနေကိုပြောပြ၏။

“ခု ပြန်ထွက်သွားပြီဗျို့”

ကတ်(ဇ)က ဘက်ကာအား ကြည့်သည်။

“ဂါဒီတော့ ဒီနေ့အဖို့ အောင်ပွဲခံသွားပြီ ရှိမွန်ရေ”

သူက ဘက်ကာအား ငေးကြည့်ရင်းမှ ပြောလိုက်၏။

“ခင်ဗျားရဲ့ကောင်လေးတွေကို ပြန်ခေါ်လိုက်တော့ ညနေစောင်းအထိ အနားယူခိုင်းလိုက်ပါဗျာ”





တယ်လီဖုန်းက မြည်လာရာ ကတ်(ဇ)က ကောက်ကိုင်လိုက်သည်။ ပါမောက္ခကြီးမင်ကယ်က ခေါ်ခြင်းပင်ဖြစ်၏။ သူထံသို့ ကောကပြောနေရာမှ ဇနီးသည်အား ညင်ညင်သာသာ ပြောပြနေသံကို သည်းကြားရ၏။

“ဒီနေ့တော့ တကယ်ထူးတဲ့နေ့ပါပဲဗျာ”

ဖုန်းကိုပြန်ချထားအပြီးတွင် ကတ်(ဇ)က ပြောလာသည်။

“လူတိုင်းအဖို့ ထူးခြားတဲ့အချိန်အခါပေပဲ”

ကတ်(ဇ)က သူ၏အပြာနရောင် သံပုရာခွံဦးထုပ်ကိုကောက်ကိုင်ကာ အလက်ဆီနှင့်ချိန်းထားရာ ဟောပြောပို့ချမည့် ခန်းမဆောင်သို့ ထွက်သွားပါတော့သည်။

ꩫꩫꩫꩫꩫ



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

ကားမောင်းသူက သားမွေးဦးထုပ်ကြီးကို ဆောင်းထား၍ က်နှာမှာ ကွယ်နေ၏။ ထို့အပြင် အပေါ်အင်္ကျီ၏ သားမွေးတ ကော်လာကိုလည်း ထောင်ထားပြန်သည်။ သူ့အသွင်သဏ္ဌာန်ကို ချာလီ က မမြင်ရပါ။ ပါးရိုးပြင်သာလျှင် နေရာလပ်၍ ကျန်နေပေရာ ယ်ရွယ်သူဖြစ်ကြောင်း သိရ၏။ ဤလူမှာ အာရပ်တစ်ယောက်ဖြ မည်ဟု ထင်မိသည်။

သူက ညနေခင်း၏ ကားသွားကားလာများ ကြားဝယ် ကို ဖြည်းညှင်းစွာမောင်းနေရာမှ မြို့ပြင်သို့ ထွက်လာခဲ့ကြသည်။ ထား ဘူတာရုံတစ်ခုအား ကျော်ဖြတ်လာပြီး သံလမ်းကူးတစ်နေရာ ွင်ရပ်လိုက်၏။ ချာလီ၏ နားထဲဝယ် သတိပေးခေါင်းလောင်းသံ





ား ကြားမိ၏။ ကားမောင်းသူက ဒုတိယဂီယာကိုပြောင်းကာ က်လာသည်။ ရထားကြီးက တစ်ဟုန်ထိုးဖြတ်ကျော်သွားပြီးဖြစ် ော့၏။ ရထားတိုက်မည့် ဘေးမှ လွတ်ခဲ့ရသည်။

"ကျေးဇူးပဲရှင်"

သူမက ပြောလိုက်ရာ သူ၏ရယ်သံကိုကြားရ၏။ အသံကို ကြားရခြင်းဖြင့် ကားမောင်းသူမှာ အာရပ်လူမျိုးဖြစ်ကြောင်း သေချာ သွားရသည်။

တောင်ပေါ်သို့ မောင်းတက်လာပြီး ရပ်လိုက်ပြန်၏။ ဤတစ် ကြိမ်တွင်မူ ဘတ်စ်ကား မှတ်တိုင်တစ်ခုတွင်ဖြစ်သည်။ သူက ချာလီ အား အကြွေစေ့အနည်းငယ်ပေးလိုက်၏။

"နှစ်ပြားတန်လက်မှတ်ဝယ်ပြီး နောက်ရောက်လာမယ့် ရထားနဲ့ လမ်းအတိုင်းလိုက်သွားပေတော့"

သူက ပြောလာသည်။

တစ်ဆင့်ပြီး တစ်ဆင့် ခြေရာက ပျောက်ထား၏။ နောက်ဆုံး အဆင့်တွင်မူ ရလာဒ် 'ဆု' ဆိုသည်က ရှိနေချေပြီ။

အမှောင်ထုက ကြီးစိုးလာရာ ကောင်းကင်ဝယ် ပထမဆုံးသော ကြယ်များက ပေါ်လာ၏။ တောင်ကုန်းအထက်ဝယ် လေကပြင်းထန် ၏။ ဟိုအဝေးအောက်တွင်မူ ဓာတ်ဆီဆိုင်တစ်ခုမှ မီးရောင်ကိုသာ မ်းမြင်ရ၏။ တစ်ခြား အိမ်ရာ အဆောက်အအုံများကိုမူ မတွေ့ ။

ငါးမိနစ်မျှကြာသော် ဘတ်(စ)ကားတစ်စီးကရပ်လာသည်။ က ကားပေါ်သို့တက်၍ လက်မှတ်ဝယ်ကာ တံခါးပေါက်အားရှိ င်ဆိုင်ချလိုက်၏။နောက်ထပ် နှစ်မှတ်တိုင်တွင် လူတစ်ဦးမျှ



www.burmeseclassic.com

www.burmeseclassic.com



တက်မလာပါ။တတိယမြောက် မှတ်တိုင်တွင်မူ သားရေဂျာကင် လူငယ်တစ်ဦးက တက်လာပြီး သူမ၏ဘေးတွင်ထိုင်၏။ဤသူ ယခင်ညက သူမအတွက် ကားမောင်းပေးခဲ့သူ အမေရိကန်လူငယ် ဖြစ်တော့သည်။

"ဒီမှတ်တိုင်ကနေ နောက်နှစ်မှတ်တိုင်ရောက်ရင် ဘုရား ကျောင်းအသစ်တစ်ခုရှိတယ်"

သူကပြောလာ၏။

"ခင်ဗျားဆင်းပြီး အဲဒီဘုရားရှိခိုးကျောင်းကို ဖြတ်လျှောက် ပါ၊ညာဘက်လူသွားလမ်းကသွားပါ၊နောက်ကြည့်မှန်မှာ အရုပ်က ချိတ်ထားတဲ့ ကားအနက်တစ်စီးရပ်ထားတာတွေ့ရမယ်၊ကားမောင်းသူ က ထိုင်ခုံမှာဝင်ထိုင်ပြီး စောင့်နေပါ။ခင်ဗျားအတွက် ဒါပဲလုပ် ရှိတယ်"

သူမကပြောသည့် မှတ်တိုင်ဝယ်ဆင်း၍ လမ်းလျှောက် လူငယ်မှာမူ ဘတ်(စ)ကားပေါ်၌ ပါသွားသည်။လမ်းမှာဖြောင့်တ မောင်မည်းနေ၏။သူမ၏ရှေ့ဘက် ကိုက်ငါးရာခန့်တွင် အနီရောင်အ တစ်ခုအား လမ်းမီးရောင်အောက်ဝယ် တွေ့ရသည်။

သူမ၏ လည်ရှည်ဖိနပ်အသစ်အောက်မှ ကွဲကြေကုန် နင်းပွင့်များ၏အသံ ကိုကြားရသည်။ကိုကာကိုလာ ကုမ္ပဏီတံဆိ မှန်လုံကားရှည်လေးတစ်စီးနှင့် နီးကပ်လာ၏။

ကား၏နောက်ဘက် ကိုက်ငါးဆယ်ခန့်ဝယ် ကော်ဖီဆိုင် တစ်ခုကရှိနေသည်။ဆိုင်၏နောက်ဘက် အဝေးဆီသို့မူ နှင်းများပုံ မမြင်ရ တစ်နေရာသို့သွားသော လမ်းသာရှိပေလိမ့်မည်။

သူမက ကားတံခါးကို ဖွင့်၍ ဝင်ထိုင်လိုက်၏။ကြက်သွ





နံ့ကိုရမိသည်။သေတ္တာတစ်လုံး အပြည့်ထည့်ထားသော ကြက်သွန်နီ များကို နောက်ဘက်ရှိ ပုလင်းလွတ်သေတ္တာများကြားတွင် တွေ့ရ၏။ ကြည့်မှန်ဝယ် ပလပ်စတစ်သူရဲရုပ်ကလေးတစ်ခုက တွဲလောင်း နေသည်။

လန်ဒန်မြို့ဝယ် သူမအား မာရီယိုက ခေါ်သွားစဉ် ကား၌လည်း ကဲ့သို့ အရုပ်မျိုးလေး ချိတ်ထားကြောင်းကို ပြန်၍သတိရမိ၏။ ာကကြီးတစ်ခွင်လုံး တိတ်ဆိတ်ငြိမ်သက်နေသည်။

လမ်းအတိုင်း ဆင်းလာသောမီးတစ်လုံးကိုမြင်ရ၏။သူမနှင့်ယှဉ် သော နေရာအရောက်တွင်မူ ဘိုင်စကယ်တစ်စီးပေါ်မှ ဘုန်းတော်ကြီး ပါးကို တွေ့မိသည်။ဖြတ်သွားရာမှ သူကလှမ်းကြည့်လိုက်၏။

သူမက စောင့်နေမိသည်။လျှာထိုးဦးထုပ်လေး ဆောင်းထားသူ ရုပ်ရှည်ရှည်လူတစ်ဦးက ကော်ဖီဆိုင်မှ ထွက်လာ၏။ ကိုတစ်ဝကြီးရှူကာ ဘေးဘီသို့ကြည့်သည်။

သူက ပြန်ဝင်သွားပြီးမှ ထွက်လာကာ သူမရှိရာဘက်သို့ ာက်လာ၏။ချာလီထိုင်နေရာဘက်ရှိ မှန်တံခါးအား လက်အိတ်စွပ် းသော လက်တစ်ဘက်ဖြင့်ခေါက်သည်။သားရေလက်အိတ်မှာ ကြာ၍ တောက်ပြောင်လျှက်ရှိ၏။လက်နှိပ်ဓာတ်မီးရောင်က သူမ၏ နှာပေါ်သို့ ကျလာရာ သူ့အားလုံးဝမမြင်နိုင်တော့ချေ။

ကားဘေးသို့လျှောက်ထိုးကြည့်ပြီး သူမအားပြန်ကြည့်၏။ က မျက်နှာကိုလက်ဖြင့်ကာပြီး လက်ပြန်ချစဉ်၌မီးရောင်မှာ သူမ၏ င်ပေါ်သို့ကျနေသည်။မီးရောင်က မှိတ်သွားပြီး သူမဘက်ရှိ တံခါးကို ာ လက်တစ်ဘက်ဖြင့် သူမ၏ လက်ကောက်ဝတ်အားဆွဲ၍ အပြင်သို့ ခေါ်ထုတ်သည်။

မြိုတ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



နှစ်ဦးသား မျက်နှာချင်းဆိုင်ရပ်မိကြ၏။ ထိုလူမှာ သူ့ မှန်းထားသည်ထက် တစ်ပေမျှပို၍ရှည်နေသည်။ သို့သော်လည်း သူမ၏ မျက်နှာမှာမူ လျှာထိုးဦးထုပ်ကြောင့် အမှောင်ရိပ်ကျလျက်ရှိ၏။ အအေးဒဏ်ကို ကာကွယ်ဟန်ဖြင့် အင်္ကျီကော်လာကို ထောင်ထား သည်။

"ငြိမ်ငြိမ်ကလေးရပ်နေစမ်းပါဦး"

သူက ပြောလာ၏။

သူမ၏ ပခုံးသိုင်းအိတ်ကိုယူ၍ အလေးချိန်ကိုချိန်ဆကြည့် သည်။ ထို့နောက်ဖွင့်ကာ အတွင်းသို့ကြည့်ပြန်၏။ သူမ၏အိတ် ဆောင် ရေဒီယိုလေးအား တွေ့သွားပြီး ခလုတ်ဖွင့်ကြည့်ရာ အသံ မြည်လာသဖြင့် ပြန်ပိတ်ထားလိုက်သည်။ ရေဒီယိုအတွင်း တစ်စုံတစ်ရာကိုယူ၍ သူ့အိတ်အတွင်းသို့ ထည့်၏။ ရေဒီယိုအား ထိုသူယူထားတော့မည်လောဟု ချာလီက တွေးထင်မိစဉ် သူ အိတ်အတွင်းသို့ ရေဒီယိုကိုပြန်ထည့်ပြီး အိတ်ကိုလည်း ကားနောက် ခန်းသို့ သွင်းထားပေး၏။

သားရေအိပ်စွပ် လက်နှစ်ဘက်အား သူ၏ပခုံးနှစ်ဖက်ပေါ် သို့တင်ကာ ခပ်မတ်မတ်ရပ်စေသည်။ သူ၏ မျက်လုံးအစုံက သူမ၏မျက်နှာမှ မခွာ။ ထို့နောက် သူ၏ညာဘက်လက်အား ... လောင်းချထားပြီး ဗယ်ဘက်လက်ဖြင့် သူမ၏ခန္ဓာကိုယ်အား လျှော စမ်းကြည့်သည်။

ပထမတွင် လည်ပင်းနှင့်ပခုံး ထို့နောက်ညှပ်ရိုးရှိရာနှင့် လက်ပြင် သူမက အတွင်းခံဘရာစီယာ ဝတ်ထားလေသလောဟု ကျောဘက် ရှိ ချိတ်ရှိရာသို့ စမ်းကြည့်ပြန်၏။ ချိုင်းကြားသို့စမ်းကြည့်ပြီး တင်ပါး





အား ကိုင်ကြည့်သည်။ ထို့နောက် ရင်သားအစုံနှင့် ဝမ်းဗိုက်ပြင်။

"ခုမနက် ဟိုတယ်မှာ မင်းက လက်ကောက်ကို ညာလက်မှာ ဝတ်ထားပြီး၊ ခုညမှာ ဘာဖြစ်လို့ ဗယ်ဘက်မှာ ဝတ်ထားရတာလဲ၊ ဘာဖြစ်လို့လဲကွ"

'မော့ဆက်' သို့ ချာလီက အချက်ပေးမှုကို သူက သိလေ ရောသလားဟု ထင်ရမိသည်။

သူ၏ အင်္ဂလိပ်စကားမှာ နိုင်ငံခြားလေသံပါ၍ ပညာတတ် ဟန်လည်းရှိ၏။ အာရပ်တစ်ဦး ဖြစ်ကြောင်းကိုမူ သူမက ဆုံးဖြတ် နိုင်သည်။ လေသံမှာ ချိုသောလည်း ဩဇာအာဏာပြည့်ဝ၏။ ... ခွန်းစကားပြောသူတစ်ဦး၏ လေသံမျိုးနှယ်ပင်။

"အဲ့ဒီလို ပြောင်းပြီး ဝတ်တာမျိုးကို ကျွန်မ သဘောကျလို့ ..."

သူမက ရှင်းပြ၏။

"ဘာဖြစ်လို့လဲ"

သူက ထပ်မေးပြန်သည်။

"ခံစားမှုအသစ်တစ်မျိုး ရတာပေါ့ရှင့်"

သူက ကိုယ်ခန္ဓာကို ညွတ်၍ သူမ၏တင်ပါး၊ ခြေထောက် ... ခင်အတွင်းနှင့် ကျန်နေရာများကိုပါ စမ်းရှာကြည့်ပြီး ဗယ်ဘက်ဖြင့် ... လည်ရှည်ဖိနပ်အသစ်ကို ကိုင်ကြည့်၏။

"ဒီလက်ကောက်ဟာ ဘယ်လောက် တန်ဖိုးရှိတယ်ဆို မင်း ... သလား"

"မတ်တတ်ပြန်ရပ်မိစဉ် သူက မေး၏။

"ဟင့်အင်း..."



www.burmeseclassic.com

www.burmeseclassic.com

"ဒီအတိုင်း ရပ်နေဦး"

သူက သူမ၏နောက်ဘက်ဝယ် ရပ်၍ တင်သားအစုံနှင့် ခြေထောက် ဖိနပ်တို့ကို စမ်းကြည့်ပြန်သည်။

"တန်ဖိုးကို မင်းမသိဘူးလား"

"မသိဘူး"

"ဘာကြောင့်လဲ"

"မီရှယ်က ဒါကိုအချစ်ရဲ့ အထိမ်းအမှတ်အဖြစ်ပေးတာ ငွေကြေးအရမှ မဟုတ်ပဲ"

"ကားထဲကိုဝင်"

သူမက ဝင်ထိုင်လိုက်သည်။ သူက ကားရှေ့မှ ပတ်လျှောက်လာပြီး သူမဘေးတွင် ဝင်ထိုင်သည်။

"ကောင်းပြီ...မင်းကို ခါလီဆီ ခေါ်သွားမယ်"

သူက ကားစက်ကိုနှိုး၏။

ကားလေးမှာ အော်တိုမက်တစ် ဂီယာတပ်ထားသည်မှာ မှ သော်လည်း သူက ညာလက်ကို ပေါင်ပေါ်တင်ထားပြီး ဗယ်ဘက် တစ်ဘက်ဖြင့်သာ မောင်းနေကြောင်း ချာလီ သတိပြုမိသည်။

လမ်းဆုံတစ်ခုသို့အရောက်တွင် ဗယ်ဘက် လမ်းအတိုင်း လိုက်လာ၏။ လမ်းမှာ ယခင်လမ်းကဲ့သို့ ဖြောင့်တန်းနေသော်လည်း လမ်းမီးတို့က မရှိ၊ သူ၏မျက်နှာသွင်ပြင်မှာ ဂျိုးဇက်အား ပြန်၍ သတိရမိစေသည်။

"မင်း ကြက်သွန်နီကို ကြိုက်သလား"

ပုလင်းများ တစ်လုံးနှင့်တစ်လုံး ရိုက်ခတ်နေသံကြားမှ သူက အော်မေးသည်။





"ကြိုက်ပါတယ်"

"အချက်အပြုတ်ရော လုပ်ဖို့ သဘောကျရဲ့လား၊ဘာတွေချ တတ်သလဲ၊ အီတလီခေါက်ဆွဲတို့ ဘာတို့လေ"

"အဲဒီဟာမျိုးတွေ ချက်တတ်ပါတယ်"

"မီရှယ့်အတွက် မင်းက ဘာချက်ပေးသလဲ"

"ပြုတ်ကြော်လေ"

"ဘယ်တုန်းကလဲ"

"လန်ဒန်မှာ ကျွန်မအခန်းမှာ သူရှိတဲ့ညကပေါ့"

"ကြက်သွန်နီ မပါဘူးလားကွ"

သူက အော်မေး၏။

"အသုတ်ထဲမှာတော့ ပါပါတယ်"

သူမက ဖြေသည်။

သူတို့က မြို့ရှိရာသို့ ဦးတည်လာကြ၏။ တစ်ဝတ်တစ်ပျ ဆောက်လုပ်ထားသော စက်ရုံများနှင့် ကုန်တင်ကားကြီးများ ရပ် နေရာတစ်ခုကို တွေ့ရ၏။ ကားများကမူ မရှိပါ။ ကုန်စုံဆိုင်မျာ အရက်ဆိုင်များကိုမူ မတွေ့ရ။ ပြတင်းပေါက်များမှလည်း မီးရော များကို မမြင်ရချေ။

သံမံသလင်း ခင်းထားသော မျက်နှာစာကွက်လပ်သို့ ရော လာသည်။ သူက ကားကိုရပ်လိုက်သော်လည်း စက်ကိုမူ နှိုးထ ဆဲဖြစ်သည်။ "ဟိုတယ်ဂါနီအိဒင်" ဟူသော စာလုံးကို နီယွန်မီးေ အနီဖြင့် သူမက ဖတ်ကြည့်ရသည်။

သူက သူမ၏အိတ်ကို ပြန်ပေး၍ ပြော၏။

"ဒါကို သူ့ပေးလိုက်ပါ၊ သူက သိပ်ကြိုက်တတ်တာက


www.burmeseclassic.com

www.burmeseclassic.com



သေတ္တာများကြားမှ ကြက်သွန်နီဥများ ထည့်ထားသော သေတ္တာပုံးကို ဆွဲ၍ပေးသည်။ သေတ္တာပုံးကို သူမ၏ ပေါင်ပေါ်တွင် ချထားပေးစဉ် မလှုပ်မယှက်ရှိနေသေးသော သူ၏ လက်အိတ်ဝတ်ထားသောလက်ကို ချာလီ သတိပြုမိ၏။

"စတုတ္ထထပ်က အခန်း ငါးကိုသွား၊ ရိုးရိုးလှေကားက တက်ပါ၊ ဓာတ်လှေကားကို မသုံးနဲ့၊ကဲ..သွားပေတော့"

သူမထွက်သွားရာကို သူက ကြည့်နေသေး၏။ ကြက်သွန်နီသေတ္တာမှာ သူမထင်ထားသည်ထက် လေးသဖြင့် လက်နှစ်ဖက်ဖြင့်မ လာရသည်။

အခန်းတံခါးကို ခေါက်လိုက်ရာ တံခါးက ပွင့်လာ၏။

"အလို..ဘုရား"

သူမ၏ ရှေ့တွင်ရပ်နေသူမှာ သူမနှင့်အတူ ကားမောင်းလာသော လက်အိတ်နှင့် ပုဂ္ဂိုလ်ပင်ဖြစ်တော့သည်။

သူမထံမှ သေတ္တာကိုယူ၍ ပစ္စည်းများတင်သည့် ခုံပေါ်သို့ တင်ထားလိုက်၏။ သူမ၏ မျက်မှန်ကို ချွတ်၍ ခေါက်ကာ ပြန်ပေးသည်။ အိတ်ကိုလည်း ယူကာ သွန်ချပစ်၏။ ခုတင်မှ လွဲ၍ လက်ဆွဲအိတ်တစ်လုံးသာလျှင် အခန်းထဲဝယ်ရှိသည်။ အိတ်မှာ လက်ဆေးစင်ပေါ်ဝယ် ဗလာကျင်း၍ ပွင့်လျက်သားရှိနေ၏။ ပါမောက္ခကြီးမင်ကယ်ထံမှ ခိုးယူရန် သူမ အကူအညီပေးခဲ့သော အိတ်ပင် ဖြစ်ပါတော့သည်။

ဆဆဆဆဆ

အခန်း (၂၅)

ချာလီက လက်ကိုင်အိတ်ဝယ် ဗုံးကိုတပ်ဆင်နေစဉ် ခါလီက ကြည့်နေရ၏။ သူမကိုလည်း နိုင်ငံရေးအကြောင်း ဆွေးနွေးကြည့်သည်။ တာယာ၊ဖာတမာတို့နှင့် တွေ့ခဲ့ရပုံအကြောင်းကို ပြန်မေး၏။

ဗုံးတပ်ဆင်ပြီးသော အိတ်ကိုကိုင်၍ သူမက မတ်တတ်ထရပ်လိုက်သည်။

"တို့ဟာစ်တွေ ဘာလုပ်ရမယ်ဆိုတာ မင်းသိသလား"

သူမက မသိ။

"ချီတတ်ရမယ်၊ တို့အားလုံးပဲ ရှေ့ကိုချီတတ်ရမယ်၊ သူတို့ အတို့တစ်တွေကို အပြီးအပိုင် မချေမှုန်းနိုင်ခင်ပဲ"

သူ၏လက်အား ကမ်းပေးပြီး ချာလီအား ထိုင်ရာမှထစေ

www.burmeseclassic.com

www.burmeseclassic.com



သည်။

"အမေရိကန်ပြည်ထောင်စုကနေပြီး ထွက်လာကြရမယ်၊ ဩစတြီးယား၊ပဲရစ်၊ဂျော်ဒန်၊ဆော်ဒီအာရေဗီးယား၊လက်ဘနွန်၊ကမ္ဘာ တစ်ဝှန်းလုံးက ရှိရှိသမျှ ပါလက်စတိုင်းလူမျိုးတွေထွက်လာကြပြီး နယ်ခြားတွေကိုဖြတ်၊ လွင်ပြင်တွေဆီကို ရောက်လာကြရမယ်၊ တို့ တစ်တွေဟာ သန်းနဲ့ချီပြီးရှိတယ်၊ ဘယ်သူမှ ပြန်ပြီး မတွန်းလှန်နိုင်တဲ့ တကယ့်ဒီရေလှိုင်းကြီးလိုပဲ ဝင်လာကြရမယ်"

သူက လက်ဆွဲအိတ်အား သူမထံသို့ ကမ်းပေးပြီး ကိရိယာ တန်ဆာပလာများကို သေတ္တာလေးအတွင်း ပြန်သိမ်း၏။

"အဲ့ဒီနောက် တို့တစ်တွေဟာ အတူတူစုရုံးပြီး ကိုယ့်မြေ ကိုယ်ယာ၊ ကိုယ့်ကျေးရွာတွေရဖို့ လုပ်ကြရမယ်၊ဒါတွေကိုရဖို့ သူတို့ရဲ့ မြို့တွေ စပေါင်းလယ်ယာမြေစခန်းတွေကို ဖျက်ပြီး လုပ်ချင်လုပ် ရပါစေ၊ လုပ်ရမှာပဲ၊ အေးလေ..ဒါပေမယ့် ဒါက အလုပ်မဖြစ်ပါဘူး ကွာ၊ ဘာကြောင့်လဲဆိုတာ မင်းသိသလား၊ သူတို့က မလာကြဘူး ပဲကွ"

သူက ကြမ်းပြင်တွင် ဒူးထောက်ချကာ အစအနများ ကျန်ခဲ့ သေးသလားဟု စစ်ဆေးကြည့်၏။

"တို့ရဲ့ ချမ်းသာ ကြွယ်ဝမှုဟာ သူတို့ရဲ့ လူမှုစီးပွားရေး အဆောက်အအုံကို မထိန်းနိုင်လို့ပဲ"

သူက နာကျည်းစွာ ရှင်းပြသည်။

"တို့ရဲ့ ကုန်သည်တွေဟာ သူတို့ရဲ့ဆိုင်တွေနဲ့ ဘဏ်တွေကို မထားရစ်ခဲ့နိုင်ဘူး၊ တို့ရဲ့ဆရာဝန်တွေကလည်း သိပ်ခမ်းနားတဲ့ သူတို့ ရဲ့ဆေးရုံ၊ ဆေးခန်းတွေကို လက်မလွှတ်ပစ်ချင်ဘူး၊ ရှေ့နေတွေ



ဆိုရင်လည်း ခြစားတဲ့ အလေ့အကျင့်တွေ ရှိနေကြပြီ၊ တို့က ပညာရေးအစပျိုးနေတုန်း သူတို့မှာက ပြည့်စုံတဲ့ကျောင်းတော်ကြီး တွေရှိနေကြပြီလေ"

သူက သူမ၏ရှေ့ဝယ် ရပ်ရင်း နာကျည်းမှုကို အောင်နိုင် သောအပြုံးတစ်ရပ် ပြုံးပြ၏။

"ဒါကြောင့်မို့ ချမ်းသာတဲ့လူတွေက ငွေကြေးကို ဖန်တီးကြ တယ်၊ ဆင်းရဲတဲ့လူတွေက တိုက်ပွဲတွေကို ဖန်တီးကြရတယ်"

လှေကားသို့ အဆင်းဝယ် သူမက ရှေ့မှဆင်းခဲ့၏။ အပြင် ဘက်မြက်ခင်းပြင်သို့ အထွက်တွင် ဖုံးတပ်ဆင်ပြီးသော လက်ဆွဲ အိတ်ကို ကိုင်ထားရသည်။ ယခင်ကားကိုကျော်ကာ ဗိုဒ့်ကား တစ်စီး ရှိရာသို့ သူကလျှောက်သွားပြီး တက်လိုက်၏။ သူမကလည်း ကားတွင် ဝင်ထိုင်သည်။

လမ်းတစ်လျှောက်တွင် ခါလီက ဂျူးဇက်၏ဟန်ပန်အတိုင်း ဆင်လုပ်ရမည်ကို သေချာစွာ ပြောပြလိုက်၊ ပြန်မေးလိုက်လုပ်လာ၏။ သာခင်းအစပ်ဝယ် ကားရပ်ကာ မီးမှိတ်လိုက်သည်။ သူက လက်ပတ် နာရီကို ငုံ့ကြည့်၏။ ရှေ့ဘက်လမ်းတစ်နေရာမှ လက်နှိပ်ဓာတ်မီး အလင်းရောင် နှစ်ခါလက်လာသည်။ သူက ချာလီပေါ်မှကျော်၍ တံခါးကို ဖွင့်ပေး၏။

"အဲ့ဒီက လူနာမည်က ဖရန့်(ဇ)တဲ့၊ သူ့ကို မင်းက မာဂရက် ပါလို့ပြောလိုက်။ ကဲ..သွားတော့ ကံကောင်းပါစေကွာ"

⌘⌘⌘⌘⌘

မြိတ်စာပေ

www.burmeseclassic.com

www.burmeseclassic.com

ပါမောက္ခမင်ကယ်၏ အခန်းရှေ့သို့ သူမကလျှောက်လာ၏။ အစောင့်ရဲသားကမူ သူမကို ဝင်ခွင့်မပြု။ သူမပြောသော အင်္ဂလိပ် စကားကိုလည်း ထိုဂျာမန်ရဲသားက နားမလည်ချေ။ သူက ကိုင်လာ သောအိတ်ကိုသာ ဖွင့်ပြခိုင်းနေ၏။

"ကျွန်မဖွင့်လို့ မရဘူးရှင့်၊ သော့ခတ်ထားတယ်၊ ဒါက ဆရာကြီးရဲ့အိတ်လေ၊ ရှင်နားမလည်ဘူးလား၊ ဒီအထဲမှာ သူဟော ပြောမယ့် စာရွက်စာတမ်းတွေ ပါတယ်ဆိုတာပဲ ကျွန်မသိတယ်၊ ခုညအတွက် ဒါတွေကို သူလိုအပ်တယ်ရှင့်"

ရဲသားထံမှလှည့်၍ တံခါးအားပုတ်ကာ သူမက အော်ပြော တော့၏။

"ပါမောက္ခကြီးမင်ကယ် ကျွန်မပါ အမိုဂန်လေ"

ဒုတိယမြောက်ရဲသားတစ်ဦးက ရောက်လာပြန်သည်။ ထိုလူကပို၍ အသက်အရွယ်ကြီး၏။

"ရှင်..အင်္ဂလိပ်စကားပြောတတ်သလားဟင်"

သူမက မေးလိုက်သည်။

ထိုအချိန်မှာပင် တံခါးကပွင့်လာပြီး ဆိတ်မျက်နှာနှင့် ယောကျ်ားတစ်ဦးက သူမအား လုံးဝမသက်သာဟန်ဖြင့် ကြည့်၏။ သူက ရဲတစ်ဦးအား ဂျာမန်လိုမေးသည်။ ထိုလူအား ပြန်ပြောသော စကားဝယ် အမေရိကန်လူမျိုးဟူသည့်စကားကို ချာလီက အသံဖမ်း လိုက်မိသည်။

"ကျွန်မက အမေရိကန်မဟုတ်ဘူး"

သူမမှာ ယခုအချိန်တွင် မျက်ရည်ကျလုဆဲပုံစံ ဖြစ်နေသည်။

"ကျွန်မနာမည်က အမိုဂန်တဲ့၊တောင်အာဖရိက ကပဲ။ ကျွန်မက

မြတ်စာပေ



ဆရာကြီးမင်ကယ်ရဲ့ လက်ဆွဲအိတ်ကို ယူလာတာပါ၊သူမေ့ကျန်သွား ခဲ့တာလေ၊ဒါလေးကို သူ့ဆီ ရှင်က ခုချက်ချင်း ယူသွားပေးပါလား အိတ်အတွက် သူ စိတ်သောက ရောက်နေမယ်ဆိုတာ ကျွန်မသိပါ တယ်"

တံခါးကပွင့်သွားပြီး အသက်ခြောက်ဆယ်အရွယ် အနက် ရောင်ဝတ်စုံနှင့် လူကိုမြင်ရ၏။ သူက ဖြူဖတ်ဖြူရော်ဖြစ်နေသည်။ ချာလီ၏ အသိဉာဏ်ဝယ် ထိုလူမှာ တုန်လှုပ်ချောက်ချားနေကြောင်း သိလိုက်မိ၏။

"ဒီမှာရှင့်၊ လူကြီးမင်းက အင်္ဂလိပ်လိုပြောတတ်ပါသလား"

"ပြောတတ်ပါတယ်"

"အား...ဒါဆိုရင် အိတ်ကို သွားပေးပေးပါလား၊ အမိုဂန်က ပြောပါတယ်လို့၊ အိတ်ကို ဟိုတယ်က မှားပေးလို့ ခုလိုဖြစ်ရတာ နည်းပါတယ်လို့လေ၊ သူ ခုညပြောမယ့်ဟာတွေကိုလဲ ကျွန်မ အင်းစိတ်ဝင်စားနေရပါတယ်"

သူမက အိတ်ကို လှမ်းပေးလိုက်သော်လည်း သူက မယူ။ သူက ရဲဖြစ်သူယအား အကူအညီတောင်းဟန့်ကြည့်ပြီး အိတ်ကိုပြန် ကြည့်၏။ ထို့နောက် ချာလီကိုကြည့်သည်။

"ကဲ...ဒီကိုလာခဲ့ပါ"

သူက ဘေးဖယ်၍ ပြောလိုက်သည်။

သူမက တုန်လှုပ်သွားမိသည်။ အစီအစဉ်ထဲတွင် ဤကဲ့သို့ ပါ ခါလီ၏ ပြောစကားတွင်ရော၊ ဟယ်ဂါ၏ စကားတွင်ပါ ဤကဲ့သို့လုပ်ရန်မပါချေ။ သူမ၏ရှေ့ဝယ် မင်ကယ်က အိတ်ကိုဖွင့် လိုက်ပါမူ မည်သို့ဖြစ်သွားတော့မည်နည်း။

မြတ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"အို…ဒီလိုလုပ်လို့ မရဘူးရှင့်၊ ဆရာကြီးဟောမယ့်နေရာ ကျွန်မ ထိုင်ခုံသွားယူရဦးမယ်၊ ခုထိလဲ လက်မှတ်တောင်မဝယ်ရ ဘူးရှင့်၊ ကျေးဇူးပြုပြီးတော့ ရှင်ယူသွားသာ ပေးလိုက်ပါ"

သို့သော်လည်း ထိုပုဂ္ဂိုလ်မှာ သူ့အတွက် အမိန့်ကလည်း ရပြီးဖြစ်လိမ့်မည်။ သူမက အိတ်ကိုထိုးပေးလိုက်စဉ် သူက နောက် ရပ်၍ ကြောက်ရွံ့နေဟန်ရှိ၏။

သူမကိုသာ စကြိန်တစ်လျှောက် ခေါ်သွားတော့သည်။

အခန်းတစ်ခုသို့အရောက်တွင် သူက တံခါးကိုခေါက်လို ၏။ သူမ၏နောက်ဝယ် စက်သေနတ်ကိုင် သားရေဂျာကင် လူငယ်နှစ်ဦးက ရောက်လာသည်။

"ဘုရား၊ဘုရား ဒါက ဘာတွေများလဲ"

ချာလီက တွေးလိုက်မိ၏။

တံခါးက ပွင့်သွားသည်။ ခေါ်လာသူ ပုဂ္ဂိုလ်က အရင် သူမအား ဝင်စေ၏။ အခန်းအတွင်းဝယ် ဝါယာကြိုးများ ရှုပ် ခတ်နေသည်။ သဲအိတ်များကို အကာအကွယ်သဘောဖြင့် ပြ ပေါက်အထိ ကွေ့ကွေ့ကောက်ကောက် ချထား၏။ အခန်းအ တွင်မူ ကော်ဖီစားပွဲလေးတစ်လုံးရှိပြီး အပေါ်တွင်လင်ဗန်းတစ် ရှိနေသည်။

ဘေးရှိ လက်တင်ကုလားထိုင်ပေါ်ဝယ် ပါမောက္ခကြီးမင် ကထိုင်ရာမှ ချာလီအား စိုက်ကြည့်နေပါ၏။ သူ့ရှေ့ဝယ် ဇနီးသည် ရှိ၍ ဘေးတွင်မူ ဂျာမန်အမျိုးသမီးကြီးတစ်ယောက် ထိုင်နေသည် သူမအား ခေါ်လာသူ၏ ဇနီးသည်ဖြစ်မည်ဟု တွေးမိ၏။

သဲအိတ်များအစွန်းနှစ်ဖက်ဝယ် အဖွဲ့နှစ်ဖွဲ့အား တွေ့လိုက်





ည်။ကတ်(ဇ)အား လည်းကောင်း၊ အလက်ဆီဟု သူမအဖို့သိထား သူကိုလည်းကောင်းတွေ့မိတော့၏။ အလက်ဆီ၏ဘေးတွင်မူ ဆက်လှမ်းရေးအဖွဲ့မှ လူငယ်များက ရှိနေကြသည်။ အစွန့်ရေးမှူက် ပေါက်ရှိသူများကိုလည်း တွေ့ရပြန်ရာ 'မော့ဆက်'မှ လူများဖြစ် ကြောင်း၊သူမက သဘောပေါက်မိ၏။

"သူ ဘယ်မှာလဲ"

ချာလီက ဂျိုးဇက်ကိုရည်ညွှန်း၍ စကားစလိုက်သည်။ အခန်း ဆောင့်တစ်နေရာတွင် သီးခြားရပ်နေသော ဂျိုးဇက်ကို မြင်ရ၍ တစ်ဟုန်ထိုးပြေးသွားမိ၏။ သူက မင်ကယ်ထံသို့သွားရန် လမ်းဖယ် ား၏။

"မင်းရဲ့ အိတ်အကြောင်းကို သူ့ကိုပြောပြလိုက်ပါဦး ချာလီ"

သူက ညွှန်ကြားလာသည်။

"အားလုံးကို ကရုမထားပဲ ပြောစရာရှိတာသာ ပါမောက္ခ ကြီးကို ပြောပြပါ"

အားလုံးမှာ ယခင်ကလိုပင် သရုပ်ဆောင်ရန်ရှိတော့ရာ ရုပ်ရှင် က်ရာ၌ အခန်းတစ်ခန်းမှ တစ်ခန်းသို့အကူးတွင် ကလက်ပြားရိုက် သလို ရိုက်ရန်သာရှိတော့သည်။

သူ့လက်က သူမလက်နားသို့ ကပ်လာသည်။

"ဆရာကြီးရှင့်၊ဟိုတယ်က မှားပြီးပေးခဲ့တဲ့ ဆရာကြီးအိတ် ကျွန်မ လာပေးတာပါ"

သူမက ဂျိုးဇက်ဘက်သို့ လှည့်လိုက်၏။

"ဆရာကြီးကို လက်ဆွဲအိတ်ပေးလိုက်ပါ"

သူက အမိန့်ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ပိုင်းတွင်မူ ခါလီနှင့်တွေ့ရပုံနေရာများကို မေးတော့၏။

"မင်းရဲ့ ပခုံးသိုင်းအိတ်ကို ဖွင့်လိုက်ကွာ"

သူမက ဖွင့်လိုက်သည်။

အတွင်းမှ သူမ၏ နာရီပါရေဒီယိုလေးကို ထုတ်ယူသည်။ ဂျိုးဇက်က သူ၏အိတ်အတွင်းမှ အလားတူပုံစံ၊ရေဒီယိုလေးအား ပြန်ထည့်ပေးလိုက်၏။

"ဒါက တို့အရင်သုံးခဲ့တာမျိုး မဟုတ်ဘူးနော်"

သူက သတိပေး၏။

"ဒါလေးက အသံကို တစ်နေရာထဲကပဲ ဖမ်းလို့ရမယ်ဆိုတာ မပါဘူး၊အချိန်ပဲ ပြလိမ့်မယ်၊ ဒါလေးက အသံလွှင့်ပြီး မင်းရှိတဲ့ နေရာကို တို့ကို အသိပေးလိမ့်မယ်"

"ဘယ်တော့လဲ"

သူမ ကမေးသည်။

"ခါလီက မင်းကို ခု ဘာအမိန့်တွေပေးလိုက်သလဲ"

"လက်ဆွဲအိတ်ပေးပြီးတာနဲ့ လမ်းပေါ်မှာ လျှောက်နေရမယ်တဲ့ ဂျိုးဇက်ရယ်၊ ရှင်က ဘယ်တော့လာမှာလဲ"

သူ၏မျက်နှာတွင် သောကဖိစီးလာဟန်ရှိ၏။

"နားထောင်စမ်း ချာလီ၊ နားထောင်နေရဲ့လား"

"ဟုတ်ကဲ့"

"ဒီရေဒီယိုကလေးက အသံချဲ့တဲ့ခလုတ်ကို နှိပ်လိုက်ရင် မလှည့်ရဘူးနော်၊နှိပ်ရမှာ ။သူအိပ်နေပြီလို့ တို့နားလည်ကြမယ် ကိုယ်ပြောတာ နားလည်တယ်နော်"





"သူက ဒီလိုမအိပ်ဘူးရှင့်"

"မင်းက ဘာကိုဆိုလိုတာလဲ၊ သူ ဘယ်လိုအိပ်တယ်ဆိုတာ မင်း ဘယ်လိုသိသလဲ"

"သူက ရှင့်လိုပဲ၊ တစ်နေ့လုံးတစ်ညလုံး နိုးကြားနေတတ်တ သူက..အို..ဂျိုးဇက်ရယ် ကျွန်မ မပြန်တော့ဘူး၊ ကျွန်မကို မပြန်ခို ပါနဲ့"

သူမက အသနားခံဟန်ဖြင့် ဂျိုးဇက်၏ မျက်နှာကို စိုက်ကြ နေသည်။

"သူက ကျွန်မနဲ့အတူ အိပ်ချင်နေတာ၊ မင်္ဂလာဦးည၊ သူက လုပ်ချင်နေတာ၊ ဂျိုးဇက်ရယ်..ဒါလေးကို ရှင် နည်းနည် မတွေးမိဘူးလား၊ မိရှယ်ထားခဲ့တာကို သူက သိမ်းပိုက်တော့မှာ သူက မိရှယ်လိုမဟုတ်ဘူး၊ကဲ..ကျွန်မကို သွားစေချင်သလား"

သူမက ဂျိုးဇက်ကို တင်းကျပ်စွာဖက်ထားရာ၊ မရုန်းမ နိုင်အောင်ဖြစ်နေရ၏။ နောက်ဆုံးတွင်မူ သူမက အလျှော့ပေးလို ရတော့သည်။

"ကောင်းပါပြီ...ဂျိုးဇက်ရယ်..ကျွန်မ နှုတ်ဆက်ခဲ့ပါတ

⌘⌘⌘⌘⌘



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၆)

လမ်းတစ်နေရာမှ ခါလီက စောင့်ကြိုကာ ကားရပ်ထား
သို့ခေါ်သွား၏။ လမ်းမလျှောက်နိုင်လောက်အောင် တုန်ယင်၍
နေသဖြင့် ခါလီက ပွေ့ဖက်၍ ခေါ်လာသည်။

"မိရှယ်ကတော့ မင်းအတွက် ဂုဏ်ယူမိမှာပါပဲကွာ"

သူက ကြင်နာစွာ စကားဆို၏။

ချာလီက စကားမဆိုဖြစ်။ ငို၍သာနေမိသည်။ ခါ
လက်ကိုင်ပဝါအား ထုတ်ပေး၏။ မျက်ရည်များ တတွေတွေ
စဉ်မှာပင် လက်ကိုင်ပဝါအား လက်နှစ်ဖက်ဖြင့် ချေနေမိ၏။

"ဘာတွေဖြစ်လာမှာလဲဟင်"

သူမ၏ လေသံက တိုးလှသည်။

"တို့အတွက် မင်းက အောင်မြင်မှုဆုတံဆိပ်ကို ယူ





ဘာပဲ၊လက်ဆွဲအိတ်ကို ဖွင့်လိုက်တာနဲ့ မင်းကယ်ဟာ သေရ
မယ်၊တစ်ခြား ဗီယွန်ဝါဒီရဲ့ မိတ်ဆွေတွေလည်း ဒဏ်ရာအသီးသီးနဲ့
ဆါကွာ"

သူမက အပေါ်အင်္ကျီကို ခပ်တင်းတင်းစေ့လိုက်၏။ ရင်ဘတ်နှ
ကော်လာအပြားမှာ ကတ္တီပါဖြစ်၍ အသစ်နံ့ရနေသည်။

"ဘယ်လိုဖြစ်လာမယ်ဆိုတာ မင်းကို ပြောပြရဦးမလား"

သူမက ခေါင်းခါပြ၏။

နောက်ကြည့်မှန်အတွင်းမှ ကြည့်သည်။ နောက်မှ လိုက်လာ
သော ကားတစ်စီးမှမတွေ့။ ရှေ့တွင်လည်း ကားတစ်စီးမျှမရှိချေ။
သူမအား စိုက်ကြည့်နေသော ခါလီ၏နက်မှောင်သော မျက်လုံးအစုံ
ကိုတွေ့ရ၏။

"မစိုးရိမ်ပါနဲ့ကွာ၊တို့က မင်းကိုစောင့်ရှောက်ထားမှာပါ၊ကိုယ်
ကတိပေးပါတယ်၊ မင်းမှာ ကြေကွဲဝမ်းနည်းနေမိတာကိုပဲ ကိုယ်
ဝမ်းသာမိပါတယ်၊ တခြားလူတွေဆိုရင် လူသတ်ပြီးတဲ့အခါ ရယ်မော
ပြီး အောင်ပွဲခံကြတယ်၊ အရက်တွေမူးပြီး အဝတ်အစားတွေ စုပ်ဖြ
တယ်၊ တိရိစ္ဆာန်တွေလိုပဲ၊ ဒါတွေကို ကိုယ်မြင်ခဲ့ဖူးတယ်၊ ဒါပေမယ့်
မင်းကတော့ ငိုနေတယ်...ဒါဟာ သိပ်ကောင်းပါတယ်လေ"

အိမ်လေးမှာ ရေကန်တစ်ခု၏ ဘေးဝယ်ရှိ၏။ ရေကန်လေ
မှာလည်း တောင်ကြားထဲဝယ် ရှိနေသည်။ ထိုနေရာသို့ သူကအသွာ
အပြန်နှစ်ခေါက်မျှ ဖြတ်မောင်း၏။ လမ်းဘေးသို့ အကဲခတ်ကြည့်
သည်။ ခေတ်မီတိုက်ကလေးမှာ သဌေးတစ်ဦး၏ ဒုတိယအိမ်ဖြ
ဟန်တူ၏။ နံရံအဖြူများနှင့် ခေါင်မိုးက အနီရောင်အုတ်ကြွပ်ပြာ
ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကားရုံအတွင်းသို့ သူက မောင်းဝင်လိုက်၏။ ကားစက်ကို သတ်ကာ ပြောင်းရှည်နှင့် အော်တိုမက်တစ် ပစ္စတိုတစ်လက်ကို အပေါ်အင်္ကျီဘေးအိတ်မှ ဆွဲထုတ်သည်။ ခါလီသည် လက်တစ်ဖက် တည်းဖြင့် ပစ်တတ်သောသူ။ သူမက ကားအတွင်း၌ပင် ရှိသေး၏။ ကားတံခါးကို ခါလီက ဖွင့်ပေးသည်။

"ကိုယ့်နောက်က လိုက်ခဲ့၊ သိပ်ကပ်မလျှောက်နဲ့နော်၊ ဆယ်ဆ လောက်ခွာလျှောက်.."

အိပ်ခန်းအတွင်းသို့ရောက်သည်နှင့် သူမအား ရပ်ခိုင်းကာ တစ်ခန်းပြီးတစ်ခန်း လိုက်ကြည့်၏။ ချာလီက လက်ကိုင်အိတ်အား ရင်ထဲဝယ် တင်းကျပ်စွာ ပွေ့ဖက်ရင်း ရပ်နေမိသည်။

သူက ချာလီရှိရာ အခန်းသို့ ပြန်လာပြီး မီးလင်းဖိုဝယ် မီးဖို၏။ မီးကတောက်လာသည်။ မီးဖိုရှေ့ရှိ ဆိုဖာဝယ် သူကထိုင် ချလိုက်၏။ ရုပ်မြင်သံကြားစက်အား သူကဖွင့်သည်။ အဖြူအမည်း မြင်ကွင်းဝယ် တောင်ကုန်းထိပ်မှ ဆိုင်လေးတစ်ခုပုံပေါ်လာ၏။ အသံထွက်သော ခလုတ်ကိုမူ သူက မလှည့်။

သူမ၏ ရှေ့သို့ လာထိုင်သည်။

"မင်း ဗော့(ဒ)ကာ သောက်ဦးမလား"

သူက ချိုသာစွာ မေးလာ၏။

"ကိုယ်တော့ မသောက်တတ်ဘူး၊ မင်းဘာသာမင်းပဲ စိတ် လန်းဆန်းသွားအောင် သောက်လိုက်ပါလား"

သူမက သဘောတူဟန်ဖြင့် သူကအရက်ငှဲ့ပေးသည်။ အတော်ပင်များသည်။

"ဆေးလိပ်ရော သောက်ဦးမလား"





သားရေဗူးကလေးတစ်ခုကို လှမ်းပေး၍ စီးကရက်ကို ထုတ် ယူရာ သူက မီးညှိပေးသည်။

အခန်းထဲဝယ် အလင်းရောင်က ဖြန့်ကြဲလျှက်ရှိ၏။ ရုပ်မြင် သံကြားရှိရာသို့ သူမက မျက်လုံးတစ်ချက်ဝေ့ကြည့်မိရာ စိတ်လှုပ် ရှားသွားရတော့သည်။ ရဲကားတစ်စီးဘေးဝယ် လူတစ်ယောက်က ရပ်နေ၏။ ထိုလူမှာ ကတ်(ဇ)၏ ဘေးဝယ် သူမတွေ့ခဲ့ရသော လူပင် ဖြစ်သည်။ သူ့နောက်ဘက်တွင် အခင်းကျောက်ပြားများနှင့် ခင်းကယ်ဟောပြောမည့် ခန်းမဆောင် ဘေးဘက်တံခါးကို တွေ့ရ၏။

ရဲကားများ၊ မီးသတ်ကားများနှင့် လူနာတင်ယာဉ်များကိုလည်း အားပတ်ဝန်းကျင်ဝယ် မြင်ရပြန်၏။ ခန်းမဆောင်မှာ ထိတ်လန့်ဖွယ် ပင်ဟု သူမကတွေးလိုက်မိသည်။ မြင်ကွင်းက ပြောင်းသွားပြီး အလက်ဆီ၏ ပုံကပေါ်လာသည်။ ခါလီက အသံခလုတ်ကို လှည့် ရာ အလက်ဆီ၏အသံနှင့်အတူ နောက်ဘက်မှ လူနာတင်ကား များ၏ ဥသြကိုပါ ကြားရတော့သည်။

"သူက ဘာတွေပြောနေတာလဲ"

ချာလီက မေးကြည့်၏။

"စုံစမ်းမှုကို သူဦးဆောင်နေပါတယ်တဲ့ ခဏနေဦး၊ နောက် ပြောပြမယ်"

အလက်ဆီ၏ပုံက ပျောက်သွားပြီး နောက်တစ်ဦး၏ ပုံက ပေါ်လာသည်။

"အဲ့ဒီ အရူးပေါ့၊ ကျွန်မကို တံခါးဖွင့်ပေးတာလေ"

သူမက ပြောလိုက်သည်။

ခါလီက ငြိမ်ငြိမ်နေစေရန် လက်ကာပြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူ၏ပြောစကားဝယ် တောင်အာဖရိကသူ ဟူ၍လည်းကောင်း၊ ဆံပင်အညိုရောင်အား ရည်ညွှန်းပြောသံကိုပါ သိလိုက်သလိုရှိ၏။ သူမ၏ ပထမဦးစွာ စကားပြောခဲ့ရသော ရဲနှစ်ဦး၏ရုပ်ပုံလည်း ပေါ်လာသည်။

ရုပ်မြင်သံကြားစက်ကို ပိတ်၍ သူမထံသို့ လျှောက်လာပြီးရပ်နေ၏။

“မင်း ခွင့်ပြုပါတယ်နော်”

သူက မေးလိုက်သည်။

ဘေးရှိ သူမ၏လက်ကိုင်အိတ်အား ဖယ်ပေးရာ သူဝင်ထိုင်သည်။

“မင်းရဲ့ပုံပန်းရော အပြောအဆို အမူအယာပါ အဲဒီပုလိပ်ကမှတ်မိနေတယ်ကွ”

ရုပ်မြင်သံကြားမှ ပြောစကားကို သူက ပြန်ရှင်းပြ၏။

“မင်းကယ်နဲ့ စကားပြောနေတုန်း ဘေးမှာရှိတဲ့ အင်္ဂလိပ်လူမျိုးကလည်း မင်းဟာ တောင်အာဖရိကသူမဟုတ်ပဲ အင်္ဂလိပ်ပဲဖြစ်မယ်လို့ပြောတယ်၊မင်းရဲ့ပုံပန်းလည်း လန်ဒန်ကို ပို့လိုက်ကြပြီ၊ဗုံးပေါက်နေရာတစ်ခုလုံး တပ်လှန့်ထားတယ်၊လမ်းတွေပိတ်ပြီး စစ်နေကြပြီဒါပေမယ့် မင်း မင်းမစိုးရိမ်ပါနဲ့ကွာ”

သူက သူမရဲ့လက်ကိုယူ၍ ခပ်တင်းတင်းဆုပ်ကိုင်ထားသည်။

“ကိုယ့်ဘဝနဲ့ရင်းပြီး အကာအကွယ် ပေးပါ့မယ်၊ အခု မင်းရဲ့ ပုံပန်းသဏ္ဍာန်ကိုလည်း လန်ဒန်ကိုပို့လိုက်ကြပြီ၊ဗုံးပေါက်တဲ့နေရာ တစ်ခုလုံး တပ်လှန့်ထားတယ်၊ လမ်းတွေပိတ်ပြီး စစ်နေကြပြီ ဒါပေမယ့် မင်းမစိုးရိမ်ပါနဲ့ကွာ”





သူက သူမ၏လက်ကို ယူ၍ ခပ်တင်းတင်းဆုပ်ကိုင်ထားသည်။

“ကိုယ့်ဘဝနဲ့ရင်းပြီး မင်းကို အကာအကွယ်ပေးပါ့မယ် ခုညဆိုရင် တို့ဘေးကင်းနေပြီ၊ မနက်ဖြန်ဆိုရင်တော့ မင်းကို ဘာလင်မြို့ကို ပို့ပေးပြီး အိမ်ပြန်မှာပါ”

“အိမ်ကို...”

သူမက မေးမိ၏။

“မင်းဟာ တို့အထဲကလူဖြစ်နေပြီ၊ တို့ရဲ့အစ်မတော်တစ်ဦးဖြစ်တဲ့ ဖာတမာကလည်း မင်းဟာ တို့ရဲ့ညီမလေးလို့ပြောတယ်၊မင်းမှာအိမ်ထောင်မရှိဘူး၊ ဒါပေမယ့် မဟာအိမ်ထောင်စုကြီးရဲ့ တစ်စိတ်တစ်ဒေသပဲ၊ မင်းအတွက် မှတ်ပုံတင်အသစ်လုပ်ပေးမယ်၊ ဖာတမာဆီမှာ မင်းနေချင်သလောက် သွားနေနိုင်ပြီပေါ့ကွာ၊ မင်းက နောက်တစ်ခါ တိုက်ပွဲမဝင်တော့ဘူးဆိုတာတောင် မိရှုယ်ကြောင့် မင်းကိုတို့ကတစ်သက်လုံး စောင့်ရှောက်သွားမှာပါ၊တို့အတွက် မင်းကလုပ်ပေးခဲ့တာတွေလည်း ပါပါတယ်”

သူမ၏ လက်မှာ သူ့လက်ထဲတွင် ဆုပ်ကိုင်ထားဆဲဖြစ်သည်။ သူ၏မျက်လုံးများက တောက်ပြောင်နေ၏။ သူမ၏ လက်ကိုင်အိတ်ကိုကောက်ယူ၍ အခန်းအတွင်းမှ ထွက်လာခဲ့တော့သည်။

အိပ်ခန်းအတွင်းသို့ဝင်ပြီး ပြန်လာခဲ့၏။ ခါလီက အစားအသောက်များ ပြင်ဆင်နေသည်။

“မင်းလုပ်ခဲ့တာတွေအတွက် နောင်တရနေတုန်းပဲလားဟင်”

သူက မေးလာ၏။

“ခေါင်းကိုက်တာ ပျောက်သွားပြီလား”



www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်များ ကျလုဆဲဆဲကို ထိန်းထားလိုက်ရသည်။

ညစာစားပွဲမှာ အဆိုးဆုံးကာလဖြစ်သည်။ သူမက ထ လိုက်စဉ် ခရင်းနှင့်ဇွန်းမှာ ကြမ်းပြင်ပေါ်ကို ကျသွားသံ ကြားလိုက် ရသည်။

စိတ်သောက ဝေဒနာကြောင့် ကျဆင်းလာသော မျက်ရည် များကြားမှ သူ့အား မြင်ရသည်။

စားပွဲခုံအား ပတ်ကာ မတ်တပ်ထရပ်လိုက်နေပြီဖြစ်သော ခါလီထံသို့ လျှောက်လာခဲ့သည်။

သူမအား ပွေ့ဖက်လိုက်သည်။ ထို့နောက် ဒဏ်ရာရသော ရဲဘော် တစ်ဦးအား ပွေ့ချီသကဲ့သို့ ပွေ့ချီကာ အိပ်ခန်းဆီသို့ ခေါ် သွားတော့သည်။

✽✽✽✽✽

သူက အိပ်ပျော်နေသော်လည်း ငိုက်မြည်း၍နေသည်။ သူ့ ခေါင်းက ချာလီပခုံးပေါ်ကို မှီထားသည်။

"ဆလင်ဟာ ကံကောင်းတဲ့ကောင်လေးပဲ"

သူက မပီမသ ပြော၏။

"မင်းလို မိန်းကလေးဟာ သူ့သေဖို့အကြောင်းပါပဲကွာ"

"ကျွန်မအတွက် သေရတယ်လို့ ဘယ်သူက ပြောလို့တုန်း"

"ဒါဟာ ဖြစ်နိုင်တယ်လို့ တာယာက ပြောတယ်"

"ဆလင်ဟာ တော်လှန်ရေးအတွက် သေရတာ၊ဇီယွန်ဝါဒီ





က သူ့ကားကို ဖောက်ခွဲပစ်လိုက်တာရှင့်"

"သူက သူ့ဘာသာ ဖောက်ခွဲပစ်တာပါ၊ ဒီကိစ္စနဲ့ပတ်သက်ပြီး ခန်တွေရဲ့ အစီရင်ခံစာတွေကို တို့ဖတ်ရပါတယ်၊ ဗုံးကို ဘယ်တော့ မလုပ်ပါနဲ့လို့ ကိုယ်ကပြောခဲ့ပေမယ့် သူက မနာခံဘူးလေ၊ ဒီ အတွက် သူ့မှာ အသိဉာဏ်မရှိဘူး၊ သူဟာ သဘာဝအလျောက် ပေါ်လာတဲ့ တိုက်ပွဲဝင်ရဲဘော် မဟုတ်ဘူး"

"ဟင်...ဘာသံလဲ"

ခါလီထံမှ ရုန်းဖယ်ရင်း သူမက မေးလိုက်သည်။ တထပ် သံနှင့် မြည်သံကြားရပြီး ပျောက်သွား၏။ ကားတစ်စီးက စက်သတ် လိမ့်လာသည်ဟု သူမ ထင်မိသည်။

"ရေကန်မှာ တစ်ယောက်ယောက် ငါးလာမျှားတာ ဖြစ်မှာ"

ခါလီက ပြော၏။

"ခုလို ညဘက်ကြီးမှာ..."

"ညဘက်မှာ မင်းတစ်ခါမှ ငါးမမျှားဖူးဘူးလား"

သူက အိပ်ချင်မူးတူးဖြင့် ရယ်သည်။

"မော်တော်လေးတစ်စီးနဲ့ ပင်လယ်ပြင်ထွက်ပြီး မီးလုံးလေး တစ်လုံးထွန်းပြီး ငါးမဖမ်းဖူးဘူးလားကွာ"

"ကဲ....ထပါဦး ကျွန်မကို ပြောပြစမ်းပါ"

"အိပ်တာ ပိုကောင်းပါတယ်လေ"

"ကျွန်မက မအိပ်နိုင်ဘူး၊ ကြောက်နေမိတယ်"

သူက ညဘက်တွင် ငါးမျှားထွက်ခဲ့ပုံအကြောင်း ပြော၏။

သူမက စကားကိုဖြတ်၍ ဝင်ပြော၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒါ မော်တော်သံမဟုတ်ဘူး၊ ကားတစ်စီးရဲ့ အသံပဲ၊ကျွန်မ ထပ်ကြားရပြန်ပြီ၊ နားထောင်ကြည့်စမ်းပါ"

"မော်တော်ပါကွာ..."

သူ၏လေသံဝယ် အိပ်ချင်သံပါနေသည်။လရောင်မှာ ခန်းဆီးများကြားမှ တိုးဝင်၍ သူမတို့ရေ့ရှိ ကြမ်းပြင်ပေါ်သို့ ကျနေ၏။ အိပ်ရာမှထ၍ ခန်းဆီးများကို မထိပဲ အပြင်သို့ သူမက ကြည့်သည်။ ထင်းရှုးပင်များက ပတ်ဝန်းကျင်ဝယ် ရှိနေ၏။ လရောင်ဆမ်းသော လမ်းကလေးအား တွေ့ရသည်။ မော်တော်တစ်စီးကိုလည်းကောင်း ငါးရှာနေသော မးရောင်ကိုလည်းကောင်း မမြင်ရ။

သူမက အိပ်ရာသို့ ပြန်လာ၏။

"ကျွန်မကို ပြောပါဦး"

သူမက ထပ်ပြောသည်။

"ခါလိ...ထစမ်းပါဦး"

သူမက သူ့ကို လှုပ်နှိုး၍ နှုတ်ခမ်းပေါ်သို့ နမ်းလိုက်၏။

"ထစမ်းပါဦး..ရှင်"

သူက ထထိုင်လာသည်။

"မီရှယ်ဆီကို မင်းရေးတဲ့စာတွေဟာ ဘယ်လောက်ထူး နေတယ်ဆို သိရဲ့လားဟင်"

သူက မေးသည်။

"သေနတ်အကြောင်း ရေးထားတာလေ၊ ခုအချိန်က သေနတ်ကို ခေါင်းအုံးအောက်ထား အိပ်ရတာဟာ၊ ရှင့်ရဲ့ခေါင်း ကျွန်မရဲ့ ခေါင်းအုံးပေါ်မှာ ရှိနေတယ်လို့ အိပ်မက်မက်နေမှာ မင်းရေးထားတာလေ၊ ချစ်သူချင်း ပြောတဲ့စကားတဲ့ကွာ၊ ဘယ်လော





များ ဟုတ်လိုက်သလဲလို့"

"အေးလေ..သေနတ်ကို ခေါင်းအုံးအောက်မှာ အမြဲတမ်း ထားအိပ်ဖို့ ကိုယ်ကပဲသင်ပေးခဲ့တာ၊ မိန်းမတစ်ယောက်နဲ့အတူ အိပ်နေတာတောင် ဒီလိုလုပ်ဖို့ ကိုယ်ကပြောခဲ့တယ်၊ ဒီလိုပဲ လုပ်ပါ့မယ်လို့ သူကပြောတယ်၊ သူက အမြဲတမ်းကတိပေးပြီးရင် မေ့သွားတော့ တာပဲ"

အမှောင်အတွင်းဝယ် ခါလီ၏လက်အိပ်စွပ်ထားသော လက်အကြောင်းကို ချာလီက မေးကြည့်သည်။

သူက အဖြေမပေးပဲ အတန်ကြာအောင် ငြိမ်နေ၏။

"သော့ခွက်မှာ တစ်ရက်ပေါ့ကွာ ဆလင်လိုပဲ ကိုယ်က မလိမ္မာ သေးဘူး၊ ရုံးခန်းထဲမှာ ရှိနေတုန်း စာတိုက်က အထုပ်တစ်ထုပ်ရောက် လာတယ်၊ မျှော်လင့်ထားတဲ့ အထုပ်ကလည်းရှိနေတော့ ကိုယ်က တမန်းကတန်းဖြစ်နေမိတယ်၊ အထုပ်ကို ဖြေလိုက်တယ်လေ၊ တကယ့် ကို အဆိုးဝါးဆုံးအချိန်ပါပဲလေ..."

"ဒါနဲ့ ဘာတွေဖြစ်သွားသလဲ၊ အထုပ်ကိုဖြေလိုက်တော့ ဆပေါက်ပြီး ရှင့်လက်ချောင်းတွေ ပြတ်ကုန်တာလား၊ ရှင့်ရဲ့မျက်နှာ ကိုရော ဘယ်လိုလုပ်ရသလဲဟင်.."

"ကိုယ်သတိရတော့ ဆေးရုံမှာ ရောက်နေပြီ၊ ဆလင်လည်း ရှိတယ်၊ ကိုယ် မိုက်မိုက်မဲမဲလုပ်မိတာကိုပဲ သူကကျေနပ်နေတယ် နောက်တစ်ခါ ပါဆယ်ထုတ်ကို မဖြေခင် ကျွန်တော့်ကို ပြရင်ပြ မပြရင် စာတိုက်တံဆိပ်ကို ကြည့်ဦးလို့ သူကပြောတယ်၊ ဗုံးအစီ ကလာတယ်ဆိုရင်တော့ ပို့တဲ့လူဆီကို ပြန်ပို့လိုက်တာ အကောင်း ဆုံးပဲလို့ ပြောတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကြောင့် ကိုယ်တိုင် ဗုံးတွေ လုပ်လာရတာလဲရှင်"

အဖြေကမူ ဆိတ်ဆိတ်နေလိုက်ခြင်းသာ ဖြစ်သည်။

သူမအသံက ချက်ချင်း တိုးသွားသည်။

"အချစ်ရယ်..."

ရှောင်နိုသန်း လာချေပြီ။

"ဘာဖြစ်လို့လဲ"

သူမထံပါးမှ ခွာလိုက်သောကြောင့် ချာလီက မေးလိုက်သည်။

သူက တိတ်တိတ်နေရန် နှုတ်ခမ်းပေါ်သို့ လက်ညှိုး ကန့်လန့်ဖြတ်တင်ပြသည်။ တံတောင်ဆစ်ကို အားပြု၍ ထလိုက် သည်။ သူနှင့်အတူ အသံများကို ချာလီနားထောင်ကြည့်သည်။ ရေကန်မှ ငှက်တစ်ကောင် ထပျံသွားသံကို ကြားလိုက်ရသည်။

"နွားတွေတော့ မဟုတ်ဘူး"

ပြတင်းပေါက်မှ သူက ခပ်တိုးတိုး ပြောသည်။

သူက ပြတင်းပေါက်ဘေးဝယ် ရပ်နေ၏။ သေနတ်ကို ပခုံးပေါ်၌ တင်ထားသည်။ ချာလီက ဂျိုးဇက်ကို သွား၍သတိပေး လိုက်၏။

"ဘာကိုတွေ့လို့လဲဟင်...ခါလီ"

သူမက တိုးတိုးပင် ပြန်မေးသည်။

"ဘာမှ မတွေ့ပါဘူး"

"ခါလီရယ်..အိပ်ရာဆီကို ပြန်လာစမ်းပါ"

သူမ၏ အသံက ခပ်တိုးတိုးမျှသာ။

"ဘယ်အချိန်ရှိပြီလဲကွ"

သူက သူမကို စိုက်ကြည့်ရာမှ မေးလိုက်၏။





"ဘယ်အချိန်ရှိပြီလဲဟင်...ချာလီ"

"ငါးနာရီခွဲပြီလေ၊ ဘာဖြစ်လို့လဲ"

"မင်းရဲ့နာရီကော၊ ရေဒီယိုနဲ့ တွဲထားတဲ့ နာရီလေ၊ ကိုယ်က အချိန်သိချင်နေတယ်"

"မသိဘူးရှင့်၊ ရေချိုးခန်းထဲမှာပဲ"

"ကဲ..မင်းဒီမှာနေဦး၊ ဒီလိုမှမဟုတ်ရင် မင်းကို သတ်ပစ်ရ လိမ့်မယ်။ တို့ကြည့်ကြသေးတာပေါ့ကွာ"

သူက နာရီပါသော ရေဒီယိုလေးကို ယူလာသည်။

"ကဲ..ဘယ်အချိန်ရှိပြီလဲ ကြည့်စမ်းပါဦး"

"ခြောက်နာရီထိုးဖို့ ဆယ်မိနစ်ပဲ၊ ကျွန်မ မှန်းတာထက်တောင် နေမြင့်နေပြီ"

သူမထံမှ ယူကြည့်၏။ စာလုံးဂဏန်းများဖြင့် အချိန်ကိုပြ နေသည်။ ရေဒီယိုခလုတ်ကို ဖွင့်ကြည့်ရာ ပြန်မပိတ်မိ သီချင်းသံက ထွက်လာ၏။ ခါလီက သူ့နားကိုကပ်၍ နားထောင်ကြည့်ပြီး အလေး ချိန်ကို ချိန်ဆကြည့်သည်။

"မနေ့က မင်းကိုထားခဲ့ပြီး နောက်မှာ မင်းအတွက် အချိန် သိပ်မရဘူးလို့ ကိုယ်ထင်တယ်၊ ဟုတ်ရဲ့လား"

"ဟုတ်ပါတယ်"

"ဒါဆိုရင် နာရီလေးအတွက် ဓာတ်ခဲအသစ်ကို မင်းဘယ်လို ဝယ်နိုင်မှာလဲကွ"

"အသစ်မဝယ်ပါဘူးရှင်"

"ဒါဆိုရင် ဘာဖြစ်လို့ နာရီက သွားနေရတာလဲ"

"အသစ်ထည့်စရာမလိုဘူးလေ၊ နှစ်အကြာကြီးခံနိုင်တဲ့ ဓာတ်



www.burmeseclassic.com

www.burmeseclassic.com

ခဲ့လေ"

ချာလီက ပထမဆုံးတွေ့စဉ်က ခါလီသည် ရေဒီယိုဓာတ်ခဲကို ဖြုတ်ယူ၍ သူ့အင်္ကျီအိတ်အတွင်းသို့ ထည့်ယူထားလိုက်မှန်းကို သတိရမိတော့၏။ ထိုစဉ်က မည်သည့်အရာကို ယူထားလိုက်မှန်း ချာလီ မသိခဲ့ချေ။

ယခုတော့ သူက ချာလီအား စိတ်မဝင်စားတော့ပေ။ ရေဒီယို နာရီလေးကိုသာ အာရုံစိုက်နေတော့သည်။

"အိပ်ရာဘေးမှာ ချထားလိုက်ပါ ချာလီ၊ တို့နည်းနည်း လှလာကြည့်ရအောင်၊ တကယ်ကောင်းတဲ့ ရေဒီယိုလေးပဲကွာ"

ဓာတ်ခဲအား ဖြုတ်လိုက်စဉ် စက်သွားသံက ရပ်သွား၏။ ခါလီအဖို့ အတွင်းမှ ပစ္စည်းများမှာ အထူးအဆန်းမဟုတ်တော့ချေ။

"မင်း ဘယ်သူ့အတွက် အလုပ်လုပ်ပေးနေတာလဲ ချာလီ။ မာမန်အတွက်လား"

သူမက ခေါင်းယမ်းပြသည်။

"ဇီယွန်ဝါဒီတွေ အတွက်လား"

သူမငြိမ်နေခြင်းအတွက် အဖြေမှာ မှန်ကြောင်း ခါလီသိသွား၏။

"မင်းက ဂျူးလား"

"မဟုတ်ဘူး"

"အစ္စရေးနိုင်ငံ တည်မြဲရေးကို မင်းက ယုံကြည်လို့လား မင်းဟာ ဘာလဲ"

"ဘာမှ မဟုတ်ပါဘူး"

"ဘာသာရေးကြောင့်လား၊ မင်းက ခရစ်ယာန်ဘာသာဝင်





လားကွ၊ သူတို့ဟာ မင်းတို့ရဲ့ မဟာဘာသာရေးရဲ့ အုတ်မြစ်ချသူတွေလို့ မြင်ထားလို့လား"

သူမက တစ်ဖန်ခေါင်းခါပြသည်။

"ဒါဆိုရင် ငွေအတွက်ကြောင့်လား"

သူမက အော်ဟစ်ပစ်လိုက်ချင်၏။ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားရင်း ရင်ထဲဝယ် တင်းကျပ်နေတော့သည်။

"လူ့အသက်တွေကို ကာကွယ်ဖို့ တစ်ခုခုဖြစ်လာဖို့ လုပ်တာပါ။ သူ့ကိုလည်း ကျွန်မ ချစ်ပါတယ်"

"မင်းဟာ ကိုယ့်ရဲ့ညီကို သစ္စာဖောက်လိုက်ပြီပေါ့နော် ချာလီ"

သူမ၏ အသံက အသက်မပါလှ။

"သူ့ကို ကျွန်မ တစ်ခါကမှ မသိခဲ့ဘူး၊ ကျွန်မဘဝမှာ သူ့ကို တစ်ခါမျှ စကားမပြောခဲ့ဖူးဘူး၊သူ့ကို သတ်မပစ်ခင်ပဲ ကျွန်မကိုပြကြတာပါ၊ ကျွန်မတာတွေကတော့ လုပ်ကြံထားတာတွေချည်းပဲ၊ ကျွန်မတို့ရဲ့ အချစ်ဇာတ်လမ်းတွေ၊ ပြောတာဆိုတာတွေ အားလုံးကိုပဲလေ၊ ဘာ စာတစ်စောင်မှ ကျွန်မ မရေးခဲ့ပါဘူးရှင်၊ သူတို့ကပဲ လုပ်ကြတာပါ၊ ရှင့်ဆီကို မီရှယ်က ရေးတယ်ဆိုတဲ့စာတွေလည်း သူတို့ကပဲ ရေးကြတာ၊ ကျွန်မနဲ့ ပတ်သက်တာ တစ်ခုပဲရှိတယ်၊ ကျွန်မကို ကရုစိုက်တဲ့ သူတို့အထဲက လူတစ်ယောက်နဲ့ ကျွန်မ ချစ်ခဲ့မိကြတယ်၊ ဒါပါပဲရှင်ရယ်"

သူ၏ ဇယ်ဘက်လက်အား တဖြည်းဖြည်းမြှောက်ကာ ချာလီ၏ ပါးပြင်အား ဖြစ်ပျက်နေသည်တို့မှာ အမှန်တကယ်ပင်လောဟု ပွတ်သပ်ကြည့်သည်။ သူ့လက်ချောင်းထိပ်များကို ကြည့်ရာမှ ချာလီအားပြန်ကြည့်၏။ သူ၏ စိတ်ထဲဝယ် အရာရာကို နှိုင်းယှဉ်ကြည့်

www.burmeseclassic.com

www.burmeseclassic.com



နေဟန်တူသည်။

"ကိုယ်တို့နိုင်ငံကို လက်လွှတ်ရအောင်လုပ်ခဲ့တဲ့ အင်္ဂလိပ်တွေနဲ့ မင်းဟာ အတူတူပါပဲလေ"

ခါလီက ဤမျှသာ မှတ်ချက်ချလာ၏။

သူ့ခေါင်းက ပြန်မော့လာစဉ် မျက်နှာက နောက်သို့ လန်ကျသွားတော့၏။ အပြေးဝင်လာသော ဂျိုးဇက်၏ ကျည်ဆန်အရှိန်ကြောင့် လွင့်ကျသွားသည်။ သေနတ်မောင်းအား ဆွဲစဉ် မည်ကဲ့သို့ရပ်ရမည်ကို ချာလီအား ဂျိုးဇက်က သင်ပြပေးခဲ့၏။ ယခုတော့ ဂျိုးဇက်က ဤသို့မဟုတ် အပြေးအလွှား ဝင်လာရင်းက သူ့၏ပစ်မှတ်ကိုသာ ဝစ်တော့သည်။

ခါလီ၏မျက်နှာ၌ သွေးများဖြာသွားသည်ကို ချာလီက မြင်ရ၏။ နောက်ဘက်သို့လည်၍ နံရံအား လက်ကား၍ မြောက်ရင်း လဲကျသွားသည်။ (ကျည်ဆန်များက သူ၏ ကျောပြင်သို့ ထပ်မှန်လာပြန်၏။)

ဂျိုးဇက်နောက်မှ ရှီမွန်က ပါလာသည်။ ဂျိုးဇက်က နောက် ဆုတ်၍ ရပ်လိုက်။( ရှီမွန်က ဒူးထောက်ကာ ခါလီ၏ လည်ကုပ်အား နောက်ဆုံးအနေဖြင့် ကျည်ဆန်တစ်တောင့် ပစ်သွင်းလိုက်တော့သည်။) ရှီမွန်၏ နောက်မှ ရေငုပ်ဝတ်စုံဖြင့် လူများက ရောက်လာ၏။ ကတ်(ဇ) တစ်ယောက်ဝင်လာစဉ်မှ နောက်မှ လူနာတင်ပုခက်ထမ်းသူများ၊ ဆရာဝန်များကပါလာသည်။

သူမအန်လိုက်သော အန်ဖတ်များကိုသုတ်၍ အောက်ဘက်ကြမ်းသို့ တွဲခေါ်သွားကြ၏။ လည်ချောင်းနှင့် နှာခေါင်းတွင် တစ်ဆို့သောအနံ့များကြားမှ သန့်ရှင်းလတ်ဆတ်သော လေပြည်လေညှင်း





အကြားသို့ ရောက်လာရပါသည်။

❋❋❋❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၇)

ဓာတ်လမ်းတစ်ပုဒ်တော့ အဆုံးသတ်ရချေပြီ၊ ဂျာမန်သတင်းစာများက အဖြစ်အပျက်ကို ဖော်ပြကြ၏။ ပါမောက္ခကြီးမင်ကထ ဖုံးကွဲ၍ သေဆုံးခဲ့ရကြောင်း သတင်းကို ပြန်လည်ရုပ်သိမ်း၍ အဖြစ်မှန်ကို ဖော်ပြပေးသည်။

ချာလီ၏ ရင်ထဲ၊ခေါင်းထဲတွင် ဘာဆိုဘာမျှ မရှိတော့။ အသက်ကင်းမဲ့ သူပမာ ရေကူးလိုက်၊ ကမ်းခြေဝယ် ရည်ရွယ်ချက်ကင်းမဲ့စွာ လမ်းလျှောက်လိုက်နှင့်သာ ရှိတော့၏။ သူမ၏ နောက်ပိုင်းစွာမှ သက်တော်စောင့်များက ရိုကျိုးစွာ လိုက်လာကြသည်။

ကတ်(ဇ)က သူမထံသို့ တစ်ပတ်လျှင် တစ်ကြိမ်ကျ လာတွေ့၏၊ တစ်ခါတစ်ရံတွင် နှစ်ကြိမ်မျှလာတွေ့၏။ သူမက အော်ဟာ





သည့်အခါတွင်လည်း အထူးပင် ငြိမ်သက်စွာဖြင့် သည်းခံနေတတ်ပါ၏။

သူမ၏ ခေါင်းကိုင်ဖခင်တစ်ဦးက သူမအား ဖိတ်ခေါ်ကြောင်း ထိုပုဂ္ဂိုလ်မှာ ချာလီဖခင်၏ သူငယ်ချင်းဖြစ်၍ မကြာသေးမီက ဆွစ်ဇာလန်ဘဏ်တွင် ငွေကြေးအမြောက်အမြားချန်ကာ သေဆုံးသွားပြီးဖြစ်ကြောင်းကို ကတ်(ဇ)က ပြောပြသည်။

လန်ဒန်မှ သူမပျောက်ကွယ်သွားရခြင်းအတွက် ဖြေရှင်းပေးနိုင်ရန်လည်း ကတ်(ဇ)က ဆွေးနွေးပေး၏။ ကျန်ဘဝရေးတစ်လျှောက်တွင် အစ္စရေးနိုင်ငံသားအဖြစ် ခံယူ၍နေလိုလျှင် နေနိုင်ကြောင်းကိုပါ ကမ်းလှမ်းလာသည်။

“အဲဒါကို ဖာတမာကိုသာ ပေးလိုက်”

သူမက ခပ်ဆတ်ဆတ်ပင် ပြန်ပြောခဲ့မိ၏။

“ကျွန်မ နေခဲ့ရာ နေရာကိုပဲ ပြန်ချင်ပါတော့တယ်ရှင်”

ချာလီက ပြောသည်။

ဤသည်မှာ စီစဉ်၍ ရနိုင်ကြောင်း မည်သည့်ပြဿနာမှ မရှိကြောင်းကို ကတ်(ဇ)က ပြန်ပြော၏။

စိတ်ပညာရှင် လူရွယ်တစ်ဦးက သူမအား ပြုစုကုသပေးကာ ဘဲအစီးသို့ ခေါ်သွားပါသည်။ ထို့နောက် လန်ဒန်သို့ ပြန်ပို့ပေးသည်။

* * * *



www.burmeseclassic.com

www.burmeseclassic.com



ပြဇာတ်များတွင် ပြန်လည်၍ ချာလီက အသုံးတော်ခံနိုင် သည့်အထိ အချိန်အတော်ပင် ကြာသွားသည်။ ရင်ထဲတွင်မူ အတိတ် အရိပ်များက ထင်ဟပ်ဆဲဖြစ်၏။ ခါလီ၏ လက်အိတ်စွပ် လက်ကြီး သူမ၏ အသွေးအသားထဲသို့ပင် နှစ်မွန်းနေရသည်။ အရာရာ သူမ မေ့ပျောက်၍ မရတော့။

နော်တင်ဟမ် ဟိုတယ်တွင် နေခဲ့သော မိုးတစ်ည။

ဒယ်လ်ဖီမြို့ အပြင်မှ စားသောက်ဆိုင်ကလေး။ အရာရာ အာရုံထဲတွင် မပြတ်။ သူမနှင့် သွားရသူမှာ မီရှယ်လော..ဂျိုးဇ ပင်လောဟု မဝေခွဲချင်။

သူမ၏ ဘေးရှိခင်ပွန်းသည်မှာ ဂျိုးဇက်သာ ဖြစ်စေချင်တော သည်။ ရွှေရောင်သစ်ခွပန်းများ၊ အနီရောင် ဘလေဇာကုတ်အင် ရွှေတံဆိပ်ဆွဲကြိုးနှင့် ဂပ်စီဖိနပ်တို့မှာလည်း မည်သည့်နေရာရော နေပြီနည်း။ အဝတ်အစားလဲခန်းသို့ သွား၍ သူရေးခဲ့သော စာလေး ဖတ်ချင်သည်။

မျက်ရည်များကြားမှ ဂျိုးဇက်ကို မြင်မိသည်ဟု ထင်ရ ပြဇာတ်ပြီး၍ ကန့်လန့်ကာပင် ချပြီးချေပြီ။ ရှေ့ဆုံးခုံမှ သူ့အ မြင်ရ၏။ သူ...သူသည်...။

သူထံသို့ ချာလီက လျှောက်လာ၏။ ဟုတ်ပါသည်။ သူ ဂျိုးဇက်ပါပဲ၊ သို့သော်လည်း အနီးသို့ရောက်လာသည်နှင့် သာ ဝရိသတ်တစ်ဦးသာ ဖြစ်ကြောင်းတွေ့ရ၍ စိတ်အားလျော့မိ၏။

ပြဇာတ်ရုံ၏ ရှေ့မျက်နှာစာဝယ် လူရှင်းလှသည်။ မှူးမ တာတော်နှစ်ဦးသာ ရှိ၏။

"ဆရာဝန် တစ်ယောက်ယောက်နဲ့ သွားတွေ့ပါလားကွယ်





ယ် လိုက်ပို့ပါမယ့်"

တစ်ဦးက ပြောသည်။

"ဒါမှ မဟုတ်ရင်လည်း အိပ်ပစ်လိုက်"

ကျန် တစ်ဦးက ပြောလာ၏။

"အို...ဒါတွေကို ဘေးချိတ်ထားလိုက်စမ်းပါရှင်"

ချာလီက သူတို့အား ခပ်ပျော်ပျော်ပင် အကြံပေးသည်။ စ်ခါကမှ အသုံးမပြုခဲ့ဘူးသော စိတ်ကူးသဏ္ဌာန်နှင့်ပင်။

နော်တင်ဟမ်၏ မိုးမျိုးကလည်းမရွာ။ သူမအား စောင့်ခေါ် ည့်အနီရောင် မာစီဒီကားကလည်း မရှိ။ ကားမှတ်တိုင်သို့ လျှောက် ာခဲ့၏။ အနီရောင် မှန်လုံကားရှည်လေးဖြင့် ခေါ်ဦးမည့် အမေရိကန် မျိုး ဆိုသူလေးကိုလည်း မျှော်လင့်မိသည်။

ခြောက်သွေ့သော လမ်းတစ်လျှောက်မှ ဂျိုးဇက်က သူမထံသို့ ျှောက်လာ၏။ အပြေးအလွှားလာကာ သူမအား ပစ်သတ်တော့မည် စိတ်ဝယ်ထင်မိသည်။ သို့သော်လည်း သူက မပစ်။ သူမအနား ကိုးလာ၏။ သူထံသို့ တစ်ယောက်ယောက်က သတင်းစကား းများပေးလိုက်ပြီမှာ သိသာလှသည်။ ကတ်(စ)က ပို၍ဖြစ်နိုင် ၊ သို့သော် တာယာလည်း ဖြစ်ကောင်းဖြစ်နိုင်ပါလိမ့်မည်။ သူက ားပြောရန် ပါးစပ်ဟလိုက်စဉ် သူမက တားလိုက်သည်။

"ကျွန်မဟာ သေဆုံးခဲ့ပြီပဲ ဂျိုးဇက်ရယ်၊ ရှင်က ကျွန်မကို သတ်ခဲ့တာလေ၊ ရှင်မမှတ်မိတော့ဘူးလား"

လက်ရှိ ဩကာသ လောကကြီး၏ ဇာတ်ခုံအကြောင်း သူမက တစ်စုံတစ်ရာ ထပ်ပြောချင်လှသည်။ သို့သော်လည်း သေဆုံး ပြီး လူများမှာ ပြန်လည်ရှင်သန်လာမည်နည်း။ ဤသည်ကို တစ်နည်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖုံတော့ သူမက ဆုံးရှုံးခဲ့ရချေပြီ။

သူမအား ဖက်ထားရာမှ ကားတစ်စီးဖြတ်သွားစဉ် ဂျိုးဇက်က အားနေသော လက်တစ်ဖက်ဖြင့် တားလိုက်သည်။ ကားက မရပ်ပါ။

သူမက သူ့အပေါ် မှီထားမိ၏။ သူကသာ ခပ်တင်းတင်း ဖက်မထားပါမူ လဲကျသွားပေတော့မည်။ စီးကျနေသော မျက်ရည်များက သူ့အားမမြင်မစမ်းနှင့် မပီဝိုးဝါးဖြစ်နေ၏။ သူ၏ပြောစကားများကို မျက်ရည်တသွင်သွင်ကျနေရာမှ ကြားမိသည်။

"ကျွန်မ သေခဲ့ပြီလေ၊ ကျွန်မသေခဲ့ပါပြီ ဂျိုးဇက်ရယ်"

ဟူ၍သာ အဖန်ဖန်အလဲလဲ ချာလီက ပြောသည်။

မည်သို့ဆိုစေ...။

သူမမည်သို့သော အခြေအနေပင် ရောက်နေစေကာမူ ဂျိုးဇက်အဖို့ ကြင်နာနေဆဲ မြတ်နိုးနေဆဲ ရှိနေပါသည်။ ခွင့်လွှတ်နိုင်ပါသည်။ ထို့နောက်...

တစ်ဦးကိုတစ်ဦး တင်းကျပ်စွာ ဖက်ရင်း လမ်းတစ်လျှောက် ဆက်လက်လျှောက်လာကြသည်။

မြို့ထဲရှိ သူတို့ဖြတ်သန်းလာသော လမ်းတစ်လျှောက်မှာ တည်ငြိမ် တိတ်ဆိတ်ပြီး သူတို့အတွက် သူစိမ်းဆန်နေပါတော့သည်။

(ပြီးပါပြီ)

မေတ္တာများစွာဖြင့်
ဝင်းနိုင်ဦး (ရေနံ)

မြိုင်တစ်ဘပေ